

# ခေတ်သစ်ရာဇဝင်

ဒေါက်တာသန်းထွန်း

စာမူခွင့်ပြုအမှတ် – ၃၁၀၀၈၀ ၀၆ ၁၀

မျက်နှာဖုံးခွင့်ပြုအမှတ် – ၃၁၀၀၇၉ ၀၆ ၁၂

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ၊ ဖေဖော်ဝါရီလ ၊ ၂၀၀၇ ခုနှစ်

**အုပ်ရေ**

၅၀၀

**တာစီ**

Dream City

**မျက်နှာဖုံး ဒီဇိုင်း**

သန်းမြင့်အောင်

**စာအုပ်ချုပ်**

ကိုရဲအောင်

**အတွင်းဖလင်**

မဟာမိဒီယာ

**မျက်နှာဖုံးပုံနှိပ်**

ဦးဝင်းကျော်ထွန်း ၊ မုံရွေးပုံနှိပ်တိုက်

အမှတ် ၈၀/ခ ၊ သံလွင်လမ်း ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးဝင်းကျော်ထွန်း ၊ မုံရွေးပုံနှိပ်တိုက်

အမှတ် ၈၀/ခ ၊ သံလွင်လမ်း ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဟင်း (၀၉၁၀) ယုံကြည်ချက်စာပေ

၃ ထပ် (ညာဘက်)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဒေါက်တာသန်းထွန်းရဲ့ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၂၃ ဧပြီ ၆၊ သောကြာနေ့တွင် အဖ ဦးဘိုးတွေ၊ အမိ ဒေါ်သင်တို့က ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဒေါင့်ကြီးရွာ၌ ဖွားသည်။ မွေးချင်းငါးယောက်တွင် ဒုတိယမြောက်ဖြစ်၍ အမည်ရင်း သန်းထွန်း ဖြစ်သည်။

၁၉၃၈ မတ်တွင် ငါးသိုင်းချောင်း အမျိုးသားအထက်တန်းကျောင်းမှ ဟိုက်စကူး ဖိုင်နယ်စာမေးပွဲ အောင်သည်။ အသက် ၁၆ နှစ်မပြည့်သေး၍ တက္ကသိုလ်ဝင်ခွင့် တစ်နှစ်စောင့်ရသည်။

၁၉၃၉ ဩဂုတ်တွင် ရန်ကုန် ယူနီဘာစီတီ၌ စတင်ပညာသင်ကြားသည်။

၁၉၄၁ မတ်တွင် အိုင်အေ (ဝိဇ္ဇာ အောက်တန်း) အောင်သည်။

၁၉၄၂ ဂျပန်ခေတ်တွင် ဖခင်၏ တိုက်တွန်းမှုဖြင့် ငါးသိုင်းချောင်းဘုရားကြီး တိုက် ဦးဉာဏိသသရထံ၌ ဓာတာဖွဲ့နည်း၊ ပြက္ခဒိန်လုပ်နည်း၊ နေကြတ်၊ လကြတ်၊ အာယုဒါယတို့သင်သည်။ သင်္ကြန်စာ ရေးသား၍ အစိုးရ ထုတ်ဝေခွင့်ရအပြီး ပုံနှိပ်ပြီးချိန်တွင် ဗုံးကျသည့် အထဲ ပါသွားသည်။

၁၉၄၃ ငါးသိုင်းချောင်း အာရှလူငယ် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

၁၉၄၅ ငါးသိုင်းချောင်း ဖဆပလ၏ ပထမဦးဆုံးဥက္ကဋ္ဌ ဖြစ်လာသည်။
ဇွန်တွင် ရန်ကုန် ရွှေဘုံသာလမ်း (မဂိုလမ်း) အရေးပေါ်ကောလိပ်၌ ဝိဇ္ဇာအထက်တန်းပညာ ဆက်လက်သင်ယူသည်။

၁၉၄၆ မတ်တွင် ဝိဇ္ဇာဘွဲ့ရသည်။
ဇွန် ၁ တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၌ အချိန်ပိုင်းနည်းပြအဖြစ် စတင်အမှုထမ်းသည်။ ဝိဇ္ဇာဂုဏ်ထူးတန်းကို ဆက်လက်တက်ရောက်သည်။

၁၉၄၇ မတ်တွင် ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့ရသည်။
ဇွန် ၁ တွင် အချိန်ပြည့် နည်းပြဖြစ်လာသည်။ အောက်တိုဘာတွင် ကျင်းပသော ဗမာ(မြန်မာ) နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ညီလာခံ၌ ဗဟိုဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ညီညီ (လင်းယုန်နီ) ထုတ်ဝေသူအဖြစ် ဆောင်ရွက်သော ကျောင်းသားဟစ် တိုင် စာစောင်တွင် အယ်ဒီတာဖြစ် ဆောင်ရွက်ခဲ့သည်။ သမိုင်းမဟာဝိဇ္ဇာသင်တန်း ဆက်လက်တက်ရောက်သည်။

၁၉၄၈ လွတ်လပ်ရေးရပြီးနောက် နိုင်ငံရေးကို စွန့်လွှတ်၍ သမိုင်းနှင့်စာပေကို စူးစိုက်လေ့လာသည်။
အောက်တိုဘာ ၁၉ တွင် ငါးသိုင်းချောင်း၊ ကွမ်းယားရွာက ဦးဘိုးမြိုင် ဒေါ်စောမြတို့၏သမီး ဒေါ်ခင်ရီနှင့် လက်ထပ်သည်။

၁၉၅၀ မတ်တွင် သမိုင်းမဟာဝိဇ္ဇာဘွဲ့ရသည်။
ဇွန် ၁၀ တွင် လက်ထောက်ကထိက ဖြစ်လာသည်။

၁၉၅၁ ဥပဒေသင်တန်း တက်ရောက်သည်။

၁၉၅၂ ဥပဒေဘွဲ့ရသည်။
ကိုလံဘိုစီမံကိန်းဖြင့် အမေရိကန်နိုင်ငံ ကော်နဲလ်တက္ကသိုလ် ပညာသင်ဆုရသည်။ အစိုးရ ပညာတော်သင်အဖြစ်လည်း အရွေးခံရ၍ မိမိ ဆန္ဒဖြင့် လန်ဒန်တက္ကသိုလ်ကို ရွေးချယ်ခဲ့သည်။ အောက်တိုဘာမှ ၁၉၅၆ ဇန်နဝါရီအထိ လန်ဒန်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း တက်ရောက်သည်။ ပါမောက္ခလုစ်၏ တိုက်တွန်းမှုဖြင့် ပုဂံခေတ် သာသနာဝင် *Buddhist Church in Pagan Period* စာတမ်းကို တင်သွင်း၍ ပါရဂူဘွဲ့ရသည်။ စာတမ်းအတွက် ဘီစီလောဆုကိုလည်း ရသည်။ စာတမ်းကြီးကြပ်သူမှာ ပါမောက္ခ ဟော ဖြစ်သည်။

၁၉၅၆ မေ ၁ တွင် ရန်ကုန်ပြန်ရောက်သည်။
ဇွန် ၁၁ တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ် ပြန်လည်ထမ်းဆောင်သည်။ မြန်မာနိုင်ငံ သုတေသနအသင်း ရာသက်ပန်အသင်းဝင်ဖြစ်သည်။ နိုဝင်ဘာ ၃ တွင် တပ်မတော်မော်ကွန်းတိုက်၌ သုတေသန အရာရှိချုပ်နှင့် အယ်ဒီတာချုပ်အဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်သည်။

၁၉၅၇ ဇန်နဝါရီ ၈ တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၌ လက်ထောက်ကထိကအဖြစ် မူလတန်းတာဝန်ကို ပြန်လည်ထမ်းဆောင်သည်။

၁၉၅၇–၅၈ တွင် အီဂျစ်နှင့် ဆီးရီးယားနိုင်ငံများ၌ ကျင်းပသော အာရှအာဖရိက စည်းလုံးညီညွတ်ရေး ကွန်ဂရက်သို့ တက်ရောက်လေ့လာသည်။

၁၉၅၈ ဇွန် ၁ တွင် ရန်ကုန်တက္ကသိုလ်သမိုင်းဌာန အနောက်တိုင်းရာဇဝင်ကထိက ဖြစ်လာသည်။

၁၉၆၀ နိုဝင်ဘာ ၅ တွင် အရှေ့တိုင်းသမိုင်းကထိက ဖြစ်လာသည်။
အရှေ့တိုင်းသမိုင်း ကထိကရာထူးအတွက် သမိုင်းကော်မရှင်ကျမ်းပြု ဗိုလ်မှူးဘရှင်နှင့် ယှဉ်ပြိုင်ခဲ့ရာ တက္ကသိုလ်ဆီးနိတ်မှ ဦးဘရှင်ကို ၁၅ မဲ၊ ၁၂ မဲဖြင့် ရွေးချယ်ခဲ့သော်လည်း တက္ကသိုလ်ကောင်စီတွင် ဒေါက်တာသန်းထွန်းက ၁၄ မဲ ၁၁ မဲဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

၁၉၅၈ မှ ၁၉၆၁ ထိ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၅၉ မှ ၁၉၆၁ ထိ မြန်မာ့သမိုင်းကော်မရှင်က ထုတ်ဝေသော သမိုင်းတံခွန်ဂျာနယ် တွင် တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၆၅ အောက်တိုဘာ ၁ တွင် မန္တလေးတက္ကသိုလ် သမိုင်းဌာန ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ခံရသည်။ မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခအဖြစ် ၁၇ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၂ စက်တင်ဘာ ၁၇ တွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် အရှေ့တောင်အာရှဌာနတွင် သုတေသနပညာရှင်အဖြစ် အမှုထမ်းသည်။

၁၉၈၃ မေ ၆ တွင် မြန်မာနိုင်ငံ ဝန်ထမ်းဘဝမှ အသက် ၆၀ ပြည့် အငြိမ်းစားယူ၍ ဂျပန်နိုင်ငံတွင် ဆက်လက်တာဝန်ထမ်းဆောင်သည်။

၁၉၈၃ အောက်တိုဘာလ ၁ တွင် တိုကျို နိုင်ငံခြားဘာသာသင်တက္ကသိုလ် အာရှနှင့် အာဖရိက ဘာသာစကားနှင့် ယဉ်ကျေးမှုလေ့လာရေးဌာနတွင် သုတေသနပညာရှင်အဖြစ် တာဝန်ထမ်းဆောင်သည်။ အင်ဒို တရုတ်ဌာန မြန်မာဘာသာစကား ဧည့်ပါမောက္ခအဖြစ် ဆောင်ရွက်သည်။

၁၉၈၇ ဇွန် ၁ တွင် အမေရိကန်မြောက်ပိုင်း အီလီနွိုက် တက္ကသိုလ် အရှေ့တောင်အာရှ လေ့လာရေး ဧည့်ပါမောက္ခအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည်။

၁၉၈၈ ဇန်နဝါရီ ၁ ကစပြီး မြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်နှင့် မိရှိဂန် တက္ကသိုလ်မှာ တစ်လှည့်စီ သမိုင်းဌာန ဧည့်ပါမောက္ခအဖြစ် ထမ်းဆောင်သည်။

၁၉၉၀ မတ် ၁၅ တွင် လန်ဒန်တက္ကသိုလ်က မြန်မာ့သမိုင်းလေ့လာရေး အတွက်ပြုစုခဲ့သော *မြန်မာနိုင်ငံ အမိန့်တော်များ The Royal Orders of Burma. A.D 1598-1885 (ROB* 10 Vols.) အတွက် ဒီလစ်ပါရဂူဘွဲ့ ချီးမြှင့်ခဲ့သည်။ *မြန်မာနိုင်ငံအမိန့်တော်များ* ၁၀ တွဲကို ၁၉၈၃ မှ ၁၉၉၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ တိုယိုတာ ဖောင်ဒေးရှင်းငွေနှင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၉၀ မေ ၁၂ တွင် ရန်ကုန်ပြန်ရောက်သည်။

၁၉၉၁ ဖေဖော်ဝါရီ ၁၃ တွင် မြန်မာစာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခံရ၍ မြန်မာအင်္ဂလိပ် အဘိဓာန်ပြုစုရေးတွင် ပါဝင်ဆောင်ရွက်သည်။

၁၉၉၁ စက်တင်ဘာ ၂၆ တွင် မြန်မာသမိုင်း ကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်ခံရသည်။

၁၉၉၂ ဒီဇင်ဘာ ၁၄ တွင် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာန ဖွင့်လှစ်ရေးအတွက် တာဝန်ပေးအပ်ခံရသည်။

၁၉၉၃ ဇွန် ၁ တွင် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာန ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ခန့်အပ်ခံရသည်။

၁၉၉၆ ဇွန် ၁ တွင် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် ခန့်အပ်ခံရသည်။

၂၀၀၀ ဇူလိုင်တွင် ဂျပန်နိုင်ငံ ဖုကုအိုက အာရှယဉ်ကျေးမှုပညာရှင်ဆု (၂၀၀၀ ပြည့်နှစ် ၁၁ ကြိမ်မြောက်) ချီးမြှင့်ခြင်းခံရသည်။
ဒေါက်တာသန်းထွန်းသည် အမှတ် ၁၅၅ (က) ယောဂီကျောင်းလမ်း၊ လှိုင် ၁၁ ရန်ကုန်တွင် မိသားစုနှင့်အတူ အေးချမ်းသာယာစွာ မြန်မာ့သမိုင်း သုတေသနလုပ်ငန်းများကို မမောမပန်း လုပ်ကိုင်လျက်ရှိရာမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် နံနက် ၂း၃၀ နာရီတွင် မန္တလေးမြို့၌ ခေတ္တရောက်ရှိနေစဉ် ကွယ်လွန်သည်။
ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ရီနှင့် သားသမီး ၅ ယောက် မြေး ၉ ယောက် ကျန်ရှိသည်။
ကြွင်းကျန်သော ရုပ်ကလာပ်ကို အမရပူရမြို့ တောင်သမန်အင်း အနီးတွင် ကွယ်လွန်သည့်နေ့ ညနေပိုင်းတွင် ဂူသွင်းသင်္ဂြိုဟ်သည်။

**မောင်ဇေယျာ**

**ကျမ်းကိုး**


(၁) ဝင်းတင့်၊ *ဒေါက်တာသန်းထွန်း စာစုစာရင်း၊* မိတ္ထီလာဒီဂရီကောလိပ် ၁၉၉၆။

(၂) သန်းထွန်း၊ *ငါပြောချင်သမျှ ငါ့အကြောင်း။*

(၃) သိန်းနိုင်၊ "သန်းထွန်းအတ္ထုပ္ပတ္တိ"၊ *ရှာရှာဖွေဖွေ မြန်မာသမိုင်း* အတွဲ ၂၊ ရန်ကုန်၊ အင်းဝစာပေတိုက်၊ ၁၉၉၉၊ ကော့–ခါ။

# မာတိကာ

- အချီး

## အပိုင်း (၁)

## တစ်ဆယ့်ကိုးရာစု မဆန်းမီ ကမ္ဘာ့အခြေအနေ

(က)


ရှေးမျိုး အုပ်ချုပ်ရေး စနစ်များမှ ရုန်းထွက်ဆန်းသစ်လာသော နိုင်ငံအုပ်ချုပ်ရေး အယူအဆနှင့် အဖွဲ့အစည်းများ အနောက်တိုင်း၌ ပေါ်လာပုံ ၃

နည်းဟောင်း ၃

အင်္ဂလန် ၃

ပြင်သစ် ၅

အောက်တန်းစား ၆

လူလတ်တန်းစား (ဘူဇွာ) ၇

အထက်တန်းစား ၇

သာသနာယုံကြည်မှု ၈

နည်းသစ် ၉

ဝါဒသစ် ၁၀

မင်းသစ် ၁၁

အမေရိကန်တော်လှန်ရေး ၁၂

အခွန်သစ်များ စည်းကြပ်ခြင်း ၁၂

လွတ်လပ်ရေးကြေညာခြင်း ၁၃

ပြင်သစ်တော်လှန်ရေး ၁၄
ကိုင်းပြုပြည်ပြုလွှတ်တော် ၁၅
၁၇၉၁ ခု အုပ်ချုပ်ရေး ၁၆
တော်လှန်ရေး ပျံ့နှံ့အောင် လှုံ့ဆော်ခြင်း ၁၇
ပေါရိသာဒခေတ် ၁၈
ပြည်တွင်းပြုပြင်ရေးများ ၁၉
နပိုလီယန် ၂၀
နပိုလီယန်၏ ပြုပြင်ရေး ၂၁
ကေရာဇ်မင်း ၂၂
အင်္ဂလိပ်ဆန့်ကျင်ရေး ၂၃
အမျိုးသားလွတ်မြောက်ရေး ၂၄


(ခ)


**အိန္ဒိယ၊ မြန်မာ၊ အရှေ့တောင်အာရှနှင့် အရှေ့ဖျားနိုင်ငံများတွင် အနောက်တိုင်း၏ လွှမ်းမိုးခြင်း အသွင် ပြောင်းလဲလာပုံ** ၂၆
ရှေးအခါက ဥရောပနှင့် အာရှဆက်ဆံပုံ ၂၆
ရှေးခရစ်ယာန်သာသနာပြုများ ၂၇
အာရှသို့ရောက်လာသော ပေါ်တူဂီလူမျိုးများ ၂၈
အရှေ့အိန္ဒိယကျွန်းစုသို့ စပိန်ကျူးကျော်လာခြင်း ၃၀
ဒတ်ချ်ကုန်သည်တို့ အရှေ့အာရှရောက်လာပုံ ၃၁
ပြင်သစ်နယ်ချဲ့လာပုံ ၃၂
အရှေ့တွင် ရုရှ၏ လိုလားတောင့်တချက်များ ၃၃
အရှေ့အာရှသို့ အင်္ဂလိပ်ကုန်သွယ်ရေး ကျူးကျော်စော်ကားလာပုံ ၃၃
အမေရိကန် အရောင်းအဝယ် စတင်ပုံ ၃၅
အိန္ဒိယသို့ ရောက်လာသော ဥရောပတိုက်သား ကုန်သည်များ ၃၅
မြန်မာနိုင်ငံသို့ရောက်လာသော ဥရောပတိုက်သားများ ၃၆
ဥရောပတိုက်သားတို့ အပြင်လောကနှင့် ဆက်ဆံရာ၌ သဘောထားပြောင်းလဲလာပုံ ၃၉


## အပိုင်း (၂)

## တစ်ဆယ့်ကိုးရာစု

(က)


**တော်လှန်ရေးသဘော အယူအဆများ ပြန်လည်ထွန်းကား၍ လိုက်လျောညီညွတ်ရေးဝါဒနှင့် ခေတ်သစ်နိုင်ငံ ဖွဲ့စည်းပုံ ဥရောပ၌ပေါ်လာခြင်း။ အီတလီနှင့် ဂျာမနီနိုင်ငံ သီးခြားများအဖြစ်ဖြင့် စည်းလုံးညီညွတ်လာခြင်း။** ၄၃
မက်တာနစ်ဝါဒ ၄၃
ဗီယာနာကွန်ဂရက် ၄၄
ဖောက်ပြန်ရေးသမားတို့ အနိုင်ရခြင်း ၄၅
မက်တာနစ်ဝါဒကျဆုံးခြင်း ၄၈
လိုက်လျောညီညွတ်ရေးဝါဒ ထွန်းကားလာခြင်း ၄၉
အင်္ဂလန်၏ ပြုပြင်ရေးများ ၅၀
လူဝီဖိလိပ်လက်အောက် ပြင်သစ်အခြေအနေ ၅၂
အီတလီ၏ ၁၈၄၈ ခု သူပုန် ၅၃
သြစတြီးယား လက်နက်နိုင်ငံတွင်း၌ ပုန်ကန်ကြခြင်း ၅၅
အမျိုးသားရေးဝါဒ အောင်မြင်ခြင်း ၅၅
ပြင်သစ်ဒုတိယသမ္မတနိုင်ငံနှင့် ဒုတိယလက်နက်နိုင်ငံ ၅၆
အီတလီ ၁၈၅၉–၆၀ အခြေအနေ ၅၇
အီတလီ ၁၈၄၉–၇၁ ခုနှစ် နိုင်ငံခြားလက်အောက်မှ လွတ်မြောက်၍ နိုင်ငံသီးခြားအဖြစ်ဖြင့် ညီညွတ်လာခြင်း ၅၈
ပရပ်ရှားနှင့် ဂျာမနီ ညီညွတ်စည်းလုံးမိခြင်း ၅၉


( ခ )


**အရှေ့ဖျား၊ အရှေ့တောင်အာရှ၊ မြန်မာ၊ အိန္ဒိယနှင့် အာဖရိကတိုက်တို့၌ အနောက်တိုင်းသားတို့ နယ်ချဲ့ပုံနှင့် လက်အောက်ခံနိုင်ငံ ထူထောင်ပုံ** ၆၂
အရှေ့ဖျားတွင် အနောက်တိုင်းသားတို့ တိုးဝင်လာပုံ ၆၂
တရုတ်တွင် ခြယ်လှယ်ပုံ ၆၃
ဂျပန်ပြုပြင်တိုးတက်လာပုံ ၆၆
အခြားအရှေ့ဘက်နိုင်ငံများ၌ နယ်ချဲ့ပုံ ၆၈

အင်္ဂလိပ်မြန်မာ ဆက်သွယ်ရေးနှင့် မြန်မာတို့
လွတ်လပ်ရေးကျဆုံးခြင်း ၆၉
အရှေ့တောင်အာရှ၌ နယ်ချဲ့တို့ဝင်လာပုံ ၇၃
အိန္ဒိယနှင့် အင်္ဂလိပ် ၇၈
အာဖရိကကို စိတ်ပိုင်း၍ ယူကြပုံ ၇၉

(ဂ)

ဥရောပ၌ ဘဝအခြေအနေ ပြောင်းလဲလာပုံ ၈၃
၁။ ဥရောပ၌ စက်မှုလက်မှုတော်လှန်ရေး ပေါ်လာ၍ နိုင်ငံရေး
စီးပွားရေးနှင့် လူမှုရေးတွင် အကျိုးသက်ရောက်လာပုံ ၈၃
စက်မှုလက်မှုတော်လှန်ရေး ၈၃
တော်လှန်ရေး၏ အခြေခံအကြောင်းရင်းများ ၈၅
စိုက်ပျိုးနည်း တိုးတက်ခြင်း ၈၆
အသစ်တီထွင်ခြင်း ၈၆
(၁) အထည်လုပ်ငန်း ၈၆
(၂) ရေနွေးငွေ့အား ၈၇
(၃) ကျောက်မီးသွေး၊ သံနှင့်သံမဏိ ၈၇
(၄) လမ်းပန်းဆက်သွယ်ရေး ၈၈
(၅) လယ်နှင့်ဆိုင်သောစက်များ ၈၈
(၆) စက်ကို စက်ဖြင့်လုပ်ခြင်း ၈၈
တော်လှန်ရေး၏ စီးပွားရေး အကျိုးအပြစ်များ ၈၉
တော်လှန်ရေး၏ လူမှုရေး အကျိုးအပြစ်များ ၉၁
၂။ လူတန်းစားအသစ်ပေါ်၍ ဆိုရှယ်လစ်ဝါဒခေါ် နိုင်ငံရေး
အယူအဆသစ် ထွန်းကားလာခြင်း ၉၁
အသိဉာဏ် ကျယ်ပြန့်လာခြင်း ၉၁
လောကဓာတ်ပညာနည်းအရ အသစ်ရှာဖွေတွေ့ရှိခြင်း ၉၂
လောကဓာတ်ပညာနှင့် သာသနာယုံကြည်မှု လွန်ပွဲ ၉၃
ဆိုရှယ်လစ်ဝါဒ ထွန်းကားခြင်း ၉၄
ဆိုရှယ်လစ်ဝါဒ အဆင့်ဆင့်ပေါ်လာပုံ ၉၄
အနာခစ်ဝါဒ ၉၈

(ဃ)

ဗြိတိသျှ နေသဟာယ စတင်ပေါ်ပေါက်လာခြင်း ၉၉
ယေဘုယျသဘော ၉၉
ကနေဒါ ၉၉
ဩစတြေးလျ ၁၀၀
နယူးဇီလန် ၁၀၁
တောင်အာဖရိက ၁၀၁
အိုင်ယာလန် ၁၀၁
အိန္ဒိယနှင့် ပါကစ္စတန် ၁၀၂
အီဂျစ် ၁၀၂
အခြားအင်္ဂလိပ်ပိုင်နက်များ ၁၀၄

(င)

ကမ္ဘာ့တန်ခိုးကြီး နိုင်ငံတစ်ခုအဖြစ်ဖြင့် အမေရိကန် ပြည်ထောင်စု ထွန်းကားလာခြင်း ၁၀၅
အားသစ်နှင့် ရည်မှန်းချက်များ ၁၀၅
စပိန် – အမေရိကန်စစ် ၁၀၆
တံခါးဖွင့်ဝါဒ ၁၀၇

## အပိုင်း (၃)

## နှစ်ဆယ်ရာစု

(က)

ဒီမိုကရေစီ သဘောနှင့် ကျင့်ထုံး အနောက်နိုင်ငံများ၌ အလျင်အမြန်
တိုးတက်အောင်မြင်လာ၍ လက်အောက်ခံနိုင်ငံများ၌ ဂယက်ရိုက်ပုံ ၁၁၁
အင်္ဂလန်တွင် ဒီမိုကရေစီ အောင်မြင်လာပုံ ၁၁၁
အင်္ဂလိပ်အစိုးရ ဖွဲ့စည်းပုံ ၁၁၂
အင်္ဂလိပ်နိုင်ငံရေးပါတီများ ၁၁၃
ပြင်သစ်တတိယသမ္မတနိုင်ငံ ၁၁၅
ပြင်သစ်အုပ်ချုပ်ရေးဖွဲ့စည်းပုံ ၁၁၇
လက်အောက်ခံနိုင်ငံများသို့ ဒီမိုကရေစီပျံ့နှံ့ပုံ ၁၁၉

(ခ)


**အရှေ့တိုင်း နိုးကြားလာခြင်း** ၁၂၁

၁။ **ခေတ်ဆန်လာသော ဂျပန်** ၁၂၁

တံခါးဖွင့်ပြီးနောက် အခြေအနေ ၁၂၁

အပြောင်းအလဲစပုံ ၁၂၃

စီးပွားရေးနှင့် ယဉ်ကျေးမှု ပြောင်းလဲပုံ ၁၂၆

၂။ **တရုတ်တော်လှန်ရေး** ၁၂၈

မန်ချူးပြုပြင်ရေး အစီအစဉ် ၁၂၈

ဆန်ယက်ဆင်နှင့် သမ္မတနိုင်ငံ ထူထောင်ရေး ၁၃၀

၃။ **အာဖရိက၊ အိန္ဒိယ၊ မြန်မာနှင့် အရှေ့တောင်အာရှ၌**
**အမျိုးသားစိတ်ဓာတ်များ ပြန်လည်ထွန်းကားလာခြင်း** ၁၃၃

အာဖရိက၌ အမျိုးသားစိတ်ဓာတ် ၁၃၃

အိန္ဒိယနှင့် အမျိုးသားစိတ် ၁၃၅

မြန်မာနှင့် အမျိုးသားစိတ် ၁၃၈


(ဂ)


**ကမ္ဘာစစ် ၁ နှင့် နောက်ပိုင်းအခြေအနေ** ၁၄၁

လက်နက်အသင့် ငြိမ်းချမ်းရေး ၁၄၁

စစ်ကြီး စတင်ဖြစ်ပွားခြင်း ၁၄၃

နိုင်ငံပေါင်းချုပ်အသင်းကြီး ၁၄၄

အိန္ဒိယ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအဆင့်ဆင့်တိုးတက်ပုံ ၁၄၇

မြန်မာနှင့် အုပ်ချုပ်ရေး တိုးတက်ပုံ ၁၅၀


(ဃ)


**ကမ္ဘာစစ်ကြီး နှစ်စစ်ကြား ဥရောပ အခြေအနေ (သို့မဟုတ်)**
**ဒီမိုကရေစီနှင့် အာဏာရှင်စနစ်လွန်ပွဲ** ၁၅၅

ဆိုဗီယက်ရုရှား စတင်ပေါ်ပေါက်လာပုံ ၁၅၅

ဂျာမနီနှင့် နာဇီဝါဒ ၁၆၁

အင်္ဂလန်နှင့် ဒီမိုကရေစီ ၁၆၅

ပြင်သစ်နိုင်ငံ၏ ပြဿနာများ ၁၆၉


(င)


**အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာ့ရေးရာ** ၁၇၂

ဝုဒရိုဝီလဆင် ၁၇၂

ဝါရင်ဂျီဟာဒင် ၁၇၄

ကာလဗင်ကူလစ် ၁၇၄

ဟာဗတ်ဟူဗာ ၁၇၄

ဖရန်ကလင်ဒီရုစဘဲ့ ၁၇၅


(စ)


**လောကဓာတ်ပညာ အလျင်အမြန် တိုးတက်ပုံ** ၁၇၆

သဘာဝလောကဓာတ်ပညာများ ၁၇၆

အနုပညာနှင့် စာပေ ၁၇၉


(ဆ)


**ဆူပူလှုပ်ရှားသော အာရှ** ၁၈၀

တုချွန်ခေတ် တရုတ်နိုင်ငံ ၁၈၀

ကိုမင်တန် ပြန်လည်စည်းရုံးမိခြင်း ၁၈၁

ချန်ကေရှိတ်ထခြင်း ၁၈၃

ဂျပန်တွင် စစ်ဝါဒ လွှမ်းမိုးလာပုံ ၁၈၄

မန်ချူးရီးယားအရေး ၁၈၆

အမျိုးသားဂိုဏ်းအုပ်စီးသော တရုတ်နိုင်ငံ ၁၈၉

စစ်ဝါဒီတို့ အုပ်စီးသောဂျပန် ၁၉၀

တရုတ် – ဂျပန်စစ် ၁၉၂


(ဇ)


**ကမ္ဘာစစ် ၂ နှင့် နောက်ပိုင်း လက်အောက်ခံနယ်တို့ လွတ်မြောက်ရေး ကမ္ဘာ့ကုလသမဂ္ဂ** ၁၉၄

စစ်ကြီးဖြစ်ရခြင်း၏ အကြောင်းရင်းများ ၁၉၄

ပထမပိုင်း ၁၉၅

ဒုတိယပိုင်း ၁၉၆

| | |
|---|---|
| တတိယပိုင်း | ၁၉၆ |
| စတုတ္ထပိုင်း | ၁၉၇ |
| နောက်ဆုံးပိုင်း | ၁၉၈ |
| ကမ္ဘာ့ကုလသမဂ္ဂ | ၁၉၈ |
| မြန်မာတို့၏ လွတ်လပ်ရေး | ၁၉၉ |
| – ကိုးကားသော ကျမ်းစာရင်း | ၂၀၇ |
| – နှစ်စဉ်ညွှန်း | ၂၀၉ |
| – အမည်ညွှန်း | ၂၂၄ |


# အချီး

မြန်မာလိုရေးသော ကမ္ဘာ့ရာဇဝင်ကျမ်းနှင့် တိုင်းတစ်ပါး ရာဇဝင်ကျမ်း အလွန်ရှားပါသည်။ ပထမကမ္ဘာစစ် မဖြစ်မီက သူရိယတိုက်မှ **ပေါ်တူဂီရာဇဝင်၊ တရုတ်ရာဇဝင်၊ ဂျာမနီရာဇဝင်၊ ဂျပန်နိုင်ငံ အတ္တုပ္ပတ္တိ** စသော စာအုပ်များ ထုတ်ဝေဖူး၏။ ပထမကမ္ဘာစစ် ပြီးစကလည်း စစ်ကြီးရာဇဝင်စာအုပ်များ ပေါ်ဖူး၏။ အိတ်ချ်ဂျီဝဲလ်ရေးသော **ကမ္ဘာ့ရာဇဝင်အကျဉ်း**ကို ဘာသာပြန်၍ ပုံနှိပ်ဖူး၏။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသည့်အထဲတွင် ပါသွားကြသဖြင့် စာအုပ်စုံသည်ဟု နာမည်ရသော စာကြည့်တိုက်များမှာပင် ဘာသာပြန်ဖြစ်စေ၊ စုပေါင်းရှာမှီး ပြုစုခြင်းဖြစ်စေ မြန်မာလိုရေးထားသည့် ကမ္ဘာ့ရာဇဝင်ကျမ်းနှင့် တိုင်းတစ်ပါး ရာဇဝင်ကျမ်းတို့ကို တွေ့ရန်ခဲယဉ်းလှ၏။

ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ကမ္ဘာ့ရာဇဝင်ကျမ်းအချို့ တွေ့ရ၏။ **လောကီထုပ္ပတ် လူတို့ဇာတ်၊ လူ့ ကမ္ဘာ့သမိုင်းအခြေပြ** ဟူ၍ ကမ္ဘာ့ရာဇဝင်ကို အသင့်အတင့် ပြည့်စုံအောင် လေ့လာနိုင်ရန် ကျမ်းစာအုပ်များ ပေါ်ထွက်လာပါသည်။ ယင်းတို့သည် လူတို့ယဉ်ကျေးမှု တိုးတက်လာပုံ ဇာတ်လမ်းပေါ်အောင် မြို၍ ငုံ၍ရေးကြ၏။ ရေးပုံ ရှင်းလင်းပြတ်သား တိုတုတ်၏။ ရာဇဝင်ကို မင်းစဉ်မင်းဆက် ပိုင်း၍ ရေးကြသည်လည်းရှိသည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည်ဖြင့် ခေတ်ပိုင်း၍ ယဉ်ကျေးမှုကို သရုပ်ဖော်သည်လည်းရှိသည်။ အားကြီး အားသာသူက စိုးမိုးသည့်သဘောမှ လူထုနည်းအုပ်ချုပ်ပုံနှင့် ပစ္စည်းမဲ့

အာဏာရှင်အထိ နိုင်ငံရေးအယူရှိ ကျင့်ထုံးပြောင်းခဲ့ပုံကို ပြသည်လည်းရှိ၏။ အချုပ်အားဖြင့် ကလေးမှ လူကြီးအထိ အဆင့်ဆင့်ရှိသော လူထုကို ပညာပေးသော စာအုပ်များဖြစ်ရာ အားလုံး သူ့နည်းနှင့်သူ ကောင်းကြပါသည်။

ကျမ်းပြုသူတို့တွင် မည်သူ့အတွက် ဤကျမ်းကို ပြုရပါသနည်းဟူသော ပြဿနာ ပေါ်တတ်ပါသည်။ အပျင်းပြေလိုသူတို့အတွက် ရယ်စရာဝတ္ထုကိုရေးသည်။ နက်နဲသိမ်မွေ့စွာ ဉာဏ်စေစားလိုသူတို့အတွက် ဘာဝပြဿနာနှင့် အဖြေအတိအကျ ဖော်ထုတ်မရနိုင်သော ဇာတ်လမ်းကိုရေးသည်။ အကြောင်းရာတစ်ခုတည်းကိုပင် ရေးသော်လည်း ကလေးအတွက်ရေးသည်၊ လူကြီးအတွက်ရေးသည်၊ ပညာရှင်တို့အတွက် ရေးသည်ဟူ၍ ခွဲခြားရေးသားကြရ၏။ လူကို လိုက်၍ အကြိုက်ကို နတ်ယူတော့ဟု အတိုအထွာ အကုန်ထည့်ကာ အရှုးလွယ်အိတ်မျိုးလည်း ရေးကြရသည်။ ရာဇဝင်ကျမ်းပြုရာ၌ နယ်ချဲ့ကို လက်ခံနိုင်အောင်၊ မျိုးချစ်စိတ်ကို နိုးကြားအောင်၊ ပြည်ထောင်စုစိတ်ကို ရင့်သန်အောင်၊ အရင်းရှင်စနစ်ကို မုန်းအောင်၊ သို့မဟုတ် အမှန်ကို မြင်သာအောင် အမျိုးမျိုး ရေးကြ၏။

ကမ္ဘာ့ရာဇဝင်ကျမ်းတို့ကို မြန်မာဘာသာနှင့် ရေးပြီးရှိသည်တို့အနက် အလယ်တန်း ကျောင်းသားတို့အတွက် ဖတ်ရန်ရှိပြီဟု ထင်ပါသည်။ ဗဟုသုတလိုလားသော သာမန်အရပ်သားတို့အတွက်လည်း ရှိနေပြီဟု ထင်ပါသည်။ အသေးစိတ် သုတေသနပြု၍ရေးသော အလွန်ပြည့်စုံသော ကျမ်းမျိုးထက်လျော့၍ သာမန် ပညာပေးကျမ်းထက်လည်း လေးသော တက္ကသိုလ်ဝင်နှင့် တက္ကသိုလ် အဆင့်သို့ရောက်စ အသက်ပိုင်းနှင့် ပညာအဆင့်ရှိသူတို့အတွက် အနည်းဆုံး ကျမ်းတစ်စောင် လိုသေးသည်ဟု ယူဆပါသည်။

ဤစာအုပ်ငယ်သည် လိုနေသည့်အကွက်ကို တတ်စွမ်းသမျှ ဖြည့်စွက်ခြင်းဖြစ်ပါသည်။ တက္ကသိုလ်ဝင်နှင့် တက္ကသိုလ်ရောက်စ ကျောင်းသားတို့တွင် အသုံးဝင်စေရန် ရည်ရွယ်၍ **ခေတ်သစ်ကမ္ဘာ့ရာဇဝင်** အခြေပြကို ရေးပါသည်။

ရေးပုံ ရေးနည်းကိုလည်း အမြွက်မျှ ဖော်ပြလိုပါသည်။ တစ်ဆယ့်ရှစ်ရာစု ကုန်ခါနီးမှ နှစ်ဆယ်ရာစုလယ်အထိ ကမ္ဘာ၏ နိုင်ငံရေး အဖြစ်အပျက်အကျဉ်းကို အခြေခံ ဘောင်ခတ်ကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ပြောင်းလဲပုံကို ထင်ရှားအောင် အဆစ်ဆစ်အပိုင်းပိုင်း ဖော်ပြရာ၌ သီးခြားနိုင်ငံဆိုင်ရာ အခန်းတို့တွင် ထိုနိုင်ငံဆိုင်ရာ ရာဇဝင်ကျမ်းတို့ကို မှီငြမ်းပြုပါသည်။ ထိုကျမ်းတို့အမည်ကို ဤစာအုပ်နောက်ပိုင်း၌ ဖော်ပြပါရှိပါသည်။ ထိုကျမ်းတို့မှ တစ်ပုဒ်စီ တစ်ခန်းစီကို လိုသလို ယူငင်ပေါင်းစပ်၍ ဤစာအုပ်ငယ် ပေါ်ပေါက်လာရပါသည်။ အချိန်များစွာ အကုန်ခံ၍ သုတေသနပြုပြီးမှ ရေးခြင်းမဟုတ်ကြောင်းကို အတိအလင်း ဝန်ခံလိုပါသည်။ အခါကာလအားလျော်စွာ လိုနေသည့် ကွက်လပ်ကို ဖြည့်ခြင်းဖြစ်ရကား ဤစာအုပ်ငယ်ထက် ပြည့်စုံရှင်းလင်း ကောင်းမွန်သည့် စာအုပ်တစ်အုပ်မက ရှေ့တွင် များစွာပေါ်ထွက်လာလျှင် ကောင်းမည်ဖြစ်ပါသည်။

ယနေ့ ကျောင်းသားတို့သည် ရာဇဝင်ကို မြန်မာလို ဖတ်ကြမှတ်ကြ၍ စာမေးပွဲတွင်လည်း မြန်မာလိုပင် ရေးသားဖြေဆိုကြသောကြောင့် တစ်နည်းအားဖြင့် ကောင်း၏။ ဘာသာစကား အခက်အခဲကင်းသဖြင့် မြန်မြန်ဖတ်နိုင်သည်။ စွဲစွဲမှတ်နိုင်သည်။ ရေရေလည်လည် ဖြေနိုင်သည်။ သို့သော် မြန်မာစကားနှင့် ရေးပြီးစာအုပ်ကား မရှိသလောက်ရှား၏။ ထို့ကြောင့် ရာဇဝင်ကျမ်းများ တစ်အုပ်ထက်မက များစွာပေါ်ထွက်လာပါစေဟု ဆန္ဒပေါ်ခြင်း ဖြစ်ပါသည်။

သန်းထွန်း
၉-၆-၆၁

၁/၁ သထုံလမ်း၊ တက္ကသိုလ်နယ်
ရန်ကုန်။

# အပိုင်း (၁)

## တစ်ဆယ့်ကိုးရာစုမဆန်းမီ ကမ္ဘာ့အခြေအနေ

# (က)

## ရှေးရိုးစာအုပ်ရေးစနစ်များမှ ရုန်းထွက်ဆန်းသစ်လာသော နိုင်ငံအုပ်ချုပ်ရေး အယူအဆနှင့် အဖွဲ့အစည်းသစ်များ အနောက်တိုင်း၌ ပေါ်လာပုံ

### နည်းဟောင်း

ခရစ်နှစ် ၁၇၈၉ ခုနှစ်တွင် ပေါ်လာသော ပြင်သစ်တော်လှန်ရေး မတိုင်မီက ဥရောပတစ်တိုက်လုံးရှိ နိုင်ငံအသီးသီးမှ အုပ်ချုပ်ရေးနှင့် ပေါင်းသင်းဆက်ဆံရေး သဘောလေ့ စသည်တို့ကို **နည်းဟောင်း** ဟု ခေါ်လေ့ရှိကြ၏။ နည်းဟောင်းအရ မျက်နှာသာပေးခံရသော လူတန်းစားနှင့် အနှိမ်ခံရသော လူတန်းစားဟူ၍ ကွဲပြား၏။ ပြည်ရွာကို သက်ဦးဆံပိုင်ဘုရင်က အုပ်ချုပ်၏။ အရာရှိ အရာခံတို့၌ လာဘ်ပေးလာဘ်ယူ ထူပြော၏။ အဂတိလိုက်စားကြ၏။ မြေရှင်ကြီးများ တန်နိုးထွား၏။ သာသနာပိုင်က မင်းအပေါ်၌ ဩဇာရှိ၏။ စီးပွားဥစ္စာမှန်သမျှ လူနည်းစုက ပိုင်ဆိုင်၍ လူများစုအတွက် ဆင်းရဲတွင်း နက်လှသည်။

### အင်္ဂလန်

ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နှိုင်းစာလျှင် လူများစုက အကျိုးခံစားခွင့်အတွက် အင်္ဂလန်၌ မျှော်လင့်ချက် အများဆုံးရှိသည်ဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်

ဆိုသော် သက်ဦးဆံပိုင် ဘုရင်စနစ်ကို တော်လှန်၍ **ပါလီမန်** ဖြင့် စီမံရသော **ဥပဒေအရ စိုးမိုးသည့် ဘုရင်ခေတ်** ပေါ်ထွန်းလျက်ရှိနေသည်မှာ တစ်ဆယ့်ရှစ်ရာစုဦးကပင် ဖြစ်ရကား၊ အင်္ဂလန်သည် အများတကာထက် လက်တွေ့အားဖြင့် နိုင်ငံရေးအဆင့်အတန်းမြင့်သည်။ တစ်ဆယ့်ရှစ်ရာစုအတွင်းက နိုင်ငံအုပ်ချုပ်ရေးတွင် အင်္ဂလန်၏ နမူနာသာလျှင် အသင့်တော်ဆုံးဟု ယူဆကြသည်။ အင်္ဂလန်၌ ပြည်သူတို့ အလွတ်လပ်ဆုံး ဖြစ်၏ဟု ထင်ကြ၏။ စင်စစ်သော် ပါလီမန်ကြောင့် လွတ်လပ်ကြသည်မဟုတ်။ အစကပင် လူတစ်ဦးချင်း ရသင့်သော အခွင့်အရေးကို အုပ်ချုပ်သူက စော်ကားလျှင် မခံတတ်သော သဘောရှိခဲ့ကြသဖြင့် ယခုကဲ့သို့ လွတ်လပ်စွာ ပြောရေးဆိုခွင့် ရနေကြခြင်း ဖြစ်ပါသည်။ ယခု ပါလီမန် အာဏာ အကြီးဆုံးဖြစ်လာသောအခါ ဘုရင်ကား အမည်ခံမျှသာဖြစ်၍ အခွန်ခန့်ခွဲခြင်း၊ ဥပဒေပြုခြင်း၊ ပြင်ခြင်း၊ တရားဆုံးဖြတ်ခြင်း၊ ထာဝရ စစ်တပ်ကို ကွပ်ကဲခြင်းစသည့် အရေးပါသော ကိစ္စမှန်သမျှတို့၌ ပါလီမန်ကို လွန်ဆန်၍ ဘာမျှ မလုပ်နိုင်ချေ။ သို့သော် ထိုအခါက ပါလီမန်သည် ယခုခေတ် အများနားလည်သော ပြည်သူလူထု၏ ကိုယ်စားလှယ်စစ်စစ် မဟုတ်သေးချေ။ အဘယ့်ကြောင့်ဆိုသော် ယခုအခါမှာကဲ့သို့ အရွယ်ရောက်သူတိုင်း မဲပေးနိုင်ခြင်း မရှိသည့်ပြင် လူဦးရေအလိုက် မျှတညီညွတ်အောင် အမတ်အရေအတွက် ခွဲ၍ပေးထားခြင်း မရှိသဖြင့် ပိုက်ဆံချမ်းသာသူ မြေရှင် လူနည်းစု၏ ကိုယ်စားလှယ်များသာ ပါဝင်သော ပါလီမန် ဖြစ်နေပါသည်။ ပါလီမန် အမတ်တိုင်းလည်း မြေရှင်ကြီးများ ဖြစ်၍နေပါသည်။ ထိုအခါမျိုး၌ လာဘ်ပေးလာဘ်ယူနှင့် အဂတိ လိုက်စားခြင်းကား နေ့စဉ် ကျင့်မြဲလေ့ကဲ့သို့ ရှိနေပါသည်။ အင်္ဂလန် မင်းဆက်အသစ်ကို စသူ **ဂျော့ (၁)** နှင့် ပြည်ရေးပြည်ရာအဝဝကို ဘုရင့်ကိုယ်စား လွှဲအပ်ခြင်းခံရသော **ဆာရောဘတ်ဝါလပို** တို့ လက်ထက်များ၌ **ကဲ့ဘိနက်**ခေါ် ခေတ်ဝန်ကြီး အဖွဲ့နှင့်တကွ ဝန်ကြီးချုပ်ဟူ၍ အုပ်ချုပ်ရေးကြိုးကိုင် အဖွဲ့အစည်းတစ်ရပ် ထင်ရှားစွာ ပေါ်လာပါသည်။ ပါလီမန်က ဆက်၍ မထောက်ခံလျှင် ကဲ့ဘိနက် တစ်ဖွဲ့လုံး ရာထူးမှ နုတ်ထွက်ရမည့် အစဉ်အလာလည်း ပေါ်၍လာပါသည်။ ကဲ့ဘိနက်က အုပ်ချုပ်ရေးကို နိုင်နင်းစွာ တာဝန်ယူနိုင်သဖြင့် ဘုရင်၏ တာဝန်မှာ အခမ်းအနားရှိလျှင် အဆောင်အယောင်ဖြင့် အကန်တော့ခံထွက်ခြင်းမျှသာ ရှိပါတော့သည်။ သို့သော် **ဂျော့ ၃** သည် ၁၇၆၀ ၌ နန်းတက်လျှင် မင်းနှင့်တူအောင် အုပ်ချုပ်ရေး၌ ပါဝင်စွက်ဖက်ရန် ကြိုးစားပြန်ရာ အသင့်အတင့် အောင်မြင်သော်လည်း အမေရိကန်စစ်၌ အရေးနိမ့်သဖြင့် ပါလီမန်ဝါဒ





ပြန်လည်အားရှိလာရသည်။ ပါလီမန်ကို ပြည်သူ့ကိုယ်စားလှယ် အစစ်ဖြစ်အောင် ပြုပြင်ရန် လှုံ့ဆော်လာကြပြန်သည်။ ဤတွင် မှတ်သားလောက်သော လှုံ့ဆော်ပွဲကား **ချာတစ်အရေးတော်ပုံ**ပင် ဖြစ်ပါသည်။ ချာတစ်တို့က (၁) မဲပေးခွင့်ရသူပို၍များရန်၊ (၂) မျှတအောင် အမတ်နေရာ ပြန်၍ဝေရန်၊ (၃) အမတ်တို့ကို လစာပေးရန်၊ (၄) အမတ်လောင်း၏ ပစ္စည်းအင်အား ကန့်သတ်ချက်ကို လျှော့ရန်၊ (၅) လျှို့ဝှက်မဲပေးခွင့်ပြုရန်နှင့် (၆) နှစ်စဉ် ပါလီမန်ရွေးကောက်ပွဲကျင်းပရန်တို့ ဖြစ်ပါသည်။ ပြုပြင်ရေးကို တောင်းဆဲ၌ ပြင်သစ်တော်လှန်ရေးပေါ်လာသဖြင့် အင်္ဂလန်က လန့်၍ ပြုပြင်ရေးအားလုံး ရပ်စဲကာ ပြုပြင်ရေးတောင်းလျှင် နိုင်အောင်ပင် နှိပ်ကွပ်လိုက်သည်။

## ပြင်သစ်

နည်းဟောင်းကိုဖျက်ရာ၌ ပြင်သစ်၏ နမူနာလည်း ထူးခြားမှတ်သားဖွယ်ဖြစ်၏။ ပြင်သစ် ဘုရင်ကား သက်ဦးဆံပိုင် ဘုရင်ဖြစ်၍ ၎င်း၏ အလိုအတိုင်းတိုင်းပြည်ကို အုပ်ချုပ်သည်။ မင်း၏ အတိုင်ပင်ခံအဖွဲ့ရှိသော်လည်း မင်းလိုလိုက်ရသည်များ၏။ မင်းနှင့်ကင်းသော အဖွဲ့အစည်းဟူ၍ မရှိချေ။ ပါရီမြို့တော်၏ **ပါလီမန်** မှာလည်း မင်း၏ ပြန်တမ်းကို အတည်ပြုရသော တရားလွှတ်တော်ချုပ်သာ ဖြစ်ပါသည်။ တစ်ခါတစ်ရံ မင်း၏ တစ်ဖက်သတ် အလိုတော်ကို ပါလီမန်က ခုခံသော်လည်း ပြောပလောက်သည် မဟုတ်ချေ။ အချို့နယ်များ၌ **အုပ်ချုပ်ရေး အတိုင်ပင်ခံအဖွဲ့များ** ရှိတတ်၍ မြို့များ၌လည်း **မြို့အတိုင်ပင်ခံအဖွဲ့** ရှိမြဲဖြစ်သည်။ သို့သော်လည်း ပြည်သူ့ဆန္ဒကို ပြနိုင်သော အဖွဲ့များမဟုတ်ချေ။ အဂတိ လိုက်စားမှု အားကြီးသော အုပ်ချုပ်ရေးဟု ဆိုရချေမည်။ တရားဥပဒေ၏ ညီညွတ်ခြင်းလည်း မရှိချေ။ အချို့ဒေသ၌ ရှေးရောမဓလေ့နှင့် တရားဆုံးဖြတ်၍ အချို့အရပ်၌ **ဂျာမနီ ဥပဒေ**ကို သုံးသည်။ မတရားဖမ်းဆီးချုပ်နှောင်ခြင်းများရှိလျက် ငွေဖြင့်ဝယ်၍ ရာထူးလက်ကိုင် ရထားသူများက မျက်နှာကြီး မျက်နှာငယ်လိုက်၍ တရားစီရင်မြဲ ဖြစ်သည်။ စစ်တပ်၌လည်း ရာထူးကြီးလျှင် ဂုဏ်ကြီးသူတို့၏ သားများသာ ရမြဲဖြစ်၏။ တစ်နယ်လျှင် မည်မျှ အခွန်ဆက်ရမည်ဟု ကြိုတင်သတ်မှတ်၍ အခွန်ကောက်စေသဖြင့် ပိုသမျှကိုကောက်သူက ယူနိုင်ရကား ဆင်းရဲသားတို့ထံမှ ရနိုင်သလောက် မတရား တောင်းယူခြင်းများ ပေါ်ပေါက်ရသည်။ စင်စစ် ဆင်းရဲသား တောသား

နှင့် လူလတ်တန်းခေါ်သော မျက်နှာငယ် လူတန်းစားတို့ ဒုက္ခအရောက်ဆုံးတည်း။ **လူဝီ ၁၅** သည် ပြည်ရေးရွာမှုကို အမိကမထား၊ အပျော်အပါးဖြင့်သာ အချိန်ကုန်သည်။ **လူဝီ ၁၆** မင်းဖြစ်လျှင် အချိန်ကာလအားလျော်စွာ ပြုပြင်သင့်သမျှကို ပြုပြင်လိုစိတ်ရှိသော်လည်း အခွင့်အရေး ကောင်းသမျှ ခံစားလျက် မျက်နှာသာပေး၍ထားခဲ့သော အထက်တန်းစားနှင့် ရဟန်းတော်များက ပိုသဖြင့် လက်လျှော့ခဲ့သည်။ ရှေးထုံးရှိလင့်ကစား ပြင်သင့်လျှင် ပြင်မည်ဟူသော သတ္တိ လူဝီ ၁၆ ၌ မရှိချေ။ ဘဏ္ဍာတော် အယိုအဖိတ် များသည့်အထဲက အမေရိကန်စစ်ကို အကူလွှတ်သဖြင့် ပို၍ ဘဏ္ဍာရေး အခက်အခဲကြုံတွေ့ရသည်။ ငွေပြဿနာကို အဖြေပေးနိုင်အံ့ဟူသော အထင်နှင့် ၁၇၈၇ ခု၌ **အရေးပါသူတို့၏ ညီလာခံ**ကို ခေါ်ယူခဲ့၏။ ထိုညီလာခံက ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန် ၁၆၁၄ ခုမှစ၍ တစ်ကြိမ်မျှ ခေါ်ယူခြင်း မပြုခဲ့သော အတိုင်ပင်ခံ လူတန်းစား **အဖွဲ့ချုပ်** ကို ခေါ်ယူပါဟု အကြံပေးခဲ့၏။ ယင်းသည်ပင်လျှင် ပြင်သစ်၌ သက်ဦးဆံပိုင် ဘုရင်စနစ်၏ ဓာတ်သိမ်းဖြစ်ပါတော့သည်။

## အောက်တန်းစား

အဆင်းရဲ အပင်ပန်းဆုံး လူတန်းစားကား **တောင်သူလယ်သမား တောသားများ** ဖြစ်ပါသည်။ ထွန်ယက်စိုက်ပျိုးရာ၌ မျိုးသန့်မျိုးကောင်း ရွေးခြင်း၊ မြေသြဇာကျွေးခြင်း စသည်ဖြင့် ထွန်ယက်၍ မျိုးကြဲခြင်းစသော နည်းသစ်နည်းဆန်းများကို ကြားမှုမကြားဘူးချေ။ ရှေးရိုးအတိုင်းသာ ဆောင်ရွက်ကြ၏။ အင်္ဂလန်မှတစ်ပါး ဥရောပတစ်ခွင်၌ ရှေးကျေးချ ခေတ်မှ မြို့စားတို့က လယ်သမားတို့အပေါ်၌ထားသော အချုပ်အနှောင်များ ကျန်နေသေး၏။ အခွန်ပေးစရာရှိလျှင်လည်း အကြီးလေးဆုံး ပေးရသူများဖြစ်၏။ လမ်းမကြီးများ ပြင်စရာရှိလျှင် **အလကား လုပ်အား**ပေးရ၏။ **မြေခွန်** ဆက်ရ၏။ **သာသနာခွန်** ဆက်ရ၏။ မြေရှင်ကြီးများက အခြားစေခိုင်းစရာ ရှိလျှင်လည်း မငြင်းဝံ့ချေ။ ငွေကြေးပိုလျှံ၍ စုဆောင်းမိပြန်ကလည်း အခွန်ကောက်သူက ညှစ်ယူပြန်သည်။ ဝအောင်မစားရ၊ လှအောင်မဝတ်ရ။ အချုပ်အားဖြင့် လူဖြစ်လျက် လူတန်းစေ့အောင် မနေရချေ။ ရုရှ၊ ပိုလန်၊ ဟန်ဂေရီတို့၌ ၎င်းတို့၏ အခြေအနေသည် အဆိုးဝါးဆုံးဖြစ်၏။ အင်္ဂလန်၌ အသက်သာဆုံးဖြစ်၍ ပြင်သစ်တွင် ထကြွညီညာ၍ ပြုပြင်ရေးကို ရသလောက် တောင်းယူရန် အားသွန်လျက်ရှိသည်ကို တွေ့ရပါသည်။





## လူလတ်တန်းစား (ဘူဇွာ)

တစ်ဆယ့်ခုနစ်နှင့် ရှစ်ရာစုများ၌ မြို့များ ကြီးပွားများပြားလာ၏။ အရောင်းအဝယ် ကောင်းသည်ကိုမှီ၍ ပေါ်ပေါက်လာသော တိုးတက်ရေးဖြစ်ရကား နယ်ချဲ့ရန် တအားတိုးလာခြင်းလည်းဖြစ်သည်။ ၁၇၈၇ ခု၌ လန်ဒန်တွင် လူနေ တစ်သန်းကျော်၏။ ပါရီ၌ ငါးသိန်းရှိ၏။ သောင်းကျော်မြို့ ရှစ်ဆယ်ရှိ၏။ အမ်စတာဒမ်၊ ဟမ်ဘတ်စ်၊ ဘရီမန်နှင့် ဖရင့်ခ်ဖတ်တို့၌ အရောင်းအဝယ် အထူးကောင်းလှသည်။ တစ်ဆယ့်ရှစ်ရာစုသို့ရောက်လျှင် ယခင်က လက်မှုပညာသမားတို့သည် မိမိသုံးစားရန်မျှသာ ကုန်ပစ္စည်းထုတ်လုပ်ရာက အမြတ်အတွက် ရောင်းစားရန် ထုတ်လုပ်သောခေတ်သို့ ပြောင်းလဲလာသည်ကို တွေ့ရ၏။ ဤတွင် ပစ္စည်းထုတ်လုပ်ရာ၌ ယခင်ကထက် ပို၍ကောင်းသော်လည်း စရိတ်နည်းအောင် ပြုပြင်တီထွင်ခြင်းများကို ကြံဆအားထုတ်လာကြသည်။ ရောင်းစားရန် ပစ္စည်းအမျိုးအမည်သစ်များလည်း ပေါ်လာသည်။ ယခင်က လမ်းပန်းအဆက်အသွယ်ညံ့ခြင်း၊ အစိုးရက အခွန်ကန့်သတ်ချက် များခြင်းတို့ကြောင့် ရောင်းဝယ်ရေးညံ့သော်လည်း ယခု ယင်းတို့ကို ကျော်လွှန်လျက် ကမ္ဘာအနှံ့ ကုန်သင်္ဘောများ သွားလာလျက်ရှိပေပြီ။ အရှေ့အိန္ဒိယကုမ္ပဏီ၊ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီ၊ ဟတ်ဆင်ဗေး ကုမ္ပဏီ စသည်ဖြင့် ငွေအားကြီးမားသဖြင့် လက်ဝါးကြီးအုပ်လျက် ရောင်းဝယ်နိုင်သော အဖွဲ့များပေါ်လာ၏။ လက်ဝါးကြီးအုပ်စနစ် ရှိလင့်ကစား အရောင်းအဝယ် တိုးတက်မြဲ တိုးတက်သည်။ ယင်းသို့ တိုးတက်သဖြင့် အထူးအရေးပါသော အကျိုးကား လက်မှုပညာသည်၊ လက်လီလက်ကား ဈေးသည်နှင့် ကုန်သည်တို့ ပါဝင်သော လူလတ်တန်း ဘူဇွာပေါ်လာခြင်းပင် ဖြစ်ပါသည်။ အင်္ဂလန်နှင့် ပြင်သစ်၌ ဘူဇွာတို့ အားအကောင်းဆုံးဖြစ်၏။ ငွေအားရှိလျှင် နိုင်ငံရေးအာဏာရှိရန် ပြင်ဆင်ကြသည်။ ပါလီမန်ကို အမှီပြု၍ အင်္ဂလန်မှ ဘူဇွာတို့ လိုသော တန်ခိုးကို ရကြသည်။ ပြင်သစ်ဘူဇွာတို့ အလှည့်သာ ကျန်ပါတော့သည်။

## အထက်တန်းစား

ဥရောပ၌ မျက်နှာသာပေးခြင်းခံရသော အထက်တန်းစားဟူသည် ဂိုဏ်းအုပ်ဂိုဏ်းချုပ် စသည့် အထက်တန်း ဘုန်းကြီးနှင့် မြို့စားရွာစား သူကောင်းမျိုးတို့ဖြစ်၍ **ပထမနှင့် ဒုတိယအဖွဲ့**ဟုခေါ်သည်။ ၎င်းတို့ကား လူဦးရေအလိုက်

တစ်ရာလျှင် တစ်ယောက်မျှသာရှိသော လူနည်းစုသာ ဖြစ်ပါသည်။ ဂုဏ်၊ ရာထူးနှင့် ပစ္စည်းအင်အားကြီးသူများဖြစ်၏။ အထက်တန်း ဘုန်းကြီးများသည် သီလ သိက္ခာ သမာဓိအရာ၌ ချီးမွမ်းဖွယ်မရှိ၊ သူကောင်းမျိုးတို့က ငွေပေး၍ ဂိုဏ်းအုပ်ဂိုဏ်းချုပ် ရာထူးကို ဝယ်ယူထားသူများဖြစ်၍ သာသနာရေး ခေါင်းဆောင်အတုများသာ ဖြစ်သည်။ ၎င်းတို့၏ လက်အောက်မှ ဘုန်းကြီးအစစ်များကား သနားစဖွယ် ဆင်းရဲကြ၏။ သူကောင်းမျိုးမှာလည်း လူပေါ်ကြော့များသာ ဖြစ်၏။ နန်းတော်၌ ဝင်ထွက်ခစား၍ မိမိပိုင် နယ်ပယ်မှ တောင်သူလယ်သမားတို့ ဆက်သသောအခွန်ကို ရနိုင်သမျှ ညှစ်ယူသည်။ တောနေချို့တဲ့သော သူကောင်းမျိုးလည်းရှိ၏။

## သာသနာယုံကြည်မှု

ခရစ်ယာန်သာသနာတွင် **ရိုမန်ကက်သလစ်** ကျောင်းတော် **အင်္ဂလီကန်** ကျောင်းတော်နှင့် အခြား **ပရိုတက်စတင့်** ကျောင်းတော်အများရှိ၏။ ဤတွင် တစ်ဆယ့်ရှစ်ရာစုက ရိုမန်ကက်သလစ် ကျောင်းတော်သည် အားအကောင်းဆုံး၊ တန်ခိုးအကြီးဆုံး ကျောင်းတော်ဖြစ်သည်။ ၎င်းနှင့် သဘောမတူသော မည်သည့်ဂိုဏ်းခွဲနှင့်မျှ ညှိနှိုင်းဆက်ဆံခြင်းမရှိချေ။ ရှေးက နိုင်ငံရေးအာဏာ ရရှိခဲ့ဖူးသော်လည်း ယခုအခါ၌ ရှေးကလောက် တန်ခိုးမရှိတော့ချေ။ သို့သော် ယခုတိုင် ပညာရေး၌ ခေါင်းဆောင်ဖြစ်ခြင်း၊ လက်ထပ်မင်္ဂလာပွဲကို ဆောင်ရွက်ပေးရခြင်းနှင့် မိစ္ဆာဒိဋ္ဌိ နှိပ်ကွပ်ခြင်းတို့ကို စီမံရသေးသည်။ ဤဂိုဏ်းတော်တွင်း၌ **ဂျင်ဆင်**အစု၊ **ဖေဗရောင်နီယန်** အစုနှင့် **ဂျက်စဝတ်** အစုဟူ၍ ဂိုဏ်းငယ်များ ရှိပြန်သဖြင့် စည်းရုံးရေးအား ပျက်ခဲ့ရသည်။ အင်္ဂလန်မှ အင်္ဂလီကန်ဂိုဏ်းကား ဥစ္စာပစ္စည်း ပြည့်စုံ၍ မျက်နှာသာပေးခံခဲ့ရသည်။ ၎င်းနှင့် အယူအဆမတူသော အခြား ပရိုတက်စတင့် ဂိုဏ်းသားများသည် အစိုးရရာထူးကို ပါလီမန်က ခွင့်မပေးလျှင် လက်ခံနိုင်ခြင်းမရှိချေ။ နှစ်ခြင်းမင်္ဂလာပြုခြင်း၊ ဖွားသေစာရင်းတင်ခြင်း၊ လက်ထပ်မင်္ဂလာပြုခြင်းကို ဤဂိုဏ်းဘုန်းကြီးမှ ဆောင်ရွက်နိုင်သည်။ သို့စဉ်လျက် **ပရက်စဗိတေရီယန်**၊ **ယူနီတေရီယန်**၊ **ကွေ့ကာ**နှင့် **မက်သာဒစ်**များ ပေါ်လာသေး၏။ **ဂျာမနီ**ဘက်၌ **လူသာရန်**ဂိုဏ်း ထွန်းကား၏။ ၎င်းတို့ထက် ကျော်လွန်၍ ခရစ်ယာန်ကျောင်းတော်များနှင့် **သမ္မာကျမ်းစာ**တို့ကား ဆည်းကပ်





မှုယ်မဟုတ်၊ ဘုရားသခင်နှင့် လူသားအကြား၌ အဆောင်အယောင်မလိုဟု ဆို၏။ ၎င်းတို့အပြင် ခေတ်သစ် လောကဓာတ်ပညာ ထွန်းကားလာသဖြင့် ရှေးသာသနာ ယုံကြည်မှုများကို ပစ်ပယ်သူ ပေါများ၍ လာရသည်။

## နည်းသစ်

တစ်ဆယ့်ရှစ်ရာစုကား ပညာသစ်ကိုရှာသော ခေတ်လည်းဖြစ်၏။ ပညာရှင်တို့သည် လက်တွေ့မပြနိုင်လျှင် မယုံစတမ်းဟု ခေါင်းမာစလည်းဖြစ်၏။ အင်္ဂလိပ်လူမျိုး **ဆာအိုက်ဆက်နယူတန်** (၁၆၄၂–၁၇၂၇) သည် မှန်ပြောင်းကို ပြုပြင်၍ အာကာသသျှတ္တရကို ထွန်းကားစေ၏။ မြေ၏ဆွဲငင်အားကို သင်္ချာနည်းဖြင့် ပြနိုင်ခဲ့၏။ ယင်းကား လောကဓာတ်ပညာ ထွန်းကားစေသော ခေါင်းဆောင်ကြီးတစ်ဦးပေတည်း။ **ဂေါ့ဖရိုက် ဝေလမ်ဗွန် လိုက်ဗနစ်** (၁၆၄၆–၁၇၁၆) သည် နယူတန်နှင့်အတူ **ကာကလပ်စ်** သင်္ချာကို ထွင်ခဲ့သဖြင့် ဗိသုကာပညာ ကြီးပွားလာ၏။ **ဗင်ဂျာမင်ဖရင့်ကလင်** (၁၇၀၆–၁၇၉၀)က လျှပ်ပြက်သည်ကို လေ့လာ၍ လျှပ်စစ်ဓာတ်၏ အခြင်းအရာကို ဖော်ထုတ်၏။ အမေရိကန် တော်လှန်ရေး၏ ခေါင်းဆောင်တစ်ဦးလည်းဖြစ်၏။ **ဂျိုဆက်ပရိစလီ** (၁၇၃၃–၁၈၀၄) **အန်တွိုင်နီလဗွိုင်ဆာ** (၁၇၄၃–၁၇၉၄) နှင့် **ဟင်နရီကဗင်ဒစ်** (၁၇၃၁–၁၈၁၀) တို့က ခေတ်သစ် **ကေမစ်စထရီ** (ဓာတုဗေဒ)ကို တီထွင်ခဲ့ကြသည်။ **အက်ဒဝပ်ဂျင်နာ** (၁၇၄၉–၁၈၂၃)က ကျောက်ရောဂါကို ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း စတင်ပြသနိုင်ခဲ့၏။ ဤနည်းသစ်များ ကြီဆကြလျက် နိုင်ငံတကာ၌ လောကဓာတ် ဆရာများကို မင်းအမတ်တို့ ဝိုင်း၍ အားပေးကြသည်။ လန်ဒန်၌ ၁၆၆၂ ခုနှစ်တွင် **အသင်းတော်**နှင့် ပြင်သစ်၌ **ပြင်သစ် အကယ်ဒမီ** စသော အဖွဲ့များ ပေါ်လာလျက် ခေတ်အလိုက် အသစ်ရှာဖွေတွေ့ရှိသည်များကို ဆွေးနွေးကြသည်။ စာပုံနှိပ်စက်များ တိုးတက်လာသဖြင့်လည်း ပညာ ပြန့်ပွားလွယ်၏။ တစ်ဆယ့်ရှစ်ရာစုတွင် ထူးသည်ကား ရှိပြီး နိုင်ငံရေး၊ လူမှုရေးနှင့် သာသနာရေး အဖွဲ့အစည်းအားလုံးကို ဝေဖန်စစ်ဆေးလျက် ယုံသင့်မှ ယုံမည်ဟူသော သဘော ခေတ်စားလာခြင်းဖြစ်သည်။

## ဝါဒသစ်

အင်္ဂလန်၌ **ဂျွန်လော့ခ်** (၁၆၃၂–၁၇၀၄)က မည်သည့်ကိစ္စမဆို လက်တွေ့ အသုံးကျမကျ အကဲခတ်သင့်၏။ လက်အောက်ခံတို့ ကျေနပ်မှ အထက်အစိုးရ ဟူ၍ ရှိသင့်၏။ ယခုထက် ပညာထွန်းကားသင့်၏။ သာသနာ့အဆုံးအမ ဖြစ်လင့်ကစား သဘာဝမကျလျှင် ပယ်သင့်၏။ ဘုရားကို လုံးဝပစ်ပယ်သူမှတစ်ပါး သာသနာ အယူအဆ မတူသော်လည်း သည်းခံသင့်၏ဟူ၍ ဟောပြောသည်။ **ဖရန်ဆစ် ဗော်လတဲယား** (၁၆၉၄–၁၇၇၈) ကား ထိုခေတ်က ရှေ့ဆောင်ပညာရှင်တစ်ဦးဖြစ်၏။ လက်ရှိ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် သာသနာရေးအားလုံးကို ဝေဖန်သူဖြစ်၏။ သို့သော် မလိုလားအပ်သည်ကိုပယ်၍ မည်သည့်စနစ်ဖြင့် အစားထိုးရမည်ကို ဖော်ပြနိုင်ခြင်း မရှိချေ။ **ဒင်နစ်ဒီဒေရောက်** (၁၇၁၃–၁၇၈၄) ကား **စွယ်စုံကျမ်းခေါ်** သိရှိပြီး ပညာအားလုံးကို အကျဉ်းဖော်ပြလျက် တိုးတက်သော အယူအဆတို့ကိုလည်း ထင်ရှားစေသော ကျမ်းကိုတည်းဖြတ်ထုတ်ဝေခဲ့၏။ ထိုကျမ်း၌ ပြင်သစ်၏ ခေါင်းဆောင်ပညာရှင်များ ပါဝင်ရေးသားသည်။ စွယ်စုံကျမ်းဆရာတို့ကား အကြောင်းနှင့်အကျိုး ဆက်စပ်ရမည်။ အမှန်ကို မြင်သာအောင် ထိုးထွင်းကြံဆရမည်ဟူသော ခေတ်၏ ရှေ့ဆောင်များဖြစ်ကြ၏။ ပြင်သစ် ရှေ့နေ **မွန်တီကျူ** (၁၆၈၉–၁၇၅၅) က တရားဥပဒေ အုပ်စိုးရေးကို ထင်ရှားအောင် ရေးသားဖော်ထုတ်ခဲ့၏။ **ဂျင်ဂျက်ကွိုရှူးဆိုး** (၁၇၁၂–၁၇၇၈) မှာလည်း ဝါဒသစ်ကို အများနှစ်သက် လက်ခံနိုင်လောက်အောင် နိုင်နင်းစွာ ရေးသားနိုင်သူဖြစ်၏။ သို့သော် ဤပညာရှင်ကား ရှေ့သို့ တိုးတက်ရန်ထက် နောက်သို့ဆုတ်၍ ရှေးပဝေသဏီက ရိုးရိုးသားသား နေခဲ့ကြသလို သဘာဝအတိုင်း ပြန်၍နေကြရန် တိုက်တွန်း၏။ အုပ်ချုပ်ရေးဟူသည်မှာလည်း **အစိုးရနှင့် ပြည်သူတို့ချုပ်သော မဟာမိတ်စာချုပ်မျှသာဖြစ်၍** လူအများသည် အုပ်ချုပ်ရေး၌ စွက်ဖက်ခွင့်ရှိသည်ဟုဆို၏။ ပြင်သစ်တော်လှန်ရေး အစပိုင်းက ဤပညာရှင်၏ ဝါဒကို လိုက်နာကြကြောင်း တွေ့ရ၏။ အီတလီမှ မြို့စား **ဗက်ကာရီယာ** (၁၇၃၈–၁၇၉၄) က လက်ရှိ တရားဥပဒေသည် ရက်စက်လှသဖြင့် လျှော့ပေါ့ပြင်ဆင်ရန် ရှေ့နေလိုက်သည်။ **အဒမ်စမစ်** (၁၇၂၃–၁၇၉၀) သည် **တိုင်းပြည့်စီးပွား** ဟူသော စာအုပ်၌ စက်မှုလက်မှုတွင်လွှတ်၍ ပေးသည့်





ဝါဒကို အသားပေး၍ရေး၏။ **တစ်ယောက်ကောင်း လက်ဝါးကြီးအုပ်သော** သဘောမှ အပြိုင်အဆိုင် လမ်းဖွင့်ပေးလျက် တိုးတက်မှု ကြံစည်သင့်သည်ဟူသော ဝါဒဖြစ်ပါသည်။

## မင်းသစ်

ဒီမိုကရေစီနည်း မဟုတ်သော်လည်း အဖသည် သားကိုချစ်လျက် ကောင်းစေလိုသောစိတ်ဖြင့် သားနှစ်လိုသည် မနှစ်လိုသည်ကို အရေးမထားဘဲ အမိန့်ဖြင့် သွန်သင်ဆုံးမနည်းဖြင့် ပြည်သူပြည်သား၏ **ကောင်းကျိုးကို ဆောင်ရွက်လိုသော မင်းသစ်**များသည် ပရပ်ရှား၊ ရုရှနှင့် သြစတြီးယားတို့၌ ပေါ်လာ၏။ နည်းဟောင်းနှင့် နည်းသစ်အကြားမှ အလယ်နည်းဆိုလျှင်လည်း မှန်ပါသည်။ ယင်းတို့သည် ဝါဒသစ် ပညာရှင်များကို ကြည်ညို၍ လောကဓာတ် ပညာကို အားပေး၏။ **အမှန်ကိုရောက်အောင် ကြံဆအားထုတ်သော ခေတ်**နှင့်လိုက်သော မင်းသစ်များတည်း။ ယင်းတို့အနက် ပရပ်ရှားမှ **ဖရက်ဒရစ် ၂**(၁၇၄၀–၁၇၈၆) သည် မိမိ၌ ဂုဏ်သတင်းကြီးရန် အောနိုင်ငံကို ဝင်ရောက် လုယက်ဝံ့သူဖြစ်၏။ မိမိ၏ ကျေးတော်မျိုး ကျွန်တော်မျိုးတို့၏ ကြီးပွားရေးအလို့ငှာ မိမိစိတ်တိုင်းကျ ဆောင်ရွက်ပေးမည်ဟု အားခဲ၏။ တရားဥပဒေကို နည်းလမ်း ကျအောင်ပြင်သည်။ မူလတန်းကျောင်းများ ဖွင့်ပေးသည်။ လွတ်လပ်သော သာသနာယုံကြည်မှုသဘောကို အသင့်အတင့် လိုက်လျောသည်။ စီးပွားဖြစ်မည့် နည်းလမ်းတိုင်းကို ယေဘုယျအားဖြင့် အားပေးသည်။ စစ်တပ်ကိုလည်း ဥရောပ၌ အကောင်းဆုံးဖြစ်အောင် ဖွဲ့စည်းထားသည်။ မင်းသစ်များအနက် အောင်ပွဲအရဆုံး မင်းတည်း။ ရုရှားမှ **ကက်သရင်း ၂** (၁၇၆၂–၁၇၉၆) ကား လိုက်လျောလွယ်၏။ သို့သော် ပြည်သူအများ၏ ကျေးဇူးရှိရေးထက် ရုရှားနိုင်ငံ၏ တန်ခိုးကြီးရေးကို ပို၍ အာသီသထားသည်။ သြစတြီးယားမှ **ဂျိုးဆက် ၂** (၁၇၈၀–၁၇၉၀) မှာ မင်းသစ်တို့အနက် စိတ်အားအထက်သန်ဆုံးဖြစ်သော်လည်း လုပ်လေသမျှ ပျက်စီးရရှာသော ကံခေသူဖြစ်သည်။ ခရစ်ယာန် သာသနာကိုလည်း ကောင်းစွာယုံကြည်သူမဟုတ်။ အုပ်ချုပ်ရေးလည်း ညံ့၏။ ပြင်သစ်ပညာရှင်များကို အထင်ကြီးသည်။ ယင်းတို့ ဝါဒများကို လိုက်နာလို၏။ အစဉ်အလာ ဓလေ့ထုံးစံနှင့် အယူသီးခြင်း အားလုံးကို မထီမဲ့မြင်ပြု၍ အကြီးအကျယ် ပြုပြင်ရေးများကို ဆောင်ရွက်လိုသော်

လည်း အဘက်ဘက်၌ အရေးရှုံးနိမ့်၏။ ၎င်းကို အတက်တန်းစားကလည်း မုန်းသည်။ အောက်တန်းစားကလည်း ကျေးဇူးမတင်ချေ။

## အမေရိကန် တော်လှန်ရေး (၁၇၇၅–၈၃)

ခုနစ်နှစ် စစ်ပွဲပြီးလျှင် အင်္ဂလန်နှင့် အမေရိကန် နယ်သစ်များ ဆက်ဆံရေး၌ အဖြေမရနိုင်သေးသော အခက်အခဲများ ကျန်နေသေးကြောင်း တွေ့ရ၏။ စစ်အတွင်းက အင်္ဂလိပ်စစ်သားနှင့် နယ်သစ်စစ်သားတို့ မသင့်မတင့် ဖြစ်ခဲ့ရဖူး၏။ ယခု ကျယ်ပြန့်လာသော နယ်များကို ထိန်းသိမ်း၍ အုပ်ချုပ်ရေးခြေချရန် ကိစ္စလည်း ရှိသေးသည်။ ရှေးအထက်ထက်က ရန်ပွဲရှိလျှင် ပြင်သစ်ကိုကူ၍ အင်္ဂလိပ်ကို တိုက်လေ့ရှိသော တိုင်းရင်းသား **ရက်ဒ်အင်ဒီယန်း** တို့ကျူးကျော်လာမည်ကိုလည်း တားဆီး၍ ပေးရချေဦးမည်။ ယခင် စစ်စရိတ်နှင့် ယခုတိုးချဲ့ကာကွယ်ရေးစရိတ်၏ တစ်စိတ်တစ်ခြမ်းမျှကို နယ်သစ်များမှ ဝင်ရောက်ထမ်းဆောင်ပေးသည့် သဘောဖြင့် အခွန်သစ်များ စည်းကြပ်လျှင် ပေးသင့်သည်ဟု အင်္ဂလန်မှ ယူဆသည်။ အမေရိကန် နယ်သစ်သားတို့ကမူ အခွန်သစ်တိုးလျှင် ဦးစွာ ၎င်းတို့ ကျေနပ်သည် မကျေနပ်သည်ကို စုံစမ်းပြီးမှ လိုရာဆောင်ရွက်သင့်သည်ဟု စွဲမြဲစွာ ယူဆသည်။ စင်စစ်အားဖြင့် အင်္ဂလန်နှင့် အမေရိကန်သည် ဝေးကွာလွန်းသဖြင့် ထိရောက်စွာ အုပ်ချုပ်နိုင်သည်ဟု မထင်ချေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသင့်ပြီ။ မူလကလည်း အမေရိကန် နယ်သစ်သားများသည် အင်္ဂလန်၏ အခြေအနေကို မနှစ်သက်၍ လွတ်ရာကျွတ်ရာသို့ ထွက်လာသူများဖြစ်ကြသဖြင့် ဆက်လက် ချုပ်ချယ်နေခြင်းကို တော်လှန်ရန် ဝန်မလေးကြချေ။ အရွယ်ရောက်ပြီးဖြစ်သော သား၏အိမ်ထောင်ကို အမိက လိုက်၍စောင့်ရှောက်ပေးရန် မလိုဟု ထင်ကြသည်။ ယင်းသို့ တော်လှန်စိတ်ရှိနေစဉ်၌ အခြေအနေကို အင်္ဂလန်က နိုင်အောင်ထိန်းရမည့်အစား လုပ်လေကိုင်လေသမျှ ရန်စဘိသကဲ့သို့ ရှိကြောင်း တွေ့ရသည်။

## အခွန်သစ်များ စည်းကြပ်ခြင်း

နယ်သစ်များ၌ ဝင်ကုန်ဆိုင်ရာ အခွန်လွတ်အောင် ပစ္စည်းခိုးသွင်းခြင်းများကို ထိရောက်စွာ တားဆီးရန် အင်္ဂလန်က ၁၇၆၄ ၌ အားထုတ်၏။ ၎င်းတို့





လက်သင့်ခံသော်လည်း နယ်သစ်သားတို့က ၁၇၆၅ ၌ ပြဋ္ဌာန်းသော **တံဆိပ်ခေါင်းခွန်**ကို ကန့်ကွက်ကြသည်။ အမေရိကန်တို့က အင်္ဂလိပ်ပစ္စည်းကို မသုံးမစားနေလျှင် အင်္ဂလိပ်ကုန်သည်တို့ နစ်နာလှသဖြင့် ထိုဥပဒေကို ၁၇၆၆ ခုနှစ်၌ ဖျက်ရ၏။ သို့သော်လည်း အင်္ဂလိပ် ပါလီမန်သည် နယ်သစ်၌ အခွန်ကောက်နိုင်ခွင့်အာဏာ အပြည့်အစုံရှိကြောင်း ကြေညာ၍ ၁၇၆၇ ခု၌ မှန်၊ ခဲ၊ စက္ကူ၊ သဘော်ဆေးနှင့် လက်ဖက်ခြောက်ခွန်များ ပြဋ္ဌာန်းပြန်သည်။ အရောင်းအဝယ် အဆက်ဖြတ်ကြမည်ဟု ကြုံးဝါးသဖြင့် အင်္ဂလိပ်က လက်ဖက်ခြောက်ခွန်ကို ချန်၍ ကျန်အခွန်များကို ဖျက်၍ပေးပြန်၏။ သို့သော် ဘော့စတွန်၌ အဓိကရုဏ်းဖြစ်၍ အမေရိကန် သုံးယောက်သေသည်။ အင်္ဂလိပ်က အခွန်အားလုံးဖျက်၍ လက်ဖက်ခြောက်တွင်သာ တစ်ပေါင်လျှင် သုံးပဲနိကောက်စေဟု ဆိုပြန်၏။ ဘော့စတွန်သို့ လက်ဖက်ခြောက်များ သင်္ဘောဖြင့် ရောက်လာသောအခါ (၁၇၇၃)၌ လက်ဖက်ခြောက်သေတ္တာ သုံးရာလေးဆယ်ကို အင်ဒီးယန်းကဲ့သို့ ရုပ်ဖျက်ထားသော အမေရိကန်တစ်စုက လှ၍ ရေထဲသို့ သွန်ပစ်သည်။ ယင်းနှင့် တစ်ချိန်တည်းမှာပင် ခိုးသွင်းသော ကုန်များကို ရှာရန်ဟု အင်္ဂလိပ်အရာရှိများက အမေရိကန်အိမ်များကို ဝင်ရောက်ရှာဖွေသဖြင့် များစွာအနှောင့်အယှက် တွေ့ကြရသည်။ အင်္ဂလိပ် ပါလီမန်ကလည်း ဘော့စတွန်ဆိပ်ကမ်းကို ပိတ်ခြင်း၊ မဆက်ကြူဆက်ကို တိုက်ရိုက်အုပ်ချုပ်သောနယ်ဟု ပြောင်းလွဲခြင်း၊ အင်္ဂလိပ်စစ်သားများ ပြည်သူတို့အိမ်၌ စခန်းချစေခြင်း၊ ခေါင်းဆောင်များကို ဖမ်း၍ အခြားတစ်ပါးသို့ ခေါ်ဆောင်သွားကာ ရုံးတင်အပြစ်ပေးရန် စီစဉ်ခြင်းတို့ လုပ်လာ၏။ အိုဟိုင်းအိုမြစ်အထိ **ကနေဒါ**၏ တောင်ဘက်နယ်နိမိတ်ကို တိုးချဲ့ခြင်းလည်းပြုသည်။ ယင်းတို့ကို အမေရိကန်တို့က ဆက်၍ သည်းမခံနိုင်သဖြင့် နယူးအင်္ဂလန်၌ စတင်စစ်ဖြစ်ပွားသည်။ အင်္ဂလိပ်တို့ အနိုင်များသော်လည်း ရန်သူ၏ နယ်ဖြစ်နေသဖြင့် စိတ်အေးလက်အေး မနေသာချေ။

## လွတ်လပ်ရေး ကြေညာခြင်း

၁၇၇၆ ခု ဇူလိုင်လ ၄ ရက်နေ့၌ အမေရိကန် လွတ်လပ်ရေး ကြေညာသည်။ အမေရိကန် သေနာပတိ ဂျော့ဝါရှင်တန်ကို နယူးယောက်မှ မောင်းထုတ်နိုင်သော်လည်း အင်္ဂလိပ်တို့သည် ၁၇၇၇ ခု အောက်တိုဘာလ ၁၇ ရက်၌ **ဆာရာတိုဂါ**တွင် အရေးရှုံးနိမ့်သည်။ ဤပွဲဖြင့်ပင် အရှုံးအနိုင်ကို မြင်သာလျက်

ရှိချေပြီ။ အမေရိကန်တို့ နိုင်ခြေရှိသဖြင့် ပြင်သစ်မှ စစ်ကူရောက်လာသည်။ ပါရီသို့ ရောက်လျက်ရှိနေသော ဗင်ဂျာမင်ဖရင့်ကလင်သည် ပြင်သစ်နှင့် အမေရိကန် မဟာမိတ်စာချုပ်၊ ရောင်းဝယ်ရေးစာချုပ်များကို လက်မှတ်ရေးထိုးပြီးရကား အင်္ဂလိပ်၌ အနီးမှကပ်၍ ရန်သူတိုးလာသောကြောင့် အမေရိကန် ကိုပင် ကောင်းစွာအားသွန်၍ နှိမ်နင်းခွင့် မရရှိချေ။ အင်္ဂလိပ်တို့သည် အမေရိကန် နယ်သစ်များ၏ တောင်ပိုင်း၌ ရွှေ့ပြောင်းတိုက်ခိုက်ရာ အောင်ပွဲအသင့်အတင့် ရသော်လည်း နောက်ဆုံး၌ အင်္ဂလိပ်စစ်ဗိုလ် ကောင်းဝေါလေ့စ်သည် ယောက်တောင်း၌ လက်နက်ချရခြင်းဖြင့် စစ်လည်း ပြီးဆုံးရလေသည်။ ၁၇၈၃ ခုနှစ်၌ ပါရီစာချုပ်ကို လက်မှတ်ရေးထိုးလျက် အမေရိကန် နယ်သစ်များ လွတ်လပ်ရေး ရကြသည်။ မစ္စစ္စပီမြစ်တွင်း၌ လွတ်လပ်စွာ ဆန်တက်သွားလာခွင့်ပြုသည်။ ကြွေးတင်နေသူများ အပြန်အလှန် ဆပ်ကြရသည်။ အင်္ဂလိပ် လိုလားသူများကို ခွင့်လွှတ်၍ သိမ်းထားသော ပစ္စည်းများ ပြန်ပေးသည်။ ယူနိုက်တက် စတိတ်စ်ခေါ် ပြည်ထောင်စု၏ အနောက်ဘက် နယ်နိမိတ်တွင် ရေအိုင်ကြီးများနှင့် မစ္စစ္စပီ၏ တောင်ဘက်နှင့် အရှေ့ဘက်ပါသည်။ စစ်၏ အကျိုးကား ဘုရင်၏ ပြန်လည် လွှမ်းမိုးရေးဝါဒ အင်္ဂလန်၌ ပျက်၏။ ကုန်သွယ်ရာ၌ လက်ဝါးကြီးအုပ်ခြင်းနှင့် နယ်ချဲ့ခြင်းဝါဒ အမေရိကန်၌ ပျက်၏။ အခြားနယ်သစ်များပေါ်၌လည်း အင်္ဂလိပ်သည် ရှေးကကဲ့သို့ မတင်းမာဝံ့တော့ချေ။

## ပြင်သစ်တော်လှန်ရေး (၁၇၈၉–၁၈၀၀)

သဘောအားဖြင့် ပြင်သစ်တော်လှန်ရေးသည် သက်ဦးဆံပိုင်ဘုရင်အုပ်ချုပ်ရေးမှ ဒီမိုကရေစီ အုပ်ချုပ်ရေးသို့လည်းကောင်း၊ လူတန်းစား ခွဲခြားမှုမှ တန်းတူ အဆင့်အတန်း ရရှိရေးသို့လည်းကောင်း ဖွတ်ပြောင်းရန် ကြိုးစားခြင်းပင် ဖြစ်သည်။ ဥရောပတစ်တိုက်လုံးနှင့်ဆိုင်သော တော်လှန်ရေးဖြစ်၍ ယင်းကြောင့် ဥရောပ၌ နည်းဟောင်းပျက်ရသည်။ တစ်ဆယ့်ကိုးရာစု တစ်လျှောက်လုံး၌လည်း ပြင်သစ်တော်လှန်ရေးမှ ကျန်ရစ်သော ဝါဒများ ပြင်းစွာစွဲလမ်း၍ ကျန်နေသေးကြောင်း တွေ့ရ၏။ အချို့ ဝါဒဖြစ်မြောက်ရေးကိုကား ယခုတိုင် တိုက်ခိုက်ရဆဲ ဖြစ်သည်ဟုဆိုလျှင်လည်း မမှားတန်ရာ။ စီးပွားရေး အခက်အခဲကြောင့် ၁၇၈၉ ခုနှစ်၌ ပြင်သစ်တွင် **အတိုင်ပင်ခံ လူတန်းစားအဖွဲ့ချုပ်ကို** ခေါ်ယူရ၏။ လူတန်းစား အဖွဲ့များကား ဘုန်းကြီး၊ သူကောင်းမျိုးနှင့် သာမန်လူတို့ဖြစ်၍





အဖွဲ့သုံးရပ်လုံးမှ ကိုယ်စားလှယ်များပါသည်။ တတိယအဖွဲ့ ကိုယ်စားလှယ်များကား ဓါတိုင်းထက် တစ်ဆပို၍ရသဖြင့် အရေအတွက်တွင် ပထမနှင့် ဒုတိယနှစ်ဖွဲ့ပေါင်းနှင့် အားတူလျက်ရှိ၏။ ယင်းတတိယအဖွဲ့တွင် ရှေ့နေ၊ တရားသူကြီးနှင့် ပညာရှင် အများပါ၍ ပြုပြင်သင့်သော အချက်များကို စာရင်းလုပ်လျက် ယူခဲ့ကြသည်။ **မိရာဗော်** (၁၇၄၉–၁၇၉၁) နှင့် **ဆိုင်ယယ်** (၁၇၄၈–၁၈၃၆) တို့ ကဲ့သို့သော အပြောအဟော ကောင်းသူများလည်း ပါလာ၏။

## တိုင်းပြုပြည်ပြုလွှတ်တော်

ငွေရေးကြေးရေးထက်လွန်၍ မကျေနပ်ချက်ရှိသမျှကို ဖော်ထုတ်၍ စဉ်းစားကြလိမ့်မည်ဟု **လူဝီ ၁၆** က မမျှော်လင့်ချေ။ တတိယအဖွဲ့က အဆုံးအဖြတ်လိုလျှင် အဖွဲ့အနေဖြင့် မဲပေးသည်ထက် ကိုယ်စားလှယ် တစ်ဦးချင်းအနေဖြင့် မဲပေးခွင့်တောင်းသည်ကို မရလျှင် ၁၇၈၉ ခု ဇွန်လ ၁၇ ရက်နေ့၌ ခွဲထွက်၍ မိမိတို့ အစည်းအဝေးကား **အမျိုးသားလွှတ်တော်** ဖြစ်သည်ဟု ကြေညာသည်။ ပြင်သစ်ပြည်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲကြ၏။ ဘုရင်က တစ်ဦးချင်း မဲပေးခွင့်ပြုလိုက်သဖြင့် အဖွဲ့သုံးခု ပေါင်းပြန်လျက် မိမိတို့ အစည်းအဝေးကား **အမျိုးသားတိုင်းပြုလွှတ်တော်** ဖြစ်သည်ဟု ကြေညာပြန်၏။ တစ်ဖက်တွင် ဘုရင်ကို ဖောက်ပြန်ရေးသမားတို့ ကြိုးကိုင်၍ လွှတ်တော်ကို နှိမ်နင်းရန် စစ်တပ်ပြင်လျှင် ၁၇၈၉ ခု ဇူလိုင်လ ၁၄ ရက်နေ့၌ ပါရီလူထုက အုံကြွလျက် **ဘက်စတီး** ထောင်ကို သိမ်းယူလျက် ပါရီကွန်မြူး ခေါ်သော ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များပါသော ဒေသဆိုင်ရာ အုပ်ချုပ်ရေးသစ်ကို ဖွဲ့ကြ၏။ လူဝီ ၁၆ အလိုအားဖြင့် တောင်းသမျှ လိုက်လျော၍ ပြုသမျှ အသိအမှတ်ပြုရန် ရှိသော်လည်း အတိုင်ပင်ခံတို့က ခွင့်မပြုချေ။ လွှတ်တော်ကို ချေမှုန်းရန် စစ်တပ်ပြင်ပြန်ပြီဟု အထင်ရသဖြင့် ပါရီမှ အမျိုးသမီးများသည် ၁၇၈၉ ခု အောက်တိုဘာလ ၅ ရက်နေ့၌ နန်းတော်ရှိရာ ဗာဆေးလ်သို့ ချီတက်၍ နောင်အခါ မကောင်းမကြံသာအောင်ဟု အကြောင်းပြလျက် မင်းမိဖုရားနှင့် အိမ်ရှေ့မင်းကို ပါရီသို့ ခေါ်ယူခဲ့သည်။ ဤအချိန်မှာပင် ပြည်တွင်း အနှောင့်အပြား သူပုန်ထသဖြင့် သူကောင်းမျိုးခေါ် အထက်တန်းစားတို့ ပြင်သစ်မှ နိုင်ငံခြားသို့ရောက်အောင် ပြေးသွားကြရလျက် ယင်းတို့၏ အိမ်ကြီးအိမ်ကောင်းများ လုယူ၍ မီးရှို့ခြင်းခံရသည်။ ကွန်မြူးများ အနှံ့အပြားဖွဲ့၍ အုပ်ချုပ်ကြ၏။

## ၁၇၉၁ ခု အုပ်ချုပ်ရေး

အမျိုးသား တိုင်းပြည်ပြု လွှတ်တော်ကလည်း အမည်ခံဘုရင်နှင့် ဥပဒေအရ အုပ်ချုပ်ရေးကို တီထွင်၍ တစ်ပြည်လုံးက တင်မြှောက်သော ကိုယ်စားလှယ်အဖွဲ့တွင် အာဏာကုန် ရရှိရမည်ဟု ၁၇၉၁ ခုနှစ်၌ သတ်မှတ်လိုက်သည်။ ဘုရှင်နှင့် လိုက်လျောလိုသော အထက်တန်းစားတို့၏ အလယ်အလတ်တန်းပြုပြင်ရေး ဖြစ်ပါသည်။ ၁၇၈၉ ခု ဩဂုတ်လ ၄-၅ ရက်ကပင် ကံကျေးချစနစ်၊ ကျေးကျွန်စနစ်ကို ဖျက်၍ လူတန်းစား ခွဲခြားမှုကို ရုပ်စဲခဲ့၏။ အင်္ဂလန်မှ **မက်ဂနာကာတာ** (၁၂၁၅) **အခွင့်အရေး ဥပဒေကြမ်း** (၁၆၈၈) နှင့် **အမေရိကန်လွတ်လပ်ရေး ကြေညာစာတမ်း** (၁၇၇၆) တို့မှ သဘောအယူအဆများကို ပေါင်းစပ်၍ **လူ့အခွင့်အရေး ကြေညာစာတမ်း** (၁၇၈၉) ကို ထုတ်ပြန်ခဲ့သည်။ ပြင်သစ် တော်လှန်ရေးအတွက် မှန်းထားတိုက်ခိုက်ရန် လမ်းသတ်မှတ်ပေးထားသော စာတမ်းပင် ဖြစ်ပါတော့သည်။ အုပ်ချုပ်ရေး စနစ်ကိုလည်း အသစ်ပြန်၍ဖွဲ့စည်းသည်။ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသည်။ တရားဥပဒေကို ပြင်ဆင်သည်။ ကက်သလစ်ကျောင်းတော်၏ မြေယာပစ္စည်းကို သိမ်းယူ၍ တိုင်းပြည်၏ ငွေရေးကြေးရေး အခက်အခဲကို ယာယီဖြေရှင်းသည်။ ဘုန်းကြီးများကိုလည်း နိုင်ငံတော်၏ သစ္စာကို ခံယူစေသည်။ ထိုပြုမှုချက်ကြောင့် သာသနာကို အထူးလေးစားသူတို့ တော်လှန်ရေးကို ဆန့်ကျင်လာကြသည်။ အခြားနိုင်ငံများမှ တော်လှန်ရေးကို ဝင်၍ နှိမ်နင်းပေးလိုစိတ်ကို ဆွသည်နှင့်လည်း တူ၏။ ကူလိုသူတို့၏ စေတနာကိုပင် ရုပ်တန့်သွားစေပါသည်။ ၁၇၉၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကား ဥရောပတိုက်၌ ပထမဦးဆုံး ပေါ်ပေါက်သည့် စာဖြင့်ရေးသား မှတ်တမ်းတင်ထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်ပါသည်။ ယင်းအရ **ဥပဒေပြုခြင်း၊ ဥပဒေအရ အုပ်ချုပ်ခြင်းနှင့် ဥပဒေအရ အပြစ်ပေးခြင်း** ဟူသော နိုင်ငံအုပ်ချုပ်ရေးတွင် အဓိကအာဏာကြီး သုံးခုကို တစ်ဦးနှင့်တစ်ဦး လွှမ်းမိုးနိုင်ခြင်းမရှိအောင် ခွဲခြား၍ထားလိုက်သည်။ ဘုရင်၌ အုပ်ချုပ်ရေးအာဏာ ပေးထားသော်လည်း တကယ်တမ်း အာဏာမရှိချေ။ ဥပဒေပြုရန် **တစ်ဖွဲ့တည်းလွှတ်တော်**သာ ထား၏။ လွှတ်တော်အမတ်ကိုမူ တိုက်ရိုက်ရွေးကောက်ခြင်း မပြုချေ။ ယင်းအခြေခံ ဥပဒေ၏ အဓိက ချွတ်ယွင်းချက်ကား မင်းနှင့်တကွ အရာရှိတို့အပေါ်၌ အုပ်ချုပ်ခြင်းအာဏာ ပေးရသည်ကို မယုံကြည်နိုင်သဖြင့် များစွာကန့်သတ်မိသောကြောင့် တကယ်တမ်း ထိရောက်အောင်





မအုပ်ချုပ်နိုင်ခြင်း ဖြစ်ပါသည်။ အခြေခံဥပဒေသစ်အရ ခေါ်ယူသော လွှတ်တော်သည် ၁၇၉၁ ခု အောက်တိုဘာလ ၁ ရက်နေ့၌ ပါရီတွင် စတင်စည်းဝေးသည်။ ဥပဒေပြုလွှတ်တော်တွင် ပါဖူးသူတို့ ယခု လွှတ်တော်၌ အရွေးမခံနိုင်ဟု စေတနာဖြင့် ကန့်သတ်ခဲ့သော်လည်း လွှတ်တော်၏ သဘောကို ကျွမ်းကျင်ပြီးသူတို့ ပြန်၍မပါလာသဖြင့် အလုပ်သဘော မစေ့စပ် သည်ကို တွေ့ရ၏။ လွှတ်တော်၌ **ပါတီရန်ပွဲ** စတော့သည်။ **တစ်ယူသန်** တို့က ဘုရင်ကို နန်းချ၍ သမ္မတနိုင်ငံထူရမည်ဟု တောင်းဆို၏။ **အလယ်လမ်းသမားတို့**က ဥပဒေအရ အုပ်ချုပ်သော ဘုရင်စနစ်ကိုပင် ဆက်၍စမ်းလို၏။ **မရတ်၊ ဒင်တန်နှင့် ရောဗတ်စ်ပီရီ** တို့မှာ အမတ်မဟုတ်သော်လည်း တစ်ယူသန်တို့၏ ခေါင်းဆောင်များဖြစ်၍ လွှတ်တော်အပြင်မှ ကောင်းစွာလှုံ့ဆော်နိုင်ကြသည်။ ဘုရင်ကလည်း လွှတ်တော်ကို ဝင်ရောက်လွှမ်းမိုးရန် ကြိုးစားသည်။ တောင်သူ လယ်သမားတို့က သူပုန်ထသည်။ နိုင်ငံခြားသို့ ပြေးဝင်သွားသူတို့က အပြင်မှ အားစု၍ သူပုန်ကို လာရောက်နှိမ်နင်းရန် ကြံစည်ကြသည်။

## တော်လှန်ရေးပျံ့နှံ့အောင် လှုံ့ဆော်ခြင်း

ထိုအတွင်း၌ ပြင်သစ်တို့က ဥရောပတစ်ခွင်၌ နည်းဟောင်းကို တော်လှန်လိုသူတိုင်းကို ကူမည်ဟုကြေညာသေး၏။ ဥရောပ မင်းအပေါင်းစု၍ လာရောက်တိုက်ခိုက်လေအောင် ရန်စသည်နှင့်ပင် တူတော့သည်။ အင်္ဂလန်၌ပင် သူပုန်ဝါဒပျံ့နှံ့လာမည် စိုးသဖြင့် ပြည်တွင်းနှိပ်ကွပ်ရေးများ စတော့သည်။ ပထမ၌ ဩစတြီးယားမှ **လီယိုပို ၂** တစ်ဦးသာ ပြင်သစ်တော်လှန်ရေးကို ကန့်ကွက်သော်လည်း ယခု ပရပ်ရှားမှ **ဖရက်ဒရစ်ဝီလီယမ် ၂** နှင့် အဖော်ရလျက် ပြင်သစ်၌ နည်းဟောင်းအုပ်ချုပ်ရေးကို ပြန်လည်တင်ထားပေးရန် ဥရောပ မင်းတကာတို့၏ တာဝန်ဖြစ်လာချေပြီဟု **ပီလနစ်ကြေညာချက်**ကို ၁၇၉၁ ခုနှစ်၌ ထုတ်ပြန်ခဲ့သည်။ ပြင်သစ်လူတန်းစား အားလုံးကလည်း စစ်ကို လိုလားသည်။ ဘုရင့်ဂိုဏ်းသားတို့ကလည်း နိုင်ငံခြားကကူမှ ဘုရင်စနစ် ပြန်လည်ထွန်းကားမည်ထင်၏။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဂိုဏ်းသားတို့ကလည်း စစ်ဖြစ်မှ အမျိုးသားစည်းလုံးရေး ရမည်ထင်၏။ တစ်ယူသန်တို့ကလည်း စစ်ဖြစ်မှ တော်လှန်ရေးကို ဥရောပတစ်ခွင်၌ ပြန့်အောင်ဖြန့်နိုင်မည်ဟုထင်၏။ လွှတ်တော်၏ ဆန္ဒအရ ၁၇၉၂ ခု ဧပြီလ၌ လုဝီ ၁၆ က ဩစတြီးယားနှင့် ပရပ်ရှားတို့ကို

စစ်ကြေညာသည်။ စစ်အတွင်း ဩဂုတ်လ၌ ပါရီလူထု သောင်းကျန်းကြလျက် ဩဂုတ်လ ၉-၁၀ ရက်များ၌ ဘုရင်၏ ဆွစ်ကိုယ်ရံတော်တပ်ကို သတ်၍ ဘုရင်ကိုလည်း ရာထူးမှ ရပ်နားစေသည်။ ဤရက်မှစ၍ လွှတ်တော်လည်း ဩဇာမရှိတော့ချေ။ ဒင်တန်နှင့် ရောဗတ်စ်ပီရာတို့ အုပ်ချုပ်လျက် ပါရီကွန်မြူး အသစ်ထောင်၍ အုပ်ချုပ်သည်။ အရွယ်ရောက်သူ ယောက်ျားတိုင်း မဲပေးလျက် **အမျိုးသားအဖွဲ့**ကို ရွေးကောက်စေသည်။ သို့သော် ရွေးကောက်ပွဲမတိုင်မီ ပါရစ်သို့ ရန်သူ နိုင်ငံခြားတပ်များ ချီတက်လာပြီဟူသော ကောလာဟလကြောင့် များစွာချောက်ချားလျက် ဘုရင့်ဂိုဏ်းသားတို့ကြောင့်သာ အပြင်ရန်ကြီးရသည်ဟူသော သဘောဖြင့် စက်တင်ဘာ လူသတ်ပွဲကြီး ပေါ်ပေါက်ရ၏။ ဘုရင့်ဂိုဏ်းသား ထောင်ပေါင်းများစွာကို သတ်ပစ်လိုက်သည်။ ပြင်သစ်တပ်မတော်မှ **လဖယက်** လက်နက်ချသဖြင့် **ဒုမိုရိက်ဇ်** ကို ခေါင်းဆောင်ခန့်၍ (၁၇၉၂ ခု စက်တင်ဘာ ၂၀ ရက်နေ့၌) **ဗာလမီ**၌ အောင်ပွဲရပြီးနောက် ရန်သူဩတြီးယားနှင့် ပရပ်ရှားတပ်များကို အလွယ်ပင် မောင်းထုတ်နိုင်ခဲ့ပါသည်။ ဗာလမီ အောင်ပွဲရပြီး နောက်တစ်နေ့ကစ၍ အမျိုးသားအဖွဲ့ စည်းဝေးလျက် ဘုရင်စနစ်ကို ရုပ်သိမ်း၍ သမ္မတနိုင်ငံ ထူထောင်လိုက်သည်။ စစ်ကိုလည်း အောင်မြင်ခဲ့ပြီ။

## ပေါ်ရီသာဒခေတ်

ဘုရင်ကို ၁၇၉၃ ခု ဇန်နဝါရီလ ၂၁ ရက်နေ့၌ အစိုးရကို ပျက်စီးကြောင်း ကြံစည်ခြင်း ထင်ရှားသည်ဟူသော စွဲချက်ဖြင့် ခေါင်းဖြတ်၍ အဆုံးစီရင်လိုက်၏။ ဥရောပနိုင်ငံများက **ပထမညွန့်ပေါင်းဖွဲ့**၍ ပြင်သစ်ကို တိုက်သော်လည်း **ကာနို**၏အစွမ်းဖြင့် ပထမညွန့်ပေါင်းကို ၁၇၉၃ ခု၌ပင် ဖြိုခွဲ၏။ **ပြည်သူ့လုံခြုံရေး ကော်မတီနှင့်** တွဲဖက်၍ အားကောင်းသော ဗဟိုအစိုးရသည် ၁၇၉၃-၁၇၉၄ အတွင်း၌ "မသက်သာသူ" လူထောင်ပေါင်းများစွာကို သတ်လိုက်၏။ "ပေါ်ရီသာဒ အုပ်စိုးချိန်"ဟု ခေါ်လေ့ရှိကြ၏။ အမျိုးသားအဖွဲ့၏ ရန်သူများကို သုတ်သင်ရာ မိဖုရား **မေရီအင်တွိုင်နက်၊ ဗရီဆို၊ ဗာဂနော၊ ဒင်တန်၊ ဒေမိုလင်၊ စိန်ဂျပ်စ်နှင့်** နောက်ဆုံး **ရောဗတ်စ်ပီရာ** အပါအဝင် လူပေါင်းများစွာ အသတ်ခံကြရသည်။ ရောဗတ်စ်ပီရာသေလျှင် "ပေါ်ရီသာဒ အုပ်စိုးချိန်"လည်း ပြီးဆုံးသည်။





## ပြည်တွင်းပြုပြင်ရေးများ

အမျိုးသားအဖွဲ့၏ ပြည်တွင်းပြုပြင်ရေးများကား သင့်ပါ၏။ စီးပွားရေး ညီညွတ်အောင် မြေရှင်ကြီးများထံမှ မြေကို ဆင်းရဲသားတို့ ကန့်သတ်ဈေးဖြင့် ဝယ်ယူနိုင်အောင် အားပေးသည်။ ပြင်သစ် ပထမ သမ္မတနိုင်ငံထောင်သည်။ ၁၇၉၂ ခု စက်တင်ဘာလ ၂၂ ရက်နေ့ကစ၍ ပြက္ခဒိန်အသစ် တီထွင်၏။ အစဉ်အမြဲ လိုက်နာစိမ့်သောငှာ (၁) မက်ထရစ်စနစ်ဖြင့် အချိန်အတွယ် အတိုင်းအတာတို့ကို ညီညွတ်စေ၏။ (၂) နိုင်ငံတော်ပညာရေး အခြေခံစနစ်ကို သတ်မှတ်၏။ (၃) သာသနာ့ကျောင်းတော်နှင့် နိုင်ငံတော် အုပ်ချုပ်ရေးကို ခွဲစေ၏။ (၄) တစ်ခုတည်းသော တရားမရာဇဝတ် ကျင့်ထုံးဥပဒေကို ပြင်ဆင်ရေးဆွဲစေ၏။ ယင်းတို့ကား အလွန်ကောင်းသော ပြုပြင်ချက်များ ဖြစ်သော်လည်း လူသတ်လွန်းသဖြင့် အဆိုးသာ ကျော်ကြားလျက် အကောင်းလုပ်သည်ကို လူမသိဘဲ ရှိရလေသည်။ ၁၇၉၅ ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ **လွှတ်တော်နှစ်ရပ်** ရှိ၍ ဒါရိုက်တာခေါ် လူငါးဦးကို အုပ်ချုပ်ရေးအာဏာ ပေးအပ်ခဲ့ရာ ထိုငါးဦးက ဥပဒေကို **စီမံခြင်းနှင့်** ဝန်ကြီးများ ခန့်ထားခြင်းပြုရသည်။ တစ်နေရာတည်း၌ **တစ်နှစ်ပြည့်အောင်** နေဖူးပြီးဖြစ်သည့် အခွန်ထမ်းတိုင်း မဲပေးခွင့်ရသည်။ ဒီမိုကရေစီ ဝါဒအစစ်အစား **ဘူဇွာတို့၏ လိုက်လျောရေးဝါဒ** ထွန်းကားခြင်းဖြစ်သည်။ ငါးဦးဒါရိုက်တာအဖွဲ့၌ လူတော်မပါသဖြင့် အခြေအနေကို နိုင်အောင် မထိန်းနိုင်ချေ။ တစ်ယူသန်တို့ကို လွှတ်တော်၌ နှိမ်ရန် အကြမ်းဖက်ခြင်း၊ သို့မဟုတ် လာဘ်ပေးခြင်းဟူသော နည်းနှစ်နည်းသာလျှင် တတ်ကြ၏။ ငွေရေးကြေးရေးပြဿနာ ပေါ်လာပြန်လျှင် အစိုးရ ပျက်ရမတတ် ထိခိုက်သည်။ ဤအခါမျိုး၌ အခြေအနေကိုထိန်းရန် လူတော်ပေါ်တတ်၏။ **နပိုလီယန်ဗိုနပတ်** (၁၇၆၉-၁၈၀၀) ကို အီတလီ၌ တပ်မတော်ကို အုပ်ချုပ်ရန် ခန့်ထားလိုက်သည်။ တစ်နှစ်အတွင်း အီတလီ မြောက်ပိုင်းကို အုပ်စီး၍ ဩစတြီးယားနှင့် ဆားဒီးနီးယားတပ်များကို အပြီးတိုင် နိုင်လိုက်သည်။ ဤသို့လျှင် နပိုလီယန်သည် အလွန်လူကြိုက်များသော သူရဲကောင်း ဖြစ်လာတော့၏။ ၁၇၉၈ ၌ နပိုလီယန် အီဂျစ်သို့ ချီတက်စဉ် အင်္ဂလိပ်၊ ဩစတြီးယားနှင့် ရုရှားတို့က **ဒုတိယညွန့်ပေါင်းဖွဲ့**၍ ပြင်သစ်ကို တိုက်ကြပြန်ရာ ပြင်သစ်တို့ ဆက်ကာဆက်ကာ အရေးနိမ့်သည်။ ဤအတွင်း နပိုလီယန် ပြန်ရောက်၍ လူအများက သောင်းသောင်းဖြဖြ ကြိုဆိုလျက် တစ်လအတွင်းမှာပင် ငါးဦးဒါရိုက်တာအဖွဲ့ကိုဖျက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ

အခြေခံ ဥပဒေသစ် (၁၇၉၉) အရ နပိုလီယန်သည် အာဏာကုန်ရသော **ပထမကောင်စယ်** ဖြစ်လာသည်။ နပိုလီယန် တက်လာခြင်းကား စစ်ဝါဒ အနိုင်ရလျက် ဒီမိုကရေစီ ကျဆုံးခြင်းဖြစ်သောကြောင့် ပြင်သစ်တော်လှန်ရေးစစ် ပြီးဆုံးခန်း ရောက်သည်ဟု ဆိုနိုင်ပါသည်။ တော်လှန်ရေး၏ 'လွတ်လပ်ရေး၊ ညီမျှရေး၊ ညီညွတ်ရေး' ဆောင်ပုဒ်ကား ဥရောပတစ်ခွင်လုံးကို ခေတ်ဆန်အောင် လုပ်ပေးနိုင်သော ဆောင်ပုဒ်ဖြစ်ကြောင်း ဆက်လက်၍ တွေ့နိုင်ပါသည်။ ဤတွင် လွတ်လပ်ရေးကား လူ့အခွင့်အရေး ရရှိခံစားနိုင်ရန်ဖြစ်၍ ညီမျှရေးကား တရားဥပဒေ၌ အဆင့်အတန်း မခွဲရန်ဖြစ်လျက် ညီညွတ်ရေးကား အမျိုးသား ညီညွတ်ရေးကို ဆိုလိုပါသည်။

## နပိုလီယန်

၁၈၀၀ မှ ၁၈၁၅ အထိ ဥရောပ အခြေအနေကို တစ်ဦးတည်း ကြိုးကိုင်သူကား နပိုလီယန်ပင်ဖြစ်၏။ ထို ၁၅ နှစ်အနက် ရှေ့ဦး ၁၀ နှစ်အတွင်း၌ စစ်ရေးနှင့် အုပ်ချုပ်ရေးတွင် မည်သည့်အခါမျှ ပြိုင်ဘက်မပေါ်နိုင်လောက်အောင် နပိုလီယန် အောင်မြင်ခဲ့သည်။ မျိုးချစ်စိတ်ပင်လျှင် နပိုလီယန်ကို အထွတ်အထိပ်သို့ရောက်အောင် တင်ပို့ခဲ့လျက် ယင်းမျိုးချစ်စိတ်ပင်လျှင် နပိုလီယန်ကို ရာဇပလ္လင်ပေါ်မှ ဆွဲချခဲ့သည်။ ဆိုလိုသည်ကား မျိုးချစ်စိတ် ပြင်းထန်သော ပြင်သစ် စစ်တပ်ကို အုပ်ချုပ်လျက် နပိုလီယန်သည် အောင်ပွဲအလီလီ ရခဲ့သော်လည်း နောက်ဆုံး၌ စပိန်၊ ဩစတြီးယား၊ ရုရှားနှင့် **ဂျာမနီ**၌ မျိုးချစ်စိတ်များ နိုးကြားလျက် ပြင်သစ်အုပ်စိုးနေသည်ကို စုပေါင်းတွန်းလှန်ကြခြင်းဖြင့် နပိုလီယန် ပျက်စီးရခြင်းပင် ဖြစ်ပါသည်။ နပိုလီယန်သည် ၁၈၀၀ ပြည့်နှစ်က အတည်ဖြစ်လာသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ **ပထမကောင်စယ်** ဖြစ်လာကာ အုပ်ချုပ်ရေးနှင့် နိုင်ငံခြားရေးဝါဒကိုလည်းကောင်း၊ တပ်မတော် ထိန်းသိမ်းရေးကိုလည်းကောင်း၊ ဥပဒေပြုပြင်ရေးကိုလည်းကောင်း သူတစ်ဦးတည်း စီမံခွင့်ရှိသည်။ နပိုလီယန်သည် ပထမလုပ်ငန်းအနေဖြင့် ဒုတိယညွန့်ပေါင်းကို ဖြိုခွဲ၏။ ရုရှားကို သွေးဆောင်လျက် ညွန့်ပေါင်းမှ ထွက်စေပြီးနောက် **လက်နက်စွဲလျက် ကြားနေရေး** လမ်းစဉ်အတိုင်း သွယ်ဝိုက်သောနည်းဖြင့် အင်္ဂလိပ်ဆန့်ကျင်ရေးကို လုပ်စေ၏။ ဩစတြီးယားလည်း စစ်ရေးနိမ့်သဖြင့် စစ်ပြေငြိမ်း





ရသည်။ အင်္ဂလိပ်ပင်လျှင် ၁၈၀၂ ၌ စစ်ပြေငြိမ်းရ၏။ ပြင်သစ်ပြည်သူ ပြည်သားတို့ကား နပိုလီယန်ကို အကျေနပ်ကြီး ကျေနပ်လျက် ရှိကြပါပြီ။

## နပိုလီယန်၏ ပြုပြင်ရေး

နပိုလီယန်၏ ပြည်တွင်းပြုပြင်ရေးများမှာလည်း အားရနှစ်သက်လောက်ပေသည်။ နိုင်ငံရေးမှတစ်ပါး "လူတိုင်း မိမိအစွမ်းရှိသမျှ ကြီးပွားရမည်"ဟူသော ဆောင်ပုဒ်အတိုင်း အဆင့်အတန်းမရွေး တန်းတူအခွင့်အရေးရလျက် အကျိုးခံစားခွင့်ညီအောင် ဘဝအခြေအနေကို ဖန်တီး၍ပေးသည်။ အုပ်ချုပ်ရေး၌ ဗဟိုမှ မြဲမြဲစွာ ကြိုးကိုင်နိုင်အောင် ပြုပြင်ပေး၏။ အခွန်ကောက်ခံရာ၌ စနစ်ကျခြင်း၊ အသုံးအစွဲချွေတာခြင်း၊ စစ်ရှုံးသော နိုင်ငံမှ မိမိစစ်တပ် စရိတ်ကိုပေးစေခြင်းတို့ဖြင့် တိုင်းပြည်၏ ဘဏ္ဍာရေးအခြေအနေကို ပြန်လည်တောင့်တင်းစေသည်။ ပြင်သစ်ဘဏ်ကို ၁၈၀၀ ၌ တည်ထောင်ပေးခဲ့၏။ **၁၈၀၁ ခု သာသနာရေးသဘောတူညီချက်**အရ ရဟန်းမင်းက ဂိုဏ်းအုပ် ဂိုဏ်းချုပ်ကို ရွေးချယ်ခန့်ထားလျက် နိုင်ငံတော်အစိုးရက လခပေးဟု အာမခံခြင်းဖြင့် သာသနာ့ကျောင်းတော်နှင့် နိုင်ငံတော် အစိုးရကို ပြန်၍ သင့်တင့်ညီညွတ်စေ၏။ ဤနည်းဖြင့် အကြီးဆုံး ပြည်တွင်းရန်တစ်ပါးကို နှစ်သိမ့်စေလျက် သာသနာကို လေးစားသော ဆင်းရဲသား တောင်သူလယ်သမားတို့ကိုလည်း စိတ်အေးချမ်းသာစွာဖြင့် ၎င်းကို ဆက်လက်ထောက်ခံစေနိုင်၏။ တရားဥပဒေကို ပြန်လှန်စစ်ဆေးလျက် ဓမ္မသတ်ကျမ်း၊ ဓမ္မသတ်နှင့် ရာဇသတ် ကျင့်ထုံးကျမ်း၊ ရာဇသတ်နှင့် ရောင်းဝယ်မှု ဥပဒေကျမ်းတို့ကို **ညီမျှရေးဝါဒ**အား အခြေထားလျက် အသစ်ရေးဆွဲစေ၏။ **ထိုနပိုလီယန်ဥပဒေ**သည် ပြင်သစ်၌သာမက ပြင်သစ် စစ်တပ်အောင်နိုင်ရာ နိုင်ငံများသို့လည်း ပျံ့နှံ့သွားလျက် ပြင်သစ်မှအပ အခြားနိုင်ငံများ၌လည်း နည်းဟောင်း၏ ပျက်စီးကျဆုံးရေးကို အထူးကူညီပေးခဲ့သည်။ ပြင်သစ် ပညာရေးတွင်လည်း နပိုလီယန်သည် ဗဟိုမှပင် ကြိုးကိုင်သောစနစ်သစ် ထွင်၍ပေးသည်။ မူလတန်းကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ ထောက်ပံ့ကွပ်ကဲစေသော်လည်း အလယ်တန်းကို အစိုးရက အုပ်ချုပ်၍ အရေးပါသော မြို့ကြီးတိုင်း၌ အထက်တန်းပညာကို သင်နိုင်အောင် စီမံပေးကာ တက္ကသိုလ်ပညာ၌လည်း ပြင်သစ်တစ်ပြည်လုံး စနစ်တစ်ခုတည်းကို လိုက်နာစေ၏။

ဆရာဖြစ်သင် ကျောင်းများဖွင့်ပေး၏။ သာသနာ့ကျောင်းတော်မှ ယခင် ပညာရေးကို တာဝန်ယူထားသည်ဖြစ်ရာ ယခုစနစ်အရ အစိုးရစိတ်ကြိုက် ဖြစ်စေ၏။ လမ်း၊ ဆည်မြောင်း၊ တံတား စသည်တို့လည်း များစွာဆောက်လုပ်သည်။ ပါရီမြို့တော်ကိုလည်း လှပတင့်တယ်စေသည်။

## ကေရာဇ်မင်း

ဤအချက်များနှင့်တကွ စစ်ဆင်ရေး၌လည်း အောင်ပွဲရမြဲဖြစ်နေသဖြင့် နပိုလီယန်ကို အထူးကြည်ညိုကြသည်။ အတီအလင်း အတိုက်အခံလုပ်ဝံ့သူပင် မရှိတော့သဖြင့် ၁၈၀၂ ခုတွင် ပြည်သူ့ဆန္ဒပြ မဲပေးပွဲဖြင့် ရာသက်ပန် ကောင်ဆယ်ဖြစ်လာ၍ ၁၈၀၄ ခုတွင် ပြည်သူ့ဆန္ဒပြ မဲပေးပွဲဖြင့်ပင် ပြင်သစ်ကေရာဇ်ဖြစ်၍လာပြန်သည်။ ကေရာဇ်ဘဝ၌လည်း "လွတ်လပ်ရေး၊ ညီမျှရေး၊ ညီညွတ်ရေး" တည်းဟူသော တော်လှန်ရေးဆောင်ပုဒ်ကို ဆက်လက်လေးစားသည်။ လက်အောက်ခံ နိုင်ငံများအပေါ်၌သာလျှင် မိမိလိုသလို အနိုင်ကျင့်၍ နှိပ်ကွပ်၏။ ညီများကို **ဟော်လန်၊ ဝက်စဖလီယာနှင့် စီစလီ**တို့၌ မင်းမြှောက်၏။ သက်ဦးဆံပိုင် ဘုရင်စနစ်ကို ဝေဖန်မည့် သတင်းစာ စသည်တို့ကို နိုင်နိုင်နင်းနင်း နှိပ်ကွပ်၏။ ထို့ကြောင့် တစ်နည်းအားဖြင့် နပိုလီယန်၏ တပ်မတော် သွားရောက်နိမ်နင်းရာ ဒေသတိုင်း၌ တော်လှန်ရေးနှင့် မျိုးချစ်ဝါဒ မျိုးစေ့များ ကျရောက်ကာ အစို့အညှောက်ပေါက်လျက် အပင်ဖြစ်လာသည်။ နပိုလီယန်သည် မိမိ၏ အောင်ပွဲတကာတို့ထက် အင်္ဂလန်ကို နိုင်သည့် အောင်ပွဲသည်သာလျှင် အထွတ်အမြတ်ဆုံး ဖြစ်မည်ဟု ယူဆလျက် အင်္ဂလန်ကိုကူး၍ ဝင်ရောက်တိုက်ခိုက်ရန် ပြင်ဆင်သောကြောင့် အင်္ဂလိပ်က ဩစတြီးယား၊ ရုရှား၊ ဆွီဒင်တို့နှင့် တွဲ၍ ၁၈၀၅ ခုတွင် **တတိယညွန့်ပေါင်း**ကို ဖွဲ့ပြန်သည်။ **တရဖော်လဂါ**၌ ပြင်သစ်၊ စပိန် ရေတပ်နှစ်တပ်ပေါင်းကို အင်္ဂလိပ်က နိုင်လိုက်ခြင်းဖြင့် ရေကြောင်း၌ အင်္ဂလိပ်ကို မည်သူမျှ မဖက်ပြိုင်နိုင်ကြောင်း ထင်ရှားလျက် အင်္ဂလန် ကျွန်းပေါ်သို့ ကူးတက်တိုက်ခိုက်ရေး အကြံအစည်ကို စွန့်လွှတ်ရပြန်သည်။ ကြည်းကြောင်း၌ကား နပိုလီယန်ကို ပြိုင်စံရှား၏။ မကြာမီ ဩစတြီးယားနှင့် ရုရှားတို့ အရေးရှုံးနိမ့်ကြသည်။ ဂျာမနီ နိုင်ငံငယ်များကိုစု၍ မိမိကိုယ်တိုင် ခေါင်းဆောင်လျက် **ရိုင်မဟာမိတ်**ခေါ်သော နိုင်ငံတစ်ခု ထူထောင်၍ **မွန်မြတ်သော ရောမလက်နက်နိုင်ငံ**ခေါ်သည့် ဩစတြီးယား ခေါင်းဆောင်သော **ဂျာမနီနိုင်ငံကြီး**ကို ဖျက်သိမ်းလိုက်





သည်။ တတိယ ညွန့်ပေါင်းတို့နောက်မှဝင်သော ပရပ်ရှားကိုလည်း နှိမ်နင်းနိုင်ခဲ့သည်။ ရုရှားကလည်း အညံ့ခံသဖြင့် ၁၈၀၇ ခုတွင် တတိယညွန့်ပေါင်း ပျက်တော့သည်။ ၁၈၀၈ ခုနှစ်ကား နပိုလီယန် တန်ခိုး အကြီးဆုံးအခါ ဖြစ်ပေ၏။

## အင်္ဂလိပ်ဆန့်ကျင်ရေး

အင်္ဂလန်မှအပ ဥရောပနိုင်ငံတစ်ခုလုံးကို ၎င်းထင်သလို ခြယ်လှယ်နိုင်၏။ ၎င်း၏ ဩဇာပျံ့နှံ့ရာသို့လည်း ပြင်သစ် တော်လှန်ရေးဝါဒ ပျံ့နှံ့၍သွားလေသည်။ ထိုမျှအောင်မြင်လျက်ရှိသော နပိုလီယန်သည် အဘယ့်ကြောင့် နောက်ဆုံး၌ ပျက်စီးရပါသနည်းဟု ဆန်းစစ်လိုက်လျှင် (၁) သူတစ်ဦးတစ်ယောက်တည်း၏ စွမ်းအားကို မှီခို၍ ကြီးမြင့်လာရသော အရှိန်အဝါဖြစ်သဖြင့် အခြေခံညံ့ခြင်း၊ (၂) လက်ရုံးအားဖြင့် စည်းရုံးလာခဲ့ရသဖြင့် မူရင်းပြင်သစ်စစ်တပ်ဖြင့် မလုံလောက်၍ စစ်အင်အား တိုးချဲ့ရာ၌ ယခင်တပ်သားများလောက် စိတ်၊ ဓါတ်၊ သတ္တိမရှိသည့်ပြင် တော်လှန်ရေးအားလည်း မပါလာတော့သဖြင့် စစ်အင်အား ညံ့ခြင်း၊ (၃) လက်အောက်ခံနိုင်ငံများ၌ ပြင်သစ်မုန်းတီးရေးနှင့် အမျိုးသားလွတ်လပ်ရေးစိတ်များ ပေါက်ဖွားလာခြင်းနှင့် (၄) အင်္ဂလန်ကဲ့သို့ ဓနကြီးကြီးနှင့် အားကောင်းသော ရန်သူကို မဖြိုခွင်းနိုင်ခြင်းတို့ကြောင့် အင်္ဂလိပ်ငွေအား အကြံအားဖြင့် လက်အောက်ခံတို့ ထကြွပုန်ကန်လျက် နောက်ဆုံး နပိုလီယန် ပျက်စီးရလေသည်။ အင်္ဂလိပ်ကို စစ်ရေးဖြင့် မကြံသာအောင်ရှိလျှင် ယင်း၏ စီးပွားရေးကို ဖျက်ဆီးအံ့ဟု အင်္ဂလန်ဖြစ် ပစ္စည်းများ ဥရောပတိုက်သို့ မသွင်းရဟူသော **ပိတ်ပင်ရေးစနစ်**ကို ၁၈၀၆–၁၈၀၇ ခုနှစ်များ၌ **ဘာလင်နှင့် မီလန်ပြန်တမ်း**များဖြင့် ကြေညာသည်။ အင်္ဂလိပ်ကလည်း ၎င်းတို့ သင်္ဘောများသာ ပြင်သစ်နှင့်တကွ ယင်း၏ မဟာမိတ်များနှင့် ရောင်းဝယ်ခွင့်ရှိသည်ဟူ၍ **ကောင်စီအမိန့်**များဖြင့် ၁၈၀၇ ခုနှစ်တွင် ပြန်လှန်ချေပသည်။ ရေတပ်ကောင်းသဖြင့် အင်္ဂလိပ်က နပိုလီယန်ထက် ပိတ်ပင်ရေးကို ထိရောက်အောင် စွမ်းဆောင်နိုင်သည်။ နိုင်ငံတကာကလည်း အင်္ဂလိပ်ပစ္စည်းနှင့် မကင်းနိုင်၍ ခိုးသွင်းကြသည်။

## အမျိုးသားလွတ်မြောက်ရေး

ပြင်သစ် ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးကို **အိုင်ဗီရိယန်ကျွန်းဆွယ်**ခေါ် စပိန်၊ ပေါ်တူဂီမှစ၍ အင်္ဂလိပ်က အင်တိုက်အားတိုက် ကူညီသည်။ ၁၈ဝ၈ ခု ဩဂုတ်လကစ၍ **ကျွန်းဆွယ်စစ်ပွဲကြီး**ကို တိုက်ခိုက်ကြရာ နပိုလီယန်၏တပ်များ ထောင်နှင့်သောင်းနှင့်ချီ၍ ပျက်စီး၏။ စပိန်၌ အလုပ်များချိန်ကို အခွင့်ကောင်းယူ၍ ဩစတြီးယားက စစ်ကြေညာပြန်သည်။ သို့သော် အရေးမသာချေ။ ပရပ်ရှား၌ မျိုးချစ်စိတ် အပြင်းထန်ဆုံးဖြစ်ကြောင်း တွေ့ရပြန်သည်။ ရုရှားကလည်း တော်လှန်လာသည်။ ၁၈၁၂ ခု၌ နပိုလီယန် ရုရှားသို့ ချီတက်ရာ ရုရှားတို့က ခုခံတိုက်ခိုက်ခြင်း မပြုသော်လည်း ဘေးမှ ပန်း၍ အစာရေစာ မရအောင် ဖျက်ဆီးလျက် ပြင်းထန်သော ဆောင်းဒဏ်ကို အကာအကွယ်မရှိ ခံရအောင်လုပ်ခြင်းဖြင့် နပိုလီယန်သည် လူငါးသိန်းကျော် ပျက်စီးပြီးမှ ပြန်၍ပြေးခဲ့ရသည်။ ၁၈၁၃ တွင် ညွန့်ပေါင်းဖွဲ့ကြပြန်လျက် **ကယ်တင်ရေးစစ်**ကို စကြ၏။ မဟာမိတ်များ အနိုင်ရလျက် ပြင်သစ် လက်နက်နိုင်ငံကြီး ပြိုကွဲတော့သည်။ နပိုလီယန်သည် ပြင်သစ်ပြည်တွင်း၌ပင် အေးအေးနေသွားမည်ဆိုလျှင် မဟာမိတ်က ဆက်လက်၍ မတိုက်လိုကြသော်လည်း နပိုလီယန်က ဆက်၍တိုက်သဖြင့် ၁၈၁၄ ခု မတ်လ၌ ပါရစ်မြို့တော်ကျသည်။ နပိုလီယန်ကို ဖမ်း၍ **မြေထဲပင်လယ်မှ အယ်လဗာကျွန်း**သို့ ပို့လိုက်သည်။ ပြီးမှ ဥရောပတိုက်တွင် ပြန်လည်နေရာချထားရေးအတွက် မဟာမိတ်များက **ဗီယာနာကွန်ဂရက်**ကို ၁၈၁၄ ခုမှာပင် ခေါ်ယူသည်။ ထိုအစည်းဝေး၏ အခြေခံဝါဒကား နပိုလီယန် လုယူထားသော ပစ္စည်းကို **မူလပိုင်ရှင်အားပြန်ပေးစေ** ဟူသော ဝါဒပင်ဖြစ်ပါသည်။ လူဝီ ၁၆ ၏ညီကို လူဝီ ၁၇ ဟု သမုတ်၍ ပြင်သစ်ဘုရင်မြှောက်သည်။ ဤအတွင်းမှာပင် ပြန်ရောက်နေကြသော ရှေးသူကောင်းမျိုးခေါ် အထက်တန်းစားတို့၏ ကလဲ့စားချေသောရန်မှ ပြင်သစ် အမျိုးသားတို့ကို ကာကွယ်ပေးရန်ဟု ကြုံးဝါး၍ နပိုလီယန်သည် အချုပ်နှင့် ထားရာ အယ်လဗာမှ လွတ်မြောက်လာ၍ ၁၈၁၅ ခု မတ်လ၌ ပါရစ်သို့ ဝင်ရောက်သိမ်းယူလိုက်သည်။ နပိုလီယန်သည် ပြင်သစ်၌ နောက်ထပ် ရက်ပေါင်း တစ်ရာ ကြီးစိုးပြန်၏။ အင်္ဂလိပ်၊ ပရပ်ရှား၊ ဩစတြီးယားနှင့် ရုရှားပေါင်း၍ နပိုလီယန်နှင့် ရင်ဆိုင်ကြရပြန်သည်။ ၁၈၁၅ ခု ဇွန်လ ၁၈ ရက်နေ့ **ဝါတာလူး** ၌ နပိုလီယန်၏ တပ်ပျက်၍ လူကိုယ်တိုင်ပင် ဖမ်းယူကြပြန်လျက် **စိန့်ဟယ်လီနာ**ကျွန်းသို့ ပို့လိုက်ရာ နောက်ငါးနှစ်ခွဲအကြာတွင်





ထိုကျွန်းပေါ်မှာပင် နပိုလီယန် သေဆုံးလေသည်။ အချုပ်အားဖြင့် နပိုလီယန်သည် တော်လှန်ရေးမှ ပေါက်ဖွားလာသူ ဖြစ်သောကြောင့် ၎င်းကို ဝေဖန်ရေးသား ပြောဆိုခြင်းမှလွဲ၍ အခြား လူ့အခွင့်အရေးများစွာကို လိုက်လျော၏။ အတန်းအစား ခြားမှုကို ဖျက်သိမ်း၍ အလွန်တရားနည်းလမ်းကျသော ဥပဒေကို ရေးဆွဲပေးခဲ့၏။ မျိုးချစ်စိတ်ကို အပြင်းထန်ဆုံး လှုံ့ဆော်ပေးခဲ့သည်။ နပိုလီယန်ကြောင့် တော်လှန်ရေး လုပ်ငန်းစဉ်များစွာ အောင်မြင်ရသည်။ တော်လှန်ရေး၏ ပန်းတိုင်ရောက် ချီတက်သော ခရီး၌ အားတစ်အားပင် ဖြစ်ခဲ့ပါသည်။

* * *

# (၁)

## အိန္ဒိယ၊ မြန်မာ၊ အရှေ့တောင် အာရှနှင့် အရှေ့ဖျားနိုင်ငံများတွင် အနောက်တိုင်း၏ လွှမ်းမိုးခြင်း အသွင်ပြောင်းလဲလာပုံ

### ရှေးအခါက ဥရောပနှင့် အာရှဆက်ဆံပုံ

ရောမနိုင်ငံသားတို့သည် ပိုးထည်စသော တရုတ်ဖြစ် ပစ္စည်းများကို မက်မောခုံမင်စွာ ဝယ်ယူသုံးစွဲကြ၏။ တရုတ် အနောက်ပိုင်း **ချန်အန်** မှ **လော့ပနော်**နှင့် **တာရိမ်** မြစ်ဝှမ်းကိုဖြတ်၍ **အန်တီအော့ခ်** အထိ တရုတ်နှင့် ဆက်သွယ်သော ကြည်းလမ်း ကြီးရှိခဲ့သည်။ သို့သော် ရောမ၏ ရန်သူဖြစ်သော **ပါသီယား** နိုင်ငံသားတို့က ထိုလမ်းမနှင့် ဆက်သွယ်ကူးသန်းရောင်းဝယ်ရေးကို နှောင့်ယှက်နိုင်သဖြင့် ထိုအန္တရာယ်ကို လွှန်မြောက်ရန် တရုတ်ပစ္စည်းများကို **ခေါ်တန်** ကြည်းလမ်းမှ လည်းကောင်း၊ တရုတ်တောင်ပိုင်း ရေလမ်းမှလည်းကောင်း တင်သွင်းရောင်းချ နေသော အိန္ဒိယ အနောက်ပိုင်းနှင့် ရောမသည် ရေလမ်းဆက်သွယ်ခဲ့ပြန်သည်။ အေဒီခြောက်ရာစုသို့ရောက်လျှင် ပိုးမွေးမြူနည်းကို **ကွန်စတန်တီနိုပယ်**က ရရှိခဲ့သဖြင့် ပိုးထည်ရရှိရန် ရှေးကလောက် တရုတ်ကို အားကိုးရန် မလိုတော့ချေ။ ထိုအခါမှစ၍ အများအားဖြင့် **ဟင်းခွေးပစ္စည်း**နှင့် အခြား**စည်းစိမ်ခံပစ္စည်း**များ ရယူရန်သာ အရှေ့အာရှနှင့် ဆက်သွယ်ပါတော့ သည်။ အဆိုပါ ရောင်းဝယ်ရေးကို





**အာရပ်**အမျိုးသားတို့က ရှစ်ရာစုမှစ၍ အုပ်စိုးခဲ့သည်။ အရှေ့အာရှနှင့် ဆက်သွယ်သော ရေလမ်းကို တစ်ဆယ့်ခြောက် ရာစုတိုင်အောင် အာရပ်တို့ပင် အုပ်စီး၍ထားပါသည်။ မွန်ဂိုတို့ တရုတ်ပင်လယ်မှ ရုရှားတိုင်အောင် အာရှကို သိမ်းယူလိုက်သည့် အချိန်ထိ ကြည်းလမ်းကိုလည်း ဥရောပတိုက်သားတို့ ကောင်းမွန်စွာ သုံးစွဲခွင့်ရသည် မဟုတ်ချေ။

### ရှေးခရစ်ယာန် သာသနာပြုများ

မွန်ဂို လက်နက်နိုင်ငံ ပေါ်လာလျှင် ထိုမိစ္ဆာဒိဋ္ဌိ မွန်ဂိုတို့ကို ခရစ်ယာန် သာသနာသို့ သွတ်သွင်းရန် ဥရောပတိုက်သားတို့ ကြိုးစားလာကြ၏။ မဟာ မေဒင် သာသနာဝင်များနှင့် ဖက်ပြိုင်ရာတွင် မွန်ဂိုတို့ကို မဟာမိတ်အဖြစ်ဖြင့် သုံးလိုကြ၏။ **ပလနောကာပိနီမှ** ၅ုန်သည် ၁၂၄၆ ခုတွင် ရဟန်းမင်း၏ စာကို ယူ၍ **ဂန်ဂျစ်ခန်** ရှေ့တော်သို့ အရောက်သွားခဲ့၏။ **လွှန်ဂေါမော်မှ အန်ဒရူး** နှင့် **ရုဗရုပ်မှ ဝီလီယမ်**တို့ကို ရှေ့ဆောင်စေ၍ ပြင်သစ်က သံအဖွဲ့များကို ၁၂၄၉ ခုနှင့် ၁၂၅၂ ခုနှစ်များတွင် စေလွှတ်ခဲ့သေး၏။ မူလရည်ရွယ်ချက်ဖြစ်သော မွန်ဂို တို့ကို ခရစ်ယာန်သာသနာဝင် ဖြစ်လာစေ၍ မဟာမေဒင် သာသနာဝင်တို့ကို ပူးပေါင်းဖက်ပြိုင်ရန်ဟူသော မျှော်လင့်ချက်များကား မအောင်မြင်ချေ။ သို့သော် ထိုသံအဖွဲ့ ပေါက်ရောက်လာသဖြင့် အရှေ့ဖျား အကြောင်းကို ဥရောပတွင် စိတ်ပါဝင်စားသူ ပို၍များပြားခဲ့ပါသည်။ ၁၂၆၄ ခုတွင် **ဗဲနစ်ပြည်သား နီကိုလိုပိုလို**နှင့် **မက်ဖီယိုပိုလို**တို့သည် ရောင်းဝယ်ခွင့် အသနားခံရန် **ကူဗလိုင်ခန်** ရှေ့တော်မှောက်သို့ ရောက်လာလေ၏။ ကူဗလိုင်ခန်က မွန်ဂိုတို့ကို ခရစ်ယာန် သာသနာအကြောင်း သွန်သင်ရန် ရဟန်းမင်းက ပညာတတ် သာသနာပြုဆရာ တစ်ရာ ပို့ပေးပါဟုတောင်းရန် ပိုလိုညီနောင်ကို ဥရောပသို့ ပြန်၍လွှတ်လိုက်၏။ ရဟန်းမင်းက **ဒေါမိနီကန်** ရဟန်းနှစ်ပါးကို လွှတ်ပေးသော်လည်း ကန္တာရခရီးကို ကြိုးစားပေါက်ရောက်အောင် မသွားဝံ့သဖြင့် ပြန်ခဲ့ကြ၏။ ပိုလိုညီနောင်လည်း နီကိုလိုပိုလို၏သား **မာကိုပိုလို**ကိုခေါ်၍ တရုတ်နိုင်ငံသို့ ၁၂၇၄ ခုတွင် ပြန်လည် ရောက်လာကြပြန်သည်။ မာကိုပိုလိုသည် တရုတ်နိုင်ငံ ခန်မင်းကြီးထံ၌ တစ် ဆယ့်ခုနစ်နှစ်တိုင် အမှုထမ်းခဲ့ပြီးမှ ဥရောပသို့ ပြန်လာ၍ တရုတ်အကြောင်းကို အသေးစိတ် ဖော်ပြကာ ကျမ်းစာတစ်အုပ်ကို ဥရောပ၌ ပထမဦးစွာ စတင် ရေးသားထားရစ်ခဲ့၏။ **မွန်တေကော်ဗီနော** ကို ခန်မင်းကြီးထံသို့ ၁၂၈၉ ခုနှစ်

တွင် **ရောမ** မှ စေလွှတ်လိုက်ပြန်သည်။ ဤတစ်ကြိမ်တွင် သာသနာပြုလုပ်ငန်း အောင်မြင်၏။ ၁၃၂၈ တွင် **ရှုန်ကို ကမ်ဗလုစ် ဂိုဏ်းအုပ်ဆရာတော်**အဖြစ်ဖြင့် ခန့်ထားခြင်းပင် ခံရသည်။ သို့သော် ၁၃၈၆ ခုတွင် မွန်ဂိုတို့ကိုနှိမ်၍ တိုင်းရင်းသား **မင်မင်းဆက်** ပေါ်လာလျှင် **မွန်ဂိုတို့** အားပေးခဲ့ဖူးသည့် ခရစ်ယာန်သာသနာနှင့်တကွ အခြားသာသနာများလည်း နှိပ်ကွပ်ဖျက်ဆီးခြင်း ခံရရှာသည်။ မွန်ဂိုတို့ ပျက်စီးခြင်းကြောင့် ဥရောပ၊ တရုတ်နှင့် အိန္ဒိယတို့၏ ပိုးထည်နှင့် **ဟင်းမွှေးပစ္စည်း** အကြီးအကျယ် ရောင်းဝယ်နေခြင်းလည်း ပျက်စီးရသည်။ ထိုအခါမှစ၍ ထိုပစ္စည်းများကို လိုလျှင် ရန်သူမဟာမေဒင် သာသနာဝင်များထံမှသာ ဥရောပတိုက်သားတို့ ဝယ်ယူသုံးစွဲခဲ့ကြရပါသည်။ ယင်းသို့ဝယ်ယူရာ၌ ဈေးနှုန်းကြီးမြင့်လွန်းသဖြင့် မဟာမေဒင် သာသနာဝင်များ၏ အန္တရာယ်ကင်းလွတ်သော တရုတ်နိုင်ငံအရောက် သွားလမ်းကို ဥရောပတိုက်သားတို့ ရှာဖွေလိုစိတ် ပေါ်ခဲ့ပါသည်။

## အာရှသို့ ရောက်လာသော ပေါ်တူဂီ လူမျိုးများ

ရေလမ်းခရီး စွန့်စားမှုများကို အထူးအားပေးသော **ဟင်နရီ** မင်းသား (၁၃၉၄–၁၄၆၀) ကူညီသဖြင့် ပေါ်တူဂီနိုင်ငံသားတို့သည် အရှေ့သို့သွားသော ရေလမ်းကို အားကြိုးမာန်တက် စတင်ရှာဖွေကြ၏။ ယခင် သင်္ဘောတို့ထက် နိုင်ခံ့ကောင်းမွန်သော သင်္ဘောများ ဆောက်လုပ်ရေး၊ ရောက်ရာပေါက်ရာအရပ်နှင့် သွားလမ်းပြန်လမ်းကို မြေပုံကောင်းကောင်း ဆွဲယူမှတ်သားရေး၊ ရေကြောင်းဆိုင်ရာ တိုင်းထွာသော ပစ္စည်းကိရိယာများ တီထွင်ရေး စသည်တို့ကို ဟင်နရီမင်းသားက အထူးအားပေးခဲ့၏။ သို့သော် အဆိုပါမင်းသား ကွယ်လွန်ပြီးမှ ယင်း မြေတောင်မြှောက်ပေးခဲ့သော အပင်မှ အသီးအပွင့် ထွက်သည်ကို တွေ့ရပါသည်။ ပေါ်တူဂီ နိုင်ငံသားတို့သည် ၁၄၈၆ ခုနှစ်တွင် **အာဖရိက** တောင်ဖျားရှိ **ဝှတ်တဟုတ်** အငူကို ပတ်၍ သင်္ဘောလွှင့်နည်းကို တတ်လာကြ၏။ ထိုနောက် တစ်ဆယ့်တစ်နှစ် လွန်မြောက်သော ၁၄၉၇ ခုတွင် **ဗစကိုဒဂါမ**သည် အိန္ဒိယကမ်းခြေရှိ **ကလီကတ်**မြို့သို့ ဆိုက်ရောက်လာပါတော့သည်။ အဆိုပါကာလအတောအတွင်းမှာပင် အိန္ဒိယကျွန်းစုများကိုရှာရန် အနောက်စူးစူးသို့ သင်္ဘောလွှင့်ရင်း **ကောလမ်ဗတ်**သည် **အမေရိကန်** တိုက်ကြီးများသို့ ရောက်ရှိသွား၏။ နယ်မြေသစ် တွေ့ရှိရေးတွင် စပိန်နှင့် ပေါ်တူဂီတို့ အပြိုင်ဖြစ်လာကြသဖြင့်





ရဟန်းမင်း **အလီဇန်ဒါ ၆** က **အဇိုရီ၊** အနောက်လီ ၃၇၀ အကွာမှ ကမ္ဘာကို နှစ်ခြမ်းခြမ်း၍ အရှေ့ခြမ်းကို ပေါ်တူဂီယူစေ၊ အနောက်ခြမ်းကို စပိန်ယူစေဟု ဆုံးဖြတ်ပေးခဲ့၏။ ပေါ်တူဂီတို့တွင် **အယ်လဗောင်ဆိုဒေအယ်ဗူကပ်**၏ အစွမ်းဖြင့် အိန္ဒိယနှင့် အရှေ့တောင်အာရှတွင် ခြေကုပ်များရလျက် ထိုဒေသတစ်ခွင်တွင် အာရပ်တို့ ရောင်းဝယ်ရေး ဗိုလ်စွဲနေသည်ကို ဖျက်ဆီးပစ်ခဲ့လေသည်။ လက်နက်အားကိုးဖြင့် အိန္ဒိယနိုင်ငံ **မလဗာ**ကမ်းခြေတစ်လျှောက်တွင် **ဂိုဝါ** စသော အရောင်းအဝယ်စခန်းများ ဖွင့်လှစ်ခဲ့၏။ ၁၅၁၁ ခုတွင် **မလေးကျွန်းဆွယ်** တွင် **မလက်ကာ** ကို သိမ်းယူခြင်းဖြင့် ပေါ်တူဂီတို့သည် တရုတ်အိန္ဒိယ ရောင်းဝယ်ရေးကို အုပ်စိုးမိလေသည်။ တရုတ်နိုင်ငံတွင် ပထမဆုံး ရောင်းဝယ်ရေးစခန်းကို ၁၅၁၅ ခုတွင် **ကန်တောင်** အနီး၌ အတိုက်အခံမရှိ အေးငြိမ်းစွာ ဖွင့်လှစ်နိုင်ခဲ့၏။ စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်မည်ဆိုလျှင် တရုတ်နိုင်ငံ၌ ပေါ်တူဂီတို့သည် အင်အားကြီးသထက် ကြီး၍လာရန်သာရှိသည်။ သို့သော် ၁၅၂၀ ပြည့်တွင် **တော့မတ်ပီရက်**က အရောင်းအဝယ် စာချုပ်ချုပ်ရန် တရုတ်နန်းတော်သို့ သွားဆဲမှာပင် ပေါ်တူဂီ စွန့်စားသူတစ်ဦးက တရုတ်အစိုးရကို မထီမဲ့မြင်ပြု၍ ကန်တောင်နှင့် ကပ်လျက်ရှိသော ကျွန်းတစ်ကျွန်းကို သိမ်းယူခဲ့သည်။ ယင်းသို့ စော်ကားရိုင်းပျခြင်းကြောင့် တရုတ်နှင့် ပေါ်တူဂီတို့ ရောင်းဝယ်ရေးရော၊ သံတမန် ဆက်ဆံရေးပါ ယာယီရပ်စဲသွားခဲ့၏။ သို့သော် တရုတ်နိုင်ငံပိုင် ကျွန်းငယ်များတွင် လက်နက်အား.ကိုးဖြင့် နေထိုင်၍ ဆက်လက်ရောင်းဝယ်ဖောက်ကားနေသေးသည်။

ပေါ်တူဂီ အမျိုးသားသုံးဦးသည် သင်္ဘောပျက်သဖြင့် ဂျပန်ကျွန်းသို့ ၁၅၄၂ ခုတွင် ရောက်ခဲ့ရာ ကောင်းစွာ လက်ခံပြုစုသည်မှစ၍ ဂျပန်နှင့် ပေါ်တူဂီတို့ အရောင်းအဝယ် စခဲ့ပါသည်။ **ဂျက်စဝတ်** သာသနာပြုဆရာ **ဖရန်စစ်ဇာဗီ**ယားကို ပေါ်တူဂီတို့က ပို့ဆောင်သဖြင့် အိန္ဒိယ၊ မလက်ကာ၊ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ ရောက်လာ၍ ၁၅၅၂ ခုတွင် တရုတ်နိုင်ငံ၌ ကွယ်လွန်ရှာသည်။

တရုတ်အစိုးရအမိန့်ဖြင့် ပေါ်တူဂီတို့ လာရောက်သည်ကို တားဆီးပိတ်ပင်၍ ထားလင့်ကစား ပေါ်တူဂီတို့သည် **နင်ဂပို**တွင် ရောင်းဝယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ခဲ့၏။ ရိုင်းပျစော်ကားပြန်သဖြင့် တရုတ်နှင့် ရန်ဖြစ်ပြန်ရာ နင်ဂပိုတွင် နိုင်ငံခြားသား ၈၀၀ နှင့် သင်္ဘော ၃၅ စင်းကို တရုတ်က ၁၅၄၆ ခုတွင် သတ်ဖြတ်ဖျက်ဆီးလိုက်သည်။ သုံးနှစ်ကြာလျှင် **ချင်ချောင်**တွင် အလားတူ အဓိကရုဏ်း

ဖြစ်ပြန်ရာ စစ်လျော်ကြေး ပေးဆောင်ပြီးကာမှသာ ပေါ်တူဂီများကို ပြန်လည် လက်ခံခဲ့ပေသည်။ ပင်လယ်ဓားပြရန်ကို နှိမ်နင်းပေးသောကြောင့် ဆုအနေဖြင့် ပေါ်တူဂီတို့ကို ၁၅၅၇ ခုမှစ၍ **မကာအို**တွင် မြေငှားယူနေခွင့်ပြုခဲ့သည်။ တရုတ်က ငှားသည်ဟုဆိုသော်လည်း ထိုအခါမှစ၍ ပေါ်တူဂီတို့က မကာအိုကို အပိုင်ယူ၍ထားခဲ့၏။ နှစ်ကာလ ကြာမြင့်စွာပင် မကာအိုသည် အာရှတွင်ရှိသော ဥရောပတိုက်သားတို့၏ အကြီးဆုံး သင်္ဘောဆိပ်မြို့ကြီး ဖြစ်ခဲ့ပါသည်။

## အရှေ့အိန္ဒိယကျွန်းစုသို့ စပိန်ကျူးကျော်လာခြင်း

ပေါ်တူဂီက **မလက်ကာ** ကို သိမ်းယူပြီးနောက် ဆယ်နှစ်မျှအကြာ ၁၅၂၁ တွင် ပေါ်တူဂီ အမျိုးသားပင် ဖြစ်သော်လည်း မိမိအမျိုးကို စိတ်နာသဖြင့် စပိန်လက်အောက်ဝင်၍ စပိန်အလံတော်ကိုလွှင့်ကာ **မက်ဂေလန်**သည် တောင်အမေရိကတိုက်ကို ပတ်လျက် သင်္ဘောလွှင့်ကာ **ပစိဖိတ်** သမုဒ္ဒရာကို ဖြတ်ပြီးနောက် **ဖိလစ်ပိုင်** ကျွန်းများသို့ ရောက်လာသည်။ စပိန်သည် ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျလှသော ဖိလစ်ပိုင်ကို မဆိုထားဘိ တရုတ်ကိုမျှ အလေးဂရုပြု၍ ဆက်ဆံလိုစိတ် မရှိချေ။ သို့သော် ဟင်းမွှေးပစ္စည်းများကိုမူ ဝယ်ယူလို၏။ ထိုပစ္စည်းထွက်ရာ ကျွန်းများကား မူလရဟန်းမင်း ခွဲဝေပေးသော မျဉ်းအရ စပိန်ပိုင်သည့် တစ်ခြမ်းတွင် ပါသည်ဟု မက်ဂေလန်က မဟုတ်မမှန် လီဆယ်၍ ပိုင်ဆိုင်ခွင့်တောင်းခဲ့၏။ သို့သော် ပေါ်တူဂီနှင့်ဆိုင်သော တစ်ခြမ်းတွင်သာ အမှန်ပါရကား ထိုကျွန်းများသို့ စပိန် မလာနိုင်အောင် ပေါ်တူဂီသည် ကာလ အတန်ကြာအောင် တွန်းလှန်နိုင်ခဲ့သေး၏။ သို့သော် ၁၅၇၁ ခုတွင် ဖိလစ်ပိုင်၌ စပိန်သည် **မနီလာ** ကို သိမ်းယူ၍ ရောင်းဝယ်ရေးစခန်းတစ်ခု ဖွင့်လိုက်ခြင်းဖြင့် အရှေ့တိုင်းတွင် ခြေကုပ်ရ၍ လာပါတော့သည်။ ဂျပန်၊ တရုတ်နှင့် ဟင်းမွှေးပစ္စည်း ထွက်သော ကျွန်းများ၌ ပေါ်တူဂီကို မတိုးနိုင်သော်လည်း အပေးအကမ်း ရက်ရောခြင်းဖြင့် မနီလာတွင်မူ တိုင်းရင်းသားတို့နှင့် အရောင်းအဝယ် ဖြစ်လာသည်။ စပိန်ကပေးသော **မက်စီကိုဒေါ်လာ** ငွေဒင်္ဂါးကို လက်ခံသုံးစွဲလာကြ၏။ ယင်းဒင်္ဂါးကို တရုတ်တို့ ယနေ့တိုင် သုံးစွဲနေသေးသည်။ ၁၅၈၀ ပြည့်တွင် စပိန်ဘုရင် **ဖိလိပ်** ၂ က ပေါ်တူဂီ ထီးမွေကို ရပြန်သဖြင့် နှစ်ပြည်တစ်ပြည် ဖြစ်လာရကား ရှေးပေါ်တူဂီရောင်းဝယ်ရေး နေရာတိုင်း၌ စပိန်လည်း လာရောက်ရောင်းဝယ်နိုင်တော့သည်။ မနီလာတွင် အရောင်းအဝယ် ကောင်းသဖြင့်





တရုတ်တို့ နေထိုင်လာကြသည်။ တဖြည်းဖြည်းနှင့် ပြောင်းလာသူများလျှင် စပိန်တို့ စိုးရိမ်စပြုရကား ၁၆၀၃ ခုတွင် တရုတ်များကို သတ်ပစ်သည်။ ၁၆၃၉ ခုတွင်တစ်ကြိမ် အကြီးအကျယ် သတ်ပြန်ရာ တရုတ် ၃၀,၀၀၀ ကျော်အနက် ၂၀,၀၀၀ ကျော်သေ၏။ ထို့ကြောင့် စပိန်ကုန်သည်တို့ အသွားအလာကို တရုတ်တို့က များစွာကန့်သတ်ထားဆီးလေသည်။

## ဒတ်ချ်ကုန်သည်တို့ အရှေ့အာရှ ရောက်လာပုံ

တစ်ဆယ့်ခြောက်ရာစု နောက်ပိုင်းတွင်မှ **ဒတ်ချ်**တို့ လွတ်လပ်ရေး ရလာသော်လည်း ထို့ထက်စောစောကပင် အာရှ၌ ပေါ်တူဂီတို့သည် ၎င်းတို့ လွှမ်းမိုးရန် တိုးဝင်စပြုခဲ့ပါသည်။ အာရှတွင် ခုနစ်နှစ်မျှ ကုန်သည်အချို့ တစ်ဦးချင်း စမ်းသပ်၍ အရောင်းအဝယ်ပြုပြီးမှ ၁၆၀၂ ခုတွင် အစိုးရတစ်ပိုင်း ပါဝင်သော အစုစပ်ကုမ္ပဏီအဖြစ်ဖြင့် **ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီ**ကို တည်ထောင်ခဲ့ကြ၏။ လက်နက်အားကိုး၍တစ်မျိုး၊ လှည့်ပတ်ဈေးစပ်၍တစ်ဖုံ **မိုလုကပ်စ်**ကျွန်းတွင် ခြေကုပ်ရလာသည်။ ၁၆၄၁ ခုတွင် ကုမ္ပဏီသည် အင်အားကြီးမားလာပြီဖြစ်သဖြင့် **မလက်ကာ**ကို သိမ်းယူ၍ လက်နက်နိုင်ငံတော်သစ် စတင်ပါတော့သည်။ ပေါ်တူဂီ၏ အန္တရာယ်ကြောင့် ဒတ်ချ်တို့သည် တရုတ်ကမ်းခြေမှ **ပက်စကာဒေါ်**ကျွန်းများပေါ်တွင် ရောင်းဝယ်ရေးစခန်း ဖွင့်လာ၏။ ယင်းမှနှင်ထုတ်ပြန်လျှင် **ဖော်မိုဆာ**တွင် နေပြန်ရာ မင် ဗိုလ်ချုပ် **ကော်ဇင်ဂါ**က ၁၆၆၂ ခုတွင် တိုက်ထုတ်ပြန်သည်။ ထို့ကြောင့် လက်စားချေမည့်အနေဖြင့် မင်နှင့် **မန်ချူး** ရန်ပွဲတွင် ဒတ်ချ်တို့က မန်ချူးဘက်မှ ပါဝင်ကူညီခဲ့၏။ မန်ချူးတို့ အရေးသာလျှင် အင်္ဂလိပ်နှင့်အတူ ဒတ်ချ်တို့သည် **အမွိုင်**တွင် ရောင်းဝယ်ခွင့်ရခဲ့သည်။ သို့သော် ၁၇၂၉ ခုတိုင်အောင် ဒတ်ချ်သည် တရုတ်နှင့် မှန်မှန် အရောင်းအဝယ် မလုပ်ခဲ့သေးချေ။ မှန်တိုင်းကြောင့် ၁၆၀၀ တွင် ဒတ်ချ်သင်္ဘော တစ်စင်း ဂျပန်တွင် ဝင်၍ခိုရသည်မှအစပြု၍ ဒတ်ချ်တို့ ဂျပန်သို့ ပေါက်ရောက်ကြရာ ဆက်ဆံရေး အဆင်ပြေသည်ဟု ဆိုရချေမည်။ သာသနာပြုမည့် အရိပ်အယောင် မမြင်ရသဖြင့် ဂျပန်ကလည်း ဒတ်ချ်ကို ယုံကြည်စိတ်ချကာ **ဟီရဒေါ**တွင် အရောင်းအဝယ်စခန်း ဖွင့်ခွင့်ရလာသည်။ နောင်အခါ **တောကုဂဝ တံခါးပိတ်**ဝါဒအရ နိုင်ငံခြားသား အားလုံးကို ဂျပန်မှ မောင်းထုတ်၍ ခရစ်ယာန်သာသနာဝင်များကို သတ်ပစ်စဉ်ကပင် ဒတ်ချ်ကုန်သည်တို့ကို အန္တရာယ်မပြု

ခဲ့ချေ။ အရှေ့အိန္ဒိယကျွန်းစု၌ ဒတ်ချ်အုပ်ချုပ်ခြင်းကား စီးပွားရေး အဆီစုပ်ယူရန် ဝါဒတစ်ခုတည်းသာရှိ၏။ အလိုရှိသော ကုန်စည်ကို ကန့်သတ်ဈေးနှုန်းဖြင့် မိမိတို့ ကုမ္ပဏီသို့ အခွန်ဆက်သည့်သဘောမျိုး ပေးသွင်းနိုင်လျှင် တိုင်းရင်းသား ဘုရင်မင်းတို့ကို ဆက်လက်စိုးမိုးခွင့်ပြုသည်။ ကောင်းစွာ ထွန်ယက်စိုက်ပျိုးနိုင်ကြရန် မိုးသားစားပြ ဆူပူသူတို့ကို ရှင်းလင်းပေးခြင်းမျှဖြင့် မိမိတို့ တာဝန်ပြီးပြီဟု ဒတ်ချ်တို့ ယူဆသည်။ လက်အောက်ခံ တိုင်းသူပြည်သားတို့ ကျန်းမာရေး၊ ပညာရေးစသော ဘဝကောင်းစားရေးတို့ကို လုံးဝလျစ်လျူပြု၍ထားသည်။ အရှေ့အိန္ဒိယသို့ ရောက်လာသော ဒတ်ချ်အမျိုးသားတစ်ဦးမှာလည်း စီးပွားရေး သက်သက်ဖြစ်၍ မူလ သဘောတူပြီး နှစ်ကာလကုန်ဆုံးလျှင် ပြန်သွားလေ့ရှိ၏။ ယင်းသို့ပြန်လျှင် တိုင်းရင်းသူ အပျော်မယားနှင့် ကပြား သားသမီးများစွာတို့ကို စွန့်ပစ်၍ ထားခဲ့မြဲဖြစ်သည်။

## ပြင်သစ်နယ်ချဲ့လာပုံ

**ဟင်နရီ ၄** လက်ထက်တွင် **ပြင်သစ် အရှေ့အိန္ဒိယ ကုမ္ပဏီ**တည်ထောင်ပြီးသည်မှစ၍ အရှေ့ဘက်တွင် ပြင်သစ် လာရောက်ကူးသန်း ရောင်းဝယ်သော်လည်း **လူဝီ** ၁၄ လက်ထက်သို့ ရောက်ခါမှ ပြင်သစ်ကုမ္ပဏီသည် ပို၍ သွက်လက်လှုပ်ရှားလာပါသည်။ ပြင်သစ် ဝန်ကြီးချုပ် **ကိုလဗတ်**သည် ကုမ္ပဏီ၏ အရှေ့အိန္ဒိယ အရောင်းအဝယ်လုပ်ငန်းကို အစိုးရစီးပွားရေး လုပ်ငန်းတစ်ရပ်ဟု ယူဆဆောင်ရွက်ခဲ့၏။ အိန္ဒိယ၌ ပြင်သစ်ရောင်းရေးဝယ်ရေးစခန်းကို **စူရတ်**တွင် ၁၆၆၈ ခု၌ တည်ထောင်ခဲ့၏။ သို့သော် ၁၆၇၄ ခုသို့ ရောက်ခါမှ **ပွန်ဒီချာရီ**တွင် အခိုင်အမာ တည်ထောင်မိလေသည်။ အာရှ၌ ပြင်သစ်ပိုင်နက် ထွင်ရာတွင် ပြင်သစ် **ရိုမန်ကက်သလစ်** သာသနာပြုများက ရှေ့ပြေးဖြစ်ကြောင်း တွေ့ရပါသည်။ **ဂျက်စဝတ်** ရဟန်း၊ **အလီဇန်ဒါရုတ်ကို အင်ဒိုချိုင်းနား** နိုင်ငံများ အကြောင်း လေ့လာရန် ၁၆၁၀ ပြည့်နှစ်က စေလွှတ်ခဲ့သည်။ **ထိုင်လန်**တွင် သာသနာပြုဖို့ အကြိုးစားလွန်သဖြင့် ၁၆၈၈ ခုတွင် ခရစ်ယာန်သာသနာဝင်များ အနှိပ်ကွပ်ခံရသည်။ ထိုနိုင်ငံတွင် ပြင်သစ် ဩဇာလုံးဝ ကျဆုံးရတော့၏။ **ဗီယက်နမ်**တွင် နောင်အခါ ပိုင်နက်ထူထောင်နိုင်သော်လည်း ၁၈၀၀ ကျော်တိုင်အောင် ဘာမျှထိထိရောက်ရောက် ဝင်ရောက်စွက်ဖက်နိုင်ခြင်း မရှိချေ။ တစ်ဆယ့်





မှနှစ်ခုက အစပြု၍ ပေါ်တူဂီက လက်ဝါးကြီးအုပ်ထားသဖြင့် ၁၇၄၉-၆၉ မှနှစ်များက ပြင်သစ် ကြိုးစားသမျှ နောက်ဆုံး အရေးရှုံးနိမ့်သည်ကိုသာ တွေ့ရ၏။

## အရှေ့တွင် ရုရှား၏ လိုလားတောင့်တချက်များ

တစ်ခါက မွန်ဂိုတို့ လက်အောက်၌ ရုရှား နေဖူးသဖြင့် အရှေ့တိုင်းများ အကြောင်းကို ရုရှားနိုင်ငံသားတို့သည် အခြားဥရောပတိုက်သားများထက်စာလျှင် အသိဆုံးဖြစ်ပါသည်။ ရုရှားတို့ ၁၄၈၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရပြီးသည်မှစ၍ နယ်ချဲ့ခဲ့ကြ၏။ သို့သော် အနောက်ဘက်၌ များစွာခရီးမရောက်နိုင်သဖြင့် အရှေ့ကိုသာ ဖိ၍သိမ်းသွင်းခဲ့ရာ ၁၆၅၂ ခုတွင် တရုတ်နှင့် နယ်နိမိတ် အယှက်အတင်ဖြစ်၍ လာပါသည်။ ၁၆၅၄ ခုနှစ်၌ တရုတ်နှင့် ရောင်းဝယ်ရေးစာချုပ်ချုပ်ရန်ရှိသော်လည်း တရုတ်ကေရာဇ်ရှေ့၌ ရုရှားသံတို့ ပြားပြားဝပ်၍ အသနားခံမဝင်လိုသဖြင့် စာမချုပ်ဖြစ်ချေ။ နယ်စပ်၌ သုံးဆယ့်ငါးနှစ်မျှ ရန်စစ်များဖြစ်ကြပြီးနောက် နောက်ဆုံးတွင် ရုရှားနှင့် တရုတ်တို့သည် **နာချင့်** စာချုပ်ကို ၁၆၈၉ ခုနှစ်၌ လက်မှတ်ရေးထိုး၍ စစ်ပြေငြိမ်းကြသည်။ ထိုစာချုပ်ကို ရံဖန်ရံခါ အသင့်အတင့်ပြင်၍ ၁၈၅၈ ခုအထိ နှစ်နိုင်ငံ လေးစားခဲ့ကြောင်း တွေ့ရပါသည်။ ဤတွင် ၁၇၂၇ ခုနှစ်၌ ပြင်ဆင်ချုပ်ဆိုသော **ကီယခတာ** စာချုပ်အရ ပီကင်းတွင် နေလာသော ရုရှားနိုင်ငံသားများအတွက် ရုရှားဘုရားကျောင်းနှင့် ရဟန်းများ လာရောက်တည်ထားနေထိုင်ခွင့် ပြုခဲ့သည်။ ကီယခတာတွင် ဗဟိုပြု၍ တရုတ်ရုရှား ကြည်းလမ်းပွင့်၍ အရောင်းအဝယ်လည်း ဖြစ်ထွန်းလာပါသည်။ ရေလမ်းဖြင့် ရောင်းဝယ်ရန်ကိုမူ တရုတ်က ရုတ်တရက် ခွင့်မပေးသဖြင့် ၁၈၅၇ ခုတွင်မှ တရုတ်သင်္ဘောဆိပ်များသို့ ရုရှားသင်္ဘောများ ဝင်ရောက်ဆိုက်ကပ် ရောင်းဝယ်ခွင့်ရခဲ့ပါသည်။

## အရှေ့အာရှသို့ အင်္ဂလိပ်ကုန်သွယ်ရေး ကျူးကျော်စော်ကားလာပုံ

အရှေ့အာရှသို့ ၁၅၇၇ ခုတွင် **ဆာဖရန်စစ်ဒရိတ်** စတင်ရောက်လာသည်။ **ကာလီဖိုနီ**ယားသို့ ရောက်ပြီးမှ ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ ဖိလစ်ပိုင်သို့ ရောက်လာ၏။ မိုလုကပ်စ်တွင် ခိုး၍ရလာသော စပိန်ငွေနှင့် ဟင်းခွေးပစ္စည်းများကို

ဝယ်၍ တောင်အာဖရိကကိုပတ်ကာ အင်္ဂလန်သို့ ပြန်သွားသည်။ ခြောက်နှစ်ကြာလျှင် **ဒရိတ်** လာသကဲ့သို့ပင် **ကဗင်ဒစ်** ရောက်လာပြန်သည်။ သို့သော် ၁၅၉၁-၄ ခုနှစ်များသို့ ရောက်ခါမှ အရောင်းအဝယ်သက်သက် အလို့ငှာ အရှေ့အိန္ဒိယကျွန်းများသို့ အင်္ဂလိပ် လာခဲ့သည်။ မူလ လာစဉ်က ပါခဲ့သော သင်္ဘောသုံးစင်းအနက် တစ်စင်းသာ ပြန်၍ရောက်သည်။ အင်္ဂလိပ်တို့သည် ရိုးသားစွာ ရောင်းဝယ်သည်ထက် စပိန် ရတနာသင်္ဘောများကို လမ်းမှဖြတ်၍ လုယူသည်က ပို၍ဟန်ကျသည်ဟု ယူဆချိန်ဖြစ်သည်။ လန်ဒန်ကုန်သည်တို့ ပေါင်း၍ ၁၆၀၁ ခုတွင် **အရှေ့အိန္ဒိယကုမ္ပဏီ** ထောင်ပြီး အခြားဥရောပတိုက်သားများ မရှိသော အရှေ့တွင် အပြိုင်မရှိ ရောင်းဝယ်ခွင့် မင်းမိန့်ရရှိခဲ့သည်။ ထိုအခါမှစ၍ ၂၅၈ နှစ်မျှ အဆက်မပြတ် အရှေ့အာရှတွင် အရောင်းအဝယ်နှင့် နယ်မြေ သိမ်းယူချဲ့ထွင်ခဲ့ရာ အင်္ဂလန်ကျွန်းပေါ်၌နေသူတို့ထက် လူဦးရေ အဆများစွာကို စိုးမိုးအုပ်ချုပ်၍ လာပါတော့သည်။ ခေတ်ဦးပိုင်းက ကုန်သွယ်တစ်ခေါက်ထွက်လျှင် ၂၀၀ ရာနှုန်းကျော် အောင်မြင်ဖူး၏။ သို့သော် **ပင်လယ်နီ**ကစ၍ အရှေ့အိန္ဒိယကျွန်းစုအထိ အရောင်းအဝယ် ဘယ်သို့ရှိသည်ဟု လေ့လာရန် စေလွှတ်ခြင်းများသာ ဖြစ်ပါသည်။ ၁၆၁၂ ခုသို့ ရောက်ခါမှ ရောင်းဝယ်ရေး အမြဲစခန်းများကို အိန္ဒိယ၌ လာ၍ဖွင့်လှစ်တည်ထောင်ပါသည်။

ဂျပန်သို့ ၁၆၀၀ ပြည့်တွင် ပထမဆုံး ရောက်သွားသော ဒတ်ချ်သင်္ဘော၌ မာလိန်မှူး အင်္ဂလိပ်လူမျိုး **ဝေအဒမ်**ဖြစ်ရာ ဂျပန်၌ တန်ခိုးအကြီးဆုံး အမတ်ချုပ် **ရှောဂုန်**က အဒမ်ကို နှစ်သက်သဖြင့် အင်္ဂလိပ်တို့ ဂျပန်သို့ လာရောက်ခွင့်ရလာ၏။ သို့သော် ရောင်းဝယ်ရေးစခန်း အရှေးမှားသဖြင့် အရှုံးအပါး များရကား ဆယ်နှစ်ကြာလျှင် ဂျပန်မှ နုတ်သိမ်းခဲ့ကြရပါသည်။ ထိုင်လန်တွင် အင်္ဂလိပ်ကို **ပတာနီ**အရပ်၌ ရောင်းဝယ်ခွင့်ပြုထားသော်လည်း အမြတ်အစွန်း မရှိလှချေ။ ဟင်းမွှေးပစ္စည်း ရောင်းဝယ်ရာ၌လည်း ဒတ်ချ်က ရန်လုပ်သဖြင့် တစ်ဆယ့်ခုနစ်ရာစုက အင်္ဂလိပ်တို့ နေရာမရနိုင်ရှိချေသည်။ အိန္ဒိယနှင့် ရောင်းဝယ်ရေးတွင် ပို၍စွံသဖြင့် တရုတ်နိုင်ငံဘက်တွင် ပေါ်တူဂီတို့ ရောင်းဝယ်နေသည်ကို ၁၆၃၇ ခုနှစ်အထိ ဝင်ရောက်နှောင့်ယှက်ခြင်း မပြုခဲ့ချေ။ ထိုနှစ်က စွန့်စားသွားရောက်သည်မှာလည်း ရှုံးရကား ၁၆၉၉ ခုနှစ်သို့ ရောက်ခါမှ တရုတ်၊ အင်္ဂလိပ် မှန်မှန်ရောင်းဝယ်ရေး စတင်တော့သည်။ တရုတ်နှင့် အိန္ဒိယတွင် မှန်မှန်ရောင်းဝယ်ရေး အခြေချပြီးနောက် **မလက်ကာ**တွင် ဒတ်ချ်တို့ ရောင်းဝယ်နေသည်ကို ဝင်၍ စားကျက်လုရန် စီစဉ်ပါတော့သည်။ ၁၇၈၆ ခုနှစ်တွင်





**မလေးကျွန်းဆွယ်**မှ ပီနန်ကျွန်းကို အင်္ဂလိပ်တို့ ရရှိသွား၏။ **စင်ကာပူ**ကို မရမီကာလအတွင်းက အင်္ဂလိပ်အဖို့ အရှေ့တောင်အာရှတွင် ပီနန်သည် အရေးအပါဆုံး၊ ရေတပ်စခန်း ဖြစ်ခဲ့ပါသည်။

## အမေရိကန် အရောင်းအဝယ် စတင်ပုံ

အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ပြီးသည့်နောက် မရှေးမနှောင်းပင် (၁၇၈၅) ကန်တောင်သို့ အမေရိကန်သင်္ဘောများ ရောက်လာတော့သည်။ ပိုးထည်နှင့် လက်ဖက်ခြောက်ဝယ်၏။ မကြာမီ အင်္ဂလိပ်နှင့် စင်ပြိုင်ဖြစ်၍ လာပါသည်။ တရုတ်တို့ **သားမွေး**ကို နှစ်သက်ကြောင်း တွေ့သဖြင့် အမေရိကန်သင်္ဘောများသည် **ရမ်အရက်၊ ပုတီးနှင့် အိုးခွက် သံကိရိယာ**ကိုတင်၍ ပစိဖိတ်ကမ်းရိုးတွင် သားမွေးနှင့် လဲလှယ်၍ပြီးမှ တရုတ်နိုင်ငံသို့လာကာ ပိုးထည်၊ **ကြွေထည်၊** လက်ဖက်ခြောက်နှင့် အိမ်ထောင်ပရိဘောဂများကို ဝယ်ယူပြီး အမေရိကန်သို့ ပြန်ခြင်းဖြင့် **တြိဂံရောင်းဝယ်ရေး** ပေါ်ခဲ့၏။

## အိန္ဒိယသို့ ရောက်လာသော ဥရောပတိုက်သားကုန်သည်များ

မဂိုတို့က မြောက်ပိုင်းလွင်ပြင်များ၌ တိုက်ခိုက်သိမ်းသွင်းလျက်ရှိစဉ် တောင်ဘက်၌ ပေါ်တူဂီတို့သည် လက်နက်ကောင်း၊ သင်္ဘောကောင်းများဖြင့် ပေါက်ရောက်လာကြလေပြီ။ ယခင်က **အာရပ်ကုန်သည်**တို့ လွှမ်းမိုးနေသည်ကို နှိမ်၍ ပေါ်တူဂီ ပေါ်လာခြင်းဖြစ်ရာ ယင်းတို့ကို ပြိုင်ဝံ့သူမရှိချေ။ အိန္ဒိယတွင် မဂိုတို့နှင့်ကင်းသော အရပ်မှ စတင်ဝင်ရောက်၏။ အင်္ဂလိပ်သည် ပေါ်တူဂီနှင့် ပါရှားဘုရင် **ရှားအက်ဗာ့စ်**တို့ မသင့်မတင့်ရှိလျှင် ပါရှားဘုရင်ကို ကူညီခြင်းဖြင့် ပါရှားပိုးထည်ကို ဝယ်ယူခွင့်ရခဲ့သည်။ ဒတ်ချ်တို့ကလည်း အင်္ဂလိပ်ကို အိန္ဒိယတွင် မယှဉ်ပြိုင်ခြင်းမပြုချေ။ ယင်းတို့ကား အရှေ့အိန္ဒိယကျွန်းစု၌ပင် ကျေနပ်လျက်ရှိချေသည်။ ၁၆၁၂ ခုသို့ရောက်လျှင် အင်္ဂလိပ်သည် ပေါ်တူဂီကို ရေကြောင်းတိုက်ပွဲတစ်ခု၌ နိုင်လိုက်ပြီးနောက် မဂို လက်နက်နိုင်ငံတော်၏ အနောက်တောင်ထောင့်ဖြစ်သော စူရတ်တွင် ရောင်းဝယ်ခွင့်ကို ဧကရာဇ် **ဂျီဟန်ဂါ**ထံမှ ရယူခဲ့သည်။ အရောင်းအဝယ်နှင့် ရေကြောင်းပညာတွင် မဂိုတို့ထက်သာ၏။ တစ်ဆယ့်ခုနစ်ရာစု နောက်ပိုင်း၌ အင်္ဂလိပ်နှင့် ပြင်သစ် အိန္ဒိယတွင်လာ၍ အင်အားပြိုင်

ကြသောအခါ တိုင်းရင်းသား မင်းသားများနှင့် မဟာမိတ်ပြု၍ အပြန်အလှန် တိုက်ခိုက်ကြသည်ကို မဂိုဧကရာဇ်က ဟန့်တားနိုင်ခြင်း မရှိခဲ့ချေ။

ခရစ်ယာန် သာသနာပြုရန် ပေါ်တူဂီကုန်သည်များက **စိန့်ဖရန်စစ်ဇာဗီယားကို** ပင့်ပေါ်ခဲ့လျှင် မဂိုဘုရင် **အက်ဗဘာက** အကျေအနပ် လက်သင့်ခံခဲ့သည်။ အက်ခဗာလွန်လျှင် မဂိုတို့ အားဆုတ်ယုတ်လာခဲ့၏။ **ဂျီဟန်ဂါကား** ကြင်နာမှုတသော မင်းဖြစ်၍ အပျော်အပါးနှင့်သာ အချိန်ဖြုန်းသည်။ **ဩရန်ဇစ်** (၁၆၅၈–၁၇၀၇) လက်ထက်၌ တိုက်ခိုက်သိမ်းသွင်းခြင်းများ ပေါ်လာပြန်သေး၏။ သို့သော် လူနှင့်ငွေကို ဖြန်းတီးလွန်းရာ ရောက်သဖြင့် နောင်အခါ အင်္ဂလိပ်နှင့် ပြင်သစ်ကို မပြိုင်နိုင်သော အခြေသို့ ဆိုက်ရောက်သွားရရှာသည်။ နိုင်ငံတော်တွင်း၌လည်း **ဆစ်ခ်၊ ရပ်ဂျပွတ်နှင့် မာရသာ**များက မဂိုတို့ကို မထီမဲ့မြင်ပြု၍ ဆူပူသောင်းကျန်းလာကြသည်။ သူပုန်သူကန်တို့သည် ဥရောပတိုက်သားတို့ထံမှ လက်နက်စသော အကူအညီအမျိုးမျိုး တောင်းခံလာကြသည်မှစ၍ တိုင်းရင်းသားတို့အပေါ်၌ အင်္ဂလိပ်ပြင်သစ်တို့ ဩဇာကြီးလာရသည်။ ဆူပူသောင်းကျန်းမှုများလွန်းလျှင် အရောင်းအဝယ် ပျက်လှသဖြင့် အချို့ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ထိန်းသိမ်းထားရန် လိုမည်ဟူ၍လည်းကောင်း၊ မိမိတို့၌ လက်နက်အင်အားသာသဖြင့် ယင်းသို့ ထိန်းသိမ်းယူငင်ထားရန်လည်း လွယ်ကူကြောင်း အင်္ဂလိပ်နှင့် ပြင်သစ်တို့ သဘောပေါက်၍ လာကြလျက် တစ်စတစ်စဖြင့် လောဘမသိမ်းနိုင်သောကြောင့် ပိုင်နက်ကျယ်ကာ လက်နက်နိုင်ငံ ဖြစ်ထွန်းသည်အထိ ကြီးမွားလာကြသည်။

## မြန်မာနိုင်ငံသို့ ရောက်လာသော ဥရောပတိုက်သားများ

တစ်ဆယ့်ခြောက်ရာစုကစ၍ ပေါ်တူဂီတို့ မြန်မာနိုင်ငံနှင့် အဆက်အသွယ်များခဲ့၏။ ပေါ်တူဂီခေါင်းဆောင် **အယ်လဗူကပ်**သည် ၁၅၁၁ ခုနှစ်ဝယ် မလေးကျွန်းဆွယ်တွင် မလက်ကာကိုသိမ်း၍ အခြေစိုက်ပြီးနောက် တနင်္သာရီ၊ မုတ္တမနှင့် **ပဲခူး**မြို့များသို့ စေတမန်များ စေလွှတ်၍ ရောင်းဝယ်ရေးစကား ကမ်းလှမ်းခဲ့သည်။ **အန်တိုနီကော်ရီယား**က ၁၅၁၉ ခုတွင် ပေါ်တူဂီကိုယ်စား မုတ္တမမြို့စားနှင့် သဘောတူညီချက်ရခဲ့၏။ ထိုအခါမှစ၍ အနှစ်တစ်ရာမျှ ပေါ်တူဂီအရောင်းအဝယ်စခန်း မုတ္တမတွင် ရှိခဲ့၏။ တနင်္သာရီ၌လည်း စခန်းဖွင့်သေးသည်။ တစ်ဆယ့်ခြောက်ရာစု အလယ်မှစ၍ စစ်တကောင်းတွင် ဗဟိုပြု၍ ပေါ်တူဂီ





တို့ အရောင်းအဝယ် အကြီးအကျယ် ဖြစ်ထွန်းခဲ့ရာ မြန်မာနိုင်ငံသို့ သေနတ်အမြောက် များစွာတင်သွင်းခဲ့၏။ ထို့ပြင် ပေါ်တူဂီနိုင်ငံသားတို့ ကိုယ်တိုင်ကလည်း မြန်မာမင်းတို့ထံ၌ သေနတ်အမှုထမ်းအဖြစ်ဖြင့် ဝင်ရောက်ထမ်းရွက်သေးသည်။ တပင်ရွှေထီး လက်အောက်၌ **ဂျိုဝါနောကာယယ်ရော** ခေါင်းဆောင်သည့် ပေါ်တူဂီ အမှုထမ်းခုနစ်ရာ ရှိခဲ့ဖူး၏။ မုတ္တမမြို့စား လက်အောက်၌လည်း **ပေါလိုစေဇာ** ခေါင်းဆောင်၍ ပေါ်တူဂီ အမှုထမ်းအများ ရှိခဲ့၏။ တပင်ရွှေထီးက မုတ္တမကိုတိုက်လျှင် ထို**ကြေးစားစစ်သား**တို့ကိုပင် နှစ်ဖက်စလုံး အားကိုးအားထားပြု၍ သုံးစွဲခဲ့သည်ကို တွေ့ရသည်။ တပင်ရွှေထီး ရခိုင်ကိုတိုက်လျှင် ပေါ်တူဂီ တပ်မှူးသစ်မှာ **ဒီယိုဂိုဆိုဝါရက်ဒေမယ်လို** ဖြစ်သည်။ ထိုင်လန်ကို သွားရောက်တိုက်ခိုက်သောအခါ၌ ထိုင်လန်မင်းတွင် **ဒီရိုဂိုပရေရား** ခေါင်းဆောင်လျက် ပေါ်တူကီတို့ အမှုထမ်းလျက်ရှိသည်ကို တွေ့ရသည်။ ဘုရင့်နောင်လက်ထက်၌ **ဒီယိုဂိုဆိုဝါရက်ဒေမယ်လို** ဆက်လက်စွဲမြဲသည်။ **ဖိလစ်ဒေဗရိတို**ဆိုသူသည် သန်လျင်၌ ၁၆၀၀ ပြည့်နှစ်မှ ၁၆၁၃ ခုနှစ်တိုင် မင်းပြုခဲ့သည်ကိုလည်း တွေ့ရသည်။ ယင်းကို အနောက်ဘက်လွန်မင်းက ဖမ်း၍ ကွပ်မျက်ပြီးနောက် ပေါ်တူဂီ အမျိုးသားတို့ကို **အညာချင်းတွင်း**နှင့် မူးမြစ်ကြားတွင် နေရာချထားပေးခဲ့ရာ ယခုတိုင် ယင်းတို့၏ အမျိုးအဆက်များ ရှိသေးသည်။ မြန်မာကရင်းတို့ကို **ဗရင်ဂျီ** ဟုခေါ်၏။

မြန်မာနိုင်ငံသို့ ခေတ္တအလည်အပတ် ရောက်လာသူများလည်း ရှိသေး၏။ တစ်ဆယ့်သုံးရာစု ကုန်ခါနီးက **မာကိုပိုလို**သည် မြန်မာနိုင်ငံတွင်းသို့ ကိုယ်တိုင်မရောက်သော်လည်း ယူနန်ကနေ၍ သတင်းစကားမေးကာ ပုဂံမြို့တော်အကြောင်းကို မှတ်တမ်းရေးခဲ့၏။ တရုတ်နှင့် မြန်မာတို့နယ်စပ်၌ ၁၂၇၇ ခုတွင် တိုက်ခိုက်ကြပုံ (**ငဆောင်ချမ်းစစ်ပွဲ**မဟုတ်)ကို အသေးစိတ်ဖော်ပြခဲ့၏။ **နီကိုလိုဒီကွန်တီ**ခေါ် ဗဲနစ်မြို့သားသည် မြန်မာနိုင်ငံသို့ ၁၄၃၅ ခုနှစ်၌ ရောက်လာ၏။ ရခိုင်၊ တနင်္သာရီ၊ အဝ၊ သထုံနှင့် ပဲခူးစသော မြို့များကို ရောက်ခဲ့သည်။ **ဂျီနိုဝါ**မြို့သား **ဟာရိုနီမိုဒေစန်တိုစတီဖင်နို**သည် မြန်မာနိုင်ငံသို့ ၁၄၉၆ ခုနှစ်၌ ရောက်လာ၏။ ပဲခူးမင်းကို အလွန်ချီးမွမ်း၍ရေးသည်။ အဝသို့ သွားလိုသော်လည်း ပဲခူး အဝ စစ်ဖြစ်နေ၍ မရောက်နိုင်ခဲ့ချေ။ **ဗိုလုံးနား** မြို့သား **လုဒိုဗီကိုဒီဗာသေမ**သည် ၁၅၀၅–၁၅၀၆ ခုနှစ်များ၌ မြန်မာနိုင်ငံသို့ ရောက်လာကာ တနင်္သာရီနှင့် ပဲခူးသို့ ဝင်သွားသည်။ စည်ပင်သာယာ ဝပြောသည်ကို မြင်တွေ့သွားရ၏။ အင်္ဂလိပ် အမျိုးသားထဲမှ မြန်မာနိုင်ငံသို့ ပထမဦးဆုံး ရောက်လာသူကား

**ရက်ပ်ဖိုက်ချ်** ဖြစ်ပသည်။ နန္ဒဘုရင်လက်ထက် ၁၅၈၆ ခုနှစ်၌ ရောက်လာသည်။ ပုသိမ်၊ မြောင်းမြ၊ ဒလ၊ သန်လျင်၊ ဒဂုန်၊ ပဲခူး စသည့်အရပ်များသို့ရောက်၍ အရောင်းအဝယ်များကို မှတ်သားရေးသားခဲ့သည်။ **ဩဂက်စတင်** ရဟန်းဂိုဏ်းမှ ပေါ်တူဂီ ရဟန်းတော် **ဆီဗက်စတီယန်မင်နရစ်**သည် ရခိုင်သို့ ၁၆၃၀ ပြည့်တွင် ရောက်လာ၍ ထိုနိုင်ငံ၌ ငါးနှစ်နေခဲ့သည်။ ရခိုင်၌ သီရိသုဓမ္မ (၁၆၂၂-၃၈) အုပ်စိုး၍ မြန်မာဘက်၌ သာလွန် (၁၆၂၉-၄၈) အုပ်စိုးသောခေတ်ဖြစ်သည်။ မြို့ဟောင်းအကြောင်းကို သိကောင်းစရာ များစွာရေးသားခဲ့သည်။ မြန်မာနိုင်ငံ ရောက် အခြားဥရောပတိုက်သားတို့ကား ၁၄၇၀ ပြည့်နှစ်က ရောက်လာသော **နီတီကင်**၊ ၁၅၆၈ ခုက ရောက်လာသော **ဆီဇာဖရက်ဒရစ်**နှင့် ၁၅၈၃ ခုနှစ် ရောက် **ဂက်စပါရိုဗာလဗီ**တို့ဖြစ်သည်။

အင်္ဂလိပ်တို့သည် တစ်ဆယ့်ခုနစ် ရာစုဝက်အထိ မြန်မာနိုင်ငံ၌ စိတ်ပါဝင်စားခြင်း မရှိခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံမှ ဟင်းမွှေးပစ္စည်း မထွက်ခြင်းနှင့် မြန်မာနိုင်ငံတွင် ပေါ်တူဂီတို့ များစွာတွင်ကျယ်နေသဖြင့် ယင်းတို့၏ရန်ကို ရှောင်လိုခြင်းပင်ဖြစ်သည်။ ၁၆၁၃ ခုနှစ်က အင်္ဂလိပ်လူမျိုး **ဆမ်မြူရယ်** ဆိုသူတစ်ဦး ပဲခူးသို့ ရောက်လာ၍ ယင်းသေလွန်လျှင် ယင်း၏ ပစ္စည်းများကို သိမ်းယူထားရာ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီက ပြန်၍ ရလို ကြောင်းဖြင့် ၁၆၁၇ ခုနှစ်တွင် **ဖော်ရက်စ်**နှင့် **စတေဗလီ**တို့ကို ပဲခူးသို့ လွှတ်လိုက်၏။ အနောက်ဘက်လွန်မင်းက ထိုသူနှစ်ယောက်ကို ပဲခူးတွင် သုံးနှစ်မျှ နေစေ၍ အင်္ဂလိပ်ကုမ္ပဏီက ပဲခူးတွင် မှန်မှန်လာရောက် ရောင်းဝယ်ဖောက်ကား စေကြောင်းကို သွေးဆောင်ခဲ့သည်။ သို့သော် ကုမ္ပဏီက လိုက်လျောလိုစိတ် မရှိခဲ့ချေ။ ထိုမှ ၁၆၄၇ သို့ ရောက်သောအခါမှ သန်လျင်တွင် အင်္ဂလိပ် ရောင်းဝယ်ရေးစခန်းတစ်ခု ဖွင့်လာသည်။ ဒတ်ချ်က ပြိုင်ဆိုင်နေခြင်းကြောင့်လည်း ကောင်း၊ ကုမ္ပဏီနှင့် မဆိုင်သော အင်္ဂလိပ်ကုန်သည်အချို့က လာရောက် ရောင်းဝယ်နေသဖြင့်လည်းကောင်း မျှော်လင့်သကဲ့သို့ အမြတ်အစွန်းမရှိချေ။ ထို့ကြောင့် သန်လျင်စခန်းကို ပိတ်လိုက်ရပြန်သည်။ ၁၆၇၆ ခုတွင် ဒတ်ချ်တို့က မြန်မာနိုင်ငံသို့ ဆက်လက်မလာတော့သဖြင့် အင်္ဂလိပ်ကုမ္ပဏီသည် မြန်မာနိုင်ငံနှင့် ရောင်းဝယ်ရေး ပြန်လည်စရန် စဉ်းစားပြန်၏။ အင်္ဂလိပ်ကုမ္ပဏီနှင့် ပတ်သက်သော **အာမီနီယန်** ကုန်သည် **ရိုဒရီဂပ်ဇ်** သည် ၁၆၈၂ ခုတွင် မုတ္တမသို့ ရောက်လာ၏။ ယင်းနှင့်တကွ ပါရှိသော ကုန်အားလုံးကို ဖမ်းဆီးသိမ်းယူ ထားခြင်းခံရသဖြင့် ၁၆၉၅-၉၆ ခုနှစ်များတွင် **ဖလိဝတ်** နှင့် **လက်စလီ** တို့ကို





အင်္ဂလိပ်က အဝသို့ စေလွှတ်ခဲ့သည်။ ၁၇၂၃-၃၉ ခုနှစ်များအတွင်း၌ သန်လျင် တွင် အင်္ဂလိပ် ကုမ္ပဏီကလာ၍ သင်္ဘောများ တည်ဆောက်၏။ သို့သော် စရိတ်ကြီးလွန်းကြောင်း တွေ့ရသဖြင့် ထိုကိစ္စကို ရပ်စဲရပြန်သည်။ ၁၇၄၀ ပြည့်မှ ၁၇၅၇ ခုအတွင်းဝယ် မွန်တို့ ဆူပူသောင်းကျန်းကြ၍ သံလျင်တွင်ရှိ သော အင်္ဂလိပ် အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း ခံရသည်။ ၁၇၅၃ ခု၌ **ဟိုင်းကြီးကျွန်း**တွင် အင်္ဂလိပ်တို့ စခန်းဖွင့်လာသည်။ မြန်မာကို လက်နက်ခဲယမ်း ပေးသကဲ့သို့ မွန်ကိုလည်း ပေးသည်ဆိုကာ အလောင်းမင်းတရားက ၁၇၅၉ ခုတွင် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်များကို သတ်ဖြတ်ခဲ့သည်။ ၁၇၆၁ ခုတွင် အဲလဗက်စ်ကို လျော်ကြေးတောင်းရန် လွှတ်လိုက်သောအခါ အလောင်းမင်းတရား လွန်ပြီဖြစ်၍ နောင်တော်ကြီးနှင့် တွေ့ရသည်။ လျော်ကြေးကား မပေး၊ ရန်ကုန်၌ ရောင်းဝယ်ခွင့်ကိုမူပေး၏။ ဤသို့လျှင် ၁၇၉၅ ခုနှစ်တိုင်အောင် မြန်မာအင်္ဂလိပ် ဆက်ဆံရေးတွင် မြန်မာက အထက်စီးနှင့် ဆက်ဆံခဲ့သည်။

## ဥရောပတိုက်သားတို့ အပြင်လောကနှင့် ဆက်ဆံရာ၌ သဘောထားပြောင်းလဲလာပုံ

ရှေးအခါက လမ်းစရှာ၍ အာရှနိုင်ငံများသို့ မရောက်ရောက်အောင် လာကြသည်မှာ အာရှထွက်ကုန်ကို မက်မက်မောမော လိုချင်သောကြောင့် စွန့်စား၍ လာကြခြင်းဖြစ်သည်။ မိမိတို့ မလုပ်တတ်သော ပစ္စည်းကို သုံးစားလို သဖြင့် အဝယ်လာကြရ၏။ ဝယ်၍ရသမျှကို ဥရောပ၌ ပြန်၍ရောင်းလျှင် ဈေး ကောင်းရ၍ ကြီးပွားချမ်းသာနိုင်၏။ အာရှကိုသွားသော ရေလမ်းကိုရှာရင်း အမေရိက တိုက်ကြီးများသို့ မမျှော်လင့်ဘဲ ဆိုက်ရောက်ခဲ့ရာ သဘာဝ သီးနှံ ဖွံ့ဖြိုး၍ ရွှေငွေစသော တွင်းထွက်သတ္တု ပေါသဖြင့် တိုင်းသစ်၊ ပြည်သစ်၊ နိုင်ငံသစ်တည်ရန် အချိုးကျလှသဖြင့် လူအမြောက်အမြား ရွှေ့ပြောင်းသွားကြ သည်လည်းရှိသည်။ ယင်းတို့ နယ်သစ်တည်ထောင်ရေးကို တစ်ဆယ့်ခုနစ်နှင့် တစ်ဆယ့်ရှစ်ရာစုများ၌ အကြီးအကျယ် ဆောင်ရွက်ခဲ့ကြ၏။ ဥရောပတွင် ရစ်ယာဒ် သာသနာဝင် အချင်းချင်းဖြစ်သော်လည်း **ရိုမန်ကက်သလစ်နှင့် ပရိုတက်စ်တင့်** အပြန်အလှန် သတ်ဖြတ်နှိပ်စက်သည်လည်းရှိ၏။ ထို့ကြောင့် လူကျပ်၍ ဆင်းရဲကာ မိမိယုံကြည်ကိုးကွယ်ချင်သလို ကိုးကွယ်ခွင့်မရသော ဥရောပကိုစွန့်၍ ပေါများကြွယ်ဝ၍ စိတ်ကြိုက်နေနိုင်သော အမေရိကတိုက်သို့

အလုအယက် ပြောင်းရွှေ့လာကြ၏။ ဆိုင်ရာ အစိုးရတို့ကလည်း ပြောင်းရွှေ့သွားကြရန် အားပေးသည်။ ထို့ကြောင့် ရှေးအခါက ရောင်းဝယ်၍ အမြတ်အစွန်းရှာရန်လည်းကောင်း၊ အနေအစားချောင်ရာ၌ နယ်သစ်တည်ထောင်၍ နေရန်လည်းကောင်း ဥရောပတိုက်သားတို့ နေရာဟောင်းမှ စွန့်စားထွက်ခွာ၍ လာခဲ့ကြသည်။ အာရှတိုက်၌ တိုင်းရင်းသားတို့ထံ၌ အောက်ကျခံ၍ အရောင်းအဝယ်လုပ်သည်။

ပြင်သစ်တော်လှန်ရေးနှင့် စက်မှုလက်မှု တော်လှန်ရေးတို့ကြောင့် ဥရောပတွင် အနေအထိုင်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အားလုံးပြောင်းလဲလေလျှင် ဥရောပတိုက်သားတို့က အထူးသဖြင့် အာရှတိုက်အပေါ်တွင်ထားရှိသော သဘောထားသည် သိသိသာသာ ပြောင်းလဲခဲ့သည်။ စက်မှုလက်မှုလုပ်ငန်းကြီးများကြောင့် ခနရှင်ကြီးများ ပေါ်လာ၏။ (၁) စက်ရုံကြီးများတွင်သုံးရန် **ကုန်ရိုင်း** ပစ္စည်းကို ဈေးအသက်သာဆုံးဖြင့် ဝယ်လို၏။ (၂) စက်ထွက်ပစ္စည်းများတို့ အပြိုင်အဆိုင် ကင်းမဲ့သော အရပ်၌ ဈေးအများဆုံးယူ၍ ရောင်းလို၏။ (၃) စက်မှုလက်မှု မထွန်းကားသေးသောအရပ်၌ ငွေပင်ငွေရင်း မြှုပ်၍မီးသဘော်ကုမ္ပဏီ၊ မီးရထားကုမ္ပဏီ၊ မီးခြစ်စက်၊ သကြားစက်၊ စပါးစက်၊ ဂျုံစက် စသည်ဖြင့် တည်ဆောက်၍ ငွေရှာလိုကြ၏။ (၄) စက်မှုလက်မှုပြောင်းလဲရေး၏ နောက်ပိုင်း၌ ဥရောပတွင် အဆမတန် လူဦးရေ တိုးပွားလာရာ လူပိုတို့ကို နေရာချထားပေးရန်လည်းလို၏။ (၅) ခရစ်ယာန်သာသနာပြုလိုသော စိတ်ဆန္ဒလည်း ရှေးကထက် ပိုခဲ့၏။ အချုပ်အားဖြင့် အထက်ပါ အချက်ငါးချက်က လှုံ့ဆော်သောကြောင့် ဥရောပ တိုက်သားတို့သည် အာရှတိုက်သားအာဖရိကတိုက်သားတို့တွင်ရှိသော လက်နက်နှင့် စည်းစနစ်ထက် သာလွန်သော လက်နက်နှင့် စည်းစနစ်ကိုသုံး၍ တစ်ကမ္ဘာလုံးကို ခွဲစိတ်ဖြာ လျက်စီးပွားရေးလွှမ်းမိုးရန် အကြံပြုလာ၏။ လက်တွေ့လုပ်လာ၏။ များသောအားဖြင့် နိုင်ငံကိုသိမ်းယူရန်ထက် တိုင်းရင်းသားမင်း အထက်က ဩဇာပေး၍ စီးပွားရေးလွှမ်းမိုးရန် ကြိုးစား၏။ ဩဇာမခံသောမင်းနှင့် ကြုံကြိုက်သောအခါတွင်မှ မင်းကိုဖမ်း၍ နိုင်ငံကို သိမ်းယူရလေသည်။

* * *



# အပိုင်း (၂)

# တစ်ဆယ့်ကိုးရာစု

# (က)

## တော်လှန်ရေးသဘော အယူအဆများ ပြန်လည်ထွန်းကား၍ လိုက်လျောညီညွတ်ရေး ဝါဒနှင့် ခေတ်သစ်နိုင်ငံ ဖွဲ့စည်းပုံ ဥရောပ၌ ပေါ်လာခြင်း။ အီတလီနှင့် ဂျာမနီနိုင်ငံ သီးခြားများအဖြစ်ဖြင့် စည်းလုံးညီညွတ်လာခြင်း

### မက်တာနစ်ဝါဒ

နပိုလီယန် (၁၈၁၄–၁၅) ၌ ပျက်စီးလျှင် **ဗီယာနာကွန်ဂရက်** ခေါ်ယူ၍ ဥရောပကို ပြန်လည်နေရာချထားကြ၏။ **ဩစတြီးယားမှ** နိုင်ငံခြားရေးဝန်ကြီး **မက်တာနစ်**မင်းသားက အစစတွင် ခေါင်းဆောင်ရကား ၁၈၁၅–၃၀ ခုနှစ်ကို **မက်တာနစ်ခေတ်**ဟူ၍ပင် ခေါ်စမှတ်ပြုကြ၏။ **မက်တာနစ်ဝါဒ**ကို အချုပ်အားဖြင့် ဖော်ပြရလျှင် ထင်ရှားသော သဘောသုံးမျိုးကို တွေ့ရ၏။ ယင်းတို့ကား

(၁) နိုင်ငံရေးတွင် သက်ဦးဆံပိုင် ဘုရင်စနစ်ကို ထောက်ခံရန်

(၂) အမျိုးသားစိတ်ဓာတ်များကို ချိုးနှိမ်ရန်နှင့်

(၃). ဗီယာနာ ကွန်ဂရက်တွင် ဆုံးဖြတ်ထားခဲ့သည့် နယ်နိမိတ် ခွဲခြားထားခဲ့သည်များကို လိုအပ်လျှင် အကြမ်းဖက်၍ပင် လိုက်နာကြစေရန်တို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် တစ်နည်းပြောရလျှင် ပြင်သစ်တော်လှန်ရေးနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော ဖောက် ပြန်ရေးဝါဒပင် ဖြစ်ပါသည်။ မက်တာနစ်ဝါဒကို ဆန့်ကျင်

လျက် **လိုက်လျောညီညွတ်ရေးဝါဒ** ဟူ၍ ပေါ်လာသည်။ လူပုဂ္ဂိုလ်တစ်ဦးစီသည် လွတ်လပ်စွာ စိတ်ကြိုက် ကျင့်ကြံယုံကြည် ဆောင်ရွက်ခြင်းကို အားပေးသည်။ မျိုးချစ်စိတ် ထက်သန်လာခြင်းကို ထောက်ခံသည်။ ထိုဝါဒကို (၁) ပညာတတ်လူတန်းစား၊ မျိုးချစ်စိတ် ပြင်းပြသူနှင့် ပြင်သစ်တော်လှန်ရေးမှ စခဲ့သော **လွတ်လပ်ရေး၊ ညီမျှရေး၊ ညီညွတ်ရေး** စသော အယူအဆတို့နှင့် စိတ်ကူးယဉ်နေသူများက လည်းကောင်း၊ (၂) စက်မှုလက်မှု တော်လှန်ရေးကြောင့် စီးပွားဥစ္စာ ဖြစ်ထွန်းလာလျက် တစ်ဖက်မှ စီးပွားရေးတက်သည်နှင့်အမျှ နိုင်ငံရေးအာဏာရလိုစိတ်ရှိလာသော ဘူဇွာလူတန်းစားကလည်းကောင်း ထောက်ခံကြ၏။ တစ်ဆယ့်ကိုးရာစု ရာဇဝင်ကား တိုးတက်ရေးဝါဒနှင့် ဖောက်ပြန်သောဝါဒ အားပြိုင်တိုက်ခိုက်သော ရာဇဝင်ပင် ဖြစ်ပါသည်။

## ဗီယာနာကွန်ဂရက်

မက်တာနစ်အပြင် **ဗီယာနာကွန်ဂရက်**တွင် အရေးပါသော ခေါင်းဆောင်များကား ပြင်သစ်မှ **တယ်လီရန်**၊ **ပရပ်ရှားမှ ဟာဒင်ဘာ့ခ်**နှင့် ရုရှားမှ **နက်ဆယ်ရုတ်** နှင့် **ရဆိုမော့ဖ်စကီ**နှင့် အင်္ဂလန်မှ **ကဆယ်ရေး**နှင့် **ဝဲလင်တန်**တို့ ဖြစ်ပါသည်။ ထို့ပြင် ရုရှားဇာဘုရင် **အလီဇန်ဒါ ၁** သည်လည်းကောင်း၊ ဩစတြီးယားမှ ဧကရာဇ် **ဖရန့်စစ် ၁** သည်လည်းကောင်း၊ ပရပ်ရှားမှ **ဘုရင်ဖရက်ဒရစ်ဝီလီယမ်** သည်လည်းကောင်း ကွန်ဂရက်တွင် တက်ရောက်သည်ကို တွေ့ရသေး၏။ အားလုံးက နည်းဟောင်းကို ပြန်၍တည်ဆောက်ရန် အားသန်ကြ၏။ ၎င်းတို့၏ ဆောင်ပုဒ်ကား **အမျိုးအဆက်အားဖြင့်သာ ရယူခွင့်နှင့် လျော်ကြေးခံစားခွင့်**ပင်ဖြစ်သည်။ အမျိုးအဆက်အားလျော်စွာ ရယူခွင့်ဟူရာ၌ **နပိုလီယန်**က ရှေးမင်းများကို နှုတ်သိမ်း၍ မင်းသစ်များ ခန့်ထားခဲ့ဖူးရာ ၁၇၉၂ ခုနှစ်က ရှိခဲ့သော မင်းရိုးအတိုင်း ပြန်လည်ခန့်ထားရန်ပင်ဖြစ်၍ ထိုအခါက ပိုင်နက်အတိုင်း စိုးပိုင်ခွင့်ပေးရန်လည်း ပါသည်။ စင်စစ် ဤသဘောကို ပြင်သစ်က ထွင်ခြင်းဖြစ်သည်။ ပြင်သစ်က စစ်ရှုံးသော်လည်း ဤသဘောတရားအရ ရှေးနယ်နိမိတ်အတိုင်း နယ်မြေပြန်ရဖွယ်ရှိ၏။ သို့သော် အင်္ဂလန်ကဲ့သို့ စစ်နိုင်၍ အမြတ်ထုတ်လိုသူတို့က လျော်ကြေးခံစားခွင့်သဘောကို သွင်းလာ၍ အချို့ သိမ်းထားသော နယ်မြေများကို ပိုင်ရှင်ဟောင်းသို့ ပြန်၍မအပ်ဘဲ နေလေသည်။ ဤနည်းဖြင့် ပြင်သစ်နှင့် ဒတ်ချ် **လက်အောက်ခံနယ်**များကို





အင်္ဂလိပ်က ရလိုက်၏။ **ဟော်လန်**က ဩစတြီးယားပိုင် **နယ်သာလင်ခေါ် ယခု ဘဲလဂျီယမ်**ကို သိမ်းယူရ၏။ ဩစတြီးယားက အီတလီတွင် **ဗီနီရှား**နှင့် **မီလန်**ကိုရ၏။ ဩစတြီးယားက **တပ်စကာနီ၊ မိုဒီနား**နှင့် **ပါမား** ကိုရ၏။ သုံးဆယ့်ရှစ်ပြည်ထောင်ပါသော **ဂျာမနီပြည်ထောင်စု** ဖြစ်လာသည်။ ပရပ်ရှားက **ဆက်ဇိုနီ** တစ်ခြမ်းနှင့် **ရိုင်မြစ်ရိုး**မှ နယ်မြေအချို့ကိုရသည်။ **ဆွီဒင်**က **ဖင်လန်**ကို ၁၈၀၉ ခုနှစ်မှစ၍ ရုရှားသို့ ပေးလိုက်ရသဖြင့် အစားသဘော **နော်ဝေ** ကိုရသည်။ အမျိုးသားစိတ်ဓာတ်ကို လုံးဝဂရုမပြုသောကြောင့် တစ်ဆယ့်ကိုးရာစုတွင်းမှာ ပုန်ကန်ထကြွခြင်းများစွာ တွေ့ရတော့သည်။ **ဗီယာနာကွန်ဂရက်**မှ ဆုံးဖြတ်ချက်များကို လိုက်နာဖြစ်အောင် ဆောင်ရွက်ရန် မဟာမိတ်အဖွဲ့နှစ်ဖွဲ့ ပေါ်လာ၏။ ပထမအဖွဲ့ကို ရုရှားမှ သာသနာရေးစိတ်ထက်သန်သူ **အလီဇန်ဒါ ၁** က လှုံ့ဆော်သဖြင့် ပေါ်လာရသောကြောင့် **မွန်မြတ်သော မဟာမိတ်အဖွဲ့**ဟု ခေါ်စမှတ်ပြု၍ ရုရှား၊ ဩစတြီးယားနှင့် ပရပ်ရှားတို့မှာ အဖွဲ့ဝင်များဖြစ်ပါသည်။ ဤအဖွဲ့က ခရစ်ယာန် သာသနာရေး၏ အချုပ်ဖြစ်သော တရားမျှတမှု၊ ကြင်နာမှု၊ ငြိမ်းချမ်းမှုကို ရှေးရှုမည်ဆိုသော်လည်း လက်တွေ့တွင် ဖိနှိပ်ချုပ်ချယ်ခြင်း၊ ရက်စက်ခြင်းများကိုသာ တွေ့ရသည်။ ဤအဖွဲ့တွင် အင်္ဂလန်လည်း တစ်ချိန်က ပါခဲ့သေးသည်။ အဖွဲ့ဝင်များက အကြိမ်ကြိမ် ကွန်ဂရက်ခေါ်၍ တိုးတက်သော အယူအဆများကို ထိရောက်အောင် နှိပ်ကွပ်ကြ၏။ လက်နက်အားပေါင်း၍ နိုင်ငံတစ်ခု၏ အတွင်းရေးကိုပင် ဝင်၍ စွက်ဖက်နှိပ်ကွပ်ပေးရန် ပြင်ဆင်သည်။

## ဖောက်ပြန်ရေးသမားတို့ အနိုင်ရခြင်း

ပြင်သစ်ပြည်တွင် ၁၈၁၄ ခုနှစ်ကစ၍ **ဥပဒေအရ အုပ်စိုးသောမင်း** စနစ်ကို အင်္ဂလန်နိုင်ငံ မှာကဲ့သို့ ထွင်၍ **လူဝီ ၁၈** ကို မင်းမြှောက်ကြသည်။ တော်လှန်ရေးအတွင်းက ထွက်ပြေးခဲ့ရသော အထက်တန်းစားတို့က ပြန်လာ၍ **ကလဲ့စား**ချေရေးကို မှတည်လျက် တော်လှန်ရေး၏ လက်ရာခြေရာ မှန်သမျှကို အမြစ်ကပါ လှန်၍ ဖျက်ပစ်ရန် အားထုတ်ကြ၏။ ပြည်သူအများကမူ ငြိမ်းချမ်းရေးကိုသာ လိုချင်သဖြင့် ဓနပဒ်ဖြန့်ဆိုရေးကို လက်သင့်ခံရန် ဝန်မလေးချေ။ ၁၈၂၀ ပြည့်နှစ်ကျော်လျှင် သတင်းစာများကို ဖိနှိပ်ခြင်း၊ ပြည်သူ့အခွင့်အရေးများကို ရုပ်သိမ်းခြင်း၊ လျှို့ဝှက်စုံစမ်း ထောက်လှမ်းရေးများပြုခြင်း၊ ပစ္စည်းဥစ္စာ မည်မျှချမ်းသာမှ

မဲပေးနိုင်သည်ဟု မူလကန့်သတ်ချက်တွင် ပစ္စည်းအဆင့်အတန်းကို ပို၍မြင့်လိုက်သဖြင့် မဲပေးနိုင်သူ နည်းသွားခြင်း၊ စပိန်၌ ၁၈၂၃ ခု တိုးတက်သောဝါဒဖြင့် တော်လှန်ကြသည်ကို ပြင်သစ်စစ်တပ် လွှတ်၍ နှိပ်ကွပ်ပေးခြင်းတို့ ပြုလုပ်ခဲ့၏။ လူဝီမင်း ကွယ်လွန်၍ ၁၈၂၄ ခုတွင် **ချာလေ ၁၀** မင်းဖြစ်လျှင် ပို၍ပင် ဖောက်ပြန်သော နှိပ်ကွပ်ခြင်းများ ပြုသေး၏။ တော်လှန်ရေးခေတ်က ပစ္စည်းပျက်သူများကို လျော်ကြေးပေး၏။ **ဂျက်စဝတ်** ရဟန်းတို့ လက်တွင်းသို့ ပညာရေးကို လုံးဝပုံ၍အပ်၏။ ၁၈၃၀ သို့ရောက်လျှင် မကျေနပ်မှုများ ပေါက်ကွဲတော့မည့်အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။

စပိန်တွင် တိုးတက်သောအမြင်ရှိသည့် အစိုးရကို ပြင်သစ်စစ်တပ်က ဝင်၍တိုက်ထုတ်ပေးကာ **ဖာဒီနန် ၇** ကို ဘုရင်ပြန်၍ ၁၈၂၄ ခုတွင် ခန့်ထားခဲ့သည်မှာ ၁၈၃၃ ခု ဖာဒီနန် သေဆုံးသည့်အထိ တိုးတက်ရေး မှန်သမျှကို ရက်စက်စွာ နှိပ်ကွပ်ပေးခဲ့သဖြင့် ပြည်တွင်းစစ် ဖြစ်ခဲ့ရသည်။ နပိုလီယန်ခေတ်ကစ၍ တောင်အမေရိကတွင်ရှိသော စပိန်လက်အောက်ခံ ပြည်နယ်များသည် လွတ်လပ်ရေးရခဲ့ကြရာ မက်တာနစ်ဝါဒအရဆိုလျှင် စပိန်က ပြန်လည်အုပ်ချုပ်ရန်ရှိသော်လည်း အင်္ဂလိပ် ရေတပ်မရှိလျှင် ယင်းကိစ္စ အောင်မြင်အောင် စွမ်းဆောင်နိုင်မည် မဟုတ်သဖြင့် အင်္ဂလိပ်ကို ကူညီရန် သွေးဆောင်သော်လည်း အင်္ဂလိပ် နိုင်ငံခြားရေးဝန် **ကဆယ်ရေး**နှင့် ၁၈၂၂ မှစ၍ **ကဲနင်း**တို့က တောင်အမေရိက လွတ်လပ်ရေးရထားလျှင် အင်္ဂလန်အတွက် စီးပွားရေးနယ်ပို၍ ကျယ်နိုင်အံ့ဟု မျှော်လင့်ချက်ထားသဖြင့် မက်တာနစ်ဝါဒသို့ မပါဘဲရှိလေသည်။ ယင်းကို အခွင့်ကောင်းယူ၍ ကဲနင်း၏ သဘောတူညီချက်ကိုယူကာ အမေရိကန်ပြည်ထောင်စု သမ္မတ **ဂျိန်းမန်ရိုး**က ကမ္ဘာသစ်တွင် ကမ္ဘာဟောင်းလာ၍ မစွက်ရဟူသော **မန်ရိုးသဘောတား ကြေညာချက်**ကို ထုတ်ပြန်ခဲ့လေသည်။

ပေါ်တူဂီတွင် နပိုလီယန်ကြောင့် မင်းထွက်ပြေးနေရပြီး နောက်နပိုလီယန်ကို ခုခံချိန်မှစ၍ အင်္ဂလန်က ထိန်းသိမ်းလာခဲ့ရာ ၁၈၂၀ တွင် တိုးတက်သော ဝါဒသမားတို့ အစိုးရအာဏာရပြီး ဥပဒေအရ အုပ်စိုးသော မင်းအဖြစ်ဖြင့် **ဂျွန် ၆** ကို ၁၈၂၂ ခုတွင် ထွက်ပြေးနေရာမှ ပြန်ခေါ်၍ မင်းမြှောက်ကြသည်။ သို့သော် သားတော် **ဒွန်မိဂွယယ်**က ဖောက်ပြန်ရေးဝါဒသမားဖြစ်၍ ဆူပူလာခဲ့ရာမှ ၁၈၂၈ ခုတွင် အစိုးရ အာဏာရလာရာ ၁၈၃၄ ခုတွင် နှင်ထုတ်ခြင်းခံရသည်အထိ ဖိနှိပ်ချုပ်ချယ်ခြင်းများ ပြုခဲ့သည်။

အင်္ဂလိပ်သည် စပိန်နှင့် ပေါ်တူဂီ လက်နက်နိုင်ငံပျက်သည်ကို အခွင့်





ကောင်းယူ၍ စီးပွားရေး နယ်ချဲ့ရန် အားသန်လျက်ရှိသောကြောင့် မန်ရိုးသဘောတား ကြေညာချက်ကို ထောက်ခံခဲ့သည်။ ထို့ကြောင့် တိုးတက်ရေးဝါဒကို လက်ခံသကဲ့သို့ရှိသည်။ တစ်ဆယ့်ခုနစ်ရာစုက ပါလီမန်စနစ်ကို တီထွင်ခဲ့သဖြင့် တစ်ဆယ့်ရှစ်ရာစုတွင် ဥရောပမှ နိုင်ငံရေးသဘောတရား လေ့လာသူတို့က အင်္ဂလန်ကို တိုးတက်ရေး စံနမူနာအဖြစ်ဖြင့် ညွှန်ကြားပြောဆိုခဲ့ကြ၏။ သို့သော်လည်း လက်တွေ့ကိုကြည့်၍ ပြောရလျှင် အင်္ဂလန်သည် ပြင်သစ်တော်လှန်ရေးအချိန်က တော်လှန်ရေးရောဂါ အင်္ဂလန်သို့ ကူးစက်လာမည်ကို အထူးထိတ်လန့်လျက် ဖိနှိပ်ရေး များစွာလုပ်ခဲ့သည်။ နပိုလီယန် ကျဆုံးပြီးနောက် ၁၈၁၅–၂၂ ခုနှစ်များအတွင်းကလည်း ရှေးရိုးဝါဒပင် ထွန်းကား၏။ ပြည်သူလူအများ၏ စီးပွားရေး အကျပ်အတည်းကို ဖြေရှင်းရန် ဘာတစ်ခုမျှ မလုပ်ပေးခဲ့ချေ။ ဆူပူလာကြလျှင် ၁၈၁၇ ခုနှစ်က ပြည်သူ့အခွင့်အရေးတွင် အရေးကြီးဆုံးဖြစ်သော **ရှေ့တော်သွင်း ဥပဒေ**ကိုပင် ယာယီရုပ်သိမ်းထားခဲ့သည်။ ၁၈၁၉ ခုတွင် **မန်ချက်စတာ**၌ လူထုအစည်းအဝေးကြီးကို စစ်သားများက ပစ်ခတ်၍ လူစုခွဲခဲ့သဖြင့် **မန်ချက်စတာ လူသတ်ပွဲ** ဟူ၍ပင် ခေါ်စမှတ်ပြုကြ၏။ လိုက်လျောညီညွတ်ရေးဘက်တွင် (၁) **တိုးတက်ရေး အမြင်ရှိသည့် ပညာတတ်လူတန်းစား၊** (၂) လူတန်းစေ့ အခွင့်အရေးများ မရရှာသော **ရိုမန်ကက်သလစ်** သာသနာဝင်များ၊ (၃) **အင်္ဂလီကန်** သာသနာဝင် မဟုတ်သဖြင့် လူတန်းစေ့ အခွင့်အရေးများ မရသော အခြား **ပရိုတက်စတင့်** သာသနာဝင်များနှင့် (၄) စီးပွားတိုးတက် ကြီးပွားလာသော်လည်း နိုင်ငံရေးအာဏာ မရရှာသေးသော **ဘူဇွာ**ခေါ် မြို့နေရှင်များ ဖြစ်ပါသည်။ အင်္ဂလန်တွင် ၁၈၁၅ ခုနှစ်သို့ရောက်လျှင် **စက်မှုလက်မှု တော်လှန်ရေး**မှာ များစွာတိုးတက်လျက်ရှိပြီးဖြစ်ရာ မြို့နေရှင်လူတန်းစားသည် များစွာကြီးပွားလာပြီဖြစ်သဖြင့် ယင်းတို့ကို အကြာအရှည်ဟန့်တား၍ ထားနိုင်မည်မဟုတ်ချေ။ ၁၈၂၂–၃၂ ခုနှစ်များသို့ရောက်လျှင် လိုက်လျောညီညွတ်ရေးဘက်မှ တဖြည်းဖြည်း အလေးသာလျက် ရှိသည်ကို တွေ့ရ၏။ နိုင်ငံခြားရေးဝါဒမှစ၍ ပြောင်းလဲခြင်းပြုသည်။ အလုပ်သမားသမဂ္ဂမဖွဲ့ရဟူသော ဥပဒေကို ၁၈၂၅ ခုနှစ်၌ ဖျက်ခဲ့ရ၏။ **ပရိုတက်စတင့်ဂိုဏ်းကွဲများ**ကို လူတန်းစေ့ အခွင့်မပေးဘဲထားသည့် ဥပဒေများကို ၁၈၂၈ ခုနှစ်၌ ဖျက်သိမ်းသည်။ နောက်တစ်နှစ်ဖြစ်သော ၁၈၂၉ ခုနှစ်တွင် ရိုမန်ကက်သလစ်များကို လူတန်းစေ့ အခွင့်မပေးဘဲထားသည့် ဥပဒေများကို ဖျက်ပေးသည်။ ပါလီမန် ရွေးကောက်ပွဲနှင့် ပတ်သက်၍ မတရားမှုများ ရှိနေသဖြင့် **ပါလီမန်ကို**

**ပြုပြင်ရန်** လှုံ့ဆော်လာကြပြန်ရာ သဘောအားဖြင့် ပါလီမန်သည် ပြည်သူ့ကိုယ်စားလှယ်အစစ် ဖြစ်ရမည်ဟု တောင်းဆိုလာကြရာ တောင်းတိုင်း ချက်ချင်းမလိုက်လျောနိုင်သေးသော်လည်း ပထမ **ပြုပြင်ရေးဥပဒေ**ကို ၁၈၃၂ ခုတွင် တင်သွင်းအောင်မြင်ခဲ့သည်။

ရုရှားမှ ဇာဘုရင် အလီဇန်ဒါ ၁ သည် လိုက်လျောညီညွတ်ရေးဝါဒကို များစွာလက်ခံနိုင်သူဖြစ်သော်လည်း မက်တာနစ်နှင့် တွေ့ဆုံပြီးနောက် ဖောက်ပြန်ရေးဝါဒီဖြစ်၍ သွားပါသည်။ စင်စစ် ဥရောပတွင် ရုရှားသည် ခေတ်နောက်အကျဆုံးဖြစ်သဖြင့် **ဒီမိုကရေစီ** ပြုပြင်ရေးများကို လက်မခံနိုင်သေးချေ။

ဥရောပ အလယ်ပိုင်း၌ကား မက်တာနစ် ဩဇာအရှိဆုံးဖြစ်၏။ လွတ်မြောက်ရေးနှင့်ဆိုင်သော **အသစ်အဆန်း** မှန်သမျှကို ဖိနှိပ်ဖျက်ဆီး၏။ သတင်းစာတိုက်များ ရေးချင်တိုင်း မရေးရချေ။ စာသင်ကျောင်းများကိုလည်း သက်ဦးဆံပိုင်စနစ်ကို ထောက်ခံသော စာပေကိုသာ သင်စေ၏။ ထို့ကြောင့် ဂျာမနီတွင် လျှို့ဝှက်သင်းများ ပေါ်လာရသည်။ တိုးတက်ရေးဝါဒများကို လုံးဝဖျက်ဆီး၍ကား ရနိုင်မည်မဟုတ်ချေ။ အီတလီ၌လည်း အလားတူ လျှို့ဝှက်သင်းများပေါ်လာသည်။ ဩစတြီးယားက ဝင်၍နှိမ်နင်းပေးလေသည်။

## မက်တာနစ်ဝါဒကျဆုံးခြင်း (၁၈၂၂–၃၀)

မက်တာနဒ်ဝါဒ ကျဆုံးခြင်းအကြောင်းရင်းများတွင် အရေးအပါဆုံးအကြောင်းကား အင်္ဂလိပ်က သူတစ်ပါးနိုင်ငံ အတွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရဟူသော ၁၈၂၂ ခု အင်္ဂလိပ် နိုင်ငံခြားရေးဝန်ကြီး ကဲနင်း ထွင်လိုက်သည့်ဝါဒပင် ဖြစ်ပါသည်။ ထိုဝါဒကို အင်္ဂလိပ်က ထွင်ခြင်းကား စင်စစ် မဟာကရုဏာနှင့် နိုင်ငံရေးအဘိဓမ္မာ၏ မှန်မြတ်သော သဘောထားကြောင့် မဟုတ်ချေ။ စီးပွားရေး နယ်ချဲ့နိုင်ခွင့်ရှိမည်ဟု မျှော်လင့်သောကြောင့် တီထွင်လိုက်ခြင်းပင်ဖြစ်သည်။

ဒုတိယအကြောင်းကား **တူရကီ** လက်အောက်မှ **ဂရိ** တို့က ၁၈၂၁ **ခုနှစ်ကစ၍** လွတ်လပ်ရေးရရန် သူပုန်ထခြင်းပင် ဖြစ်ပါသည်။ ဖောက်ပြန်ရေး**ဝါဒအရဆိုလျှင်** သူပုန်ကို ဝိုင်း၍နှိမ်ပေးရမည်ဖြစ်၏။ သို့သော် ဥရောပတိုက်**သားက** သူပုန်ဖြစ်၍ အာရှတိုက်သားက အရှင်သခင် ဖြစ်နေသောအခါ၌ **သူပုန်ကိုသာ** ကူညီလိုကြသဖြင့် မက်တာနစ်ဝါဒကို ဘေးချိတ်လျက် ၁၈၂၇





ခုနှစ်တွင် ဂရိကို အင်္ဂလိပ်၊ ပြင်သစ်နှင့် ရုရှားတို့က ကူကြလျက် ၁၈၂၉ ခုနှစ်တွင် **အဒရီယာနောပဲ** စာချုပ်ဖြင့် ဂရိလွတ်လပ်ရေးကို အသိအမှတ်ပြုကြလေသည်။

မက်တာနစ် ဝါဒအရ **အမျိုးအဆက်အားဖြင့်သော ရယူခွင့်**တွင် နမူနာပြောရလျှင် အီတလီ၌ ဩစတြီးယားပိုင်နက် ရှေးကရှိဖူးရာ ယခု အီတလီက လွတ်မြောက်ရေးတောင်းလျှင် ထိုအမျိုးသားစိတ်ဓာတ်ကို ဝိုင်း၍ ချေမှုန်းနှိမ်နင်းကာ လွတ်လပ်ရေး မပေးရဟူသော သဘောအယူအဆပါ၏။ ထိုသဘောအတိုင်း လက်တွေ့လည်း ဆောင်ရွက်၏။ ထိုသို့အမျိုးသားစိတ်ဓာတ်ကို ချိုးနှိမ်လွန်းသဖြင့် ၁၈၃၀ ပြည့်နှစ်တွင် ဥရောပတိုက် နေရာများစွာ၌ သူပုန်ထ၏။ ပြင်သစ်တွင် **ချာလေ ၁၀ က ဓူလိုင်အမိန့်တော်**ကို ထုတ်ပြန်ရာတွင် (၁) စာပုံနှိပ်တိုက်ကို ထပ်မံချုပ်ချယ်ခြင်း၊ (၂) လိုက်လျောညီညွတ်ရေး ဝါဒီများပါလာသည့် **အတိုင်ပင်ခံအဖွဲ့သစ်**ကို ဖျက်သိမ်းခြင်း၊ (၃) **မဲပေးနိုင်သူ** အရေအတွက်ကို လျှော့ခြင်းနှင့် (၄) ဖောက်ပြန်ရေးဝါဒီ အများစုရအောင် ရွေးကောက်ပွဲသစ်လုပ်ခြင်းတို့ ပါဝင်လေသည်။ **ဘူဇွာ** ခေါ်သော ဘဏ်သူဌေး၊ စက်သူဌေးနှင့် ကုန်သည်ကြီးတို့က တိတ်တဆိတ် ငွေကြေးထောက်ပံ့ လှုံ့ဆော်ပေးခြင်းဖြင့် **ပါရီမြို့**တော်တွင် သူပုန်ထ၏။ ချာလေ ၁၀ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ဥပဒေအရ အုပ်စိုးသော မင်းအဖြစ်ဖြင့် **ဩလင်းမြို့စား** **လူဝီဖိလိပ်**ကို မင်းမြှောက်ကြသည်။ **ဘူဇွာ**တို့ နိုင်ငံရေးအာဏာ ရလာကြ၏။ ပြင်သစ်၌ "ဓူလိုင်တော်လှန်ရေး" အောင်မြင်လျှင် ဥရောပ အနှံ့ သူပုန်များပေါ်လာသည်။ ဒတ်ချ်ကို ဘဲလဂျီယမ်က ပုန်ကန်၍ ၁၈၃၁ ခု အောက်တိုဘာလတွင် လွတ်လပ်ရေးကြေညာသည်။ အီတလီ၌ ရဟန်းမင်းနှင့် **ဟက်စဗတ်မင်း**ကို တော်လှန်ကြ၏။ သို့သော် မက်တာနစ်က အမြန်ဆုံး နှိမ်နင်းနိုင်ခဲ့သည်။ ပိုလန်က ရုရှားကို တော်လှန်သည်မှာလည်း မအောင်မြင်ချေ။ တိုးတက်ရေးဝါဒ အောင်မြင်ရန် ခက်ခဲသေး၏။ သို့သော် လုံးဝချေမှုန်းပစ်ရန် မဖြစ်နိုင်သောအခြေသို့ ရောက်ခဲ့ချေပြီ။

## လိုက်လျောညီညွတ်ရေးဝါဒ ထွန်းကားလာခြင်း

အင်္ဂလန်နှင့် ပြင်သစ်တွင် ၁၈၃၀–၄၈ ခုနှစ်များကို **ဘူဇွာ**ခေတ်ဟု ခေါ်နိုင်ပါသည်။ အရောင်းအဝယ်နှင့် စက်မှုလက်မှု အလွန်ကြီးပွားဆဲဖြစ်သည်။

သို့သော် စက်မှုတော်လှန်ရေး ကောင်းစွာမရသေးသော ဥရောပ အလယ်ပိုင်း၌ကား မက်တာနစ် ခေတ်အတွင်းမှာပင် ရှိသေးသဖြင့် သက်ဦးဆံပိုင် ဘုရင်စနစ်ခေါ်သော ခေတ်လယ်၏ အကြွင်းအကျန် ရှိနေသေးပေသည်။ ဆင်းရဲသားနှင့် သူဌေး ခြားနားချက် သိသာလာ၍ လူဆင်းရဲအများစုက ဒီမိုကရေစီကို သက်ဝင်ယုံကြည်၍ လာကြသည်။ သို့သော် အုပ်ချုပ်သော အစိုးရများက အများဆန္ဒကို မထီမဲ့မြင် နေနိုင်သေး၏။ အရေးပါသော တောင်းဆိုချက်များကား (၁) အမျိုးသားရေးတွင် မိမိကြမ္မာကို မိမိဖန်တီးခွင့် (အီတလီ၊ ဟန်ဂေရီ၊ ပိုလန်နှင့် အိုင်ယာလန်တို့က လူမျိုးခြားမင်းကို အလိုမရှိ)၊ (၂) နင်းပြားလူတန်းစားက လူတန်းစေ့ နေနိုင်ရေး (အင်္ဂလန်၊ ပြင်သစ်တွင် လှုပ်ရှားမှုရှိသည်)၊ (၃) ဒီမိုကရေစီ အောင်မြင်ရေး (အင်္ဂလန်နှင့် ပြင်သစ်)နှင့် ဥပဒေစိုးမိုးရေး (ဩစတြီးယား၊ ဂျာမနီ)တို့ပင် ဖြစ်ပါသည်။ ပါရီ၏ ၁၈၄၈ **ဖေဖော်ဝါရီတော်လှန်ရေးမှ** ကူးစက်၍ ဥရောပ အနှံ့ ဆူပူသောင်းကျန်းလာကြပြန်သည်။ အောင်ပွဲမရကြသော်လည်း **ခေတ်ဟောင်းကုန်၍ ပြုပြင်ရေးခေတ်သို့** ရောက်ကြောင်း ပြလျက်ရှိပါသည်။

## အင်္ဂလန်၏ ပြုပြင်ရေးများ

အင်္ဂလန်၌ ၁၆၈၉ ခုနှစ်အထိ သာသနာယုံကြည်မှု တစ်မျိုးတည်းဖြစ်ရမည်ဟု ပြဋ္ဌာန်းခဲ့၏။ အစိုးရ အသိအမှတ်ပြုသော ဂိုဏ်းဝင်မဟုတ်လျှင် အစိုးရ ရာထူးယူခြင်း၊ စစ်မှုထမ်းခြင်း၊ မဲပေးခြင်း စသည်တို့ မလုပ်နိုင်ဟု လူတန်းစေ့ အခွင့်အရေး မပေးဘဲ ထားခဲ့၏။ တစ်ဆယ့်ရှစ်ရာစုသို့ရောက်လျှင် တစ်မျိုးတစ်စားတည်းမဖြစ်လျှင် နှိပ်ကွပ်မည်ဟူသောဝါဒ မမှန်ကြောင်း တစ်စတစ်စ မြင်လာလျက် ၁၈၂၈ နှင့် ၁၈၂၉ ခုနှစ်များတွင် ယခင် ကန့်သတ်သော ဥပဒေများကို ဖျက်ခဲ့၏။ ၁၈၅၈ ခု ဂျူးလူမျိုးကိုပင် ရာထူးယူခွင့် ပေးခဲ့သည်။ ပါလီမန်သည် လူအများစု၏ တကယ့်ကိုယ်စားလှယ်အဖွဲ့ကြီး ဖြစ်လာရန် မဲပေးခွင့်ဦးရေ တိုးပေးရမည်။ မဲဆန္ဒနယ် သတ်မှတ်ပုံ ပြုပြင်ရမည်၊ ရွေးကောက်ပွဲ မှန်မှန်လုပ်ပေးရမည်ဟူ၍ တောင်းဆိုလာကြသည်။ လူလတ်တန်းစားက ပြုပြင်ရေးကို လိုလားရာ ဝှစ်ပါတီက ပြုပြင်ရေး ကြွေးကြော်လာသည်။ နောက်ဆုံး၌ ၁၈၃၂ ခုတွင် **ပြုပြင်ရေးဥပဒေ** အတည်ဖြစ်လာ၏။ လူမပြည့်ဘဲ မဲဆန္ဒနယ်လုပ်၍ထားသော ၄၈ နယ်ကို ဖျက်ရသည်။ အခြားနယ် ၃၀ ကို





နီးစပ်ရာပေါင်း၍ နယ်သစ်ဖွဲ့ပေးရသည်။ ယခင်က မည်မျှချမ်းသာစီးပွားရှိသူမှ မဲပေးရမည်ဟု ပစ္စည်းကန့်သတ်ချက်ကို အနည်းငယ်မျှ ပြင်ပေးသဖြင့် ယခင် လူတစ်ရာလျှင် သုံးရာနှုန်းသာ မဲပေးနိုင်သော်လည်း ယခု ပြုပြင်လိုက်သဖြင့် ငါးရာနှုန်း မဲပေးနိုင်သည်။ **လျှို့ဝှက် မဲပေးခွင့်** မပေါ်သေးသဖြင့် ဩဇာရှိသူတစ်ဦး အရွေးခံရလျှင် မဲရှင်များက မဲမပေးဘဲ မနေဝံ့သော **အန္တရာယ်**ရှိနေသေးသည်။ အဆိုပါ ပြုပြင်ရေး ဥပဒေကြောင့် ရှေးနိုင်ငံရေး ပါတီဖွဲ့စည်းပုံလည်း ပြောင်းလဲလာ၏။ ဝှစ်ပါတီဝင်များနှင့် မနေရှင်သစ်များက လိုက်လျောညီညွတ်ရေးဝါဒဟု အခေါ်ခံလာကြ၏။ **တိုရီပါတီဝင်များသည် ရောဗတ်ပီးကို** ခေါင်းဆောင်တင်၍ ရှေးအယူသီးကြပုံ အချို့ကို စွန့်လွှတ်ကြလျက် မနေရှင်သစ်များ အနက်မှ ပြုပြင်ရေးကို ဖြည်းဖြည်းသာသာ ပြုပြင်လိုသူနှင့်ပေါင်း၍ **ရှေးရိုးဝါဒီ**ဟု အခေါ်ခံလာကြ၏။ အလုပ်သမား လူတန်းစားသည် ပြုပြင်ရေးဥပဒေဖြင့် မိမိတို့ အကျိုးခံစားခွင့် ရှိအံ့ဟု မျှော်မှန်းခဲ့သော်လည်း မျှော်မှန်းချက် မကိုက်သဖြင့် ဆက်လက်ကြိုးစားကြရပြန်သည်။ ရှေးမြေရှင်ကြီးများကဲ့သို့ပင် ယခုမှ နိုင်ငံရေးအာဏာ ရလာသော **ဘူဇွာ**တို့ကလည်း အောက်တန်းစားတို့ ဒုက္ခကို ဖြေဖျောက်ပေးကောင်း၏ဟု စေတနာမထားကြချေ။ **စီးပွားရှာရာ၌ လွတ်လပ်စွာပြိုင်ဆိုင်ခွင့်**ကို လိုလား၍ မိမိတို့ ချမ်းသာရေးကိုသာ ရှေးရှုသည်။ ဘာမဆို **သူ့ထိုက်နှင့် သူ့ကံ ရှိနေစေဟု ယူဆသူများ** ဖြစ်ပါသည်။ ထို့ကြောင့် အောက်တန်းစားတို့က အခွင့်အရေးများကို တောင်းဆိုကြရာ ၎င်းတို့ လိုလားချက်ကို **ပြည်သူ့ခွင့်ပြုချက်**ဟု ခေါ်ရာ အချုပ်အားဖြင့် **(၁) အရွယ်ရောက်ပြီး ယောက်ျားတိုင်း မဲပေးခွင့်၊ (၂) လျှို့ဝှက်မဲပေးခွင့်၊ (၃) နှစ်စဉ် ပါလီမန်ရွေးကောက်ခွင့်၊ (၄) လူဦးရေညီသော မဲဆန္ဒနယ် သတ်မှတ်ခွင့်၊ (၅) မည်မျှ ချမ်းသာမှ အမတ်ရွေးခံခွင့်ရှိသည်ဟု မသတ်မှတ်ရန်၊ (၆) အမတ်များကို လစာပေးရန်** ဟူသော ခြောက်ချက် ဖြစ်ပါသည်။ အဆိုပါ ခြောက်ချက်မှ အရေးမပါလှသည့် အချက် ၃ ချက်မှတစ်ပါး ကျန်အချက်အားလုံး အင်္ဂလန်၌ လိုက်နာလျက်ရှိပြီကို ယခုတွေ့ရလျက် ယခု အမြင်ဖြင့် မျှတသော တောင်းဆိုချက်များဖြစ်၍ ဒီမိုကရေစီနိုင်ငံ၌ မလွဲကေန် ရှိထိုက်သောအချက်များ ဖြစ်သော်လည်း တောင်းဆိုစဉ်အခါက ရိုင်းပျသော သူပုန်သူကန်တို့၏ ဆန္ဒဖြစ်သည်ဟု ယူဆလျက် ပညာတတ် အထက်တန်းလွှာက ထောက်ခံသူပင် ခပ်ရှားရှား ဖြစ်ခဲ့၏။ ၁၈၃၈–၄၈ ခုနှစ်များကား အင်္ဂလန်တွင် ပြည်သူ့ခွင့်ပြုချက် တောင်းသူတို့ အဆူဆုံးအချိန် ဖြစ်ပါသည်။ အစိုးရက တစ်ချက်မျှ မလိုက်လျောချေ။ ၁၈၄၈ ခုတွင် အကြီး

အကျယ် လူထုဆန္ဒပြပွဲကြီး လုပ်မည်ဟု ကြွေးကြော်ပြီးမှ ဖြစ်ဖြစ်မြောက်မြောက် လူစု၍ မရသဖြင့် အရေးတော်ပုံတစ်ခု အဖျားရှူး တိမ်မြုပ်သွားရသည်။ သို့သော် အရေးတော်ပုံတွင် နောက်ပိုင်း ပြုပြင်ရေးများ အခြေခံပါသည်။ ၁၈၃၂–၄၈ ခုနှစ်များအတွင်း၌ အင်္ဂလန်တွင် **လူမှုတိုးတက်ရေးဥပဒေများစွာ** ပြုသည်ကို စတင်တွေ့ရှိရ၏။ **စက်ရုံဥပဒေကို** ၁၈၃၃ ခုနှစ်၌ ပြုသည်။ အချို့ စက်ရုံ၌ ကလေးအလုပ်သမားကို ကန့်သတ်၍ပေးသည်။ သူ့ထိုက်နှင့် သူ့ကံ သဘောထားကို စတင်တိုက်ဖျက်ခြင်းပင် ဖြစ်ပါသည်။ မနေရှင် လူတန်းစားက ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။ အစိုးရက ဝင်၍ စွက်ဖက်သဖြင့် စက်မှု လက်မှု လုပ်ငန်းကြီးတစ်ရပ်လုံး ပျက်စီးတော့မည်ဟု စိုးရိမ်ကြသည်။ သို့သော် ပို၍ စည်းကြပ်သော စက်ရုံဥပဒေများကို ၁၈၄၂–၁၈၄၄ နှင့် ၁၈၄၇ ခုနှစ်များ၌ ပြုခဲ့သေး၏။ မူလတန်းပညာ သင်ကြားရေးတွင် ၁၈၃၃ ခုနှစ်မှစ၍ အစိုးရက ထောက်ပံ့ကြေး စ၍ပေးသည်။ နိဂရိုးကျွန်များကို တဖြည်းဖြည်း ရွေးနုတ်ရန် အစီအစဉ်များလည်း လုပ်လာပါသည်။ ၁၈၃၄ ခုနှစ်တွင် ပြုလုပ်သော **သူဆင်းရဲ ဥပဒေသစ်** တစ်ခုသာ ရက်စက်သော ဥပဒေဟု ဆိုရချေမည်။ အပျင်းထူ၍ တောင်းစားသူကင်းအောင် အလုပ်ဂေဟာဖွင့်၍ အလုပ်မရှိသူတို့ကို ရက်ရက်စက်စက် အလုပ်စေခိုင်းလေသည်။ ဤ ၁၈၃၀–၄၈ ခုနှစ်များအတွင်းက နိုင်ငံခြားရေးကို **ပါလမာစတန်** ရှေ့ဆောင်သဖြင့် ပြတ်သားထက်မြက်သော သဘောရှိ၏။ ဘယ်လဂျီယမ် သူပုန်တို့ကို အင်္ဂလိပ်က လွတ်လပ်ပြီဟု ၁၈၃၁ ခုနှစ်တွင် အသိအမှတ်ပြု၏။ **တူရကီ** ပျက်စီးလျှင် ရုရှားတန်ခိုးကြီးလာဖွယ်ကို မြင်သဖြင့် ရုရှားရန်ကို ကြိုတင်တားဆီးသည့်အနေဖြင့် **ပင်လယ်နက်** ပတ်ဝန်းကျင်၌ တူရကီ လုံးဝကျဆုံးမသွားရလေအောင် အစစ ကူညီထိန်းသိမ်း၍ ပေးလေသည်။

## လူဝီဖိလိပ်လက်အောက် ပြင်သစ်အခြေအနေ

၁၈၃၀ ပြည့်နှစ်တွင် သူပုန်ထ၍ ဥပဒေအရ အုပ်ချုပ်သော မင်းအဖြစ်ဖြင့် **လူဝီဖိလိပ်** မင်းကို တင်မြှောက်ခဲ့ရာ ယင်းကို **ဇူလိုင်မင်းတရားဟု** ခေါ်စမှတ်ပြုသည်။ **လက်နက်ပြ၍ ရုတ်ခြည်းနိုင်ငံရေး အာဏာသိမ်း**ရကား မင်းပြောင်းသော်လည်း ပြည်သူအများ ကောင်းကျိုးမပါချေ။ ဥပဒေမင်းဟု





ဆိုလင့်ကစား တဖြည်းဖြည်း မင်းနှင့်အမတ်ချုပ် **ဂီဇုတ်**တို့ ခြယ်လှယ်ချင်တိုင်း ဖြစ်၍လာပါတော့သည်။ ဖိနှိပ်ချုပ်ချယ်ခြင်းများကြောင့် မကျေမနပ်ဖြစ်လာပြန်ရာ **ရွေးမင်းရိုးကို နန်းပြန်တင်လိုသူများနှင့် သမ္မတနိုင်ငံ တည်ထောင်လိုသူများ**အပြင် အလုပ်သမား လူတန်းစား အကျိုးလိုသူ၊ မျိုးချစ်စိတ် ပြင်းထန်သူစသည့် လူများစုက အစိုးရကို မကြည်ညိုကြတော့ချေ။ ထို့ကြောင့် ၁၈၄၈ ခုနှစ်တွင် ဖေဖော်ဝါရီ တော်လှန်ရေး ပေါ်လာ၏။ သူပုန်ကို နှိမ်ရန် စစ်သားများကို စေခိုင်း၍မရသော အဖြစ်ကြုံသည်။ လူဝီဖိလိပ် အင်္ဂလန်သို့ ထွက်ပြေးလျှင် ယာယီအစိုးရဖွဲ့၍ ရွေးကောက်ပွဲကြီး ပြုလုပ်ကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲ၍ ဒုတိယသမ္မတနိုင်ငံ တည်ထောင်ကြသည်။ အစိုးရက လူတိုင်း **အလုပ်လုပ်ခွင့်** အာမခံရမည်ဟု ဆိုရှယ်လစ်ဝါဒီ တစ်ဦးဖြစ်သော **လူဝီဗလန်**၏ တောင်းဆိုချက်အရ ယာယီအစိုးရက **အမျိုးသား အလုပ်ရုံများ** ထောင်၍ အလုပ်လက်မဲ့များကို ခေါ်ယူလျက် တစ်နေ့ နှစ်ဖရန့်ပေးကာ အလုပ်လုပ်စေသည်။ အလုပ်မရှိသည့်အခါလည်း ပေးမြဲ နှစ်ဖရန့်ပေးသည်။ ထို့ကြောင့် ၁၈၄၈ ခု ဇွန်လတွင် ရွေးကောက်ပွဲပြီး၍ **အမျိုးသား လွှတ်တော်** ခေါ်ယူမိ လျှင် ထိုအမျိုးသား အလုပ်ရုံများကို ရုပ်သိမ်းလိုက်ရာ အလုပ်သမားများက သူပုန်ထကြ၏။ ၁၈၄၈ ခု ဇွန်လ ၂၄–၆ ရက်များ၌ အစိုးရက ရက်စက်စွာ သတ်ဖြတ်နှိပ်ကွပ်လိုက်သည်။ ဤလူသတ်ပွဲကို **ဇွန်ရက်ဆိုးဟု** ခေါ်စမှတ်ပြုသည်။ အလုပ်သမား လူတန်းစားကို ရက်စက်စွာ ချိုးနှိမ်၍ တက်လာသော **ဘူဇွာ** သမ္မတနိုင်ငံတွင် လွှတ်တော်တစ်ရပ်တည်းသာထား၍ သမ္မတရော၊ လွှတ်တော်ပါ လေးနှစ်တစ်ကြိမ် အရွယ်ရောက်သူတိုင်းက မဲပေးရွေးကောက်သည်။ အသင့်အတင့် ပြုပြင်ကြရန် သဘောတူညီကြ၏။ နိုင်ငံရေး ပြစ်မှုကို သေဒဏ်မပေးတော့ချေ။ လွတ်လပ်စွာလည်း စည်းရုံးခွင့်ရ၏။ ငွေကြေးရှိသမျှ အလုပ်လက်မဲ့များကို ကူညီမည်ဟူ၍လည်း ကတိပြုသည်။

## အီတလီ၏ ၁၈၄၈ ခု သူပုန်

အီတလီတွင် ၁၈၃၀–၄၈ ခုနှစ်များအတွင်းက ဩစတြီးယားမှလာရောက်အုပ်ချုပ်နေသည်ကို မကျေနပ်သဖြင့် တော်လှန်ရန် တိတ်တဆိတ် ပြင်ဆင်နေသောအချိန် ဖြစ်ပါသည်။ သို့သော် လွတ်လပ်ရေးရလျှင် မည်သို့အုပ်ချုပ်ကြမည်ဟု စဉ်းစားပြီး မရှိကြသေးချေ။ **မက်ဇီနီ**၏ လျှို့ဝှက်သင်းက သမ္မတနိုင်ငံ

ဖြစ်စေချင်၏။ ရဟန်းတို့က **ရဟန်းမင်း**ကို ထိပ်တင်၍ ပြည်ထောင်စု လုပ်ချင်သည်။ တတိယအုပ်စုက လိုက်လျောညီထွတ်ရေးဝါဒ လက်ခံသည့် **ဆာဒီနီးယား** ဘုရင် **အယ်လဗတ်**ကို **ဥပဒေမင်း** ခန့်ရန် လိုလားကြသည်။ အီတလီ၏ အပြင်ဘက် (အထူးသဖြင့် **မာဆေး**)တွင် ပြည်နှင်ဒဏ်သင့်နေသော နိုင်ငံရေးသမားများ စုဝေး၍ **အီတလီလူငယ်** အသင်းဖွဲ့ကာ လွတ်လပ်ရေး လှုံ့ဆော်ကြသည်။ အီတလီ၏ နိုင်ငံရေး လှုပ်ရှားမှုတွင် ဆန်းကြယ်သော အချက်ကား လူမှုရေးနှင့် စီးပွားရေးပြဿနာများကို ထည့်သွင်းစဉ်းစားခြင်းနည်း၍ အမျိုးသားလွတ်မြောက်ရေးကိုသာလျှင် ထိပ်တန်းတင်ထားသည်ကို တွေ့ရပါသည်။ ၁၈၄၈ ခု မတ်လတွင် ဩစတြီးယားကို **မီလန်**က စ၍ ပုန်ကန်သည်။ **လွမ်ဗာဒီ** ပြည်နယ်များနှင့် **ဗဲနစ်** ပြည်နယ်များက ပူးပေါင်းပုန်ကန်ကြ၏။ **ဆာဒီနီးယား** ဘုရင် **အယ်လဗတ်** ကလည်း ဩစတြီးယားကို စစ်ကြေညာသည်။ **စီစီလီ နှစ်ပြည်ထောင်**တွင် **ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အစိုးရ** ထူထောင်ကြ၏။ **ရဟန်းမင်း** လက်အောက် နယ်များကလည်း သူပုန်ကို ကရုဏာသက်ကြောင်း ပြကြ၏။ မေလနှင့် ဇွန်လများအတွင်း၌ သူပုန်က အရေးသာသည်။ သို့သော် ဩစတြီးယားစစ်တပ်က သူပုန်တို့ကို ၁၈၄၈ ခု ဇူလိုင်လ ၂၅ ရက်နေ့တွင် **စပ်စတော့ဇာ** အရပ်၌ အပြတ်အသတ် နိုင်လိုက်သဖြင့် **မီလန်**ကို ပြန်၍သိမ်းယူကြသည်။ ၁၈၄၉ ခုတွင် **အယ်လဗတ်**က စစ်တစ်ကြိမ်ဖြစ်ရန် လှုံ့ဆော်သေးသော်လည်း မအောင်မြင်ချေ။ **အယ်လဗတ်** နန်းစွန့်၍ သားတော် **အီမနွယယ်** နန်းတက်၏။ ဩစတြီးယားက လက်လွှတ်ခဲ့သော ပြည်နယ်များကို ပြန်၍သိမ်းသွင်းသည်။ ယင်းသို့ သိမ်းသွင်းရာ၌ အလွန်အမင်း ရက်စက်သဖြင့် နိုင်ငံခြားသားများကို တိုင်းရင်းသားတို့ မုန်းသည့်စိတ် ရှေးကထက် ပို၍ပြင်းထန်လာပါသည်။ ယင်းသို့လျှင် အီတလီ မျိုးချစ်သူပုန်တို့ အရေးရှုံးနိမ့်ကြသော်လည်း ပုန်ကန်ရန်စိတ်အားထက်သန်လျက်ပင် ရှိသေး၍ **ဥပဒေမင်း** ဖြစ်သော **အီမနွယယ်** ကို ဦးစီးခေါင်းဆောင်မြောက်၍ တစ်ကြိမ်အားစမ်းကြရန် ဆက်လက်ပြင်ဆင်လျက်ပင် ရှိပါသည်။ အထက်က ဖော်ပြခဲ့သည့်အတိုင်း အီတလီ နိုင်ငံရေးလှုပ်ရှားမှုတွင် မျိုးချစ်စိတ်ကိုသာ အဓိကထားသည်။ လူမှုရေးနှင့် စီးပွားရေးတွင် ပြုပြင်ရန်သဘောထား တစ်လုံးတစ်ပါဒမျှ မပါချေ။ တိုးတက်ရေး ခေါင်းဆောင်များ အချို့ အဖမ်းခံရ၏။ အချို့ အမေရိကန်သို့ ပြေးဝင်ကြသည်။





## ဩစတြီးယား လက်နက်နိုင်ငံတွင်း၌ ပုန်ကန်ကြခြင်း

မက်တာနစ် ဌာနချုပ်ဖြစ်သော **ဗီယာနာ**၌ပင် မကျေနပ်သူများ အားစုလျက်ရှိချေသည်။ ပြင်သစ်နှင့် အီတလီတွင် ပုန်ကန်ကြသည်ဟုသိလျှင် ၁၈၄၈ ခု မတ်လ ၁၃–၁၅ ရက်များက ဆူပူကြ၏။ မက်တာနစ် ရာထူးမှ နုတ်ထွက်၍ အသက်ဘေးမှလွတ်ရန် နိုင်ငံခြားသို့ ထွက်သွားသည်။ ဧကရာဇ် **ဖာဒီနန် ၁** က လိုက်လျောညီထွတ်ပါမည် ကတိပေး၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲစေသည်။ ဩစတြီးယား၌ ပြုပြင်ရေးများ သတင်းကို လက်အောက်ခံနိုင်ငံများဖြစ်သော **ဗိုဟီမီးယားနှင့် ဟန်ဂေရီ** တို့ကသိလျှင် သူပုန်ထကြ၏။ သို့သော် တိုးတက်ပြုပြင်ရေးထက် အမျိုးသားလွတ်မြောက်ရေးကို အဓိကထားကြလေသည်။ ထို့ပြင် သူပုန်အချင်းချင်း စည်းလုံးညီညွတ်မှု မရှိသည်ကို တွေ့ရ၏။ **ပရက်မြို့**တွင် **စလပ်အားလုံး စုစည်းရေး ကွန်ဂရက်**ကို ခေါ်ယူ၍ **ဇက်အမျိုး၊ စလိုဗက်အမျိုး**နှင့် အခြား **စလပ်အမျိုး**ဝင်တို့ သီးခြားနိုင်ငံ ထူထောင်ကြသော်လည်း အနိုင်ခံရ၏။ ဟန်ဂေရီက လွတ်လပ်ရေးကြေညာသည်။ သို့သော် ပရက်သူပုန်ကို နှိမ်သူ **ဝင်ဒစ်ဂရတ်** မင်းသားသည် ၁၈၄၈ ခု အောက်တိုဘာလတွင် ဗီယာနာကို ပြန်လည်သိမ်းယူနိုင်၏။ သူပုန်အချင်းချင်း ကူရန် ဟန်ဂေရီက ကြိုးစားသော်လည်း မအောင်မြင်ချေ။ **ဖာဒီနန်** ထီးနန်းစွန့်၍ တူတော် **ဖရန်စစ်ဂျိုးဆက်** ဧကရာဇ် ဖြစ်လာသည်။ သို့သော် နိုင်ငံရေးအာဏာကို တကယ်ယူထားသူကား **ဖဲလက်ဇွစင်ဗတ်** မင်းသားပင်ဖြစ်၍ မက်တာနစ်နီးပါး ဖောက်ပြန်သူပင် ဖြစ်ပါသည်။ လွတ်လပ်ပြီဟု ကြေညာပြီးသော ဟန်ဂေရီ နှင့် အီတလီတို့ကို ၁၈၄၉ ခုနှစ်၌ တိုက်ခိုက်ပါတော့သည်။ ပထမ အီတလီကို ပြန်၍သိမ်းသည်။ ပြီးမှ ဟန်ဂေရီကို တိုက်သည်။ အောင်နိုင်လျှင် ရက်ရက်စက်စက် နှိပ်ကွပ်သည်။ ဖောက်ပြန်ရေးဝါဒ ပြန်၍ထွန်းကား၏။ သို့သော် ရှေးကလို နိုင်မာတော့မည်မဟုတ်ချေ။

## အမျိုးသားရေးဝါဒ အောင်မြင်ခြင်း

ဥရောပတိုက်တွင် ၁၈၄၈–၄၉ ခုနှစ်များက တော်လှန်သမျှအားလုံး အနိုမ်ခံရ၏။ ပြင်သစ်၌ ယာယီမျှ သမ္မတနိုင်ငံ ဖြစ်လိုက်သော်လည်း ၁၈၅၀ ပြည့်တွင် တိုးတက်ရေးဝါဒများ ပျက်စီးသွားသည်ကို တွေ့ရ၏။ သို့သော်

၁၈၇၁ ခုလောက်ရောက်လျှင် ၁၈၄၈ ခုနှစ်က လိုလားဆန္ဒရှိသမျှအားလုံး ရလာခဲ့သည်ကို တွေ့နိုင်ပြန်သည်။ အီတလီလည်း ဩစတြီးယား လက်အောက်မှ လွတ်ခဲ့ပြီးနောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရယူလျက်ရှိခဲ့၏။ ဟန်ဂေရီလည်း ကိုယ်ပိုင်အုပ်ချုပ်ရေးရသည်။ ဂျာမနီသည် အင်္ဂလိပ် ပြင်သစ်မှာလောက် ဒီမိုကရေစီ မထွန်းကားသေးသော်လည်း များစွာ လိုက်လျောညီညွတ်သောလမ်းစဉ်သို့ ရောက်နေချေပြီ။ ပြင်သစ်မှာ သမ္မတနိုင်ငံ ဖြစ်လာ၏။ အင်္ဂလန်သည် ဒီမိုကရေစီ လမ်းစဉ်၌ လွန်စွာခရီးရောက်လျက် ကြီးကျယ်ထူးခြားသော အပြောင်းအလဲများကို ရှေးရှုလျက်ရှိပါသည်။ ရုရှားပင်လျှင် အုပ်ချုပ်ရေး၌ အသင့်အတင့် ပြုပြင်ရန် စီမံမိလေပြီ။ အချုပ်အားဖြင့် ၁၈၁၅–၄၈ ခုနှစ်က အလိုဆန္ဒရှိသမျှကို ၁၈၄၈–၇၁ ခုနှစ်များတွင် ကြိုးစားတိုက်ခိုက်ယူသဖြင့် ရခဲ့သည်ဟု ဆိုနိုင်ပါသည်။

## ပြင်သစ်ဒုတိယသမ္မတနိုင်ငံနှင့် ဒုတိယသက်နက်နိုင်ငံ

ပြင်သစ်လူထုသည် ငြိမ်းချမ်းရေးနှင့် တည်တံ့ခိုင်မြဲရေးကို ရမည်ဟု ကတိပေးသူ နပိုလီယန်၏တူ **လူဝီနပိုလီယန်** (၁၈၀၈–၇၃) ကို ၁၈၄၈ ခုနှစ်တွင် သမ္မတ မြှောက်ခဲ့ကြသည်။ ၁၈၅၂ ခုနှစ်တွင် ပြန်လည်၍ သမ္မတ အရွေးခံရပြန်၏။ ထိုမျှသာမက **အများဆန္ဒမဲ**ဖြင့် ၁၈၅၂ ခုမှာပင် ကေရာဇ်မင်းအဖြစ် ယင်းကို ရွေးကောက်တင်မြှောက်ကြ၏။ **နပိုလီယန် ၃** ဘွဲ့ကို ခံယူသည်။ အများဆန္ဒအရ လုပ်ရပါသည်ဟူသော ပရိယာယ်ဖြင့် သက်ဦးဆံပိုင်မင်းဖြစ်လာသူတည်း။ ဆေးရုံ၊ လူအိုရုံတို့ကို ဆောက်ပေးခြင်း၊ ပါရီမြို့တော်ကို သာယာအောင် မွမ်းမံခြင်း၊ မီးရထားလမ်းဖောက်ခြင်း၊ မီးသင်္ဘောလမ်းဖွင့်ခြင်းတို့ဖြင့် အရောင်းအဝယ်သွက်အောင် ဆောင်ရွက်ပေးခဲ့သည်။ **ကရိုင်းမီးယားစစ်** (၁၈၅၆) တွင် ပြင်သစ်အနိုင်ရသဖြင့် ကေရာဇ်၏ ဂုဏ်သတင်း တိုးလာသည်။ သို့သော် ၁၈၅၈ ခုနှစ်တွင် နိုင်ငံခြားရေး၌ ခြေလှမ်းမှားသဖြင့် ပြင်သစ်၊ ဂျာမနီစစ်ဖြစ်ရလျက် နန်းကျလေတော့သည်။ နပိုလီယန် ၃ သည် စင်စစ် နပိုလီယန်ကြီးကဲ့သို့ စစ်ရေးစစ်ရာ ကျွမ်းကျင်သူ မဟုတ်ချေ။ အစကလည်း ပြည်ပရန် ရပ်စဲရေးနှင့် ပြည်တွင်းဖွံ့ဖြိုးရေးဝါဒ လက်ကိုင်ထားသူဖြစ်သော်လည်း ပြင်သစ်လည်း ဂုဏ်ကြီးရန်၊ မိမိလည်း တန်ခိုးတက်ရန် နိုင်ငံခြားစစ်တိုက်မည်ဟု ဝါဒပြောင်းသည့် နောက်ပိုင်း၌ ၁၈၇၀ ပြည့်တွင် ပျက်စီးရချေသည်။





## အီတလီ ၁၈၄၉–၅၉ အခြေအနေ

ဥရောပတစ်ခွင်၌ ၁၈၄၈–၉ သူပုန်ထစဉ်က အီတလီကလည်း ဩစတြီးယား၏ လက်အောက်မှ လွတ်မြောက်အောင် ရုန်းထွက်ခဲ့သော်လည်း မအောင်မြင်ချေ။ သို့သော် ရှေ့ဆယ်နှစ်တွင် အမျိုးသားစိတ်ဓာတ်များ အထူးနိုးကြားလာရန် အခြေခံကောင်းပင် ဖြစ်ချေသည်။ အီတလီနိုင်ငံသားတို့ကား အကြီးအကျယ် အုံကြွရန် အခါအခွင့်ကောင်းကို စောင့်လျက်ရှိကြ၏။ **ဘူရွာ**တို့က ဆာဒီနီးယားနှင့် **ပစ်ဒမွန်**ကို ခေါင်းဆောင်ဟူ၍ လျာထားကြ၏။ အီတလီ လွတ်လပ်ရေးရလျှင် ဆာဒီနီးယားမင်းကို ဥပဒေ မင်းတင်မြှောက်ရန် အသင့်မြတ်ဆုံးဖြစ်သည်ဟု အများကလည်း ယူဆသည်။ ထိုနယ်ကလည်း ထင်ရှားသော ခေါင်းဆောင်သုံးယောက် ထွက်၏။ **ဗစ်တာအီမန္နုယယ်** ၂ (၁၈၄၉–၇၈) သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၈၄၈ ခုနှစ်၌ မိမိစိုးမိုးသောနယ်၌ ခွင့်ပြုခဲ့သည်။ **လိုက်လျောညီညွတ်ရေးဝါဒီ**တို့ကလည်း ယင်းပင်လျှင် အီတလီ ညီညွတ်ရေးကို ဆောင်ရွက်နိုင်မည့် လူစွမ်းကောင်းဖြစ်မည်ဟု ယုံကြည်လာကြသည်။ နောက်ခေါင်းဆောင်တစ်ဦးကား **ဂူဇက်ပမိုဇီနီ** (၁၈၀၇–၈၂) ပင်ဖြစ်၏။ ယင်းသည် သမ္မတနိုင်ငံကို လိုလားသော်လည်း အီမနူယယ်ကို ဥပဒေမင်းအဖြစ်နှင့် ကြိုက်၏။ နောက်တစ်ယောက် **ကမီလိုဒီကဗို** (၁၈၁၀–၆၁) မြို့စားကြီးဖြစ်၏။ အီတလီ စည်းရုံးရေးတွင် အရေးအပါဆုံး ခေါင်းဆောင်ဖြစ်သည်။ အင်္ဂလန်တွင် လှည့်လည်သွားလာခဲ့စဉ်က လိုက်လျောညီညွတ်ရေးဝါဒကို များစွာနှစ်သက်၍ လာခဲ့သည်။ ဆာဒီးနီးယား ခေါင်းဆောင်သည်ကိုလည်း ထောက်ခံ၏။ ကဗိုသည် အီမနူယယ်၏ အမတ်ချုပ်အဖြစ်ဖြင့် ၁၈၅၂ မှ ၁၈၆၁ အထိ အမှုထမ်းခဲ့သည်။ ထို့ကြောင့် ပြုပြင်ရေးများ ဆောင်ရွက်နိုင်ခဲ့၏။ လမ်းပန်းအဆက်အသွယ်ကောင်းရေး၊ စက်မှုလက်မှု ထွန်းကားရေးနှင့် စိုက်ပျိုးမှု ဖွံ့ဖြိုးရေးကို များစွာအားထုတ်ခဲ့သည်။ ပညာရေး မြှင့်တင်၍ ဘဏ္ဍာရေးတွင် အဝင်အထွက် မျှတစေခဲ့သည်။ ရဟန်းကျောင်းများကို နှိပ်ကွပ်၍ ဂျက်စဝတ်ရဟန်းဂိုဏ်းကို တိုင်းပြည်မှ နှင်ထုတ်ခဲ့၏။ ကရိုင်းမီးယား စစ်ဖြစ်လျှင် အင်္ဂလိပ် ပြင်သစ်နှင့်ပေါင်း၍ ရုရှားကို တိုက်သည်။ ယင်းနည်းဖြင့် ဆာဒီနီးယားအတွက် မဟာမိတ်ရလျက် အီတလီ၏ ခေါင်းဆောင်ဟု အသိအမှတ်ပြုခြင်း ခံရလေတော့သည်။ အီတလီ လွတ်မြောက်ရေးအတွက် နပိုလီယန် ၃ က ၁၈၅၈ ခုတွင် ဆာဒီနီးယားကို ကူညီမည်ဟု ကတိပေးခဲ့၍ တုံ့ပြန်သောအားဖြင့် **ဆဗွိုင်**နှင့် **နိုက်**ကို တောင်း၏။

## အီတလီ ၁၈၅၉–၇၀ ခုနှစ် နိုင်ငံခြားလက်အောက်မှ လွတ်မြောက်၍ နိုင်ငံသီးခြားအဖြစ်ဖြင့် ညီညွတ်လာခြင်း

**လွမ်ဗာဒီ** နှင့် ဗဲနစ်တို့၌ ဆူပူအောင် လှုံ့ဆော်ပေးခြင်းဖြင့် ၁၈၅၉ ခုနှစ်တွင် ဆာဒီနီးယားနှင့် ဩစတြီးယား စစ်ဖြစ်ကြသည်။ ပြင်သစ်ကူသဖြင့် ၁၈၅၉ ခု ဇွန်လထဲ၌ **မဂင်တ**နှင့် **ဆော်လဖရီနို**တွင် ဩစတြီးယားကို နိုင်လိုက်သည်။ ထိုအောင်ပွဲများကြောင့် အားရှိလာလျက် **တပ်စကဲနီ၊ ပါမာ** နှင့် **မိုဒီနာ** တို့ကလည်း ဩစတြီးယားကို ပုန်ကန်ကြသည်။ ထိုအတောအတွင်း၌ ကတိသစ္စာမရှိသော နပိုလီယန် ၃ သည် ဩစတြီးယားနှင့် စစ်ပြေငြိမ်းလိုက်သည်။ ပြင်သစ်မပါဘဲ ဆက်လက်၍ ဩစတြီးယားကိုတိုက်ရန် မဖြစ်နိုင်သဖြင့် အီမနူယယ်လည်း စစ်ပြေငြိမ်းရရှာသည်။ ၁၈၆၀ ပြည့်နှစ်သို့ရောက်လျှင် စီစီလီနှစ်ပြည်ထောင်၌ **ဂရီဗဲဒီ**သည် **ရှပ်နီ**တပ်သားတစ်သောင်းနှင့် ပုန်ကန်၍ ၁၈၆၀ ပြည့်တွင် **နေပယ်လ်**ကို သိမ်းယူသည်။ ဂရီဗဲဒီကိုယ်တိုင်ကမူ သမ္မတနိုင်ငံ ထူထောင်လိုသော်လည်း အခြေအနေအရ အီမနူယယ်ကို ခေါင်းဆောင်ထား၍ ဥပဒေမင်းမြှောက်ရန် သဘောတူကြသည်။ အီတလီပြည်နယ်များစွာကလည်း ဤသို့ပင် သဘောတူကြသဖြင့် မှားမကြာမီ **ဗဲနစ်နယ်**နှင့် ရောမနယ်များမှအပ အီတလီကျွန်းဆွယ်တစ်ခုလုံးကို အီမနူယယ်၏လက်အောက်သို့ရောက်၍ စည်းလုံးမိကြလေသည်။ ထို့ကြောင့် ၁၈၆၁ ခုနှစ်တွင် အီတလီနိုင်ငံသားတို့၏ မျိုးချစ်စိတ်ကြောင့်လည်းကောင်း၊ **ကဗိုး**၏ နည်းပရိယာယ် ကောင်းသဖြင့်လည်းကောင်း၊ နပိုလီယန် ဝင်၍ကူညီသဖြင့်လည်းကောင်း၊ ဂရီဗဲဒီက တိုက်ခိုက်အောင်မြင်သဖြင့်လည်းကောင်း နှစ်နှစ်မျှ မကြာမီပင် အီတလီ အမျိုးသားနိုင်ငံဟူ၍ ဖြစ်ပေါ်လာပါသည်။ မြို့တော်သစ် **တုရင်** ၌ ပါလီမန်ကို ခေါ်ယူပါသည်။ နောင်အခါ ဂျာမနီ စည်းရုံးရေး ကြိုးစားကြလျှင် အီတလီက ဂျာမနီနှင့် မဟာမိတ်ပြု၍ **ခုနှစ်သီတင်းစစ်ပွဲ**တွင် ပါဝင်ခြင်းဖြင့် ဗဲနစ်နယ်ကို ရလိုက်ပြန်ပါသည်။ ထိုနောက် ပြင်သစ် – ဂျာမနီစစ် (၁၈၇၀) ဖြစ်လျှင် ရောမကို တိုက်ခိုက်သိမ်းယူပြန်သည်။ နောက်ဆုံး ၁၉၁၅ ခုနှစ် ကမ္ဘာစစ်၌ ပါဝင်ခြင်းကြောင့် **တရစ္စတီ၊ ထရင်တီနို၊ တီရော** တောင်ပိုင်းနှင့် **အစ်စတရီယား**နှင့် **ဂေါရီဇီယား** နယ်များကို ရခဲ့၏။ ဤသို့အားဖြင့် အီတလီနိုင်ငံ ဖြစ်ခဲ့ရပါသည်။





## ပရပ်ရှားနှင့် ဂျာမနီ ညီညွတ်စည်းလုံးမိခြင်း

နပိုလီယန်က **မွန်မြတ်သော ရောမလက်နက်နိုင်ငံ**ကို ၁၈၀၆ ခုနှစ်က ဖျက်လိုက်ခြင်းကြောင့် ဂျာမနီနိုင်ငံသစ် ထူထောင်ရန် လိုအပ်ကြောင်း အစပေါ်ခဲ့သည်။ ရှေးအထက် ၁၇၈၉ ခုလောက်က ဂျာမနီပြည်နယ်ပေါင်း သုံးရာကျော်ရှိခဲ့သည်ကို ပေါင်းစပ်ပေးခြင်းဖြင့် ၁၈၁၅ ခုတွင် သုံးဆယ့်ရှစ်နယ် ရှိပါသည်။ ထိုနောက် ပရပ်ရှားက ခေါင်းဆောင်၍ ၁၈၃၄ ခုတွင် စီးပွားရေး အတူခံစားခွင့်အဖွဲ့ကိုဖွဲ့၍ ပြခဲ့ခြင်းဖြင့် နိုင်ငံရေးအရလည်း ပူးပေါင်းကြရန် နမူနာရခဲ့သည်။ သို့သော် အားလုံး ညီညွတ်ရန် မျိုးချစ်စိတ် ပြင်းထန်သူတို့နှင့် ရှေးရိုးဆန်သူတို့ စေ့စပ်၍ မရနိုင်အောင် ရှိနေသဖြင့် ကြန့်ကြာရသည်။ ခေါင်းဆောင်ဟူ၍ ဩစတြီးယားကို တင်မည်လော၊ ပရပ်ရှားကို တင်မည်လောဟူသော ပြဿနာလည်းရှိသည်။ ပရပ်ရှားက ၁၈၅၀ တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် စတင်အုပ်ချုပ်သဖြင့် ယင်းကိုပင် နမူနာထား၍ ခေါင်းဆောင်တင်ရန် အများလိုလားလာကြသည်။ **ဟောဟန်ဇောလန်** မင်းဆက်မှ **ဝီလီယမ် ၁** (၁၈၆၁–၈၈) သည် ပရပ်ရှားဘုရင် ဖြစ်လာ၏။ အလွန် အလုပ်ကြိုးစားသူဖြစ်၍ လူတော်လူကောင်းကိုလည်း ရွေးထုတ်တတ်သူဖြစ်သည်။ စစ်တပ်ကောင်းကောင်း တည်ထောင်ရန် ဝါသနာကြီးသူလည်းဖြစ်သည်။ ယင်း၏ စစ်ဝါဒကို ပါလီမန်က မနှစ်သက်ရကား ပါလီမန်ကိုနှိမ်ရန် **ဗစ်စမတ်** (၁၈၁၅–၉၈)ကို ခေါ်ယူခဲ့သည်။ ထိုသူကား ဖောက်ပြန်ရေးသမားတို့၏ ခေါင်းဆောင်ဖြစ်၍ ဂျာမနီကို ပရပ်ရှားက ဦးစီး၍ စည်းရုံးပေးရမည်ဟု စွဲမြဲစွာ ယုံကြည်ထားသူလည်းဖြစ်သည်။ ဘုရင်၏ ခွင့်ပြုချက်ဖြင့် ဗစ်စမတ်သည် အာဏာရှင်တစ်ဦးကဲ့သို့ ပါလီမန်ကိုကျော်လျက် အခွန်ကောက်ကာ စစ်တပ်ပြုပြင်ရေးကို လုပ်သည်။ ပြဿနာကြီးလျှင် မိန့်ခွန်းရှည်ကြီးမိန့်၍ အများသဘောတူညီချက်ကို မဲခွဲရန်မလို၊ သံနှင့်သွေးက ဆုံးဖြတ်ချက်ပေးနိုင်သည်ဟု ဗစ်စမတ် ယုံကြည်သည်။ ဩစတြီးယားကို စစ်တပ်ဖြင့်နှိမ်၍ ဂျာမနီကို စည်းရုံးရန် အခွင့်ကောင်းကိုစောင့်လျက် ရှိလေသည်။ ၁၈၆၄ ခုတွင် **ဒင်မတ်** လက်အောက်၌ရှိသော ဂျာမနီပြည်နယ်များဖြစ်သည့် **ဆလက်စဝစ်၊ ဟိုလစတိန်**နှင့် **လော်ယင်ဘတ်**တို့အတွက် ဩစတြီးယားနှင့် ပရပ်ရှားပေါင်း၍ ဒင်မတ်ကို စစ်တိုက်ကြသည်။ ထိုနယ်များကို ဩစတြီးယားနှင့် ပရပ်ရှား ပူးပေါင်း၍ အုပ်ချုပ်ခွင့်ရလာသောအခါ၌ ယင်းတို့နှစ်ဦး ၁၈၆၆ ခုတွင် စစ်ဖြစ်ကြရပြန်၏။ ထိုစစ်ကို **ခုနှစ်သီတင်းစစ်**ဟု ခေါ်သည်။ ထိုစစ်ပွဲက ဂျာမနီပြည်

နယ်များအတွက် ပရပ်ရှားခေါင်းဆောင်ဖြစ်သည်ဟု ဆုံးဖြတ်ပေးခဲ့သည်။ ပရပ်ရှားသည် ဆလက်စဝစ်၊ ဟိုလစတိန်နှင့် လော်ယင်ဘတ်ကိုရသဖြင့် **ကီလ်**တွင် ရေတပ်စခန်းကောင်းကောင်း တည်နိုင်သော အခွင့်အရေးကိုရသည်။ ပရပ်ရှားခေါင်းဆောင်၍ မြောက်ဘက်တွင်ရှိသော ဂျာမနီပြည်နယ် အားလုံးပေါင်းကာ ၁၈၆၇ ခုတွင် **မြောက် ဂျာမန်ပြည်ထောင်စု**ကို တည်ထောင်လိုက်သည်။ ပရပ်ရှားဘုရင်ကို အဖရိုက်ရာ သားဆက်ခံခွင့်ရှိသော သမ္မတခန့်သည်။ လွှတ်တော်နှစ်ရပ်ကား နယ်စားမင်းသားတို့ ကိုယ်စားလှယ်များ ပါဝင်သော **ဖန်ဒတ်စရက်**နှင့် အရွယ်ရောက်ပြီး ယောကျာ်းတိုင်း မဲပေး၍ ရွေးကောက်သော **ရစ်စတတ်**တို့ဖြစ်ပါသည်။ တောင်ဘက်၌ **ဗာဗာရီးယား၊ ဝါတမ်ဘတ်၊ ဗေဒန်နှင့် ဒါမ်စတတ်**တို့ ကျန်နေသေးသည်။ တစ်ဖက်၌ ပြင်သစ်အန္တရာယ်လည်းရှိသည်။ ပြင်သစ်ကို နိုင်အောင်တိုက်နိုင်လျှင် ထိုနယ်များ အလိုလို ပြည်ထောင်စုထဲ၌ ပါလာမည်ဟု **ဗစ်စမတ်** ယုံကြည်သည်။ ပြည်တွင်း၌ လိုက်လျောညီညွတ်ရေးဝါဒီတို့နှင့် သင့်တင့်အောင် ပေါင်းသဖြင့် ထိုသူတို့၏ ထောက်ခံချက်ကို ဗစ်စမတ် ရပြန်သည်။ ပရပ်ရှားနှင့် ဩစတြီးယား ၁၈၆၆ ခုနှစ်၌ စစ်ဖြစ်လျှင် ရက်ကြာ၍ နှစ်ဖက်စလုံး ပင်ပန်းဆင်းရဲရှိမည်ဟု ပြင်သစ်မှ နပိုလီယန် ၃ မျှော်လင့်သော်လည်း ရက်တိုတိုနှင့် ပြီးသွားသဖြင့် ထိုစစ်ကိုမှီ၍ ပြင်သစ်က ဘာမျှအမြတ်မထုတ်လိုက်ရသည်ကို မကျေမနပ်ဖြစ်ကာ စစ်မဖြစ်ကြမီက ဗစ်စမတ်သည် မိမိအား ရိုင်မြစ်ရိုးမှ **ပလတိနိတ်** ကို ပေးမည်ဟု ပြောကြားဖူးသည်ကို ယခုပေးရန်တောင်း၏။ မရချေ။ **ဘဲလဂျီယမ်**နှင့် **လူဇမ်ဗတ်**ကို တောင်းသော်လည်း စကားပြန်မရရှိချေ။ ထို့ကြောင့် နပိုလီယန်သည် စစ်တိုက်မှ ထိုနယ်များကို ရရှိ၍ ပြင်သစ်အမျိုးသားတို့က ယင်းကို ဆက်လက်ကြည်ညိုကြမည်ဟု သဘောပေါက်သဖြင့် စစ်တိုက်လို၏။ ဗစ်စမတ်ကလည်း စစ်ကိုပင် လိုလားလျက်ရှိသည်။ ထို့ကြောင့် ၁၈၇၀ တွင် ပြင်သစ်၊ ဂျာမနီ စစ်ဖြစ်ကြသည်။ **တောင်ဘက် ဂျာမနီပြည်နယ်**များက ပရပ်ရှားနှင့်ပေါင်း၍ ပြင်သစ်ကို တိုက်ကြ၏။ **ဆေဒန်**နှင့် **မက်**တွင် တိုက်ခိုက်ကြ၍ နပိုလီယန်ကိုပါ ဖမ်းမိသည်။ ပြင်သစ်၌ **လီယွန်ဂမ်ဗက်တာ** ခေါင်းဆောင်သော **သမ္မတ**ဂိုဏ်းတို့က တတိယ ပြင်သစ်နိုင်ငံ တည်ထောင်လိုက်ကြ၏။ သို့သော် **သမ္မတ**အစိုးရနှင့် စစ်ပြေငြိမ်းရန် စကားကမ်းလှမ်းခြင်းမပြုဘဲ ဗစ်စမတ်သည် ပြင်သစ်မြို့တော် ပါရီကို ၁၈၇၁ ခု ဇန်နဝါရီလတွင် အရသိမ်းယူလိုက်သည်။ ပြီးမှ **ဖရင့်ခ်ဖတ်စာချုပ်**ကို ချုပ်သည်။ ထိုစာချုပ် (၁၈၇၁) အရ (၁) **မက်၊ စတရက်စဗတ်**နှင့် တကွ **အယ်လဆက်**





**လော်ရိန်း**ကို ပြင်သစ်က ဂျာမနီကိုပေးရ၏။ (၂) ပြင်သစ်က စစ်လျော်ကြေး ဒေါ်လာ ကုဋေတစ်သိန်းပေးရ၏။ (၃) စစ်လျော်ကြေး မကျေမချင်း ဂျာမနီ စစ်တပ်သည် ပြင်သစ်မြေပေါ်၌ တပ်စွဲ၍နေမည်။ ဤစစ်ပွဲ၏ အရေးပါဆုံး အကျိုးကား ပြင်သစ်မင်းတို့စံရာ **ဗာဆေးလ်** နန်းတော်တွင် ပရပ်ရှားဘုရင်ကို ဂျာမနီနိုင်ငံ၏ ကေဇာဖြစ်ပြီဟု ၁၈၇၁ ခု ဇန်နဝါရီလ ၁၈ ရက်တွင် ကြေညာခဲ့၏။ ပြင်သစ် ဒုတိယလက်နက်နိုင်ငံတော်လည်း ပြိုကွဲရ၏။ ပြင်သစ်သည် ရှေးအနှစ်လေးဆယ်အတွင်း၌ ထို ၁၈၇၀ ပြည့်နှစ်က အမှားတော်ပုံကို အဖတ်ဆယ်မိရန် များစွာအားထုတ် ကြိုးစားနေရသည်။ အီတလီက ဤစစ်ကြောင့် **ရောမ**မှ ပြင်သစ်တပ်သိမ်းသွားလျှင် ရောမကိုဝင်၍ သိမ်းလိုက်ခြင်းဖြင့် အမြတ်ထုတ်သည်။

အချုပ်အားဖြင့် ၁၈၃၀-၇၁ ခုနှစ်များကာလသည် အမျိုးသားရေးနှင့် ဒီမိုကရေစီ အရေးများစွာ အောင်မြင်တိုးတက်သော ကာလဖြစ်သည်ဟု ဆိုရမည်။ မက်တာနစ်ဝါဒကို တော်လှန်၍ ပြင်သစ်၊ အီတလီ၊ ဂျာမနီနှင့် ဟန်ဂေရီတို့ ကောင်းကျိုးခံစားခွင့် ရကြလေသည်။ ဒီမိုကရေစီ အရေးတွင်လည်း သက်ဦးဆံပိုင်မင်းများက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်ခံလာကြသည်။ ပါလီမန်ကို ရွေးကောက်ရာ၌ မဲပေးခွင့်ရှိသူ တစ်ကြိမ်ထက်တစ်ကြိမ် များလာသည်။ **မြေကျွန်**များကို လွှတ်မြောက်ခွင့်ပေးခဲ့သည်။ ပါလီမန်သည် တန်ခိုးအကြီးဆုံးဟု အသိအမှတ်ပြုသော နိုင်ငံအရေးအတွက် တိုးခဲ့သည်။

* * *

# (၁)

## အရှေ့ဖျား၊ အရှေ့တောင်အာရှ၊ မြန်မာ၊ အိန္ဒိယနှင့် အာဖရိကတိုက်တို့၌ အနောက်တိုင်းသားတို့ နယ်ချဲ့ပုံနှင့် လက်အောက်ခံနိုင်ငံ ထူထောင်ပုံ

### အရှေ့ဖျားတွင် အနောက်တိုင်းသားတို့ တိုးဝင်ပုံ

ရှေးအထက်ကျော် ကာလများက အရှေ့ဖျားမှ ပစ္စည်းတို့ကို နှစ်သက်မက်မောသဖြင့် အပင်ပန်း အဆင်းရဲခံ၍ ဝယ်ယူရန် လာကြသော ဥရောပတိုက်သားတို့သည် ၁၉ ရာစုသို့ ရောက်သောအခါ စက်မှုလက်မှု တော်လှန်ရေး၏ အရှိန်ဖြင့် ပစ္စည်းအင်အား လက်နက်အင်အား ကြီးမားလာပြီဖြစ်သောကြောင့် ဆက်ဆံရေး၌ ရှေးသဘောထားမျိုး မရှိနိုင်တော့ချေ။ ဆက်ဆံရေး၌ အဓိကအချက်များကား (၁) ကုန်ရိုင်းပစ္စည်း ဈေးပေါပေါနှင့် ဝယ်ယူနိုင်ရန်၊ (၂) စက်ထွက်ပစ္စည်းကို အပြိုင်အဆိုင် ကင်းကင်းနှင့် ရောင်းဝယ်ရန်၊ (၃) ငွေပိုရှိသည်ကို နယ်သစ်ပယ်သစ်တွင် လာ၍ ငွေရင်းမြှုပ်ကာ စီးပွားရှာရန်၊ (၄) တိုးပွားများပြားလာသော လူများကို အိုးသစ်အိမ်သစ် ထူထောင်ပေးရန်နှင့် (၅) ခရစ်ယာန်သာသနာပြုရန်တို့ပင် ဖြစ်ပါသည်။





### တရုတ်တွင် ခြယ်လှယ်ပုံ

တရုတ်နိုင်ငံသည် မိမိ ယဉ်ကျေးမှုဖြင့် လုံလောက်ပြီဟု အယူရှိကာ ဥရောပတိုက်သားတို့ကို လက်သင့်ခံလိုစိတ် အစကပင် မရှိခဲ့ချေ။ သို့သော် ၁၈၄၀ ပြည့်နှစ် နောက်ပိုင်း၌ ဥရောပတိုက်သားတို့ ပို၍ အရောက်အပေါက်များလျက် ဥရောပမှ အတွေးအခေါ်၊ အယူအဆများပါ တရုတ်နိုင်ငံသို့ ပျံ့လွင့်၍ လာပါသည်။ ယင်းသို့ တိုးဝင်ရာ၌ လက်နက်အင်အားဖြင့် နှိမ်နင်းပြီးမှ ဝင်နိုင်ခြင်းဖြစ်သည်။ အင်္ဂလိပ်ကုန်သည်များ ယူလာသော ပစ္စည်းများကို တရုတ်တို့က နှစ်သက်စွာ ဝယ်ယူခြင်းမရှိ။ တရုတ်ပစ္စည်းကို ဝယ်သောအခါ၌လည်း အလွယ်တကူ မရောင်းချေ။ သို့ရာတွင် အိန္ဒိယထွက် ဘိန်းကို ယူလာသောအခါ၌ လိုလိုချင်ချင် ဝယ်ယူကြ၏။ ဘိန်းကို ရောင်း၍ရသောငွေဖြင့် တရုတ်ပစ္စည်းကို ဝယ်ယူရသည်။ တရုတ်အစိုးရအနေနှင့် ဘိန်းကို တင်သွင်းခွင့် မပေးခဲ့ချေ။ ထို့ကြောင့် ခိုး၍သွင်းရ၏။ ထိုသို့ မတရား အရောင်းအဝယ် ဖြစ်လာရခြင်းကား အစပထမ အင်္ဂလိပ်ကုန်သည်တို့ကို တရုတ်က ကောင်းစွာ လက်သင့်မခံခြင်းကြောင့်ဖြစ်၏။ ဘိန်းခိုးသွင်းသူမှာ အပြစ်ရှိသလို ဘိန်းသွင်းချင်လာအောင် အခြေအနေကို ဖန်တီးသော အိမ်ရှင်မှာလည်း အပြစ်ရှိချေသည်။ ဘိန်းမသွင်းရန် ထိထိရောက်ရောက် အရေးယူလျှင် တန်ဖိုးများစွာထိုက်သော ဘိန်းတို့ကိုဖမ်း၍ ဖျက်ဆီးပစ်ရာမှအစ စစ်ဖြစ်ရသည်။ စင်စစ် ဘိန်းကြောင့် စစ်ဖြစ်သည် မဟုတ်ချေ။ ဆက်ဆံရေး မပြေပြစ်သော မူလအကြောင်းကြောင့် စစ်ဖြစ်ရ၏။ ထို့ကြောင့် ၁၈၄၀–၂ ခုနှစ်များက အင်္ဂလိပ်နှင့် တရုတ်တိုက်သော ပထမစစ်ကို အများက အလွယ်တကူ ဘိန်းစစ်ဟု ခေါ်ကြသော်လည်း ထိုအမည်ဖြင့် ခေါ်သင့်လှသည် မဟုတ်ပါ။ ထိုအင်္ဂလိပ်–တရုတ် ပထမစစ်တွင် အင်္ဂလိပ်တို့ အနိုင်ရ၍ ၁၈၄၂ ခုတွင် **နန်ကင်း** စာချုပ်ဖြင့် စစ်ပြေငြိမ်းလိုက်သည်။ ထိုစာချုပ်အရ တရုတ်က **အမွိုင်၊ နင်ဂပို၊ ဖူးချောင်နှင့် ရှန်ဟဲ**တို့ကို နိုင်ငံခြား ကုန်သွယ်ရန် ဖွင့်ပေးရ၏။ ပြင်သစ်သာသနာပြုဆရာတစ်ယောက်ကို သတ်ခြင်းနှင့် အင်္ဂလိပ် သင်္ဘောတစ်စင်းကို ဖမ်းခြင်းတို့မှစ၍ ဒုတိယ အင်္ဂလိပ်–တရုတ်စစ် (၁၈၅၆–၆၀) ဖြစ်ပြန်သည်။ ဤတစ်ကြိမ်လည်း တရုတ်ရှုံးသဖြင့် ၁၈၅၈ ခု တွင် **တီယင်စင်**စာချုပ်ချုပ်သည်။ စာချုပ်အရ အင်္ဂလိပ်သည် **ဟောင်ကောင်** အနီး၌ ခြေကုပ်ရ၏။ သင်္ဘောဆိပ် ခြောက်ခုတိုး၍ ဖွင့်ပေးရသည်။ **ပီကင်း**၌ နိုင်ငံခြား သံတမန်များ နေခွင့်ရ၏။ ခရစ်ယာန်

သာသနာပြုများကို အကာ အကွယ်ပေးပါမည်ဟု တရုတ်က ကတိပေးသည်။ လျော်ကြေးငွေ တရုတ် **တေးဒင်္ဂါး** ရှစ်သန်းပေးရမည်ဟု တောင်းသေး၏။ တရုတ်နှင့် ဥရောပတိုက်သားတို့ ဆက်ဆံရာ၌ **တစ်နိုင်ငံကိုပေးသော အခွင့်အရေးမျိုးကို အခြားတစ်နိုင်ငံက တောင်းလျှင်လည်း ပေးရမည်**ဟူသော သဘောမျိုးကို တရုတ်က လိုက်လျောရ၏။ **တရုတ်မြေပေါ်၌ တရုတ်နှင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအချင်းချင်း တရားတဘောင် ဖြစ်လျှင်လည်း တရုတ်ရုံးတော်၌ အမှုမစစ်ရဘဲ ဆိုင်ရာနိုင်ငံခြားသားရုံးမှာသာ စစ်ရမည်**ဟူသော **နယ်လွန်တရားဆုံးဖြတ်ခွင့်**ကိုလည်း တရုတ်က ခွင့်ပေးရသည်။ ထို့ပြင် **ရောင်းဝယ်ခွင့်**ကို မြေအရပ်ပိုင်းခြား၍ **တစ်နိုင်ငံတည်းကိုသာပေးခြင်း**ဟူသော ကန့်သတ်ချက်များလည်းရှိသည်။ အချုပ်ကို ဆိုရသော် ၁၈၄၂ ခုနှစ်၌ ပြုလုပ်သော နန်ကင်းစာချုပ်နှင့် ဒုတိယတစ်လီ လုပ်သော ၁၈၅၆ ခုနှစ် **တီယင်စင်** စာချုပ်များ၏ နောက်ပိုင်း၌ တရုတ်ဧကရာဇ်အား ထီးနန်းချခြင်း မပြုလုပ်သော်လည်း ဥရောပတိုက်သားများ လုပ်လိုရာလုပ်သည်ကို ခွင့်ပြုနေရသော အခါပင်ဖြစ်ပါသည်။ နောက်ဆုံး၌ ဂျပန်က ခြယ်လှယ်လာသည်ကိုပင် တရုတ်ခေါင်းငုံ့ခံရသော အခြေသို့ဆိုက်၏။ တရုတ်ဂျပန် စစ် (၁၈၉၄–၅) ဖြစ်ရသည်မှာ တရုတ်ပိုင်ဟု ယူဆသော **ကိုရီးယား**တွင် ဂျပန်က ကျူးကျော်လာသောကြောင့်ဖြစ်သည်။ ဂျပန်နိုင်လျှင် **ရှီမောနော ဆေကီ** စာချုပ်၍ **ဖော်မိုဆာ** ကျွန်းနှင့် **လီယိုတန်** ကျွန်းဆွယ်ကို ဂျပန်အား ပေးရ၏။ စစ်လျော်ကြေး ဒေါ်လာ ၁၅၇,၉၄၀,၀၀၀ ပေးရသေး၏။ ကိုရီးယားကို လွတ် လပ်သောနိုင်ငံဟူ၍ အသိအမှတ်ပြုရသည်။ ဂျပန် ဤမျှ တန်ခိုးကြီးလာသည်ကို မရှုဆိတ်သဖြင့် ရုရှား ကန့်ကွက်သည်။ ပြင်သစ်နှင့် ဂျာမနီက ရုရှားကို အားပေးသည်။ ထို့ကြောင့် ဂျပန်သည် ဖော်မိုဆာမျှကိုသာ ရတော့သည်။ ရုရှားကား **အမူမြစ်ဝှမ်း**နှင့် ကိုရီးယား၏ မြောက်ဘက်ကို ရယူပြီး၍ **စင်ကိုင်နယ်** သဘော်ဆိပ်တစ်ခုကိုလည်း နောင်အခါ သိမ်းယူခဲ့သည်။ ဂျာမနီသည် နိုင်ငံ သီးခြားနောက်မှ ဖြစ်လာသော်လည်း တရုတ်နိုင်ငံသို့ အချိန်မီ ရောက်လာသေး၏။ **ကီယိုချော**ကို ၁၈၉၇ ခုနှစ်၌ ယူလိုက်သည်။ ပြင်သစ်က ၁၈၉၈ ခုတွင် **ကွမ်ချောင်စမ်**ကို ယူသည်။ ပီကင်းတွင် ရုရှား ဩဇာအတော် ညောင်းသဖြင့် **မန်ချူးရီးယား**ကိုဖြတ်၍ **ဆိုင်ဘီးရီးယားလွန်** မီးရထားလမ်းဖောက် ခွင့်ရသည်။ **လီယိုတန်ကျွန်းဆွယ်၌ ပို့အာသာ**ကို ငှားယူရရှိသည်။ အင်္ဂလိပ်လည်း ရုရှားက မန်ချူးရီးယားနှင့် ကိုရီးယားကို သိမ်းယူခြင်းမပြုနိုင်အောင် မြောက်ဘက်သို့လာ၍ ၁၈၉၈ ခု၌ **ဝေဟောဝေ** တွင် နေရာယူလာသည်။





တရုတ် – ဂျပန် စစ်အပြီးတွင် ရုရှားက ဝင်ရောက်နှောင့်ယှက်ဖူးသည်က တစ်ကြောင်း၊ ရုရှားက မန်ချူးရီးယားကို သိမ်းယူရန် အားထုတ်သည်ကို တွေ့ ရသဖြင့် တစ်ကြောင်း၊ **ဂျပန် – ရုရှား စစ်** (၁၉၀၄–၅) ဖြစ်ရသည်။ ရုရှားအရှုံးကြီးရှုံး၍ ၁၉၀၅ ခု၌ **ပို့စမောက်** စာချုပ်နှင့် စစ်ပြေငြိမ်းသည်။ ရုရှား ငှားထားသော **လီယိုတန်** ကျွန်းဆွယ်ကို ဂျပန်သို့ ပြောင်း၍ပေးရသည်။ ဂျပန်၊ ရုရှား နှစ်နိုင်ငံစလုံး မန်ချူးရီးယားမှ ထွက်၍ပေးရန် သဘောတူကြသည်။ ကိုရီးယား၌ ဂျပန် အရေးအပါဆုံးဖြစ်သည်ဟု ရုရှား အသိအမှတ်ပြုရသည်။ ရုရှားသည် မန်ချူးရီးယားမှ ထွက်ခဲ့ရသော်လည်း **မွန်ဂိုလီယား**တွင် အခွင့်အရေးများရအောင် ဆက်လက်ကြိုးစားယူခဲ့ပါသည်။ တရုတ် လက်အောက်ခံများဖြစ်သော **အင်ဒိုချိုင်းနား**တွင် ပြင်သစ်သည် ၁၈၆၂–၈၅ ခုနှစ်များအတွင်းက ဝင်ရောက်ကျူးကျော်လာ၏။ **ကိုချင်ချိုင်းနား**ကို လုံးဝသိမ်းယူ၍ **ကမ္ဘောဇ**နှင့် **အန်နမ်ကို ထိန်းသိမ်းခံပြည်နယ်**ဟူ၍ လွှမ်းမိုးခဲ့သည်။ တရုတ်က မြန်မာနိုင်ငံကို မိမိထံသို့ လက်ဆောင်ပဏ္ဏာ ပို့ရမြဲဖြစ်သော နိုင်ငံတစ်နိုင်ငံဟု မှတ်ထားခဲ့၏။ ထိုနိုင်ငံကို အင်္ဂလိပ်က ၁၈၈၅ ခုတွင် အပြီးသိမ်းယူခဲ့၏။ တရုတ်ဩဇာခံ **တိဘက်**တွင်လည်း အင်္ဂလိပ်က ဝင်ရောက်စွက်ဖက်သေးသည်။

တရုတ်အစိုးရတွင် ဧကရာဇ်သည် **ကောင်းကင်ဘုံမှ ပေးအပ်သော အခွင့်အရေး** ရသူဖြစ်၍ အချုပ်အခြာ အာဏာပိုင်သူဖြစ်သည်။ အုပ်ချုပ်ရာ၌ ဧကရာဇ်က အမတ်များ ခန့်ထားအုပ်ချုပ်စေသည်။ တရုတ်စစ်တပ် အလွန်ညံ့ဖျင်းနေသည်ကို ထိထိရောက်ရောက် မပြုပြင်ခဲ့သဖြင့် ၁၈၉၅ ခုတွင် ဂျပန်ကိုပင် ရှုံးရ၏။ သို့သော် ၁၈၉၈ သို့ ရောက်ခါမှ ဧကရာဇ် **ကွမ်စု**က ဥရောပ နည်းများအရ ပြုပြင်ရေးများ လုပ်စေ၏။ သို့သော် ဖောက်ပြန်ရေးသမားတို့က ဧကရာဇ်ကို နန်းချလိုက်သည်။ ထို့နောက် မိဖုရားဟောင်း ဇုဇီက အလိုကျ စီမံတော့သည်။ ဖောက်ပြန်ရေးသမားတို့က **နိုင်ငံခြား ဘီလူးသဘက်**များကို မောင်းထုတ်မည်ဟု **လက်သီးအဖွဲ့**ကိုဖွဲ့၍ ၁၉၀၀ ပြည့်တွင်ထိုအဖွဲ့က ရှေ့ဆောင်၍ နိုင်ငံခြားသား မုန်းတီးရေးဝါဒကို လှုံ့ဆော်ကာ ဆူပူသောင်းကျန်းလာကြ၏။ ဂျပန်၊ ရုရှား၊ အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမနီနှင့် ပြင်သစ် စစ်တပ်များပေါင်း၍ လက်သီးသူပုန်ကို ရက်ရက်စက်စက် နှိမ်နင်းသည်။ နှိမ်နင်းပြီးနောက် **တရုတ်အစိုးရထံမှ အခွင့်အရေး**များ ထပ်၍တောင်းသည့်ပြင် စစ်လျော်ကြေးမှာ ဒေါ်လာ ၃၂၀,၀၀၀,၀၀၀ ဖြစ်သည်ဟု ကန့်သတ်လိုက်သေး၏။ အချို့သော တိုင်းသူပြည်သားက အနောက်နိုင်ငံနည်းအတိုင်း ပြုပြင်ရေးများ လုပ်ပါဦးဟု တောင်းဆိုလာ

ကြပြန်သည်။ **ဆန်ယက်ဆင်က တရုတ်လူငယ်ပါတီ** ထောင်၍ သမ္မတနိုင်ငံ ထူထောင်ရေးကို စတင်ဆောင်ရွက်သည်။ နောက်ဆုံး၌ ၁၉၁၁ ခုတွင် သူပုန်ထ၍ အောင်မြင်သဖြင့် **မန်ချူး** မင်းဆက်ကိုဖြုတ်၍ သမ္မတနိုင်ငံ တည်ထောင်လိုက်ပါသည်။ ပထမ သမ္မတ **ယွန်ရှေ့ခိုင်က** ပညာရေး၊ စက်မှုလက်မှုနှင့် စစ်တပ်တွင် နည်းသစ်များ သွင်းလာမည်ကို မကန့်ကွက်သော်လည်း ပါလီမန်စနစ်ကို မနှစ်သက်ချေ။ ၁၉၁၆ ခုတွင် ပထမ သမ္မတ သေဆုံးပြီးနောက်မှ ဒီမိုကရေစီအရေးကို ကြိုးပမ်းနိုင်ကြပါသည်။

## ဂျပန်ပြုပြင်တိုးတက်လာပုံ

ဂျပန်တွင် ခရစ်ယာန်သာသနာပြုရန်လည်းကောင်း၊ ရောင်းဝယ် ဖောက်ကားရန်လည်းကောင်း ဥရောပတိုက်သားများ လာသည်ကို ၁၅၄၂–၈၇ ခုနှစ်များက ကောင်းစွာ လက်သင့်ခံခဲ့သည်။ သို့သော် ခရစ်ယာန် သာသနာဝင်များ၏ အန္တရာယ် ကြီးမားလာအံ့ဟု ကြောက်လန့်လျက် ၁၅၈၇ ခုတွင် ဧကရာဇ် **ဟီဒေယောရှိက** သာသနာပြုဆရာ အားလုံးကို နိုင်ငံတွင်းမှ နှင်ထုတ်ခဲ့သည်။ ခရစ်ယာန် သာသနာဝင်များကို သတ်ခြင်း၊ နိုင်ငံခြား အရောင်းအဝယ် ရပ်စဲခြင်းတို့ကို ပြုလုပ်၍ ၁၆၄၁ ခုမှ အစပြုကာ အပြင်လောကနှင့် အဆက်ဖြတ်ခဲ့သည်မှာ ၁၈၅၃ ခုသို့ တိုင်လေသည်။ အနောက်တိုင်း လက်နက်ဆန်းများဖြင့် ခြိမ်းခြောက်လျက် ၁၈၅၃ ခုတွင် **ကွမ်မိုဒိုပယ်ရီသည် ယောကောဟမ** ပင်လယ်ကွေ့သို့ ဝင်လာ၍ ဂျပန်ကို အတင်းအကျပ် တံခါးဖွင့်ခိုင်း၏။ ၁၈၅၄ ခုတွင် ချုပ်ဆိုသော **ကနဂဝ** စာချုပ်အရ အမေရိကန်သင်္ဘောများ သင်္ဘောပျက်၍ ခိုဝင်လာလျှင် ကောင်းစွာ လက်ခံရန်ကိုလည်းကောင်း၊ သင်္ဘောများ ဂျပန်ဆိပ်ကမ်းတို့တွင် ဝင်၍ စားနပ်ရိက္ခာ ဖြည့်ခွင့်ကိုလည်းကောင်း အမေရိကန်သင်္ဘောများအတွက် **ရှိမောဒ၊ ဟကောဒတေ**နှင့် (၁၈၅၈ ခုတွင်) **ယောကောဟမ** ဆိပ်ကမ်းများဖွင့်၍ ပေးရသည်။ အလားတူ အခွင့်အရေးမျိုးကို အင်္ဂလိပ်၊ ဟော်လန်၊ ရုရှားနှင့် ပြင်သစ်တို့ကိုလည်း ပေးရ၏။ ယင်းသို့ ဥရောပတိုက်သားတို့ကို အညံ့ခံလိုက်ရသဖြင့် ဂျပန်တစ်မျိုးလုံး မခံမရပ်နိုင် ဖြစ်လာ၏။ အနောက်တိုင်းသားကို အနောက်တိုင်းနည်းဖြင့်ပင် ခုခံမည်ဟု အဖြေမှန်ကို မြန်မြန်နှင့် သဘောပေါက်ကြသည်။ အနောက်နိုင်ငံ အဆင့်အတန်းမီအောင် ပြုပြင်ရေးများလုပ်ရန် စိုင်းပြင်းကြသည်။ ခေါင်းဆောင်ပိုင်းက အမြင်ကျယ်ကျယ်နှင့် နိုင်းသမျှကို





တိုင်းသူပြည်သား လူအများက တစ်လုံးတစ်ပါဒ မငြင်းဆန်ဘဲ လိုက်နာရန်အသင့်ရှိသည်။ ၁၈၆၇–၈ ခုနှစ်များတွင် ဂျပန်၌ အကြီးအကျယ် ပြုပြင်မှုများ ပေါ်လာ၏။ မြို့စား၊ ရွာစား **ဒအိမျော**တို့က တိုင်းပြည်တွင် သေနာပတိရာထူးကိုယူ၍ တန်ခိုးအကြီးဆုံး **ရှောဂုန်**ကို ပုန်ကန်ကြ၏။ ဧကရာဇ်ထံမှ လုယူထားသော အုပ်ချုပ်ရေးအာဏာကို ဧကရာဇ်လက်သို့ ပြန်၍အပ်ရမည်ဟု တောင်းဆိုကြ၏။ **ရှောဂုန်**ဖြစ်သူ **ယောရှိနောဗူ**သည် အခြေအနေအရ မိမိဆက်၍ အုပ်ချုပ်မနေသင့်ဟု ဆုံးဖြတ်လျက် ၁၈၆၇ ခုတွင်ရာထူးမှ ထွက်ပေးရကား ဧကရာဇ်သစ် **မုတ်စုဟီတော** (၁၈၆၇–၁၉၁၂) သည် မင်း၏အာဏာကို သုံးခွင့်ရှိသော မင်းအစစ်ဖြစ်၍ လာပါသည်။ ၁၈၆၈ ခုနှစ်ကစ၍ **ရှောဂုန်**၏ လယ်များကို သိမ်းယူခြင်း၊ ကံကျွေးချစနစ်ကို ဖျက်ခြင်း၊ ရှေးမြို့စား ရွာစားတို့က အလိုအလျောက် မိမိတို့ရထားသော အာဏာအခွင့်အရေးများကို မင်းသို့ပြန်အပ်ခြင်း၊ ဗဟိုက ကြိုးကိုင်သော အစိုးရတည်ထောင်ခြင်း၊ အမျိုးသားစစ်တပ်ကို အနောက်နိုင်ငံ စစ်တပ်အဆင့်အတန်းမီအောင် မြှင့်တင်ခြင်း၊ **ကျေးတောသား**တို့ကို လယ်ဝေပေးခြင်းစသဖြင့် ဂျပန်ကို ဥရောပဆန်အောင် အလျင်အမြန် ဆောင်ရွက်ကြသည်။ ၁၈၈၉ ခုတွင် **ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ** ရေးဆွဲအတည်ပြု၍ **ပါလီမန်အစိုးရ** ဖြစ်လာသည်။ ၁၈၇၅ ခုနှစ်ကစ၍ စက်မှုလက်မှု တော်လှန်ရေး ဂျပန်၌စသည်။ အနောက်တိုင်းစက်နှင့် လုပ်နည်းများကို ယူငင်သုံးစွဲရန် အစိုးရက အထူးအားပေး၏။ ၁၈၇၇ ခုမှ ၁၉၁၃ ခုနှစ်များအတွင်းဝယ်နိုင်ငံခြား၊ ကူးသန်းရောင်းဝယ်ရေးသည် ရှေးကထက် နှစ်ဆယ့်ခုနှစ်ဆ တိုးလာခဲ့၏။ **မနေရှင်လူတန်းစား** ပေါ်လာ၍ ဥရောပတိုက် နိုင်ငံနည်းတူ အရောင်းအဝယ်ပြုရန်နှင့် တိုးပွားလာသော လူဦးရေကို နေရာသစ်ပေးရန် နယ်ချဲ့ပါဟု လှုံ့ဆော်လာကြသည်။ ဂျပန်၏ နယ်ချဲ့စစ် ပထမပွဲကား ၁၈၉၄–၅ ခုတွင် တိုက်သော တရုတ်–ဂျပန်စစ်ပွဲဖြစ်၏။ ဥရောပဆန်သော **ဂျပန်စစ်တပ်က** ရှေးဆန်သော တရုတ်စစ်တပ်ကို အလွယ်တကူနှင့် နိုင်လိုက်၍ ရုရှား၊ ပြင်သစ်နှင့် ဂျာမနီတို့ ဝင်ရောက်ဟန့်တားသောကြောင့် တရုတ်ထံမှ နယ်မြေရသင့်သလောက် မရသော်လည်း **ဖော်မိုဆာ** ကျွန်းနှင့် စစ်လျော်ကြေး ဒေါ်လာ ၁၈၀,၀၀၀,၀၀၀ ရလိုက်သေး၏။ ရုရှား၊ ဂျပန် စစ် (၁၉၀၄–၅)တွင်လည်း ကြည်းရေနှစ်ဖက်စလုံး၌ ဥရောပနိုင်ငံကြီး တစ်နိုင်ငံကို ဂျပန်က ကောင်းကောင်းနိုင်လိုက်သဖြင့် ဂျပန်၏ ဂုဏ်သတင်းသည် ကမ္ဘာတွင် ဟိုးလေးတကျော် ဖြစ်လာသည်။ **ပို့စမောက်** စာချုပ်ကို ချုပ်ဆိုရာ **ကိုရီးယားနှင့် မန်ချူးရီးယား**တို့တွင် ရုရှားက

မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုတော့ပါဟု အာမခံချက်ရ၍ **စခလိန်**ကျွန်းတစ်ဝက်အပြင် စစ်လျော်ကြေး ဒေါ်လာ ၂၀,၀၀၀,၀၀၀ ရလိုက်သေး၏။ ယင်းစစ်ကို နိုင်လိုက်ခြင်းနှင့် အင်္ဂလိပ်က ၁၉၀၂ ခုတွင် မဟာမိတ်စာချုပ်ချုပ်လာခြင်းတို့ကြောင့် ဂျပန်ကို ကမ္ဘာတွင် တန်ခိုးကြီးနိုင်ငံတစ်ခုဟူ၍ အများက အသိအမှတ်ပြုလာရသည်။

## အခြားအရှေ့ဘက်နိုင်ငံများ၌ နယ်ချဲ့ပုံ

ရုရှားသည် ၁၅၇၉ ခုမှစ၍ **ပစိဖိတ်** သမုဒ္ဒရာကမ်းခြေသို့ရောက်အောင် အရှေ့ဘက်သို့ ချဲ့ထွင်၍လာခဲ့ပါသည်။ **ပစိဖိတ်** ကမ်းပေါ်မှ **ဩခေါက်** ဆိပ်ကမ်းကို ၁၆၃၈ ခု၌ ရခဲ့၏။ **အမူ** မြစ်ဝှမ်းကိုယူ၏။ **ဗလဒီဗောစတောက်** ဆိပ်ကမ်းကို တည်၏။ **စခလိန်**ကျွန်းကို ၁၈၇၅ ခုနှစ်တွင် သိမ်း၏။ ပစိဖိတ်ကမ်းရိုးကို မြောက်ဘက်မှစ၍ယူကာ တောင်သို့ တဖြည်းဖြည်း ဆင်းခဲ့ရာ ဂျပန်နှင့် (၁၉၀၅) စစ်ဖြစ်ခါမှ အဆင်းရပ်တော့သည်။ **ပို့အာသာ** ကို လက်လွှတ်ရလျက် ကိုရီးယားတွင် ဝင်ရောက်မနှောင့်ယှက်ပါဟု ကတိပြုရသည်။ မန်ချူးရီးယားနှင့် ကိုရီးယားကို လက်လွှတ်ခဲ့ရသော်လည်း မွန်ဂိုလီးယားတွင် ဩဇာရှိလာသည်။ ၁၅၅၄–၁၈၈၅ အတောအတွင်း၌ **ကက်စပီရန်** ပင်လယ်တစ်ဝိုက်မှ **ပါရှ** မင်းနှင့် တူရကီမင်းတို့ သစ္စာခံ လူမျိုးစုများစွာကို ရုရှားအုပ်စိုးနိုင်ခဲ့သည်။ ပါရှအစိုးရမှာ အင်အားနည်းလှသဖြင့် ၁၉၀၇ ခု၌ အင်္ဂလိပ်နှင့် ရုရှား စာချုပ်ကာ ပါရှမြောက်ကို ရုရှား၏ **သီးသန့်စီးပွားရှာခွင့်နယ်** ဖြစ်၍ တောင်ကို အင်္ဂလိပ်နယ်ဟု သတ်မှတ်ကြသည်ကို ခံလိုက်ရ၏။ ရုရှားက အိန္ဒိယပင်လယ်တိုင်အောင် တောင်ဘက်သို့ ချဲ့ထွင်လာသည်ကို အင်္ဂလိပ်က ဆီး၍ ဟန့်ထား၏။ အဘယ့်ကြောင့်ဆိုသော် အင်္ဂလိပ်ပိုင် အိန္ဒိယကို ထိပါးလာမည်စိုးသောကြောင့်ဖြစ်၏။ **အာဖဂန်နီစတန်**ကို အင်္ဂလိပ် ပိုင်နက်နှင့် ရုရှားပိုင်နက် အကြားမှ **တိုင်းကြပ် ပြည်ကြပ်**ဟု သဘောထားကြ၏။ သို့သော် ရုရှားက **တာကစ်စတန်** အနောက်ခြမ်းကို သိမ်းယူလျက် အာဖဂန်နီစတန်မှ ရောင်းဝယ်မှု အခွင့်ရေးများကို ရလိုက်သေးသည်။ ထိုနိုင်ငံ၏ နိုင်ငံခြားဆက်သွယ်ရေးကိုမူ အင်္ဂလိပ်က ကြိုးကိုင်ထား၏။ အာရှတွင်ရှိသော ရုရှားပိုင်နက်ကား မြေဧရိယာအားဖြင့် ကြီးလှ၏။ အစုစု စတုရန်းမိုင် ခြောက်သန်းရှိသည်။ ပိုင်နက် အသစ်များကို **ပီထရိုဂရက်**မှ ဗလဒီဗောစတောက်နှင့် ပီကင်းတိုင်အောင် ရှည်လျားလှစွာသော မီးရထားလမ်းကြီးဖြင့် ဆက်သွယ်ထားလေသည်။





## အင်္ဂလိပ်–မြန်မာ ဆက်သွယ်ရေးနှင့် မြန်မာတို့ လွတ်လပ်ရေးကျဆုံးခြင်း

အင်္ဂလိပ် – မြန်မာ ဆက်ဆံရေးတွင် ၁၇၉၅ ခုနှစ်မှစ၍ သဘောတစ်မျိုးပြောင်းခဲ့သည်။ ယခင်ကလာသော အင်္ဂလိပ်သည် ကုန်သည်သက်သက်ဖြစ်၏။ ပြင်သစ် သူပုန်ကြီး နောက် နပိုလီယန်ခေတ်တွင် မြန်မာနိုင်ငံသို့ ပြင်သစ်နယ်ချဲ့လာမည်ကို အင်္ဂလိပ် အလွန်စိုးသည်။ မြန်မာ**ကျွန်းသစ်**နှင့် သင်္ဘောဆောက်နိုင်သည်။ မြန်မာတွင်းထွက် ကျောက်မျက်ရတနာများမှ အမြတ်ကြီးကြီးရနိုင်သည်။ ထို့ပြင် ၁၇၈၅ ခုနှစ်၌ မြန်မာက ရခိုင်ကို သိမ်းသဖြင့် အင်္ဂလိပ်နှင့် နယ်နိမိတ် အယှက်အတင်ဖြစ်လာကာ နယ်နိမိတ် ပြဿနာများ ဆွေးနွေးစေ့စပ်ရန် ရှိသေးသည်။ မြန်မာက အရှေ့ဘင်္ဂလားကို ထိပါးလာမည်ကိုလည်းစိုးသည်။ **ဘိုးတော်ဘုရား**သည် ၁၈၀၇ ခုလောက်ကစ၍ လောကီလောကုတ္တရာ ကျမ်းစာအုပ်များ စုရန်နှင့် **ဗုဒ္ဓဂယာ**၌ ကုသိုလ်ပြုရန်ဟု အကြောင်းပြ၍ သံတမန်များ အလီလီလွှတ်သည်ကို အိန္ဒိယရှိ အင်္ဂလိပ် ရန်သူ **မာရသာ** လူမျိုးတို့နှင့် မဟာမိတ် အဆက်အသွယ်ရရန် ကြိုးစားလိမ့်နိုးနိုး မသင်္ကာရှိခဲ့သည်။ ဖော်ပြပါ အကြောင်းများစွာတို့ကို ပေါင်းစပ်လိုက်လျှင် မြန်မာ အင်္ဂလိပ်ဆက်ဆံရေးသည် အဘယ့်ကြောင့် နိုင်ငံရေးသဘော သက်ဝင်လာကြောင်းကို အလွယ်နှင့်ပင် သိနိုင်ပါသည်။ ကာလကတ္တားမှ အင်္ဂလိပ် ဘုရင်ခံချုပ် **ဆာဂျွန်ရှိုး**က စေလွှတ်သဖြင့် အမရပူရသို့ **ကပ္ပတိန်ဆိုင်း**သည် ၁၇၉၅ ခုနှစ်၌ ရောက်လာ၏။ မဟာမိတ်စာချုပ်ချုပ်ရန်၊ ရောင်းဝယ်ခွင့်ပြုရန်၊ သံတမန်လဲလှယ်ရန်၊ **အင်္ဂလိပ်နိုင်ငံရေးကိုယ်စားလှယ်တစ်ဦး** ရန်ကုန်၌ နေထိုင်ခွင့်ပြုရန် စသည်တို့ကို တောင်းလျှင် **ဘိုးတော်ဘုရား**က အလွယ်တကူ ခွင့်ပြုသည်။ မြန်မာတို့က အနောက်တိုင်း၌ အလေ့ရှိသော စာချုပ်ချုပ်ခြင်း၊ သံရုံးဖွင့်လာခြင်း၊ ကုန်သန်းရောင်းဝယ်ရေး သဘောတူညီချက်ပြုခြင်း စသည်တို့ကို ကောင်းစွာသဘောပေါက်ပုံမပေါ်ချေ။ ရှိခိုးလက်ဆောင်တော်နှင့် ခြေဖဝါးတော်အောက်သို့ ရောက်လာသူကို သနားခွင့်ပြုခြင်းကား တစ်ကြိမ်တစ်ခေါက် တစ်ယောက်အတွက်သာဖြစ်၍ နောက်တစ်မင်း နောက်တစ်ယောက် နောက်တစ်ခေါက်နှင့် မဆိုင်ဟု ယူဆခဲ့ကြ၏။ ထို့ကြောင့် မြန်မာတို့က စာချုပ်ချုပ်ပါလျက် စာချုပ်ပါ အချက်အလက်တို့ကို မလေးမစား မလိုက်မနာ ပြုပါသည်ဟု တိုင်တန်းခြင်းမျိုးကိုလည်းကောင်း၊ စစ်ရှုံးသဖြင့် ချုပ်ရသော **ဘကြီးတော်**လက်ထက်က **ရန္တပိုစာချုပ်** (၁၈၂၆)ကို **သာယာဝတီမင်း**က စကားထဲမှာပင် ထည့်၍မပြောလိုသကဲ့သို့ ပုဂံမင်း ၁၈၅၂

စစ်ရှုံးသဖြင့် အင်္ဂလိပ်က အောက်မြန်မာပြည်ကို ယူပြီးနောက် မင်းသစ်ဖြစ်သော **မင်းတုန်း**ကို စာချုပ်ပါဟု ပြောမရနိုင်သည်ကို တွေ့ရပါသည်။ သို့သော် အနောက်တိုင်း အကြောင်းကို လုံးဝနားမလည်၍ ဤသို့ဖြစ်ရသည်ဟု မဆိုနိုင်ချေ။ မင်းနှင့်တကွ အမှူးအမတ်တို့ အနောက်တိုင်းအကြောင်း လေ့လာကြသည်ကို အထောက်အထားများစွာ တွေ့ရပါသည်။ သို့သော် မိမိနိုင်ငံသို့ လက်နက်အားကိုးနှင့် ကျူးကျော်လာသူကို လက်နက်နှင့် မတားနိုင်သည့်အတူတူ ဟိတ်ဟန်လုပ်၍ စကားလုအောင်ပြောကာ တတ်နိုင်သမျှ အချိန်ဆွဲသော နည်းပရိယာယ်ကို သုံးကြဟန် တူပါသည်။ ဆိုင်း၏ အစီရင်ခံစာအရ ကပ္ပတိန် **ဟီရမ်ကောက်**ကို အင်္ဂလိပ် ကိုယ်စားလှယ်အဖြစ်ဖြင့် ရန်ကုန်တွင်နေရန် ၁၇၉၆ ခုတွင် လွှတ်လိုက်၏။ မြန်မာတို့က ခုနစ်လ စောင့်ခိုင်းထားပြီးမှ ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ခွင့်ပေးသည်။ ဘာမျှအမှုကိစ္စ မပြောရသဖြင့် မကျေမနပ်ပြန်ခဲ့ရ၏။ ယင်း၏ အစီရင်ခံစာကား ဆိုင်း၏ အစီရင်ခံစာနှင့် လုံးဝဆန့်ကျင်၏။ ၁၇၉၇–၁၈၀၂ ခုနှစ်များအတွင်း၌ ရခိုင်–ဘင်္ဂလားနယ်စပ် အရေးမှာ မအေးလှချေ။ အဘယ့်ကြောင့်ဆိုသော် ရခိုင်သူပုန် **ချေင်းပြန်** ဘင်္ဂလားသို့ ပြေးဝင်သွားသည်ကို မြန်မာတို့က ဖမ်းရန်လိုက်ခြင်းကြောင့် တစ်ကြောင်း၊ ရခိုင်များစွာလည်း ဘင်္ဂလားသို့ ရွှေ့ပြောင်းသွားကြသည်ကို မြန်မာက ပြန်ပေးရမည်ဟု တောင်းသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ပါသည်။ ၁၈၀၂ ခုတွင် **ကြေးဆက်မဟာမိတ်**ဖြစ်အောင် မြန်မာကို သွေးဆောင်ရန် ဆိုင်းကို တစ်ကြိမ်လွှတ်လိုက်ပြန်သည်။ ကြေးဆက် မဟာမိတ်ဆိုသည်မှာ အင်္ဂလိပ်ကုမ္ပဏီက အိန္ဒိယမင်းသားတို့နှင့် လုပ်လေ့ရှိသော မဟာမိတ်ဖွဲ့နည်း တစ်မျိုးပင်ဖြစ်၏။ မင်းအဖြစ်ကိုရခြင်းသို့မဟုတ် နန်းပေါ်တွင်ဆက်၍ မင်းအဖြစ် နေနိုင်ခြင်းမှာ အင်္ဂလိပ်ကျေးဇူးမကင်းသော မင်းသားသည် ပြည်တွင်းအုပ်ချုပ်ရေးတွင် မိမိဘာသာ ဆောင်ရွက်ခွင့်ရှိသော်လည်း နိုင်ငံခြားဆက်ဆံရေးနှင့် ကာကွယ်ရေးတွင် အင်္ဂလိပ်အလိုကျသာ လုပ်ရလျက် ပြည်ပရန်မှ ကာကွယ်ပေးခြင်းကို အကြောင်းပြု၍ အင်္ဂလိပ်ကုမ္ပဏီကို အခွန်ဆက်ရသည်။ နားထောင်၍ကောင်းအောင် မဟာမိတ်ဟုခေါ်သော်လည်း လက်အောက်ခံ သဘောပင် ဖြစ်သောကြောင့် မြန်မာတို့က ထိုကြေးဆက် မဟာမိတ်ကို လက်သင့်မခံနိုင်ချေ။ ထိုသို့ လက်မခံခြင်းကြောင့် စစ်ပင်ဖြစ်နိုင်သည်ဟု ခြိမ်းခြောက်၍ ဆိုင်းပြန်သွားသည်။ သို့သော် အိန္ဒိယတွင် မာရသာတို့နှင့် ရန်ဖြစ်နေရသေးသဖြင့် မြန်မာနိုင်ငံအရေးကို ထိထိရောက်ရောက်





အင်္ဂလိပ် မဆောင်ရွက်နိုင်သေးချေ။ **ကပ္ပတိန်ကဲနင်း**ကို ၁၈၀၃ ခု၊ ၁၈၀၉ ခုနှင့် ၁၈၁၁ ခုတို့တွင် စေလွှတ်၍ **သံတမန်လဲလှယ်ဆက်ဆံရန်** ပြောလာသော်လည်း မြန်မာက မလိုက်လျောချေ။ အချုပ်အားဖြင့် အင်္ဂလိပ်မင်းက လွှတ်သောသံကိုသာ လက်ခံလိုသည်။ အိန္ဒိယတွင်နေသော ဘုရင်ခံချုပ်က လွှတ်သောသံကို လက်မခံလိုချေ။ ဘုရင်ခံချုပ်ကား မြန်မာ့အမြင်တွင် ဘင်္ဂလားမြို့စားမျှသာဖြစ်ချေ၏။ အင်္ဂလိပ်သံတို့ကလည်း မြန်မာနန်းသို့ဝင်လျှင် ဓားလွယ်ကို ချရခြင်း၊ ဖိနပ်ချွတ်ရခြင်း၊ ပြားပြားဝပ်၍ ခစားရခြင်း၊ နဖူးမြေထိ ရှိခိုးရခြင်းတို့ကို မလုပ်လိုချေ။ ယင်းသို့ဖြင့် နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာလာရ၏။ ၁၈၁၁ ခု ကျော်လျှင် အင်္ဂလိပ်က အရေးရှိလျှင် စာရေး၍ ရန်ကုန်မြို့ဝန်နှင့်သာ ဆက်ဆံခဲ့၏။ ထိုစဉ်ကပင် မြန်မာတို့ အုပ်ချုပ်ရေးညံ့ပုံနှင့် စစ်အင်အားငယ်ပုံကို အင်္ဂလိပ်က မှတ်သားပြီးဖြစ်သည်။ မြန်မာတို့က အာသံကို ၁၈၁၆–၁၉ ခုနှစ်များ၌ ဝင်ရောက်ဖျက်ဆီးခြင်းကား အင်္ဂလိပ်တို့ စိုးရိမ်အောင် နှိုးဆော်သကဲ့သို့ ရှိသည်။ အာသံကိုရလျှင် **ကချာ၊ ဂျန်တီယာ** တောင်တန်းဒေသ စသော အာသံလက်အောက်ခံတို့ကိုလည်း လွှမ်းမိုးရန် ကြံသော်လည်း အင်္ဂလိပ်က ဝင်၍ ယင်းတို့ကို အကာအကွယ်ပေးခဲ့သည်။ ဤအတောအတွင်း၌ ၁၈၂၃ ခုတွင် **ဆင်မဖြူကျွန်း**ကို သူပိုင်သင့် ငါပိုင်သင့် အင်္ဂလိပ်နှင့် မြန်မာတို့ ငြင်းကြပြန်သည်။ ၁၈၂၄ ခု ဇန်နဝါရီလတွင် **ဗန္ဓုလ**ခေါင်းဆောင်လျက် မြန်မာတပ်က ကချာကိုလာ၍ တိုက်သည်။ ထို ၁၈၂၄ ခု မတ်လ ၅ ရက်နေ့တွင် အင်္ဂလိပ်က မြန်မာကို စစ်ကြေညာသည်။ ၁၈၂၅ ခု ဧပြီလဆန်း ၁ ရက်တွင် ဓနုဖြူ၌ ဗန္ဓုလ ကျဆုံးပြီးနောက် မြန်မာတို့က စနစ်တကျ မခုခံနိုင်တော့ချေ။ **ကမ်ဘဲ** ခေါင်းဆောင်သည့် အင်္ဂလိပ်စစ်တပ်သည် အဝနေပြည်တော်နှင့် ၄၅ မိုင်သာ ကွာဝေးသော ရန္တပိုအရပ်သို့ ၁၈၂၆ ခု ဖေဖော်ဝါရီလ ၂၃ ရက်တွင် ရောက်ရှိလာပါသည်။ ထို ၁၈၂၆ ခု ဖေဖော်ဝါရီလ ၂၄ ရက်တွင် **ရန္တပို**စာချုပ်ကို လက်မှတ်ရေးထိုး၍ စစ်ပြေငြိမ်းကြ၏။ မြန်မာကို အနိုင်ယူသွားသော အင်္ဂလိပ်တပ်ကား ကြီးလှသည်မဟုတ်။ ရန္တပိုအရောက်တွင် အင်္ဂလိပ် ၂,၀၀၀၊ ကုလား ၄,၅၀၀ သာရှိ၏။ ဤစစ်ပွဲ၌ အင်္ဂလိပ်ဘက်မှ တစ်ရာလျှင် သုံးယောက်ခွဲနှုန်းသာ လက်နက်သင့်၍ သေဆုံးရသည်။ လေးဆယ့်ငါးရာခိုင်နှုန်းမှာ ရောဂါကြောင့်သေ၏။ ရာသီဥတု ပြင်းထန်ခြင်းနှင့် စားနပ်ရိက္ခာ အပို့အဆက်ညံ့ခြင်းတို့၏ ဒဏ်ကို ခံကြရသည်။ အင်္ဂလိပ်နယ်ချဲ့ ရာဇဝင်တွင် ဤပထမအင်္ဂလိပ်–မြန်မာ

စစ်လောက် အစီအမံညံ့သောစစ်မရှိဟု အချို့ရာဇဝင်ဆရာတို့က ဆိုပါသည်။ စစ်ပြေငြိမ်းစာချုပ်အရ မြန်မာက ရခိုင်နှင့်'တနင်္သာရီဆုံး၏။ အာသံ၊ မဏိပူရ တို့၌ ဝင်ရောက်စွက်ဖက်ခြင်း မပြုပါဟု ဝန်ခံရ၏။ စစ်လျော်ကြေးငွေ တစ်ကုဋေ ပေးပါမည်ဟု အာမခံရသည်။ စစ်ကြေးကို မြန်မာက ၁၈၂၈ ခုနှစ်အတွင်း အပြီး ဆပ်ရန် ဖြစ်သော်လည်း ၁၈၃၃ ခု ဖေဖော်ဝါရီလတွင်မှ ကြေးကျေသည်။ စစ်ပြီးနောက် **မော်လမြိုင် မှတ္တမနယ်စပ်သည်** ပြဿနာတစ်ရပ် ဖြစ်ခဲ့၏။ စာချုပ်အရ အင်္ဂလိပ်အရာရှိတစ်ဦး နေပြည်တော်၌ နေလာ၏။ ပထမဆုံး ရောက်လာသူကား **ဟန်နရီဘာနေ**ပင် ဖြစ်ပါသည်။ ၁၈၃၀–၈ အထိ မြန်မာနိုင်ငံ တွင် နေသွား၏။ ၁၈၃၇ ခုတွင် သာယာဝတီမင်း နန်းတက်ပြီးနောက် ပြန်သည်။ မြန်မာတို့နှင့် ဆက်ဆံရခက်ခဲလာသဖြင့် အင်္ဂလိပ်အရာရှိကို ၁၈၄၀ တွင် နုတ်သိမ်းလိုက်သည်။ နိုင်ငံခြားဆက်ဆံရေးတွင် ရန်ကုန်ဆိပ်ကမ်း၌ ပေါ် လာသော ပြဿနာများကို ဖြေရှင်းပေးမည့်သူ မရှိသဖြင့် သေးငယ်သော ကိစ္စမှ စ၍ စကားများကာ ၁၈၅၂ ခုတွင် အင်္ဂလိပ်–မြန်မာ ဒုတိယစစ် ဖြစ်ရပြန်သည်။ မြန်မာတို့ ရှုံးသဖြင့် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်သိမ်းယူသည်။ မင်းတုန်း မင်းကို စစ်ပြေငြိမ်းစာချုပ် ချုပ်ပါဟူ၍ တိုက်တွန်းသော်လည်း မရချေ။ ၁၈၅၅ ခုတွင် **အာသာဖယ်ရာ** သံအဖြစ်ဖြင့် ရောက်လာသည်။ မြန်မာကလည်း ဦးစိုး ကို ၁၈၅၄ ခုနှစ်က **ကာလကတ္တားသို့** သံစေသည်။ **အာသာဖယ်ရာ**ကို ၁၈၆၂ တွင် တစ်ကြိမ်၊ ၁၈၆၆ တွင်တစ်ကြိမ်စေ၍ ရောင်းဝယ်ရေးစာချုပ်ချုပ်ရန် စကားဆိုကြသည်။ ၁၈၆၇ တွင် **အယ်လဘတ်ဖိုက်** လာပြီးနောက် ထိုနှစ်မှာပင် စာချုပ်ဖြစ်သည်။ သို့သော် စာချုပ်အတိုင်း အတိအကျ မြန်မာတို့ မလိုက်နာဟု အင်္ဂလိပ်က စွပ်စွဲခဲ့၏။ **ဝိတိုရိယ** ဘုရင်မထံသို့ **မင်းတုန်းမင်းက ကင်းဝန်မင်းကြီး**ကို ခေါင်းဆောင်စေ၍ ၁၈၇၂ ခုတွင် သံစေခဲ့၏။ သို့သော် နိုင်ငံရေးရာကိစ္စကို အိန္ဒိယဘုရင်ခံချုပ်နှင့် ဆွေးနွေးပါဟု ပြန်၍လွှဲလိုက်သည်။ ၁၈၇၈ ခု အောက်တို ဘာလ ၁ ရက်တွင် မင်းတုန်းမင်း နတ်ရွာစံသည်။ သီပေါ လက်ထက်တွင် မင်းတုန်းမင်း၏ ဝါဒအတိုင်း ဥရောပ တန်ခိုးကြီးနိုင်ငံတစ်ခုခုနှင့်တွဲ၍ အင်္ဂလိပ်၏ ကြီးမားသော အန္တရာယ်ကို ကာကွယ်ရန် ကြိုးစား၏။ ထို့ကြောင့် အင်္ဂလိပ်က စိုးရိမ်၍ အကြောင်းအခွင့်ရှာပြီး ၁၈၈၅ ခုတွင် အထက် မြန်မာနိုင်ငံကို သိမ်းယူလိုက်သည်။ **သီပေါမင်း**ကို ဖမ်းသွား၍ ၁၉၁၆ ခုတွင်မှ နတ်ရွာစံသည်။





## အရှေ့တောင်အာရှ၌ နယ်ချဲ့တို့ဝင်လာပုံ

အရှေ့တောင်အာရှကို ရှေးအခါက တောင်ပိုင်း၌ အိန္ဒိယယဉ်ကျေးမှု လွှမ်းမိုး၍ မြောက်ပိုင်း၌ တရုတ်လွှမ်းမိုးရကား ထိုကျွန်းဆွယ်ကြီးကို အင်ဒိုချိုင်း နားဟု ခေါ်စမှတ်ပြုသည်။ အင်ဒိုချိုင်းနားတွင် **တောင်ကင်း**ကို မြို့တော်ထား၍ **ဗီယက်နမ်**ကို တရုတ်က ၁၉၃၈ ခုအထိ အနှစ် ၁၀၀၀ ခန့် အုပ်ချုပ်ခဲ့သည်။ ဗီယက်နမ် လက်အောက်၌ အိန္ဒိယဆန်သော **စမ္ပါခေါ် အန်နမ်နှင့် ကမ္ဘောဇ** ရှိသည်။ ၁၈၃၃ ခုနှစ်ကစ၍ **လော** နိုင်ငံလည်း **ဗီယက်နမ်** လက်အောက်သို့ ရောက်လာခဲ့သည်။ ၁၈၀၂ ခုတွင် **ဗီယက်နမ်၌ ငုယန်** အမျိုးမှ ခေါင်းဆောင် **ဂီယာလုံး**သည် ဗီယက်နမ်ကို ပြန်လည်စည်းရုံး၍ **ဟွေး**တွင် နန်းစိုက်ကာ မင်း ဆက်သစ်ကို တည်ထောင်ခဲ့၏။ ဤသို့ ကြိုးပမ်းစဉ်ကပင် **ဂီယာလုံး**သည် ပြင်သစ်အကူအညီကို ခံယူခဲ့သည်။ ပြင်သစ် အကြံပေးအရာရှိများကို သုံးခဲ့၏။ သို့သော် နောက်ဆက်ခံသော မင်းများလက်ထက်၌ ခရစ်ယာန် သာသနာပြု များကို မယုံကြည်ဖြစ်လာကာ အပြန်အလှန် မကျေနပ်မှုများကြောင့် ပြင်သစ် စပိန်ပေါင်း၍ ၁၈၅၈ ခုနှစ်တွင် ဗီယက်နမ်ကို တိုက်ကြ၏။ ဤစစ်မှာ တစ်စတစ်စ ကျယ်ပြန့်လာကာ ၁၈၈၅ ခုတွင် **တောင်ကင်း၊ အန်နမ်၊ လောနှင့် ကမ္ဘောဇ** တို့အားလုံး ပြင်သစ် **အစောင့်ရှောက်ခံနိုင်ငံများ** ဖြစ်လာကြသည်။ ပြင်သစ်က **အင်ဒိုချိုင်းနား**တွင် အုပ်စိုးမိခြင်းဖြင့် တရုတ်တောင်ပိုင်း ကူးသန်းရောင်းဝယ်ရေး ကို အုပ်စီးနိုင်ရန်လည်းကောင်း၊ မြန်မာနှင့်မလေး၌ နယ်ချဲ့လာသော အင်္ဂလိပ်ကို ခုခံရန်လည်းကောင်း ရည်ရွယ်သည်။ ၁၈၈၇ ခုနှစ်တွင် ပြင်သစ်ဘုရင်ခံချုပ် ဦးစီးလျက် **အင်ဒိုချိုင်းနားပြည်ထောင်စု** တည်ထောင်ရာ **ကိုချင်ချိုင်းနား၊ တောင်ကင်း၊ အန်နမ်၊ လောနှင့် ကမ္ဘောဇ**တို့ ပါဝင်သည်။ ပြည်ထောင်အသီးသီး၌ ကိုယ်ပိုင်အုပ်ချုပ်ရေး ရှိသော်လည်း ပြင်သစ်အရာရှိတို့က ထိန်းသိမ်းပေးခြင်းကို ခံရ၏။ ဘုရင်ခံချုပ်သည် အာဏာရှင်အခွင့်အရေးများကို ရခဲ့၏။ တရုတ်နိုင်ငံသို့ ဝင်ပေါက်ဟု **အင်ဒိုချိုင်းနား**ကို အစက ထင်ခဲ့သော်လည်း လက်တွေ့တွင် ဘာမျှ မပတ်သက်သဖြင့် စိတ်ပျက်မိသော်လည်း ရောက်ရာအရပ်တွင်ပင် ရသ လောက် အမြတ်ထုတ်မည်ဟု ပြင်သစ်က ဆုံးဖြတ်ခဲ့သည်။ ဆန်စပါး စသည့် ကောက်ပဲသီးနှံ အထွက်ကောင်းအောင် အားပေးခဲ့၏။ **ရာဘာ** စိုက်ပျိုးရေး စခဲ့၏။ သတ္တုတွင်းများ ရှာဖွေတူးဖော်၏။ မီးရထား၊ မော်တော်ကား၊ မီးသဘော်လမ်းများ ဖောက်ပေးသည်။ စာပို့၊ ကြေးနန်း၊ တယ်လီဖုန်း တို့တွင်

သည်။ ပညာရေးနှင့် **ကျန်းမာရေး**တို့ကို တိုးတက်ကောင်းမွန်လာစေသည်။ တိုးတက်မှုရှိသော်လည်း တောသူတောင်သားတို့ ခံစားရသည်မရှိချေ။ ၁၉၃၉ ခုနှစ်အထိ ကလေး ၁၅ ရာနှုန်းမျှသာ ကျောင်းတက်နိုင်သည်ကို တွေ့ရသည်။ ပုန်ကန်မှုများ ရှိခဲ့သော်လည်း ရက်ရက်စက်စက် နှိမ်နင်းခဲ့သည်။ ၁၉၂၀ လောက်မှစ၍ လျှို့ဝှက်သင်းများ ပေါ်ခဲ့၍ လျှို့ဝှက်ကွန်မြူနစ်ပါတီကို **ဟိုချီမင်း**က ခေါင်းဆောင်သည်။ ၁၉၃၀ မှစ၍ ပြင်သစ်က သူ့ပုန်တို့ကို ပို၍ရက်စက်စွာ နှိမ်နင်းခဲ့သည်။

**ယိုးဒယားခေါ် ထိုင်းလန်ကား ထိုင်** လူမျိုးတို့၏ နိုင်ငံဖြစ်၍ တစ်ဆယ့်သုံးရာစု လောက်ကစ၍ နိုင်ငံအဖြစ် စည်းရုံးမိပါသည်။ မြို့တော် **အယုဒ္ဓယ**ကို ၁၃၅၀ ပြည့်က ထည်ထောင်ခဲ့၏။ **မဲနမ်**နှင့် **မဲခေါင်** မြစ်ဝှမ်းများကို အုပ်စိုးခဲ့၍ **မလေးကျွန်းဆွယ်** မြောက်ပိုင်းအထိ အာဏာပြန့်ခဲ့၏။ ကမ္ဘောဇမြို့တော် **အန်ကော်**ကို ဖျက်ဆီးခဲ့ကြ၏။ ၁၅၈၀ မှ ၁၈၀၀ အတွင်း၌ အရှေ့တောင်အာရှ၌ တန်ခိုးကြီးနိုင်ငံတစ်ခု ဖြစ်ခဲ့သည်။ မြန်မာတို့က ခြောက်ကြိမ်ထက်မနည်း ဝင်ရောက်ဖျက်ဆီးသော်လည်း **ဆက်ကရီ** မင်းဆက်က ပြန်လည်ထူထောင်ခဲ့သည်။ နယ်ချဲ့တို့ မုန်တိုင်းကြား၌ လွတ်လပ်ရေး ဆုံးရှုံးခြင်း မရှိသည်မှာ ထိုင်ဘုရင်များက အင်္ဂလိပ်နှင့် ပြင်သစ်ကို ကောင်းစွာရန်တိုက်ပေးနိုင်ခြင်းကြောင့်ဟုဆိုက မမှားနိုင်ချေ။ တိုင်းပြည်ကို အနောက်တိုင်းဆန်အောင်လည်း အသင့်အတင့် ကြိုးစားခဲ့ကြ၏။ **ထိုင်းလန်**ကို အနောက်တိုင်းသားတို့အနက် ပေါ်တူဂီတို့ ပထမဆုံး ရောက်လာကြ၏။ အရောင်းအဝယ်လည်းပြုသည်။ မင်းထံ၌လည်း ကြေးစားစစ်သားများအဖြစ်ဖြင့် အမှုထမ်းသည်။ ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့ တစ်ဆယ့်ခုနစ်ရာစုမှစ၍ ရောက်လာကြသော်လည်း တိုင်းရင်းသားတို့ ထားရာကနေကြရသည်။ မင်းက ပြင်သစ်ကို မျက်နှာသာပေးလွန်းသဖြင့် ၁၆၈၈ ခု နန်းတွင်းသူပုန်ထ၍ မင်းဆက်သစ်တင်ဖူးသည်။ ၁၈၂၆ ခုနှစ်ကစ၍ တနင်္သာရီကို အင်္ဂလိပ်ကရလျှင် **ထိုင်းလန်**နှင့် နယ်နိမိတ်ချင်း ယှဉ်၍လာပါသည်။ **မလေး**ဘက်က ၎င်းတို့ ပိုင်နက်ကို အင်္ဂလိပ်လက်သို့ အပ်လိုက်သည်ကများသည်။ ၁၈၅၅ ခုနှစ်၌ အင်္ဂလိပ်နှင့် စာချုပ်၍ **နယ်လွန်တရားရုံးတော် အာဏာ**နှင့် **မျက်နှာသာပေး နိုင်ငံအခွင့်အရေး**တို့ကို ပေးလိုက်ရလေသည်။ ဤတွင် **နယ်လွန်တရားဆုံးဖြတ်ခွင့်** ဟူသည် အာရှနိုင်ငံ တစ်နိုင်ငံ၌ တိုင်းရင်းသားနှင့် ဥရောပတိုက်သား တရားဖြစ်လျှင် ဥရောပရုံး၌ ဥရောပ ဥပဒေဖြင့်သာ စီရင်ရသည်ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသား ဥပဒေများကြမ်း၍ တရား





သူကြီးတို့ အဂတိလိုက်တတ်သောကြောင့် ဖြစ်သည်ဟု အကြောင်းပြသည်။ **မျက်နှာသာပေး နိုင်ငံအခွင့်အရေး** ဟူရာ၌လည်း တိုင်းရင်းသား အစိုးရနှင့် နိုင်ငံခြား အစိုးရတို့ စာချုပ်၍ သင်္ဘောဆိုက်ကပ်ခွင့်၊ ကုန်ရောင်းဝယ်ခွင့်၊ စက်ရုံတည်ခွင့်၊ မီးရထားလမ်းဖောက်ခွင့်၊ သတ္တုတွင်းတူးခွင့် စသည်ဖြင့် စီးပွားရေး အခွင့်အရေး တစ်စုံတစ်ရာပေးတိုင်း အခြားဥရောပနိုင်ငံကိုလည်း အလားတူ အခွင့်အရေး ပေးရမည်ဟု ရှေ့ရေးကိုမျှော်၍ စီးစီးနင်းနင်း တောင်းထားသော အခွင့်အရေးဖြစ်သည်။ နမူနာပြောရလျှင် ထိုင်းလန်နှင့် ပတ်သက်၍ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တို့သည် **မျက်နှာသာပေး နိုင်ငံအခွင့်အရေး** ရထားသော နိုင်ငံများဖြစ်ရာ ထိုင်းလန်က အင်္ဂလိပ်ကို အခွင့်အရေးတစ်ခုပေးရလျှင် အလားတူ အခွင့်အရေးကို ပြင်သစ်နှင့် အမေရိကန်တို့ကလည်း မတောင်းဘဲနှင့် ရသည်ဟု ယူဆခြင်းဖြစ်သည်။ အင်္ဂလိပ်က မြန်မာနိုင်ငံဘက်က နယ်ချဲ့၍ ပြင်သစ်က အင်ဒိုချိုင်းနားဘက်က နယ်ချဲ့လာရာ ထိုင်းလန်မှာ ကြားညပ်ကာ ၁၈၉၆ ခုနှစ်ကစ၍ အင်္ဂလိပ်၊ ပြင်သစ်တို့က ထိုင်းလန်ကို **သီးသန့်စီးပွားရှာခွင့်နယ်**များ အစိတ်စိတ်ပိုင်း၍ ယူကြသည်။ ဤတွင် **သီးသန့်စီးပွားရှာခွင့်နယ်** ဟူသည် နမူနာပြောရလျှင် အင်္ဂလိပ်က **မဲနမ်မြစ်**ဝှမ်း၌ အရောင်းအဝယ်လုပ်ခြင်း၊ ကုမ္ပဏီထောင်ခြင်း၊ လမ်းဖောက်ခြင်းကို တစ်ဦးတည်း လုပ်ခွင့်ရလျှင် ပြင်သစ်က **မဲခေါင်** မြစ်ဝှမ်း၌ ပြိုင်ဘက်မရှိ တစ်ဦးတည်း စီးပွားရေးလုပ်ငန်း လုပ်ရ၏။ ထို့ကြောင့် မဲနမ်သည် အင်္ဂလိပ်၏ **သီးသန့်စီးပွားရှာခွင့်နယ်** ဖြစ်၍ မဲခေါင်က ပြင်သစ်၏ သီးသန့်စီးပွားရှာခွင့်နယ်ဖြစ်၏။ ဤသို့ နယ်ခွဲသော်လည်း တိုင်းရင်းသားမင်းနှင့် အစိုးရကို ဆက်လက်ထားပေရာ နိုင်ငံအုပ်ချုပ်ရေးပြဿနာ မရှုပ်ဘဲ စီးပွားသက်သက် ရှာခွင့်ရသဖြင့် အမြတ်အသားတင်ရအောင် ယူနည်းဖြစ်ပါသည်။ သို့သော် ၁၉၀၄၊ ၁၉၀၇ နှင့် ၁၉၀၉ ခုနှစ်များ၌ ပြင်သစ်က နယ်မြေအချို့ကို ဖွတ်သိမ်းယူသဖြင့် ထိုင်းလန်သည် အစုစုနယ်မြေ သုံးပုံတစ်ပုံ ဆုံးခဲ့ပါသည်။ **မောင်းဂွတ်**နှင့် **ချူလာလောင်ကောင်** (၁၈၅၁-၁၉၁၀) ကဲ့သို့ ခေတ်ဆန်၍ အမြင်ကျယ်သော မင်းများကြောင့် အနောက်နိုင်ငံများ နမူနာကိုယူ၍ ပြည်တွင်းတိုးတက်ပြုပြင်မှုများကို လုပ်နိုင်ခဲ့သည်။ နိုင်ငံခြားမှ အကြံပေးအရာရှိများ ခေါ်ယူခြင်း၊ နိုင်ငံခြားသို့ ပညာတော်သင်များ လွှတ်ခြင်းဖြင့် တိုးတက်ရေးကို အားထုတ်၏။ ချူလာလောင်ကောင် လွန်လျှင် ဆက်ကရီမင်းများကို အကြည်ညိုနည်းလာကြသည်။ ပြုပြင်ရေးများကို ဆက်၍လုပ်ပေးကြပါသေးသော်လည်း စိတ်အားထက်သန်သော ခေတ်ပညာတတ်များက နှေးလွန်းသည်ထင်လျက်

ခေတ်နောက်ကျသူများက အပြုပြင်လွန်လွန်းသည်ဟု ယူဆကြသည်။ ၁၉၃၂ ခုတွင် ဘဏ္ဍာရေး အခက်အခဲ ကြုံသည်ကို အခွင့်ကောင်းယူ၍ သူပုန်ထကြကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်သောမင်း ပေါ်၍လာပါတော့သည်။ **ရုတ်ခြည်း နိုင်ငံရေးအာဏာသိမ်းပွဲ** ဆက်ကာဆက်ကာဖြစ်၍ ကြည်းတပ်က အုပ်ချုပ်ခဲ့သည်များ၏။ သူပုန်တို့ကြောင့် မျိုးချစ်စိတ်လည်း ပြင်းထန်လာကြ၏။ အနောက်တိုင်းနည်းဖြင့် ပြုပြင်ရေးလည်း များလာသည်။

အရှေ့အိန္ဒိယကျွန်းများခေါ် အင်ဒိုနီးရှားတွင် အိန္ဒိယယဉ်ကျေးမှု စက်ရိပ်ဝင်နိုင်ငံများ ထွန်းကားခဲ့၏။ ခုနစ်ရာစု၌ **သီရိဝိဇယ** ဟူသော နိုင်ငံသည် **စုမာထရာ၌** ပေါ်ခဲ့သည်။ **ဂျာဗာမှ ဆဲလင်ဒရတို့နှင့်** အပြိုင်အဆိုင် ဖြစ်ပါသည်။ တစ်ဆယ့်သုံးရာစု၌ **စိန်ဂေါဆရီ** နိုင်ငံ ပေါ်ထွန်း၏။ ယင်းကို ၁၂၉၂ ခုတွင် **မဇပဟိတ်က** နိုင်၍ မဇပဟိတ်သည် ကုန်သန်းရောင်းဝယ်ရေး လက်နက်နိုင်ငံကြီး ဖြစ်လာသည်။ ၁၃၈၉ ခုကျော်လျှင် ပြည်တွင်း မညီညွတ်ခြင်းနှင့် ပြည်ပမှ **မလက်ကာက** နှောင့်ယှက်ခြင်း၊ **မဟာမေဒင်သာသနာဝင်**တို့က တိုက်လာခြင်းတို့ကြောင့် ပျက်စီးရ၏။ မလက်ကာသည် ၁၄၁၃ ခုနှစ်လောက်မှစ၍ မဟာမေဒင်သာသနာဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ ၁၅၁၁ ခုနှစ်သို့ရောက်လျှင် မလက်ကာကို ပေါ်တူဂီ **ဗိုလ်ချုပ်အယ်လဗူကတ်က** သိမ်းယူ၍ မိုလုကပ်စ်ကျွန်းများတွင် ဟင်းမွှေးပစ္စည်းများကို ဝယ်ယူဖောက်ကားခြင်း ပြုပါသည်။ ပေါ်တူဂီတို့ကား လောဘရမ္မက်ကြီး၍ ရက်စက်သည်။ သို့သော် ၁၅၉၅ ခုမှစ၍ ဒတ်ချ်တို့ ဝင်လာ၍ တစ်စတစ်စ လွှမ်းမိုးလာတော့သည်။ **ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီက** အနောက်ဂျာဗာကို ၁၆၁၉ ခုနှစ်တွင် သိမ်းယူ၏။ မလက်ကာကို ၁၆၄၁ တွင် သိမ်းသည်။ ၁၆၈၅ ခုတွင် ပြိုင်လာသူ ဥရောပတိုက်သားအားလုံးကို နှိမ်နင်းပြီး၍ တိုင်းရင်းသားတို့ကိုလည်း သိမ်းသွင်းပြီးလေပြီ။ နိုင်ငံရေးသြဇာရှိမှ ထိထိမိမိ သွေးစုပ်နိုင်မည်ဖြစ်၍ လက်နက်နိုင်ငံကို ချဲ့ရ၏။ ပြင်သစ်တော်လှန်ရေးခေတ်က ဒတ်ချ်ပိုင်နက်ကို အင်္ဂလိပ်က ယူ၍ထားခဲ့သော်လည်း ၁၈၁၅ ခုနှစ်၌ ပြန်၍ ပေးခဲ့ရသည်။ ၁၈၂၄ ခုနှစ်တွင် မလက်ကာကို အင်္ဂလိပ်သို့အပ်လျက် အင်ဒိုနီးရှားတွင် ဒတ်ချ်တစ်ဦးတည်း အနှောင့်အယှက်ကင်းကင်း စိုးမိုးခွင့်ရခဲ့သည်။ တိုင်းရင်းသား **စုလတန်**တို့ကို မြို့တော် **ဗတေဗီယားက** ကြိုးကိုင်၍ အုပ်ချုပ်၏။ ၁၈၁၅ ခုတွင် အင်္ဂလိပ် ခေတ္တအုပ်ချုပ်ရာမှ ပြန်ရလျှင် အင်္ဂလိပ်စခဲ့သော ပြုပြင်ရေးအချို့ကို ဆက်၍ဆောင်ရွက်သေးသော်လည်း ၁၈၃၀ ပြည့်တွင် **အလိုရှိရာကိုသာ စိုက်ပျိုးရခြင်း**ကို ထွင်လိုက်ခြင်းဖြင့် အမြတ်အစွန်းသက်သက်





ကိုသာ ကြည့်၍ အစိုးရက စိုက်ခိုင်းသည့် သီးနှံမျိုးကို လယ်သမားတို့က မိမိတို့မြေကွက်၏ ငါးစိတ်တစ်စိတ်တွင် စိုက်၍ပေးရသဖြင့် ရှေးကလိုပင် တောင်သူလယ်သမားတို့ ဆင်းရဲပင်ပန်းကြသည်။ ၁၈၆၇ ခုတွင်ကား ပြုပြင်မှုများ ပြန်၍ လုပ်ပြန်သည်။ ဒီမိုကရေစီ အုပ်ချုပ်ရေးကို တစ်စတစ်စ သင်ကြားပေးခဲ့၏။ ဒတ်ချ်တို့ကား စီးပွားရေးသက်သက်သာ ကြည့်သူများဖြစ်သော်လည်း ၎င်းတို့လက်အောက်၌ အင်ဒိုနီးရှား ကြီးပွားလာသည်။ သို့သော် တိုင်းရင်းသား ယဉ်ကျေးမှုမှာ ဆုတ်ယုတ်ပျက်ပြားသည်။ ၁၉၂၂ ခုနှစ်က ကွန်မြူနစ် သူပုန်ပေါ်ဖူး၏။ အမျိုးသား လှုံ့ဆော်မှုနှင့် လွတ်လပ်ရေးတိုက်ပွဲများ ဒုတိယကမ္ဘာစစ်အတွင်းကမှစ၍ ပြင်းပြင်းထန်ထန် ပေါ်ခဲ့သည်။

မလေးရှားတွင် ၁၄၀၀ မှစ၍ မလက်ကာ၌ ဗဟိုပြုကာ နိုင်ငံကြီးတစ်ခု ပေါ်ခဲ့၏။ မဟာမေဒင် သာသနာဝင်များ ဖြစ်လာကြပြီးနောက်မှ ၁၅၁၁ ခုတွင် မလက်ကာသည် ပေါ်တူဂီတို့ လက်တွင်းသို့ သက်ဆင်းခဲ့၏။ ထိုမှတစ်ဖန် ၁၆၄၁ ခုတွင် ဒတ်ချ်၊ ၁၈၂၄ ခုတွင် အင်္ဂလိပ်လက်တွင်းသို့ အဆင့်ဆင့်ရောက်ရပြန်သည်။ နိုင်ငံခြားသားတို့က အထက်က အုပ်စီး၍ထားသော်လည်း တိုင်းရင်းသားစုလတန်များကို ဆက်လက်ထားရှိသည်။ အင်္ဂလိပ်တို့က ပီနန်ကစ၍ တိုးဝင်သည်။ **ဆာတောမတ်စတန်ဖို့ရက်ဖူလ်**၏ လုံ့လဖြင့် ၁၈၁၉ ခုတွင် စင်ကာပူကိုရ၏။ များမကြာမီ တိုင်းရင်းသားနိုင်ငံငယ်များသည် **အင်္ဂလိပ် အစောင့်ရှောက်ခံ နိုင်ငံများ** ဖြစ်လာ၍ ၁၉၀၉ ခုတွင် အင်္ဂလိပ် သြဇာခံအားလုံး ဖြစ်လာတော့သည်။ အင်္ဂလိပ် လက်အောက်၌ စီးပွားရေးများစွာ တိုးတက်သည်။ ရာဘာစိုက်ပျိုးရေး ကြီးပွားသည်။ သံဖြူတူးဖော်ခြင်း အောင်မြင်သည်။ တိုင်းရင်းသားတို့က ငါးမျှားလယ်လုပ်ဖြင့်သာ အသက်မွေးသဖြင့် စက်မှုလက်မှု စသည်တို့ကို ဆောင်ရွက်ရန် ကုလားနှင့် တရုတ်ကို ခေါ်ယူရ၏။ ၁၉၃၉ သို့ရောက်လျှင် ကုလား၊ တရုတ်တို့က တိုင်းရင်းသား အရေအတွက်ထက် များ၍လာပါသည်။ မဟာမေဒင် သာသနာကြောင့် မလေးရှားတွင် စည်းလုံးမှု ရှိသလိုလို ထင်ရသော်လည်း အမျိုးသားရေး နိုးကြားခြင်း မရှိချေ။ တရုတ်တို့က အမျိုးသားရေးလှုပ်ရှားကြ၍ ကွန်မြူနစ်အဖွဲ့အလမ်းလည်း ပျံ့နှံ့လျက်ရှိသည်။

**ဖိလစ်ပိုင်**တွင် ၁၅၇၁ ခုမှစ၍ **စပိန်** ရောက်လာသည်။ ခရစ်ယာန်သာသနာပြုများစွာ တွင်ကျယ်ရကား တိုင်းရင်းသားတို့ ခရစ်ယာန် သာသနာဝင်များ ဖြစ်လာကြသည်။ ၁၈၆၉ ခုနှစ် စူအက်တူးမြောင်း ဖွင့်သည်မှစ၍ ဖိလစ်ပိုင်ကျွန်းတို့၏ တန်ဖိုးတက်၍ လာပါသည်။ ၁၈၇၂ ခု သူပုန်ကို ကောင်းစွာ

နှိမ်နင်းခဲ့သည်။ တိုင်းရင်းသား ခေါင်းဆောင်များတွင် **ဂျီဆေရီဇော** ကား အကျော်ကြားဆုံး ဖြစ်ပါသည်။ ၁၈၉၆ ခုတွင် တစ်ကြိမ် သူပုန်ထသည်။ စပိန်–အမေရိကန် စစ်ဖြစ်လျှင် ၁၈၉၈ ခုနှစ်၌ **ဖိလစ်ပိုင်**ကို အမေရိကန်က သိမ်းခဲ့သည်။ တစ်စတစ်စဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးရရန် ကြိုးစားကြရာ ၁၉၄၆ ခုတွင် လွတ်လပ်ရေးရ၏။

## အိန္ဒိယနှင့် အင်္ဂလိပ်

အစတွင် အင်္ဂလိပ်သည် အိန္ဒိယသို့ စီးပွားရှာသက်သက်သာ လာခဲ့၏။ သို့သော် နိုင်ငံရေးအာဏာယူရန် လိုလာသည်ဟု ဆုံးဖြတ်၍ နယ်မြေများကို သိမ်းယူခဲ့၏။ ၁၈၅၉ ခုအထက် အနှစ်နှစ်ဆယ်အတွင်း၌ ထွက်ကုန်ဝင်ကုန် နှစ်ဆတိုးခဲ့၏။ ဝါဂွမ်းကို အင်္ဂလန်ပို့၍ စက်ဖြစ်ပစ္စည်း ပြန်ရသည်။ ၁၈၃၃ ခုနှစ်မှစ၍ အရှေ့အိန္ဒိယကုမ္ပဏီသည် အင်္ဂလိပ်အစိုးရကိုယ်စား နိုင်ငံအုပ်ချုပ်ရေးတာဝန်ကိုသာ လုံးဝထမ်းဆောင်ရတော့၏။ နယ်ချဲ့ရာတွင် စစ်တိုက်၍ သိမ်းယူခြင်းထက် စာချုပ်ချုပ်၍ လွှမ်းမိုးလိုက်ခြင်းက များ၏။ အထက်တန်း ပညာရပ်များ သင်ပေးခြင်းနှင့်အတူ ကုလားအရာရှိများ အုပ်ချုပ်ရေးတွင် ခန့်ထားပေးခြင်း စခဲ့သည်။ ခေတ်နှင့် အကျုံးဝင်ရာ လမ်းဖောက်ခြင်း၊ စက်ရုံတည်ခြင်းတို့လည်း အသင့်အတင့် လုပ်ပေးခဲ့သည်။ ၁၈၅၇ ခုနှစ်၌ **ကုလားစစ်သားသူပုန်**ပေါ်ခဲ့၏။ သို့သော် ပြည်သူအများ အုံကြွမှုမပါသဖြင့် အနိမ်ရလွယ်လေသည်။ သူပုန်ကြောင့် အရှေ့အိန္ဒိယကုမ္ပဏီကို ဖျက်၍ အင်္ဂလိပ်အစိုးရက တိုက်ရိုက်စီမံအုပ်ချုပ်လေသည်။ ခေတ်နှင့်ဆိုင်သော ပြုပြင်ရေးများကို စမ်းသပ်သော်လည်း နှေးလှသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး စခန်းသို့ ပို့ရမည်ဖြစ်သော်လည်း အလျင်စလို မပြုကောင်းဟု နားချသည်။ ၁၈၈၅ ခု၌ ပေါ်လာသော **အိန္ဒိယအမျိုးသားကွန်ဂရက်**ကို ကောင်းစွာ လက်သင့်ခံ၏။ အမျိုးသား လှုံ့ဆော်ရေးကား အင်္ဂလိပ်မှန်းသည်ထက် မြန်၍လာသည်။ သို့သော် အိန္ဒိယ၌ အမျိုးသား စည်းလုံးရေးကို အင်္ဂလိပ်ကြောင့် ရသည်ဟုဆိုလျှင် မမှားချေ။ အစိုးရက ငြိမ်ဝပ်ပိပြားအောင် ထိန်း၍ပေးခြင်း၊ လမ်းပန်းအဆက်အသွယ် ကောင်းစေခြင်း၊ စာပေထွန်းကားစေခြင်းတို့ကြောင့် အမျိုးသားစိတ် အကူးအပြားမြန်ရသည်။ ပထမကမ္ဘာစစ်အတွင်းက ထိုက်တန်သည့်အခါ၌ လွတ်လပ်ရေးပေးမည်ဟု ကတိပေးခဲ့၏။ ဒီမိုကရေစီနည်းများကို စတင်၍ သင်ပေးခဲ့ပါသည်။ သို့သော် ဖိနှိပ်မှုများ





တစ်ဖက်က ရှိနေသဖြင့် ၁၉၁၉ ခုနှစ်၌ တစ်ရက်သပိတ်မှောက်ရာ **အမရိတ်ဆာ**တွင် လူလေးရာသေ၍ တစ်ထောင် ဒဏ်ရာရအောင် အစိုးရက သေနတ်နှင့် ပစ်ခတ်နှိမ်နင်းသည်မှစ၍ ခေါင်းဆောင် **ဂန္ဓီ**သည် အမျိုးသားရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လာလေသည်။ ကုလားပြည်တွင် အကျိုးရှိ၍ အင်္ဂလိပ်ကို တိုက်ရိုက်ထိခိုက်စေသော အနုနည်းတစ်ခုကို ရရှိခဲ့၏။ ထိုနည်းကား အင်္ဂလိပ်လုပ်စက်ဖြစ် ချည်ထည်ကို ရှောင်၍ အိမ်တွင်းဖြစ် ချည်ထည်ကိုသုံးရန် နှိုးဆော်ခြင်းဖြစ်ပါသည်။ ဤသည်ကိုမှီ၍ ချည်ငင်သောချားသည် အိန္ဒိယအမျိုးသားရေးတံဆိပ်ဖြစ်၍ ကမ္ဘာကျော်ခဲ့လေသည်။ ဂန္ဓီက ဇာတ်အနိမ့်ဆုံးသော သူတို့ကို မရှုတ်ချရန် ဆုံးမ၏။ စာရိတ္တ ပြုပြင်ရေးကို ၁၉၃၃ ခုနှစ်မှစ၍ ဆောင်ရွက်သည်။ သူ့နည်းကို **သတြာဂြဟ** ဟုခေါ်၍ မေတ္တာ၏အားဟု အဓိပ္ပာယ်ရသည်။ **မရိုင်းပင်း မကျူးညီခြင်း၊ အနုနည်း အာဏာဖီဆန်ခြင်းနှင့် အာဏာပိုင်ကို မထိမဲ့မြင်ပြုခြင်း**တို့ကား ဂန္ဓီသင်ပေးသော လက်နက်ကောင်းများ ဖြစ်ပါသည်။ ဂန္ဓီကဲ့သို့ကောင်းသော ခေါင်းဆောင်နောက်သို့ အိန္ဒိယတစ်နိုင်ငံလုံး လိုက်သည်မဟုတ်ချေ။

မဟာမေဒင် သာသနာဝင်များက **အိန္ဒိယအမျိုးသား ကွန်ဂရက်**ကို မနှစ်လိုကြချေ။ ၁၉၃၀ တွင် ဂန္ဓီက ဆားခွန်မပေးဘဲ ဆားချက်ခြင်းဖြင့် အာဏာဖီဆန်၍ပြသည်။ အစုစု ဂန္ဓီပါ လူပေါင်းငါးသောင်းလေးထောင် ထောင်ကျသည်။ ကုလားလိုသမျှနှင့် အင်္ဂလိပ် ပေးချင်သမျှ ညှိရန် ထောင်မှထွက်၍ လန်ဒန်တွင် ကျင်းပသော **စားပွဲဝိုင်းကွန်ဖရင့်**သို့တက်၏။ ကျေနပ်ဖွယ် မရခဲ့ချေ။ ၁၉၃၅–၆ ခုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ပေးခဲ့၏။ မဟာမေဒင်သာသနာဝင်တို့ အထဲမှ **ဂျင်းနား** ပေါ်လာသည်။ **ဟိန္ဒူအိန္ဒိယ**မှ ခွဲပြီး **မဟာမေဒင်အိန္ဒိယ** အဖြစ်ဖြင့် **ပါကစ္စတန်**ဟူ၍ သီးခြားနိုင်ငံ ထောင်ပေးပါဟု တောင်းခဲ့သည်။

## အာဖရိကကို စိတ်ပိုင်း၍ ယူကြပုံ

တစ်ဆယ့်ငါးရာစုကစ၍ အာဖရိကသို့ ပေါ်တူဂီ စွန့်စားသူများ ရောက်ခဲ့၏။ တိုင်းရင်းသားတို့နှင့် ရောင်းဝယ်ကြသည်။ အာဖရိကတိုက်ကြီးကို ပေါ်တူဂီတစ်ဦးတည်း မအုပ်စီးနိုင်ချေ။ ၁၈၇၀ ပြည့်၌ ပေါ်တူဂီပိုင်နက်မှာ **ပေါ်တူဂီအရှေ့နှင့် အနောက် အာဖရိက၊ ပေါ်တူဂီ ဂီနီယားနှင့် အဇိုရီ၊ ဗာဒေး၊ မဒီရား၊ မင်းသားနှင့် စိန့်တောမတ်**ကျွန်းများ ဖြစ်ပါသည်။ တောင်အာဖရိက

တွင် ဒတ်ချ်နှင့် အင်္ဂလိပ်တို့ တိုင်းသစ်ပြည်သစ် တည်ကြ၏။ **ဘိုးဝါး**အမည်ခံ ဒတ်ချ် လယ်သမားများက အင်္ဂလိပ်လက်အောက်တွင် ၁၈၀၆ ခုမှစ၍ နေခဲ့ရသည်ကို မနှစ်သက် မကျေနပ်သဖြင့် မြောက်ဘက်သို့ ရွှေ့ပြောင်းကြလျက် **ဩရိမ့်လွတ်လပ်သော ပြည်ထောင်**နှင့် ထရန်စဗား ပြည်ထောင်တို့ကို ၁၈၃၆–၄၀ ခုနှစ်များအတွင်းက တည်ထောင်ခဲ့ကြ၏။ တောင်ဘက်ကျသော **နတယ်**နှင့် **ကိပ်ကိုလိုနီ**တို့ကို အင်္ဂလိပ်က ဆက်၍အုပ်ချုပ်သည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့က ကျွန်ရောင်းဝယ်သော ဗဟိုအရပ်များစွာတည်၍ ၁၈၇၀ ပြည့်မတိုင်မီပင် **ဂဗုန်**နှင့် **အယ်လဂျီရီယား** နယ်တို့ကို သိမ်းယူပြီးဖြစ်သည်။ သို့သော် ၁၈၀၇ ခုမှစ၍ အင်္ဂလိပ်က **ကျွန်အရောင်းအဝယ်**ကို ရပ်စဲ၍ အခြားနိုင်ငံများကလည်း ၁၈၀၇–၅၀ ခုနှစ်များအတွင်း၌ ကျွန်အရောင်းအဝယ်ကို ရပ်စဲကြသဖြင့် အာဖရိကတွင် အခြားပစ္စည်းအရောင်းအဝယ်ကို စဉ်းစားတီထွင်ကြရပြန်သည်။ အဘက်ဘက်မှ ဖြစ်စွမ်းနိုင်စရာများကို စွန့်စားသွားလာ၍ ရှာဖွေကြ၏။ ခရစ်ယာန် သာသနာပြုများကလည်း **လူမည်းကပ္ပလီ**များကို ခရစ်ယာန် သာသနာဝင် ဖြစ်လာအောင် အားထုတ်ကြ၏။ **လစ်ဗင်စတုံး**နှင့် **စတန်လီ**တို့၏ ကြိုးပမ်းချက်ကြောင့် ကူးသန်းရေး၌ အာဖရိက မည်မျှအသုံးဝင်နိုင်ပုံကို အနောက်တိုင်းသားတို့ သိလာကြ၏။ ဘဲလဂျီယမ်မှ ဘုရင် **လီယိုပို ၂** က ဥရောပနိုင်ငံများတွင် အာဖရိကကို လေ့လာ၍ လက်အောက်ခံနိုင်ငံများ သိမ်းသွင်းရေး ကော်မတီများ ဖွဲ့ကြ၍ အပြည်ပြည် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် အားပေးခဲ့သည်။ ၁၈၈၅ ခုတွင် ဗဲလဂျီယမ် ကော်မတီက **ကွန်ဂိုလွတ်လပ်သော ပြည်ထောင်**ကို တည်သည်။ သာသနာရေးမပါဘဲ စီးပွားရေးသက်သက် အားထုတ်ကြသဖြင့် များစွာ မြတ်စွန်းကြသော်လည်း စီးပွားရှာပုံ ရက်စက်သဖြင့် တစ်ကမ္ဘာလုံးက ကဲ့ရဲ့ပြစ်တင်ကြသည်။ ထို့ကြောင့် ပြုပြင်ရေးများ လုပ်ပြီးနောက် ၁၉၀၈ ခုတွင် ဘဲလဂျီယမ် အစိုးရလက်တွင်းသို့ အပ်လိုက်သည်။ အာရှနှင့် အမေရိကန်သို့ ရောက်လာသော ဥရောပတိုက်သားတို့က မိမိတို့ မူလနိုင်ငံအတွက် ဤနယ်မြေများမှ အမြတ်မည်မျှ ထုတ်ယူနိုင်မည်နည်းဟူသော အကြည့်ဖြင့် အမြဲကြည့်သကဲ့သို့ပင် အာဖရိကကိုလည်း ကြည့်၏။ ဖြစ်နိုင်လျှင် တစ်ပိုင်းစီပိုင်း၍ လက်အောက်ခံပိုင်နက်ဟု ကြေညာမည်။ ယင်းသို့ စိတ်ပိုင်းယူရာ၌ အချင်းချင်း အငြင်းအခုန်များ မဖြစ်ရလေအောင် ညှိနှိုင်းခဲ့ကြ၏။ ၁၈၈၄–၅ ခု **အပြည်ပြည်ဆိုင်ရာဘာလင်ကွန်ဖရင့်က** နောင်အခါ စကားမများရအောင် အာဖရိကတွင် နယ်မြေသိမ်းလျှင် အခြားနိုင်ငံများကို အသိပေးပါဟု ဆုံးဖြတ်သည်။ ကျွန်အရောင်းအဝယ်ကိုလည်း





ရပ်စဲစေခဲ့၏။ ကွန်ဂိုနယ်၌ လွတ်လပ်စွာ ရောင်းဝယ်ခွင့်လည်းပေးသည်။ အင်္ဂလိပ်နှင့် ဂျာမနီတို့ ၁၈၉၀ ပြည့်တွင် ဆွေးနွေး၍ အင်္ဂလိပ်ကို **ယူဂန်ဒါ**၏ **ကာကွယ်သူ**ဟု အသိအမှတ်ပြုသည်။ သို့မှသာ အင်္ဂလိပ်ပိုင် အရှေ့အာဖရိကနှင့် အင်္ဂလိပ် **သီးသန့်စီးပွားရှာခွင့်နယ်** ဖြစ်သော နိုင်းမြစ်ဝှမ်းတို့ တစ်ဆက်တည်းဖြစ်လာနိုင်ပါသည်။ ဂျာမနီကို **ကမာရွန်းမှ ဆတ်** ရေကန်အထိ ချဲ့ထွင်ခွင့်နှင့်ဆူဒန်အလယ်ပိုင်းကို အုပ်စီးခွင့်ပေးခဲ့၏။ ထို့ပြင် ဂျာမနီပိုင် အနောက်တောင်အာဖရိကကို **ဇမ်ဗီဇီ** မြစ်တိုင်အောင် ချဲ့ခွင့်လည်းပေးသည်။ **မြောက်ပင်လယ်**တွင် ဂျာမနီက **ဟေလီဂေါလန်**ကို ရသဖြင့် **ဇန်ဇီဘာ**နှင့် **ပမ်ဗာ**ကို အင်္ဂလိပ် **အစောင့်ရှောက်ခံနယ်**ဟု အသိအမှတ်ပြုသည်။ အင်္ဂလိပ်၊ ဂျာမနီ သဘောတူညီချက်ပြုသလို ထို ၁၈၉၀ ပြည့်မှာပင် အင်္ဂလိပ်၊ ပြင်သစ်သဘောတူညီချက်ပြုကြသေး၏။ ယင်းသဘောတူညီချက်အရ ပြင်သစ်က **မဒဂစကာ**နှင့် **ဆာဟာရ**ကို အုပ်စီး၍ အင်္ဂလိပ်ကို **နိုင်ဂျီရီးယား** မြောက်ပိုင်း၌ ပြိုင်ဘက်ကင်းသော အာဏာပိုင်အဖြစ် အသိအမှတ်ပြုရန်ပင် ဖြစ်ပါသည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ၁၈၉၉ ခုတွင် တစ်ကြိမ် ဆွေးနွေး၍ ဆူဒန်တွင် အင်္ဂလိပ်အလိုရှိသမျှ လုပ်ခွင့်ရ၍ ပြင်သစ်က **ဝဒ်နယ်**ကိုရသည်။ နောက်တစ်ကြိမ် ၁၉၀၄ ခုတွင် အင်္ဂလိပ်၊ ပြင်သစ် ညှိနှိုင်းပြန်၍ **အီဂျစ်**ကို အင်္ဂလိပ် **အစောင့်ရှောက်ခံနိုင်ငံ**ဟု အသိအမှတ်ပြု၍ **မော်ရော့ကို**သည် **အစောင့်ရှောက်ခံ** နယ်ဖြစ်သည်ဟု အသိအမှတ်ပြုကြ၏။ ယင်းသဘောတူညီချက်တွင် မော်ရော့ကိုနှင့် ပတ်သက်၍ ဂျာမနီက ကန့်ကွက်သောကြောင့် နှစ်သိမ့်စေရန် **ပြင်သစ်ပိုင် အီကွေတာပိုင်း အာဖရိက**ကို ဂျာမနီကို ပေးလိုက်ရသည်။ စပိန်ကိုလည်း မော်ရော့ကို၏ မြောက်ဘက် ကမ်းမြောင်ဒေသငယ်တစ်ခုကို ပေးလိုက်ရ၏။ အင်္ဂလိပ်၊ ပေါ်တူဂီ တို့ ၁၈၉၁ ခုတွင် ညှိနှိုင်း၍ **ရှိုဒီးရှား** နယ်ကို အင်္ဂလိပ်အား အုပ်စီးခွင့် ပေးခဲ့၏။ ၁၉၁၄ ခုနှစ်သို့ရောက်လျှင် တိုင်းရင်းသား လွတ်လပ်သော နိုင်ငံဟူ၍ အာဖရိကတွင် **အဗီဆီနီယား**နှင့် **လိုင်ဗီရီးယား**တို့သာ ကျန်တော့၍ အားလုံး ဥရောပတိုက်သားတို့ ဝေယူပြီး ဖြစ်ပါသည်။

အင်္ဂလိပ်ပိုင်နက်ကား **တောင်အာဖရိက ပြည်ထောင်စု**၊ ဗက်ချူယာနလန်၊ **ရှောဒီးရှား**၊ **အီဂျစ်**၊ **အင်္ဂလိပ် အီဂျစ်ပိုင် ဆူဒန်**၊ ယူဂန်ဒါ **အင်္ဂလိပ်အရှေ့အာဖရိက**၊ **အင်္ဂလိပ် ဆော်မာလီလန်**၊ **အင်္ဂလိပ်** ဂမ်ဗီယား၊ **ဆီရီးယားလုံး**၊ **ဂိုးလ်ကို့စ်**နှင့် **နိုင်ဂျီးရီးယား**တို့ ဖြစ်ပါသည်။ ထို့ပြင် **ဒစ်စရေလီ**၏ စီးပွားရေး လက်မြန်ခြင်းကြောင့် စူအက်တူးမြောင်းကို အုပ်စီးခွင့်ရခဲ့ခြင်းကား အင်္ဂလိပ်၊

အိန္ဒိယ ဆက်ဆံရေးလမ်းတွင် အလွန်အရေးပါသော အချက်ပင် ဖြစ်၍လာပါသည်။

ပြင်သစ်ပိုင်နယ်ကား အယ်လဂျီရီယား၊ **ကြူနစ်၊ ပြင်သစ်အနောက်အာဖရိက၊ ပြင်သစ်ကွန်ဂိုး၊ မော်ရော့ကို၊ ပြင်သစ်ဆော်မာလီလန်နှင့် မဒဂစကာ**တို့ ဖြစ်ပါသည်။ ယင်းပြည်နယ်အားလုံး၌ ခပ်ကြမ်းကြမ်း ထိန်းသိမ်းအုပ်ချုပ်၍ ရောင်းဝယ်ရေးနှင့် လက်မှုပညာ အားပေးသည်။ **လူမျိုးစုစစ်** ဖြစ်ခွင့်မပေးချေ။

အီတလီ လက်အောက်၌ **အီရီထရီးယား၊ အီတလီ ဆော်မာလီလန်နှင့် လီဗီးယား**တို့ရှိ၏။ အဗီဆီနီယားကို သိမ်းယူရန် ကြိုးစားသော်လည်း မအောင်မြင်ချေ။

ဂျာမနီလက်တွင်း၌ **တိုဂို၊ ကမရွန်၊ ဂျာမနီအနောက်တောင်အာဖရိက**နှင့် **ဂျာမနီအရှေ့အာဖရိက**တို့ရှိသည်။ ယင်းပြည်နယ်များစွာတွင် အိုးသစ်အိမ်သစ်ထူထောင်ရန် မသင့်သဖြင့် တိုင်းရင်းသားတို့ကိုပင် စက်မှုလက်မှု လုပ်သားဖြစ်လာအောင် သွန်သင်ပေးခဲ့၍ ယင်းတို့၏ လုပ်အားအပေါ်မှ အမြတ်ထုတ်ရသည်။

ပေါ်တူဂီ၊ ဘဲလဂျီယမ်နှင့် စပိန်တို့ ပိုင်နက်များလည်း အာဖရိကတွင် ရှိပါသည်။ **ဘဲလဂျီယမ်ပိုင် ကွန်ဂို၊ ပေါ်တူဂီပိုင် ဂီနီယား၊ ပေါ်တူဂီပိုင် အရှေ့အာဖရိက၊ ပေါ်တူဂီပိုင် အနောက်အာဖရိက၊ စပိန်ပိုင် ရိုင်အိုဒေဩရို၊ စပိန်ပိုင်အက်ဒရာ၊ စပိန်ပိုင်ဂီနီယား**နှင့် **စပိန်ပိုင်မော်ရော့ကို** တို့ရှိသည်။

* * *



(၈)

## ဥရောပ၌ ဘဝအခြေအနေ ပြောင်းလဲလာပုံ
## ၁။ ဥရောပ၌ စက်မှုလက်မှု တော်လှန်ရေးပေါ်လာ၍ နိုင်ငံရေး စီးပွားရေးနှင့် လူမှုရေးတွင် အကျိုးသက်ရောက်လာပုံ

### စက်မှုလက်မှု တော်လှန်ရေး

စက်မှုလက်မှု တော်လှန်ရေး၏ အရှေ့ပိုင်းကို အင်္ဂလန်၌ ၁၇၇၀မှ ၁၈၂၅ ခု အတွင်းမှာ တွေ့ရလျက် ဥရောပတွင် ၁၈၁၅ ခုကျော်မှတွေ့ရ၏။ **ကုန်ပစ္စည်းထုတ်လုပ်ခြင်း နည်း**ပြောင်းသည်ကိုမှီ၍ ရောင်းဝယ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးအားလုံး အခြေခံမှစ၍ အသစ်အဆန်း ဖြစ်လာရသောကြောင့် တော်လှန်ရေးဟူသော ဝေါဟာရဖြင့် တင်စားခေါ်လေ့ရှိကြပါသည်။ သဘောအားဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရာ၌လည်းကောင်း၊ သတ္တုတွင်း တူးရာ၌လည်းကောင်း၊ ပစ္စည်းများရွှေ့ပြောင်းသယ်ယူရာ၌လည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်ရာ၌လည်းကောင်း၊ ထွန်ယက်စိုက်ပျိုးရာ၌လည်းကောင်း စက်ယန္တရားများကို ပို၍ပို၍ သုံးစွဲလာကြသဖြင့် အံ့သြဖွယ်နည်းသစ်နည်းဆန်းများ စီးပွားရေးလောက၌ အပြည့်ဖြစ်၍ လာပါသည်။ အမှတ်အသား လွယ်ကူ စေရန် အနှစ်ခြောက်ဆယ်မျှကို စက်မှုလက်မှု တော်လှန်ရေးခေတ်ဟု ခေါ်ရသော်လည်း အကြိုအားဖြင့် ရာစု

ပေါင်းများစွာက လောကဓာတ် ပညာရပ်များကို ဆည်းပူးလေ့လာခဲ့ရ၍ ရှေ့သို့လည်း လေ့လာဆဲဖြစ်ရကား ယခုတိုင်အောင်ပင် တော်လှန်ရေးသည် ပို၍ပြင်းထန်သော အားအရှိန်ဖြင့် ချီတက်လျက်ရှိသည်ဟုဆိုသော် မှားနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် တော်လှန်ရေးမစမီက အခြေအနေကို ပြန်၍သုံးသပ်ရပါဦးမည်။ တစ်ဆယ့်ရှစ်ရာစု အလယ်က စီးပွားရေးကား **ခေတ်လယ်** အခြေအနေနှင့် ခြားလှသည်မဟုတ်ပါ။ စိုက်ပျိုးရေး၌ **ကွင်းဖွင့်စနစ်ကို** သုံးသည်။ စိုက်ပျိုးနိုင်သည့် မြေယာရှိသမျှကို မြောင်းခတ်၍ လယ်သမားတစ်ဦး လျှင် မြောင်းအနည်းငယ်စီတာဝန်ယူ၍စိုက်၏။ မစိုက်ပျိုးဘဲထားသည့် **အများဆိုင်စားကျက်**၌ ကျွဲနွားကို လှန်ရသည်။ **မြေဩဇာချခြင်း၊ သီးနှံမျိုးကို လှည့်၍စိုက်ခြင်းနှင့် မျိုးသန့်၍ ကျွဲနွားမွေးခြင်း** စသည်တို့ကို နားမလည်ကြချေ။ နှစ်တိုင်း မြေဧက၏ သုံးချိုးတစ်ချိုးကို **မစိုက်ဘဲလွှတ်၍** ထားလေ့ရှိ၏။ သီးနှံအထွက်ညံ့၏။ အများစု၍ စီမံဆောင်ရွက်ကြသဖြင့် တစ်ဦးချင်းထွင်လျက် တိုးတက်ကောင်းမွန်ရေးကို မကြံသာရှိကြသည်။ ဝတ္ထုပစ္စည်း ထုတ်လုပ်ရာ၌လည်း လက်ကိုသာလျှင် အားကိုးကြရသည်။ လူတို့၌ မသုံးမဖြစ်သဖြင့် အထည်အလိပ် ရက်လုပ်ခြင်းသည် အခြားကုန်စည်များထက် အရေးပါသည်။ **ဝါမှ ချည်ငင်ခြင်း** နှင့် **ရက်ခြင်း**တို့ကား အထည်ရက်ခြင်း၏ အဓိကလုပ်ငန်းကြီးနှစ်ခုဖြစ်၏။ တစ်ဆယ့်ရှစ်ရာစုသို့ ရောက်အောင်ပင် အိမ်တွင်းမှာပင် **ချားနှင့်ငင်၍ လက်ရက် ကန်း**နှင့် ရက်သည်။ ယင်းကို **အိမ်တွင်းစနစ်** ခေါ်၍ ဝါကို ကုန်သည်က အိမ်ပေါက်စေ့ လိုက်၍ဝေသည်။ ရက်ပြီးအထည်ကိုလည်း ဝယ်ယူသည်။ လူအများပင် နွေရာသီ၌ လယ်စိုက်၍ ဆောင်းရာသီ၌ ရက်ကန်းရက်လေ့ ရှိကြ၏။ အခြေခံသဘောအားဖြင့် **စားသုံးခြင်း အလို့ငှာသာ ကုန်ပစ္စည်းကို ပြုလုပ်သည်။ အမြိုင်ရောင်းစွင့်ရှိသော ဈေး၌ အမြတ် အစွန်းအလို့ငှာ ထုတ်လုပ်ခြင်းမျိုး** မဟုတ်ချေ။ အရောင်းအဝယ်လည်း သေးသော အခါ ဖြစ်ပါသည်။ သွားလမ်းလာလမ်းလည်း ညံ့သဖြင့် အဆက်အသွယ် နှေးကွေးခက်ခဲလှသည်။ **မြင်းဆက်ထား၍ပြေးသော မြင်းရထား၊** ရွက်သင်္ဘောနှင့် လှေတို့သာလျှင် အသုံးပြုရန်ရှိ၏။ ငွေကို ဖြန့်ဖြူး သုံးစွဲခြင်း နည်းသေးသည်။ လူတန်းစားခွဲခြားမှု ပြင်းထန်သည်။ လူများစုလည်း စာပေပညာ မတတ်သောကြောင့် အင်အားများ စုပေါင်းလျက် အများကောင်းစားရေး တိုက်ပွဲများ မပေါ်လာနိုင်သေးချေ။ နိုင်ငံအုပ်ချုပ်ရေးမှာလည်း ဥရောပတွင် သက်ဦးဆံပိုင် ဘုရင်စနစ်ဖြစ်၍ အင်္ဂလန်၌ပင် **လူနည်းစု စိုးမိုးရေးသာ** ရှိသေးကြောင်းကို တွေ့ရပါသည်။





## တော်လှန်ရေး၏ အခြေခံအကြောင်းရင်းများ

တစ်ဆယ့်ခြောက်နှင့် တစ်ဆယ့်ခုနစ် ရာစုများက နယ်ပယ်သစ်များ ရှာဖွေကြလျက် **တိုင်းသစ်ပြည်သစ်များ တည်ထောင်**ခဲ့ကြရာ အရောင်းအဝယ် တိုးတက်လျက် ငွေလဲလှယ်သုံးစွဲခြင်း များစွာအားကောင်းသည့် ကုန်သည် ဓနရှင် လူတန်းစား ပေါ်ပေါက်လာရသည်။ စီးပွားရေး လာဘ်မြင်သူများအတွက် အကြီးအကျယ် ချမ်းသာရန် အခွင့်ကောင်းပေါ်ခဲ့၏။ **သွေးစုပ်ရန်** အခါကောင်းပေတည်း။ ထိုအတွင်းမှာပင် လက်တွေ့သုတေသနဖြင့် လောကဓာတ်ပညာ တိုးတက်လာပြန်ရကား ရှေ့ကာလ တိုးတက်ရေးအတွက် အခြေခံရရှိပြန်သည်။ ထို့အတူ ရေးအယူအဆများ တိမ်ကော၍ လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်တို့ အင်္ဂလန်နှင့်တကွ အမေရိကန်၊ ပြင်သစ်နှင့် ဥရောပနိုင်ငံ အသီးသီး၌ နိုင်ငံရေး ပြောင်းလဲခြင်းတို့ကြောင့် အခြေအနေအားဖြင့် တော်လှန်ရေး လမ်းသာသည်ဟု ဆိုရချေမည်။ နိုင်ငံတကာထက် အင်္ဂလန်၌ ပို၍လမ်းသာသည်။ အင်္ဂလန်၌ အမျိုးသားညီညွတ်ရေးရှိ၍ နိုင်ငံရေးတွင်လည်း ပြုပြင်ပြောင်းလဲပြီးစအခါ ဖြစ်ရကား နောက်တစ်ဖန် ဆူပူလှုပ်ရှားခြင်းများ ရုတ်ခြည်းမပေါ်နိုင်သေးသဖြင့် ငြိမ်းချမ်းသာယာသောအခါ ဖြစ်သောကြောင့် စီးပွားရေးနှင့် ကြီးပွားရေးအတွက် ကြံဆရန် အခါကောင်းကြုံ၏။ တစ်ဆယ့်ရှစ်ရာစု၌ တိုက်လေသမျှ စစ်ပွဲတွင် အနိုင်ရသဖြင့်လည်း ပင်လယ်ရပ်ခြား ရောင်းဝယ်ရေးနှင့် တိုင်းသစ် ပြည်သစ် ထူထောင်ရေး၌ အင်္ဂလန်ကို မည်သူမျှ မမီချေ။ စီးပွားရေး အားကြီးလျက် အစီအမံလည်းကောင်းသဖြင့် ဓနရှင်တို့ အထူးကြီးပွားလျက်ရှိသည်။ သယံဇာတပစ္စည်း ဖြစ်သော ကျောက်မီးသွေးနှင့် သံပေါများသေး၏။ ထို့ကြောင့် ၁၇၅၀ ပြည့်နှစ် လောက်ကစ၍ သံကို ကျောက်မီးသွေးဖြင့် အရည်ကျိုခြင်းကို နားလည်ခဲ့၍ **ရေနွေးငွေ့အား**ကိုပင် ၁၇၈၅ ခုနှစ် နောက်ပိုင်း၌ ကောင်းစွာ အသုံးပြုလျက် ရှိချေပြီ။ အင်္ဂလန်၏ မှုတသော ရာသီဥတု အနေအထားမှာလည်း ချည်ငင်ရန် အထူးသင့်တော်သည်။ ဥရောပ၌ ပြင်သစ်တော်လှန်ရေးနှင့် နပိုလီယန်စစ်များကြောင့် သေကျေပျက်စီးနေကြသဖြင့်လည်း အင်္ဂလန်တွင် ပြိုင်ဘက်ကင်းလျက် အလျင်အမြန် တိုးပွားခွင့်ရချေသည်။

## စိုက်ပျိုးနည်း တိုးတက်ခြင်း

စက်မှုလက်မှုတော်လှန်ရေးကို စိုက်ပျိုးရေးမှ စသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် ရေးစိုက်ပျိုးနည်းနှင့် လယ်ယာစီမံအုပ်ချုပ်နည်းတွင် ပြောင်းလဲခြင်းကို ပထမခြေလှမ်းအနေဖြင့် တွေ့ကြရပါသည်။ အလေအလွင့်များသော ပျိုးကြဲနည်းကို အစားထိုးရန် **ဂျက်သရိုတားလ်** (၁၆၇၄–၁၇၄၁) က **ဒရေခေါ်** စက်တစ်ခုကို တီထွင်ခဲ့သည်။ မြေဩဇာ ကျွေးနည်းကိုလည်း ထိုသူပင် စတင်ခဲ့၏။ **ချားလ်စ်ဗိုင်းကောင့်တောင်ရှက်** (၁၆၇၄–၁၇၃၈)က **သီးနှံမျိုးကိုလှည့်၍ စိုက်ခြင်း**ကို စတင်စမ်းသပ်သည်။ **ရောဗတ်ဗေ့ခ်ဝဲက မျိုးသန့်အောင် စိစစ်မွေးမြူ**ခြင်းဖြင့် တိရစ္ဆာန်တို့၏ အရည်အသွေးကို မြှင့်နိုင်ကြောင်း သင်ကြားပေးသည်။ တစ်ဆယ့်ရှစ်ရာစု နောက်ပိုင်းမှစ၍ **ခြံခတ် စိုက်ပျိုးနည်း** ပေါ်လာ၍ မြေကွက်ကျယ်ကျယ်ကို ခြံခတ်လျက် ကောက်ပဲအထွက် ကောင်းသထက်ကောင်းအောင် စီမံကြသဖြင့် အထွက်ကား ပိုပါ၏။ သို့သော် လယ်ကုလီများစွာ အလုပ်လက်မဲ့ဖြစ်ရသဖြင့် စက်ရုံကုလီလုပ်ရန် မြို့ကြီးများသို့ မသွားလိုသော်လည်း ပြောင်းရွှေ့သွားကြရသည်။

### အသစ်တီထွင်ခြင်း

### (၁) အထည်လုပ်ငန်း

**ဂျွန်ကေ**က ၁၇၃၃ ခုတွင် **လွန်းပျံ**ကို တီထွင်လိုက်ရာ အထည်ရက်ရာ၌ မြန်လာသည်။ ချည်ပို၍ သုံးလာသည်။ ထို့ကြောင့် **ချည်ငင်**ရာ၌ ပို၍လျင်မြန်အောင် စက်သစ်များ ဆက်ကာဆက်ကာ ပေါ်၍လာရသည်။ ၁၇၆၇ ခုနှစ်၌ **ဂျိမ်းဟာဂရိက စပင်နင်းဂျင်နီး**ခေါ် ချည်ငင်စက်ကိုလည်းကောင်း၊ ၁၇၆၉ ခုနှစ်၌ **ရစ်ချတ်အာခရိုက်က ဝါတာဖရိမ်** ခေါ် ရေအားဖြင့်မောင်းသော ချည်ငင်စက်ကိုလည်းကောင်း၊ ၁၇၇၉ ခုနှစ်၌ **ဆင်မြူရယ်ခရမ်တွန်က စပင်နင်းမြူး**ခေါ် ချည်ငင်စက်ကိုလည်းကောင်း တီထွင်ကြ၍ လိုသမျှချည်ကို ရအောင်ပေးနိုင်ကြသည်။ **အက်ဒမန်ကတ်ထရိုက်**သည် ၁၇၈၅ ခုနှစ်၌ **စက်ရက်ကန်း**ကို တီထွင်ခြင်းဖြင့် ငင်သမျှ ရက်နိုင်အောင် ညီညွတ်စေခဲ့သည်။ အမေရိကန်မှ **အယ်လီဝှစ်တနေ**က ၁၇၉၃ ခုနှစ်တွင် **ဝါကြိတ်စက်**ကို တီထွင်ခြင်းဖြင့် ငင်ရန်ချည်ကို လျင်လျင်မြန်မြန် ရနိုင်ပါသည်။ ဤစက်အားလုံးကြောင့် ချည်ထည်အထွက်





ပို၍လုပ် သားတစ်ဦး၏ ရက်လုပ်နိုင်ခြင်း စွမ်းအားမှာ သိသိသာသာ တိုးတက်လာပါသည်။

### (၂) ရေနွေးငွေ့အား

စက်မှုလက်မှုတွင် အလွယ်တကူ ရွှေ့ပြောင်းနိုင်သည့် စရိတ်ကုန်သက်သာသော **အရင်းခံအား** ရရှိရန် အရေးကြီး၏။ **ဂျိမ်းဝတ်**က ၁၇၆၉ ခုနှစ်တွင် **ကွန်ဒင်စားခေါ်**သော စက်ကို တီထွင်၍ **ပစ်စတွန်**က ရှေ့ထိုးနောက်ငင် လှုပ်သည်ကို ပိုင်းပိုင်းလည်အောင် ၁၇၈၁ ခုနှစ်၌ စီမံနိုင်ခြင်းဖြင့် ယခင် **ပပင်နှင့်နယူကိုမင်**တို့ တွင်လက်စ စက်ကို ပြုပြင်၍ **ရေနွေးငွေ့ဖြင့် မောင်းသောစက်** ပေါ်လာသည်။ ယင်းသည်ပင်လျှင် စရိတ်ကျဉ်းသော **အရင်းခံအား** ဖြစ်၍လာပါသည်။ မကြာမီ ရေရဟတ်စက်၊ လေရဟတ်စက်များအစား ရေနွေးငွေ့စက်ကို သုံးစွဲကြ၏။ ယင်းစက်ကို သုံးလျှင် သံနှင့် ကျောက်မီးသွေး များများထွက်ရန် လိုပြန်သည်။ ရေနွေးငွေ့စက်အမျိုးစုံ သုံးစွဲနည်းကို အလျင်အမြန် တီထွင်ကြ၏။ ရေတွင် **ရောဗတ်ဖူလတန်**က ၁၈၀၇ ခု၌ **ကလာမွန်ခေါ်** ရေနွေးငွေ့အားဖြင့် ခုတ်မောင်းသော သင်္ဘောကို တီထွင်၍ **ဂျော့စတီဗင်ဆန်**က ၁၈၂၅ ခုတွင် ယနေ့ မီးရထား၏ ရှေ့တော်ပြေးဖြစ်သော ရထားကို တီထွင်ခဲ့၏။ **သံလိုင်းပေါ်၌ အလိုအလျောက်ပြေးသောယာဉ်** ဖြစ်သည်။ ၁၈၁၄ ခုနှစ်က စတင်လျက် **မီးစက်** (ရေနွေးဖြင့် ခုတ်မောင်းသော စာပုံနှိပ်စက်) ပေါ်လာခြင်းဖြင့် စာပုံနှိပ်ခြင်းစရိတ် သက်သာ၍ ပညာဗဟုသုတ အလျင်အမြန် ပျံ့နှံ့လွယ်ပါသည်။

### (၃) ကျောက်မီးသွေး၊ သံနှင့် သံမဏိ

တစ်ဆယ့်ရှစ်ရာစုဦးကပင်လျှင် **အဗရာဟင်ဒါဗီ**နှင့် သားလုပ်သူတို့က ထင်းမီးသွေးအစား **မီးသင်းပြီး ကျောက်မီးသွေး**ဖြင့် သံရည်ကျိုနည်းကို ကြံဆခဲ့ကြ၏။ **ဂျွန်စမီယာတန်**က ၁၇၆၀ တွင် ရေအားဖြင့်မောင်းသော လေပန်းစက်ကို သုံးခြင်းဖြင့် မီးသင်းပြီး ကျောက်မီးသွေး ပို၍ကောင်းလျက် ပို၍ထွက်သောနည်းကို တွေ့ရှိသဖြင့် ဒါဗီနည်းကို ပြုပြင်လိုက်ပြန်သည်။ **ဟင်နရီကော့**က ၁၇၈၄ ခုတွင် မီးသင်းပြီး ကျောက်မီးသွေးဖြင့် ကျိုယူသော **သံစိမ်းကို သန့်စင်အောင်လုပ်နည်း**ကို တွေ့ရှိသည်။ ဤအဆင့်မှစ၍ သံ၊ ကျောက်မီးသွေးနှင့် ရေနွေးငွေ့အားကို သုံးခုပေါင်းလျက် စက်မှုလက်မှု ကြီးပွားရေး၏ အခြေခံအားသုံးခုဖြစ်၍ လာပါတော့သည်။ နောက်ပိုင်း၌ သံမဏိကို အကြီးအကျယ်

ထုတ်လုပ်ရာတွင် လေသွင်းပေးသည့် **ဗက်ဆီမာနည်း**နှင့် **မီးဖိုပွင့်နည်း**တို့ကို ၁၈၅၉ ခုနှစ်၌ တွေ့ရှိကြ၏။

## (၄) လမ်းပန်းဆက်သွယ်ရေး

မီးသင်္ဘောနှင့် မီးရထားပေါ်လာလျှင် ခရီးသွား လျင်မြန်လာသည်။ **ပဲနီစာပို့စနစ်**လည်း အင်္ဂလန်၌ ၁၈၄၀ ခုနှစ်မှစ၍ ပေါ်ပေါက်လာခဲ့သည်။ သို့သော် အရေးအပါဆုံးကား ၁၈၃၇ ခုနှစ်ကပေါ်သည့် **မော့စ်၏သံကြိုး**နှင့် တစ်ပါတည်း ပေါ်လာသော **လျှပ်စစ်ဓာတ်အား**ပင် ဖြစ်ပါသည်။ တစ်ဆယ့်ကိုးရာစုနောက်ပိုင်း၌ လျှပ်စစ်ဓာတ်အားပညာ တိုးတက်လာသဖြင့် ၁၈၇၆ ခုနှစ်တွင် **ဘဲလ်၏ တယ်လီဖုန်း**ကိုလည်းကောင်း၊ ၁၈၉၆ ခုတွင် **မာကိုနီ၏ ဝိုင်ယာလက်**ကိုလည်းကောင်း တွေ့ရှိကြပါသည်။

## (၅) လယ်နှင့်ဆိုင်သောစက်များ

လယ်၌ စက်ကိုသုံးခြင်းဖြင့် စိုက်ပျိုးရေး၌ အကြီးအကျယ် အသွင်ပြောင်းလဲစေ၏။ **ရေနွေးငွေ့ဖြင့် မောင်းသော ကောက်နယ်စက်**ကို အင်္ဂလန်တွင် ၁၈၀၃ ခုလောက်ကပင် စ၍သုံးလျက် ရှိချေပြီ။ ၁၈၃၄ ခုနှစ်၌ **မက်ကော်မစ်၏ ကောက်ရိတ်စက်**ကိုလည်းကောင်း၊ ၁၈၅၀ ခန့်ကစ၍ ရေနွေးငွေ့ဖြင့်မောင်းသော လယ်ထွန်စက်နှင့် ကောက်စိုက်စက်များ ပေါ်လာသည်။

## (၆) စက်ဖြင့် စက်ကိုလုပ်ခြင်း

ခေတ်ဦးက ရက်ကန်းကို သစ်နှင့် ပန်းပဲက လက်ဖြင့်ထုရိုက်ပေးသော သံကိုသုံး၍ လုပ်သည်။ ရေနွေးငွေ့အားကို သုံးတတ်ပြီးနောက် သံကို အကြီးအကျယ် ကျိုတတ်သည့် အခါများတွင် စက်ကို စက်ဖြင့်ပင် ထုတ်လုပ်ကြတော့သည်။ **ပွတ်စက်၊ ကြိတ်စက်၊ ဖြတ်စက်**တို့က သံဝတ္ထုကိုပင် ကြိတ်ဖြတ် ပွတ်သပ်နိုင်ကြပြီးဖြစ်ရကား စက်ကို စက်ဖြင့်ပြုလုပ်နိုင်၏။ ထို့ကြောင့်လည်း စက်မှုလက်မှု တော်လှန်ရေးသည် ကြီးမားသောအဟုန်ဖြင့် တိုးမားခဲ့ရသည်။ **ထုထည်ကြီး ထုတ်လုပ်ခြင်း**၌မူ **ညီညွတ်ခြင်း**သည် အရေးကြီးရကား စက်ကို သုံးခြင်းဖြင့် ၎င်းတို့ အလွယ်ပင် ဖြစ်မြောက်စေနိုင်ပါတော့သည်။ ရှေးအခါက တိုးတက်ရေးများနှင့် နှိုင်းစားလျှင် ယခု တိုးတက်ရေးများကား အံ့သြ၍ ကုန်နိုင်ဖွယ်မရှိဟု ဆိုရပေမည်။ ထို့ထက် ၁၈၃၀ ခုနှစ်ကျော်လျှင် အသစ်တီထွင်ခြင်း





များ အဆက်မပြတ် ပေါ်လာသဖြင့် ရှေ့ပိုင်း တိုးတက်ခြင်းဟူသည်မှာ သာမညမျှ ဖြစ်သည်ဟု ဆိုရပြန်သည်။ အသစ်တွေ့ရှိသော စက်နှင့် နည်းဥပဒေအရာအထောင်တွင် အောက်ပါတို့ကား အထူးထင်ရှား၏။

၁။ **ဖာရာဒေးက လျှပ်စစ်သံလိုက် မထိဘဲ ဓာတ်ကူးခြင်း**ကို ၁၈၃၁ ခုနှစ်က စတင်တွေ့ရှိခြင်း။

၂။ စည်သွတ်ခြင်းဖြင့် အစားအသောက် အမြောက်အမြားကို ကြာကြာခံအောင်လုပ်နည်းကို (၁၈၄၅ ခုနှစ်ခန့်က) စတင်တွေ့ရှိခြင်း။

၃။ **ဒဂွါရေ**က ၁၈၃၉ ခုနှစ်၌ ဓာတ်ပုံရိုက်နည်းကို စတင်တွေ့ရှိခြင်း။

၄။ **အဲရစ်ဆင်**က ၁၈၃၆ ခုနှစ်၌ **ဝက်အူရစ်လည်သော ယက်မ**ကို စတင်တွေ့ရှိခြင်းနှင့်–

၅။ **ဂွတ်ယီးယားက** ၁၈၄၄ ခုနှစ်၌ **ရာဘာချက်နည်း**ကို စတင်တွေ့ရှိခြင်းတို့ ဖြစ်ကြသည်။

တစ်ဆယ့်ကိုးရာစု၌ နည်းသစ်များ အဆက်မပြတ် တွေ့ကြလွန်းသဖြင့် ၁၈၇၀ ခန့်ကစ၍ **ဒုတိယစက်မှုလက်မှု တော်လှန်ရေး** ပေါ်ပေါက်သည်ဟု ပြောစမှတ်ပြုလျက် ရှေးအနှစ် ၄၀ အတွင်း၌ လျှပ်စစ်ပညာကို များစွာတိုးတက်နားလည်ကာ **အတွင်းမီးပွင့်၍လည်သောစက်**များကို အမှီပြု၍ စက်မှုကြီးမားလာရပြန်သည်။

## တော်လှန်ရေး၏ စီးပွားရေး အကျိုးအပြစ်များ

မိမိ အိမ်တွင်း၌ပင် ကိုယ်တိုင်လုပ်သော လက်နက်ကိရိယာမျှဖြင့် အနည်းငယ် ပြုလုပ်သော ရှေးနည်းထက် ဝတ္ထုပစ္စည်းသည် စက်ပစ္စည်းကို မယှဉ်နိုင်။ ထို့ပြင် စက်တစ်ခုကို အလုပ်သမားတစ်ယောက်တည်း ဝယ်နိုင်သောငွေအင်အား မရှိနိုင်။ ထို့ကြောင့် **စက်ရုံကြီး စနစ်**ခေါ် အလုပ်ရှင်က အုပ်ချုပ်လျက် စက်ရုံတွင် စက်ဖြင့် ပစ္စည်းကို အများအစား ထုတ်လုပ်ခြင်းစနစ် ပေါ်လာရသည်။ စက်ရုံစနစ်ကြောင့် **အလုပ်ခွဲဝေခြင်း**နှင့် **ထုထည်ကြီး ထုတ်လုပ်ခြင်း**တို့ကို လုပ်နည်းနှင့် စက်ပစ္စည်းတွင် **မူညီညွတ်ခြင်း** အခြေခံ၍ ပေါ်လာရသည်။ ရှေးကရှိပြီး ဝတ္ထုပစ္စည်းများ ထုတ်လုပ်ရာ၌လည်း ယခင်ကထက် ပို၍များများ ထုတ်လုပ်သည်။ ဝတ္ထုပစ္စည်း အသစ်အဆန်းများကိုလည်း ထွင်၍ထုတ်လုပ်ကြသည်။ ဤတွင် **ထုတ်လုပ်သူ၏ ပစ္စည်း**နှင့် **စားသုံးသူ၏ပစ္စည်း**

ဟူ၍ ပစ္စည်းနှစ်မျိုး ကွဲကွဲပြားပြား ခွဲခြား၍ ပေါ်လာပါသည်။ နမူနာဆိုရသော် သံအရည်ကျိုစက်၊ ရက်ကန်းစက်၊ သစ်သီးစည်သွတ်စက် စသည်တို့ကား ထုတ်လုပ်သူ၏ ပစ္စည်းများဖြစ်၍ စက်ဘီး၊ ချည်ထည်နှင့် သစ်သီးယိုတို့ကား စားသုံးသူ၏ ပစ္စည်းများ ဖြစ်ပါသည်။ စက်ကြောင့် ပစ္စည်းအထွက်ပိုလေ စီးပွားချမ်းသာတိုးလေ ဖြစ်ခြင်းကြောင့် လူအချို့တွင် ငွေကြေး အဆမတန် ချမ်းသာ၍ လာပါသည်။ ထိုသူတို့ကိုပင် နောင်အခါ ခေါ်သေးစုပ်သော ဓနရှင်ဟု စွပ်စွဲခေါ်ဝေါ်ကြသည်။ သို့သော် ကြွယ်ဝလာသည့်အလိုက် **လူတို့၏ နေထိုင်မှု အဆင့်အတန်း** တိုးတက်ခဲ့ရသည်။ ဓနရှင်တို့ကား ပစ္စည်းအထွက်များလေ ချမ်းသာလေဖြစ်လျက် အောက်တန်းစား ကူလီတို့ကို စည်းစိမ်ဝေမျှခြင်းထက် လုပ်ငန်းချဲ့ထွင်ခြင်းကိုသာ အာသီသထားကြရကား လုပ်ငန်းသစ်များ အလျှိုအလျှို ပေါ်လာပြန်သည်။ ထို့ပြင် ၁၈၃၀ ပြည့်နှစ် နောက်ပိုင်း၌ **လျော်ငွေကန့်သတ်သည့် အစုစပ်အဖွဲ့များ** ပေါ်လာသဖြင့် **ငွေပိုကိုရင်း**၍ လုပ်ငန်းသစ်များ အလျင်အမြန်ပေါ်လာရေးကို များစွာအားပေးလျက်ရှိပြန်သည်။ ဓနရှင်တို့၏ အဓိက ပြဿနာကား မရှုံးနိုင်သော ငွေပင်ငွေရင်း စိုက်ထုတ်ခွင့်ကို ရှာရန်ဖြစ်၏။ ထွက်သမျှ ပစ္စည်းကိုလည်း စွံအောင်ရောင်းရ၏။ ပြည်တွင်း၌ သုံးစွဲ၍ မကုန်နိုင်အောင် ပစ္စည်းအထွက်များ လာသောအခါတွင် ကမ္ဘာအနှံ့ ဖြန့်၍ရောင်းရန်လိုသည်။ အရောင်းအဝယ်၌ ကြိုက်သလို စီမံခွင့်ရအောင် **ဩဇာခံနယ်**ကို ရှာ၏။ ယင်းကိုပင် နယ်ချဲ့ခြင်းဟု ခေါ်ပါသည်။ ပစ္စည်းပေါလျှင် အရောင်းနှင့်အဝယ်ကို မျှတအောင် ချိန်ဆပေးရန်လိုသည်။ ယင်းသို့ မထိန်းနိုင်သောအခါများ၌ **အဆမတန် ကြီးပွားခြင်း**နှင့် **အဆမတန် ဆုတ်ယုတ်ခြင်း** တို့ကို ခံစားရချေမည်။ ထို့ပြင် စီးပွားရေး ပိုက်ကွန်တွင်း၌လည်း နိုင်ငံတကာ ငြိတွယ်လျက်ရှိရသည်။ နမူနာဆိုရသော် အင်္ဂလန်မှ ချည်စက်သည် အမေရိကန်မှ ကျွန်များကိုသုံးလျက် စိုက်ပျိုးသော ဝါမှန်မှန်ရရန် လိုပါသည်။ အင်္ဂလန်၏ တောနေလူတို့သည် မြို့သို့ပြောင်းရွှေ့လျက် စက်ရုံအလုပ်သမားများ ဖြစ်လာကြလျှင် ကောက်ပဲအစိုက်နည်းသည်။ လူဦးရေ တိုးပွားလာသည်နှင့် ညီမျှအောင် ကောက်ပဲအထွက်မတိုးသဖြင့် ဂျုံ၊ အမဲသားနှင့် အပူပိုင်းဒေသထွက် အစားအစာများကို ဝယ်ယူကြရ၏။ အစားအစာကို စက်ထွက်ပစ္စည်းနှင့် လဲယူရသည်။ တစ်ကမ္ဘာလုံး အရောင်းအဝယ်နှင့် ကင်း၍မဖြစ်ချေ။ တစ်နေရာ၌ ပစ္စည်းအထွက်ပျက်လျှင် မိုင်ပေါင်းထောင်သောင်း ကွာခြားရာ၌လည်း အကျပ်အတည်း တွေ့ရတတ်သည်။





## တော်လှန်ရေး၏ လူမှုရေး အကျိုးအပြစ်များ

စက်ရုံစနစ် ပေါ်လာလျှင် လယ်သမား တောသားများသည် မြို့သို့တက်လာကြလျက် အခစား စက်ရုံအလုပ်သမားများ ဖြစ်လာကြသည်။ ၎င်းတို့သည် များသောအားဖြင့် စာပေမတတ်ချေ။ အိမ်ရာမိုးမြေစသည့် ကိုယ်ပိုင်ပစ္စည်း မရှိကြသောကြောင့် ယင်းတို့ကို **ပစ္စည်းမဲ့လူတန်းစား**ဟု ခေါ်ပါသည်။ စက်မှုထွန်းကားရာ၌ မြို့ကြီးများ တစ်မုဟုတ်ချင်း ပေါ်လာ၏။ သို့သော် ကျန်းမာရေးအတွက် ပြင်ဆင်လျာထားခြင်း မရှိသဖြင့် ဆင်းရဲသားများသည် အလွန်နံစော်ညံ့စ်ပေသော ရပ်ကွက်များ၌ ပြွတ်သိပ်ချာလိမ်အောင် ရောနှောနေထိုင်ကြရပါသည်။ ဓနရှင်တို့ကလည်း အခစား လုပ်သားတို့ မည်သို့နေရသည်ကို အနည်းငယ်မျှ အလေးဂရုမပြု။ တတ်နိုင်သမျှ အခလျှော့၍ အလုပ်ချိန် တိုးရန်ကိုသာ အားထုတ်ကြသည်။ စက်ယန္တရားကို စောင့်ကြည့်ရန် ခွန်အားကြီးသူကို မလိုသဖြင့် ခြောက်နှစ်အထက် ကလေးများနှင့် မိန်းမများကို ငှားရမ်းစေခိုင်းလေ့ရှိသေးသည်။ ဆင်းရဲသော အမိအဘတို့ကလည်း ကာလအပိုင်းအခြားထား၍ ငွေယူလျက် မိမိတို့ သားသမီးကို ခိုင်းချင်သလို ခိုင်းခွင့်ပေးကြရ၏။ **ကျွန်**များကို ခိုင်းသည်ကမှ ညှာပေဦးမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တစ်ယောက် အလုပ်ပန်း၍ သေလျှင် ကိုယ်ပိုင်ပစ္စည်း ဆုံးသည်ဟု မှတ်ယူသည်။ ငှားထားသော ကလေးငယ် သေသော်မှလည်း အလုပ်ရှင်၏ တာဝန်မဟုတ်ဟု ထိုအခါက ယူဆကြသည်။ ဤမျှဆိုးဝါးသော အခြေအနေသည် အင်္ဂလန်၌ စက်မှုတော်လှန်ရေး၏ အစ အနှစ်ငါးဆယ်ကျော်မျှ အတွင်း၌ အပြင်အဆင်မရှိ တည်ရှိနေခဲ့၏။ နောင်မှ တဖြည်းဖြည်း ပြည်သူတို့ နိုးကြားလျက် ပြုပြင်ရေးသမားတို့ လှုံ့ဆော်ခြင်းကြောင့် အခြေအနေ ကောင်းမွန်၍လာပါသည်။

## ၂။ လူတန်းစားအသစ်ပေါ်၍ ဆိုရှယ်လစ်ဝါဒခေါ် နိုင်ငံရေးအယူအဆသစ် ထွန်းကားခြင်း

### အသိဉာဏ်ကျယ်ပြန့်လာခြင်း

တစ်ဆယ့်ကိုးရာစု၏ နောက်ပိုင်းတစ်ဝက်တွင် ပညာဗဟုသုတ တိုးတက်လျက် အတွေးသစ် အယူသစ်များနှင့်တကွ ကြံစည်အားထုတ်မှု အသစ်များကို တွေ့ရပါသည်။ **အသိဉာဏ်၏ တော်လှန်ရေး**တွင် အရေးပါသော

အချက်သုံးချက် တွေ့ရပါသည်။ **(၁) လက်တွေ့စမ်းသပ်သော လောကဓာတ်ပညာ** အကြီးအကျယ် တိုးတက်၍ ယင်းကိုမှီကာ အယူအဆများ ပြောင်းခြင်း၊ (၂) ရှေးအယူအဆနှင့် လောကဓာတ် အသိဉာဏ်မှ ပေါ်လာသည့် အယူအဆသစ်သို့ ပဋိပက္ခဖြစ်ခြင်းနှင့် (၃) စက်မှုလက်မှု တော်လှန်ရေးကြောင့် လူနေမှု အခြေအနေသစ်၏ ပြဿနာကြီးများကို အန်းအန်းကျွက်ကျွက် ဆွေးနွေးဖြေရှင်းခြင်းတို့ပင် ဖြစ်ပါသည်။

## လောကဓာတ်ပညာနည်းအရ အသစ်ရှာဖွေတွေ့ရှိခြင်း

တစ်ဆယ့်ကိုးရာစု၏ နောက်ပိုင်းထက်ဝက်တွင် ရှေးရှေးကနှင့် မတူအောင် **အသစ်ရှာဖွေ တွေ့ရှိချက်များ** ပေါ်ခဲ့၏။ **ရူပဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒ၊ နက္ခတ်ပညာ၊ သတ္တဗေဒနှင့် ဆေးပညာ**တို့တွင် အထူးတိုးတက်ခဲ့သည်။ တစ်ဆယ့်ကိုးရာစုတွင်မှ တွေ့ရှိချက်များကား **အပူအအေး၏ လှုပ်ရှားခြင်းဥပဒေများ၊ လျှပ်စစ်သံလိုက်လှိုင်း၏ သဘော၊ အဆမတန်းသေးသော ပိုးမွှားတို့နှင့် ရောဂါဆက်စပ်နေပုံ**ကို တွေ့ရှိလျက် **မယဉ်းအောင်ခွဲစိတ်ကုသနည်း**ကို တတ်မြောက်လာကာ **အကာအကွယ် ဆေးထိုးခြင်း**ကို သုံးစွဲကြလျက် **သတ္တလောက၏ စဉ်ဆက်မိုး၍ ပြောင်းလဲခြင်း**ကို သဘောပေါက်လာကြသည်မှာ အားလုံးအံ့ဖွယ်ကောင်းလှပါတော့သည်။ ယင်းပညာသစ်များက စက်မှုလက်မှု တော်လှန်ရေးကို တိုးတက်သည်ထက် တိုးတက်အောင် အရှိန်နှင့် တွန်းပို့ပေးသကဲ့သို့ ရှိသဖြင့် တစ်ဆယ့်ကိုးရာစု၏ နောက်ဆုံးအနှစ်အစိတ် အတောအတွင်း၌ ဒုတိယစက်မှုလက်မှု တော်လှန်ရေး ပေါ်ပေါက်ခဲ့သည်ဟူ၍ပင် ပြောစမှတ်ပြုကြသည်။ လောကဓာတ်ပညာ တိုးတက်သဖြင့် စက်မှုလက်မှု လုပ်နည်းများတွင် များစွာ ပြောင်းလဲတိုးတက်သကဲ့သို့ပင် ရှေးအယူအဆ ယုံကြည်မှုတို့ကိုလည်း များစွာ ပြောင်းလဲစေခဲ့သည်။ ရှေးက အဖြေမပေါက်သော ကိစ္စတို့၌ ယခု လောကဓာတ်ပညာနည်းဟုခေါ်သော **အချက်အလက်စုံခြင်းနှင့် အမျိုးအစားခွဲခြင်း**တို့ ပြုပြီးနောက် **အကြောင်းအကျိုးဆက်စပ်၍ သဘာဝကို ဖော်ထုတ်ယူခြင်း**ဖြင့် အဖြေရကောင်း၏ဟု နားလည်လျက် ထိုနည်းကို နေရာတကာ၌ စမ်းသပ်သုံးစွဲလာကြ၏။ နောက်ဆုံး၌ သာသနာရေး အယူအဆကိုပင် လောကဓာတ်နည်းဖြင့် ဆန်းစစ်လာကြ၏။





## လောကဓာတ်ပညာနှင့် သာသနာယုံကြည်မှုလွန်ပွဲ

လောကဓာတ်ပညာကြောင့် ပေါ်လာသော စိတ်ထားသစ်နှင့် သာသနာရေး ရှေးအယူအဆတို့က တစ်ဆယ့်ကိုးရာစု နောက်ပိုင်းတစ်ဝက်၌ အကြီးအကျယ် ငြင်းခုံလာကြ၏။ ထိုရန်ပွဲ အတောအတွင်း ၁၈၅၉ ခုတွင် **ဒါဝင်က မျိုးရိုးဗီဇ** ခေါ်သော စာအုပ်ကို ရေးသားထုတ်ဝေရာ၌ ရှေးရိုးနှင့် ခေတ်ဆန်ဆန် စစ်ကြေညာဘိသကဲ့သို့ရှိ၍ ထိုရန်ပွဲကား ယနေ့တိုင်အောင် တိုက်ခိုက်ရဆဲဖြစ်ပါသည်။ မိရိုးဖလာ ယုံကြည်မှုကို လောကဓာတ်နည်းက အချက်ကြီးလေးချက်ဖြင့် တိုက်ခိုက်လေ့ရှိ၏။ ယင်းတို့ကား (၁) ရာဇဝင်ကြောင်းဖြင့် အမှားအမှန် ချိန်ကိုက်ခြင်း သို့မဟုတ် **ဗိုင်ဗယ်ခေါ်** သမ္မာကျမ်းစာကို "အထက်တန်းကျကျ စစ်ဆေးခြင်း"၊ (၂) လက်တွေ့သက်သေကို အားကိုးလျက် **ရုပ်ဝါဒ** ပေါ်လာခြင်း၊ (၃) **ဘူမိဗေဒ**နည်းဖြင့် **ကမ္ဘာ**နှင့် **သက်နေ** အားလုံး မည်မျှရှေးကျပြီကို စစ်ဆေးခြင်းနှင့် (၄) သတ္တလောကတွင် **စဉ်ဆက်မိုး၍ ပြောင်းလဲခြင်း**ကို လက်ခံခြင်းတို့ပင် ဖြစ်ပါသည်။ မိရိုးဖလာ သာသနာယုံကြည်မှုရှိသော သူများကလည်း ကျမ်းကိုးဖြင့် ခုခံကာကွယ်ကြ၏။ ကာကွယ်နည်း နှစ်ခုရှိရာ ပထမနည်းကား လောကဓာတ်ပညာနှင့် သာသနာမဆိုင်ဟု ဖွတ်မိုတ်၍ ပုတ်ထုတ်ရန်ဖြစ်၍ ဒုတိယနည်းကား လောကဓာတ်ပညာ ဗဟုသုတကိုယူလျက် **သာသနာ့ အဆုံးအမကို အသစ်ပြန်၍ ကောက်ချက်ချခြင်း**ပင်ဖြစ်ရာ ဒုတိယနည်းသင့်ကြောင်း တွေ့ရပါသည်။ အဆိုပါ ဒုတိယနည်းကြောင့် ပရိုတက်စတင့် ခရစ်ယာန် သာသနာတွင် **ခေတ်ဝါဒ** ဟူ၍ ပေါ်လာရ၏။ ခေတ်ဝါဒတွင် **တန်ခိုးဏ္ဍိပါဒ်** အားလုံးကို ပယ်သည်။ သို့သော် သာသနာယုံကြည်မှုကို **အကျင့်စာရိတ္တကောင်းရေးနှင့် တမလွန် ဘဝကျေးကောင်းရေး**တို့နှင့် စပ်ဆိုင်သည်ဟု ယူဆသည်။ ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာဝင်များကမူ လောကဓာတ်ပညာ၏ တွေ့ရှိချက်များကို ဝေဖန်ခြင်းမပြု။ သို့သော် လူ့အသိဉာဏ်ဖြင့် မမိသည်များ ရှိသေး၍ ဘုရားသခင်၏ အဖြေများသာလျှင် နောက်ဆုံးအမှန်တရား ဖြစ်သည်ဟု ခွဲကောင်းကောင်းဖြင့် ဆက်လက်ယူဆသည်။ များသောအားဖြင့် သာသနာယုံကြည်မှုနှင့် လောကဓာတ်ပညာသည် တစ်ခုနှင့်တစ်ခု ဘာမျှမဆိုင်သော ကိစ္စများဖြစ်၍ တစ်ခုကို နောက်တစ်ခုနှင့်လိုက်၍ ညှိနေရန်မလိုဟု သဘောပေါက်ကြ၏။ သို့သော် ယင်းနှစ်ခုပြိုင်သဖြင့် အသိဉာဏ် တော်လှန်ရေး ပေါ်လာရသည်။

## ဆိုရှယ်လစ်ဝါဒ ထွန်းကားခြင်း

လက်ရှိ လူလောက၏ ညှဉ်းပန်းရက်စက်ခြင်းများကို လွန်မြောက်၍ အနေကောင်း အစားကောင်းဖြင့် နေနိုင်ရေးကို ကြံဆကြ၏။ တစ်ဆယ့်ကိုးရာစု နောက်ပိုင်း၌ တွေးတောစိတ်ကူးယဉ်ကြ၏။ နှစ်ဆယ်ရာစုသို့ရောက်လျှင် ထို အတွေးသည် လက်တွေ့ဖြစ်လာခဲ့လေပြီ။ စက်မှုလက်မှု တော်လှန်ရေး ပေါ်လာ ခြင်း၊ အခြေခံပညာရေး ပျံ့နှံ့လာခြင်း၊ မိရိုးဖလာ သာသနာအယူသီးမှု လျော့လာ ခြင်း၊ ရေး**ကံကျွေးချ စနစ်**က အရှင့်သခွာတော်ခံစနစ် ပပျောက်ခြင်း၊ အုပ်ချုပ် ရေးတွင် ဒီမိုကရေစီနည်း တိုးတက်လာခြင်းတို့ကြောင့် အောက်တန်းစားများ သည် ယင်းတို့၏ တန်ခိုးသတ္တိကြီးပုံနှင့် အခွင့်အရေး တောင်းထိုက်ပုံကို နားလည် လာကြ၏။ ဥရောပနိုင်ငံများ၌ **ဆိုရှယ်လစ်ဝါဒ**ကို ဘူဇွာခေါင်း ဆောင်များက မကောင်းဆိုးဝါးသဖွယ် ရှုမှန်းသော်လည်း တဖြည်းဖြည်း အောင်မြင်လာသဖြင့် ယင်းဝါဒနှင့် ညီ၍ ဥပဒေများ လုပ်လာကြသည်။ ဆိုရှယ်လစ် ဝါဒီတို့တွင် လူအားအများဆုံးနှင့် သြဇာအရှိဆုံး အစုကား **မတ်ခဇစ်**ဝါဒီများပင်ဖြစ်၍ ဒီမိုကရေစီနည်းဖြင့် တဖြည်းဖြည်း ဥပဒေပြုကာ နိုင်ငံအုပ်ချုပ်ရေးတွင် ဆိုရှယ်လစ် သဘောတရား သွင်းပေးခြင်းကို ထို **မတ်ခဇစ်ဝါဒီ**တို့က မဖြစ်နိုင်ဟုဆို၏။ ယင်းတို့ အလိုအားဖြင့် စီးပွားရေးစနစ်ကို အုတ်မြစ်ကလှန်၍ မပြင်လျှင် တကယ့်အဖိုးတန်သော ပြုပြင်ရေးကို မရနိုင်။ အပြင်းအထန် အုံကြွဆူပူခြင်း မပြုလျှင်လည်း တကယ့်ပြုပြင်ရေး မရနိုင်။ ထို့ကြောင့် လူမှုဆက်ဆံရေး အဆင်ပြေအောင် သည်တစ်ကွက်၊ ဟိုတစ်ကွက် ပြုပြင်ရေး လုပ်သည်ကိုလည်း လုံးလုံးမကန့်ကွက်သော်လည်း နည်းမမှန်ဟု အထင်သေး၏။ ဆင်ခံတွင်း နှမ်းပက်သည်ဟု ယူဆ၏။ **မနရှင်ဝါဒ** ရှိနေသမျှ ဒီမိုကရေစီကို အသားပေးမည်ဟု ဆိုစေကာမူ မလုံလောက်ဟု အကဲဖြတ်၏။

## ဆိုရှယ်လစ်ဝါဒ အခဆင့်ဆင့်ပေါ်လာပုံ

၁၈၇၁ ခုနှစ်မှစ၍ မြို့နေအလုပ်သမား လူတန်းစား အရေအတွက် **အလွန်တိုးလာ**သဖြင့် ယခင် ဘူဇွာခေနရှင်တို့ နှစ်သက်သော **လျစ်လျူရှုဝါဒ**ကို **ပြင်၍ အစိုးရက** စက်မှုလက်မှုလုပ်ငန်းတွင် ပါဝင်ထိန်းသိမ်းပေးသင့်သည်ဟု သဘောရလာကြပြန်သည်။ လျစ်လျူရှုထားခြင်းဖြင့် အလုပ်သမားတို့ကို ဆိုရှယ်





လစ်ဝါဒ လွှမ်းမိုးသွားမည့် အန္တရာယ်ကို ဘူဇွာတို့ မြင်လာကြ၏။ စင်စစ် စက်မှုလက်မှု တော်လှန်ရေးကြောင့် ဆိုရှယ်လစ်ဝါဒ ပေါ်လာရ၏။ **ကုန်ထုတ် လုပ်ရေး** ပြောင်းသဖြင့် တစ်ဖက်တွင် ပစ္စည်းပိုမို၍ ထွက်သော်လည်း တစ်ဖက် တွင် အလုပ်သမားတို့ အလွန့်အလွန် ဆင်းရဲနေသည်ကို **သတိထားမိကြ**၏။ ထိုဆိုးဝါးသော မညီမျှမှုကား **ပစ္စည်းပိုင်ဆိုင်ခွင့်** အယူအဆဟောင်းကြောင့် ဖြစ်သည်ဟု စွပ်စွဲသည်။ ဆိုရှယ်လစ်ဝါဒ အလိုအားဖြင့် လူ့အဖွဲ့အစည်း တစ်ခုလုံးက **ပစ္စည်းထုတ်လုပ်ရေး ကိရိယာ** အားလုံးကို ပိုင်ဆိုင်သင့်၏။ ထွက် လာသော ပစ္စည်းအပေါ်မှ အကျိုးခံစားခွင့်ကိုလည်း အများတညီတညွတ်တည်း ခံစားရမည်ဟု ဆို၏။ ထိုအဆင့်သို့ ဆိုက်ရောက်အောင် သွားနည်းကို အမျိုးမျိုး ပေးကြ၏။ **ရောဘတ်အိုဝင်** (၁၇၇၁–၁၈၅၈)၏ **ယူတိုပီယမ် ဆိုရှယ်လစ်ဝါဒ** အရ အလုပ်စခန်း၌ ဆင်းရဲပင်ပန်းကြီးစွာ မဖြစ်ရစေခြင်း၊ သင့်တင့်သော လုပ်ခ ပေးခြင်း၊ စာသင်ကျောင်းဖွင့်ပေးခြင်း၊ နေအိမ်ကောင်းများ ဆောက်ပေးခြင်းနှင့် ပစ္စည်းဝယ်ယူ သုံးစွဲသူတို့ အကျိုးငှာ သမဝါယမ အသင်းဆိုင်များ တည်ထောင် ပေးခြင်းတို့ကို လုပ်ပေးသည်။ ပြင်သစ်၌ **စိန့်ဆိုင်မွန်** (၁၇၆၀–၁၈၂၅) ဆိုသူ၏ အယူအားဖြင့် **လက်မှုပညာနိုင်ငံ** တည်ထောင်၍ လောကဓာတ်ပညာရှင်နှင့် အင်ဂျင်နီယာများက အုပ်ချုပ်ရခြင်းကိုကြိုက်၏။ အမေရိကန်၌ ၁၉၃၂ ခုလောက် က လူကြိုက်များလာသော **တက်ခနော်ခရေစီ**နှင့် ဆင်ဆင်တူ၏။ **ချားလေဖိုရီး ယား** (၁၇၇၂–၁၈၃၇)က လူလောက၏ ဆင်းရဲပင်ပန်းခြင်းများကား စီးပွားရေးနှင့် ပေါင်းသင်းဆက်ဆံရေးတွင် သဘာဝမကျသော အတားအဆီးများကြောင့် ဖြစ် သည်ဟု ယူဆသဖြင့် လူတိုင်း လွတ်လပ်စွာ လုပ်လိုရာလုပ်ဟု ခွင့်ပေးလိုက်လျှင် သင့်တင့်လျော်ကပ်ရာ ရွေး၍အများနှင့် ညီညွတ်မည့်အလုပ်ကို လုပ်တတ်သော ကြောင့် အားလုံးပျော်ရွှင်ကြပေမည်ဟုဆိုသည်။ ပြင်သစ်၌ ၁၈၄၈ ခု တော်လှန် ရေးဖြစ်လျှင် **လူဝီဗလန့်** (၁၈၁၁–၈၂)က**အမျိုးသားအလုပ်ရုံ** တည်ထောင်၍ **အလုပ်လက်မဲ့** ပြဿနာကို တစ်ဖက်မှ ဖြေရှင်းကာ အလုပ်လုပ်၍ တောင်းခြင်း ကြောင့် လုပ်ခလျော့ကျခြင်း အန္တရာယ်ကိုလည်း ထိုနည်းဖြင့်ပင် ရှင်းနိုင်မည်ဟု ထင်၏။ သို့သော် ထိုအမျိုးသား အလုပ်ရုံစနစ်ကို ကျေနပ်အောင် မစမ်းသပ် ရသေးခင် နိုင်ငံရေး အတိုက်အခံများကြောင့် ရပ်စဲလိုက်ရ၏။ ယခုအခါ အသုံးများသော ဆိုရှယ်လစ်ဝါဒကား **ကားလမတ်** (၁၈၁၈–၈၃) ၏ အယူအဆ များမှ ဆင်းသက်လာပါသည်။ **ရိုင်မြစ်ရိုးပရပ်ရှားနေ** သြဇာရှိသော ဘူဇွာ မိဘများမှ ဆင်းသက်လာသူ ဖြစ်ပါသည်။ အလွန်တက်ကြွနိုးကြားသူဖြစ်၍

ဖခင်က ဥပဒေပညာဖြင့် အသက်မွေးစေလိုသော်လည်း ယင်းက သဘာဝတ္တဗေဒနှင့် ရာဇဝင်ဘာသာများကို ပို၍နှစ်သက်လေ့လာသည်။ **ဟီဂဲ၏ လူ့လွတ်လပ်ရေး**ကို များစွာနှစ်သက်သဖြင့် **မတ်ခ်**၏ အယူအဆတို့တွင် ဟီဂဲ၏ဝါဒကို အများဆုံး တွေ့ရသည်။ ဂျာမနီတွင် **စာပုံနှိပ်စက် လွတ်လပ်ရေး**အတွက် နိုးဆော်ကြိုးစားသော်လည်း မအောင်မြင်ချေ။ ထိုနောက် ပြင်သစ်သို့ လာခဲ့၍အလုပ်သမားဆိုရှယ်လစ်ဝါဒီတစ်ဦး ဖြစ်လာပါသည်။ ပါရီမြို့တော်တွင် နေစဉ် **ဗလန့်၊ ပရှောက်ဒွန်၊ ဗကူနိန်၊ ဟိန်း**နှင့် **အိန်ဂျဲလ်**တို့နှင့် တွေ့ဆုံခင်မင်ခဲ့လေသည်။ ထိုမိတ်ဆွေသစ်တို့အနက် **ဖရက်ဒရစ်အိန်ဂျဲလ်** (၁၈၂၀–၉၅)နှင့် အရင်းနှီးဆုံးဖြစ်၍ ရာသက်ပန် အလုပ်တွဲ၍ လုပ်သူဖြစ်လာပါသည်။ ၁၈၄၅ ခုနှစ်တွင် မတ်ခ်သည် အလွန်တိုးတက်သော အမြင်ရှိသည့် ဆောင်းပါးများကို ရေးသောကြောင့် ပြင်သစ်တွင် ဆက်၍နေခွင့်မရသဖြင့် **ဗရပ်ဆဲလ်**တွင် သုံးနှစ်ခိုဝင်သည်။ ၁၈၄၈ ခုနှစ်တွင် မတ်ခ်နှင့် အိန်ဂျဲလ်တို့ ထုတ်လိုက်သော **ကွန်မြူနစ်ကြေညာစာတမ်း**ကား ဆိုရှယ်လစ်ဝါဒသစ်၏ အခြေခံဖြစ်ပါသည်။ ကွန်မြူနစ် ကြေညာစာတမ်းတွင် **ငွေရင်းငွေနှီး** ရှိသမျှသည် နောက်ဆုံး၌ လူနည်းစုတစ်စု၏ လက်တွင်းသို့ ပေါင်းစုရောက်လာရမည်ဖြစ်၍ ထိုအခါမျိုးသို့ရောက်လျှင် **ပစ္စည်းမဲ့လူတန်းစား**က ထကြွလုယူကာ ကွန်မြူနစ်နိုင်ငံ ထူထောင်ရန် ဖြစ်နိုင်မည်ဟု ရေးသားပါရှိ၏။ ကွန်မြူနစ်ပါတီတို့၏ ရည်ရွယ်ချက်များကား (၁) ပစ္စည်းမဲ့လူတန်းစားကို စည်းလုံးခြင်း၊ (၂) ထိုပစ္စည်းမဲ့တို့၏ နိုင်ငံရေး တန်ခိုးတိုး၍လာအောင် ကြိုးစားခြင်းနှင့် (၃) ဘုရွာပစ္စည်း ပိုင်ဆိုင်ခြင်းစနစ်ကို ဖျက်ဆီးခြင်းတို့ပင် ဖြစ်ပါသည်။ ကြေညာစာတမ်းအဆုံးသတ်၌ **နိုင်ငံတကာ ပစ္စည်းမဲ့တို့စည်းရုံးကြစေ**ဟု ကြွေးကြော်ခဲ့၏။ ၁၈၄၈ ခု တော်လှန်ရေးများ ထကြွစဉ် ပါရီမြို့တော်သို့ မတ်ခ်ပြန်လာ၍ **ပြင်သစ်ဒုတိယသမ္မတနိုင်ငံ** တည်ထောင်သည်ကို ကြုံတွေ့ရ၏။ တော်လှန်ရေးသည် ပရပ်ရှားသို့ ပျံ့နှံ့သွားသဖြင့် မိမိမွေးရပ်သို့ မတ်ခ် ပြန်ခွင့်ရခဲ့၏။ သို့သော် ဖောက်ပြန်ရေးဘက်မှ ပြန်လည်အနိုင်ရလာသဖြင့် ပရပ်ရှားမှ ထွက်ခဲ့ရပြန်သည်။ ဤတစ်ကြိမ်တွင် အင်္ဂလန်၌ ခိုအောင်းလာ၏။ ၁၈၄၉–၈၃ ခုနှစ်တိုင်အောင် သေသည့်အထိ အင်္ဂလန်၌ နေသွားသည်။ နိုင်ငံရေးစီးပွားရေးနှင့် ပတ်သက်သော မတ်ခ်၏ အယူအဆကို ယင်း၏ **အရင်းကျမ်း**တွင် တွေ့နိုင်၏။ ထိုကျမ်းပထမအုပ်ကို ၁၈၆၇ ခုနှစ်က ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလန်၌ နေရစဉ် မတ်ခ်၏ နောက်ကြိုးပမ်းချက်တစ်ခုကား ဆိုရှယ်လစ်ဝါဒသစ်ပြန့်ပွားရန် **နိုင်ငံတကာ အလုပ်သမားအဖွဲ့**ကို ဖွဲ့စည်းခဲ့ခြင်းပင် ဖြစ်ပါသည်။





ဆိုရှယ်လစ်ဝါဒနှင့် ပတ်သက်၍ မတ်ခ် ဆောင်ရွက်ချက်များကား အချုပ်အားဖြင့် (၁) ဆိုရှယ်လစ်ဝါဒ များစွာကို ပေါင်းစပ်စီစဉ်ပေးခြင်း၊ (၂) ဆိုရှယ်လစ်ဝါဒကို ဒီမိုကရေစီ နိုင်ငံရေး လက်တွေ့စခန်းသို့ရောက်အောင် ပို့ပေးခြင်း၊ (၃) ရာဇဝင်ကြောင်းကို အဓိကထား၍ စီးပွားရေး အယူအဆဟောင်းကိုမှီကာ လက်ငင်းလူမှုရေးတွင် လူတန်းစား ပဋိပက္ခ ပေါ်လာပုံနှင့် လူ့အဖွဲ့အစည်း တစ်ခုလုံးရှေ့တွင် မလွဲမသွေ ပြောင်းလဲရမည်ဟု သဘောတရားကို ထင်ရှားစေခြင်းနှင့် (၄) ကမ္ဘာ့အလုပ်သမား လူတန်းစားကို မိမိတို့ ဘဝရေးရာကို သတိထားမိအောင် တပ်လှန့်နှိုးခြင်းတို့ပင် ဖြစ်ပါသည်။ ဥရောပနှင့် အမေရိကန်နိုင်ငံများက မတ်ခဇစ်ဝါဒ လိုက်နာသူတို့ စည်းလုံးမိလေအောင် ၁၈၆၇ မှ ၁၈၇၆ ခုနှစ်အထိ နှစ်စဉ် နိုင်ငံတကာ ကွန်ဂရက်ကို ခေါ်ယူခဲ့၏။ မျှော်လင့်သကဲ့သို့ ထိုကွန်ဂရက်များ မအောင်မြင်ခြင်းကား (၁) အလုပ်လုပ်ဖြစ်အောင် ငွေမရှိခြင်း၊ (၂) **အမျိုးသားဝါဒ** ထွန်းကားလာခြင်း၊ (၃) ၁၈၇၁ ခု ပါရီ၌ ကွန်မြူနစ်သူပုန်အရေးရှုံးနိမ့်ခြင်းနှင့် (၄) ဆိုရှယ်လစ်ဝါဒီတို့အထဲမှ **အနာခစ်** ခေါ် မင်းမဲ့ဝါဒီတို့ ခွဲထွက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဆိုရှယ်လစ်အဖွဲ့ကို လက်တွေ့တည်ထောင်သူကား **ဖာဒီနန်လက်ဆဲ** (၁၈၂၅–၆၄) ဖြစ်၏။ မတ်ခဇစ်ဝါဒကို လက်ခံ၍ မကြာမီ ဂျာမနီ၌ ထွန်းကားလာလျက် ၁၉၁၄ ခုနှစ်တွင် ဂျာမနီမှ ပါတီ၏ စံနမူနာကိုယူ၍ နိုင်ငံများစွာ၌ ဆိုရှယ်လစ်ပါတီများ တည်ထောင်ကြလေသည်။ နိုင်ငံရေး အယူအဆ၌ **သာသနာရေး အယူသီးသူ**တို့နှင့် ဘုရွာတို့သဘောမတိုက်ဆိုင်ကြသော်လည်း ဆိုရှယ်လစ် အန္တရာယ်ကိုမူ ယင်းတို့နှစ်ဦးပေါင်း၍ အပြင်းအထန် ကြိုးကြိုးစားစား တိုက်ခိုက်ကြပါသည်။ သာသနာရေးအယူသီးသူများက ဝါဒသစ်သည် သာသနာကို ပစ်ပယ်သည်ဟု ကြောက်၏။ ဘုရွာတို့ကလည်း ယင်းတို့ လုယူခဲ့ရသော နိုင်ငံရေးအာဏာ ဆုံးရှုံးမည်ကို အလွန်စိုး၏။ မတ်ခဇစ်ဝါဒီ စစ်စစ်များက နယ်ချဲ့ကို မုန်း၏။ အမျိုးသားရေးကို မထီမဲ့မြင်ပြု၏။ လူတန်းစားစစ်ကို ထိပ်တန်းသို့တင်၏။ အလုပ်သမား အရေးသည်သာ လူတကာ့အရေးဟု အဓိက မျက်မှောက်ပြု၏။ ပေါက်ရာပြရာကို ဟိုတစ်ကွက် သည်တစ်ကွက် ဖာထေး၍ပေးသည့် သဘောမျိုးနှင့်လုပ်သော လူမှုရေး ဥပဒေများကားနောက်ဆုံး မျှော်မှန်းရာစခန်းသို့ ရောက်အောင်ပို့နိုင်ဖို့ဝေးစွ။ နှောင့်နှေးကြန့်ကြာစေသေးသည်ဟု ယူဆ၍ မနှစ်သက်ချေ။ မတ်ခဇစ်ဝါဒီ စစ်စစ်တို့လောက်မပြင်းထန်သော ပြုပြင်ရေးသမား တို့ကမူ အမျိုးသားရေးကို အသင့်အတင့်အားပေး၍ တစ်နိုင်ငံ တစ်မျိုးသားအတွက် လုံလောက်သော စစ်တပ်အကာအကွယ်

ရှိသင့်သည်ဟု ယူဆသည်။ လူတန်းစားစစ်၏ နောက်ဆုံးအုံကြွပေါက်ကွဲမှု မလိုဟု ထင်ကြသည်။ လိုသော စခန်းသို့ ပါလီမန်နည်းဖြင့် ဖြည်းဖြည်းသာသာ သွား၍လည်း ရောက်နိုင်သည်ဟု ယုံကြည်၏။ တောင်သူလယ်သမားတို့ အကူအညီကိုလည်း ရယူရန် ကြိုးစားကြသည်။

## အနာခစ်ဝါဒ

ဆိုရှယ်လစ်ဝါဒကဲ့သို့ပင် **အနာခစ်ဝါဒ** မှာလည်း စက်မှုလက်မှု တော်လှန်ရေးကြောင့် ပေါ်လာရသော ဝါဒဖြစ်ပါသည်။ သို့သော် ဆိုရှယ်လစ်ဝါဒီတို့ကဲ့သို့ ဓနရှင် အစိုးရကိုဖျက်၍ **ပစ္စည်းမဲ့အာဏာရှင်အစိုးရ** ထူထောင်ရန် မလိုလားချေ။ စင်စစ် မည်သည့်အစိုးရကိုမှ မလိုသူများဖြစ်၍ မင်းမဲ့ဝါဒ **အနာခစ်ဇမ်** ကို ကြံဆသူများ ဖြစ်ပါသည်။ **ဝီလီယန်ဂေါဒွင်** (၁၇၅၆–၁၈၃၆) ကား မင်းမဲ့ဝါဒကို စသူဖြစ်၍ **မီယာဂျိုဆက်ပရောက်ဒွန်** (၁၈ဝ၉–၆၅) က လူကြိုက်များလာအောင် ကြိုးစားသူဖြစ်ပါသည်။ အချုပ်အားဖြင့် မင်းမဲ့ဝါဒ၌ **ပုဂ္ဂလိကပစ္စည်း မရှိစေရ။** အလိုရှိရာပစ္စည်းကိုမှ ယူငင်သုံးစွဲခွင့် ရှိရမည်။ အထက်အာဏာအစိုးရ မရှိစေရ။ လူတိုင်း လုံးဝလွတ်လပ်ရမည်။ မင်းမဲ့ဝါဒကို အကြမ်းနည်းဖြင့် တည်ဆောက်ခြင်းမပြုရ။ ပညာပေး၍ တည်ဆောက်ရမည်။ မင်းမဲ့ဝါဒအရ ထူထောင်ထားသော နိုင်ငံအချင်းချင်း အလိုရှိလျှင် စာချုပ်ချုပ်၍ ဆက်ဆံမည်ဟု ဆိုသည်။ လူပုဂ္ဂိုလ်တစ်ဦးစီ တည်ကြည်ဖြောင့်မတ်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ထား၍ ဤဝါဒကို စိတ်ကူးကြခြင်း ဖြစ်ပါသည်။ အကြမ်းမဖက်ဟု မူလက အဆိုရှိသော်လည်း လက်ရှိအယူအဆ အားလုံးကို ကဲ့ရဲ့ဝေဖန်ရင်း မင်းမဲ့ဝါဒီတို့ ကြမ်းတမ်းဆိုးသွမ်းလာကြသည်ကို တွေ့ရပါသည်။ မင်းမဲ့ဝါဒနှင့် အနည်းငယ် ဆင်တူသော **ဆင်ဒီကယ်ဝါဒ** ခေါ် ဆင်တူသော စက်မှုလက်မှု လုပ်ငန်း အလုပ်သမားများ စုပေါင်း၍ ထိုစက်မှုလုပ်ငန်းကြီး တစ်ခုလုံးကို အုပ်ချုပ်ရန် ရည်ရွယ်သည်။ စက်မှုလက်မှုလုပ်ငန်းကို အုပ်စီးမိလျှင် **သပိတ်မှောက်ခြင်း၊ အလုပ်နှေးဖင့်အောင် နှောင့်ယှက်ခြင်း**တို့ဖြင့် အလုပ်ရှင်ကို စိတ်ဆင်းရဲစေလျက် အလုပ်သမားတို့ကို နှိုးဆော်စည်းရုံးရန်ဖြစ်သည်။

* * *



# (ဃ)

## ဗြိတိသျှ နေသဟာယ စတင်ပေါ်ပေါက်လာခြင်း

### ယေဘုယျသဘော

ဗြိတိသျှ အလံတော်ကို နေရောင်မထိုးသောအခါဟူ၍ မရှိဟု ပြောစမှတ်ပြုသည်မှာ စင်စစ်လည်း မှန်ခဲ့သည်။ ထိုမျှကျယ်ပြန့်သော လက်နက်နိုင်ငံကို အုပ်ချုပ်ရာ၌ ဒေသနှင့် ကာလအလိုက် ညီညွတ်အောင် အုပ်ချုပ်ဆက်ဆံရေးဝါဒ အမျိုးမျိုး လိုပေမည်။ နိုင်ငံရေးအရ လက်နက်နိုင်ငံတော်ကို သုံးစု စုနိုင်၏။ (၁) ကိုယ်ပိုင်အုပ်ချုပ်ရေးရှိသော **ဒိုမီနီယန်၊** (၂) အင်္ဂလန်က တိုက်ရိုက်အုပ်ချုပ်သော **ကရောင်းကိုလိုနီ**များနှင့် (၃) **လက်အောက်ခံနိုင်ငံ**များ ဖြစ်ပါသည်။

### ကနေဒါ

ကနေဒါတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ မသင့်မတင့် ရှိကြသဖြင့် **လော့ဒ်ဒါဟန်**ကို လွှတ်၍ စုံစမ်းနိုင်းရာတွင် တင်သွင်းသော (၁၈၃၉ ခုနှစ်) အစီရင်ခံစာကား ထူးခြားသော အစီရင်ခံစာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအစီရင်ခံစာ၌ ကနေဒါကို **ကိုယ်ပိုင်အုပ်ချုပ်ရေး** ပေးရန် ထောက်ခံခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ၁၈၆၇ ခုတွင် **ကနေဒါဒိုမီနီယန်**ဟု ပေါ်လာ၏။

ပြည်နယ်ကိုးခု ပါဝင်သော ပြည်ထောင်စုဖြစ်၍ လွှတ်တော်နှစ်ရပ်၊ ကဲဘိနက်နှင့် **ဘုရင်ခံချုပ်**တို့က အုပ်ချုပ်သည်။ ဘုရင်ခံချုပ်မှာ အင်္ဂလန်အစိုးရ ကိုယ်စားဖြစ်သော်လည်း အာဏာအနည်းငယ်မျှသာ ရှိသူဖြစ်ပါသည်။ ကနေဒါ **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ**တွင် ဟာကွက် သုံးကွက်ရှိ၏။ ပထမအချက်ကား အင်္ဂလန်ပါလီမန်က အုပ်ချုပ်ရေး စည်းမျဉ်းရေးဆွဲပေးသဖြင့် ကနေဒါ ပြည်ထောင်စုသားတို့က ထိုအုပ်ချုပ်ရေး စည်းမျဉ်းတွင် ပြင်ဆင်ချက် လုပ်လိုက လုပ်နိုင်ခြင်းပင်ဖြစ်သည်။ ဒုတိယအချက်ကား အချို့ အမှုအခင်းများအတွက် နောက်ဆုံးအယူခံရုံးမှာ အင်္ဂလန်မှ **ပရီဗီကောင်စီ** ခေါ် ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံ အဖွဲ့ဖြစ်လျက် ရှိနေခြင်းဖြစ်၏။ တတိယအချက်ကား အင်္ဂလန်စစ်ပွဲဝင်လျှင် ကနေဒါပြည်ထောင်စုက ကြားနိုင်ငံအဖြစ်ဖြင့် နေခွင့်ရှိမရှိဟူသော ပြဿနာပင် ဖြစ်ပါသည်။ **အမေရိကန်ပြည်ထောင်စု**နှင့် ဆက်ဆံရေးများစွာ ကောင်းသည်။ အရောင်းအဝယ်စာချုပ်များလုပ်၍ သာသာကြည်ကြည် ဆက်ဆံခဲ့ကြသည်။

## သြစတြေးလျ

တစ်ဆယ့်ရှစ်ရာစု နောက်ပိုင်း၌ အင်္ဂလိပ်သင်္ဘောသားတို့သည် သြစတြေးလျကမ်းခြေကို လှည့်ပတ်စုံစမ်းခဲ့၏။ အမေရိကန် လွတ်လပ်ရေးရပြီးနောက် အင်္ဂလိပ်လူဆိုး အကျဉ်းသားတို့ကို သြစတြေးလျတွင် လာ၍ထား၏။ ၁၈၅၁ ခုတွင် ရွှေတွင်း တွေ့သဖြင့် လာရောက်နေထိုင်သူများလျက် တိုင်းပြည်နိုင်ငံတစ်ခုအဖြစ်သို့ ရောက်အောင် တိုးတက်လာခဲ့သည်။ ခြောက်ပြည်ထောင်ရှိ၍ အားလုံးပင် ၁၈၉၀ ပြည့်နှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရလာကြ၏။ ၁၉၀၁ ခုတွင် အင်္ဂလိပ်ပါလီမန်က ထိုပြည်ထောင်စုကို **သြစတြေးလျ မနေသဟာယ** ဟု အသိအမှတ်ပြုခဲ့သည်။ အုပ်ချုပ်ရေးတွင် **လွှတ်တော်နှစ်ရပ်**နှင့် ကဲဘိနက်ရှိ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အကျုံးမဝင်သော ဥပဒေလုပ်ခဲ့လျှင် ဖျက်ပစ်ရန် **တရားလွှတ်တော်ချုပ်**လည်းရှိသည်။ **လေဘာပါတီ**ခေါ် အလုပ်သမားအဖွဲ့ လွှမ်းမိုးသဖြင့် ဆိုရှယ်လစ် လုပ်ငန်းစဉ်များကို လိုက်နာလာခဲ့ရာမှ ၁၉၄၉ ခုတွင် **ကွန်ဆာဗေးတစ်ပါတီ**ခေါ် ရှေးရိုးပါတီ ရွေးကောက်ပွဲတွင် အနိုင်ရသဖြင့် ဝါဒတစ်မျိုး ပြောင်းလဲခဲ့သည်။





## နယူးဇီလန်

**နယူးဇီလန်**ကို ၁၈၄၀ ပြည့်နှစ်ကစ၍ အင်္ဂလန်က အုပ်ချုပ်ခဲ့သည်။ ၁၈၅၃ ခုနှစ်သို့ရောက်လျှင် ကိုယ်ပိုင်အုပ်ချုပ်ရေး နီးပါးမျှ အခွင့်**အရေး** ရခဲ့၏။ ၁၉၀၇ ခုနှစ်တွင် **ဗြိတိသျှ မနေသဟာယ** အဝင်အပါ **ဒိုမီနီယန်** ဖြစ်၍လာပါသည်။ ဆိုရှယ်လစ်ဝါဒများကို အစပထမ သွင်းလာပြီးမှ ၁၉၄၉ ခုတွင် **ကွန်ဆာဗေးတစ်** ခေါ် ရှေးရိုးပါတီ ရွေးကောက်ပွဲတွင် အနိုင်ရသဖြင့် ဝါဒတစ်မျိုး ပြောင်းလဲခဲ့သည်။

## တောင်အာဖရိက

**ဘိုးဝါးစစ်** ၂ (၁၈၉၉–၁၉၀၂) ပြီးနောက် သိမ်းယူရရှိသော နယ်များကို အင်္ဂလန်က သက်ညှာစွာ အုပ်ချုပ်၏။ ၁၉၁၀ ပြည့်နှစ်တွင် လေးနယ်ပေါင်း၍ **တောင်အာဖရိက ပြည်ထောင်**ကို တည်ခဲ့၏။ အခြား **ဒိုမီနီယန်**တို့နှင့် တန်းတူအခွင့်အရေးရှိ၏။ ၁၉၄၈ ခုတွင် **အမျိုးသားပါတီ** အနိုင်ရသဖြင့် ဗြိတိသျှ **မနေသဟာယ**မှ ထွက်ရန်ပင် နှိုးဆော်၍လာခဲ့သည်။ အစိုးရအနေဖြင့် **နီဂရိုး**တို့ကို သီးသန့်ခွဲထုတ်၍ **မဲပေးခွင့်** မပေးချေ။

## အိုင်ယာလန်

**အိုင်ယာလန်**ကို **ပြည်တွင်းအစိုးရဖွဲ့ခွင့်**ပေးမည်ဟု ပါလီမန်က သဘောတူပြီးမှ ၁၉၁၄ ခုတွင် စစ်ဖြစ်လာသဖြင့် ရပ်ဆိုင်းထားခဲ့၏။ ထို့ကြောင့် မကျေမနပ် ဖြစ်လာလျက် ၁၉၁၆ ခုနှစ်တွင် သူပုန်ထသည်။ **ဆင်ဖိန်းအဖွဲ့**က **အာမွန်ဒေဗလေရ**ကို သမ္မတမြှောက်၍ လွတ်လပ်သော အစိုးရတည်ထောင်ရန် ကြိုးစားသော်လည်း မအောင်မြင်။ သူပုန်ကို နှိမ်နင်းနိုင်သော်လည်း လက်အောက်ခံအဖြစ်ဖြင့် ကြာရှည်ဆက်၍ မထားသင့်ကြောင်း အင်္ဂလန်က သဘောရသဖြင့် ၁၉၂၀ ပြည့်တွင် အိုင်ယာလန်ကို မြောက်ပိုင်း တောင်ပိုင်းခွဲ၍ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသည်ကို မြောက်ပိုင်းကသာ လက်ခံသည်။ ၁၉၂၂ ခုသို့ရောက်လျှင် **အိုင်ယာလန် လွတ်လပ်သောနိုင်ငံ** တည်ထောင်၏။ ၁၉၃၃ ခုသို့ရောက်လျှင် သမ္မတနိုင်ငံ လုပ်လိုသူတို့ အာဏာရလာသဖြင့် အိုင်ယာလန်ကို တစ်ပေါင်းတည်း

ပြန်၍ပေါင်းရန် တောင်းဆိုခဲ့သော် **အိုင်ယာနယ်**က မပါဝင်ခဲ့ချေ။ ၁၉၃၇ ခုတွင် အိုင်ယာ ချန်လှပ်၍ လွတ်လပ်ရေးကြေညာသည်။ ၁၉၄၉ ခု ဧပြီလ၌ **အိုင်ယာလန်သမ္မတနိုင်ငံ**ကို တည်ထောင်၏။

## အိန္ဒိယနှင့် ပါကစ္စတန်

၁၈၅၈ ခု **အိန္ဒိယ ဥပဒေ**အရ အင်္ဂလန်အစိုးရက အိန္ဒိယ အုပ်ချုပ်ရေးကို လုံးဝတာဝန်ယူလိုက်သည်။ တစ်ဆယ့်ကိုးရာစု အကုန်နှင့် နှစ်ဆယ်ရာစုအစတွင် အင်္ဂလန်သည် အိန္ဒိယသို့ ရုရှား ကျူးကျော်လာမည်ကို အလွန်စိုးသဖြင့် ကာကွယ်ရေးများ လုပ်ခဲ့၏။ အင်္ဂလန် လက်အောက်၌ အိန္ဒိယ စည်ပင်သာယာသော်လည်း ပညာရေးနှင့် စီးပွားရေးတွင် အဆင့်အတန်းမြင့်မြင့် မရရှိခဲ့ချေ။ တိုင်းရင်းသား ခေါင်းဆောင်များက ပြည်ပိုင်အုပ်ချုပ်ရေး တောင်းသည်။ ၁၉၂၀ ပြည့်တွင် တစ်ကြိမ်၊ ၁၉၃၅ ခုတွင်တစ်ကြိမ် အင်္ဂလန်က ကိုယ်ပိုင်အုပ်ချုပ်ရေး အသင့်အတင့်ပါသော အုပ်ချုပ်ရေးများကို ပေးအပ်ခဲ့၏။ သို့သော် ဤမျှသာ လိုက်လျောသည်ကို ဂန္ဒီကဲ့သို့သော ခေါင်းဆောင်များက မနှစ်သက်ချေ။ ဒုတိယ ကမ္ဘာစစ်အတွင်းက **အိန္ဒိယအမျိုးသား ကွန်ဂရက်**က အင်္ဂလိပ်ကို မကူညီဟု ဆုံးဖြတ်ခဲ့၏။ ၁၉၄၂ ခုနှစ်၌ မြန်မာနိုင်ငံကို ဂျပန်က သိမ်းမိလျှင် စစ်ကို ကူညီက စစ်ပြီးလျှင် လွတ်လပ်ရေးပေးမည်ဟု အင်္ဂလိပ်က ကတိပြုသည်။ ကုလားခေါင်းဆောင်များက လက်ခံသည်ဟု အကြောင်းမပြန်ချေ။ သို့သော် ၁၉၄၇ ခု ဩဂုတ်လ ၁၅ ရက်နေ့တွင် အင်္ဂလိပ် ထွက်ခွာ၍ အိန္ဒိယ လွတ်လပ်ရေးရ၏။ သို့သော် အိန္ဒိယကို နှစ်ပိုင်းပိုင်းခဲ့၏။ ဟိန္ဒူတစ်ပိုင်း၊ မူဆလင်တစ်ပိုင်း ပိုင်းရာ မူလဆင်ပိုင်းကို **ပါကစ္စတန်**ဟု ခေါ်ပါသည်။ အိန္ဒိယရော၊ ပါကစ္စတန်ပါ ဒိုမီနီယန် အဆင့်အတန်း အပြည့်အစုံရ၍ **ဓနသဟာယ နိုင်ငံများ**မှ အချိန်မရွေး ထွက်သွားခွင့် ရှိပါသည်။

## အီဂျစ်

**ဒစ်စရေလီ**ကြောင့် ၁၈၇၅ ခုတွင် **စူအက်**တူးမြောင်းကို အင်္ဂလိပ်အုပ်စိုးခွင့်ရပြီးနောက် အီဂျစ်ပြည်တွင်းရေး၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ဝင်ရောက်စွက်ဖက်လာကြသည်။ နောင်အခါ ပြင်သစ်မပါဘဲ အင်္ဂလိပ်တစ်ဦးတည်းသာ





ဆက်လက်စွက်ဖက်ပါသည်။ **ဆူဒန်**ကိုလည်း သိမ်းယူခဲ့သည်။ **လော့ဒ်ကရိုမာ**ကို အီဂျစ်တွင် **ဘုရင်ခံချုပ်** ခန့်ထားရာ ၎င်း၏လက်ထက်၌ တိုင်းရင်းသားတို့ အခြေအနေ ကောင်းမွန်အောင် များစွာဆောင်ရွက်ပေး၏။ သို့သော် အီဂျစ်အမျိုးသား လှုပ်ရှားမှုများ ပေါ်လာ၍ **ကရိုမာ**ကို မလိုမုန်းထားကြသောကြောင့် ၁၉၀၇ ခုတွင် ပြန်၍ခေါ်ရသည်။ ကမ္ဘာစစ်ကြီး ၁ အတွင်းက အီဂျစ်ကို အင်္ဂလိပ် **အစောင့်ရှောက်ခံနိုင်ငံ**အဖြစ် သွတ်သွင်းထားခဲ့၏။ ထိုအခါကျမှပင် အီဂျစ်သည် အမည်အားဖြင့် **တူရကီ**၏ လက်အောက်ခံဘဝမှ ရပ်စဲသွားတော့သည်။ စစ်ပြီးလျှင် လွတ်လပ်ရေး တောင်းကြ၏။ ခြွင်းချက်များစွာထား၍ ၁၉၂၂ ခုတွင် လွတ်လပ်ရေးပေးသည်။ ခြွင်းချက်များကား အီဂျစ်တွင် အင်္ဂလိပ်တို့ လွတ်လပ်စွာ ကူးလူးဆက်ဆံခွင့် ရှိရမည်။ အီဂျစ်အစိုးရကို အခြားနိုင်ငံတစ်ခုခုက သြဇာပေးနေခြင်းမှ ကင်းလွတ်ရမည်။ နိုင်ငံခြားသားတို့၏ အကျိုးနှင့် လူနည်းစုအကျိုးကို အင်္ဂလိပ်က ထိန်းသိမ်းခွင့်ရှိရမည်။ ဆူဒန်ကို အင်္ဂလိပ်ဆက်၍ အုပ်ချုပ်ခွင့်ပေးရမည်။ ဤအချက်များကို စောင့်ရှောက်ရန် အင်္ဂလိပ် စစ်တပ်ထားမည်ဟူသော ခြွင်းချက်များ ဖြစ်ပါသည်။ ဤအချက်တို့ကြောင့် အီဂျစ်၌ ဆူပူမှုများ ဆက်လက်ရှိနေသေး၍ ၁၉၃၆ ခုတွင် အင်္ဂလိပ်၊ အီဂျစ်စာချုပ် ချုပ်ကြရာ အီဂျစ်ကို အင်္ဂလိပ်က လုံးဝလွတ်လပ်သော နိုင်ငံအဖြစ်ဖြင့် အသိအမှတ်ပြုပါမည်။ အီဂျစ်က စူအက်တွင်ရှိသော အင်္ဂလိပ် အကျိုးစီးပွားများကို စောင့်ရှောက် အသိအမှတ်ပြုပါမည်ဟု အပြန်အလှန် ကတိပြုကြ၏။ ၁၉၃၆ ခုနှစ်က နန်းတက်သော **ဖရောခ် ၁** သည် ၁၉၅၂ ခု ဇူလိုင် ၂၆ ရက်နေ့တွင် နန်းကျ၍ စတင်သူပုန်ထသော ဇူလိုင် ၂၃ ရက်ကား အီဂျစ်နိုင်ငံသားတို့အတွက် အရေးပါသောရက် ဖြစ်ပါသည်။ အီဂျစ်ကို သမ္မတနိုင်ငံဟူ၍ ၁၉၅၃ ခု ဇွန်လ ၁၈ ရက်နေ့က ကြေညာ၏။ **နဂွတ်**မှာ သမ္မတ ဖြစ်ပါသည်။ ၁၉၅၄ ခု ဧပြီလ ၁၈ ရက်တွင် **ဂမဲအက်ဗဒဲနက်ဆာ**က ဝန်ကြီးချုပ် ဖြစ်လာ၏။ ၁၉၅၄ ခုနိုဝင်ဘာလ ၁၄ ရက်တွင် **နဂွတ်**ကို လုံးဝဖယ်ထုတ်၍ နက်ဆာတစ်ဦးတည်း ခေါင်းဆောင်ဖြစ်လာ၍ ၁၉၅၆ ခု ဇွန်လ ၂၃ ရက်တွင် **နက်ဆာ**သမ္မတဖြစ်လာ၍ **အာရပ်**အမျိုးသားများ စည်းရုံးရေးကို **ဆီးရီးယား**နှင့် ပူးပေါင်းအားထုတ်ကာ **အာရပ်သမ္မတနိုင်ငံပေါင်း**ကို ၁၉၅၈ ခု ဖေဖော်ဝါရီလ၌ ကြေညာ၍ နက်ဆာပင် သမ္မတ ဖြစ်လာသည်။

## အခြားအင်္ဂလိပ်ပိုင်နက်များ

ဥရောပ၌ အင်္ဂလိပ်ပိုင်နက်များကား **မြေထဲပင်လယ်** အဝမှ **ဂျီဘရော်တာ** နှင့် **မော်လတာ** ကျွန်းတို့ပင်ဖြစ်ရာ ဂျီဘရော်တာမှာ **ကိုလိုနီ**ဖြစ်၍ မော်လတာမှာ ၁၉၄၇ ခုမှစ၍ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တစ်စတစ်စ တိုးတက်ရရှိလျက်ရှိသည်။ အာဖရိကတွင် အင်္ဂလိပ်ပိုင်နက် များစွာရှိ၏။ ယင်းတို့မှာ လွတ်လပ်ရေးရပြီး ရဆဲများဖြစ်၍ ဓနသဟာယတွင် ဆက်လက်ပါဝင်နေကြပါသေးသည်။ ယင်းတို့ အနက် ထင်ရှားသည်မှာ **ဂါနာသမ္မတနိုင်ငံ** ခေါ် ၁၉၅၇ ခု မတ်လ ၆ ရက်နေ့က လွတ်လပ်ရေးရသော နိုင်ငံနှင့် **နိုင်ဂျီးရီးယား** ခေါ် ၁၉၆၀ ပြည့် အောက်တိုဘာ ၁ ရက်နေ့က လွတ်လပ်ရေးရသောနိုင်ငံတို့ ဖြစ်ပါသည်။ အာရှတိုက်တွင် **စင်္ကာပူ**မှာ ဓနသဟာယ အတွင်းမှာပင် ၁၉၅၉ ခု မေလမှစ၍ လွတ်လပ်သောနိုင်ငံ ဖြစ်လာပါသည်။ **မလေးဖက်ဒရေး ရှင်း**ကား ၁၉၅၇ ခု ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ လွတ်လပ်ရေးရလျက် ဓနသဟာယဝင် နိုင်ငံတစ်ဦး ဖြစ်လာပါသည်။ **သီဟိုဠ်ကျွန်း**မှာလည်း ၁၉၄၈ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ လွတ်လပ်ရေးရကာ ဓနသဟာယအတွင်းမှာပင် နေပါသည်။ **ဘော်နီယို၊ ဆရဝက်**နှင့် **ဟောင်ကောင်**တို့မှာ ယခုတိုင် ကိုလိုနီအဆင့်မှာပင် ရှိကြပါသေးသည်။ **ဆိုက်ပရပ်**ကျွန်းမှာလည်း အင်္ဂလိပ်ပိုင်ပင် ဖြစ်ခဲ့၍ ၁၉၆၀ ပြည့် ဩဂုတ်လ ၁၆ ရက်နေ့ကစ၍ သမ္မတနိုင်ငံ ဖြစ်သွားပါသည်။ အရှေ့၊ တောင်၊ အနောက် အာဖရိကနှင့် အနီးအပါးကျွန်းများတွင် လည်းကောင်း ပစိဖိတ်သမုဒ္ဒရာမှ ကျွန်းများတွင်လည်းကောင်း ဗြိတိသျှ **ဂီနီယာ**နှင့် **ဟော့ကလန်** ကျွန်းများတွင်လည်း ကောင်း၊ အနောက်အိန္ဒိယကျွန်းများတွင်လည်း အင်္ဂလိပ်ပိုင်နက်များ ရှိပါသေးသည်။

* * *



# (င)

## ကမ္ဘာ့တန်ခိုးကြီး နိုင်ငံတစ်ခုအဖြစ်ဖြင့် အမေရိကန်ပြည်ထောင်စု ထွန်းကားလာခြင်း

### အားသစ်နှင့် ရည်မှန်းချက်များ

အမေရိကန် ပြည်တွင်းစစ် ပြီးဆုံးသည့် ၁၈၆၅ ခု နောက်ပိုင်း၌ ပြန်လည်တည်ဆောက်ရေးနှင့် တိုးတက်ရေးကို ဆက်လက်တွေ့ရှိကြရပါသည်။ နိုင်ငံရေး အရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း အားရစရာ တိုးတက်ပါသည်။ သို့သော် နိုင်ငံခြားဆက်ဆံရေးတွင်ကား ပြောပလောက်အောင် ထင်ရှားသည့် အချက် မရှိပါ။ ပြည်တွင်းတိုးတက်ရေးတွင် အလုပ်များနေကြသဖြင့် ပြည်ပကိစ္စကို သာမန်မျှသာ သတိရနိုင်သည်။ ဤသို့ဆိုရသော်လည်း တစ်ဖက်မှ ကြည့်လျှင် ဤကာလအတွင်းမှာပင် အမေရိကန်သည် **ကမ္ဘာ့တန်ခိုးကြီးနိုင်ငံ**တစ်ခု ဖြစ်ခဲ့ရပါသည်။ အင်္ဂလိပ်နှင့် တွဲဖက်၍ ဆောင်ရွက်သည်။ ၁၈၃၂ တွင် **မန်ရိုးသဘောထားကြေညာချက်**ကိုလည်းကောင်း၊ အရောင်းအဝယ် နယ်ချဲ့ခြင်းနှင့် ၁၈၉၉ ခုမှစ၍ အရှေ့တိုင်း တံခါးဖွင့်ပွဲများကိုလည်းကောင်း အင်္ဂလိပ်နှင့် တွဲဖက်ဆောင်ရွက်ရ၏။ **လက်တင်အမေရိကန်**ခေါ် တောင်အမေရိကန်နှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ပေးရမည့် သဘောရှိ၏။ စက်မှုလက်မှု တိုးတက်လာသဖြင့် **ကုန်ရိုင်း** ရရှိရေးနှင့် **စက်ထွက်ပစ္စည်း**များရောင်းရန် **ပင်လယ်ရပ်ခြားဒေသ**

များစွာ၌ ရောင်းဝယ်ရေးစခန်းဖွင့်ရန် လို၏။ ရေတပ်ကောင်း ရှိရန် လိုသည်ဖြစ်၍ **သမ္မတအာသာနှင့် ကလိဗလန်**တို့ လက်ထက်များ၌ ခေတ်ဆန်သော ရေတပ်ကောင်းကို တည်ဆောက်ခဲ့ကြ၏။ ၁၈၈၀ ပြည့်က ထွက်ကုန်တန်ဖိုး ဒေါ်လာသိန်း ၈,၃၅၀ မှ နောက်အနှစ်နှစ်ဆယ်တွင် ဒေါ်လာသိန်း ၁၄,၀၀၀ ရှိလာသည်။ ထို ၁၉၀၀ အစိတ်အပိုင်းသို့ရောက်လျှင် နိုင်ငံခြား ဆက်ဆံရေး၌ ရှေးကထက် များစွာ ပို၍စိတ်ဝင်စားလာကြသည်။ ၁၈၆၇ ခုနှစ်က **အလက်စကာ**ကို ဝယ်ပြီးနောက် မိမိတို့ပိုင်နက် ကျယ်လွန်းမည်ကို စိုးရိမ်သူများပင် နယ်ချဲ့လိုစိတ် ပေါ်လာကြပြန်သည်။ **ဆမိုဝါ** ကျွန်းများကို **ပဂိုးပဂိုး** ဆိပ်ကမ်းနှင့်တကွ ယူထားခဲ့၏။ **ဟဝိုင်**တွင် **ကြံစိုက်ပျိုးရေး**ကို အုပ်စီးလျက် ၁၈၈၇ ခုမှစ၍ **ပါလ်ဟာဘာ**ကို တစ်ဦးတည်း သုံးပိုင်ခွင့်ရခဲ့သည်။ ၁၈၉၃ ခုနှစ်တွင် ဟဝိုင်အီကျွန်းများကို သိမ်းဖြစ်တော့မည်ကဲ့သို့ အခြေအနေ ပေါ်လာပြီးမှ သမ္မတ ကလိဗလန်က လုပ်ပုံနည်းမမှန်ဟု ဟန့်တားထားခဲ့ပြီးနောက် ၁၈၉၈ ခု ရောက်သောအခါမှ သိမ်းယူဖြစ်သည်။ ဤအတောအတွင်း၌ ၁၈၈၉ ခုနှစ်က တောင်ပိုင်း သမ္မတနိုင်ငံ နှစ်ဆယ်ကျော်မှ ကိုယ်စားလှယ်များ လာ၍ ပထမ **အမေရိကန်အားလုံးကွန်ဖရင့်**ကို **ဝါရှင်တန်**၌ ကျင်းပခဲ့သည်။ အမေရိကန် ဩဇာပျံ့နှံ့လျက် ရှိချေပြီ။ ပြည်တွင်းစစ် ပြီးသည့်နောက် အနှစ်သုံးဆယ် အတွင်း၌ နိုင်ငံတကာ အရေးရှိလျှင် အင်္ဂလိပ်နှင့်သာ ပြိုင်ရသည်ကို တွေ့ရ၏။ သို့သော် အမြဲပင် စေ့စပ်ဖျန်ဖြေ၍ အေးအေးဆေးဆေး ဖြေရှင်းရခဲ့သည်။

## စပိန် – အမေရိကန်စစ်

တစ်ဆယ့်ကိုးရာစု၏ နောက်ဆုံးဆယ်နှစ်တွင် နိုင်ငံကြီးတိုင်းမှာပင် နယ်ချဲ့ရောဂါ ပြင်းထန်လျက်ရှိကြောင်း တွေ့ရ၏။ ခရစ်ယာန် သာသနာပြု ဆရာတို့ကလည်း အောက်ကျနောက်ကျ ဖြစ်သော လူမျိုးတို့ကို မြှင့်တင်ရန် တာဝန်ရှိသည်ဟု ယူဆကြ၏။ နယ်ချဲ့ဆန့်ကျင်ရေး သမ္မတ ကလိဗလန်ကြောင့်သာ အမေရိကန်၌ ထိန်းသိမ်း၍ရခဲ့၏။ ၁၈၉၇ ခု၌ **ကလိဗလန်** ဩဇာကျဆင်းလျှင် နယ်ချဲ့စိတ်ဓာတ် ပြင်းထန်လာကြပြန်သည်။ **ကျူးဗား**အရေးပေါ်လာသော အခါတွင် နယ်ချဲ့စိတ် အပြင်းထန်ဆုံး ဖြစ်လာပါတော့သည်။ ကျူးဗားတွင် စပိန်အစိုးရသည် ရက်စက်၏။ တိုင်းရင်းသားတို့ ဆင်းရဲလာသည်။ မျိုးချစ်





**ဂျိုဆေမာတီ** ခေါင်းဆောင်၍ ၁၈၉၅ ခုတွင် သူပုန်ထကြသည်။ ပထမတွင် အမေရိကန်က ကြားနေရန် ကြိုးစားခဲ့၏။ သို့သော် ကျူးဗားတွင် အမေရိကန်က ငွေရင်း ဒေါ်လာ သိန်း ၅၀၀ မြှုပ်ထားပြီးဖြစ်၍ နှစ်စဉ် ဒေါ်လာ သိန်း၁,၀၀၀ ဖိုးရှိ၏။ ထို့ကြောင့် ဝင်ရောက်မစွက်ဖက်ဘဲလည်း မနေနိုင်ချေ။ ဤအခါမျိုး၌ ၁၈၉၈ ခု နှစ်ဦးတွင် **ဟာဗားနား**၌ အမေရိကန်သင်္ဘော **မိန်း**ကို စပိန်က ဖောက်ခွဲ နှစ်မြှုပ်ပစ်၍ လူ ၂၆၀ သေ၏။ စစ်မကြေညာ၍ မဖြစ်သောအခြေသို့ ရောက်ခဲ့သည်။ ၁၈၉၈ ခုမေလ ၁ ရက်နေ့၌ စစ်စ၍တိုက်သည်။ ဆယ်သီတင်းအတွင်း စစ်ပြီး၏။ အမေရိကန်စစ်တပ်များ တော်လွန်း၍ ဤမျှလွယ်လွယ်နှင့် နိုင်သည် မဟုတ်။ စပိန်ညံ့လွန်း၍သာ နိုင်သည်။ ထို့ကြောင့် ရေတပ်၊ **ကြည်းတပ်**တို့၌ ပြုပြင်ရေးများ လုပ်ကြရ၏။ စစ်ပြေငြိမ်းစာချုပ်ကို ပါရီမြို့တော်၌ ချုပ်ကြရာ ကျူးဗားလွတ်လပ်ရေးရ၍ အမေရိကန်က ဖိလစ်ပိုင်ကျွန်းများနှင့်တကွ **ပါတောရီ**ကိုပါ ရသည်။ နယ်ချဲ့သည်ကို ကန့်ကွက်သူရှိသော်လည်း စစ်တိုက်သော သမ္မတ **မက်ကင်လေ**ကိုပင် ၁၉၀၀ ပြည့်တွင် ပြန်၍ သမ္မတ ရွေးပြန်ခြင်းဖြင့် ပြည်ထောင်စုတစ်ခုလုံးက နယ်ချဲ့သည်ကို နှစ်သက်ကြောင်း တွေ့ရ၏။

## တံခါးဖွင့်ဝါဒ

စစ်ပြီးလျှင် **တံခါးဖွင့်ဝါဒ** ကို အမေရိကန်က တောင်းလာသည်။ တရုတ်နိုင်ငံတွင် ဥရောပနိုင်ငံများစွာက စီးပွားရေးနယ်များ သတ်မှတ်၍ မိမိနယ်တွင်းသို့ တခြားဥရောပနိုင်ငံသား လာ၍စီးပွားရှာသည်ကို မကြိုက်ချေ။ ထိုသဘောထားမျိုးကို အင်္ဂလိပ်၊ အမေရိကန်ပေါင်း၍ ကန့်ကွက်ရန် ကြိုးစားကြသေးသော်လည်း အမေရိကန်က ရက်ရက်ရောရော မရှိသဖြင့် မလုပ်ဖြစ်ခဲ့သော်လည်း ၁၈၉၉ ခုသို့ရောက်သောအခါ အမေရိကန်က သဘောထားပြောင်းလာ၏။ **ပြည်ထဲရေးအတွင်းဝန် ဂျွန်ဟေး**က တရုတ်နိုင်ငံ၌ **သီးသန့်စီးပွားရှာခွင့်နယ်** ယူထားသူများကို ထိုနယ်များသို့လာလျှင် အထူးအခွန်အကောက်အခ ယူအံ့လောဟု မေးလိုက်ရာ ကန့်သတ်ချက် အချို့ဖြင့် ဖြေသော်လည်း ၁၉၀၀ ပြည့်နှစ်ဦးတွင် ဟေးက အထူးကောက်ခံခြင်း မပြုနိုင်ဟု နိုင်ငံတိုင်းက ပြန်ကြားကြောင်း ကြေညာသည်။ အချုပ်အားဖြင့် ပြောရလျှင် တရုတ်နိုင်ငံကို စိတ်ပိုင်း၍ စီးပွားရေးနယ် ခွဲဝေယူကြစဉ်က အမေရိကန် မပါလိုက်ရသဖြင့် နောက်မှ လိုက်လာကာ ပိတ်

ထားသော တံခါးကိုခေါက်၍ ဝင်ခွင့်ပေးပါ တောင်းရခြင်းပင် ဖြစ်ပါသည်။ ၁၉၀၀ ကျော်ခဲ့လျှင် စီးပွားရေးလောက၌ ဂျာမနီ၏ရန် ကြီးမားလာသဖြင့် အင်္ဂလိပ်၊ အမေရိကန် တို့၍ ပူးပေါင်းလာကြ၏။ **ပနားမ** တူးမြောင်းကို ၁၉၀၇–၁၄ ခုနှစ်များအတွင်းက တူးဖော်ခဲ့ခြင်းမှာလည်း အမေရိကန်၏ နယ်ချဲ့ ခန်းတွင် အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

* * *



# အပိုင်း (၃)

## နှစ်ဆယ်ရာစု

# (က)

## ဒီမိုကရေစီသဘောနှင့် ကျင့်ထုံး အနောက်နိုင်ငံများ၌ အလျင်အမြန် တိုးတက်အောင်မြင်လာ၍ လက်အောက်ခံနိုင်ငံများ၌ ဂယက်ရိုက်ပုံ

### အင်္ဂလန်တွင် ဒီမိုကရေစီ အောင်မြင်လာပုံ

၁၈၃၀ နှင့် ၁၈၄၀ ကျော် နှစ်များက **အရှယ်ရောက်ပြီး ယောကျ်ားတိုင်း မဲပေးခွင့်**ကို တောင်းခဲ့စဉ်က အလွန်တိုးတက် တော်လှန်ပုန်ကန်သော တောင်းဆိုချက်ဟု မြင်ခဲ့ကြသည်။သို့သော် ၁၈၆၇ ခုနှင့် ၁၈၈၄ ခု ပြုပြင်ရေးဥပဒေများ၌ ထိုတောင်းဆိုချက်ကို ခွင့်ပြုခဲ့၏။ ၁၈၃၂ ခု ပြုပြင်ရေးခေတ်က အာဏာရခဲ့သော ဘူဇွာတို့သည် အနှစ်ငါးဆယ်အတွင်း၌ အလုပ်သမား လူတန်းစားကိုလည်း နိုင်ငံရေးအာဏာ ဝေ၍ပေးသင့်ကြောင်း နားလည်၍ လာကြ၏။ သို့သော် ရာဇဝင်တစ်လျှောက်လုံး၌ အင်္ဂလိပ်လူမျိုးသည် မိရိုးဖလာ ထုံးစံများကို အသည်းစွဲ နှစ်သက်ပုံကို တွေ့ရ၍ တော်လှန်ပြောင်းလဲရေးကို ပြုရန် အလွန်ဝန်လေး၏။ လူထုက အုပ်ချုပ်သူတို့အပေါ်၌ သစ္စာရှိ၍ အုပ်ချုပ်သူတို့က လူထုကောင်းစားရေးကိုလည်း မမေ့ချေ။ ထို့ကြောင့် အကြီးအကျယ် တော်လှန်၍ အင်္ဂလန်သည် သမ္မတနိုင်ငံ မဖြစ်ခဲ့သော်လည်း ပြောင်းသင့်သလောက် ပြောင်းလဲလာခဲ့၍ ကာလရှည်သော် ပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံရေးပုံသစ်ဖြစ်ကာ လာပါ

သည်။ ၁၈၆၇ ခုနှစ် **ပါလီမန်ပြုပြင်ရေး ဥပဒေ**တွင် အရွယ်ရောက်သော ယောကျ်ားတိုင်း မဲပေးခွင့်ရ၏။ ၁၈၇၂ ခု၌ **လျှို့ဝှက်စွာ မဲပေးခြင်းဥပဒေ**ပြုခဲ့၏။ ၁၉၁၁ ခု **ပါလီမန်ဥပဒေ**အရ (၁) **ဘဏ္ဍာရေး ဥပဒေကြမ်း**များကို **အောက်လွှတ်တော်**က အတည်ပြုပြီးနောက် **အထက်လွှတ်တော်**သို့ တင်သွင်း၍ တစ်လကြာလျှင် ဥပဒေဖြစ်၏။ (၂) အခြား **ပြည်သူ့ဥပဒေကြမ်း**များမှာလည်း အထက်လွှတ်တော်က ကန့်ကွက်သော်လည်း နှစ်နှစ်အတွင်း လွှတ်တော်အစည်းအဝေးကာလ သုံးခါလွန်ပြီးလျှင် ဥပဒေဖြစ်၏။ (၃) ပါလီမန်သက်တမ်းမှာ အများဆုံး ငါးနှစ်သာရရှိ၏။ ဤသို့လျှင် ၁၉၁၁ ခု ပါလီမန်ဥပဒေကား အောက်လွှတ်တော်တော်သာလျှင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတွင် အချုပ်အခြာအာဏာ အပိုင်ဆုံး ဖြစ်လာရန် ယခင် အနှစ် ၆၀၀မှ စခဲ့သော စစ်၏ အောင်ပွဲပင်ဖြစ်ပါသည်။

## အင်္ဂလိပ်အစိုးရ ဖွဲ့စည်းပုံ

**မက်ဂနာကာတာ၊ အခွင့်အရေး အသနားခံလွှာ၊** ပြုပြင်ရေးဥပဒေများသည်လည်းကောင်း၊ **ပြန်တမ်းများ၊ ဖြတ်ထုံးမှဖြစ်လာသော ဥပဒေများနှင့် မိရိုးဖလာ လုပ်ထုံးများ**သည်လည်းကောင်း၊ **စာချုပ်များ**သည်လည်းကောင်း အားလုံးစု၍ အင်္ဂလိပ် **ဖွဲ့စည်းအုပ်ချုပ်ပုံ**တွင် ပါဝင်ကြလေသည်။ ထို့ကြောင့် အကြောင်းအားလျော်စွာ အုပ်ချုပ်ပုံကို ပြုပြင်တိုးချဲ့၍ ရနိုင်ပါသည်။ အပေါ်ယံ သဘောအယူအဆအားဖြင့် ဘုရင်မင်းမြတ်သည် ဘုရားပေးသော အခွင့်အရေးရမင်းဖြစ်သော်လည်း လက်တွေ့တွင် အမည်ခံခေါင်းဆောင်မျှသာ ဖြစ်ပါသည်။ အထက်လွှတ်တော်ကို ဆက်လက်ထားရှိသော်လည်း ဂုဏ်ထူးဆောင်အဖွဲ့မျှသာ ဖြစ်ပါတော့သည်။ တိုင်းကျိုးပြည်ကျိုးကို အထူးဆောင်ရွက်ဖူးသူများကို အထက်လွှတ်တော်၌ ခန့်ထားပေးလေ့ရှိပါသည်။ အထက်လွှတ်တော်သည် အလျင်စလိုဥပဒေပြုခြင်း၊ ခေတ်ဆန်လွန်းသော အယူအဆနှင့် ဥပဒေပြုခြင်းတို့ကို ဆိုင်းငံ့ထိန်းသိမ်းနိုင်ပါသေးသည်။ သို့သော် အထက်က ဖော်ပြခဲ့သည့်အတိုင်း အောက်လွှတ်တော်ကသာ တကယ်ဖြစ်စေလိုသော ဥပဒေဖြစ်လျှင် ယင်းက စင်စစ်တားဆီးနိုင်သည် မဟုတ်ချေ။ အစိုးရ၏ ဗဟိုအချုပ်အခြာကား အောက်လွှတ်တော်ပင်ဖြစ်ရာ အောက်လွှတ်တော် အမတ်များကို ၁၉၂၈ ခုမှစ၍ အရွယ်ရောက်သူတိုင်း မဲပေးခွင့်ဖြင့် ငါးနှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်ခဲ့ပါသည်။





၁၉၅၅ ခုမှစ၍ အမတ် ၆၃၀ ရှိ၏။ တစ်နှစ်လျှင်ပေါင် ၄၀၀ စီရကြ၏။ အစိုးရဌာန အကြီးအမှူးများပါသော အဖွဲ့ကို ကဲ့ဘိနက်ဟုခေါ်သည်။ ထိုအဖွဲ့သည် အောက်လွှတ်တော်၏ အမတ်အများဆုံးက ထောက်ခံရန်လိုသည်။ **ဝန်ကြီးချုပ်**၏ ထိန်းသိမ်းညွှန်ကြားချက်ဖြင့် ကဲ့ဘိနက်က ဥပဒေလည်းပြု၏။ ဥပဒေအရလည်း အုပ်ချုပ်၏။ အောက်လွှတ်တော်မှ အမတ်အများစု၏ ထောက်ခံမှုမရလျှင် ဝန်ကြီးချုပ်နှင့် ကဲ့ဘိနက်သည် ရာထူးမှ အစုလိုက် နုတ်ထွက်၍ ဘုရင်မင်းမြတ်အား ဝန်ကြီးချုပ်အသစ် ခန့်ခွင့်ပေးရမည်။ သို့မဟုတ် ပါလီမန်ကို **ဖျက်သိမ်း**၍ ရွေးကောက်ပွဲအသစ် ပြုလုပ်စေရမည်။ ကဲ့ဘိနက်သည် တာဝန်ရှိသေး၍ ထက်မြက်အောင်မြင်ခြင်းကား အမတ်ကို မိမိမဲဆန္ဒနယ်နှင့် အဆက်မပြတ်စေခြင်းနှင့် အာဏာကို ဗဟို၌ စု၍ပေးထားခြင်းတို့ကြောင့် ဖြစ်ပါသည်။ **ဥပဒေကြမ်း**တစ်ခုကို သုံးကြိမ်တင်သွင်းစေရာ ပထမအကြိမ်မှာ အစပျိုးခြင်းဖြစ်၍ ဒုတိယအကြိမ်၌ အချေအတင်ပြော၍ ပြန်လည်စဉ်းစားရန် ကော်မတီသို့ လွှဲပေးသည်။ တတိယအကြိမ် လက်ခံရန်၊ သို့မဟုတ် ပယ်ရန် မဲနှင့် ဆုံးဖြတ်သည်။ အောက်လွှတ်တော်က ကြိုက်လျှင် အထက်လွှတ်တော်သို့ပို့၍ ထိုကမှတစ်ဖန် လက်မှတ်ရေးထိုးရန် ဘုရင်မင်းမြတ်ထံသို့ ပို့ရသည်။ **ဒေသဆိုင်ရာ အုပ်ချုပ်ရေးကို (၁) ပြည်ထဲရေးရုံး၊ (၂) ကုန်သွယ်ရေးဘုတ်၊ (၃) ဒေသဆိုင်ရာ အုပ်ချုပ်ရေးဘုတ်၊ (၄) ပညာရေးဘုတ်** နှင့် **(၅) စိုက်ပျိုးရေးဘုတ်**တို့က စီမံပါသည်။

## အင်္ဂလိပ် နိုင်ငံရေးပါတီများ

၁၈၃၂ ပြုပြင်ရေး တောင်းဆိုကြစဉ်က အာဏာလက်ကိုင်ရထားသူ **တိုရီ**များက ရှေးရိုးဆန်၍ ဘူဇွာတို့ တောင်းသမျှကို မသိသကဲ့သို့ နေခဲ့၏။ **ဝှစ်ခ်**တို့ကမူ ပြုပြင်ရေးကို အားပေးသဖြင့် လူလတ်တန်းများပင် ယင်းပါတီဝင်ဖြစ်လာကြပါသည်။ ဝှစ်ခ်များသည် **ဂလက်စတုံ**ကို ခေါင်းဆောင်တင်၍ လစ်ဘရယ်ခေါ် လိုက်လျောညီညွတ်ရေးပါတီ ဖြစ်လာ၏။ တိုရီတို့က **ဒစ်စရေလီ**ကို ခေါင်းဆောင်ပြု၍ ကွန်ဆာဗေးတစ်ခေါ် ရှေးရိုးဆန်သော ပါတီဖြစ်၍ လာပါသည်။ လစ်ဘရယ်တို့က လျှို့ဝှက်မဲပေးခြင်း၊ မဲပေးခွင့်ကို ကျယ်ပြန့်စေခြင်းနှင့် ပညာရေးကို အားပေးခြင်းတို့ကို ပြုလုပ်ခဲ့၏။ ကွန်ဆာဗေးတစ်ပါတီက **သွက်လက်တင်းမာသော နိုင်ငံခြားရေးဝါဒ** ထားခဲ့၏။ လစ်ဘရယ်ပါတီသည် **လူမှုပြုပြင်ရေး**များတွင် ယခုထက်ပို၍ နီးနီးကြားကြား ဆောင်ရွက်သင့်သည်ဟု ထင်သောသူ

များက ၁၈၉၅ ခုတွင် **ယူနီယန်နစ်** ပါတီ တည်ထောင်ခဲ့သည်။ ခေါင်းဆောင်မှာ **ဂျိုးဇက်ချိမ်ဘာလိမ်** ဖြစ်၏။ အဓိကလုပ်ငန်းစဉ်မှာ **(၁) အချင်းချင်း အခွင့်အရေးသာလွန် ပေးအပ်ခြင်းဖြင့်** လက်နက်နိုင်ငံတော်ကို ပို၍စည်းလုံးစေရန်၊ (၂) အင်္ဂလိပ် စက်မှုလုပ်ငန်းကို အထူးအင်အားပေးရန်နှင့် (၃) ရေတပ်ကြီးကြီးဆောက်ရန် အခွန်တိုးရန်တို့ ဖြစ်ပါသည်။ အလုပ်သမားများ မဲပေးခွင့်ရပြီးသည့်နောက် အလုပ်သမားမဲမှာ ပို၍ပို၍ အရေးကြီးလာပါသည်။ ရွေးကောက်ပွဲဝင်ရန် ၁၈၉၉ လောက်ကစ၍ လေဘာပါတီ စတင်စည်းရုံးပါသည်။ ၁၉၀၆ ခု ရွေးကောက်ပွဲ၌ လေဘာပါတီဝင် ၄၄ ယောက် ပါ၍လာသည်။ ၁၉၂၄ ခုတွင် ဝန်ကြီးချုပ် **ရမ်ဆေမက်ဒေါ်နယ်** ခေါင်းဆောင်၍ ပထမဆုံး **လေဘာအစိုးရ** ပေါ်လာပါသည်။ ၁၉၄၆ ခုကျော်လျှင် လစ်ဗရယ်တို့သည် **အပြုလမ်းစဉ်ဖြင့်** အခွန်ကို ချမ်းသာသူက အများဆုံးပေးစေဟူသော မူအရ အလုပ်ကောင်းများစွာ လုပ်၍ ၁၉၁၁ ပါလီမန် ဥပဒေကို ဖြစ်မြောက်အောင် ဆောင်ရွက်၏။ ၁၉၁၄ ခုနှစ်၌ အိုင်ယာလန်ကို လွတ်လပ်ရေးပေးရန် သဘောတူခဲ့ပါသည်။ လစ်ဘရယ်အစိုးရအဖွဲ့ (၁၉၀၆–၁၄) အုပ်စိုးစဉ်က အလုပ်သမားများ အရေးကိုလည်း ရှေ့တန်းသို့ တင်ခဲ့၏။ အထက်က လုပ်ဖူးသမျှ စက်ရုံဥပဒေ အနည်းငယ်ကို ၁၈၇၈ ခုနှစ်၌ **ဥပဒေပေါင်းတစ်ခု** လုပ်ခဲ့၏။ ၁၈၇၂ ခုနှစ်ကပင် သတ္တုတွင်း၌ အမျိုးသမီးနှင့် ၁၂ နှစ်အောက် ကလေးမလုပ်ရဟု တားခဲ့၏။ ယခု လစ်ဘရယ်အစိုးရခေတ် တွင် ၁၉၀၉ ခုနှစ် **အသက်မွေးလုပ်ငန်း ဘုတ်ဥပဒေအရ** အစိုးရက **ချွေးထွက်သော အသက်မွေးအလုပ်**၌ အခကြေးငွေ ကန့်သတ်ပေးနိုင်၏။ ထိုမှတစ်ဆင့်တက်၍ ၁၉၁၂ ခုတွင် ဝန်ကြီးချုပ် **အက်စကွစ်က အနည်းဆုံးလုပ်ခဥပဒေ**ကို လုပ်ခဲ့၏။ **အလုပ်လက်မဲ့**များကို ကိုယ်လက်မစွမ်းသန်၍ ထာဝစဉ် အလုပ်လက်မဲ့ဖြစ်သူနှင့် အရောင်းအဝယ်ပျက်သဖြင့် လုပ်ငန်းကြီးများ ရပ်စဲရသောကြောင့် ယာယီအလုပ်လက်မဲ့ ဖြစ်သူများဟုရှိရာ နှစ်မျိုးစလုံးခံသာအောင် ဥပဒေများလုပ်ခဲ့၏။ ၁၈၉၇–၁၉၀၀ နှင့် ၁၉၀၆ ခုနှစ်များတွင် **အလုပ်သမားလျော်ကြေးဥပဒေ**များ ပြုလုပ်ခဲ့ရာ မတော်တဆ ထိခိုက်ဒဏ်ရာရသူကို သီတင်းပတ်တိုင်း ထောက်ပံ့ကြေးပေး၍ သေသူအတွက် ငွေအလုံးလိုက် ပေးခဲ့၏။ ကလေးသူငယ်များကို အလုပ်ခိုင်းလျှင် ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းရန် ၁၉၀၈ ခုနှစ်၌ **ကလေးများ ဥပဒေ**ကို လုပ်ခဲ့၏။ ထို ၁၉၀၈ ခုနှစ်မှာပင် အသက် ၇၀ ကျော်ဆင်းရဲလျှင် **သက်ကြီး ကရုဏာကြေးဥပဒေ**ကို လုပ်ခဲ့၏။ ယာယီ အလုပ်လက်မဲ့တို့အတွက် ၁၉၀၉ ခုနှစ်က **အစိုးရ အလုပ်ပေးရုံ**များ ဖွင့်ပေးခဲ့၏။ အလုပ်လက်မဲ့ပြဿနာကို တစ်နည်းရှင်းရန် **အမျိုးသားအာမခံဥပဒေ**ကို ၁၉၁၁ ခုနှစ်၌





ပြုလုပ်ခဲ့၏။ အလုပ်လုပ်ရစဉ်က လုပ်ခထဲမှ ငွေအချို့ကို ကောက်ယူထား၍အလုပ်မဲ့ချိန်၌ သုံးရန် အစီအစဉ်ဖြစ်ပါသည်။ ဖျားနာသောအခါတွင်လည်း ဤဥပဒေအရ အခဆက်၍ ရနေနိုင်ပါသည်။ ဒီမိုကရေစီ မထွန်းကားမီက ပညာရေးဟူသည် အထက်တန်းစားတို့၏ အရသာခံ ပစ္စည်းလက်နက်တစ်ခုသာဖြစ်သည်။ ယခု ၁၈၆၇ ခု ပြုပြင်ရေး ဥပဒေကစ၍ အလုပ်သမားများကို မဲပေးခွင့်ပေးခဲ့ခြင်းကြောင့် **လူထုပညာရေး** မပေး၍ မဖြစ်သောအခါသို့ ရောက်ခဲ့ပါသည်။ ၁၈၇၀ ပြည့်နှစ်က **ပညာရေးဥပဒေ**အရ **သာသနာရေး**နှင့် မဆိုင်သော ကျောင်းများထောင်ပေး၍ သာသနာရေးနှင့် **ဆိုင်သောကျောင်းများ**ကို ထောက်ပံ့ကြေး ပေးခဲ့ပါသည်။ သာသနာရေးမပါဘဲ အများပြည်သူ့ သားသမီးများ ထားနိုင်အောင် ကျောင်းဆောက်ရန် ၁၉၀၆ ခုနှစ်က ကြိုးစားသော်လည်း မအောင်မြင်ခဲ့ချေ။ လက်မှုစက်မှုသင်ကျောင်းများထောင်၍ ကျောင်းသားများ၏ ကျန်းမာရေးကို ဂရုပြုသည်။ ၁၉၁၃ ခု၌ ကျောင်းများတွင် ကလေး ၆,၅၀၀, ၀၀၀ ရှိလာသည်။ အလုပ်သမား သမဂ္ဂများကြောင့် သက်သာချောင်ချိရေးများစွာ ရခဲ့ကြ၏။ ၁၉၀၆ ခုနှစ်၌ **အသက်မွေးအလုပ် အငြင်းအခုံဥပဒေ**ပြုခဲ့ရာ ယင်းဥပဒေအရ သမဂ္ဂရန်ပုံငွေကို တရားစွဲဆို သိမ်းယူခြင်း မပြုနိုင်ချေ။ ထို့ပြင် **သပိတ်တားခြင်း**ကိုလည်း ခွင့်ပြုခဲ့၏။ ၁၉၁၁ ခုနှစ်၌ ပါလီမန်အမတ်များကို လခပေးခြင်း၊ ၁၉၁၃ ခုနှစ်၌ နိုင်ငံရေးကိစ္စအတွက် အလုပ်သမား သမဂ္ဂကို အသုံးပြုခွင့်ပေးခြင်းတို့ကြောင့် အောက်တန်းစားတို့ ထိထိရောက်ရောက် အတိုက် အခံ လုပ်နိုင်လောက်အောင် အခြေခံရရှိလာကြပါသည်။ လစ်ဘရယ်များသည် လုပ်လိုသမျှ လုပ်နိုင်အောင် ကုန်ကျစရိတ်ရှိလျှင် ဝင်ငွေကြီးသူ၊ အမွေပစ္စည်း များများရသူနှင့် စည်းစိမ်နှင့်နေနိုင်သူတို့က ခံစေရန် စီစဉ်ခဲ့၏။ **လယ်မြေ ပိုင်ဆိုင်မှု ပြုပြင်ရေး**များကို ပြုလုပ်ရန် **လွိုက်ဂျော့**က အစီအစဉ်ရှိသော်လည်း ကမ္ဘာစစ် ၁ ဖြစ်လာသဖြင့် ရပ်စဲထားရသည်။

## ပြင်သစ်တတိယ သမ္မတနိုင်ငံ (၁၈၇၀–၁၉၁၄)

သမ္မတနိုင်ငံ စချိန်ကား ပြင်သစ်တို့က အဆိုးဆုံးအချိန် ဖြစ်သည်ဟု ဆိုရချေမည်။ ပါရီ၌ တော်လှန်ရေး (၁၈၇၁ ကွန်မြူး)ကို ရက်စက်စွာ သတ်ဖြတ်နှိပ်ကွပ်ရ၏။ လူမှုရေး မကျေနပ်မှုများ အကြီးအကျယ် ရှိနေ၏။ နိုင်ငံရေး အကွဲကွဲရှိ၏။ နိုင်ငံခြားစစ်တပ်မှာလည်း ပြည်တွင်း၌ တပ်စွဲလျက်ရှိ၏။ ထိုဒုက္ခ

အပေါင်းမှ အံ့သြဖွယ် ကောင်းလောက်အောင်ပင် လွန်မြောက်တိုးတက်လာပါသည်။ ၁၈၇၉ ခုတွင် **ဂျူးလ်ဂရေဗီ** သမ္မတ ဖြစ်လာပြီးနောက် သမ္မတနိုင်ငံမှာ အခြေခံတည်မြဲပြီဟု ဆိုရပေမည်။ ထိုအခါမှစ၍ ရှေ့အနှစ် ၃၅ နှစ်အတွင်း၌ အမျိုးသားရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ တိုးတက်လာ၍ ပြည်ပငြိမ်းချမ်းရေးလည်း ရခဲ့သည်။ ပြင်သစ်နိုင်ငံရေးတွင် အရေးပါသော အချက်များကား (၁) ဘူဇွာတို့ အုပ်စီးလာခြင်း၊ (၂) အစိုးရနှင့် သာသနာ့ကျောင်းတော် သင့်တင့်ညီညွတ်အောင် ညှိရခြင်း၊ (၃) **ချော်ဘင်ဝါဒ**ခေါ် ပြင်းထန်၍ ရန်လိုသော မျိုးချစ်စိတ် ပေါ်လာခြင်းနှင့် (၄) ကဲ့ဘိနက် အပြောင်းအလဲ မကြာခဏဖြစ်ခြင်းတို့ ဖြစ်ပါသည်။ အင်္ဂလန်မှာကဲ့သို့ပင် တိုးတက်ရေးများသည် ဘူဇွာကြောင့် ပေါ်ခဲ့ရ၏။ သို့သော် နောက်ပိုင်း၌ အလုပ်သမား လူတန်းစားတို့ အသံကျယ်၍လာပါသည်။ စင်စစ် ၁၈၉၀–၁၉၁၄ ခုနှစ်များအတွင်းက ပြုလုပ်ခဲ့သော လူမှုရေးဥပဒေများကား အလုပ်သမားတို့ ဆူပူခြင်းကြောင့်ထက် ဘူဇွာတို့က အမြင်ကျယ်၍ ညှာတာခြင်းကြောင့် ပေါ်လာရပါသည်။ ထိုခေတ်၏ အတွင်းရေးပြဿနာကား သမ္မတဂိုဏ်းနှင့် ကက်သလစ်သာသနာဂိုဏ်းတို့ အားစမ်းနေကြခြင်းပင်ဖြစ်သည်။ သာသနာဂိုဏ်းက ဘုရင်စံနစ်ကို လိုလားထောက်ခံခြင်းကား တိုးတက်သော အယူရှိသူတို့ တက်လာလျှင် သာသနာ့မြေနှင့် ပစ္စည်းများကို လုယူ၍ ဝေငှပစ်မည်ကို အလွန်စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ၁၉၀၀ ပြည့်လျှင် သမ္မတဂိုဏ်းသားတို့က သာသနာရေး အဖွဲ့အစည်းက အုပ်ချုပ်သည့် စာသင်ကျောင်းများ ဖျက်သိမ်းရေးကို ကြိုးစားခဲ့၏။ ၁၉၀၅ ခုတွင် **ကက်သလစ်**ဂိုဏ်းကို နိုင်ငံအစိုးရနှင့် ဘာမျှမပတ်သက်အောင် ခွဲခြားလိုက်သည်။ နိုင်ငံရေးတိုက်ပွဲအားလုံး၌ အစိုးရနှင့် သာသနာ့ကျောင်းတို့ အပြိုင်အားစမ်းကြသည်ကို အမြဲမြင်တွေ့နေခဲ့ရပါသည်။ ပြင်သစ် – ပရပ်ရှားစစ်တွင် အရှုံးကြီး ရှုံးခဲ့ရသည်ကို မခံရပ်နိုင်ဖြစ်သော လူတစ်စု ရှိသေးသည်။ ပြင်သစ်တစ်ပြည်လုံး **ကလဲ့စားချေမည်**ဟူသော အသံများ ပဲ့တင်ထပ်လျက် ရှိပါသည်။ နိုင်ငံရေးတွင် စစ်တပ်ပြုပြင်ရေးလည်း အရေးကြီးသော အခန်းက ပါဝင်ခဲ့ပါသည်။ စစ်တပ်ကြီးကြီးကို ထိန်းရသဖြင့် နိုင်ငံဘဏ္ဍာတော်ကို များစွာထိခိုက်၏။ ရန်လိုသော မျိုးချစ်စိတ် **(ချော်ဗင်ဝါဒ)**မှာ ခေတ်စားခဲ့သဖြင့် အချို့ ခေါင်းဆောင်များက ကလဲ့စားချေရေးကို များများပြော၍ လူကြိုက်များအောင် အမြတ်ထုတ်ခဲ့ကြသည်။ ပြင်သစ်ပါလီမန်၌ ထင်ရှားသော အကြောင်းတစ်ရပ်ကား **ဂိုဏ်းကွဲများခြင်းကြောင့်** မည်သည့်ပါတီမျှ လူများစု ထောက်ခံချက် မရနိုင်သဖြင့် ကဲ့ဘိနက် မကြာခဏပြောင်းရ၏။ အင်္ဂလန်မှာလို ကဲ့ဘိနက်ပြောင်းတိုင်း ရွေးကောက်ပွဲ မလုပ်ရချေ။





ပြင်သစ် သမ္မတနိုင်ငံကို ကြေညာစဉ်ကပင် **သမ္မတဂိုဏ်း၊ လိုက်လျောသော ဘုရင်ဂိုဏ်းနှင့် ဆိုရှယ်လစ်တို့** သုံးဦးပေါင်း၍ ကြေညာခဲ့ရ၏။ ထို့နောက် **ပါရီကွန်မြူး** သူပုန်ကို ၁၈၇၁ ခုနှစ် နှိမ်နင်းပြီးနောက် တိုးတက်ရေးအမြင်ရှိသူများစွာကို ထောင်ချခြင်း၊ နယ်နှင်ခြင်းနှင့် သေဒဏ်ပေးခြင်းဖြင့် ရှေးရိုးဆန်သောသူများ လွှမ်းမိုး၍ ကျန်ရစ်သည်။ သမ္မတနိုင်ငံသစ်တွင် **သီယာ့စ်**မှာ သမ္မတဖြစ်၍ ပထမဦးဆုံး စစ်ကြွေးကိုဆပ်ရန် ကြိုးစားခဲ့၏။ ၁၈၇၃ တွင် ကြွေးကျေသောအခါ မြန်ဆန်လွန်းသဖြင့် အံ့သြကြရသည်။ စစ်တပ်ကို ပြုပြင်၍ ဂျာမနီ နယ်နိမိတ်တစ်လျှောက်၌ **ခံတပ်**များ တည်ဆောက်ခဲ့သည်။ ပြင်သစ်နိုင်ငံရေး၌ ဘုရင်စနစ်ကို ကြိုက်သူမှာ လူများစုဖြစ်၏။ သို့သော် **မူလမင်းရိုးကို ကြိုက်သူ ဩလင်းမင်းရိုး ကြိုက်သူနှင့် နပိုလီယန်ဆက်ကိုကြိုက်သူ** ဟူ၍ သုံးစုကွဲကာ အချင်းချင်း ပေါင်းစပ်၍ မရနိုင်လောက်အောင် ကွဲပြားနေကြ၏။ ဩလင်းမင်းရိုးကို ကြိုက်သူများက နောက်ဆုံး သမ္မတဂိုဏ်းနှင့် တွဲလိုက်သည်။ ထို့ကြောင့် ပြင်သစ်၌ ဘုရင်စနစ်ကို ကြိုက်သူများလျက်နှင့် သမ္မတနိုင်ငံ အခြေခိုင်မြဲသွားရသည်။

## ပြင်သစ်အုပ်ချုပ်ရေးဖွဲ့စည်းပုံ

အင်္ဂလန်ပုံစံအတိုင်း ပြင်သစ်အစိုးရသည် ဗဟိုက ကောင်းစွာအုပ်စီးနိုင်သော ပါလီမန် အုပ်ချုပ်ရေးမျိုးပင် ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်အမတ် ၆၀၂ ယောက်ရှိ၍ အရွယ်ရောက်ပြီး ယောကျာ်းတိုင်း မဲပေးခွင့်ဖြင့် လေးနှစ်တစ်ကြိမ် ရွေးရသည်။ **ဆီးနိပ်**တွင် အမတ် ၃၀၀ ရှိ၍ တိုက်ရိုက်ရွေးချယ်နည်းကို မသုံး။ သက်တမ်းလည်း ၉ နှစ်ရှိ၏။ ထို့ကြောင့် ဆီးနိပ်သည် ရှေးရိုးဆန်သူတို့အဖွဲ့ ဖြစ်၍လာပါသည်။ သမ္မတကို အမျိုးသားလွှတ်တော်က ရွေး၏။ သက်တမ်း ၇ နှစ်ရှိသည်။ သဘောအားဖြင့် အမည်ခံမျှဖြစ်သော်လည်း အတိအကျ ပေးအပ်ထားသော တန်ခိုးသတ္တိ အနည်းငယ်ရှိသည်။ အမေရိကန်သမ္မတနှင့် အုပ်ချုပ်ရေးမျိုး မဟုတ်ချေ။ အင်္ဂလိပ် အုပ်ချုပ်ရေးနှင့် ပို၍တူသည်။ အစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်တွင် လူများစု၏ ထောက်ခံမှုရမှသာ ဆက်လက်အုပ်ချုပ်နိုင်သည်။ သမ္မတဂိုဏ်းမှ **လီယွန်ဂန်ဗက်တား** (၁၈၃၈–၈၂) မှာ ဘုရင်ဂိုဏ်းကိုမကြိုက်။ တိုးတက်လွန်းသော အယူအဆရှိသူတို့ကို မုန်း၍ သာသနာ့ ကျောင်းတော်ကိုလည်း သဘောမကျချေ။ ဘူဇွာတို့၏ ဘက်တော်သားဖြစ်၏။ ထို့ကြောင့် ဂမ်ဗက်တား ရှေ့ဆောင်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ

အခြေခံဥပဒေ ရေးဆွဲခဲ့ရာ အချုပ်အားဖြင့် ရှေးလည်းမကျ ခေတ်လည်းမဆန်သော အုပ်ချုပ်ရေးမျိုး ဖြစ်ပါသည်။ ထိုအခါမှစ၍ ဘုရင့်ဂိုဏ်းသားတို့ တန်ခိုးအာဏာ ပြန်၍မရတော့ချေ။ ပြည်သူ့လွှတ်တော်တွင် ကဲ့ဘိနက် မကြာခဏပြောင်းရသော်လည်း ကဲ့ဘိနက်သစ်တွင် ကဲ့ဘိနက်အဟောင်းက လူတော်များများပါလာတတ်သဖြင့် အုပ်ချုပ်ရေးတွင် အကြီးအကျယ် အပြောင်းအလဲ မရှိနိုင်ချေ။ ထို့ကြောင့် ကဲ့ဘိနက် အပြောင်းမြန်သော်လည်း အုပ်ချုပ်ရေးဝါဒမှာ များစွာတည်ငြိမ်လျက် ရှိတတ်ပါသည်။ နှိုင်းယှဉ်လျက် ပြောရလျှင် ၁၈၇၁–၁၉၁၄ ခုနှစ်များအတွင်း၌ ပြင်သစ်တွင် ကဲ့ဘိနက် အကြိမ်ငါးဆယ် ပြောင်းသော်လည်း ထိုကာလအတွင်း ကိုးကြိမ်မျှသာ ပြောင်းသော အင်္ဂလန်လောက် ဝါဒရေးရာတွင် အတိုးအဆုတ် မရှိချေ။ စီးပွားရေး တိုးတက်စေရန် လမ်းများဖောက်ခြင်း၊ တူးမြောင်းတူးခြင်း၊ မီးရထားလမ်း ဆက်သွယ်ခြင်းနှင့် ဆိပ်ကမ်းသစ်များ ဖွင့်ခြင်းကိုလည်းကောင်း၊ အကူအညီပေးနိုင်ရန် လိုသလို ဥပဒေပြု၍ စိုက်ပျိုးရေးအားပေးခြင်းကိုလည်းကောင်း၊ ပြည်တွင်းစက်မှုလက်မှုကို အကောက်ဖြင့် ကာကွယ်ပေးခြင်းကိုလည်းကောင်း၊ နယ်ချဲ့ဝါဒကို နှိုးဆော်အားပေးလျက် အင်္ဂလိပ်နောက် ဒုတိယစွဲသော အဆင့်သို့ရောက်အောင် လိုက်လာနိုင်ခြင်းကိုလည်းကောင်း ဆောင်ရွက်သည်ကို တွေ့ရပါသည်။ နယ်ချဲ့ရေးတွင် အားထားရန် စစ်တပ်၊ ရေတပ်ကောင်းများ တည်ဆောက်ရ၏။ မူလနိုင်ငံနှင့် လက်အောက်ခံနိုင်ငံကို စည်းလုံးမိခြင်းတွင် ပြင်သစ်အစွမ်းဆုံး ဖြစ်ပါသည်။

လူမှုရေးတွင် ပစ္စည်းမဲ့တို့၏ ဘဝအခြေအနေ ကောင်းမွန်ရေးကို လျစ်လျူရှု၍ မထားချေ။ အင်္ဂလန်နည်းတူ ပြုပြင်ရေးများ လုပ်ခဲ့၏။ စက်ရုံ၌ အမျိုးသမီးနှင့် ကလေးများ အလုပ်မလုပ်ရလေအောင် တားခြင်း၊ တစ်နေ့လျှင် ဆယ်နာရီသာ လုပ်ခွင့်ပေးခြင်း၊ အနားယူခွင့်ပေးခြင်းတို့ကို ၁၈၉၂ ခု ဥပဒေ၌ ပင် တွေ့ရပါသည်။ ကျန်းမာအောင် နေနိုင်ရေးနှင့် အနာရောဂါ ကုနိုင်ရေးကို ၁၈၉၃ ခုတွင်လည်းကောင်း၊ အလုပ်သမားသမဂ္ဂ တည်ထောင်ခွင့်ကို ၁၈၈၄ ခုတွင်လည်းကောင်း၊ လုပ်သားလျော်ကြေးကို ၁၈၉၈ ခုတွင်လည်းကောင်း၊ သက်ကြီး ကံရဏာကြေးကို ၁၉၁၁ ခုတွင်လည်းကောင်း ဥပဒေပြု၍ ပေးပါသည်။ လွတ်လပ်ခွင့်ကို တကယ်တမ်း ရရှိလာကြပါသည်။ **လွတ်လပ်စွာ ပြောခွင့်၊ လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့်**နှင့် ကက်သလစ်ဂိုဏ်းမှလွဲ၍ **လွတ်လပ်စွာ စည်းရုံးခွင့်**တို့ကို ၁၈၈၁ နှင့် ၁၉၀၁ ခုနှစ်များတွင် ပေးခဲ့၏။ **ရာဇဝတ်ဥပဒေ**ကို ပြုပြင်၍ ကလေးများကို ဥပဒေအရ စောင့်ရှောက်ခြင်းနှင့်





လင်မယား ကွာရှင်းခွင့် ပြန်လည်ပေးအပ်ခြင်းကို ၁၈၈၄ ခုနှစ်က ပြုလုပ်ခဲ့သည်။ သမ္မတနိုင်ငံ၏ အန္တရာယ်အဖြစ်ဖြင့် ၁၈၈၉ ခုတွင် **ဗိုလ်ချုပ်ကြီး ဗိုလ်လန်ဂျာ**က အာဏာသိမ်းရန် ကြံခဲ့သော်သေးလည်း မအောင်မြင်ချေ။ **ဗိုလ်လန်ဂျာ** အရေးရှုံးသဖြင့် (၁) သမ္မတနိုင်ငံ ဂုဏ်သတင်းတက်ခြင်း၊ (၂) ဘုရင့်ဂိုဏ်းသား အရာရှိများ စစ်တပ်၌ လျော့နည်းသွားခြင်းနှင့် (၃) ဘုရင့်ဂိုဏ်းသားတို့ လူကြည်ညိုနည်းသွားခြင်းတို့ကို တွေ့ရပါသည်။ ၁၈၉၄ ခု၌ ပြင်သစ်တစ်နိုင်ငံလုံး စိတ်ပါဝင်စားသော **ဒရေဖတ် အရှုပ်တော်ပုံ** ပေါ်ခဲ့၏။ **ဂျူးလူမျိုးတို့က** စစ်တပ်ကို အုပ်စီး၍ လျှို့ဝှက်သတင်းများကို ဂျာမနီသို့ပို့ရန် ကြံစည်အားထုတ်သည်ဟု သံသယရှိလာကြ၍ ဂျူးလူမျိုး ကပ္ပတိန် **အယ်လ်ဖရက် ဒရေဖတ်**ကို လျှို့ဝှက်သတင်း ဂျာမနီပို့မှုဖြင့် ဖမ်းခဲ့သည်။ **ကာနယ်ပစ်ကတ်က** စုံစမ်းသောအခါ ဒရေဖတ်တွင် အပြစ်ကင်း၍ ဘုရင့်ဂိုဏ်းသား **မေဂျာအက်စတာဟာဇီ** သာလျှင် အပြစ်ရှိသူဖြစ်ကြောင်း ၁၈၉၇ ခု၌ ပေါ်လျှင် တစ်နိုင်ငံလုံးတွင် ဘုရင်ဂိုဏ်းပို၍ ဂုဏ်သရေညှိုးနွမ်းလာရသည်။ စစ်တပ်က အသရေဆယ်သောအနေဖြင့် ဒရေဖတ်ကိုသာ အပြစ်ပေး၏။ သို့သော် ၁၈၉၈ ခုနှစ်၌ အက်စတာဟာဇီ ထွက်ပြေး၍ ကိုယ့်ကိုယ်ကိုယ် သတ်သေသည်။ ထိုသည့်တိုင်အောင် ဒရေဖတ်ကို လုံးဝ အပြစ်ကင်းသည်ဟု စစ်တပ်က မယူဆသေးချေ။ ၁၉၀၆ ခုသို့ ရောက်ခါမှ ဒရေဖတ်ကို စစ်တပ်၌ ပြန်၍ လက်ခံကာ မေဂျာရာထူးသို့ တိုး၍ပေးခဲ့သည်။ ဤဒရေဖတ် အရှုပ်တော်ပုံကြောင့် စစ်တပ်၌ သမ္မတဂိုဏ်း အုပ်စီးမိလေသည်။ သာသနာရေးတွင် မည်သည့်ဂိုဏ်းကိုမျှ အထူးအခွင့်အရေး မပေးတော့သဖြင့် **ကက်သလစ်**များသည် ၁၉၀၇ ခုနှစ်မှစ၍ အစိုးရထောက်ပံ့ကြေး မရတော့ချေ။ စာသင်ကျောင်းများတွင်လည်း စာမသင်ရတော့ချေ။

## လက်အောက်ခံနိုင်ငံများသို့ ဒီမိုကရေစီ ပျံ့နှံ့လာပုံ

အင်္ဂလန်၌ ဒီမိုကရေစီ အတိုးတက်ဆုံးဖြစ်၍ အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီနိုင်ငံများ၌ ထိုသဘောတရားများ မည်သို့ပျံ့နှံ့သည်ကို လေ့လာရန် လိုပေသည်။ ကနေဒါတွင် ၁၈၃၇ ခုနှစ်က သူပုန်ထသဖြင့် ၁၈၆၇ ခုတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးခဲ့ရာ အင်္ဂလိပ်လက်အောက်ခံအမည် ကျန်နေသေးသော်လည်း အစစ၌ လွတ်လပ်၍ ဒီမိုကရေစီနည်းအတိုင်း ပါလီမန် အုပ်ချုပ်ရေး ရှိပါသည်။ လွတ်လပ်ရေးရပြီးမှ ကနေဒါတွင် ပြည်တွင်းပြုပြင်ရေးများစွာကို

အင်္ဂလန်နည်းတူ လုပ်ခဲ့သည်။ ဩစတြေးလျားတွင် ၁၉၀၁ ကစ၍ အုပ်ချုပ်ရေး ပေးခဲ့ရာ အုပ်ချုပ်ရေးဖွဲ့စည်းပုံမှာ အမေရိကန်ပြည်ထောင်စုနှင့် တူသည်။ လူမှုပြုပြင်ရေး အများဆုံး ဆောင်ရွက်ခဲ့သည်။ နယူးဇီလန်သည် ၁၉၀၇ ခုနှ လွတ်လပ်ရေးရ၍ ဆိုရှယ်လစ်လုပ်ငန်းစဉ်ကို လက်ခံကျင့်သုံးခဲ့၏။ အချမ်းသာဆုံး လူထံမှ အခွန်အများဆုံး ကောက်သည့်စနစ်ရှိသည်။ တောင်အာဖရိကၡ **တာဝန်ခံ အစိုးရဖွဲ့ခွင့်ကို ကိပ်ကိုလိုနီ**တွင် ၁၈၇၂ ခုမှစ၍ ရ၏။ **နတယ်**တွင် ၁၈၉၃ ခုမှစ၍ ရ၏။ တောင်အာဖရိက ပြည်ထောင်ကို ၁၉၁၀ ခုတွင် ဖွဲ့စည်းခဲ့၍ ပထမဦးဆုံး ရွေးကောက်ပွဲတွင် **ဘိုးဝါးခေါ်** ဒတ်ချ်လူမျိုးတို့ အနိုင်ရသည်။ ပြဿနာများကား (၁) အင်္ဂလိပ်–ဘိုးဝါး မသင့်တင့်ခြင်းနှင့် (၂) အိန္ဒိယမှ လာရောက်နေသော ကုလားအလုပ်သမားများ၏ မကျေနပ်ချက်များပင် ဖြစ်ပါသည်။ အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ရေး ရထားသော နိုင်ငံများၡ အင်္ဂလိပ်က ဝင်ရောက် စွက်ဖက်ခြင်း အလွန်နည်း၏။ အချင်းချင်းညှိ၍ အခြားဥပရောပတိုက်သားတို့၏ စီးပွားရေး နယ်ချဲ့လာခြင်းကို တားဆီးရန်လောက်ကိုသာ အင်္ဂလန်အနေနှင့် နှိုးဆော်သည်။ နမူနာပြောရလျှင် သွင်းကုန်တွင် ပစ္စည်းချင်း တူလျှင် အင်္ဂလိပ်ပစ္စည်းကို အခွန်လျှော့၍ ကောက်ရန်မျှကိုသာ အင်္ဂလိပ်က လိုလားသည်။ စင်စစ် စီးပွားရေးၡ အင်္ဂလိပ်က ထိုနိုင်ငံများကို ပါတနာ သဘောထားသည်။ **ဒိုမီနီယန်** ဟု ထိုနိုင်ငံများကိုခေါ်၍ **ဒိုမီနီယန်** အချင်းချင်းလည်း စီးပွားရေးတွင် **ပါတနာ** သဘောထားစေလိုသည်။ ဒိုမီနီယန်ၡ ဒီမိုကရေစီ အပြည့်အစုံ ထွန်းကား၏။ ဒိုမီနီယန်သည် အင်္ဂလိပ်စစ်တပ် ရေတပ်တွင် ပါဝင်ခြင်းမပြုဘဲ သီးခြားစစ်တပ် ရေတပ်ထား၏။ အလွယ်ပြောရသော် မျက်နှာဖြူလူများစုရှိသော ကိုလိုနီတို့ၡ အင်္ဂလိပ်က **ဒိုမီနီယန်အဆင့်**ပေး၍ ကိုယ်ပိုင်အုပ်ချုပ်ရေးကို နှစ်ဆယ်ရာစုဦးကပင် ပေးခဲ့သော်လည်း အိန္ဒိယ၊ မြန်မာ စသော အာရှတိုက်သား နိုင်ငံများၡ နှစ်ဆယ်ရာစုအလယ်သို့ ရောက်ခါမှ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသည်။ ပေးအောင်လည်း အမျိုးသားစိတ်ကို လှုံ့ဆော်၍ များစွာကြိုးစားရသည်။

* * *



# (ခ)

## အရှေ့တိုင်းနိုးကြားလာခြင်း

### ၁။ ခေတ်ဆန်လာသောဂျပန်

### တံခါးဖွင့်ပြီးနောက် အခြေအနေ

**ကွန်မိုဒိုပယ်ရီ**သည် **ယေဒေါ** ပင်လယ်ကွေ့သို့ ၁၈၅၃ ခု ဇူလိုင်လတွင် ရောက်လာ၍ ၁၈၅၄ ခု မတ်လ ၃၁ ရက်နေ့တွင် **ကနဂဝ** စာချုပ်ကို လက်မှတ်ရေးထိုး၍ အမေရိကန်တို့ ဂျပန်ၡ ဝင်ခွင့်ထွက်ခွင့် ပေးလိုက်ရသည်။ ယင်းကိုပင် တံခါးဖွင့်သည်ဟု ခေါ်ပါသည်။ အလားတူ ဝင်ခွင့်ထွက်ခွင့်ကို အင်္ဂလိပ် အား ၁၈၅၄ ခုတွင်လည်းကောင်း၊ ရုရှားကို ၁၈၅၅ ခုတွင်လည်းကောင်း ဒတ်ချ်ကို ၁၈၅၆ ခုတွင်လည်းကောင်း ပေးရသည်။ ၁၈၅၈ ခု ဩဂုတ်လတွင် အမေရိကန် သံမှူးအဖြစ်ဖြင့် **တောင်ဆင်ဟဲရစ်** ဂျပန်သို့ ရောက်လာခဲ့သည်။ ဟဲရစ် ကြိုးစားသဖြင့် ၁၈၅၈ ခုတွင် ဂျပန်က အမေရိကန်နှင့် ကူးသန်းရောင်း ဝယ်ရေးစာချုပ် ချုပ်ဆိုခဲ့ရာ ထိုစာချုပ်အရ (၁) ကနဂဝ၊ **နဂစကိ၊ နီအိဂတ**နှင့် **ကောဗေ**ခေါ် ဆိပ်ကမ်းသစ်လေးခု ထပ်၍ **နိုင်ငံခြား အရောင်းအဝယ်**အတွက် ဖွင့်ပေးသည်။ (၂) သံတမန် လဲလှယ်ရန် သဘောတူကြသည်။ (၃) အမေရိကန်ကို တရားမ ရာဇဝတ်အမှုအားလုံးၡ **နယ်လွန် တရားဆုံးဖြတ်ခွင့်** ပေးသည်။ (၄) **ဘိန်းကုန်ကူး**

ခြင်းကို ပိတ်ပင်သည်။ (၅) နိုင်ငံခြားသားတို့ကို မိမိနှစ်သက်ရာ သာသနာကို ကိုးကွယ်ခွင့်ပြုသည်။ (၆) အစဉ်အလာအတိုင်း ဝင်ကုန်ထွက်ကုန်ကို အခွန် ကောက်မည်ဖြစ်သော်လည်း အမေရိကန်ကုန်ကို အသားပေးရန် သဘောတူသည်။ ထို့ပြင် (၇) **မျက်နှာသာပေး နိုင်ငံအခွင့်အရေး**ကို ဆက်လက် ပေးရသည်။ ဒတ်ချ်၊ ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ်တို့နှင့်လည်း အလားတူ စာချုပ် ချုပ်ကြသည်။ ကေရာဇ်က နိုင်ငံခြားသားများကို ရှေးနည်းအတိုင်း မောင်းထုတ်ရန် အမိန့်ပေးထားသော်လည်း ရှောဂုန်က မတတ်သာသဖြင့် စာချုပ်ကို လက်မှတ် ထိုးရသည်။ **တောကုဂဝ**တို့ အားနည်းလာရသည့်အထဲတွင် နိုင်ငံခြားသားတို့ ပေါ်လာ၍ လက်သင့်ခံရသဖြင့် ယင်းတို့ ပျက်စီးလေတော့သည်။ **နိုင်ငံခြားသား ဆန့်ကျင်ရေး**ဖြင့် တစ်နိုင်ငံလုံး ဆူပွက်၍လာ၏။ လှုံ့ဆော်သူတို့ကား **ဆတ် စုမ**၊ **ချောရှု**၊ **ဟီဇေန်**နှင့် **တောစ** အမျိုးတို့ဖြစ်ပါသည်။ လွယ်ကူစေရန် ယင်းတို့ အမည်မှ အစ စာလုံးများကိုယူ၍ **ဆတ်ချောဟီတောလူစု**ဟု ခေါ်စ မှတ်ပြု၏။ ယင်းတို့က ကေရာဇ်ဘက်တော်သား **"မျိုးချစ်"** အမည်ခံ၍ နိုင်ငံ ခြားသားထံ၌ အလုပ် လုပ်နေသော တိုင်းရင်းသားတို့ကို တိုက်ခိုက်ကြပါသည်။ နောက်ဆုံး၌ ဆတ်စုမ အမျိုးမှ **ဆမုရအီ**ခေါ် သူရဲကောင်းတို့က ၁၈၆၂ ခုတွင် အင်္ဂလိပ်အမျိုးသား **ရစ်ချတ်ဆန်**ကို သတ်သဖြင့် အင်္ဂလိပ်က ဆတ်စုမအမျိုးမှ **ဒအိမျော** ခေါ် မြို့စားနှင့် ရှောဂုန်တို့ထံမှ လျော်ကြေးတောင်းသည့်ပြင် တရား ခံများကို စစ်ဆေးအပြစ်ပေးရန် တောင်းဆိုပါသည်။ ရစ်ချတ်ဆန် အရေးကြောင့် ရှောဂုန်မှာ ပို၍ဂုဏ်ပျက်ရသည်။ လျော်ကြေးကိုကား ပေးပါမည်။ တရားခံများကိုကား မပေးနိုင်ပါဟု အကြောင်းပြန်လျှင် အင်္ဂလိပ်က ၁၈၆၃ ခုတွင် ဆတ်စုမ ဆိပ်ကမ်းမြို့ **ကဂေါရှိမ**ကို အမြောက်နှင့်ပစ်သဖြင့် များစွာ ပျက်စီးသွားလေ သည်။ ယင်းသို့ အကြမ်းဖက်ကာမှ တောင်းသော လျော်ကြေးကို ဆတ်စုမတို့က ချက်ချင်းပေးသည့်အပြင် ဥရောပ ရေတပ် သင်္ဘောတစ်စင်းလည်း ရောင်းပါဟု တောင်းပန်လာသည်။ **ချောရှု** အမျိုးတို့က ဆက်လက်တိုက်ခိုက်နေသဖြင့် ၁၈၆၄ ခု ဩဂုတ်လ၌ ပြင်သစ်၊ အင်္ဂလိပ်၊ ဒတ်ချ်နှင့် အမေရိကန် သင်္ဘောများပေါင်း၍ **ရှိမောနိုဆေကိ**မှ ချောရှုကမ်းခြေ ခံတပ်များကို ဖျက်ဆီးပစ်လိုက် ကြ၏။ ထိုအခါမှ နိုင်ငံခြားသား ဆန့်ကျင်ရေးကိုစွန့်၍ နိုင်ငံခြား လက်နက်စုရန် အလိုရှိလာကြသည်။ ကေရာဇ် နေသော **ကျိုတော**အနီးမှ **ဩစက**ကို ဆက်လက်ပစ်ခတ် ဖျက်ဆီးမည်ဟု ခြိမ်းခြောက်လျှင် ကေရာဇ်က ၁၈၆၇ ခု နိုဝင်ဘာလ၌ နိုင်ငံခြားရောင်းဝယ်ရေး စာချုပ်များကို အတည်ပြုလိုက်လေသည်။





## အပြောင်းအလဲ စုံ

နောက်တစ်နှစ် ၁၈၆၆ တွင် ကေရာဇ်နှင့် ရှောဂုန် နှစ်ယောက်စလုံး သေလွန်သဖြင့် ဝါဒအပြောင်းအလဲ ဖြစ်လာသည်။ ကေရာဇ်သစ်မှာ **မိတ်စုဟီတော** ဖြစ်၍ **မေအီဂျီ**အမည်နှင့် နန်းတက်သည်။ ရှောဂုန်အသစ်ကား **ကေအီကိ**ဖြစ်သည်။ ကေအီကိက အခြေအနေအရ နိုင်ငံအတွက် လိုအပ်သဖြင့် မိမိအလို အလျောက် ရှောဂုန်ရာထူးမှ နုတ်ထွက်ပေးလေသည်။ ထိုအခါမှစ၍ ဆတ်ချောဟီတောတို့ အစိုးရအာဏာကိုယူ၍ ထားလိုက်လေသည်။ အခြေအနေကိုထိန်းရန် ကေရာဇ်က လေးချက်သော ကတိကို ၁၈၆၈ ခု၌ ထုတ်ပြန်ကြေညာ၏။ ယင်းတို့ကား (၁) အမျိုးသားပြဿနာကို ပြည်သူတို့ အချေအတင်ပြော၍ ဆွေးနွေးတိုင်ပင်ခွင့်ပေးမည်။ (၂) အများအကျိုးငှာ နိုင်ငံရေးနှင့် လူမှုရေးဝါဒ သစ်များကို ယူငင်သုံးစွဲမည်၊ (၃) ကံကျေးချစနစ်နှင့် ကန့်သတ်ချက်တို့ကို ဖျက်၍ပေးမည်။ ထို့နောက် (၄) ဂျပန်ကို ခေတ်ပြောင်းရာ၌ ကမ္ဘာမှ အကောင်းဆုံး အကြံဉာဏ်ကိုတောင်း၍ အတော်ဆုံးလူကို ခေါ်ယူသုံးစွဲမည်ဟူသော ကတိများ ဖြစ်ပါသည်။ ကျိုတောမှ မြို့တော်ကို **ယေဒေါ**သို့ပြောင်း၍ **တောကျို**ဟု အမည်သစ်ပေးလိုက်ခြင်းဖြင့် ခေတ်ဟောင်းကုန်၍ ခေတ်သစ် စခြင်းကိုပြ၏။ အုပ်ချုပ်ရေးအဖွဲ့ကို ၁၈၆၇ ခုကစ၍ အသစ်ဖွဲ့ရာ မင်းသားများ၊ **ကုဂ** ခေါ် နန်းတွင်းသူကောင်းများ၊ **ဒအိမျော** ခေါ် မြို့စားများနှင့် ရာထူးအဆင့် အလိုက် **ဆမုရအီ**ခေါ် သူရဲကောင်းများ ပါဝင်၏။ **အချေအတင်ပြောလွှတ်တော်** ဖွဲ့စည်းထားသော်လည်း ဆတ်ချောဟီတော အမျိုးလေးစုမှ တစ်စုလျှင် တစ်ဦး ကျစီထား၍ **စအိဂေါ**၊ **ကိဒေါ**၊ **အိတဂကိ** နှင့် **ဩကုမ**တို့သည်သာ အာဏာကို တကယ်ယူထားသူများ ဖြစ်ကြ၏။ ၁၈၇၁ ခုနှစ်၌ ကဲ့ဘိနက်ဖွဲ့လျှင် **စန်ဂျော** ခေါင်းဆောင်၍ အထက်ပါ လေးဦးနှင့် **ကုဂေနန်းတွင်းသူကောင်းဖြစ်သော** မင်းသား **အိဝကုရ**တို့ ပါဝင်၏။ ၁၈၆၉ ခုတွင် ဆတ်ချောဟီတော အမျိုးမှ ဒအိမျော မြို့စားတို့က မိမိတို့ ကံကျေးရထားသော နယ်မြေအားလုံးကို ကေရာဇ် သို့ အလိုအလျောက် ပြန်လည်အပ်ထားခြင်းဖြင့် **ကံကျေးချစနစ်** ပျက်၍သွား ပါသည်။ နောက်တစ်နှစ် ၁၈၇၀ တွင် ရှေးနန်းတွင်း **အဆောင်အယောင်**နှင့် ဘွဲ့အမည်များကို ရုပ်သိမ်းခဲ့၏။ ၁၈၇၁ ခု၌ အမျိုးအသင်း မြေယာတို့ကို သိမ်း၍ ကေရာဇ်မြေယာ ဖြစ်စေသည်။ မြေယာကို အမှီပြုနေရသော ဒအိမျော နှင့် ဆမုရအီတို့ ဝင်ငွေမဲ့ မဖြစ်ရလေအောင် နှစ်စဉ် **ကရုဏာကြေး**ပေး၏။

၁၈၇၃ ခုနှစ်က မြေခွန်ရသမျှ၏ သုံးပုံတစ်ပုံမှာ ကရဏာကြေးအဖြစ်ဖြင့် သုံးရ၏။ ထို့ကြောင့် အစိုးရတွင် တာဝန်ကြီးလွန်းလှသဖြင့် ကရဏာကြေးကို ငွေလက်ငင်းတစ်ဝက် **ကတိခံဝန်စာချုပ်**တစ်ဝက်ဖြင့် အစိုးရကို ပထမ အလို အလျောက် လာ၍ရောင်းကြ၏။ နောင်အခါ အားလုံးရောင်းရမည်ဟု အမိန့်ထုတ်သည်။ ဤသို့ အပြောင်းအလဲတွင် ဒဲအိမျောတို့ အကျိုးရှိ၍ ဆမုရအိတို့ နစ်နာ၏။ ရှေးကလို သူရဲကောင်းအဖြစ်ဖြင့် အမှုထမ်းရန် မလိုသဖြင့် ကုန်သွယ်ရန် ငွေရင်းနှင့် ကျွမ်းကျင်မှုမရှိသဖြင့် ဆင်းရဲပင်ပန်းကြ၏။ စစ်တပ်အသစ်ဖွဲ့စည်းရာ၌ ကျေးတောသားတို့ကိုလည်း လက်သင့်ခံသဖြင့် မာနကြီးသော ဆမုရအိတို့က မဝင်လိုချေ။ ထို့ကြောင့် လက်နက်ကိုင် အလုပ်လက်မဲ့ လူစုကြီးတစ်စု ရှိနေခြင်းကား စီးပွားရေးနှင့် လူမှုရေး ပြဿနာကြီးတစ်ခုပင် ဖြစ်ပါသည်။ ဆတ်စုမအမျိုးမှ ဆမုရအိတို့သည် ၁၈၇၇ တွင် သူပုန်ထကြ၏။ ကျေးတောသား စစ်သားတို့ပါသော အစိုးရစစ်တပ်က နှိမ်နင်းနိုင်သဖြင့် ရှေးသူရဲကောင်း ဆမုရအိတို့ နာမည်ပျက်၍ နောင်အခါ သူပုန်မထတော့ချေ။ ၁၈၆၈ ခု ဖွဲ့စည်းထားသော အချေအတင်ပြော လွှတ်တော်နှင့် မလုံလောက်သဖြင့် ၁၈၇၅ ခု၌ **ဒေသဆိုင်ရာအဖွဲ့များ** ဖွဲ့စေ၍ ပါလီမန်၏သဘောကို လေ့လာစေ၏။ ၁၈၈၁ ခုတွင် **ဒိုင်ယက်**ခေါ် အမျိုးသားလွှတ်တော်ကို ၁၈၉၀ ပြည့်နှစ်တွင် ခေါ်ယူပေးမည်ဟု ကတိပြုလျက် **အိတော**မြို့စားကို ဂျပန်နှင့် ဆီလျော်သော အုပ်ချုပ်ရေးစနစ်ကို လေ့လာရန် အနောက်တိုင်းသို့ လွှတ်လိုက်သည်။ အမေရိကန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် ဂျာမနီနိုင်ငံများသို့ ဝင်ရောက်လေ့လာပြီးနောက် ဂျာမနီ လက်နက်နိုင်ငံသစ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စံနမူနာယူသင့်ကြောင်း အိတောက ထောက်ခံခဲ့၏။ ကဲ့ဘိနက်တွင် ကေရာဇ်သည် အချုပ်အခြာ အာဏာအရှိဆုံး ဖြစ်သော်လည်း ကဲ့ဘိနက်အဖွဲ့ဝင်တို့ အကြံဉာဏ်အရသာ အုပ်ချုပ်သည်။ အုပ်ချုပ်ရေး အပြောင်းအလဲ အချိန်၌ ပေါ်လာသော ပြဿနာများကို ဖြေရှင်းရန်နှင့် **ကေရာဇ် နန်းတွင်းရေး အတိုင်ပင်ခံအဖွဲ့**ကို ဖွဲ့စည်းသည်။ ၁၈၈၉ ခု ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ အတည်ပြုသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကေရာဇ်သည် အုပ်ချုပ်ရေး၊ သာသနာရေးနှင့် စစ်ရေးတွင် အချုပ်ဖြစ်၏။ နိုင်ငံတော်သားတို့ကို အကြောင်းလုံလောက်စွာမရှိဘဲ ဖမ်းဆီးခြင်းမပြု။ အသက်စည်းစိမ် အိုးအိမ်စည်းစိမ်ကို ကာကွယ်မည်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ဟောပြောခွင့်၊ စည်းရုံးခွင့်ပေးမည်ဟူသော ဝန်ခံချက်များ အခြေခံဥပဒေတွင်ပါ၏။ သို့သော် ယင်းအချက်တို့တစ်ခုစီကို လိုအပ်လျှင် အစိုးရ၌ ပြင်ဆင်နိုင်ခွင့်ရှိသည်။ အခြေခံဥပဒေကို ပြင်လိုလျှင် ကေရာဇ်က သဘောတူ ခွင့်ပြုရမည်ဖြစ်၍ ဤအရေး၌ ကေရာဇ်က အတိုင်ပင်ခံအဖွဲ့နှင့် တိုင်ပင်မည်ဟုဆို၏။ အခြေခံဥပဒေအရ သူကောင်းတို့ပါဝင်သော အထက်လွှတ်တော်နှင့် ပြည်သူ့ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်သော အောက်လွှတ်တော်တို့ရှိ၏။ ဥပဒေပြုရာ၌ ကေရာဇ်က စတင်၍ ဥပဒေတစ်ခုကိုပြုရန် ခိုင်းနိုင်၏။ ကိုယ်စားလှယ်တို့က ပြုလိုသော ဥပဒေကိုလည်း ကေရာဇ်က ပြင်နိုင်၏။ အစိုးရအဖွဲ့က တင်ပြသော **ဘဏ္ဍာတော်လျာထားချက်**ကို လွှတ်တော်က သဘောမတူလျှင် နှစ်ဟောင်းက ဘဏ္ဍာတော် စီမံကိန်းအတိုင်း အလိုလို ပြန်လည်၍ သုံးစွဲခွင့်ရသည်။ နိုင်ငံရေးပါတီများအနက် လိုက်လျောညီညွတ်ရေး ပါတီကို **အိတာဂကိ**က ၁၈၈၁ ခုနှစ်တွင် တည်ထောင်၏။ ဩကုမက ၁၈၈၂ ခုတွင် **တိုးတက်ရေးပါတီ**ကို တည်ထောင်၏။ နှစ်ပါတီစလုံးပင် အုပ်ချုပ်ရေး အခြေခံဥပဒေ တည်တံ့ရေးနှင့် ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်စနစ် အောင်မြင်ရေးကို ရှေးရှုမည်ဟုဆို၏။ ဤသို့ ရည်ရွယ်ချက်ချင်း တူနေသည်မှာ ဂျပန်လူမျိုးတို့ ဝါဒထက် ပုဂ္ဂိုလ်ကို ပို၍ ခင်မင် ယုံကြည်ကြောင်း ပြသခြင်းဖြစ်ပါသည်။ ဤပါတီများကြောင့် မညီမညွတ်ဖြစ်ရသည်ဟု အစိုးရက ၁၈၈၃ ခုတွင် နိုင်ငံရေးပါတီများကို ဖျက်စေ၏။ နိုင်ငံရေးပါတီများ ညံ့သဖြင့် လွှတ်တော်သည် အပြုသဘော တည်တံ့ခြင်းထက် အဖျက်သဘော တည်တံ့လျက် ရှိရပေသည်။ နိုင်ငံခြားသားက နယ်လွန်တရားဆုံးဖြတ်ခွင့် တောင်းခဲ့သည်မှာ **ဂျပန်ဥပဒေ**များ ကြမ်းတမ်း၍ ကျင့်ထုံးမညီမညွတ် ရှိသောကြောင့် ဖြစ်ရကား တရားမ၊ ရာဇဝတ်နှင့် ကျင့်ထုံးဥပဒေများကို ဥရောပတိုက်သားတို့နည်းကိုယူ၍ ပြင်ဆင်ရန် ကြိုးစားရပြန်၏။ ၁၈၆၈ ခုနှစ်၌ ရာဇဝတ်ဥပဒေရုံးကိုတည်၏။ ၁၈၈၁ ခုနှစ်၌ တရားဌာနကို ဖွဲ့စည်းမိ၏။ ၁၈၈၂ ခုတွင် ရာဇသတ်ဥပဒေနှင့် ကျင့်ထုံးအသစ်ကို ပြဋ္ဌာန်းလိုက်သည်။ စနစ်သစ်အရ တရားဌာနနှင့် အုပ်ချုပ်ရေးဌာနကိုခွဲ၍ **တရားဌာန**၌ ကျွမ်းကျင်ပြီး ရှေ့နေများကိုခန့်၏။ ၁၈၈၉ ခုနှစ်တွင် တရားမကျင့်ထုံး ဥပဒေကို အနောက်တိုင်းမှ ယူလိုက်ခြင်းဖြင့် ပြုပြင်ရေးပြည့်စုံခြင်းသို့ ရောက်ပါသည်။ ၁၈၉၄ ခုနှစ်သို့ရောက်လျှင် အမေရိကန်နှင့် အင်္ဂလိပ်တို့က နယ်လွန်တရားစီရင်ခွင့်ကို စွန့်လွှတ်လိုက်ကြပါသည်။ အခြားနိုင်ငံများကလည်း လိုက်၍စွန့်လွှတ်ကြရာ ၁၈၉၉ ခုတွင် ဂျပန်သည် မိမိပိုင်နက်၌ ဖြစ်လာသော အမှုအခင်းအားလုံးကို ဆုံးဖြတ်ခွင့်ပြန်၍ ရပါတော့သည်။

## စီးပွားရေးနှင့် ယဉ်ကျေးမှု ပြောင်းလဲပုံ

တစ်ကိုယ်တော်ထီးတည်း နေသောဘဝမှ တန်ခိုးကြီးနိုင်ငံတစ်ခု ဖြစ်လာအောင် ဂျပန်ပြောင်းလဲရာ၌ နိုင်ငံရေးသာမက စီးပွားရေးနှင့် ယဉ်ကျေးမှုတွင်လည်း တော်လှန်ပြောင်းလဲခဲ့ပါသည်။ **ကံကျေးချစနစ်**ကို ဖျက်လိုက်လျှင် ယခင်ကလို လယ်သမားမျိုး၊ ပန်းပဲမျိုး၊ စစ်သားမျိုးဟု **ဇာတ်**သတ်ထားခြင်းအားလုံးပျက်၍ မည်သူမဆို နှစ်သက်ရာ အသက်မွေးဝမ်းကျောင်းကို လုပ်ခွင့်ရလာခဲ့၏။ ကရဏာကြေးကို ရောင်းပြီးစ ဒအိမျောတို့က ငွေပေါပေါဖြင့် စက်မှုလက်မှုအလုပ်ကြီး အကိုင်ကြီးကို လုပ်ရန်စီစဉ်ကြ၏။ ဆမုရအိတို့ကမူ ငွေအားရှိသလောက် အလယ်အလတ်တန်း လုပ်ငန်းများနှင့် လယ်ယာတွင် ဝင်ရောက်လုပ်ကိုင်ကြ၏။ ထိုသူတို့ လုပ်အားဖြင့် နှစ်များမကြာမီ ဂျပန်သည် စက်မှုလက်မှု တန်ခိုးကြီးနိုင်ငံ ဖြစ်၍လာပါသည်။ ၁၈၇၂ ခုနှစ်က မြေယာကို **ကျေးတောသား**တို့ ပိုင်ခွင့်ရခဲ့သော်လည်း အစိုးရက စက်မှုလက်မှု အားပေးရန် မြေခွန်ကိုပို၍ကောက်သဖြင့် ကျေးတောသား လယ်ပိုင်ရှင်များစွာပင် ဆင်းရဲနွမ်းပါးလာကြလျက် လယ်ငှားဘဝသို့ ရောက်လာကြ၏။ ထို့အပြင် လူဦးရေ အလွန်တိုးပွားလာသည်ကို တွေ့ရပြန်၏။ ထို့ကြောင့် မြို့ကြီးများမှ စက်ရုံတွင် အလုပ်ရလိုရငြား လူအများပင် မြို့ကိုတက်လာသည်ကို တွေ့ရပါသည်။ အစိုးရက လိုအပ်သော စက်မှုလက်မှုကို ငွေကြေးထောက်ပံ့၏။ အစိုးရက မတည်၍ **ကော်ပိုရေးရှင်း** ဖွဲ့ပေး၏။ ပထမဦးဆုံး ငွေကြေးကို ထိန်းနိုင်ရန် **ဘဏ်**များဖွဲ့စေ၏။ ထို့နောက် ပစ္စည်းလဲလှယ်ရေးအဖွဲ့များ၊ သင်္ဘောကုမ္ပဏီများ၊ မီးရထားနှင့် သံကြိုးဆက်သွယ်ရေးများကို တည်ဆောက်စေခြင်းဖြင့် စက်မှုလက်မှု တိုးတက်ရေးကို အထောက်အကူဖြစ်စေသည်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရန် အဆောက်အအုံသေးသော အထည်အလိပ် ရက်လုပ်ခြင်းမျိုးကစ၏။ ပြီးမှ အဆောက်အအုံကြီးသော သင်္ဘောတွင်းတူးခြင်း၊ သံမဏိပစ္စည်း ထုတ်လုပ်ခြင်း၊ သင်္ဘောတည်ခြင်းနှင့် စစ်သုံးပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို လုပ်စေပါသည်။ အစတွင် မရဲသဖြင့် ငွေရှင်များက စက်မှုလက်မှု မလုပ်ဝံ့သောကြောင့် အစိုးရကစ၍ ပေးရသည်။ သို့သော် ၁၈၈၀ ပြည့်နှစ်ကစ၍ အစိုးရက တိုက်ရိုက်မပါတော့ချေ။ အကာအကွယ်ပေးရုံမျှသာ ပေးတော့သည်။ အစိုးရ ကော်ပိုရေးရှင်းတို့ကို ငွေရှင်များ လက်တွင်းသို့ လွှဲပြောင်းပေး၏။ တရုတ်နှင့် စစ်ဖြစ်၍





နိုင်သည်အထိ ဂျပန်စက်မှုလက်မှု ထူထောင်ရေး၌ နိုင်ငံခြားကူငွေ မပါချေ။ စက်မှုလက်မှု တည်ထောင်ရာ၌ ချမ်းသာသူ အမျိုးစု အနည်းငယ်ပါဝင်ခဲ့ရာ ယင်းတို့ကို စုပေါင်း၍ **ဇအိဗတ်စု**ဟု ခေါ်လေ့ရှိ၏။ တစ်နိုင်ငံလုံး၏ စီးပွားကို လက်ဝါးကြီးအုပ်ထားသူများ ဖြစ်ပါသည်။ **မိတ်စုအိ** အမျိုးတို့က ဘဏ်များတည်ထောင်၍ အစိုးရက ငွေကြေးကူညီခဲ့သဖြင့် အစိုးရ **ကန်ထရိုက်**နှင့် **မိုနိုပိုလီ**ခေါ် တစ်ဦးတည်း ရောင်းဝယ်ခွင့်များကို ရရှိခဲ့၏။ နောက်ဆုံး၌ အထည်လုပ်ငန်းကို အုပ်စီးမိ၏။ **မိတ်စုဗိရှိ** အမျိုးက ၁၈၇၄–၅ ခုနှစ်များက **ဖော်မိုဆာ** အရေးတွင် သင်္ဘောတည်ခွင့် ရခဲ့သည်မှစ၍ နောင်အခါ ဂျပန်အတွက် သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောပစ္စည်းများကို လုပ်ခွင့်ရခဲ့၏။ **စုမိတောမော** အမျိုးက သတ္တုတွင်းတူး၏။ အဆောက်အအုံကြီးသော လုပ်ငန်းများ၊ လက်နက်ခဲယမ်း မီးကျောက်လုပ်ငန်းများကို လုပ်သည်။ ၁၈၆၈ ခုက ဧကရာဇ်၏ ကတိအတိုင်း နိုင်ငံခြားမှ အကောင်းဆုံး စနစ်ကိုယူ၍ ပညာရေးကို ပြုပြင်ပါသည်။ နိုင်ငံခြားသား ပညာရှင်များကို ဂျပန်သို့ ခေါ်ယူ၍ ကျောင်းနှင့် တက္ကသိုလ်များကို ဖွင့်လှစ်ခဲ့စေ၏။ ဂျပန်ကျောင်းသား ထောင်သောင်းများစွာကိုလည်း နိုင်ငံခြားသို့လွှတ်၍ ရာဇဝင်၊ အုပ်ချုပ်ရေးနှင့် အနုပညာများကို သင်စေ၏။ ပညာရေးကို အစိုးရက အသေးစိတ်စောင့်ကြည့်၍ ပြုပြင်ပေးသည်။ ၁၈၈၆ ခုတွင် **မူလတန်းပညာ**ကို စရိတ်နည်းနည်းနှင့် သင်ယူနိုင်လာကြသည်။ သာသနာယုံကြည်မှုတွင် တောကုဂဝ တို့က ဗုဒ္ဓသာသနာကို အားပေးခဲ့သည်။ သို့သော် ၁၈၆၈ ခုနှစ်ကစ၍ **ရှိန်တော**ကို အစိုးရက နိုင်ငံတော်သာသနာအဖြစ်ဖြင့် အသိအမှတ်ပြုခဲ့သည်။ ၁၈၇၂ ခုတွင် ဗုဒ္ဓသာသနာကိုလည်း ပြန်၍ ခွင့်ပြုရာ သာသနာ နှစ်မျိုးစလုံးကို လက်ခံသည်ကများသည်။ လက်ထပ်ပွဲ၌ ရှိန်တောအလေ့အထကို သုံးစွဲ၍ သေသူကို သင်္ဂြိုဟ်ရာ၌ ဗုဒ္ဓသာသနာ အလေ့အထကိုသုံး၏။ ၁၈၇၃ ၌ ခရစ်ယာန်သာသနာလည်းခွင့်ပြုသည်။ ၁၈၈၉ ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် နိုင်ငံတော်သားတို့တာဝန်ကို မလစ်ဟင်းစေဘဲ ငြိမ်းချမ်းရေးကို မထိခိုက်လျှင် ကိုးကွယ်လိုရာကိုးကွယ်ခွင့် ပြုခဲ့လေသည်။

## ၂။ တရုတ်တော်လှန်ရေး

### မန်ချူးပြုပြင်ရေး အစီအစဉ် (၁၉၀၂–၁၁)

**လက်သီးသူပုန်** မထမီက မိဖုရားဟောင်း **စုဇီ**သည် ပြုပြင်ရေးကို နှိပ်ကွပ်၏။ နိုင်ငံခြားသားတို့စု၍ **ပီကင်း**ကို လာရောက်တိုက်ခိုက်သဖြင့် ထွက်ပြေးရပြီးနောက် ဇုဇီသည် ၁၉၀၈ ခုတွင် သေဆုံးသည့်အထိ ယခင် ကန့်ကွက်ခဲ့သော ပြုပြင်ရေးများကိုပင် အားပေးခဲ့ပါသည်။ တရုတ်နှင့် မန်ချူးကို တန်းတူထား၍ **အပြန်အလှန် လက်ထပ်ခွင့်** ပြုခြင်းကား ဇုဇီ၏ ပထမဆုံး ပြုပြင်ရေးဖြစ်ပါသည်။ ပညာရေး၊ ရေတပ်၊ ကြည်းတပ်၊ ဥပဒေရေးရာနှင့် အုပ်ချုပ်ရေး ယန္တရားကို ပြုပြင်ရန် ကြိုးစားပါသေးသည်။ ပညာရေးကို ၁၉၀၁ ခုနှစ်မှစ၍ ပြုပြင်ခဲ့၏။ မန်ချူးလူငယ်များကို အနောက်နိုင်ငံသို့ ပညာသင်လွှတ်၏။ ပညာရေးဌာနဖွင့်၏။ ၁၉၀၄ ခုနှစ်ကစ၍ အနောက်နိုင်ငံ စနစ်အတိုင်း **ကလေးတန်းမှကောလိပ်**အထိ သင်စေ၍ ပီကင်းတက္ကသိုလ်ကို တည်ထောင်၏။ ၁၉၀၅ ခုမှစ၍ **ရှေးနယ်အုပ်ချုပ်မှုအရာရှိရွေးစာစစ်ပွဲ**ကို ဖျက်၍ နိုင်ငံခြား ပညာတော်သင်လွှတ်ခြင်းကို ယခင်ကထက်ပို၍ အားပေးသည်။ ကြည်းတပ်၊ ရေတပ်တွင် ပြုပြင်ခြင်းများလည်း လုပ်ခဲ့၏။ ၁၉၀၅ ခု မတိုင်မီက မန်ချူးအလံတော်နှင့် တပ်များကို မြို့ကြီးများ၌ထား၍ အလံစိမ်းတင်သော နယ်ဘုရင်ခံ၏ တပ်များက နယ်ကို စောင့်ရှောက်ရ၏။ တပ်နှစ်မျိုးစလုံးပင် အဂတိလိုက်စားခြင်း၊ အုပ်ချုပ်မှုညံ့ခြင်း၊ လက်နက်ညံ့ခြင်းတို့ကြောင့် အသုံးကျလှသည် မဟုတ်ချေ။ **ယွန်ရှေ့နိုင်**က တပ်မဟာ ၃၆ တပ်ရှိသော ခေတ်သစ် တရုတ်တပ်မတော်ဖွဲ့ရန် စီစဉ်၏။ တပ်မဟာ ၆ တပ်မျှ တည်ဆောက်ပြီးစီးသေးသော်လည်း ၁၉၀၈ ခုတွင် **ယွန်**ကို ရာထူးမှ နုတ်လိုက်သဖြင့် ဆက်လက်လုပ်ကိုင်မည့်သူ မရှိတော့ချေ။ တရုတ်ရေတပ်မှာ ပြင်သစ်နှင့် **တောင်ကင်းစစ်**တွင် ပျက်စီးခဲ့၏။ ၁၈၉၄ ခုတွင် ပြန်လည်တည်ဆောက်သော ရေတပ်၏ မြောက်ပိုင်းတပ်မှာ ဂျပန်စစ်တွင် ပျက်ပြန်၏။ ၁၉၀၇ ခုတွင် ရေတပ်ဌာနသစ်ဖွင့်၍ ဗဟိုမှ စနစ်တကျ ကြိုးကိုင်ရန် စီစဉ်သော်လည်း နယ်တို့မှ မနှစ်သက်သဖြင့် မထိရောက်ချေ။ ၁၉၀၁ ခုနှစ် ထုတ်ပြန်သော ပြုပြင်ရေး အမိန့်တော်အရ နိုင်ငံခြားမှ အကောင်းဆုံးနည်းကို ယူမည်ဟု ဆိုခဲ့၏။ ထို့ကြောင့် နိုင်ငံရေးပြုပြင်ရန် ဥရောပတစ်တိုက်လုံးကို လေ့လာလျှင် ရုရှားကလွဲ၍ ကျန်နိုင်ငံ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိသည်ကို တွေ့ရ၏။ ရုရှားမှာလည်း ၁၉၀၄–၅ ခုနှစ်များတွင် ဂျပန်ကိုမျှ မနိုင်





နိုင်အောင် အားနည်းနေပြီကို တွေ့ရပြန်သည်။ ဂျပန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရှိနေပြီကိုလည်း တွေ့ရသည်။ ထို့ကြောင့် နိုင်ငံခြားသို့ လေ့လာရန်သွားသော ၁၉၀၅–၆ တရုတ်ကော်မရှင်က ဂျပန်နည်းအတိုင်း ဂျာမနီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စံပြု၍ တရုတ်မှန်ချူးဧကရာဇ် အစိုးရနှင့် ဆီလျော်အောင် ရေးဆွဲရန် အကြံပေးခဲ့၏။ **ဇုဇီ**က တဖြည်းဖြည်း ပြောင်းလဲသည်ကို ပို၍လိုလားသည်။ ပထမတွင် ဥပဒေမင်း၏ သဘောကို လက်ခံ၍ အုပ်ချုပ်ရေးဌာနများ ခွဲရမည်။ ၁၉၀၇ ခုတွင် နယ်များ၌ အတိုင်ပင်ခံ လွှတ်တော်ငယ်များကို ခေါ်ယူ၍ ပါလီမန်အုပ်ချုပ်ရေး သဘောတရားကို လက်တွေ့နားလည်အောင် လေ့လာရမည်။ သို့မှသာလျှင် အမျိုးသားလွှတ်တော်ခေါ်လျှင် စနစ်တကျ ပြောတာလုပ်တတ်မည်ဟု သဘောပေါက်၏။ ပြုပြင်ရေး ရှိသမျှကား ရွှေနန်းတော်က ချပေးသည့် ဆုလာဘ်သဖွယ် မှတ်ယူကြရမည်ဖြစ်၍ ပြည်သူလူထုက လက်ခံရန်သာရှိသည်။ တောင်းခွင့်မရှိဟု **ဇုဇီ**က ယူဆသည်။ ၁၉၀၈ ခုတွင် ယာယီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲပြီး၍ ရှေ့ကိုးနှစ်အတွင်း လုံးဝ ပြောင်းလဲရေးအတွက် အစီအစဉ်ချ၍ ပေးလေသည်။ ပထမနှစ်နှစ်တွင် နယ်လွှတ်တော်များ ခေါ်ယူစေ၍ ၁၉၁၀ ပြည့်နှစ်တွင် အမျိုးသားလွှတ်တော်ကို ပီကင်းတွင် ခေါ်ယူ၍ ပြုပြင်ရေးကို အဆင့်ဆင့် တိုးချဲ့သွားရမည်ဖြစ်ရာ ၁၉၁၇ ခုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲပြီး၍ အမျိုးသား ပါလီမန်ကိုခေါ်ယူမည်ဟု ရည်ရွယ်၏။ ထိုကိုးနှစ် စီမံကိန်းကို ကြေညာပြီး၍ သုံးလကြာလျှင် မိဖုရားဟောင်း **ဇုဇီ**ရော ဧကရာဇ် **ကွမ်ရှူ**ပါ သေဆုံးကြ၏။ အသက်နှစ်ခါလည်ကျော်မျှသာ ရှိသေးသော **ပုယီ** နန်းတက်၍ မင်းသား **ချွန်**က **နန်းစောင့်**ဖြစ်လာသည်။ **နန်းစောင့်အစိုးရ**က ပထမဆုံး **ယွန်ရှေ့နိုင်** ကို ရာထူးမှ နုတ်သိမ်း၏။ အစိုးရတွင် အတော်ဆုံး အမှုထမ်းတစ်ယောက် ဆုံးရှုံးရသည်။ နယ်လွှတ်တော်များကို ၁၉၀၉ ခုတွင်မှ ခေါ်ယူဖြစ်တော့သည်။ ထို နယ်လွှတ်တော်တို့က အစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်လျက် ပြုပြင်ရေး ကာလ ၉ နှစ်ဟု သတ်မှတ်သည်ကို ကြာလွန်းသဖြင့် အလျင်အမြန် ပါလီမန် ခေါ်ယူရန် တိုက်တွန်းကြလေသည်။ နောက်တစ်နှစ်၌ ခေါ်ယူသော အမျိုးသားလွှတ်တော်တွင် အမတ်ထက်ဝက်မှာ နယ်လွှတ်တော်ကဖြစ်၍ ကျန်တစ်ဝက်မှာ ဧကရာဇ်က ရွေးသူများဖြစ်၏။ သို့သော် အမျိုးသားလွှတ်တော်ကလည်း အစိုးရကို အပြစ်တင်လျက် ပြုပြင်ရေးကို လျင်လျင်မြန်မြန်လုပ်ရန် တောင်းဆိုသည်။ ဤအတောအတွင်း၌ သမ္မတနိုင်ငံ တည်ထောင်ရေး သူပုန်ပေါ်ပေါက်လာပါသည်။

## ဆန်ယက်ဆင်နှင့် သမ္မတနိုင်ငံထူထောင်ရေး

**ကိုးနှစ် စီမံကိန်း**က တကယ်တမ်း လုပ်လျှင်လည်း တိုးတက်နိုင်ပါ၏။ သို့သော် **ဇုဇီ** သေလွန်ပြီးနောက် ပြုပြင်ရေးများကို တကယ်တမ်း ထိရောက်အောင် မဆောင်ရွက်နိုင်ကြတော့ချေ။ တစ်ဖက်မှ ကြည့်ပြန်လျှင် မူလလျာထားသော ပြုပြင်ရေးအားလုံး ဖြစ်မြောက်အောင် လုပ်ပေးသော်လည်း ယခုအခါ တဖြည်းဖြည်း အားကောင်းလာသော တော်လှန်ရေးသမားတို့က နည်းသေးသည်ဟု ဆိုမည်မှုချ ဖြစ်ပါသည်။ သူပုန်တို့၏ ခေါင်းဆောင်ကား **ဒေါက်တာ ဆန်ယက်ဆင်**ပင် ဖြစ်ပါသည်။ **ကန်တောင်** အနီး၌ မွေးဖွားခဲ့၍ **ဟဝိုင်အီ** သာသနာပြုကျောင်း၌ နေခဲ့ပြီးနောက် ဟောင်ကောင်ဆေးကျောင်းကို တက်ခဲ့သည်။ ထိုနောက် လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေးနှင့်ပတ်သက်သော စာပေများကို ကမ္ဘာအရပ်ရပ်သို့ သွားလာရင်း ကြည့်ရှုလေ့လာခဲ့သူလည်း ဖြစ်ပါသည်။ ၁၈၉၅ ခုနှစ်ကတစ်ကြိမ် ပုန်ကန်ဖူး၏။ အရေးရှုံးနိမ့်သဖြင့် နိုင်ငံမှ ထွက်ပြေးရလျက် လျှို့ဝှက်သင်းများစွာကို တည်ထောင်ခဲ့သည်။ ပထမတွင် မန်ချူးဆန့်ကျင်ရေး မျိုးချစ်အဖြစ်ဖြင့် နိုင်ငံရေး စတင်ခဲ့ရာမှ တဖြည်းဖြည်း လက်ဝဲဆန်၍ လာပါသည်။ ၁၉၀၅ ခုတွင် **ဆန်က** **ထုန်မန်ဟွီး**ခေါ် မဟာမိတ်အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့၏။ ယင်းအဖွဲ့ချုပ်ပင် ၁၉၁၁ ခုနှစ် သူပုန်ကို ခေါင်းဆောင်ပါသည်။ အဖွဲ့ပေါင်းချုပ်က တရုတ်သမ္မတနိုင်ငံ တည်ထောင်၍ လယ်မြေပြန်လည်ဝေခြမ်းလို၏။ တရုတ်ပြည်သစ်ကို ထူထောင်ရာ၌ အဆင့်သုံးဆင့်ထားလို၏။ (၁) ပထမအဆင့်တွင် စစ်အုပ်ချုပ်ရေးဖြင့် မန်ချူးလက်မှ နိုင်ငံကို လုယူ၍ ငြိမ်ဝပ်ပိပြားသည်အထိ ထိန်းသိမ်းရမည်။ (၂) ဒုတိယ ပြည်သူလူထုကို ဒီမိုကရေစီသဘောတရားနှင့် အစိုးရကျင့်ထုံးများ နားလည်လာအောင် သင်ကြားပေးရမည်။ (၃) တတိယ နောက်ဆုံးအဆင့်ကား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်ရန် ဖြစ်ပါသည်။ သူပုန်ထစဉ်က **ပညာတတ်လူတန်းစား** အနည်းငယ်သာ **ဆန်**၏ ဝါဒရေးရာကို နားလည်ကြပါသည်။ တော်လှန်ရေး စတင်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ မန်ချူး ပြုပြင်ရေးလုပ်ငန်းစဉ်တွင် မီးရထားလမ်းများ အနှံ့အပြား ဆက်သွယ်ရန်ပါ၏။ တိုင်းရင်းသားငွေနှင့် နယ်တိုင်းနယ်တိုင်းက တာဝန်ယူ၍ လမ်းဖောက်လုပ်ရန် လိုပါသည်။ သို့သော် အဂတိလိုက်ခြင်း၊ ကောင်းစွာ မစီမံတတ်ခြင်းတို့ကြောင့် ဗဟိုအစိုးရက ကြိုးကိုင်ရန် လိုလာပါတော့





သည်။ ဗဟိုကကိုင်လျှင် နိုင်ငံခြားသြဇာ ပါလာမည်မလွဲတည်းဟု မကျေနပ်ကြသဖြင့် ဆူပူလာကြပါသည်။ ထိုမကျေနပ်ချက်ကို အခွင့်ကောင်းယူ၍ အမျိုးသားတော်လှန်ရေးကို မီးမွှေးပေးခဲ့လေသည်။ ကျောင်းသားနှင့် စစ်သားတို့ အားတက်သရော ပါဝင်လာကြပါသည်။ **ကန်တောင်**တွင် ထကြွသည်မှာ အနိမ်ခံရ၏။ သို့သော် **ဟန်ကောင်**၌ ၁၉၁၁ ခု အောက်တိုဘာ ၁၀ ရက်နေ့တွင် သူပုန်တို့၏ တိတ်တိတ်ပုန်းထားသောဗုံး မတော်တဆ ပေါက်ကွဲရာမှ အနီးရှိ **စစ်တပ်**က သူပုန်ထလိုက်ခြင်းဖြင့် သူပုန်မှာ ကြီးကျယ်၍သွားရသည်။ ထိုသူပုန်**စစ်တပ်**တွင် ကာနယ် **လီယွန်ဟန်** ခေါင်းဆောင်၏။ မကြာမီ **ဝုချန်**နှင့် ဟန်ကောင်ကို သိမ်းမိကြ၏။ ညှိနှိုင်းတိုင်ပင်၍ ဗဟိုအစီအမံ မရှိသော်လည်း တရုတ်တစ်နိုင်ငံလုံး သူပုန်ပျံ့နှံ့သွား၏။ ပထမသူပုန်အစိုးရကို ဝုချန်တွင် လီယွန်ဟန် ခေါင်းဆောင်၍ ဖွဲ့စည်းခဲ့သည်။ ထို့နောက် စစ်အစိုးရကို ကန်တောင် သူပုန်တို့က **ရှန်ဟဲ**တွင် ဖွင့်ရာ **ဝုထင်-ဖန်**မှာ ခေါင်းဆောင်ဖြစ်၍ နိုင်ငံခြားသားအကူအညီပေးပါဟု စတင်တောင်းခံခဲ့သည်။ ပီကင်းတွင် နိုင်နင်းစွာ ခေါင်းဆောင်နိုင်မည့်သူ မရှိသဖြင့် **ယွန်ရှေ့ခိုင်**ကို ပြန်၍ခေါ်ယူရသည်။ စစ်တပ်ကို အုပ်ချုပ်၍ စစ်အာဏာရှင်ကဲ့သို့ စီမံနိုင်ခွင့်ပေးရသည်။ သူပုန်ထစက ဆန်ယက်ဆင်မှာ အမေရိကန် ပြည်ထောင်စု၌ ရောက်နေလျက် ချက်ချင်း အလျင်စလို ပြန်မလာသေးဘဲ ဥရောပတစ်ခွင်၌ သူပုန်ကို အားပေးချင်အောင် လှုံ့ဆော်ပြီးမှ ပြန်ခဲ့၏။ ပြန်ရောက်လျှင် ဟန်ကောင်နှင့် ရှန်ဟဲသူပုန်တို့ကို တစ်စုတည်းပေါင်း၍ **ယာယီအစိုးရ**ဖွဲ့ရာ ဆန်ကိုပင် သမ္မတမြှောက်ကြ၏။ သူပုန်တပ်ကြီး၏ သေနာပတိ လီယွန်ဟန်ကို ဒုတိယ သမ္မတမြှောက်ကြသည်။ သမ္မတအစိုးရနှင့် **မန်ချူးအစိုးရ**နှစ်ဖွဲ့လုံးပင် ငွေရေးကြေးရေး အကျပ်အတည်း တွေ့နေကြရ၏။ ပြည်သူကလည်း အခွန်မပေး၊ နိုင်ငံခြားကလည်း ငွေမချေးရဲသောအခါ ဖြစ်ပါသည်။ ဤတွင် ယွန်ရှေ့ခိုင်မှာ ချိန်ခွင်လျှာနှင့်တူသော အခြေအနေတွင် ရှိ၏။ ယင်းပါဝင်သည့်ဘက်သည် နောက်ဆုံး အနိုင်ရပေမည်။ ယွန်ကား တရုတ်အမျိုးသားဖြစ်၍ မန်ချူးဘုရင်အပေါ်၌ သံယောဇဉ်မရှိသော်လည်း ရှေးအရာရှိကြီးဖြစ်သောကြောင့် သမ္မတဂိုဏ်း အယူအဆကို မကြိုက်သူဖြစ်ပါသည်။ ယခု ယွန်တွင် အားကိုးလောက်သော စစ်တပ်နှင့်တကွ အာဏာရှင်၏ တန်ခိုးသတ္တိကို ရထားလျက်ရှိသည်။ သို့သော် ကေရာဇ်ဟူ၍ ထီးနန်းသစ် ထူထောင်မည်လည်း မဟုတ်ချေ။ ဤတွင် ဆန်ယက်ဆင်က လက်ငင်းပြဿနာကို အကောင်းဆုံး ဖြေရှင်းသည့်

သဘောဖြင့် ယွန်ရှေ့ခိုင်ကို သမ္မတရာထူး ထိုးအပ်ပါတော့သည်။ စေ့စပ်ဖျန်ဖြေလျက် မန်ချူးကေရာဇ်က ထီးနန်းစွန့်၍ အသာတကြည် ထွက်ခွာသွားခွင့်ရ၏။ ယွန်ရှေ့ခိုင်မှာ သမ္မတဖြစ်လာ၍ လီယွန်ဟန်က ဒုတိယသမ္မတ ဖြစ်လာပါတော့သည်။ ၁၉၁၂ ခု မတ်လတွင် ယာယီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲပြီးသည်။ လွှတ်တော်တစ်ခုတည်းကိုသာ ပြဋ္ဌာန်းသည်။ လွှတ်တော်၊ သမ္မတ၊ ကဲ့ဘိနက်နှင့် တရားဌာနတို့ပေါင်း၍ အချုပ်အခြာအာဏာကို ပေးအပ်ထား၏။ ဆယ်လကြာလျှင် တစ်ခုတည်းသော လွှတ်တော်အစား **အမျိုးသားလွှတ်တော်** အမည်ဖြင့် **လွှတ်တော်နှစ်ရပ်** ဖြစ်လာပါသည်။ သမ္မတနိုင်ငံသစ်၌ အခက်အခဲများလှသဖြင့် အောင်မြင်နိုင်စွမ်းရှိမည်ဟုပင် မထင်နိုင်ချေ။ သမ္မတနှင့် ဒုတိယသမ္မတ နှစ်ဦးစလုံးပင် စစ်ဗိုလ်ကြီးများဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အုပ်စိုးရပုံကို နားလည်နိုင်ရန် ခဲယဉ်း၏။ နိုင်ငံရေးသမား စစ်စစ်တို့မှာလည်း အနောက်တိုင်းက ဝါဒရေးကို သင်ဖူးမှတ်ဖူး ဖတ်ဖူးရုံသာရှိ၍ လက်တွေ့ လုပ်ဖူးသည်မရှိချေ။ တရုတ် တစ်နိုင်ငံလုံး၌ နယ်အုပ်ချုပ်ရေးတွင် နယ်ဘုရင်ခံသည် ဒေသဆိုင်ရာ စစ်တပ်ဖွဲ့၍ ထားရဆဲဖြစ်၏။ သမ္မတက ထိုစစ်တပ်ငယ်များကို ဖျက်ပစ်ရန် အမိန့်မပေးနိုင်ဘဲ ရှိနေသည်။ ထို့ထက်ဆိုးသည့် ပြဿနာကား အမျိုးသားလွှတ်တော်နှင့် သမ္မတ မသင့်တင့်သည့် အရေးပင်ဖြစ်ပါသည်။ ၁၉၁၂ ခုတွင် ဆန်ယက်ဆင်သည် **ကိုမင်တန်** ခေါ် အမျိုးသားပြည်သူ့ပါတီဟူသော အမည်ဖြင့် နိုင်ငံရေး ပြန်လည်စည်းရုံးရာ တောင်ပိုင်းနယ်များကသာ အင်တိုက်အားတိုက် ထောက်ခံပါဝင်ကြသည်။ သမ္မတတွင် စစ်အင်အားသာ၏။ ရှေးအရာရှိကြီးများနှင့် ရှေးဆန်သော တရုတ်တို့က ယင်းသည်ပင်လျှင် မန်ချူးကေရာဇ်က အာဏာလွှဲ၍ပေးခဲ့သော တရားဝင်အုပ်ချုပ်သူဟု နားလည်ကြသည်။ **ယွန်က** ဂျပန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီနှင့် ရုရှား **ငါးနိုင်ငံအစု**ထံမှ ငွေချေးယူလျှင် တောင်ပိုင်း သမ္မတဂိုဏ်းသားတို့က ၁၉၁၃ ခု နွေဦး **ယန်ဇီ** မြစ်ဝှမ်း၌ သူပုန်ထရာ ယွန်က နှိမ်နင်းနိုင်၏။ ဆန်ဂျပန်သို့ ထွက်ပြေးရသည်။ သူပုန်ထသော်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အပြီးသတ်ရေး ၁၉၁၃ ခု အောက်တိုဘာလ ၁၀ ရက်နေ့မှစ၍ **ယွန်** နှင့် **လီ**ကို ရှေ့ဆယ်နှစ် အဖို့ သမ္မတနှင့် ဒုတိယသမ္မတ ခန့်လိုက်၏။ တစ်လခန့်အကြာတွင် သမ္မတက ကိုမင်တန်ကို **မတရားသင်း** ကြေညာ၍ ပါလီမန်မှ ထိုပါတီဝင်များကို နှ ထုတ်ခဲ့၏။ ၁၉၁၄ ခု ဇန်နဝါရီလတွင် ပါလီမန်ကို အတောမသတ် ရပ်ဆိုင်း ထားလိုက်သည်။ ယွန်သည် မိမိတွင် ပို၍ အားရှိစေလိုသဖြင့် ဖွဲ့စည်းအုပ်ချု





အခြေခံဥပဒေသစ်ကိုပင် ရပ်စဲ၍ အခြေခံဥပဒေချုပ်ဖြင့်သာ အုပ်ချုပ်လေတော့သည်။ **အခြေခံဥပဒေချုပ်** အရ သမ္မတသည် အာဏာရှင်ဖြစ်၍ ရွေးကောက်တင်မြှောက်ထားသော **ဥပဒေပြုအဖွဲ့**မှာ အတိုင်ပင်ခံအဖွဲ့မျှသာ ဖြစ်လာ၏။ သမ္မတက အလိုကျရွေး၍ ကဲ့ဘိနက်အဖွဲ့ကို ဖွဲ့သည်။ ရဲရဲတင်းတင်းပင် ရန်သူအားလုံးကို ဖယ်ရှား၍ တရုတ်နိုင်ငံကို စည်းရုံးပါတော့သည်။ လွှတ်လပ်စွာ ပြောဆိုရေးသား စည်းရုံးခွင့်ကို ပိတ်ပင်၍ ရှေး**ကွန်ဖြူရှပ်** အမူအကျင့်များကို ပြန်၍ အသုံးပြုစေခြင်းဖြင့် လူကြည်ညိုအောင် တစ်ဖက်က လုပ်ခဲ့သည်။ နယ်လွှတ်တော်များကို ဖျက်သိမ်း၍ နယ်အုပ်ချုပ်ရေးကို ဗဟိုဩဇာခံစေ၏။ စစ်ဘုရင်ခံအသစ်များ ခန့်ထား၍ ငြိမ်းချမ်းအောင် ထိန်းသိမ်းပေးသည်။ အချုပ်အားဖြင့် ပြောရလျှင် ဒီမိုကရေစီ အရေးဆို၍ သူပုန်ထသော တရုတ်သည် အားနည်းညံ့ဖျင်းသော မန်ချူးကေရာဇ်ကို မောင်းထုတ်၍ ကြောက်စရာကောင်းသော စစ်အာဏာရှင် ယွန်ရှေ့ခိုင်ကိုသာ အာဏာပေးမိရက်သား ဖြစ်ပါတော့သည်။

## ၃။ အာဖရိက၊ အိန္ဒိယ၊ မြန်မာနှင့် အရှေ့တောင်အာရှ၌ အမျိုးသားစိတ်ဓာတ်များ ပြန်လည်ထွန်းကားလာခြင်း

### အာဖရိက၌ အမျိုးသားစိတ်ဓာတ်

အာဖရိကတွင် နေထိုင်သူတို့ကို အကြမ်းအားဖြင့် လေးပိုင်းမျှ တွေ့မြင်နိုင်ပါသည်။ (၁) ပထမအားဖြင့် ဥရောပမှ ရွှေ့ပြောင်းနေထိုင်လာသော လူဖြူများဖြစ်၏။ (၂) ဒုတိယအားဖြင့် အီဂျစ်ကဲ့သို့ ယဉ်ကျေးမှုအဆင့်အတန်းမြင့်သော တိုင်းရင်းသား၊ (၃) တတိယအားဖြင့် ယဉ်ကျေးမှု အဆင့်အတန်းနိမ့်သေးသော တိုင်းရင်းသားနှင့် (၄) အာရှမှ ပြောင်းလာသော အာရပ်နှင့်ကုလားစသော လူမျိုးများတို့ ဖြစ်ကြပါသည်။ တစ်ခုစီတွင် ပြဿနာမျိုးပေါင်း များစွာရှိပါသည်။ သို့သော် တစ်ဆယ့်ကိုးရာစုကုန်၍ နှစ်ဆယ်ရာစုဆန်းချိန်၌ အာဖရိကတွင် တိုင်းရင်းသားတို့ လက်တွင်း၌ကျန်သော နယ်မြေမှာ အလွန်သေးငယ်လှ၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ဘဲလဂျီယမ်၊ စပိန်နှင့် အီတလီတို့က အစိတ်စိတ်ပိုင်း၍ ယူငင်ပြီးဖြစ်၏။ လူဖြူတို့နေသော တောင်အာဖရိကကို အင်္ဂလိပ်က

ဒိုမီနီယန်အဆင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ၁၉၁၀ ပြည့်ကစ၍ ပေးခဲ့သည်ကို အထက်က ဖော်ပြခဲ့ပြီးဖြစ်သည်။ အီဂျစ်နိုင်ငံကိုကား ၁၉၃၆ ခုနှစ်က လွတ်လပ်ရေးပေးရသည်။ သို့သော် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဩဇာလွှမ်းနေသေးသဖြင့် ၁၉၅၂ ခုနှစ်က သမ္မတနိုင်ငံ ဖြစ်လာခဲ့သည်ကိုလည်း အထက်က ဖော်ပြခဲ့ပါသည်။ ယဉ်ကျေးမှု အဆင့်အတန်း မမြင့်သေးသော တိုင်းရင်းသားနယ်တို့၌ ဒီမိုကရေစီအရေးကို ဖော်ထုတ်ရန် မဖြစ်နိုင်ရုံသာမက မျိုးချစ်စိတ်ကိုပင် လမ်းမှန်အောင် ထိန်း၍မပေးနိုင်သဖြင့် ခပ်ကြမ်းကြမ်းသတ်ဖြတ် ဆူပူခြင်းမျိုး ဖြစ်လာတတ်ပါသည်။ နမူနာပြောရလျှင် **ကင်းနယားနယ်**၌ ၁၉၅၂ ခုနှစ်ကစ၍ လူဖြူမုန်းလျှင် သတ်သော အကြမ်းဝါဒီ **မောင်းမောင်း** လျှို့ဝှက်သင်းမျိုး ပေါ်လာတတ်၍ ရက်စက်ကြမ်းကြုတ်မှုများစွာ ကြုံတွေ့ရတတ်၏။ ယခင်က **ဂိုးလ်ကို့စ်**ဟုခေါ်၍ ၁၈၂၀ ပြည့်နှစ်ကစ၍ အင်္ဂလိပ်လက်အောက်၌ ရောက်ခဲ့ရာ ၁၉၅၇ ခုနှစ် မတ်လ ၆ ရက်နေ့တွင် လွတ်လပ်ရေးရလျက် ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်၌ **ဂါနာ** သမ္မတနိုင်ငံ ဖြစ်လာသည်။ ခေါင်းဆောင် **နခရူမား** က ဒီမိုကရေစီနည်းကို လက်လွှတ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ခြင်း၊ ဒေသဆိုင်ရာ လွှတ်တော်များကို ဖျက်သိမ်းခြင်း၊ လူမျိုးစု အကြီးအကဲတို့ အာဏာကိုလျှော့ခြင်း၊ အတိုက်အခံတို့ကို စစ်ဆေးခြင်းမပြုဘဲ အကျဉ်းထားခြင်း စသည်တို့ကြောင့် ဝေဖန်ကဲ့ရဲ့ခြင်းခံရသည်။ အချို့က တိုင်းသစ်ပြည်သစ်တည် ချိန်၌ ခပ်ကြမ်းကြမ်း လုပ်သင့်ကြောင်း ရှေ့နေလိုက်သော်လည်း ဒီမိုကရေစီ လက်လွှတ်သည်မှာ မသင့်ဟု ဆိုရချေမည်။ **နိုင်ဂျီးရီးယား**သည် ၁၉၀၀ ပြည့်နှစ် ကစ၍ အင်္ဂလိပ်လက်အောက် ရောက်ခဲ့သည်။ **ဂါနာ** နည်းတူ လွတ်မြောက်ရေး ကြိုးစားခဲ့ရာ ၁၉၆၀ ပြည့် အောက်တိုဘာလ ၁ ရက်နေ့၌ လွတ်လပ်ရေးရသည်။ အေးချမ်းသာယာစွာရှိသည်။ လူဖြူတို့ လွှမ်းမိုးသော တောင်အာဖရိက ယူနီယန်တွင် ဒီမိုကရေစီမှာ လူဖြူလူမည်း ခွဲခြားမှုရှိသဖြင့် စိတ်မချမ်းသာစရာ ဖြစ်သည်။ **လူမည်းကို ခွဲထုတ်ရေးဝါဒ အရ** နှိမ်နင်းသဖြင့် တစ်ကမ္ဘာလုံးက ကဲ့ရဲ့ရှုတ်ချလျက်ရှိ သည်။ ဤသို့ တစ်ဖက်စီးနင်း လုပ်နေကြသော်လည်း (၁၉၅၉ ခု ခန့်မှန်းခြေအရ) လူဦးရေ ၁၄ သန်းခွဲကျော် ကျော်တွင် **ဗန်တူ** အမျိုးသားက ၆၇ ရာခိုင်နှုန်းရှိ၍ ကပြား ၉ ရာခိုင်နှုန်းနှင့် ကုလား ၃ ရာခိုင်နှုန်းရှိကာ လူဖြူမှာ ၂၁ ရာခိုင်နှုန်းသာ ရှိပါသည်။ စီးပွားရေး တိုးတက်အောင် စက်မှုလက်မှုကို ကြီးပွားစေလိုလျှင် လူမည်းတို့ကို စက်မှုလက်မှု ပညာ သင်ပေးရန်သာရှိသည်။ **ခွဲထုတ်ရေးဝါဒ**ကြောင့် ကြာရှည်အောင်မြင်ဖွယ် မရှိချေ။





## အိန္ဒိယနှင့် အမျိုးသားစိတ်

အင်္ဂလိပ်တို့ ရေးသားထုတ်ဝေသော စာစောင်တို့၌ အိန္ဒိယကို မညာတမ်း ဝေဖန်လေ့ရှိသဖြင့် အိန္ဒိယတိုင်းရင်းသားတို့က စာစောင်ထုတ်ကြသောအခါ၌ ဤအတုကိုယူ၍ ဝေဖန်ကြသည်။ အင်္ဂလန်၌ ပညာသင်လာသော တိုင်းရင်းသားတို့က နိုင်ငံရေး ဆောင်ရွက်စပြု၏။ ယင်းတို့တွင် **စုရင်ဒရာနတ်သ်ဗင်နာဂျီ**မှာ ခေါင်းဆောင်ဖြစ်ခဲ့၏။ အိန္ဒိယအမျိုးသား ကွန်ဂရက်က ပထမဆုံး ၁၈၈၅ ခုတွင် ခေါ်ယူခဲ့၏။ အမျိုးသားဟု ခေါ်ရသော်လည်း တစ်နိုင်ငံလုံး စိတ်ပါဝင်စား၍ တက်ရောက်ကြသော အစည်းအဝေးမျိုး မဟုတ်ချေ။ အစပိုင်းက တောင်းဆိုချက် နှစ်မျိုးသာရှိ၍ ဥပဒေပြု အတိုင်ပင်ခံအဖွဲ့တွင် ကိုယ်စားလှယ်ရလိုခြင်းနှင့် အိန္ဒိယ **ပဋိညာဉ်ဝန်ထမ်း** စာမေးပွဲကို အင်္ဂလန်မှာ ဖြေကြားသလို အိန္ဒိယ၌လည်း ဖြေလိုခြင်းတို့သာ ဖြစ်ပါသည်။ ထိုမှတစ်ဆင့်တက်၍ တဖြည်းဖြည်း တောင်းဆိုချက်များ တိုး၍လာတော့သည်။ ၁၈၉၀ ပြည့်ကျော်လျှင် အင်္ဂလိပ်နှင့် လုံးဝ အဆက်ဖြတ်၍ လွတ်လပ်ရေး လိုချင်သော လက်ဝဲဂိုဏ်း ကွန်ဂရက်တွင် ပေါ်၍လာပါသည်။ ယင်းတို့၏ လက်သုံးကား **သရာဇ**ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးပင် ဖြစ်ပါသည်။ ၁၉၀၆ ခုတွင် သရာဇမှာ ကွန်ဂရက်၏ မှန်းထားချက် ဖြစ်၍လာပါသည်။ သို့သော် အင်္ဂလိပ်နှင့် လုံးဝအဆက်ဖြတ်မည်၊ တွဲ၍နေဦးမည်ဟူ၍ နှစ်စွန်းထွက် ငြင်းကြရင်း ၁၉၀၇ ခုတွင် ကွန်ဂရက်၌ စကားများကြ၍ ကြားဂိုဏ်းသာလျှင် ကွန်ဂရက်၌ ကျန်ရစ်၍ အယူသီးသူတို့ ကွန်ဂရက်ကို စွန့်၍သွားပါသည်။ ဂျပန်က ရုရှားကို ၁၉၀၄-၅ ခုနှစ်များက ကောင်းစွာနိုင်လိုက်ခြင်းမှာလည်း အိန္ဒိယ၌ အမျိုးသားစိတ်ကို အလွန်တက်ကြွစေ၏။ နိုင်ငံခြားသားကြောင့် ဟိန္ဒူသာသနာ ပျက်စီးလေတော့သည်ဟူ၍လည်း လူထုကို လှန့်၍ စည်းရုံးသေးသည်။ သာသနာရေး လှုံ့ဆော်သူတို့၌ အထင်ရှားဆုံးကား **ပူးနားမှ ဗြဟ္မဏဗာလ်ဂန်ဂါဒါရ်တိလက်** ဖြစ်ပါသည်။ ကွန်ဂရက်၌လည်း ယင်းပင် လက်ဝဲဂိုဏ်းခေါင်းဆောင်ဖြစ်၍ အရေးကောင်း အပြောကောင်း လူတော်တစ်ယောက် ဖြစ်ပါသည်။ ၁၈၉၇ တွင် ပလိပ်ရောဂါဖြစ်ရာ ရောဂါနှိပ်ကွပ်ရေးတွင် ကုလားအလုပ်သမား မရနိုင်သဖြင့် အင်္ဂလိပ်စစ်သားများနှင့် ပလိပ်ရောဂါဖြစ်ရာ အရပ်များ၌ အသွားအလာ ပိတ်ပင်ခြင်း၊ လူသန့် ၍ ဆေးကုခြင်း၊ တစ်အိမ်ဆင်း တစ်အိမ်တက် လူနာရှာခြင်းတို့ကို ကုလားအမြင်ဖြင့် စော်ကားရိုင်းပျသည်ဟု **တိလက်**က သတင်းစာမှနေ၍ အပြင်းအထန် ဝေဖန်

ရှုတ်ချသဖြင့် ထောင်ချရသည်အထိ ကြီးကျယ်ခဲ့သည်။ ယင်းလှုံ့ဆော်မှုကြောင့် အဓိကရုဏ်းများ ဖြစ်ခဲ့၏။ ပလိပ်ရောဂါ တားဆီးရေးကိုပင် ပြည်သူလူထုက မကြိုက်ဖြစ်ရခြင်းကား နိုင်ငံရေး၏ ဆန်းပြားသော လှည့်စားမှုတစ်မျိုးကိုပင် ဖြစ်ပါသည်။ အင်္ဂလိပ်တို့ တိုင်းရင်းသားနှင့် ရင်းရင်းနှီးနှီး မနေနိုင်ခြင်းကိုလည်း ကွဲရဲ့ပြစ်တင်လာကြသည်။ ကုလားသည် အင်္ဂလိပ်ထက် အရည်အသွေး မညံ့ကြောင်း ကြွေးကြော်လာကြသည်။ ထို့ကြောင့် အိန္ဒိယ၌ လူမျိုးရေးပြဿနာမှာ ဥရောပတိုက်သားနှင့် တိုင်းရင်းသား မကျေမနပ်ရှိကြခြင်းက စသည်။ ၁၈၉၀ ကျော်လျှင် နွားမသတ်ရန် **ဒယာနန္ဒ**ဆိုသူ လှုံ့ဆော်ရာမှ ဟိန္ဒူ–မူဆလင် အဓိကရုဏ်းများ စလေသည်။ ရှေးအခါက ထိုနှစ်မျိုး ရန်ဖြစ်ဖူးသော်လည်း ဒေသအလိုက် အရာရှိများ ဖျန်ဖြေလျှင် ရ၏။ ယခု လွယ်လွယ်နှင့် ငြိမ်းအေးအောင် လုပ်၍မရတော့ချေ။ တစ်နိုင်ငံလုံး ဟိန္ဒူ မူဆလင်တို့ တစ်ဦးအပေါ်တစ်ဦး မလိုလား မယုံကြည်သောစိတ်ဓာတ် ပျံ့လွင့်လာလေသည်။ တစ်ဖက်မှ ဟိန္ဒူဂါဒရေးလုပ်သလို တစ်ဖက်က မူဆလင် သန့်စင်ရေး လုပ်လာသည်။ ဤအတောအတွင်းမှာပင် ခရစ်ယာန်သာသနာပြုတို့က **ဟိန္ဒူ ဓာတ်နိမ့် အယုတ်ညံ့ဆုံး**များကိုမှ ရွေးပြီး သာသနာပြုလျက်ရှိရာ “နင်းပြား” ပြဿနာမှာလည်း အရေးကြီး၍ လာပါသည်။ ဤသို့လျှင် အိန္ဒိယတွင် လူမှုရေးစီးပွားရေးနှင့် နိုင်ငံရေးတို့၌ လှုပ်ရှားလျက်ရှိချိန်တွင် ၁၉၁၁ ခု၌ **ဂျော့ ၅** ဘုရင် အိန္ဒိယသို့ ကြွလာရာ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်ကို တွေ့ရ၏။ စီးပွားရေးဘက်က ကြည့်လျှင် အရောင်းအဝယ် တိုးတက်၍ စက်မှုလက်မှု လုပ်ငန်းများပင် အသင့်အတင့် စလျက်ရှိသည်ကို တွေ့ရ၏။ **ချောတနဂ်ဂပူရ်**တွင် သံနှင့် သံမဏိလုပ်ငန်းစ၏။ အိန္ဒိယတွင် ပထမဆုံး လုပ်ငန်းကြီး စခြင်းပင်ဖြစ်ပါသည်။ ဘုရင်ခံချုပ် **ကာဇုန်** လက်ထက်လောက်မှစလျက် **အစိုးရ**က ပညာရေးကို ပို၍ ဂရုပြုလာပါသည်။ ၁၉၀၄ ခုတွင် တက္ကသိုလ်ဥပဒေကို အတည်ပြုခဲ့၏။ မူလတန်းနှင့် အလယ်တန်းကျောင်းများကို ထောက်ပံ့ကြေး တိုးခဲ့၏။ **အသက်မွေးပညာကျောင်းများ** ဖွင့်ပေးခဲ့၏။ ကွန်ဂရက်မှ **အလယ်ဂိုဏ်း** ခေါင်းဆောင် **ဂိုပယ်ခရစ်ရှုနဂေါက်ခေးလ်**က မူလတန်းပညာ အရေးကြီးပုံနှင့် ကလေးအများဆုံး သင်ယူနိုင်အောင် စီမံသင့်ပုံကို လှုံ့ဆော်ခဲ့၏။ ကမ္ဘာတွင် ကုလားသည် လူမျိုးတစ်ရာတစ်ပါး ရင်ပေါင်တန်းလိုက်နိုင်သည်ဟု မကြွားခင် ကိုယ့်လူမျိုးအချင်းချင်း ဓာတ်နိမ့်ဓာတ်မြင့်မခွဲဘဲ ရင်ပေါင်တန်းထားရန်လိုကြောင်း **ဂေါက်ခေးလ်**လို ခေါင်းဆောင်က ဟောပြောသည်။ အမျိုးသမီးများကိုလည်း အိမ်တွင်းပုန်းဘဝမှ မြင့်တင်ရန်လိုကြောင်း ဆော်ဩကြသည်။ အိန္ဒိယ၌ ရှိနေသော ဥပဒေပြု အတိုင်ပင်ခံအဖွဲ့





များကို အာဏာနှင့် ပါဝင်သူအမျိုးအစား တိုးချဲ့ရန် အလိုရှိကြပြန်၏။ ထို့ကြောင့် ၁၉၀၉ ခုတွင် **မော်လီမင်တို** စီမံကိန်း ပေါ်လာသည်။ ဤစီမံကိန်းမှစ၍ မူဆလင်ကို သီးသန့်လူတစ်စုအနေဖြင့် ခွဲခြား၍ အခွင့်အရေးပေးသည်ကို တွေ့လာရသည်။ ဟိန္ဒူနှင့်ရော၍ မဲမပေးရလေအောင် **မူဆလင် မဲဆန္ဒနယ်**ဟု ခွဲ၍ပေး၏။ ဤခေတ်တွင် ကျောင်းသားထဲမှ **တော်လှန်ရေး လှုံ့ဆော်သူ**များ ပေါ်၍လာလေပြီ။ ၁၈၉၇ ခုနှစ်ကစ၍ **နိုင်ငံရေး လုပ်ကြံသတ်ဖြတ်ခြင်း**များ စလေ၏။ ၁၉၀၇ ခုသို့ ရောက်သောအခါ ကျောင်းသားမှတစ်ဆင့် ဤရောဂါသည် စက်ရုံကူလီတို့ထံသို့ ပျံ့နှံ့၍ သွားပြန်သည်။ ပူးနားမှ တီလက်မှာ မူလလှုံ့ဆော်သူဖြစ်၏။ တီလက်ကို ၁၉၀၈ ခုမှစ၍ ခြောက်နှစ် ထောင်ချထားချိန်၌ အကြမ်းဖက်မှု ခေတ္တလျော့နည်းသွား၏။ **ဘင်္ဂလား** ပြည်နယ်သည် အကြမ်းဖက်ရေးကို အလိုလားဆုံးဖြစ်ကြောင်း တွေ့ရသည်။ ချောင်းမြောင်း သတ်ဖြတ်ခြင်း၊ လူစု၍ လုယူခြင်း၊ နိုင်ငံခြားကုန်ကို အတင်းသပိတ်မှောက်ခိုင်းခြင်းတို့ကို ပြုလေ့ရှိကြ၏။ အင်္ဂလန်နှင့် အမေရိကန်တွင် ကုလားသူပုန်သင်းများ တိတ်တဆိတ်ဖွဲ့ရန် ကြိုးစားကြ၏။ ၁၉၁၂ ခုနှစ်၌ ဘုရင်ခံချုပ်ကိုပင်လျှင် သတ်ရန်ကြံစည်ကြဖူး၏။ အကြမ်းဖက်ဝါဒကို ကုလားမင်းသားများနှင့် ကွန်ဂရက်က ဂေါက်ခေးလ်တို့လို ခေါင်းဆောင်များက ကန့်ကွက်၏။ ၁၉၀၈ ခုနှစ်မှစ၍ ပေါ်လာသော **မူဆလင်အဖွဲ့**ကလည်း ရှုတ်ချသည်။ **ကမ္ဘာစစ်ကြီး ၁** ဖြစ်လျှင် အင်္ဂလိပ်ကို အကြွင်းမဲ့ ထောက်ခံအားပေးသူတို့ ပေါသလောက် အတိုက်အခံလုပ်မည့်သူ နည်းသည်ကို တွေ့ရ၏။ ၁၉၁၇ ခုတွင် အိန္ဒိယကို **အင်္ဂလိပ်လက်နက်နိုင်ငံတော်**အတွင်းမှာပင် တစ်စတစ်စ တိုး၍ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးသွားမည်ဟု ကြေညာခဲ့၏။ ထိုကြေညာချက်ကို စတင်ဆောင်ရွက်ရန် စုံစမ်းစစ်ဆေး၍ ၁၉၁၈ ခု နွေရာသီ၌ **မွန်တေဂူချမ်းစဖို့ဒ်** အစီရင်ခံစာ ထွက်လာပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တစ်နေ့ပေးမည် ဆိုသော်လည်း ရက်ချိန်းမပါသည့်ပြင် စတင် ဆောင်ရွက်ပုံမှာလည်း ထိုစခန်းနှင့် ကွာလှမ်းလှသဖြင့် အမျိုးသားရေးသမားတို့ ဆူကြပြန်သည်။ သို့သော် ၁၉၁၉ ခုတွင် အစီရင်ခံစာကို အမှီပြု၍ **အိန္ဒိယအစိုးရဥပဒေ** ဖြစ်ပေါ်လာပါသည်။ ပြည်နယ်များ၌ **ဘုရင်ခံ**က အချုပ်ဖြစ်သော်လည်း **အုပ်ချုပ်ရေး အတိုင်ပင်ခံအဖွဲ့**တွင် ကုလားများကိုလည်း အင်္ဂလိပ်နှင့်ရော၍ ပါဝင်ခွင့်ပေးမည့်အပြင် ကုလားဝန်ကြီးများလည်း ရှိဦးမည်။ အုပ်ချုပ်ရေး၌ **သီးသန့်နှင့် လက်ပြောင်း** ဟူ၍ **ဌာနခွဲ၍** သီးသန့်ကို **ဘုရင်ခံနှင့်ကောင်စီ**က အုပ်ချုပ်၍ လက်ပြောင်းကို **ဘုရင်ခံနှင့် ဝန်ကြီး**ကအုပ်ချုပ်သည်။

ဝန်ကြီးများကို **ပြည်နယ်ဥပဒေပြုကောင်စီ** အမတ်ထဲမှ ဘုရင်ခံရွေး၍ ခန့်ထားသည်။ အကြမ်းအားဖြင့်ပြောလျှင် တရားဥပဒေ ထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေးတို့မှာ သီးသန့်ဖြစ်၍ **ဒေသအလိုက်အုပ်ချုပ်ရေး**၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားဖြစ်ထွန်းရေးတို့မှာ လက်ပြောင်း ဖြစ်ကြပါသည်။ ပြည်နယ်ဥပဒေပြုကောင်စီတွင် အရာရှိအချို့၊ အစိုးရခန့် အရာရှိမဟုတ်သူ အချို့နှင့် ဒေသအလိုက်၊ လူမျိုးအလိုက်၊ အထူးအကွက်အလိုက်ဟူ၍ မဲဆန္ဒနယ် သုံးမျိုးမှ အမတ်များ ပါဝင်ပါသည်။ အဆိုပါ **ဒိုင်အာကီ**စနစ်ကို အိန္ဒိယ တိုင်းရင်းသား မျိုးချစ်တို့ လက်မခံနိုင်ချေ။

## မြန်မာနှင့် အမျိုးသားစိတ်

အင်္ဂလိပ်နှင့် ၁၈၂၄–၆ စစ်ပွဲပြီးသည့်နောက် ရခိုင်နှင့် တနင်္သာရီတို့ကို ပေးအပ်ခဲ့ရ၏။ တစ်နယ်လျှင် ကော်မရှင်နာ တစ်ဦးခန့်၍ အိန္ဒိယအစိုးရက အုပ်ချုပ်သည်။ ၁၈၅၂ ခုတွင် အောက်မြန်မာနိုင်ငံကို သိမ်းယူပြန်၍ ကော်မရှင်နာတစ်ဦး ခန့်ထားအုပ်ချုပ်ပြန်သည်။ ၁၈၆၂ ခုတွင် ထိုနယ်သုံးနယ်ကို တစ်ပေါင်းတည်းပြု၍ ရန်ကုန်တွင် ဗဟိုထားကာ ကော်မရှင်နာချုပ် ခန့်ထားအုပ်ချုပ်စေပြန်သည်။ အထက်မြန်မာနိုင်ငံကိုပါ ၁၈၈၅ ခုနှစ်တွင် သိမ်းယူလျှင် အားလုံးစုပေါင်းကာ ရန်ကုန်မှနေ၍ ကော်မရှင်နာချုပ်ကိုပင် အုပ်ချုပ်စေ၏။ ၁၈၉၇ ခုသို့ရောက်လျှင် မြန်မာနိုင်ငံကို အုပ်ချုပ်သူကို **ဘုရင်ခံငယ်** ရာထူးသို့ တိုးမြှင့်လိုက်၍ ၁၉၂၃ ခုတွင် ဘုရင်ခံရာထူးအထိ တိုးမြှင့်လိုက်ပြန်သည်။ ၁၉၃၇ ခုတွင် **အိန္ဒိယအစိုးရ** လက်အောက်မှ ခွဲထွက်၍ အင်္ဂလန်အစိုးရ လက်အောက်သို့ ရောက်ရှိခဲ့၏။ သီပေါမင်းကို ဖမ်းယူသော ၁၈၈၅ ခု နိုဝင်ဘာလတွင် လွှတ်တော်ကို ဆက်လက်အမှုထမ်းစေ၍ ပြည်ရေးပြည်ရာကို ကာနယ် **စလေဒင်**က ကြီးကြပ်၍ စစ်ရေးစစ်ရာကို ဂျင်နရယ် **ပရန်ဒါဂတ်**က ကြီးကြပ်ရသည်။ ၁၈၈၅ ခု ဒီဇင် ဘာလတွင် ကော်မရှင်နာချုပ် **ဆာချားလ်ဗားနတ်** မန္တလေးသို့ ရောက်လာ၍ လွှတ် တော်ကို ဖျက်သိမ်းသည်။ သို့သော် ရေးအစဉ်အလာကိစ္စ အရပ်ရပ်တွင် အကြံ ဉာဏ် တောင်းယူနိုင်ရန် **ကင်းဝန်မင်းကြီး** ဦးကောင်းကို ဆက်လက်အမှုထမ်းစေ သည်။ မြန်မာနိုင်ငံသည် ထိုအခါကစ၍ အင်္ဂလိပ်ပိုင် အိန္ဒိယလက်နက်နိုင်ငံတော် အပါအဝင် ဖြစ်သော်လည်း အိန္ဒိယအုပ်ချုပ်ရေးတွင် ၁၇၉၃ ခုနှစ်မှစ၍ သုံးခဲ့ သော **ရဲဂူလေးရှင်းစနစ်**နှင့် လိုက်နာ၍ အုပ်ချုပ်ရန်ထက်





အခြေအနေအရ ပြုပြင်တန်သည်ကို ပြုပြင်၍ အုပ်ချုပ်နိုင်အောင် **ရဲဂူလေးရှင်းလွတ်ပြည်နယ်**ဟု သတ်မှတ်ခဲ့ပါသည်။ သို့သော် အိန္ဒိယတွင် အရာရှိအရာခံ ခန့်ထားပုံအတိုင်း ပြည်ရွာအုပ်ချုပ်ရေးနှင့် ပုလိပ်အရာရှိများ စတင်ခန့်ထားပါသည်။ အုပ်ချုပ်ပုံအသစ်တွင် အထက်က မြန်မာအမှုထမ်းများကို ထည့်သွင်းအသုံးပြုခြင်း မရှိသလောက် နည်းသဖြင့် အလုပ်လက်မဲ့များစွာ ဖြစ်ပေါ်လာ၍ ပြဿနာကြီးတစ်ရပ် ဖြစ်ခဲ့ပါသည်။ များသောအားဖြင့် လက်နက်ကိုင် သောင်းကျန်းသူများ ဖြစ်ခဲ့သဖြင့် ကာလကြာမြင့်စွာ နှိမ်နင်း၍ ယူရပါသည်။ ၁၈၈၇ ခုနှစ်မှ စ၍ လက်နက်ကိုင်စစ်သား ၁၄,၀၀၀ ထားကာ ပြည်သူလူထုကို လက်နက်မစွဲကိုင်ရဟု တားမြစ်၍ လက်နက် များ သိမ်းခဲ့သည်။ ၁၈၈၉ ခုတွင် တပ်သားအင်အားကို ၁၈,၀၀၀ အထိ တိုးမြှင့်၍ **ကရင်တပ်တစ်တပ်ကိုပါ** ဖွဲ့စည်းပေးခဲ့၏။ တောင်ငူမှ မန္တလေးသို့ မီးရထားလမ်းကိုလည်း ဆက်ပြီးလေပြီ။ ကျေးရွာအုပ်ချုပ်ရေးကို စနစ်တကျ ဖွဲ့စည်း၍ ကျေးရွာသူကြီးများ ခန့်ထားပေး၏။ ၁၈၉၀ ပြည့်နှစ်လောက်ကစ၍ စစ်သားဦးရေကို လျှော့ကာ **စစ်ပုလိပ်**များ အစားထိုးလာသည်။ မြို့ကြီးများ၌ **မြူနီစီပယ် အုပ်ချုပ်ရေး**ကို စတင်အသုံးပြုခဲ့၏။ ၁၈၉၇ ခုတွင် မြန်မာနိုင်ငံကို ရဲဂူလေးရှင်း လွှတ်ပြည်နယ် အဖြစ်မှ ရုပ်စဲ၍ ၁၈၆၁ ခုမှစ၍ အတည်ဖြစ်သော အိန္ဒိယကောင်စီ ဥပဒေနှင့် အကျုံးဝင်သော ပြည်နယ်ဟု သတ်မှတ်ပြန်သည်။ ကော်မရှင်နာချုပ်ကို ဘုရင်ခံငယ်ရာထူးသို့ တိုးမြှင့်၍ ဥပဒေပြု အတိုင်ပင်ခံအဖွဲ့ တစ်ခု ဖွဲ့စည်းပေးပြန် သည်။ မင်းကြီး ဦးကောင်းမှာ မြန်မာထဲမှ ပထမဆုံး **ကောင်စီဝင်**တစ်ယောက် ဖြစ်ပါသည်။ နိုင်ငံရေးနှင့် အမျိုးသားရေးတွင် မြန်မာနိုင်ငံ၌ ပြောပလောက်အောင် နိုးကြားမှု မရှိသေးချေ။ ၁၈၈၅ ခုမှစ၍ အိန္ဒိယတွင် အမျိုးသားကွန်ဂရက်ပေါ်၍ မြန်မာနိုင်ငံ၌ပင် **လက်ခွဲ**လာ၍ ဖွင့်ထားသော်လည်း ထူးထူးခြားခြား ဆောင်ရွက်ခြင်း မရှိသောအခါ ဖြစ်ပါသည်။ ၁၉၁၀ ပြည့်နှစ် မော်လီမင်တို ပြုပြင်ရေးအရ ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင် တစ်ဆယ့်ငါးဦးအထိ တိုးချဲ့ပြန်သည်။ ၁၉၂၀ ပြည့်တွင် နှစ်ဆယ့်ရှစ်ဦးအထိ တိုးသည်။ ယင်းအဖွဲ့သည် စင်စစ် ဥပဒေပြုရ သည်မဟုတ်။ ဘုရင်ခံလုပ်သော ဥပဒေကို ဆွေးနွေးရုံမျှသာ လုပ်ရသည်။ ထို့ပြင် ဥရောပတိုက်သားနှစ်ဦးကိုသာ ဥရောပတိုက်သားတို့အထဲမှ အချင်းချင်း ရွေးကောက်ပေးရသည်။ ကျန်အဖွဲ့ဝင်များကို ဘုရင်ခံ သဘောအတိုင်း ခန့်ထားရာ ပြည်သူ့ကိုယ်စားလှယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး သဘောများ ပါဝင်သည် မဟုတ်ချေ။ အိန္ဒိယတွင် ၁၉၁၈ ခုနှစ်မှစ၍ မွန်တေဂု ချမ်းစဖို့ဒ် ပြုပြင်ရေး ပေါ်နေပြီဖြစ်သော်လည်း အင်္ဂလိပ်က မြန်မာတို့

အတိုးတက်နှေးသဖြင့် ဤမျှ ပြုပြင်ရေးနှင့်ပင် မတန်ဟု ယူဆခဲ့သည်။ ထို့ကြောင့် မြန်မာများ အရှက်ရ လျက် နိုင်ငံရေးလှုပ်ရှားမှု စပါတော့သည်။ ၁၉၂၀ တွင် တက္ကသိုလ်ကျောင်းသား သပိတ်ကြောင့် ပို၍နိုင်ငံရေးကို စိတ်ဝင်စားလာကြသည်။ မြန်မာနိုင်ငံ၌လည်း အုပ်ချုပ်ရေး ပြုပြင်ပေးမည်ဟု ၁၉၂၃ ခု ဇန်နဝါရီလ ၂ ရက်နေ့တွင် ဆုံးဖြတ်လျက် ဒိုင်အာကီ ပေါ်လာပါတော့သည်။

အရှေ့တောင်အာရှ၌ အမျိုးသားစိတ်ဓာတ် ပေါ်လာပုံကို အကျဉ်းချုပ်၍ အထက်ကပင် ဖော်ပြပြီး ဖြစ်ပါသည်။

* * *



# (၇)

## ကမ္ဘာစစ် ၁ နှင့် နောက်ပိုင်းအခြေအနေ

### လက်နက်အသင့်ငြိမ်းချမ်းရေး

၁၈၇၁–၁၉၁၄ ခုနှစ်များအတွင်း၌ ဥရောပတွင် တိုက်ပွဲခိုက်ပွဲ အကြီးအကျယ် မရှိသော်လည်း အားလုံး နိုင်ငံများ လက်နက်အသင့်ပြင်လျက် တိုက်ပွဲကြီးနီးပြီဟု သဘောပေါက်လျက်ရှိသည်ကို တွေ့ရသဖြင့် **လက်နက်အသင့် ငြိမ်းချမ်းရေးခေတ်**ဟုပင် ခေါ်စမှတ်ပြုရပါမည်။ လောင်စာများ စုပုံထားပြီဖြစ် သဖြင့် မီးတို့သူရှိလျှင် အကြီးအကျယ်ထ၍ လောင်တော့မည်ဟု နားလည်ကြသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးစကား အပြောဆုံးကာလလည်း ဖြစ်ပါသည်။ ၁၈၉၁ ခုမှစ၍ **ဆွစ်ဇာလန်နိုင်ငံ ဗန်းမြို့**တွင် နှစ်စဉ် နိုင်ငံတကာ ငြိမ်းချမ်းရေးကွန်ဖရင့် ကျင်းပခဲ့၏။ ငွေပေါ၍ ကမ္ဘာသူ ကမ္ဘာသားအကျိုးကိုလိုလားသူ **အန်ဒရူကာနက်ဂျီနှင့် အယ်လဖရက်နိုဗယ်**တို့က ငြိမ်းချမ်းရေးရရန် ငွေအမြောက်အမြား သုံးပါသည်။ ပညာတတ်လူတန်းစားက စစ်မဖြစ်ရန် နိုင်ငံတကာတွင် ပညာပေးဟောပြောရေးသားကြပါသည်။ ဥရောပတစ်ခွင်မှ လွှတ်တော်များတွင် ဆိုရှယ်လစ်တို့ အမတ်အဖြစ်ဖြင့် တက်ရောက်လာကြလျက် လက်နက်ပြင်ဆင်ခြင်းကို ကန့်ကွက်ကြသည်။ နိုင်ငံတကာ ရောင်းဝယ်ရေးလုပ်နေသော ဓနရှင်တို့ကလည်း ဘုန်းတန်ခိုးပြလျက် အရောင်းစခန်းချဲ့ရန်

တိုင်းငယ်ပြည်ငယ်ကို သိမ်းယူသည့် စစ်ပွဲမှလွဲ၍ ငြိမ်းချမ်းရေးကိုသာ ထောက်ခံသည်။ သာသနာရေးဂိုဏ်းတို့ကလည်း ငြိမ်းချမ်းရေးကိုသာ လိုလားသည်။ နိုင်ငံတကာ ပြောရေးဆိုမှုရှိလျှင် **ခုံရုံးဖွဲ့၍** ကြားနာစစ်ဆေး ဖျန်ဖြေပေးပါရန် အစီအစဉ်များလည်းရှိ၏။ ဖျန်ဖြေချက်ကို လက်ခံကြသည်လည်းရှိ၏။ နမူနာပြရလျှင် အင်္ဂလိပ်၊ အမေရိကန်တို့ ၁၈၇၁–၂ ခုနှစ်များကဖြစ်သော **အလဗားမားဆိုင်ပိုင်ခွင့်**၊ အင်္ဂလိပ်နှင့် ရုရှားတို့ ၁၉၀၄–၅ ခုနှစ်များကဖြစ်သော **ဒေါဂြာဘဏ်အရေး** ဂျာမနီနှင့် ပြင်သစ်တို့ ၁၉၀၈–၉ ခုနှစ်များကဖြစ်သော **ကစဗလန်ကာအမှု**နှင့် ၁၉၀၂ ခုနှစ်က **အာဂျန် တီးနားချီလီး** ငြင်းခုံပွဲတို့မှာ ခုံရုံးဖျန်ဖြေခြင်းဖြင့် ပြေငြိမ်းသွားကြရပါသည်။ ထို့ပြင် လက်နက်လျှော့ပေါ့ရေးနှင့် ပတ်သက်၍ ရုရှားမှ ဇာဘုရင် **နီကိုလပ်စ်** ၂ က နှစ်ဆယ့်ခြောက်နိုင်ငံ ကိုယ်စားလှယ်များကို **ဟောဂ်မြို့**သို့ဖိတ်၍ ဆွေး နွေးပါသေးသည်။ လက်နက်လျှော့ပေါ့ရန် ဆုံးဖြတ်၍ မရသော်လည်း အငြင်းရှိလျှင် ဆုံးဖြတ်ပေးရန် **နိုင်ငံတကာ ခုံရုံးဖွဲ့၍ စစ်နှင့်ဆိုင်သော နိုင်ငံတကာဥပဒေ**ကို စနစ်တကျ ရေးဆွဲ၍ပြီးပါသည်။ ၁၉၀၇ ခုတွင် ဒုတိယအကြိမ် **ဟောဂ်ကွန်ဖရင့်ကို** ခေါ်ယူရာ လေးဆယ့်လေးနိုင်ငံ တက်သည်။ လက်နက်တပ်ဆင်ရေးနှင့် ပတ်သက်၍ ဘာမျှဆုံးဖြတ်မရချေ။ သို့သော် **စစ်ဖြစ်လျှင် ညာတာရန် ကန့်သတ်ချက်များ**ကို ရေးဆွဲပြီး၏။ သို့သော် အခြားတစ်ဖက်မှ ကြည့်လျှင် စစ်ကြီးဖြစ်စရာ အခြေခံအကြောင်းများစွာကို တွေ့ရသည်။ အလွန်အကျွံ ဖြစ်လာသော မျိုးချစ်စိတ်၊ နယ်ချဲ့ဝါဒနှင့် စစ်ဝါဒတို့က စစ်ဖြစ်ရန် ဆွဲဆောင်လျက် ရှိပါသည်။ မဟာမိတ်ဖွဲ့ရာ၌ အလုအယက်နိုင်ခြင်း၊ နိုင်ငံတကာ ဆက်ဆံရာ၌ စည်းကမ်းမဲ့ခြင်း၊ အမျိုးသား အစိုးရအာဏာ အကန့်အသတ်မရှိဟု ယုံကြည်ခြင်း၊ အားလုံးသည် ငယ်သောအမှုကို ကြီးအောင် တတ်နိုင်၍ စစ်ဖြစ်စေနိုင်သည်။ နိုင်ငံတိုင်းသည် မိမိတို့ "ဂုဏ်သတင်း"ကို ထိခိုက်လေမည်လားဟု ရှေးသူဟောင်းများ စိုးရိမ်ပုံမျိုး စိုးရိမ်၏။ နိုင်ငံတိုင်းပင် မိမိကို ထားခဲ့၍ အခြားနိုင်ငံများ တိတ်တဆိတ် မဟာမိတ်ဖွဲ့ကာ အခွင့်အရေးနှင့် ပိုင်နက်များ ဝေယူသွားကြမည်ကို အလွန်စိုးသည်။ ၁၉၀၅ ခုနှစ်ကျော်လျှင် မဟာမိတ်စနစ် အနည်ထိုင်၍ လာပါတော့သည်။ အင်္ဂလိပ်၊ ပြင်သစ်နှင့် ရုရှားကတစ်ဖက်၊ ဂျာမနီနှင့် ဩစတြီးယား၊ ဟန်ဂေရီတို့က တစ်ဖက်နေကြ၍ အီတလီမှာ မပြတ်သားချေ။ ဤသို့ နှစ်ဖက်တန်းစီမိလျှင် စစ်ဖြစ်ရန် အလွန်နီးစပ်၍ လာပါတော့သည်။





## စစ်ကြီးစတင်ဖြစ်ပွားခြင်း

ဩစတြီးယား ဟန်ဂေရီ နန်းရံ **အာခ်ချူဒ့ဖရန်စစ်ဖာဒီနန်**နှင့် ဇနီးကို **ဘောင်စလပ်ဗ် ဩစတြီးယား ကျေးတော်မျိုး**တစ်ဦးဖြစ်သော **ဆာ့ဗ** မျိုးချစ် **ဂဗရီလိုပရိန်စီပ်** ဆိုသူက **ဗော့စနီးယား** မြို့တော် **ဆရာဂျီဗိုတွင်** ၁၉၁၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့က သတ်လိုက်၏။ ဩစတြီးယားက **ဆာဗီယားနိုင်ငံ**၏ ပယောဂဖြစ်မည်ဟု ဒေါသဖြင့် ပြင်းပြင်းထန်ထန် အရေးယူရန် ဆုံးဖြတ်လိုက်၏။ မောက်မာသော တောင်းဆိုချက် ၁၀ ချက်နှင့် ရာဇသံကို ဇူလိုင် ၂၃ ရက်နေ့တွင် ဆာဗီယားသို့ ပို့လိုက်၏။ ၂၅ ရက်တွင် ပြန်ကြားပါ၏။ သို့သော် ကျေနပ်ဖွယ်မရှိဟုဆို၍ **သံတမန်ပြောရေးဆိုမှု**များကို ရုပ်သိမ်း၍ သွားပါသည်။ ဆာဗီယား အနိမ့်ခံလျှင် မိမိ၏ ဂုဏ်ကိုလည်း ထိခိုက်မည်ဟု ရုရှားက ထင်၏။ ရုရှားလှုပ်လျှင် ဂျာမနီက လှုပ်မည်ဟု ပြင်၏။ ရုရှား၊ ဂျာမနီ စစ်ဖြစ်လျှင် ပြင်သစ်၊ အင်္ဂလိပ်တို့ ပါကြတော့မည်။ ဤသို့ ဆက်လျက်ရှိ၏။ ထို့ကြောင့် ဇူလိုင် ၂၈ ရက်နေ့ ဩစတြီးယားက ဆာဗီယားကို စစ်ကြေညာသည်။ ရုရှားစစ်တပ်များ ပြင်ဆင်သည်။ ဂျာမနီက ရုရှားကို ဩဂုတ်လ ၁ ရက်နေ့ စစ်ကြေညာသည်။ ဂျာမနီက ပြင်သစ်ကို ဩဂုတ်လ ၃ ရက်နေ့ စစ်ကြေညာသည်။ အင်္ဂလိပ်က ဂျာမနီကို ဩဂုတ်လ ၄ ရက်နေ့ စစ်ကြေညာသည်။ ကမ္ဘာစစ်ကြီး ပေါ်လာရ၏။ တစ်ဦးတစ်ဖက်တည်းက ကျူးလွန်၍ ဖြစ်သည်ဟု မဆိုသာချေ။ ထိုခေတ်က နိုင်ငံခေါင်းဆောင်များ လွဲသောမာနဖြင့် အရေးမကြီးသင့်သည်ကို အရေးထား၍ စစ်အကြေညာလွယ်သောကြောင့် စစ်ကြီးဖြစ်ရပါသည်။

စစ်ကြီးတွင် နှစ်ဆယ့်ခုနစ်နိုင်ငံ ပါဝင်တိုက်ခိုက်သည်။ လူပေါင်း ၆၅,၀၀၀,၀၀၀ ပါဝင်တိုက်ခိုက်ရာ ၉,၀၀၀,၀၀၀ မှာ တိုက်ရင်းခိုက်ရင်း ချက်ချင်းသော်လည်းကောင်း၊ ဒဏ်ရာကြောင့် မကြာမီသော်လည်းကောင်း သေသည်။ လူ ၂၂,၀၀၀,၀၀၀ မှာ ဒဏ်ရာရ၍ ကိုယ်လက်အင်္ဂါ ထာဝရ ပျက်စီးသည်လည်း ရှိသည်။ ပြန်၍ ကောင်းသူလည်းရှိသည်။ လူ ၅,၀၀၀,၀၀၀ မှာ ရှင်သည် သေသည်မသိ၊ ပျောက်ဆုံးသွားသည်။ ဒဏ်ရာရသည့် လူပေါင်း၏ သုံးပုံနှစ်ပုံမှာ **မဟာမိတ်ဘက်တော်သား** ဖြစ်ပါသည်။ **စစ်သားမဟုတ်သော လူလွတ်**ထဲမှ ၉,၀၀၀,၀၀၀ မှာ **ငတ်မွတ်**ခြင်း၊ ရောဂါနှိပ်စက်ခြင်းနှင့် အသတ်ခံရသဖြင့် သေကြ၏။ တစ်ဆယ့်ကိုးရာစု တစ်ခုလုံးက စစ်ပွဲများတွင် သေသောလူဦးရေ အစုစုထက် ယခုစင်က တစ်ဆပို၍ သေသည်။ အစုစု အသက်ပေါင်း ၃၀,၀၀၀,၀၀၀

ပျက်စီးသည်ဟု ခန့်မှန်းပါသည်။ ကုန်ကျစရိတ်ကား မဟာမိတ်ဘက်မှ ဒေါ်လာ ၁၂၆,၀၀၀,၀၀၀,၀၀၀ သုံး၍ **ဗဟိုနိုင်ငံကြီးများ**ဘက်မှ ဒေါ်လာ ၆၀, ၀၀၀, ၀၀၀,၀၀၀ သုံးသည်။ အစုစု နှစ်ဖက်မှ ပျက်သောပစ္စည်း တန်ဖိုးများပါ ထည့်၍ တွက်လျှင် ဒေါ်လာ ၄၀၀,၀၀၀,၀၀၀,၀၀၀ ရှိမည်ဟု တွက်သူက တွက်ပါသည်။ စစ်ကြီးပြီး၍ အနှစ်နှစ်ဆယ်လောက်ကြာလျှင် စစ်ထက် စစ်ကြောင့် ပေါ်လာရသော ဆိုးပြစ်များက များစွာပိုမိုကြောင်း တွေ့ရပါသည်။

**ဂျာမနီ စစ်ခေါင်းဆောင်**များက ၁၉၁၈ ခု စက်တင်ဘာလ ၂၉ ရက်နေ့တွင် စစ်ကို ဘယ်နည်းနှင့်မှ မနိုင်နိုင်တော့သောကြောင့် ဂျာမနီအစိုးရကို အကြောင်းကြား၏။ မဟာမိတ်တို့က လိုလားချက်များကို နိုဝင်ဘာလ ၈ ရက်နေ့တွင် အကြောင်းကြားသည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂျာမနီ လက်နက်ချ၍ စစ်ပြေငြိမ်းသည်။ ၁၉၁၈ ခု ဇွန်လ ၂၈ ရက်နေ့တွင် **ဗာဆေးလ်** စာချုပ်ကို လက်မှတ်ရေးထိုးကြ၏။

## နိုင်ငံပေါင်းချုပ်အသင်းကြီး

အမေရိကန်က သမ္မတ **ဝီလဆင်**၏ **ငြိမ်းချမ်းရေးလမ်းစဉ်** ဆယ့်လေးချက်ကို တင်ပြခဲ့ရာ နောက်ဆုံးအချက်တွင် နိုင်ငံတိုင်း လွတ်လပ်ရေး မဆုံးရှုံးရလေအောင် နိုင်ငံများစွာပါသော အဖွဲ့ ဖွဲ့ရမည်ဟုပါသည်။ အများကပင် ကျေနပ်သဖြင့် **နိုင်ငံပေါင်းချုပ်အသင်း**ကို တည်ထောင်ရန် ပြင်ဆင်ကြသည်။ စိတ်ကူးယဉ်သမားတို့က ဤအသင်းကြီးကို တည်ဆောက်မိလျှင် ကမ္ဘာ့ရေးရာအားလုံး အဆင်ပြေ၍ သာယာတော့မည်ဟု ကျေနပ်ကြ၏။ ငြိမ်းချမ်းရေးရမည်၊ အငြင်းအခုံရှိလျှင် ဥပဒေအတွင်း ဆုံးဖြတ်ရမည်။ လက်နက်လျှော့နိုင်မည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မည်ဟူ၍ မျှော်မှန်းကြသည်။ မူလအသင်းသားများမှာ မဟာမိတ်များနှင့် တွဲဖက် **တန်ခိုးကြီးနိုင်ငံများဖြစ်၍ ကြားနိုင်ငံ**ကို နောက်ထပ်ဖိတ်ခေါ်ပေါင်းစပ်လိုက်သည်။ နောင်အခါ အသင်းဝင်လို၍ လျှောက်လွှာတင်လျှင် အသင်းသား သုံးပုံနှစ်ပုံက ထောက်ခံမှ လက်ခံမည်ဟုဆိုသည်။ ၁၉၂၀ တွင် အသင်းသား လေးဆယ့်နှစ်နိုင်ငံရှိ၍ မူလမဟာမိတ်ထဲမှ **အီကွေဒါ၊ ဟေဇက်**နှင့် အမေရိကန်တို့ မပါချေ။ ၁၉၃၁ ခုတွင် ခြောက်ဆယ့်နှစ်နိုင်ငံ ပါဝင်လာရာ ဆိုဗီယက်ယူနီယန်နှင့် အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံမှလွဲ၍ အရေးပါသော နိုင်ငံအားလုံးပါသည်။ ၁၉၃၁–၈ ခုနှစ်များအတွင်း၌ **ဗရာဇီလ်၊ ကော့စတာရီကာ**၊ ဂျာမနီ၊ ဂျပန်နှင့် ပါရာဂွေးတို့ အသင်းသားအဖြစ်မှ ထွက်၍ **အာဖရဂန်နစ္စတန်**၊ အီကွေဒါနှင့် ဆိုဗီယက်ယူနီယန်တို့ အသင်းသား ဖြစ်လာသည်။ ၁၉၃၅–၆ ခုနှစ်များ၌ အသင်းသားအချင်းချင်း ဖြစ်သော **အီတလီ**နှင့် **အီသီယိုပီးယား**တို့ အတင်းအကျပ် ပူးပေါင်းသွားသည်ကိုလည်းကောင်း၊ ၁၉၃၉ ခုတွင် အသင်းသား ဩစတြီးယားကို အသင်းသားမဟုတ်သူ ဂျာမနီက ဝါးမျိုသွားသည်ကိုလည်းကောင်း တွေ့လိုက်ရ၏။ နိုင်ငံပေါင်းချုပ်အသင်းကို သုံးဌာနပိုင်းခြားထား၏။ ယင်းတို့ကား (၁) **အဆမ်ဗလီ**ခေါ် နိုင်ငံပေါင်းစုံ ပါဝင်သော အောက်လွှတ်တော်၊ (၂) **ကောင်စီ** ခေါ် အမြဲတမ်းအဖွဲ့ဝင် လေးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် တစ်ဆယ့်တစ်နိုင်ငံသာ ပါဝင်သော အထက်လွှတ်တော်နှင့် (၃) **အမှုဆောင်ရုံး**တို့ပင် ဖြစ်ပါသည်။ အဆမ်ဗလီခေါ် နိုင်ငံပေါင်းစုံ အောက်လွှတ်တော်၌ ကမ္ဘာစစ် ၂ ဖြစ်ချိန်တွင် ပါဝင်သော နိုင်ငံ ၅၈ နိုင်ငံရှိ၏။ တစ်နိုင်ငံလျှင် ကိုယ်စားလှယ်သုံးဦး တက်နိုင်သော်လည်း မဲပေးလျှင် တစ်နိုင်ငံ တစ်မဲသာ ပေးနိုင်သည်။ နိုင်ငံတစ်ခုသည် နိုင်ငံပေါင်းချုပ်အဖွဲ့မှ ထွက်လိုလျှင် နှစ်နှစ်ကြို၍ အကြောင်းကြားရမည်။ သို့သော် ပေးအပ်ထားသော တာဝန်ရှိလျှင် ထိုတာဝန်ကို ထမ်းဆောင်ပြီးမှ ထွက်ရ၏။ ဗရာဇီလ်နှင့် ကော့စတာရီကာတို့က ဤအတိုင်းလိုက်နာ၍ ထွက်သည်။ ဂျပန်က ၁၉၃၂ ခုတွင်လည်းကောင်း၊ ဂျာမနီက ၁၉၃၃ ခုတွင်လည်းကောင်း နုတ်ထွက်ကြစဉ်ကမူ မငဲ့မညှာ ချက်ချင်းထွက်ကြသည်။ စည်းဝေးပွဲကို **ဂျီနီဗာ**တွင် တစ်နှစ်တစ်ကြိမ်ကျ စက်တင်ဘာလ ဒုတိယ တနင်္လာနေ့ကစ၍ ဆွေးနွေးသည်။ အဖွဲ့အရာရှိများက **သဘာပတိ** တစ်ယောက်၊ ဒုတိယ သဘာပတိ ခြောက်ယောက်၊ အမြဲတမ်းကော်မတီ ခြောက်ဦးနှင့် **ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြဿနာဆိုင်ရာ၊ ကျွမ်းကျင်မှု အဖွဲ့အစည်းဆိုင်ရာ၊ လက်နက်တပ်ဆင်မှုဆိုင်ရာ၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ၊ လူမှုပြဿနာဆိုင်ရာ**နှင့် **နိုင်ငံရေးပြဿနာဆိုင်ရာ** တို့ကို စဉ်းစားရန် **အရန်ကော်မီတီ** များစွာပင် ရှိပါသည်။ အောက်လွှတ်တော်၏ တာဝန်များကား (၁) ပြဿနာအရပ်ရပ်ကို ယှဉ်စဉ်းစားခြင်း၊ အကြံဉာဏ်ပေးခြင်း၊ အချေအတင် ဆွေးနွေးခြင်းပြုရန် (ဥပဒေကားမပြု)၊ (၂) အဖွဲ့အတွက် ရသုံးငွေစာရင်းလုပ်ရန်၊ (၃) အထက်လွှတ်တော်အတွက် အလှည့်ကျ အဖွဲ့ဝင် တစ်ဆယ့်တစ်ဦးကိုရွေးရန်၊ (၄) အဖွဲ့ဝင်သစ်လက်ခံရန်၊ (၅) နိုင်ငံတကာ အမြဲတမ်းတရားခုံရုံး တရားသူကြီးများ ရွေးကောက်ရာ၌ ကူညီရန်နှင့် (၆) ဆက်လက်မသုံးစွဲနိုင်တော့သည့် စာချုပ်များကို ပြန်လည်စဉ်းစားရာ၌ အကြံဉာဏ်ပေးရန်တို့ပင် ဖြစ်ပါသည်။

**ကောင်စီ**ခေါ် အထက်လွှတ်တော်၌ အဖွဲ့ဝင် တစ်ဆယ့်ငါးနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်၏။ အမြဲတမ်းအဖွဲ့ဝင် လေးနိုင်ငံမှာ ပြင်သစ်၊ ဆိုဗီယက် ရုရှား၊ အင်္ဂလိပ်နှင့် အီတလီတို့ဖြစ်၏။ အီတလီက ၁၉၃၇ ခု နိုဝင်ဘာလတွင် နုတ်ထွက်သည်။ အလှည့်ကျ အဖွဲ့ဝင်တို့သည် တစ်ကြိမ်လျှင် သုံးနှစ် အမှုထမ်းရ၏။ တစ်နှစ်လျှင် သုံးဦးကျ နုတ်ထွက်ပေးသည်။ ကောင်စီသည် **ဂျီနီဗာ**တွင် တစ်နှစ်လျှင် သုံးကြိမ် ဇန်နဝါရီ၊ မေနှင့် စက်တင်ဘာများ၌ စည်းဝေးသည်။ သဘာပတိမှ နိုင်ငံအမည် ပြင်သစ်အက္ခရာစဉ်အတိုင်း အလှည့်ကျ လုပ်ရသည်။ **လုပ်ရိုးလုပ်စဉ် ဆုံးဖြတ်ချက်**ကလွဲလျှင် **ကောင်စီသည် တစ်သံတည်းဆုံးဖြတ်ချက်**ဖြင့် ဆုံးဖြတ်ရသည်။ ကောင်စီဝင်မဟုတ်သော နိုင်ငံတစ်နိုင်ငံနှင့် ဆိုင်သောကိစ္စကို စဉ်းစားလျှင် ထိုနိုင်ငံသည် မိမိကိစ္စ စဉ်းစားဆဲတွင် ကောင်စီတက်ခွင့်ရှိသည်။ ကောင်စီ၏ တာဝန်များကား (၁) လက်နက်လျှော့ပေါ့ရေး အစီအစဉ်များလုပ်ရန်၊ (၂) ရန်စစော်ကားခြင်းခံရသော နိုင်ငံကို ကာကွယ်ရေး အကြံပေးရန်၊ (၃) နိုင်ငံတကာ အငြင်းအခုံပေါ်လျှင် ကြားဝင်ရန်၊ (၄) **နိုင်ငံငယ်ကလေးများကို ထိန်းသိမ်းခွင့်** ရသော နိုင်ငံတို့၏ အစီအစဉ်များကို လက်ခံရန်နှင့် (၅) အဖွဲ့ဝင်နိုင်ငံများကို နိုင်ငံပေါင်းချုပ် အဖွဲ့၏ ကန့်သတ်ချက်များကို မကျိုးမပေါက်အောင် မည်သို့စောင့်ရှောက်သင့်ကြောင်း အကြံဉာဏ်ပေးရန်တို့ပင် ဖြစ်ပါသည်။

အမှုဆောင်ရုံးတွင် အမှုဆောင်ချုပ်နှင့် အမှုထမ်း အမြောက်အမြားရှိသည်။ အမှုဆောင်ချုပ်ကို အောက်လွှတ်တော်က အများကြိုက်သူကို အထက်လွှတ်တော်က ခန့်ထားသည်။ အမှုဆောင်ချုပ်က နှစ်သက်ရာ ယောက်ျားမိန်းမ ၅၀၀ ခန့်ကို အထက်လွှတ်တော်၏ သဘောတူညီချက်ယူ၍ ခန့်သည်။ အမှုဆောင်ရုံး၏ တာဝန်များကား (၁) နိုင်ငံရေးပြဿနာ၊ သတင်းပြန်ကြားရေး၊ ဥပဒေ၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူနည်းစုပြဿနာ၊ နိုင်ငံပေါင်းချုပ်က နိုင်ငံငယ်များကို ထိန်းသိမ်းရန် တာဝန်လွှဲရေး၊ လက်နက်လျှော့ပေါ့ရေး၊ ကျန်းမာရေး၊ လူမှုရေး ပြဿနာနှင့် နိုင်ငံတကာ အစည်းအရုံးများနှင့်ဆိုင်သော ကိစ္စအဝဝကို တစ်ဆယ့်တစ်ဌာနခွဲ၍ လိုအပ်သောအချက်အလက် ရှာဖွေပေးခြင်း၊ (၂) နှစ်ထောင်ကျော်ရှိသော စာချုပ်များကို စာရင်းတင်မှတ်သားခြင်းနှင့် (၃) အထက်လွှတ်တော်၊ အောက်လွှတ်တော်တို့မှ ခိုင်းစေချက်တို့ကို ရေးမှတ်ဆောင်ရွက်ရခြင်းတို့ပင် ဖြစ်ပါသည်။ အမှုဆောင်ရုံးအပြင် အခြားအဖွဲ့အစည်းများလည်း ရှိသေး၏။ ယင်းတို့အနက် အထင်ရှားဆုံး နှစ်ဖွဲ့ရှိ၏။





**(၁) နိုင်ငံတကာ အလုပ်သမား အစည်းအရုံး**ခေါ် အလုပ်သမား ကောင်းစားရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမား ညှိနှိုင်းပေးသော အဖွဲ့ဖြစ်ပါသည်။ (၂) **ကမ္ဘာ့ခုံရုံး**ခေါ် နိုင်ငံတစ်ဦးနှင့်တစ်ဦး အငြင်းအခုံရှိလျှင် အဆုံးအဖြတ် ခံနိုင်သည်။

နိုင်ငံပေါင်းချုပ်အဖွဲ့သည် စစ်ပြီးမှ ပေါ်လာသော နိုင်ငံရေးအငြင်း သုံးဆယ်ကျော်ကို ရှင်းပေးခဲ့ရဖူး၏။ စီးပွားရေး အခက်အခဲများကိုလည်း ဝင်၍ကူရ၏။ အားနည်းသော နိုင်ငံငယ်ကလေးများကို အုပ်ချုပ်ပေးခဲ့ရသည်။ အလွယ်ပြောရလျှင် ဂျာမနီလက်အောက်ခံ နိုင်ငံများကို လွတ်လပ်ရေး လက်မခံနိုင်မီအတွင်း စောင့်ရှောက်ထားရခြင်းပင် ဖြစ်ပါသည်။ လူနည်းစု ပြဿနာကိုလည်း အမြဲလိုက်၍ ဖြေရှင်းနေခဲ့ရပါသည်။ သို့သော် ဖြေရှင်းတိုင်း အမြဲပြေလည်သည် မဟုတ်ချေ။ ကမ္ဘာစစ်ကြီး ၂ ဖြစ်ချိန်ကပင်လျှင် **ဂျီနီဗာ**၌ လူအနည်းငယ်နှင့် ဆက်လက်ရုံးထိုင်နေခဲ့သေးသည်။ ကမ္ဘာစစ် ၂ ပြီး၍ **ကမ္ဘာ့ကုလသမဂ္ဂ** ထောင်သည့်အခါမှပင် အလုပ်ရပ်စဲခဲ့ရာ ၁၉၄၆ ခု ဧပြီလအထိ အမှုထမ်းခဲ့သည်ဟု ဆိုရပေမည်။

## အိန္ဒိယ၌ ပွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အဆင့်ဆင့် တိုးတက်ပုံ

နိုင်ငံရေးနှင့် သာသနာရေး ပေါင်းစပ်သောနည်းဖြင့် **မိုဟန်ဒပ်စ်ကရမ်ချန်ဂန္ဒီ**က အိန္ဒိယ တစ်နိုင်ငံလုံးကို လှုံ့ဆော်ကာ **အကြမ်းမဖက်**သော တော်လှန်ရေးကို စလိုက်သည်။ အိန္ဒိယ တော်လှန်ရေးတွင် ရှေ့ဆောင်တိုက်ခိုက်သော **အိန္ဒိယ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်**၏ အရေးအကြီးဆုံး ခေါင်းဆောင် ဖြစ်လာပါသည်။ ၁၉၁၉ ခု ပြုပြင်ရေးအရ အင်္ဂလိပ်ကလည်း အိန္ဒိယအစိုးရကို ပြည်တွင်းပြည်ပ အရေးတို့၌ ရှေးကထက်ပို၍ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ပေးပါသည်။ သို့သော် ထိုမျှဖြင့် မကျေနပ်နိုင်ကြပါ။ ထို့ကြောင့် တိုးတက်ရာတိုးတက်ကြောင်းကို တောင့်တကြံစည်ကြစဉ် ဂန္ဒီ၏ အနုနည်း အာဏာဖီဆန်ရေးကို လက်ခံကျင့်သုံးကြ၏။ လွယ်လွယ်ပြောရလျှင် အခွန်မဆောင်၍ ဖမ်းမည်ဆိုလျှင် လူဦးရေ သိန်းနှင့်ချီ၍ အဖမ်းခံမည်၊ သတ်လျှင်လည်း သိန်းနှင့်ချီ၍ အသေခံမည်ဟု အင်အားပြလျှင် အင်္ဂလိပ်အစိုးရတွင် များစွာ အခက်အခဲတွေ့ရ၏။ အချို့ဒေသ၌ ပြည်နယ်အုပ်ချုပ်ရေးကို ရပ်စဲ၍ စစ်ဥပဒေ ကြေညာရ၏။ **အမရိတ်ဆာ** အနီး ဂျလီယန်ဝါလာတွင် လူအုပ်ကို ပစ်သတ်မိသည့်အတွက် တိုင်းရင်းသားတို့ ပို၍ သွေးစည်းမိရန် အချက်ကောင်း ဖြစ်လာခဲ့၏။ ဤ

အတောအတွင်း၌ အိန္ဒိယတွင် အလယ်လမ်းကို လိုက်သူများ ပေါ်လာပြန်သည်။ ယင်းတို့က **သရာဇ** ခေါ် လုံးဝလွတ်လပ်ရေးကို လိုလားသော်လည်း အင်္ဂလိပ်၏ ဓနသဟာယအတွင်းမှာပင် နေမည်ဟု ဆုံးဖြတ်၏။ ကွန်ဂရက်မှာမူ **အယူသီးသော လက်ဝဲသမားတို့** ကြီးစိုးနေလျက် လွတ်လပ်ရေး တစ်နှစ်အတွင်းပေးဟူ၍ပင် ထိုစဉ်က တောင်းခဲ့၏။ အုပ်ချုပ်ရေးသစ်ကို မကြိုက်သဖြင့် ကွန်ဂရက်က ရွေးကောက်ပွဲမဝင်ဘဲ နေခဲ့၏၊ ထို့ကြောင့် အလယ်လမ်းသမားတို့ အများဆုံး အရွေးခံရလေတော့သည်။ ယခင် ငြိမ်နေခဲ့သော မူဆလင်တို့ကလည်း နိုင်ငံရေးနိုးကြားလာကြ၏။ စိတ်တက်ကြွသော မူဆလင်များက **ခီလဖတ်ပါတီ**ဖွဲ့၍ အင်္ဂလိပ်က တူရကီအပေါ်တွင်ထားသော သဘောထားကို ကန့်ကွက်၍ တူရကီဘုရင်ကို **အစ်စလမ်မင်း**ဟု ယခင်က အဆင့်အတန်းအတိုင်း အသိအမှတ်ပြုစေချင်သည်။ ကွန်ဂရက်နှင့် ခီလဖတ်တို့တွဲ၍ **အာဏာပိုင်ကို မထီမဲ့မြင်ပြုခြင်း** စကြ၏။ အကြမ်းမဖက်ရန် ခေါင်းဆောင်များက ညွှန်ကြားသော်လည်း လူထုက အမြဲလိုက်နာနိုင်သည် မဟုတ်ရကား အနှံ့အပြား ဆူပူသောင်းကျန်းလာကြ၏။ **မာလဗာ**ကမ်းခြေမှ အာရပ်ကပြား **မောပလာ**တို့ ၁၉၂၁ ခု နွေဦး၌ သူပုန်ထကြ၍ အနီးအပါးနေ ဟိန္ဒူတို့ကို သတ်ဖြတ်ခြင်းဖြင့် ဟိန္ဒူ၊ မူဆလင် စိတ်ဝမ်းကွဲရသည်။ ၁၉၂၂ ခုတွင် ဂန္ဒီကို ဖမ်းသော်လည်း နောက်ထပ် ဆူပူခြင်းများ မပေါ်လာပါ။ ဥပဒေပြု လွှတ်တော်များတွင် အစက ကွန်ဂရက် ဝင်ရောက်အရွေးခံသော်လည်း အမှားကိုမြင်သဖြင့် ၁၉၂၃ ခုတွင် အတွင်းမှနေ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖျက်မည်ဟူသော ဆင်ခြေဖြင့် အမတ်အရွေးခံကြသည်။ ၁၉၂၆ ခု၌ ကွန်ဂရက် အမတ် ပို၍များလာသည်။ **အစိုးရအရာရှိ**များ ရွေးချယ်ရာ၌ တိုင်းရင်းသားများကို ဟိန္ဒူ၊ မူဆလင် အချိုးကျပါရန် သတိထား၍ ခန့်ထားပေးခဲ့သည်။ ဤအတွင်းဝယ် ကွန်ဂရက်၏ ဟိန္ဒူ၊ မူဆလင် စေ့စပ်ရေး သဘောထား ညံ့လွန်းသည်ဟု စိတ်မာန်တက်ကြွသော ဟိန္ဒူများက **ဟိန္ဒူမဟာသဘာ**ကို ဖွဲ့ကြ၏။ ၁၉၁၉ ခု ဥပဒေပြုစဉ်က ဆယ်နှစ်ကြာလျှင် ကော်မရှင်ဖွဲ့ကာ စုံစမ်းစေမည်ဟု အာမခံခဲ့သော်လည်း **ယခု ၁၉၂၇** ခုနှစ်မှာပင် **ဆာဂျွန်ဆိုင်မွန်**ကို ခေါင်းဆောင်ခန့်၍ ကော်မရှင်ဖွဲ့ကာ စုံစမ်းစေခဲ့၏။ ၁၉၃၀ ပြည့် မေလတွင် အစီရင်ခံစာ ထွက်လာသည်။ ဤအတွင်း၌ အင်္ဂလန်တွင် **လေဘာအစိုးရ** တက်သဖြင့် ၁၉၂၉ ခု အောက်တိုဘာလကပင် ဘုရင်ခံချုပ် **လော့ဒ်အာဝင်**က (၁) အိန္ဒိယကို နောက်ဆုံး၌ ကိုယ်ပိုင်အုပ်ချုပ်ရေးရှိသော ဒိုမီနီယန် အဆင့်ပေးမည်။ ထို့ပြင် (၂) ဆိုင်မွန် အစီရင်ခံစာ ထွက်ပြီးနောက်





အင်္ဂလိပ်အစိုးရက ဆုံးဖြတ်ချက်မချမီ ကုလားတို့ သဘောထားကို ဖော်ပြပြောဆိုနိုင်ရန် ကုလားမင်းသားများ အပါအဝင် ကုလား**ကိုယ်စားလှယ်** အမျိုးမျိုးကို လန်ဒန်သို့ ဖိတ်ခေါ်ဆွေးနွေးမည်ဟု ကြေညာ၏။ ဆိုင်မွန် အစီရင်ခံစာအချုပ်ကား ဒိုင်အာကီခေါ် တိုင်းရင်းသား နိုင်ငံခြားသား တွဲဖက်အုပ်ချုပ်ရေးတွင် တိုင်းရင်းသား၏ တာဝန်ကိုတိုး၍ နိုင်ငံခြားသားတာဝန်ကို လျှော့ရန် အစီအစဉ်တွင် ဘုရင်ခံလုပ်သူက ကာကွယ်ရေးနှင့် **လူနည်းစုအရေး**ကို ဆက်လက်ဆုပ်ကိုင်ထားရမည်။ ထို့ပြင် မဲပေးခွင့်ရသော လူဦးရေကိုတိုး၍ လွှတ်တော်အမတ်ဦးရေကိုလည်း တိုးမည်။ နယ်**ကောင်စီ**များက လွှတ်တော်နှစ်ရပ်ကို လူရွေး၍ လွှတ်ရမည်။ အိန္ဒိယ အားလုံးပေါင်း၍ ပြည်ထောင်စု ဖြစ်စေမည်။ သို့သော် ဒိုမီနီယန်အဆင့်ကို ပေးမည်ဟူ၍လည်းမပါ၊ ပါလီမန်စနစ်နှင့် အိန္ဒိယတန်ပါ့မလားဟူသော သံသယကိုလည်း ဖော်ထုတ်ခဲ့သည်။ သို့သော် စောစောက ဘုရင်ခံချုပ်၏ ဒိုမီနီယန် အဆင့်ရစေမည်၊ စားပွဲဝိုင်း ကွန်ဖရင့် ခေါ်ပေးမည်ဟူသော ကတိနှစ်ရပ်ကို မက်မောလျက် ဆိုင်မွန်အစီရင်ခံစာကို အလေးဂရုမပြုကြတော့ချေ။ ကွန်ဂရက်တွင် လက်ဝဲဂိုဏ်းက မင်းမူနေသဖြင့် ဒိုမီနီယန်အဆင့်ကိုမျှ မကျေနပ်နိုင်ကြောင်း ကြေညာ၍ လွတ်လပ်ရေးကိုသာ အလိုရှိကြောင်း တောင်းဆိုပါတော့သည်။ ကွန်ဖရင့်ကိုပင် ကိုယ်စားလှယ် မလွှတ်ဟု ငြင်းဆို၏။ အာဏာပိုင်ကို မထီမဲ့မြင်ပြုခြင်းကို ၁၉၃၀ ပြည့် နွေဦး၌ စကြ၏။ ၁၉၂၂ ခုနှစ်ကကဲ့သို့ပင် အကြမ်းမဖက်ဟု ကြေညာသော်လည်း ထိန်းမရ၍ ဆူပူကြတော့သည်။ ယခုတစ်ကြိမ်မူ မူဆလင်တို့ မပါချေ။ ဂန္ဒီ အစ ခေါင်းဆောင်များကို အင်္ဂလိပ်အစိုးရက ထောင်ချထားပါသည်။ ထို ၁၉၃၀ ပြည့်နှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများ၌ **စားပွဲဝိုင်းကွန်ဖရင့်**ခေါ် ဘီးလပ်မျက်နှာစုံညီ အစည်းအဝေးကို လန်ဒန်မြို့တော်၌ ကျင်းပ၏။ ကွန်ဖရင့် တစ်ပတ်ဆွေးနွေးအပြီးတွင် အင်္ဂလိပ်က ဂန္ဒီကို ထောင်မှလွှတ်၍ ကွန်ဖရင့် ဒုတိယအပတ်တွင် တက်ရန်ဖိတ်ပြန်သည်။ ၁၉၃၁ ခု ဆောင်းဦး၌ ဂန္ဒီ လန်ဒန်သို့ ရောက်လာ၍ ဆွေးနွေးပွဲဝင်သော်လည်း အခြေအနေကို မထိန်းနိုင်သဖြင့် အင်္ဂလိပ်အကြိုက် ဆုံးဖြတ်ချက်ချသည်ကို ကြည့်နေခဲ့ရပါသည်။ ဆုံးဖြတ်ချက်ကား ပြည်နယ်များ၌ တာဝန်ခံအစိုးရထား၍ ဗဟိုတွင် တာဝန်ခံအစိုးရ ထားသော်လည်း အင်္ဂလိပ်၊ ကုလား တွဲဖက်အုပ်စိုးရန်ပင် ဖြစ်ပါသည်။ အိန္ဒိယတွင် ဆူပူမှုများ ဆက်လက်ဖြစ်ပေါ်လာ၍ ကွန်ဂရက်က အင်္ဂလိပ် ကတိမတည်၍ ဖြစ်ပေါ်လာသည်ဟု စွပ်စွဲပါသည်။ လန်ဒန်မှ ပြန်လာသော ဂန္ဒီကိုလည်း ဖမ်းပြန်သည်။ အင်္ဂလိပ်က လူနည်းစုပြဿနာနှင့် နင်း

ပြဿနာကို အများဆုံး ဖော်ထုတ်၍ သွေးခွဲခဲ့ရာ များစွာအောင်မြင်သည်ကို တွေ့ရ၏။ ၁၉၃၂ ခု ဆောင်းဦး၌ ကွန်ဖရင့် တတိယပတ်ကို ဆက်လက်ဆွေးနွေး၍ ဆုံးဖြတ်ချက်များ ပေါင်းလျက် ၁၉၃၅ ခု အိန္ဒိယအစိုးရ ဥပဒေဟူ၍ ဖြစ်လာပါသည်။ ထိုဥပဒေ၌ (၁) ပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးပေး၍ (၂) ဗဟိုတွင် အင်္ဂလိပ် ကုကားတွဲသော ဒိုင်အာကီဖြစ်ကာ ကုလားမင်းသားတို့ကိုလည်း ပါဝင်ခွင့်ပေးရလျက် (၃) အင်္ဂလိပ်နှင့် ကုလားမင်းသားတို့ ဆက်ဆံရေးတွင် ဗဟိုအစိုးရက ဝင်ရောက်စွက်ဖက်ခွင့် မပြုဟူသော အဓိကအချက်သုံးချက် ပါလေသည်။ ကုလားမင်းသားနယ်ကား ဧရိယာအားဖြင့် အိန္ဒိယ၏ ငါးပုံ နှစ်ပုံရှိ၍ လူဦးရေအားဖြင့် အိန္ဒိယ၏ လေးချိုးတစ်ချိုးရှိသည်။ ထိုကုလားမင်းသားနယ်တို့၌ ဟိန္ဒူလူဦးရေ ပို၍များသည်။ ၁၉၃၅ ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်ရေးတွင် ကန့်သတ်ချက်နှစ်ခုကား ဘုရင်ခံချုပ်နှင့် အတိုင်ပင်ခံတို့ လက်တွင်း၌ ကာကွယ်ရေးနှင့် **ပြည်ပဆက်ဆံရေး**ကို ဆက်လက်ထားရှိခြင်းပင်ဖြစ်၍ ယင်းနှစ်ချက်ကို တိုင်းရင်းသားတို့ လက်တွင်းသို့ မရောက်မချင်း ကိုယ်ပိုင်အုပ်ချုပ်ရေး မဟုတ်သေးသဖြင့် အိန္ဒိယတိုင်းရင်းသားတို့ ကျေနပ်နိုင်ကြမည် မဟုတ်ချေ။

## မြန်မာနှင့် အုပ်ချုပ်ရေးတိုးတက်ပုံ

၁၉၂၃ ခု ဇန်နဝါရီလ ၂ ရက်နေ့က စတင်သော ဒိုင်အာကီအုပ်ချုပ်ရေးသစ်အရ မြန်မာနိုင်ငံသည် ဘုရင်ခံအုပ်ချုပ်သော ပြည်နယ်ဖြစ်လာ၍ **သီးသန့်**နှင့် **လက်ပြောင်း** ဟူ၍ ဌာနများကိုခွဲကာ **သီးသန့်** ဌာနများတွင် အကြီးအကဲပြုရန် ဘုရင်ခံကိုယ်တိုင် နှစ်သက်၍ခန့်သော မင်းဘားလူကြီးနှစ်ဦးနှင့် **လက်ပြောင်း**ဌာနများအတွက် ဥပဒေပြုကောင်စီမှ အရာရှိမဟုတ်သူ အထဲမှ ဘုရင်ခံက နှစ်ဦးကိုရွေး၍ ဝန်ကြီးခန့်သည်။ ထိုနှစ်ဦးကား ဥပဒေအတိုင်ပင်ခံအဖွဲ့က ထောက်ခံ၍ ဘုရင်ခံက နှစ်သက်မှ ဝန်ကြီးဖြစ်ကြရသည်။ **သီးသန့်** ဌာနများတွင် ဘဏ္ဍာရေး၊ တရားဥပဒေ ထိန်းသိမ်းရေး၊ ကာကွယ်ရေး၊ ရှမ်းပြည်နှင့် နယ်စပ်ဒေသ အုပ်ချုပ်ရေးတို့ ပါဝင်ပါသည်။ **လက်ပြောင်း** ဌာနများကား ကျန်းမာရေး၊ ပညာရေး၊ သစ်တောရေး စသည်တို့ ဖြစ်ပါသည်။ သဘောအချုပ်မှာ နိုင်ငံတစ်ခုတွင် နယ်ချဲ့အမြင်ဖြင့် အရေးကြီးသော ငွေရေး၊ ကာကွယ်ရေး စသည်တို့ကို သီးသန့်ဖယ်ထုတ်၍ အင်္ဂလိပ်က ဆက်လက်ကြိုးကိုင်ကာ အင်္ဂလိပ်





အဖို့ အရေးမကြီးလှသော ပညာရေး စသည်ကို တိုင်းရင်းသားတို့အား ငါတို့ ဝေပေးသမျှ ပိုက်ဆံနှင့် မင်းတို့ ကြိုက်သလိုစီမံဟူ၍ လက်ပြောင်းပေးခြင်း ဖြစ်ပါသည်။ ဤတွင် ပိုက်ဆံကို အင်္ဂလိပ်က ထိန်းသဖြင့် တိုင်းရင်းသားက ကောင်းစေလိုသော စေတနာတစ်ခုတည်းဖြင့် ချဲ့ထွင်၍မရနိုင်ချေ။ ဥပဒေပြုကောင်စီတွင် အမတ် ၁၀၃ ယောက်ရှိရာ အမှုဆောင်**ကောင်စီ လူကြီး**နှစ်ယောက်နှင့် အမတ် နှစ်ဆယ့်နှစ်ယောက်ကို ဘုရင်ခံက ခန့်သဖြင့် ခုနစ်ဆယ့်ကိုးယောက်ကိုသာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ရပါသည်။ ဘုရင်ခံခန့်သော နှစ်ဆယ့်နှစ်ယောက်တွင် အရာရှိ တစ်ဆယ့်လေးယောက်ထက် မပိုနိုင်ချေ။ ရွေးကောက်သော ခုနစ်ဆယ့်ကိုးယောက်တွင် ကုလားရှစ်ယောက်၊ **ကရင်**ငါးယောက်၊ ဥရောပတိုက်သားနှင့် **ကပြား**ရှစ်ယောက်တို့ကို ဆိုင်ရာ သီးသန့်မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်ရသည်။ အထူးရွေးကောက်ပွဲ မဲဆန္ဒခြောက်နယ်ရှိသေး၏။ ယင်းတို့ကား ရန်ကုန်တက္ကသိုလ်နှင့် **ကုန်သည်ကြီးအသင်း**တို့ပင် ဖြစ်သည်။ ဘုရင်ခံသည် ဥပဒေပြု အတိုင်ပင်ခံအဖွဲ့ဝင် မဟုတ်သော်လည်း အတိုင်ပင်ခံအဖွဲ့တွင် တက်ရောက်၍ မိန့်ခွန်းပေးနိုင်သည်။ အဆိုပါ ပြုပြင်ရေးတို့ကို မြန်မာအချို့က လက်ခံသော်လည်း မျိုးချစ်စိတ် ပြင်းထန်သူများက ပြုပြင်မှု မလုံလောက်သေးဟု ယူဆကြသည်။ ဘုရင်ခံနှင့် ယင်း၏ အတိုင်ပင်ခံအရာရှိကြီးများသာ တိုင်းပြည်တွင် တကယ်တမ်း တန်ခိုးရှိ၍ အုပ်ချုပ်သူများဖြစ်လျက် ရှိနေတုန်းပင်ဖြစ်၏။ မြန်မာနိုင်ငံ၏ အမျိုးသားရေးစိတ်ဓာတ် တိုးတက်ပုံကို ပြောရလျှင် သာသနာရေးနှင့် တွဲလျက်ရှိသော **ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းခေါ် ဝိုင်-အမ်-ဘီ-အေ** ကစ၍ ပြောရပါမည်။ အဆိုပါအသင်းမှာ **ခရစ်ယာန်လူငယ်များအသင်း**ကိုတုပ၍ ၁၉၀၈ ခုနှစ်က တည်ထောင်၏။ မွန်တေဂူချမ်းစဖို့ဒ် ပြုပြင်ရေးများကို ၁၉၁၈ ခုနှစ်က ဆွေးနွေးကြရာမှအစ အသင်းတွင် နှစ်စုကွဲရ၏။ စိတ်အားထက်သန်သော လူငယ်များက အင်္ဂလိပ်ဘုန်းပညာကို စွဲမြဲယုံကြည်သူ လူကြီးတို့နှင့် လမ်းစခွဲကြသည်။ လူငယ်စုမှ **ဦးချစ်လှိုင်က ဂျီစီဘီအေ** ခေါ် **ဗုဒ္ဓဘာသာအသင်းကောင်စီချုပ်**ကိုဖွဲ့ကာ ပိုမိုလိုက်လျောညီညွတ်သော ပြုပြင်ရေးကို တောင်း၏။ ဝံသာနုလုပ်ငန်းကို အားကြိုးမာန်တက် ဆောင်ရွက်ကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်း၏။ ဦးဘဘေက **ပြည်သူ့ပြည်သားပါတီ**ခေါ် နှစ်ဆယ့်တစ်ဦးပါတီကိုလည်းကောင်း၊ ဆာဂျေအေမောင်ကြီးက **တိုးတက်ရေးပါတီ**ခေါ် ရွှေတောင်ကြားပါတီကိုလည်းကောင်း အသီးသီး ခေါင်းဆောင်ဖွဲ့စည်း၍ ဦးချစ်လှိုင်၏ ဗုဒ္ဓဘာသာအသင်းကောင်စီချုပ်တွင် ဝင်၍အတိုက်

အခံ လုပ်ကြခြင်းဖြင့် နောက်ဆုံး၌ ကောင်စီချုပ်ကွဲ၍ ဦးချစ်လှိုင်တစ်စု၊ ဦးစု တစ်စု၊ ဦးစိုးသိန်းတစ်ခု ဖြစ်သွားကြပါသည်။ ဝါဒရေးရာအားဖြင့် အမျိုးဘာသာ သာသနာကောင်းစားရေးကို လုပ်မည်ဟု ကြွေးကြော်ကြသူချည်းဖြစ်သည်။ လုပ်ငန်းစဉ်အားဖြင့် ဂန္ဓိနည်းယောင်ယောင်ဖြင့် ပြတ်ပြတ်သားသား မရှိချေ။ သို့သော် ပေါင်းစပ်၍ မရနိုင်ရှိကြ၏။ သဘောနှင့် ကျင့်ထုံးထက် မင်းသားကြီး လုပ်ချင်စိတ်က များသဖြင့် ပူးတွဲ၍မရခြင်းဖြစ်သည်။ နောက်ဆုံး ဒိုင်အာကီ ကိုပင် လက်ခံ၍ ဥပဒေပြု အတိုင်ပင်ခံအဖွဲ့တွင် ဝင်၍ အရွေးခံမည်ဟု နှစ်ဆယ့်တစ်ဦးပါတီက ဆုံးဖြတ်သည်။ ထိုခေတ်က နိုင်ငံရေးခေါင်းဆောင်များ သည် ဝန်ကြီးရာထူးဝင်၍ ယူကြသော်လည်း ဝါဒရေးရာ၌ ပြတ်သားစွာ ကြေညာထားခြင်းမရှိ၊ 'အမျိုးဘာသာ သာသနာအတွက်'ဟူသော ဆေးမြီးတိုနှင့်ပင် ဝန်ကြီးလုပ်ခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ်လွန်လျှင် အိန္ဒိယနှင့် ဆက်၍တွဲနေအံ့ လော၊ ခွဲထွက်၍ သီးခြားနေအံ့လောဟူသော ပြဿနာသည် အရေးကြီးသော ပြဿနာဖြစ်၍ လာပါသည်။ ကုလားနှင့် အတွဲဖျက်လျှင် ကုလားလွတ်လပ်ရေး ရသည့်အခါ မြန်မာမပါဘဲ ကျန်ရစ်မည်ကို အလွန်စိုးရိမ်သူတို့ ရှိသလို မြန်မာ နှင့် ကုလား သဘာဝချင်း မတူသဖြင့် တွဲဖက်ထားခြင်းမှာ မတရားဟု ယူဆ သူများလည်းရှိသည်။ ဦးချစ်လှိုင်၊ ဦးစု၊ ဦးစိုးသိန်းတို့က တွဲရေးကြိုက်သည်။ သို့သော် ကုလားလွတ်လပ်ရေးရလျှင် ဆက်၍မတွဲလိုကြောင်းလည်း သိရ၏။ ဤအတွင်းမှာပင် အင်္ဂလိပ် မုန်းတီးရေးဝါဒမှ တစ်ဆင့်တက်၍ အင်္ဂလိပ်ခေါ် လာသော ကုလားမုန်းတီးရေးဝါဒ ဖြစ်ခဲ့သည်။ စင်စစ် လုပ်ခနည်းနည်းယူသော ကုလားကူလီကို မြန်မာတို့က အစတွင် ကျေနပ်သော်လည်း **စပါးဈေးကျလျှင်** စီးပွားပျက်၍ မြန်မာတို့ ဆင်းရဲလာကြသောအခါ ဈေးပေါသော ကုလားကူလီ မှာ ရန်သူဖြစ်၍ လာပါသည်။ ၁၉၃၀ ပြည့်၌ ကုလား–မြန်မာ အဓိကရုဏ်းဖြစ်၏။ 'ဒို့ဗမာပြည် ဒို့ဗမာဖို့ပါ၊ သခင်မျိုးဟေ့ ဒို့ဗမာ'ဟု အော်ဟစ်ကြွေးကြော်၍ ဒို့ဗမာ အစည်းအရုံးခေါ် သခင်ပါတီ ပေါ်လာ၏။ ၁၉၃၀ ပြည့် ဒီဇင်ဘာလ တွင် ဆရာစံခေါင်းဆောင်၍ သာယာဝတီ သူပုန်ထသည်။ တစ်ချိန်တည်းလို မှာပင် တရုတ်–မြန်မာ အဓိကရုဏ်း ဖြစ်သေးသည်။ မြန်မာလူငယ်များကို စည်းကမ်းနှင့် မျိုးချစ်စိတ် ရှိရန်ဟု အကြောင်းပြ၍ ဦးမောင်ကြီးက ရဲတပ် ဖွဲ့ခဲ့သည်။ ဒေါက်တာဘမော်က **ဓားမတပ်ဖွဲ့**သည်။ ထို ၁၉၃၀ ပြည့်နှစ်မှစ၍ **စားပွဲဝိုင်းကွန် ဖရင့်ခေါ်** မျက်နှာစုံညီ အစည်းအဝေးများ စ၍ အိန္ဒိယနှင့် မြန်မာနိုင်ငံများအတွက် အုပ်ချုပ်ပုံ ပြုပြင်ရေးများ ဆွေးနွေးသည်။ ၁၉၃၅ ခုတွင် အင်္ဂလိပ်အစိုးရက





မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်ပါသည်။ ခွဲရေးသမား ဒေါက်တာဘမော် သည် ပညာရေးဝန်ကြီးရာထူး ဝင်၍ယူသည်။ ဦးဘဘောက သစ်တောရေးဝန်ကြီး ဖြစ်ခဲ့၏။ ၁၉၃၅ ခု စက်တင်ဘာလ၌ ရန်ကုန်ကျောင်းများ သပိတ်မှောက်၍ ၁၉၃၆ ခု မတ်လတွင် တက္ကသိုလ်သပိတ်မှောက်သည်။ မျိုးချစ်စိတ် လှုံ့ဆော်မှု ပြင်းထန်သဖြင့် ကျောင်းသားများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်လာကြ၏။ ၁၉၃၆ ခုတွင် ဒေါက်တာဘမော်က ဆင်းရဲသားပါတီကို ထောင်သည်။ ဒိုင်အာ ကီမှတစ်ဆင့်တက်၍ပေးသော အုပ်ချုပ်ရေးကို ၉၁ ဌာန အုပ်ချုပ်ရေးဟု လွယ် လွယ်ခေါ်ကြပါသည်။ **၉၁ ဌာန အုပ်ချုပ်ရေး**ဟု ခေါ်ခြင်းမှာ အစုစု ၉၈ ဌာန ရှိသော မြန်မာနိုင်ငံ အုပ်ချုပ်ရေးတွင် ကာကွယ်ရေး၊ စီးပွားရေးစသော အရေး ကြီးသည့် ၇ ဌာနကို ဘုရင်ခံက ဆက်လက်ကိုင်ထားသဖြင့် ကျန် ၉၁ ဌာနကို တိုင်းရင်းသားတို့ လက်တွင်းသို့ ပေးအပ်ထားသောကြောင့် ၉၁ ဌာနအုပ်ချုပ် ရေးဟု ခေါ်ပါသည်။ ထိုနှစ်ကုန်လျှင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် အရ ရွေးကောက်ပွဲ လုပ်ရ၏။ ဦးဘဘောတို့ **ငါးပွင့်ဆိုင်က** ၄၆ ယောက် အရွေး ခံရသည်။ ဆင်းရဲသားပါတီက ၁၆၊ **ဦးချစ်လှိုင်ပါတီက** ၁၂၊ သခင်က ၃၊ ရွှေ တောင်ကြား ၂၊ ဖေဘီယန် ၁၊ သက်ပန်း ၁၊ တစ်သီးပုဂ္ဂလ ၁၇၊ ကုလား မျက်နှာဖြူ ကရင်စသည်က ၃၈၊ အစုစု ၁၃၆ ယောက်ဖြစ်၏။ မည်သည့်ပါတီမှ အစိုးရတက်၍ တစ်ဦးချင်း မဖွဲ့နိုင်သဖြင့် **ညွန့်ပေါင်းအစိုးရ**သာ ဖွဲ့ရချေသည်။ ထို့ကြောင့် ဒေါက်တာဘမော်သည် မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့၏။ တောင်သူလယ်သမားများ သက်သာရေးအတွက် သီးစားဥပဒေပြုခဲ့သည်။ အတိုက် အခံများက အစိုးရ အအုပ်အချုပ်ခက်အောင် ပြဿနာ တစ်မျိုးပြီးတစ်မျိုး ဖော် ထုတ်လျက် ရှိကြသည်။ ၁၉၃၈ ခုတွင် ရေနံမြေသပိတ် ပေါ်ပေါက်လာ၏။ ၁၉၃၈ ခုနှစ် မတ်လ၌ ဦးဘဘောတို့ လူစုထဲမှ ဦးစောပုံထွက်လာ၍ မျိုးချစ်ပါတီ ကို ထောင်၏။ **ဂဠုန်တပ်**ကို ဖွဲ့၏။ ၁၉၃၈ ခု ဇူလိုင်နှင့် ဩဂုတ်လများတွင် မြန်မာ–မူဆလင် အဓိကရုဏ်း အကြီးအကျယ်ဖြစ်၏။ ဤအခါမျိုး၌ ဒို့ဗမာအစည်း အရုံးက အခွင့်ကောင်းယူ၍ အထွေထွေ သပိတ်မှောက်စေသည်။ ကျောင်းသား သပိတ်လည်းပါ၏။ မန္တလေးသပိတ်တွင် ရဟန်းတော်များပင် တက်တက်ကြွ ကြွ ပါဝင်လာကြသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံဟူ၍ ထင်ရှားခဲ့သည်။ **ဗိုလ် အောင်ကျော်**နှင့် မန္တလေး အာဇာနည် ၁၇ ဦး ကျဆုံးရသောအခါ ဖြစ်ပါသည်။ ၁၉၃၉ ဖေဖော်ဝါရီလတွင် ဒေါက်တာဘမော် အစိုးရ ပြုတ်ကျ၍ ဦးပုအစိုးရ တက်သည်။ ဒေါက်တာဘမော်က သခင်နှင့်တွဲ၍ **ထွက်ရပ်ဂိုဏ်း** ထောင်ကြ၏။

ဥရောပတွင် စစ်ရိပ်စစ်ခြည် ရှိသဖြင့် **'အင်္ဂလိပ်အစက် ဗမာ့အချက်'**ဟု အခွင့်ကောင်းယူရန် အာသီသထားကြသည်။ ၁၉၃၉ ခု စက်တင်ဘာလတွင် ဥရောပစစ်ကြီး စသည်။ စစ်ပြီးလျှင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးမည်ဟု ကတိပေးရန် အင်္ဂလိပ်ကို တောင်းဆိုကြ၏။ ဒေါက်တာဘမော်နှင့် သခင်များပင် ထောင်သွင်း အကျဉ်းထားခဲ့သည်။ လွှတ်တော်တွင်းမှ ရာထူးလုပွဲမှာကား ဥရောပစစ်ကြောင့် ရပ်စဲသွားသည်ဟု မရှိခဲ့ချေ။ ၁၉၄၀ ပြည့် ဇန်နဝါရီလအတွင်း **ဦးဘဘေ**နှင့် **ဦးပု** ကွဲကြ၏။ စက်တင်ဘာလသို့ရောက်လျှင် **ဦးစော** ဖဲ့ထွက်ပြန်၏။ ဦးပုအစိုးရ ပြုတ်၍ ဦးစောအစိုးရ ဖွဲ့လေသည်။ အင်္ဂလိပ်ဝန်ကြီးချုပ်ထံမှ စစ်ပြီးလျှင် လွတ်လပ်ရေးပေးမည်ဟူသော ကတိတောင်းရန် ၁၉၄၁ ခု စက်တင်ဘာလတွင် ဦးစော အင်္ဂလန်သွားသည်။ ကတိကားမရ။ ဦးစောအပြန် (၁၉၄၂ ခု ဇန်နဝါရီလ) လမ်းတွင် အဖမ်းခံရသည်။ ဂျပန်က ၁၉၄၁ ခု ဒီဇင်ဘာလ ၈ ရက်နေ့တွင် စစ်ကြေညာသည်။

* * *



## (ဃ)

## ကမ္ဘာ့စစ်ကြီး နှစ်စစ်ကြား ဥရောပအခြေအနေ (သို့မဟုတ်) ဒီမိုကရေစီနှင့် အာဏာရှင်စနစ် လွန်ပွဲ

### ဆိုဗီယက်ရုရှား စတင်ပေါ်ပေါက်လာပုံ

၁၉၁၇ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်* (မတ်လ ၈) ရက်နေ့တွင် **ဘုရှား ဒီမိုကရက်တစ် တော်လှန်ရေး**ကို ပီထရိုဂရက်တွင် သပိတ်မှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်းများဖြင့် စတင်ပါသည်။ **ဗိုလရှီဗစ်** ကြော်ငြာများက စစ်သားများကို 'တော်လှန်ရေး တပ်မတော်နှင့် ပြည်သူတို့သားချင်းများ မဟာမိတ်' ပြုလုပ်ရန် လှုံ့ဆော်ခဲ့၏။ ဖေဖော်ဝါရီလ ၂၇ ရက် (မတ်လ ၁၂) ရက်တွင် ပီထရိုဂရက်စစ်တပ်သည် သူပုန်နှင့် ပေါင်းသည်။ ဖေဖော်ဝါရီလ ၂၈ (မတ်လ ၁၃) တွင်

* ၄၅ ဘီစီ၊ ဇန်နဝါရီ ၁ ရက်နေ့က စတင်ပေါ်ပေါက်ခဲ့သော ဂျူလီယန် ပြက္ခဒိန်ခေါ် ဂျူလီယပ်ဆီဇာကိုစွဲ၍ ခေါ်သည့် ပြက္ခဒိန်ကိုစွန့်၍ ၁၅၈၂ ခု အောက်တိုဘာလ ၁၅ ရက်တွင် ကက်သလစ် နိုင်ငံများက ဂရီဂေါရီယန်ပြက္ခဒိန်ကို သုံးကြသည်။ အင်္ဂလန် ၁၇၅၂ ခု စက်တင်ဘာလ ၁၄ ရက်တွင်လည်းကောင်း၊ ရုရှားက ၁၉၁၈ ခု ဖေဖော်ဝါရီလ ၁၄ ရက်တွင်လည်းကောင်း ဂရီဂေါရီယန် ပြက္ခဒိန်သို့ ပြောင်းကြသည်။ ပြက္ခဒိန်အဟောင်းနှင့် အသစ် ၁၃ ရက်ကွာ၏။

မော်စကိုကို သူပုန်သိမ်းသည်။ သူပုန် တစ်နိုင်ငံလုံး ပျံ့နှံ့တော့၏။ ကမ္ဘာစစ်တွင် ရုရှားစစ်တပ် အရှုံးများသဖြင့် ဇာဘုရင်အုပ်ချုပ်ရေးကို အမုန်းကြီးမုန်းလျက်ရှိကြသည်။ တော်လှန်သူတို့တွင် အစ၌ **မင်ရှီဗစ်**တို့ လွှမ်းမိုး၏။ **အလုပ်သမားနှင့်စစ်သားကိုယ်စားလှယ် ဆိုဗီယက်**တွင် မင်ရှီဗစ် ခေါင်းဆောင် **ချခေဒဇီ**ကို သဘာပတိ မြှောက်ကြ၏။ ပစ္စည်းမဲ့တို့ အတွေ့အကြုံနည်းသဖြင့် မသိနားမလည်သည်ကို အခွင့်ကောင်းယူ၍ ဘူဇွာ ယာယီအစိုးရဖွဲ့ကြသည်။ **မင်းသားလဗော့**ကို သဘာပတိ ခန့်ကြ၏။ ဘုရင်ကို ဆက်၍ထားရန် ကြိုးစားသော်လည်း မရသည့်အဆုံးမှ သမ္မတနိုင်ငံ ထူထောင်ရသည်။ အလုပ်သမားတို့သည် အတွေ့အကြုံနည်း၍ စည်းရုံးရေးညံ့သည် ဆိုရသော်လည်း ဘူဇွာတို့ ထင်တိုင်းမကျင့်နိုင်အောင် တားဆီးခဲ့၏။ ထို့ကြောင့် ယာယီအစိုးရတွင် ဘူဇွာတို့ လွှမ်းမိုး၍ အလုပ်သမားနှင့် စစ်သား ကိုယ်စားလှယ်တို့ ပါဝင်သော ဆိုဗီယက်၌ ပစ္စည်းမဲ့တို့ အားကောင်းသဖြင့် ယင်းနှစ်ဖွဲ့ **အာဏာပြိုင်** ဖြစ်လာပါသည်။ သို့သော် ဖေဖော်ဝါရီ ဘူဇွာတော်လှန်ရေးသည် **အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးကြီး**အတွက် အရေးပါသော ပွဲဦးထွက်ပင် ဖြစ်ပါသည်။ ဆိုဗီယက်က အမြန်စစ်ပြေငြိမ်း၍ ပစ္စည်းများ နိုင်ငံပိုင်လုပ်ခြင်းနှင့် ဆိုဗီယက်များ တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းအုပ်ချုပ်စေခြင်းတို့ကို တောင်းဆိုခဲ့၏။ ဗိုလရှီဗစ်ပါတီတွင် **လီနင်**ခေါင်းဆောင်သည်။ လီနင်က ၁၉၁၇ ခု ဧပြီလ၌ **ဧပြီစာတမ်း**ကို ထုတ်ပြန်ခဲ့၏။ လက်ရှိအခြေအနေကို ဝေဖန်၍ **ပစ္စည်းမဲ့အာဏာရှင်ခေတ်** အရောက်သွားရန် လှုံ့ဆော်သည်။ ဆိုဗီယက်များ၌ ဗိုလရှီဗစ်တို့ လူများစု ဖြစ်လာ၍ နောက်ဆုံး ယာယီအစိုးရကို အတွင်းမှနေ၍ လွှမ်းမိုးနိုင်ရန် ကြံစည်ကြပါသည်။ တော်လှန်ရေးကို ငြိမ်းချမ်းစွာ အဆင့်အတန်း မြှင့်တင်ရန်ပင် ဖြစ်တော့သည်။ ဆိုဗီယက်ကို "အာဏာကုန်အပ်"ဟူသော **ကြွေးကြော်သံ**နှင့် ဗိုလရှီဗစ်တို့ စည်းရုံးကြပါသည်။ ၁၉၁၇ ခု ဇွန်လတွင် **ရုရှားနိုင်ငံလုံးဆိုင်ရာ ဆိုဗီယက်များ ကွန်ဂရက်**ကို ခေါ်ယူရာ **လူမှုတော်လှန်ရေး**ပါတီနှင့် မန်ရှီဗစ်ပါတီတို့မှ ကိုယ်စားလှယ်အများစု၊ ဗိုလရှီဗစ်ပါတီမှ လူနည်းစု ဖြစ်ပါသည်။ ထိုကွန်ဂရက်က လူသုံးရာပါသော **ရုရှားနိုင်ငံလုံးဆိုင်ရာ ဗဟိုအမှုဆောင်ကော်မတီ**နှင့် သဘာပတိအဖွဲ့ကို ဖွဲ့သည်။ သို့သော် လီနင်ခေါင်းဆောင်သည့် ဗိုလရှီဗစ်တို့က **"ငြိမ်းချမ်းရေး၊ မြေယာနှင့်ပေါင်မုန့်"** ကြွေးကြော်သံကိုယူ၍ လူစုခဲ့ရာ အထူးအောင်မြင်သည်။ **ဗိုလရှီဗစ်အစောင့်တပ်နီ**မှာလည်း အားကောင်း၍လာပါသည်။ ၁၉၁၇ ခု အောက်တိုဘာလ





၂၄ (နိုဝင်ဘာ ၆) တွင် ယင်းတို့က **ရုတ်ခြည်းနိုင်ငံရေးအာဏာသိမ်းရန်** စီစဉ်ပါတော့သည်။ အောက်တိုဘာ ၂၅ (နိုဝင်ဘာ ၇) ရက်နေ့တွင် တော်လှန်ရေးအောင်ပြီဟု ကြေညာပါသည်။ ထိုနေ့မှာပင် **ဒုတိယရုရှား နိုင်ငံလုံးဆိုင်ရာဆိုဗီယက်ကွန်ဂရက်** စပါတော့သည်။ အောက်တိုဘာ ၂၆ (နိုဝင်ဘာ ၈) ရက်တွင် **ဆောင်းရာသီ နန်းတော်**ကိုသိမ်း၍ **ယာယီအစိုးရ**ကို ဖမ်းသည်။ ထိုနေ့မှာပင် လီနင်၏ အစီရင်ခံစာကို ကြားနာပြီးနောက် ကွန်ဂရက်က **ငြိမ်းချမ်းရေးအမိန့်**နှင့် **မြေယာအမိန့်**တို့ကို ထုတ်ပြန်သည်။ စစ်ဖြစ်နေသော နိုင်ငံအားလုံးနှင့် စေ့စပ်၍ စစ်ကို ရပ်စဲကာ မြေယာအားလုံးသိမ်း၍ လယ်သမားတို့ကို ဝေပေးရန် ဖြစ်ပါသည်။ ကွန်ဂရက်က ရုရှားနိုင်ငံလုံးဆိုင်ရာ ဗဟိုအမှုဆောင်ကော်မတီနှင့် ပထမဆုံး ဆိုဗီယက်အစိုးရဖြစ်သော **ပြည်သူ့အုပ်ချုပ်ရေးမှူးကောင်စီ**ကို ဖွဲ့စည်း၍ ပေးခဲ့သည်။ ဤနည်းဖြင့် ဆိုဗီယက်နိုင်ငံတွင် ပစ္စည်းမဲ့ အာဏာရှင်စနစ် စလေတော့သည်။ ထိုအစိုးရတွင် လီနင်မှာ သဘာပတိ၊ **ထရော့စကီ**မှာ နိုင်ငံခြားရေး၊ **အလက်ဇီရီကော့ဗ်**မှာ ပြည်တွင်းရေးနှင့် **ဂျီဆက်စတာလင်**မှာ အလုပ်သမား၊ လယ်သမား စစ်ဆေးရေးတာဝန်များ ယူကြသည်။ ဤသို့လျှင် ခေရှင်လောက၌ နယ်ချဲ့စစ်တိုက်ဆဲအခါတွင် ပစ္စည်းမဲ့ အာဏာရှင်ခေတ်ကို တည်ထောင်ခဲ့ကြ၏။ လူ့ရာဇဝင်၌ အခန်းသစ်ကြီးတစ်ခု စပါသည်။ ဆိုဗီယက်ရုရှားမှတစ်ဆင့် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ တစ်ကမ္ဘာလုံး ပြန့်စေကြောင်းကိုလည်း ရည်ရွယ်သည်။ စီးပွားရေး အောက်ကျနောက်ကျ ဖြစ်နေသော ရုရှားကို စက်မှုလက်မှု ထွန်းကားသော ရှေ့တန်းနိုင်ငံ ဖြစ်လာရေးတာဝန်ကို ဆက်လက်ကြိုးစားရန် ရှိနေပါသည်။ **ကုန်ထုတ်လုပ်ခြင်း**နှင့် ဝေခြမ်းခြင်းကို အလုပ်သမားများကပင် အုပ်ချုပ်ရန် ၁၉၁၇ ခု နိုဝင်ဘာလ ၁၄ (၂၇) ရက်ကစ၏။ နိုဝင်ဘာလအတွင်းမှာပင် စက်ရုံမှန်သမျှ **နိုင်ငံပိုင်**လုပ်၍ ပြီးပါသည်။ စီးပွားရေးကို ထိန်းသိမ်းရန် ဒီဇင်ဘာလ ၂ (၁၅) ရက်နေ့က **စီးပွားရေးကောင်စီချုပ်**ကိုဖွဲ့၏။ ဒီဇင်ဘာလ ၁၄ (၂၇) ရက်တွင် ရုရှားနိုင်ငံလုံးဆိုင်ရာ ဗဟိုအမှုဆောင်ကော်မတီက ဘဏ်တိုက်အားလုံးကို နိုင်ငံပိုင်လုပ်ခြင်းဖြင့် ဘူဇွာတို့၏ လက်နက်ကြီး တစ်ခုကို ရုပ်သိမ်းလိုက်လေသည်။ ၁၉၁၈ ဇန်နဝါရီလ ၅ (၁၈) ရက်နေ့၌ တိုင်းပြုပြည်ပြု လွှတ်တော်ကို စတင်စည်းဝေး၏။ သို့သော် တော်လှန်ရေးမတိုင်မီက ပါတီများ စာရင်းအရ ရွေးကောက်ခြင်းဖြစ်သဖြင့် နောက်တစ်နေ့တွင် ဖျက်သိမ်းလိုက်၏။ တတိယရုရှား နိုင်ငံလုံးဆိုင်ရာ ဆိုဗီယက်

ကွန်ဂရက်ကို ၁၉၁၈ ခု ဇန်နဝါရီ ၁၀ (၂၃)မှ ၁၈ (၃၁) ရက်အထိ ကျင်းပလျက်ရှိရာ **တတိယရုရှားနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား ကိုယ်စားလှယ်ကွန်ဂရက်**နှင့် ဇန်နဝါရီလ ၁၃ (၂၆) ရက်နေ့တွင် ပူးပေါင်းလိုက်ရာ အလုပ်သမား၊ လယ်သမားနှင့် စစ်သားတို့ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းမိသဖြင့် ပစ္စည်းမဲ့ အာဏာရှင်စနစ်မှာ အခြေခိုင်၍ သွားပါသည်။ ကွန်ဂရက်က **လုပ်သားနှင့် သွေးစုပ်ခံပြည်သူတို့၏ အခွင့်အရေး ကြေညာချက်**ကို လီနင်ရေးဆွဲထားသည့်အတိုင်း လက်ခံလိုက်၍ ရုရှားကိုလည်း **ဆိုဗီယက်သမ္မတနိုင်ငံ**ဟု ကြေညာသည်။ ဆိုဗီယက်၏ အဓိကတာဝန်ကား လူလူချင်း သွေးစုပ်ခြင်းစနစ်ကို ဖျက်သိမ်းရန်၊ လူတန်းစားခွဲခြားခြင်းကို ဖျက်သိမ်းရန် သွေးစုပ်ကောင်တို့ကို မထောက်မညှာ ချေမှုန်းရန်၊ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းကို ပျိုးထောင်ရန်နှင့် ဆိုရှယ်လစ်ဝါဒ တည်ဆောက်ရန်တို့ ဖြစ်သည်ဟု သတ်မှတ်သည်။ ထိုကွန်ဂရက်ပင် **ရုရှားဆိုရှယ်လစ် ဆိုဗီယက်သမ္မတ ပြည်ထောင်စု** ဖြစ်၍လာပြန်ပါသည်။ ဤအပြောင်းအလဲများကြောင့် **အမျိုးသားပုံစံနှင့် ဆိုရှယ်လစ် အနှစ်အကျင့်**ပါသော ယဉ်ကျေးမှု ပေါ်လာ၏။ **ကျောင်း**၊ တက္ကသိုလ်၊ **စာကြည့်တိုက်**၊ ဓာတ်ရုံနှင့် ပြတိုက်တို့ကို ပြည်သူတို့ လက်လှမ်းမီအောင် လုပ်ပေးသည်။ သက်ကြီးတို့ စာရေးစာဖတ်တတ်အောင် အကြီးအကျယ် ကြိုးစားလာသည်။ ပုံနှိပ်တိုက်၊ စာပေ၊ အနုပညာ၊ လောကဓာတ်ပညာနှင့် ယဉ်ကျေးမှုတို့ စွမ်းသမျှကိုသုံး၍ လုပ်သားများကို **ကွန်မြူနစ်** ပညာနှင့် ဓလေ့ကို သင်ပေး၏။ ငြိမ်းချမ်းရေးမရလျှင် ဘာမျှ ထိရောက်အောင် မဆောင်ရွက်နိုင်ဟု သဘောထား၍ ၁၉၁၇ ခု နိုဝင်ဘာလ ၂၂ (ဒီဇင်ဘာလ ၅) ရက်ကပင် ဂျာမနီနှင့် စစ်ရပ်စဲလိုက်သည်။ သို့သော် ရုရှားတွင် ဆိုဗီယက်တို့ အခြေတကျ မရှိသေးသည်ကို အခွင့်ကောင်းယူ၍ ဂျာမနီတပ်များ **ဘော်လကန်** ဒေသသို့ အတင်းထိုးဖောက် ဝင်ရောက်လာကြ၏။ **ရုရှားပြက္ခဒိန်**မှာ ရှေးဆန်သော **ဂျူလီယန်ပြက္ခဒိန်** ဖြစ်နေသဖြင့် အများသုံးသော **ဂရီဂေါရီယန် ပြက္ခဒိန်**နှင့် ၁၃ ရက် နောက်ကျနေသဖြင့် ၁၉၁၈ ခု ဖေဖော်ဝါရီလဆန်း ၁ ရက်နေ့ကို ဖေဖော်ဝါရီလ ၁၄ ရက် ဟု အစိုးရအမိန့်နှင့် ပြင်ဆင်လိုက်သဖြင့် ဤနေရာမှစ၍ ရက်စွဲများကို အထက်ကလို အဟောင်းအသစ် ခွဲခြား၍ မပြတော့ဘဲ အသစ်ကိုသာ ဖော်ပြ၍သွားပါ မည်။ ၁၉၁၈ ခု ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဆိုရှယ်လစ် **အဖနိုင်ငံ** ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရချေပြီဟူသော ကြေညာချက်ကိုထုတ်၍ ဂျာမနီနယ်ချဲ့ကို ဝိုင်းဝန်းတိုက်ခိုက်ရန် နှိုးဆော်ရ၏။ ၁၉၁၈ ခု ဖေဖော်ဝါရီလ





၂၃ ရက်ကား **တပ်နီ** မွေးဖွားသောရက် ဖြစ်ပါသည်။ ဤအရေး၌ လီနင်နှင့် ထရော့စကီတို့ သဘောအယူအဆ ကွဲကြ၏။ လီနင်က အနာခံ၍ ဂျာမနီနှင့် စစ်ပြေငြိမ်းရန် အခါအခွင့်အားဖြင့် လိုအပ်သည်ဟု ဆုံးဖြတ်၏။ ကွန်မြူနစ်ပါတီ ခုနစ်ကြိမ်မြောက် ကွန်ဂရက်က လီနင်လမ်းစဉ်ကို လက်ခံသည်။ ၁၉၁၈ ခု မတ်လ ၃ ရက်တွင် စစ်ပြေငြိမ်းစာချုပ်သည်။ **ရုရှားနိုင်ငံလုံးဆိုင်ရာ စတုတ္ထဆိုဗီယက် အထူးကွန်ဂရက်**က မတ်လ ၁၅ ရက်တွင် အထက်ပါစာချုပ်ကို အတည်ပြုသည်။ ၁၉၁၈ ဇူလိုင်လ ၄–၁၀ တွင် ကျင်းပသော **ပဉ္စမကွန်ဂရက်က ပထမဆိုဗီယက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ**ကို အတည်ပြုသည်။ ဤအချိန်မှစ၍ ဆိုဗီယက် သမ္မတနိုင်ငံကို ဖျက်ရန် **တန်ပြန်တော်လှန်ရေး** ပေါ်လာပါသည်။ ပြည်တွင်းစစ် ဖြစ်ခဲ့သည်။ ၁၉၁၉ ခုနှစ်က ဗိုလ်ရှီဗစ်တို့သည် ပီထရိုဂရက်နှင့် မော်စကို တစ်ဝိုက်တွင်သာ အာဏာရှိတော့သည်။ မီးဝိုင်းနေသော ဆိုဗီယက်တို့က **စွမ်းအားရှိသမျှ စစ်မျက်နှာသို့ပို့**ဟူသော ကြွေးကြော်သံဖြင့် ခုခံခဲ့သည်။ ၁၉၁၈ ခု နိုဝင်ဘာလ၌ ကမ္ဘာစစ် ၁ ပြီးဆုံးလျှင် မဟာမိတ် နိုင်ငံများတို့သည် ဆိုဗီယက် သမ္မတနိုင်ငံ၏ အရေးတွင် ဝင်ရောက်စွက်ဖက်လာကြသည်။ စစ်အောင်နိုင်ရေး အတွက် မကြုံဖူးအောင်ထူးသော နိုင်ငံရေးနှင့် စီးပွားရေး အစီအစဉ်များကို လုပ်ရ၏။ စက်မှုလုပ်ငန်းကြီးများကို အထက်က နိုင်ငံပိုင် လုပ်ခဲ့၏။ ယခု လုပ်ငန်းငယ်များကိုပါ သိမ်းရသည်။ ပေါင်မုန့်ရောင်းသည်ကိုပင် ဝင်၍အုပ်ချုပ်၏။ ကိုယ်ပိုင်အရောင်းအဝယ် မလုပ်ရဟု တားရသည်။ လယ်သမားလက်ထဲ၌ **ကောက်ပဲသီးနှံ** အပိုရှိသမျှကိုသိမ်း၍ စစ်တပ်ကို ကျွေးရ၏။ စားသုံးကုန်ကို **ရာရှင်ကတ်**နှင့် မျှတ၍ ချွေတာသုံးစွဲခိုင်းရသည်။ စွမ်းသန်သူတိုင်း အလုပ်လုပ်ခိုင်းရသည်။ အခိုက်အတန့်အားဖြင့် မှန်သောလမ်းစဉ်ဖြစ်၍ ထိုလုပ်ငန်းစဉ်တို့ကို **စစ်ကွန်မြူနစ်ဝါဒ**ဟူ၍ပင် ခေါ်စမှတ်ပြုကြသည်။ ၁၉၁၉ ခုနှစ်ကုန်လျှင် ရန်သူတို့ တစ်ပတ်ပြိုကွဲ၏။ မဟာမိတ်တို့က ဒုတိယအကြိမ် စုစည်းတိုက်ခိုက်ပြန်သော်လည်း ၁၉၂၀ တွင် ပြိုကွဲပြန်၏။ အရှေ့ဖျား၌ ၁၉၂၂ ခုအထိ တိုက်ခိုက်ရသည်။ နိုင်ငံတကာမှ နယ်ချဲ့တို့ပေါင်း၍ ဆိုဗီယက်ကို တိုက်ခိုက်သော်လည်း တပ်နီက နောက်ဆုံး၌ အနိုင်ရရှိခြင်းကား ကမ္ဘာ့ရာဇဝင်တွင် ကျော်ကြားသော စွမ်းဆောင်ချက်ပင် ဖြစ်ပါသည်။ ၁၉၂၁–၅ ခုနှစ်များကား အမျိုးသား စီးပွားရေး ပြန်လည်ထူထောင်ရသောနှစ်များ ဖြစ်ပါသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂–၉ ရက်များတွင် ရှစ်ကြိမ်မြောက် ရုရှားနိုင်ငံလုံးဆိုင်ရာ ဆိုဗီယက်ကွန်ဂရက်

ကို ခေါ်ယူ၍ ဆိုဗီယက်သမ္မတနိုင်ငံကို လျှပ်စစ်ဓာတ်အား တပ်ဆင်ပေးရန် ဆုံးဖြတ်ခဲ့၏။ ၁၉၂၁ ခုနှစ်ကစ၍ စစ်ကွန်မြူနစ်ဝါဒမှ **စီးပွားရေးဝါဒသစ်သို့** ပြောင်း၍ ပစ္စည်းဖြင့် အခွန်ပေးခြင်းအစား အပိုရရှိနိုင်သော အစားအစာနှင့် **ကုန်ရိုင်း**ကို သိမ်းယူမည်ဟူသော သဘောထားကို ချမှတ်ခဲ့သည်။ ဆိုဗီယက်နိုင်ငံ အားလုံးပေါင်း၍ ၁၉၂၂ ခု ဒီဇင်ဘာလ ၃၀ ရက်တွင် **ဆိုဗီယက်ဆိုရှယ်လစ်သမ္မတ ပြည်ထောင်စု**ကို တည်ထောင်ရန် ဆုံးဖြတ်ခဲ့၏။ ၁၉၂၄ ခု ဇန်နဝါရီလ ၂၁ ရက်တွင် ခေါင်းဆောင်ကြီး လီနင် ကွယ်လွန်သည်။ ၁၉၂၅ ခုနှစ်ကား ပြန်လည်ထူထောင်ရေးခေတ် ပြီးဆုံးသည်ဟု ဆိုရသောနှစ် ဖြစ်ပါသည်။ ၁၉၂၆–၄၀ ခုနှစ်များတွင် ဆိုဗီယက် ဆိုရှယ်လစ်၌ ဆိုရှယ်လစ်ဝါဒ အောင်မြင်ခြင်းသို့ ရောက်လေပြီဟု ဆိုပါသည်။ စီးပွားရေးတွင် **ပထမငါးနှစ်စီမံကိန်း**ကို ၁၉၂၈–၃၃ ခုနှစ်များအတွက် လျာထား၏။ **အားကြီးသော စက်မှုလုပ်ငန်းကြီး**ကို စပါသည်။ အကြီးအကျယ် တိုးတက်သော စက်မှုအားနှင့်မျှအောင် လယ်ယာဘက်ကလည်း **စုပေါင်းစိုက်ပျိုးရေးစနစ်**ကို စရပါသည်။ ခေါင်းဆောင်မှုတွင် လီနင် ကွယ်လွန်ပြီးနောက် စတာလင်နှင့် ထရော့စကီတို့ ပြိုင်ဆိုင်ခဲ့၏။ နောက်ဆုံး၌ ထရော့စကီကို ၁၉၂၇ ခုတွင် ပါတီမှ ထုတ်ပယ်၍ ၁၉၂၉ ခုတွင် ရုရှားမှ နှင်ထုတ်လိုက်သည်။ မက္ကစီကိုတွင် ၁၉၄၁ ခုနှစ်၌ ထရော့စကီ အသတ်ခံရ၏။ ဒုတိယ ငါးနှစ်စီမံကိန်းကို ၁၉၃၃–၇ ခုနှစ်များအတွက် လျာထား၏။ နိုင်ငံတွင်း သုံးစွဲရန် ကုန်ပစ္စည်း ပိုမိုထုတ်လုပ်ရေးကို ရည်ရွယ်သည်။ ဤကာလအတောအတွင်း၌ ယခင် အောက်ကျနောက်ကျ နေခဲ့ရသော ကမ္ဘာလောက၏ ခြောက်စိတ်တစ်စိတ်သော မြေအပေါ်ဝယ် ကြီးမားသော ဆိုရှယ်လစ်ဝါဒကြီးကို မြဲမြံစွာ တည်ဆောက်နိုင်ခဲ့ပါသည်။ ဆိုရှယ်လစ်ဝါဒ တည်မိလျှင် ၁၉၃၈–၄၀ ခုနှစ်များကို ကွန်မြူနစ်ဝါဒသို့ တဖြည်းဖြည်း ပို့ဆောင်ရန် စီစဉ်ပြန်၏။ ထိုအရေးတွင် လမ်းပြဆောင်ပုဒ်ကား **"လူတိုင်းစွမ်းသမျှ လုပ်၍ လိုသမျှ သုံးနိုင်ရေး"**ပင် ဖြစ်ပါသည်။ တတိယ ငါးနှစ်စီမံကိန်း (၁၉၃၈–၄၂) မှာ အစွမ်းကုန်ပစ္စည်းထုတ်လုပ်ရေး၊ လူနေမှုအဆင့်ကို အဘက်ဘက်မှ မြင့်တင်ရေးနှင့် ကာကွယ်ရေးအားကို တိုးချဲ့ရန် ဖြစ်ပါသည်။ **ဖက်ဆစ်** ကျူးကျော်မှုကို ကာကွယ်ရန် ပြင်ဆင်ရသောအခါလည်း ဖြစ်ပါသည်။ **မျိုးချစ်စစ်ကြီး** မစမီ ဆိုဗီယက်ယူနီယန်တွင် သမ္မတနိုင်ငံ ၁၆ နိုင်ငံ ပါဝင်၍ လူဦးရေ ၁၉၁,၇၀၀,၀၀၀ ရှိနေပါသည်။ ဂျာမနီက စစ်မကြေညာဘဲ ၁၉၄၁ ခု ဇွန်လ ၂၂ ရက်တွင် ဝင်ရောက်တိုက်ခိုက်သဖြင့် ခုခံရေး စရပါတော့သည်၊





## ဂျာမနီနှင့် နာဇီဝါဒ

ကမ္ဘာစစ် ၁ မဖြစ်မီကပင်လျှင် ဂျာမနီအစိုးရသည် ဒီမိုကရေစီကို ပစ်ပယ်ရာရောက်လွန်းသည်ဟု ဂျာမနီအမျိုးသား များစွာကပင် ယူဆခဲ့ပါသည်။ စစ်ကြီးအတွင်းက အစားအစာ ခေါင်းပါးခြင်း၊ ရုရှားတော်လှန်ရေး၏ ဂယက်ရိုက်ခတ်ခြင်း၊ စစ်ပွဲတွင် မျှော်လင့်သလို မြန်မြန်အောင်ပွဲမရခြင်း၊ ပြည်သူတို့စစ်အောင်နိုင်ရေးအတွက် အလွန်အမင်း မြိုးခြိရခြင်း စသည်တို့ကြောင့် ဂျာမနီတွင် တော်လှန်ရေးစိတ်ဓာတ်များ ဝင်လာခဲ့၏။ အားအကောင်းဆုံးဖြစ်သော **ဆိုရှယ်ဒီမိုကရက်တစ်ပါတီ**တွင် ဖြည်းဖြည်းအေးအေးနှင့် **ပုဂ္ဂလိက** ပစ္စည်းကို နိုင်ငံပိုင်လုပ်၍ စစ်ကို ဖွဲ့နှင့်ဆက်တိုက်လိုသူတစ်စု၊ စစ်ကိုရပ်၍ အမြန်ဆုံးပစ္စည်းနိုင်ငံပိုင်လုပ်ရန် လိုသူတစ်စုနှင့် စစ်ကိုရပ်၍ ပစ္စည်းမဲ့အာဏာရှင်စနစ် ထူထောင်လိုသူတစ်စု ရှိလာသည်။ စစ်ပြီးအံ့ဆဲဆဲတွင် ကေရာဇ် ထီးနန်းစွန့်သဖြင့် ဂျာမနီ သမ္မတနိုင်ငံ ဖြစ်လာသည်။ ပစ္စည်းမဲ့ အာဏာရှင်အရေးကိုဆိုရင်း ဘူဇွာနိုင်ငံရေးသို့ရောက်၍ လက်ယာဆန်သွားပါသည်။ ၁၉၁၉ ခု ဇန်နဝါရီ ၁၉ ရက်တွင် တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်၍ အုပ်ချုပ်ပုံစည်းမျဉ်းကို ရေးဆွဲကြ၏။ ၁၉၁၉ ဇူလိုင် ၃၁ ရက်တွင် သမ္မတ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုခဲ့၏။ သမ္မတနိုင်ငံတွင် နိုင်ငံငယ် တစ်ဆယ့်ခုနစ်နိုင်ငံပါသည်။ ဘာလင်တွင်ရှိသော **ဗဟိုအစိုးရ**က နိုင်ငံခြားရေး၊ လူဝင်လူထွက်အရေး၊ ကာကွယ်ရေး၊ **ငွေဒင်္ဂါး သွန်းလုပ်ရေး**၊ မီးရထား ဆက်သွယ်ရေးနှင့် **လူမှုရေးဥပဒေ**တို့ကို တာဝန်ယူရ၏။ သမ္မတကို သက်တမ်း ၇ နှစ်အတွက် အရွယ်ရောက်သူတိုင်း မဲပေး၍ တိုက်ရိုက်ရွေးကောက် တင်မြှောက်နိုင်သည်။ ပါလီမန်က မဲသုံးပုံနှစ်ပုံနှင့် အပြစ်ကိုဖော်ပြ စွဲချက်တင်၍ လူထုကလည်း ပြဿနာတစ်ခုတည်းအတွက် အဆုံးအဖြတ် မဲပေးခြင်းဖြင့် သမ္မတကို ဖြုတ်ချနိုင်ပါသည်။ တာဝန်အနေဖြင့် စာချုပ် လက်မှတ်ရေးထိုးခြင်း၊ သံတမန်စေလွှတ်လက်ခံခြင်းနှင့် ကြည်းတပ်ရေတပ်ကို အုပ်ချုပ်ခြင်းတို့ကို ပြုရ၏။ လွှတ်တော်ကို ဖျက်သိမ်းနိုင်၏။ သို့သော် အရက် ၆၀ အတွင်း ပြန်၍ ရွေးကောက်ပွဲလုပ်ရမည်။ လိုအပ်လျှင် အခြေခံဥပဒေကိုပင် ရပ်စဲနိုင်၏။ သို့သော် ပါလီမန်ကတောင်းလျှင် အခြေခံ ဥပဒေအတိုင်း ပြန်၍အုပ်ချုပ်စေ၏။ အုပ်ချုပ်ရေး အာဏာကား စင်စစ်အားဖြင့် တာဝန်ခံ ကဲ့ဘိနက်တွင်ရှိသည်။ ကဲ့ဘိနက် ခေါင်းဆောင်မှာ အမတ်ချုပ်ဖြစ်သည်။ လွှတ်တော်က **အယုံအကြည်မရှိ အဆိုနှင့်** ဖြုတ်ချနိုင်ပါ

သည်။ လွှတ်တော်ဟူသည် **ရစ်စတက်**နှင့် **ရစ်စရတ်**ဟူ၍ရှိရာ ရစ်စတက်ခေါ် အောက်လွှတ်တော်ကို အချိုးကျ ကိုယ်စားလှယ်လွှတ်နည်းဖြင့် လေးနှစ်တစ်ကြိမ်ရွေးသည်။ လူ ၆၀,၀၀၀ လျှင် အမတ်တစ်ယောက်မျှ ရွေးရ၏။ နိုင်ငံရေးပါတီက အမတ်လောင်းစာရင်းကို လုပ်သည်။ လူထုက အမတ်လောင်းကို မဲမပေး၊ ပါတီအလိုက်သာ မဲပေးသွားသည်။ ပါတီက အမတ်နေရာရသလောက် အထက် စာရင်းအတိုင်း လွှတ်တော်သို့ ပို့ရ၏။ အထက်လွှတ်တော်က ကန့်ကွက်သော ဥပဒေကို အောက်လွှတ်တော်က သုံးပုံနှစ်ပုံ ထောက်ခံလျှင် ထိုပြဿနာအတွက် သီးသန့်၍ တစ်နိုင်ငံလုံး မဲပေးဆုံးဖြတ်ရ၏။ ရစ်စရတ်ခေါ် အထက်လွှတ်တော်ကို လူ ၇၀၀,၀၀၀ လျှင် အမတ်တစ်ယောက်မျှ ရွေးကောက်တင်မြှောက်သည်။ အမတ် ၇၀ လောက် ရှိတတ်၍ နိုင်ငံငယ် အသီးသီးမှ ကိုယ်စားလှယ် အဖွဲ့ဝင်များကို စေလွှတ်လေ့ရှိပါသည်။ ကွန်မြူနစ် ခေါင်းဆောင်ပိုင်းကို သတ်ဖြတ်ခြင်းဖြင့် ကွန်မြူနစ်ရန်မှာ မကြီးကျယ်တော့ချေ။ ၁၉၂၃ ခုတွင် **အဒေါ့ဖ်ဟစ်တလာ**နှင့် ဗိုလ်ချုပ်ကြီး **လူဒင်ဒရော့ဖ်**တို့က ဘာလင်အထိ ချီတက်၍ စစ်ဝါဒဆန္ဒပြရန် စီစဉ်သေး၏။ မအောင်မြင်ချေ။ ၁၉၂၀–၃၀ ခုနှစ်များအတွင်း၌ နိုင်ငံရေးတွင် လက်ယာသမားတို့ လွှမ်းမိုးသည်။ ၁၉၂၅ ခုတွင် **ဟိန်ဒင်ဘာ့တ်** သမ္မတ ဖြစ်လာသည်။ ဘုရှာတို့ ပို၍ ခြယ်လှယ်ခွင့်ရလာပါသည်။ ဤအတွင်းမှာပင် အမျိုးသား ဆိုရှယ်လစ်တို့ အားကောင်း၍လာပါသည်။ ယင်းတို့အနက် ခေါင်းဆောင်တစ်ဦးဖြစ်သူ **အဒေါ့ဖ်ဟစ်တလာ**ကား **အထက်ဩစတြီးယား**တွင် အဖ ဩစတြီးယား နိုင်ငံသားနှင့် အမိ ဘိုဟီမီယားသူတို့မှ ၁၈၈၉ ခုနှစ်တွင် မွေးဖွားခဲ့သူ ဖြစ်ပါသည်။ ကိုယ်စွမ်းကိုယ်စဖြင့် ပညာရှာမှီးရသူဖြစ်၍ အနုပညာ လက်ရာများ၌ အသင့်အတင့် စွမ်းရည်ရှိသူဖြစ်၏။ ကမ္ဘာစစ်အတွင်းက ဂျာမနီ စစ်တပ်တွင် ဝင်၍အမှုထမ်းခဲ့ရာ ရဲစွမ်းသတ္တိကြောင့် **သံကြက်ခြေ** ရဖူးသူဖြစ်၏။ စစ်ပြီးသည့်နောက် ၁၉၂၃ ခု နိုဝင်ဘာလ ၉ ရက်တွင် ဘာလင်သို့ စီတန်းလမ်းလျှောက်ရန် စီစဉ်မှုဖြင့် အဖမ်းခံရ၍ ထောင်ထဲ၌ လပေါင်းများစွာ နေခဲ့ရပါသည်။ အမျိုးသား ဆိုရှယ်လစ်တို့ကို **နာဇီ** ဟူ၍ အခေါ်များ၏။ ဟစ်တလာ ထောင်မှ လွတ်လျှင် အလုပ်သမားတို့ကို စည်းရုံးသည်။ **ကျွန်ုပ်၏ စွန့်စားခန်း**ခေါ် စာအုပ်ကို ပြုစုသည်။ ထိုစာအုပ်၌ **နာဇီဝါဒ**ကို အသေးစိတ် ဖော်ပြ၏။ (၁) ပို၍ကြီးမားကျယ်ပြန့်သော ဂျာမနီနိုင်ငံ ဖြစ်လာရေး၊ (၂) **ဆီမိုက်**ခေါ် ဂျူးကို





နှိပ်ကွပ်ရေး၊ (၃) လက်အောက်ခံနယ်တို့ကို ပြန်လည်ရရှိရေး၊ (၄) **နော်ဒစ်** အမျိုးသားတို့ ကြီးကျယ်မြင့်မြတ်ရေး၊ (၅) **ဗာဆေး** စာချုပ်များကို ဖျက်သိမ်းရေး၊ (၆) ဂျာမနီ စစ်တရားခံဖြစ်သည်ဟူသော စွဲချက်ချေပရေး၊ (၇) အညီအမျှ လက်နက်တပ်ဆင်ခွင့်ရရေး၊ (၈) လူမှုဥပဒေပြုရေး၊ (၉) ပိုမိုကောင်း မွန်သောအနေဖြင့် အလုပ်လုပ်နိုင်ရေး၊ (၁၀) ပစ္စည်းထိန်းအဖွဲ့များကို အမျိုးသား ပိုင်လုပ်ရေး၊ (၁၁) မြေယာ ပြုပြင်ရေးနှင့် (၁၂) အလုပ်မလုပ်ဘဲ အမြတ်စားခွင့် ပယ်ဖျက်ရေးတို့ကား နာဇီဝါဒပင် ဖြစ်ပါသည်။ ၁၉၃၂ ခုတွင် နာဇီ ၇၀၀,၀၀၀ ခန့်ရှိ၏။ သို့သော် နာဇီ အမှတ်တံဆိပ်ဖြစ်သော **စကြာ**ကို ထောက်ခံသူကား သန်းနှင့်ချီ၍ ရှိပေမည်။ ၁၉၃၂ ခုနှစ် သမ္မတအရွေးခံပွဲ၌ ဟစ်တလာ ဝင်သော်လည်း ဟိန်ဒင်ဘာ့တ်ပင် ပြန်၍အရွေးခံရသည်။ ရစ်စတက်လွှတ်တော် ရွေးကောက်ပွဲ၌ကား ဟစ်တလာဘက်မှ အမတ်အများဆုံး ရသော်လည်း မည်သည့်ပါတီမျှ တစ်ဦးချင်း အစိုးရဖွဲ့လောက်အောင် အားမကောင်းချေ။ သို့သော် နောက်ဆုံး၌ ဟစ်တလာ ခေါင်းဆောင်၍ **ညွန့်ပေါင်းအစိုးရ** ဖွဲ့နိုင်ခဲ့သည်။ အတိုက်အခံမှန်သမျှကို အားလုံးချေမှုန်းလိုက်၏။ **တစ်အာဏာတည်းရှိသောနိုင်ငံ** ဖြစ်လာရေးအတွက် (၁) ကွန်မြူနစ်ကို မတရားသင်း ကြေညာခြင်း၊ (၂) ဆိုရှယ်လစ် ဒီမိုကရက်နှင့် မျိုးချစ်ပါတီတို့ကို ဖျက်လိုက်ခြင်း၊ (၃) ပြည်ထောင် စု အုပ်ချုပ်ရေး၊ နိုင်ငံငယ် အုပ်ချုပ်ရေးနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတို့ကို အားလုံးစု၍ ဗဟိုကြိုးကိုင်ဖြစ်အောင် စီမံခြင်း၊ (၄) အလုပ်သမား အဖွဲ့အစည်းများကို တွဲဖက်ပေါင်းစပ်ခြင်း (၅) လူငယ်အဖွဲ့များကို စုစည်းခြင်း၊ (၆) **သံမဏိခမောက်တပ်**နှင့် **နာဇီမုန်တိုင်းတပ်**တို့ကို **ရစ်စဝါ**တွင် ပေါင်းလိုက်ခြင်း၊ (၇) **ဂျာမနီ ဧဝံဂေလိကယ် ကျောင်းတော်**ကို အသစ်စည်းရုံး၍ နိုင်ငံတော်က အုပ်ချုပ်ခြင်း၊ (၈) အတိုက်အခံ သတင်းစာတို့ကို ဖိနှိပ်ခြင်း၊ (၉) လိုက်လျော ညီညွတ်သောဂိုဏ်း၊ ဆိုရှယ်ဒီမိုကရက်နှင့် ကွန်မြူနစ်တို့ကို ဖိနှိပ်ခြင်း၊ (၁၀) ရစ်စတက် လွှတ်တော်မှ ဆိုရှယ်ဒီမိုကရက်နှင့် မျိုးချစ်များကို ထုတ်ပစ်ခြင်း၊ (၁၁) ဗဟိုပါတီကို **အလိုအလျောက် ရုပ်သိမ်းစေခြင်း၊** (၁၂) **ကက်သလစ် ကျောင်းတော်**နှင့် သဘောတူညီချက်ကို လက်စသတ်ခြင်း၊ (၁၃) **ဂျာမနီ ဂျူး** တို့ထံမှ **နိုင်ငံသား အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး**များစွာကို **အရိယာလူ** မျိုးမဟုတ်သဖြင့် ရုပ်သိမ်းလိုက်ခြင်းတို့ကို လုပ်ပါသည်။ တစ်ဖက်စီးနင်း ရက်စက်ကြမ်းတမ်းစွာ ဆောင်ရွက်သည်ကို ဝိုင်းဝန်းကန့်ကွက်ကြသော်လည်း အရာမရောက်ချေ။ ထို့ပြင် ဂျာမနီက လက်နက်တိုး၍ တပ်ဆင်မည်ကို လွယ်လွယ်

နှင့် ခွင့်မပေးလိုသဖြင့် နိုင်ငံပေါင်းချုပ်အသင်းက နုတ်ထွက်မည်ပြုသောအခါ တွင် ပြည်သူတို့က ၁၉၃၃ ခု နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အင်တိုက်အားတိုက် မဲပေးထောက်ခံခဲ့ပါသည်။ ၁၉၃၄ ခု ဇွန်လအတွင်း၌ လက်ဝဲဆန်သော နာဇီ ခြောက်ဆယ်တို့ကို အာဏာလုမည် ကြံစည်သည်ဟု အကြောင်းပြ၍ သတ်ခဲ့၏။ အမှန်မှာ ပြည်ပဆက်ဆံရေး၌ ဂျာမနီ နာမည်ပျက်ခြင်း၊ ပြည်တွင်း၌ ဆင်းရဲ လာခြင်းနှင့် သာသနာကို နာဇီဆန်အောင် လုပ်ခြင်းကို သာသနာရေး ပုဂ္ဂိုလ် များက ကန့်ကွက်လာခြင်းတို့ကြောင့် ရက်စက်မှုဖြင့် ခြိမ်းခြောက်၍ စည်းရုံး ပြန်ခြင်းဖြစ်သည်။ ၁၉၃၄ ခု ဩဂုတ်လ ၂ ရက်တွင် သမ္မတ ဟိန်ဒင်ဘာ့တ် သေဆုံးပြီးနောက် ဟစ်တလာကိုပင် ဩဂုတ်လ ၁၉ ရက်တွင် **လူထုဆန္ဒပြ ရွေးကောက်ပွဲ**ဖြင့် သမ္မတ မြှောက်ကြသည်။ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် ဂျာမနီပိုင်နက်အားလုံး လက်လွှတ်၍ နိုင်ငံခြား၌ **ငွေရင်းငွေမ** မြှုပ်နှံထားသည် များ ဆုံးပါးသဖြင့် စီးပွားရေးတွင် များစွာချို့တဲ့၏။ ၁၉၂၃ ခုတွင် အခြေအနေ အဆိုးဝါးဆုံး ဖြစ်ပါသည်။ သို့သော် ၁၉၂၉ ခုနှစ်တွင် စီးပွားရေး ပြန်လည်ထူ ထောင်မိပြီဖြစ်သဖြင့် ထိုနှစ်၏ စက်မှုထွက်ကုန်သည် ၁၉၁၃ ခုနှစ်က ထွက် ကုန်ထက်ပင် ပိုပါသေးသည်။ တစ်ဖန် ၁၉၃၀ ပြည့်နှစ်ကျော်လျှင် စီးပွားရေး ကျဆင်းပြန်၏။ ထို့ကြောင့် ဟစ်တလာ အစိုးရတွင် အရေးကြီးသော ပြဿနာများ ဖြေရှင်းရန် ရှိနေပါသည်။ ၁၉၃၀ ပြည့်က အစုစု လူဦးရေ ၆၄,၀၀၀,၀၀၀ တွင် ၇,၀၀၀,၀၀၀ ခန့်သည် အလုပ်လက်မဲ့များဖြစ်၏။ ၁၉၃၄ ခု အောက်တိုဘာလ တွင် အလုပ်လက်မဲ့ ၂,၄၂၀,၀၀၀ မျှသာ ရှိတော့သည်ဟု အဆိုရှိသည်။ သို့သော် အလုပ်ချိန်ကို ၇၁.၉ နာရီသို့ လျှော့ချခြင်းကြောင့် လူပို၍ ခန့်ရခြင်းနှင့် ဂျူး တို့ကို အလုပ်ထုတ်ပစ်သဖြင့် လူစားဝင်ရခြင်းတို့ကြောင့် ဤသို့ အရေအတွက် လျော့သွားရသည်။ အလုပ်ထုတ်ပစ်ခံရသော ဂျူးများကို အလုပ်လက်မဲ့ စာရင်း ထဲ၌ မပါချေ။ ၁၉၃၄ ခု မေလ ၁၉ ရက်တွင် **အလုပ်သမား စည်းရုံးရေးဥပဒေ**ကို ပြဋ္ဌာန်းသည်။ ဥပဒေအရ လုပ်ခနှင့် အလုပ်ခွင် အခြေအနေကို ထိန်းသိမ်းပေး၏။ သို့သော် အလုပ်သမားသမဂ္ဂများကို ဖျက်လိုက်သည်။ ဂျာမနီ တစ်နိုင်ငံလုံး၏ စက်မှုအစည်းအရုံးကို စီမံရန် **စီးပွားရေးကောင်စီချုပ်** ဖွဲ့စည်းထားလေသည်။ သို့သော် နာဇီတို့ အုပ်စီးသဖြင့် ထွက်ကုန်ပစ္စည်းများ လျော့နည်းလိုက်သည်။ အခြေအနေကို ကယ်တင်ရန် ဟစ်တလာ၏ စီးပွားရေးအကြံပေး **ဒေါက်တာ ဂျာလမာရှက်**က (၁) နိုင်ငံခြားကြွေးများကို လျှော်ပစ်ရန်၊ (၂) ဂျာမနီကို ကုန်





ရောင်းသော နိုင်ငံသည် ရောင်းသလောက် ဂျာမနီပစ္စည်းများ ပြန်၍ဝယ်ရန်၊ (၃) ဂျာမနီ၏ ဝယ်အားကို နိုင်ငံခြား ဆက်သွယ်ရေးတွင် သုံးရန်နှင့် (၄) နိုင်ငံ ခြားကို တတ်နိုင်သလောက် မမှီခိုရအောင် ပစ္စည်းများ ထုတ်လုပ်ရန်တို့ကို စတင်ခဲ့၏။ ၁၉၃၆ ခု စက်တင်ဘာလတွင် ဂျာမနီကို မိမိနိုင်ငံတွင်း၌ လိုသမျှ ရအောင် လေးနှစ်စီမံကိန်းကို စခဲ့၏။ နှစ်နှစ် စစ်မှုမထမ်းမနေရ လုပ်လိုက် သဖြင့် အလုပ်လက်မဲ့မှာ ၁၀,၀၀၀၀ မျှသာ ကျန်တော့သည်။ နိုင်ငံခြားရေးဝါဒ တွင် ရှေးကလို ပြန်၍ ဂုဏ်ရှိရန်နှင့် ရှေးကလို ပြန်၍ရောင်းဝယ်နိုင်ရန် အဓိက ထား၏။ ၁၉၃၅ ခု မတ်လ ၁ ရက်တွင် ဂျာမနီက **ဆာနယ်**ကို ရသဖြင့် ထိုနယ်မှ **ကျောက်မီးသွေး**နှင့် သံကိုရသည်။ ထို့ကြောင့် စက်မှုလုပ်ငန်း တိုးတက်လာပြန် သည်။ ၁၉၃၅ ခု မတ်လ ၁၆ ရက်တွင် မိမိနိုင်ငံ၏ ဂုဏ်သရေနှင့် ညီညွတ် အောင် စစ်တပ်ကြီး တည်ဆောက်တော့မည်ဟု ကြေညာသည်။ သို့သော်ထိုရက် မတိုင်မီကပင် ထိုကိစ္စကို စတင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ဤသို့ စစ်ပြင်ဆင် ခြင်းနှင့် ဗာဆေး စာချုပ်ပါအချက်များကို မထီမဲ့မြင် ပြုလုပ်ခြင်းတို့ကို ၁၉၃၅ ခု ဇွန်လ ၁၄ ရက်တွင် အင်္ဂလိပ်က စာချုပ်တွင် လက်မှတ်ရေးထိုး ထောက်ခံ လိုက်သဖြင့် တစ်ကမ္ဘာလုံး အံ့အားသင့်ရ၏။ ထို့နောက် ဟစ်တလာသည် အောင်ပွဲ ဆက်ကာဆက်ကာ ရရှိခဲ့ပါသည်။ ၁၉၃၈ ခု မတ်လ ၁၅ ရက်တွင် ဩစတြီးယားကို ဂျာမနီနှင့် ပေါင်းသည်။ ယင်းကို အီတလီမှ **မုဆိုလီနီက** မကြိုက်ချေ။ သို့သော် **ရောမဘာလင် ဝင်ရိုးတန်း** မဟာမိတ်ကား ပျက်၍မသွား ချေ။

## အင်္ဂလန်နှင့် ဒီမိုကရေစီ

ကမ္ဘာစစ် ၁ တွင် အနိုင်ရလျက် ပိုင်နက်သစ်၊ စစ်လျော်ကြေးစသည်တို့ အထပ်ထပ် ရလင့်ကစား အင်္ဂလန်တွင် နိုင်ငံခြားအရောင်းအဝယ် ဆုတ်ယုတ် ခြင်းနှင့် အလုပ်လက်မဲ့ပြဿနာ မကြာခဏ ရင်ဆိုင်ရလေသည်။ **လိုက်လျော ညီညွတ်ရေး အစိုးရ**က စစ်ကြေညာ၍ စစ်ထဲဝင်ခဲ့ပြီးနောက် **ဝန်ကြီးချုပ်အက်စကွိ** က မိမိတို့ တစ်ဖွဲ့တည်းနှင့် စစ်တာဝန်ကိုထမ်းရန် မပြည့်စုံသဖြင့် ရှေးရိုးပါတီ နှင့် အလုပ်သမား ပါတီတို့မှအမတ်များ တိုးဖြည့်၍ အစိုးရဖွဲ့ခဲ့၏။ ၁၉၁၆ ခု တွင် ထိုညွန့်ပေါင်းတွင် **လွိုက်ဂျော့** ဝန်ကြီးချုပ် ဖြစ်လာ၏။ စစ်ပြီး၍ ၁၉၁၈

ခု ဒီဇင်ဘာလ ၄ ရက်တွင် ရွေးကောက်ပွဲလုပ်သောအခါ ညွန့်ပေါင်းကပင် ၄၆၇ နေရာ ရပြန်၏။ လွိုက်ဂျော့ပင် ဝန်ကြီးချုပ်အဖြစ်ဖြင့် ဆက်လက်အမှုထမ်း၍ **ငြိမ်းချမ်းရေးကွန်ဖရင့်**သို့ တက်ရောက်ကာ အင်္ဂလန်အတွက် အကျိုးခံစားခွင့် အများဆုံးရအောင် တောင်းပေးနိုင်ခဲ့သည်။ ထိုအစိုးရလက်ထက်၌ အင်္ဂလန်တွင် ဝပြောသာယာရှိ၏။ ပျက်စီးနေသော ဥရောပတွင် လိုသမျှ ကုန်ပစ္စည်းကို အင်္ဂလန်က ရောင်းရသည်။ သို့သော် ၁၉၂၈ ပြည့်ရောက်လျှင် အင်္ဂလန်တွင် စီးပွားရေး ကျဆင်းလာရ၏။ အဘယ့်ကြောင့်ဆိုသော် (၁) အင်္ဂလန်၏ ဖောက်သည်များ ဆင်းရဲလွန်းခြင်း၊ (၂) အင်္ဂလန်တွင် **ရွှေစံချိန်ပိုက်ဆံ** ဆက်၍ထားစဉ် အခြားနိုင်ငံများစွာ၌ **ငွေဖောင်းကြွ**သဖြင့် အင်္ဂလန်၌ အဝယ်အခြမ်းခက်ခြင်း၊ (၃) အင်္ဂလန် စက်ရုံများမှ စက်များ ခေတ်နောက်ကျလျက် အသစ်ထူထောင်သော နိုင်ငံများ၌ စက်ကြီးစက်ကောင်းများ သုံးစွဲနေပြီဖြစ်ခြင်း၊ (၄) အင်္ဂလိပ် အရောင်းစခန်းများစွာကို အမေရိကန်နှင့် ဂျပန်က လုယူခြင်း၊ (၅) နိုင်ငံများစွာ၌ ပြည်တွင်းစက်မှုကို အားပေးလိုသဖြင့် **ဝင်ကုန်ခွန်မြင့်ခြင်း**ဖြင့် တားဆီးရကား အင်္ဂလိပ်၏ နိုင်ငံခြားအရောင်းအဝယ်တွင် များစွာထိခိုက်ခြင်းနှင့် (၆) အမျိုးသား **စစ်ကြွေး**ကြောင့် အခွန်တော် များစွာတိုးခြင်းတို့ ဖြစ်ပါသည်။ အရောင်းအဝယ်ပျက်လျှင် စက်ရုံအချို့တွင် အလုပ်ရပ်စဲရသဖြင့် အလုပ်လက်မဲ့ပြဿနာပေါ်လာရ၏။ ၁၉၂၀ ပြည့်နှစ် အလုပ်လက်မဲ့ အာမခံဥပဒေအရ ထောက်ပံ့ကြေးနှင့် ထောက်ပံ့ကြေးရသူ အရေအတွက် တိုးပေးလာ၏။ **ထောက်ပံ့ကြေး**ကို တစ်သီတင်းလျှင် ယောကျာ်း ၁၅ ရှီလင်၊ မိန်းမ ၁၂ ရှီလင် ရသည်။ ဒိုမီနီယန်နှင့် ကိုလိုနီနိုင်ငံများတွင် သွား၍ လယ်ယာလုပ်ချင်အောင် တိုင်းသူပြည်သားကို သွေးဆောင်တိုက်တွန်းရသည်။ ၁၉၂၁ ခု မတ်လ ၁၆ ရက်နေ့၌ ရုရှားနှင့် အရောင်းအဝယ် စာချုပ်ချုပ်သည်။ **ကာကွယ်ရေးဝင်ကုန်ခွန်စနစ်**ကို အချို့ပစ္စည်းများအတွက် သုံးလာရခြင်းဖြင့် တစ်သက်လုံး စွဲမြဲစွာ ယုံကြည်သော လွတ်လပ်စွာ ရောင်းဝယ်ခွင့်ကို တစ်ပိုင်းတစ်စ စွန့်လွှတ်လိုက်ရလေတော့သည်။ ၁၉၂၂ ခု ရွေးကောက်ပွဲတွင် ရှေးရိုးပါတီက ဝါဒကို **ငြိမ်းချမ်းရေးနှင့် တည်မြဲရေးအတွက်**ဟု မပြတ်မသားဆိုသည်။ လိုက်ဘရယ်ညီညွတ်ရေးပါတီတို့တွင် နှစ်စုကွဲ၍ အက်စကွိတ်လူစုက လွတ်လပ်စွာ ရောင်းဝယ်ခွင့်ကို လိုလားကြောင်း ပြော၍ မဲတောင်း၏။ လွိုက်ဂျော့ ခေါင်းဆောင်သောအစုက ခေါင်းဆောင်လုပ်သူ၏ စစ်အောင်နိုင်ရေးတွင် မည်မျှကြိုးပမ်းခဲ့ပုံကို ပြောပြ၍ မဲတောင်း၏။





**ဂျိမ်းရမ်ဆေမက်ဒေါ်နယ်** ခေါင်းဆောင်သော အလုပ်သမားပါတီက ဆိုရှယ်လစ်လမ်းစဉ် ခပ်ပျော့ပျော့ကို လိုလား၍ သတ္တုတွင်းနှင့် မီးရထားကို အမျိုးသားပိုင်လုပ်ကာ ရှေးကထက်ပို၍ လူမှုဥပဒေပြုလျက် ငြိမ်းချမ်းသော နိုင်ငံရေးဝါဒကို လိုက်ပါမည်ဟုပြောကာ မဲတောင်းသည်။ ရှေးရိုးပါတီတို့က မဲအများဆုံးရ၏။ အလုပ်သမားပါတီက အမတ် ၁၄၃ နေရာ ရသည်ကို လူတိုင်းအံ့သြရသည်။ **ဗိုနာလော** ဝန်ကြီးချုပ် ဖြစ်လာ၏။ မကျန်းမာသဖြင့် **စတန်လီဘော်လဒွင်**ကို လွှဲခဲ့ရသည်။ ဘော်လဒွင်က ပြဿနာအရပ်ရပ်ကို လေ့လာပြီးနောက် ဝင်ကုန်ခွန်မြင့်ရန် လက်နက်နိုင်ငံတွင်း အချင်းချင်း မျက်နှာသာပေးရန်သာလျှင် အဖြေရှိတော့သည်ဟု သဘောပေါက် နားလည်ရာ မူလရွေးကောက်ပွဲတွင်ဝင်၍ အရွေးခံကြစဉ်က ၎င်းတို့ ရှေးရိုးပါတီသည် ထိုဝါဒကို ကျင့်သုံးပါမည်ဟု ပြောသူကိုပင် အတိုက်အခံပြုခဲ့သဖြင့် ယခုမှ ထိုဝါဒသို့ မသိမသာ မပြောင်းသင့်သောကြောင့် ပြန်၍ ရွေးကောက်ပွဲလုပ်ကာ ပြည်သူ့ဆန္ဒ ယူသင့်သည်ဟု ဆုံးဖြတ်၏။ ၁၉၂၃ ခု ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကြီး လုပ်ပါသည်။ ရှေးရိုးပါတီဝါဒပြောင်းလျှင် ကျန်ပါတီများက ရှေးအယူအဆဖြစ်သော လွတ်လပ်စွာ ရောင်းဝယ်ရေးကို လိုက်နာမည်ဟု ဆိုကြ၏။ ရွေးကောက်ပွဲတွင် ရှေးရိုးပါတီတို့ ယခင်ကလို ပြတ်ပြတ်သားသား လူများစု မရတော့ချေ။ ၁၉၂၄ ခု ဇန်နဝါရီလတွင် ဂျိမ်းရမ်ဆေမက်ဒေါ်နယ်က လိုက်ဘရယ်ညီညွတ်ရေးပါတီတို့နှင့်တွဲ၍ အလုပ်သမား အစိုးရကို ဖွဲ့ပါသည်။ အလုပ်သမားပါတီမှာ ၁၉၀၀ ပြည့်နှစ်က စ၍ပေါ်ရ၏။ ရည်ရွယ်ချက်တွင် (၁) လူမှုပြုပြင်ရေးဥပဒေလုပ်ခြင်း၊ (၂) လုပ်ငန်းပိုင်ရှင်ကို လျော်ကြေးပေး၍ လုပ်ငန်းများကို အမျိုးသားပိုင်လုပ်ခြင်း၊ (၃) ဥပဒေအရ မင်းကိုထောက်ခံခြင်း၊ (၄) အင်္ဂလိပ် လက်အောက်ခံတို့ကို **ကိုယ်မင်းကိုယ့်ချင်း** ပေးခြင်းနှင့် (၅) **လူတန်းစားစစ်**ကို ဆန့်ကျင်ခြင်းတို့ ပါသည်။ ၁၉၀၀ ပြည့်နှစ်က မဲ ၆၀,၀၀၀ နှင့် အမတ် ၂ နေရာရ၏။ ၁၉၂၉ ခုတွင် မဲ ၈,၃၈၀,၀၀၀ ဖြင့် အမတ် ၂၈၉ နေရာရ၏။ ၁၉၃၁ ခုတွင် ခေတ္တမျှ အရေးရှုံးနိမ့်သော်လည်း ၁၉၂၉ မှစ၍ တစ်စတစ်စ အားကြီးလာခဲ့သည်။ ၁၉၂၄ ခုနှစ်၌ ဆိုဗီယက်ရုရှားကို အလုပ်သမားအစိုးရက အသိအမှတ်ပြုခြင်းဖြင့် ဗိုလရှီဗစ်ကို ကြောက်သောအရှိန်ဖြင့် အလုပ်သမားပါတီကိုပါ ကြောက်သူများခဲ့ရဖူး၏။ ၁၉၂၄-၉ ခု မေလများက ရှေးရိုးပါတီတို့ အစိုးရဖွဲ့ခွင့်ရခဲ့သည်။ ၁၉၂၆ ခု မေလ ၃ ရက်နေ့မှစ၍ အစိုးရကို မကျေနပ်သဖြင့် ကျောက်မီးသွေး

အလုပ်သမားများ သပိတ်မှောက်ကြရာ ခြောက်လကြာ၏။ သပိတ်မအောင်မြင် ဟု ဆိုရချေမည်။ ၁၉၂၇ ခုတွင် **အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားအလုပ်ရှင် အငြင်းအခုံဥပဒေ** ပေါ်လာ၏။ **အထွေထွေသပိတ်မှောက်ခြင်းကို** တရားမဝင် ဟူ၍လည်းကောင်း၊ သပိတ်မတားရ ဟူ၍လည်းကောင်း နိုင်ငံရေးပါတီအတွက် သမဂ္ဂတွင် ငွေမခွဲရဟူ၍လည်းကောင်း ဟန့်တားခဲ့၏။ ထိုမှတစ်ဆင့် တက်၍ **၁၉၁၁ ခုနှစ် ပါလီမန် ဥပဒေ**အရ အထက်လွှတ်တော်က လက်လွှတ်ခဲ့ရသော အာဏာများကို ပြန်၍နှင်းအပ်ရန် ကြိုးစားသေး၏။ မအောင်မြင်ချေ။ ရုရှားက အင်္ဂလိပ်ကို မကောင်းကြံသည်ဟု ယူဆသဖြင့် ၁၉၂၇ ခုတွင် **သံတမန်အဆက် အသွယ်** ရပ်စဲခဲ့သည်။ အလုပ်လက်မဲ့ဦးရေ ၂,၀၀၀,၀၀၀ အထိ ဖြစ်လာသော်လည်း **အစိုးရက** မဖြေရှင်းနိုင်သဖြင့် ၁၉၂၉ ခု မေလ ၃၀ ရက်နေ့တွင် ရွေးကောက် ပွဲကြီး လုပ်ကြပြန်သည်။ ရှေးရိုးပါတီက လက်နက်နိုင်ငံတွင်း အချင်းချင်း မျက်နှာသာပေးရန် လိုလားကြောင်း ပြောဟော၍ မဲတောင်းသည်။ လိုက်လျော ညီညွတ်ရေးပါတီတို့က လွတ်လပ်စွာ ရောင်းဝယ်ရေး **ပြည်သူ့အကျိုးဆောင်လုပ် ငန်းနှင့်** အခြားနိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံရေးကို လိုလားကြောင်းပြ၍ မဲတောင်းသည်။ အလုပ်သမားပါတီက စက်မှုလုပ်ငန်း အမျိုးသားပိုင်လုပ်ရေး၊ ပြည်သူ့အကျိုးဆောင်လုပ်ငန်းနှင့် လူမှုပြုပြင်ရေး ဥပဒေ ကျယ်ပြန့်စွာ ပြုလုပ် ရေးတို့ကို ရည်မှန်းကြောင်းပြော၍ မဲဆွယ်သည်။ အလုပ်သမားပါတီက အမတ် ၂၈၉ နေရာ၊ ရှေးရိုးပါတီက အမတ် ၂၅၉ နေရာနှင့် လိုက်လျောညီညွတ်ရေး ပါတီက ၅၈ နေရာ အသီးသီးရကြ၏။ အလုပ်သမားများနှင့် လိုက်လျောညီညွတ် ရေး ပါတီတို့ပေါင်း၍ အစိုးရဖွဲ့ကာ မက်ခဒေါ်နယ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၃၁ ခုသို့ရောက်လျှင် အလုပ်လက်မဲ့ ၃,၀၀၀,၀၀၀ ဖြစ်လာ၏။ သို့သော် ဘာမျှမည်မည်ရရ ဆောင်ရွက်မပေးနိုင်ခဲ့ချေ။ **၁၉၂၇ ခု အလုပ်သမားသမဂ္ဂဥပဒေ** ကိုပင်ဖျက်၍ မပေးနိုင်ပါ။ နိုင်ငံခြားရေး၌ကား သင့်တင့်ညီညွတ်မှုကို ရှေးရှု လျက် ရုရှားနှင့်ပင် ပြန်လည်၍ သံတမန်လဲခြင်း၊ အရောင်းအဝယ်ပြုခြင်းတို့ကို တွေ့ရ၏။ **လက်နက်လျှော့ပေါ့ရေး**ကိုလည်း စတင်ဆောင်ရွက်ခဲ့သည်။ သို့သော် ခြုံ၍ပြောရလျှင် အစိုးရအနေနှင့် မအောင်မြင်သောကြောင့် ၁၉၃၁ ခု အောက်တို ဘာလ ၂၇ ရက်တွင် ရွေးကောက်ပွဲကြီး ကျင်းပရ၏။ ရှေးရိုးပါတီက အမတ် နေရာ အများဆုံးရသော်လည်း နိုင်ငံ၏ စီးပွားရေး အလွန်ကျဆင်းနေချိန်ဖြစ် သောကြောင့် **အမျိုးသားညွန့်ပေါင်းအစိုးရဖွဲ့**စေ၍ မက်ခဒေါ်နယ်ကိုပင် ဝန်ကြီး





ချုပ်အရာ၌ ထားကြသည်။ ၁၉၃၄ ခု ပထမနှစ်ဝက်မှာပင် စီးပွားရေးအခြေခံ ပြန်၍ တောင့်တင်းကြောင်းတွေ့ရ၏။ အလုပ်လက်မဲ့ အရေအတွက်လည်း ၁၉၃၅ ခုတွင် ၂,၀၀၀,၀၀၀ ရှိနေသေးသည်မှ ၁၉၃၇ ခုတွင် ၁,၅၀၀,၀၀၀ မျှသာ ကျန်တော့သည်။ ဤအတွင်း၌ အလုပ်သမားပါတီ ပြန်၍အားကောင်းလာ ပြန်သည်။ မကျန်းမာသဖြင့် ၁၉၃၅ ခု ဇွန်လ ၅ ရက်တွင် မက်ခဒေါ်နယ်ရာ ထူးမှ နုတ်ထွက်၍ ရှေးရိုးပါတီခေါင်းဆောင် စတန်လီဘော်လဒွင် ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၃၅ ခု၊ နိုဝင်ဘာလ ၁၄ ရက်နေ့ ကျင်းပသော ရွေးကောက် ပွဲတွင် ရှေးရိုးပါတီက အနိုင်ရခဲ့၏။ ဘော်လဒွင် အစိုးရလက်ထက်၌ ၁၉၄၂ ခု ဇွန်လ ၁ ရက်နေ့ကစ၍ ကျောက်မီးသွေးတွင်းများကို အစိုးရက ပိုင်ရှင်တို့ တောင်းသော စျေး၏ တစ်ဝက်မျှဖြင့်ပင် အားလုံးကို သိမ်းယူလိုက်ခြင်းကား မှတ်သားလောက်သော အဖြစ်အပျက်ပင် ဖြစ်ပါသည်။ ၁၉၃၆ ခု ဇန်နဝါရီလ ၂၀ ရက်တွင် **ဂျော့ ၅** ကွယ်လွန်ရကား သားအကြီး **အက်ဒဝတ်–၈** ဘုရင် ဖြစ်လာ၍ နှင်လင်ကွာမယားကို ယူမည်ကြံစည်သည်ကို **ဘော်လဒွင်** အစိုးရက ကန့်ကွက်သဖြင့် ၁၉၃၆ ခု ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဘုရင်အဖြစ်မှ နုတ် ထွက်ရကား ညီဖြစ်သူက **ဂျော့–၆** ဘုရင်ဖြစ်၍ လာပါသည်။ ၁၉၃၇ ခု မေလ ၂၈ ရက်တွင် ဘော်လဒွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်၍ **နဗီးချိမ်ဘာလိန်** ဝန်ကြီးချုပ်ဖြစ်လာသည်။ ဤအစိုးရလက်ထက်၌ အီတလီက **အီသီယိုပီးယား** ကို မတရားအနိုင်အထက် တိုက်ခိုက်ယူထားသည်ကို အသိအမှတ်ပြုခဲ့၏။ ကမ္ဘာစစ်ကြီး ၂ ဖြစ်လာ၍ အခြေအနေကို ကောင်းစွာမထိန်းနိုင်သဖြင့် ၁၉၄၀ ပြည့်နှစ် မေလ ၁၀ ရက်တွင် ချိန်ဘာလိန်ရာထူးမှ နုတ်ထွက်၍ **ဝင်စတန်ချာချီ** ဝန်ကြီးချုပ် ဖြစ်လာသည်။

## ပြင်သစ်နိုင်ငံ၏ ပြဿနာ

ပြင်သစ်တို့ ရင်ဆိုင်နေရသော အခက်အခဲများကား (၁) ပြင်သစ်–ပရပ် ရှားစစ်နှင့် ကမ္ဘာစစ် ၁ လို ထပ်မဖြစ်စေရအောင် **အမျိုးသားလုံခြုံရေး**ရရန်၊ (၂) ပျက်စီးနေသော နိုင်ငံ၏ အချို့ဒေသကို ပြန်လည်ထူထောင်ရန်နှင့် (၃) ပြန်လည်ထူထောင်ရန် ငွေရှာရန်တို့ ဖြစ်ပါသည်။ **တတိယပြင်သစ်သမ္မတနိုင်ငံ** ကား **ဗဟိုက ကြိုးကိုင်သောနိုင်ငံ** ဖြစ်ရကား၊ အစိုးရလက်တွင်း၌ အာဏာကုန် ထားရန် လိုလားကြပါသည်။ သို့သော် အမျိုးသားလွှတ်တော်မှ ရွေးကောက်တင်

မြှောက်သော သမ္မတ၌ အာဏာမရှိ။ **အစိုးရခွင့်၊ အုပ်ချုပ်ခွင့် မရရှာချေ။** အထက်လွှတ်တော်က ခွင့်ပြုလျှင် အထက်–အောက် လွှတ်တော်နှစ်ရပ်ကို ဖျက်နိုင်၏။ သို့သော် ဖျက်ရခဲပါသည်။ သမ္မတများကို **အရုပ်သာသာ သဘောထားကြ**ပါသည်။ အောက်လွှတ်တော်တွင် အားအကြီးဆုံး နိုင်ငံရေးပါတီခေါင်းဆောင်များကို အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများဟူ၍ သမ္မတက ခန့်ထားသည်။ နိုင်ငံရေးအဖွဲ့အစည်းမှာ ဆယ်ဦးမှ တစ်ဆယ့်ငါးဦးမျှ ရှိတတ်ရကား ညွန့်ပေါင်းအစိုးရများသာ ဖြစ်ပေါ်လာလေ့ရှိသည်။ အစိုးရအဖွဲ့တစ်ခု ရာထူးမှနုတ်ထွက်သော်လည်း အင်္ဂလန်မှာကဲ့သို့ ရွေးကောက်ပွဲကြီး အသစ်ကျင်းပရန် မလိုချေ။ ၁၉၄၀ ပြည့်နှစ်အထိ တတိယ ပြင်သစ်သမ္မတနိုင်ငံ၌ အစိုးရအဖွဲ့ တစ်ရာခြောက်ဖွဲ့ ရှိခဲ့ဖူး၏။ သို့သော် ဝန်ကြီးဖြစ်သူများလည်း **အစိုးရအဖွဲ့**ထဲ၌ ထပ်ပြန်တလဲလဲ ပါတတ်၍ အုပ်ချုပ်ရေးဝါဒကိုလည်း ခဏခဏ မပြောင်းဘဲထားသဖြင့် အစိုးရအဖွဲ့ သက်တမ်းတိုသော်လည်း အုပ်ချုပ်ရေး၌ တည်တံ့ကြောင်းတွေ့ရပါသည်။ သို့သော် ၁၉၃၃ ခုနှစ်တွင် နိုင်ငံရေး အခက်အခဲများကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုပြင်၍ သမ္မတလက်ထဲ၌ အာဏာပို၍ပေးရန် လိုလားကြ၏။ ထို့နောက် ဂျာမနီ၏ ရန်ကြီးလာသဖြင့် ကာကွယ်ရေးတွင် လိုအပ်သဖြင့် ၁၉၃၈ ခုနှစ်၌ သမ္မတကို အာဏာရှင်နီးနီး အာဏာပေးအပ်ကြပြန်သည်။ ဥပဒေပြု လွှတ်တော်နှစ်ရပ်ကား အထက်လွှတ်တော်နှင့် ကိုယ်စားလှယ်များပါသော အောက်လွှတ်တော်တို့ဖြစ်၍ နှစ်ရပ်ပေါင်းကို အမျိုးသားလွှတ်တော်ဟု ခေါ်ပါသည်။ အထက်လွှတ်တော်ကို ဌာနအရာရှိများကတစ်ဆင့် မဲပေး၍ ကိုးနှစ်တစ်ကြိမ်ရွေးသည်။ အောက်လွှတ်တော်က တင်သော ဥပဒေကြမ်းများကို စစ်ဆေးရ၏။ အောက်လွှတ်တော်ကို အရွယ်ရောက်ပြီး ယောကျ်ားတိုင်း မဲပေးခွင့်ဖြင့် လေးနှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်သည်။ ဤလွှတ်တော်မှ ဥပဒေပြုသည်။ အစိုးရဖွဲ့သည်။ အမတ်တစ်ဦးက ကိစ္စတစ်ခုအတွက် ဝန်ကြီးကို ရှင်းလင်းချေပရန် တောင်းဆိုပြီးနောက် အစိုးရကတင်သော **အရေးကြီးသည့် ဥပဒေကြမ်းကို ကန့်ကွက်သည့်ဘက်မှနိုင်ခြင်း**၊ သို့မဟုတ် **အယုံအကြည်မရှိအဆို**က နိုင်ခြင်းတို့ဖြစ်လျှင် ဝန်ကြီးအဖွဲ့ နုတ်ထွက်ရသည်။ နိုင်ငံရေးပါတီများကား ဖက်ဆစ်ဂိုဏ်း၊ **ဘုရင့်ဂိုဏ်း**၊ ရှေးရိုးဂိုဏ်း၊ သမ္မတဂိုဏ်း၊ ဒီမိုကရက်တစ်ဂိုဏ်း၊ ဆိုရှယ်လစ်ဂိုဏ်းနှင့် **ကွန်မြူနစ်ဂိုဏ်း**ဟူ၍ အကွဲကွဲရှိသည့်အပြင် ဂိုဏ်းတစ်ဂိုဏ်းတွင်လည်း ဂိုဏ်းကွဲများ ရှိတတ်သေး၏။ အမတ်တစ်ဦးလျှင်





ဂိုဏ်းကွဲများ အဆက်အသွယ်ရှိသည်ကို တွေ့ရသေးသည်။ ကမ္ဘာစစ် ၁ ပြီးစက ပြင်သစ်နိုင်ငံတွင် ဗိုလရှီဗစ်ဝါဒကို ကြောက်လွန်းသဖြင့် အမျိုးသားဝါဒ ထွန်းကားခဲ့၍ ၁၉၁၉–၂၄ ခုနှစ်များအတွင်းက အမျိုးသားအုပ်စုက တိုင်းပြည်ကို အုပ်ချုပ်ခဲ့၏။ ထို့နောက် ၁၉၂၄–၆ ခုနှစ်များ၌ လက်ဝဲအုပ်စု လွှမ်းမိုးသည်။ ၁၉၂၆–၉ ခုနှစ်များတွင် အမျိုးသားတပ်ပေါင်းစု အားရှိခဲ့ပြန်သည်။ ၁၉၂၉–၃၅ ခုနှစ်များကား အစိုးရအပြောင်းအလဲ အလွန်များ၍ စိတ်ပျက်ဖွယ်အကောင်းဆုံးနှစ်များ ဖြစ်ပါသည်။ ထိုမှတစ်ဖန် ဂျာမနီမှ နာဇီရန်ကြီးကျယ်၍လာသော အခါတွင် ၁၉၃၆–၈ ခုနှစ်များအတွက် ဂိုဏ်းပေါင်းစုံ တပ်ပေါင်းစုဟု ပေါ်လာရသည်။

* * *

## (င)

### အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာ့ရေးရာ

### ဝုဒရိုဝီလဆင် (၁၉၁၆–၂၀)

ဒီမိုကရက်တစ်ပါတီဝင် သမ္မတ ဝီလဆင်ကို ဒုတိယအကြိမ် သမ္မတအဖြစ် ၁၉၁၆ ခုတွင် ရွေးကောက်တင်မြှောက်ကြပြန်သည်။ ကမ္ဘာစစ် ၁ တွင် ဝင်ရောက်တိုက်ခိုက်သဖြင့် ယင်းကို ပြည်သူတို့က အကြည်ညိုနည်း၍သွားကြသည်။ ပထမ စစ်ဖြစ်ခါနီးတွင် ဝီလဆင်က အများလိုက်နာသင့်သော အချက်ကြီး တစ်ဆယ့်လေးချက် ထုတ်ပြန်ခဲ့၏။ ယင်းတစ်ဆယ့်လေးချက်ကား–

(၁) လျှို့ဝှက်စွာ သံတမန်တို့ စေ့စပ်သဘောတူပုံမျိုးကို မလုပ်ကြရန်။

(၂) နိုင်ငံတကာရေးရာအရ မလိုလားအပ်ဟု ပိတ်ပင်ထားရာအရပ်နှင့် ပိတ်ပင်ထားချိန် အတွင်းမှအပ ပင်လယ်ပြင်သို့ လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

(၃) ဝင်ကုန်ခွန် အကန့်အသတ်ထားသည်ကို ရှစ္စမ်းသမျှဖျက်ရန်။

(၄) ပြည်သူလူထုဘေးကို ကာကွယ်ရုံလောက်သာ လက်နက်တပ်ဆင်ရန်။

(၅) လက်အောက်ခံနိုင်ငံနှင့် ပတ်သက်သော အရေးကြုံလျှင် ထိုနိုင်ငံမှ တိုင်းရင်းသားတို့ အကျိုးကို မထိခိုက်အောင် ဘက်မလိုက်ဘဲ ညှိနှိုင်းဆောင်ရွက်ရန်။





(၆) ရုရှားနယ်များမှ ထွက်ခွာပေးခြင်းဖြင့် တိမ်မြုပ်နေသော နယ်များနှင့်တကွ ရုရှားကို ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရန်။

(၇) ဘဲလဂျီယမ်မှ ဆုတ်ခွာ၍ လက်နက်ပြန်လည်ထူထောင်ပေးရန်။

(၈) ပြင်သစ်မှ ဆုတ်ခွာ၍ နိုင်ငံပြန်လည်ထူထောင်ပေးရန်နှင့် အယ်လဆက်လော်ရိန်းကို ပြင်သစ်သို့ ပြန်ပေးရန်။

(၉) အမျိုးသားအလိုက်ခွဲ၍ အီတလီနယ်နိမိတ်ကို ပြန်၍ညှိရန်။

(၁၀) ဩစတြီးယား ဟန်ဂေရီမှ လူများကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်။

(၁၁) ဆာဗီးယား၊ မွန်တီနီဂရိုးနှင့် ရူမေနီးယားမှ ဆုတ်ခွာပေးရန်နှင့် ပြန်လည်ထူထောင်ပေးရန်၊ ဘော်လကန်နိုင်ငံများ အကြိုက်လိုက်၍ နိုင်ငံများ ခွဲခြားထူထောင်ပေးရန်နှင့် ထိုနိုင်ငံသစ်များကို ကျူးကျော်စော်ကားခြင်း မပြုပါဟု နိုင်ငံတကာက အာမခံရန်။

(၁၂) တူရကီပိုင်သော်လည်း တူရကီအမျိုးသားနယ် မဟုတ်လျှင် ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးလိုက်ရန်နှင့် ဒါဒင်နဲလ်ကို နိုင်ငံတကာပိုင်လုပ်ရန်။

(၁၃) ပိုလန်ကို ပင်လယ်ကမ်းရိုးရှိအောင် တိုးချဲ့ပေး၍ ပြန်လည်တည်ဆောက်ပေးရန်နှင့်–

(၁၄) နိုင်ငံကြီးငယ်မရွေး နိုင်ငံရေးအရ လွတ်လပ်၍ ပိုင်နက်အရ **ကျူးကျော်ခြင်း**ကင်းအောင် အပြန်အလှန် ကတိပြုလျက် နိုင်ငံပေါင်းချုပ်အသင်း တည်ထောင်ရန်တို့ ဖြစ်ပါသည်။

စစ်ပြေငြိမ်းလျှင် အချို့က ဂျာမနီကို ညှာလွန်းသည်ထင်၏။ အချို့က ဂျာမနီကို မူလကတိအတိုင်း မသက်ညှာသဖြင့် အပြစ်တင်၏။ နိုင်ငံပေါင်းချုပ်အသင်းဖွဲ့လျှင် အင်္ဂလိပ်ပိုင် ဒိုမီနီယန်များက သီးခြားမဲပေးခွင့်ရသဖြင့် အင်္ဂလိပ်ဩဇာခံ မဲခုနစ်မဲဖြစ်လာသည်ကို အမေရိကန်တို့က အကြီးအကျယ် မကျေနပ်ချေ။ ထို့ပြင် **နိုင်ငံတစ်ခု၏ ဖွဲ့စည်းရပ်တည်နေခြင်း**ကို စော်ကားလျှင် ကူမည်ဟု ဆိုထားပြန်သဖြင့် အကယ်၍ စစ်တပ်လွှတ်ကာ ကူရသော် ဘာမျှမဆိုင်သော အရပ်၌ အလကားသွား၍ အသေခံရမည့် သဘောမျိုးဖြစ်၍ ယင်းကို မလိုလားကြချေ။ ထို့ကြောင့် နိုင်ငံပေါင်းချုပ်အသင်းတွင် အမေရိကန်ပြည်ထောင်စု အသင်းသားအဖြစ်ဖြင့် မပါဝင်ခဲ့ချေ။

## ဝါရင်ဂျီဟာဒင် (၁၉၂၀-၃)

**ဝါရင်ဂျီဟာဒင်**မှာ ရီပတ်ဗလစ်ကင်ပါတီမှ ဖြစ်ပါသည်။ ၁၉၂၁ ခုတွင် **ဂျာမနီနှင့် စစ်ပြေငြိမ်းစာချုပ်** ချုပ်သည်။ နိုင်ငံပေါင်းချုပ်အသင်းတွင် မပါသော်လည်း **လေ့လာသူများ** လွှတ်၍ထားသည်။ ဆိုဗီယက်ရုရှားကိုကား အသိအမှတ်ယခုတိုင် မပြုခဲ့ချေ။ ယင်းလက်ထက်၌ အောင်မြင်ခြင်းတစ်ရပ်ကား **ဝါရှင်တန်ကွန်ဖရင့်**ကို ၁၉၂၁-၂ ခုနှစ်များ၌ ခေါ်ယူ၍ လက်နက်လျှော့ပေါ့ရေးနှင့် အရှေ့ဖျားပြဿနာအချို့ကို ဖြေရှင်းနိုင်ခြင်းပင် ဖြစ်ပါသည်။ ပြည်တွင်းရေး၌ **ဒုံရင်းသို့ ပြန်မည်**ဟု ကြွေးကြော်၏။ ယင်းလက်ထက်၌ **လာဘ်ပေးလာဘ်ယူနှင့် မတရား အမြတ်ဖော်ခြင်း** ထူပြော၏။

## ကာလဗင်ကူလစ် (၁၉၂၃-၈)

၁၉၂၃ ခု ဩဂုတ်လ ၃ ရက်တွင် သမ္မတ ဟာဒင် သေလွန်သဖြင့် ဒုတိယသမ္မတ **ကာလဗင်ကူလစ်** သမ္မတဖြစ်လာသည်။ စစ်သားရဲဆု ဥပဒေ၊ အမြတ်တော်ခွန်လျှော့ဥပဒေ၊ နိုင်ငံခြားသားတို့ ပြောင်းလာနေထိုင်ရေး ကန့်သတ်ဥပဒေ စသော အဖိုးတန်ဥပဒေများစွာ လုပ်ခဲ့၏။ ၁၉၂၄ ခုတွင် ယင်းကိုပင် ရီပတ်ဗလစ်ကင်ပါတီ သမ္မတအဖြစ်ဖြင့် တင်မြှောက်ကြ၏။ ပြည်တွင်းရေး၌ ယင်းကာလသည် အမေရိကန် ရာဇဝင်တစ်လျှောက်၌ သာယာဝပြောဆုံးအချိန်ပင်ဖြစ်၏။ ထို့ကြောင့် နိုင်ငံခြားရေးကိစ္စများ၌ ကြွေးရှင်အဖြစ်ဖြင့် အလုပ်ပြဿနာ ထူပြော၍လာပါသည်။

## ဟာဗတ်ဟူဗာ (၁၉၂၈-၃၂)

ရီပတ်ဗလစ်ကင် ပါတီဝင်သမ္မတ ဖြစ်ပါသည်။ အရက် ပိတ်ပင်ရေး၊ **လယ်ယာအကူအညီပေးရေး**၊ **ချွေတာရေး**နှင့် နိုင်ငံတကာ ဆက်ဆံမှု ပြေပြစ်ရေးကို လုပ်ပါမည်ဟုပြောကာ မဲတောင်းခဲ့သူဖြစ်သည်။ ၁၉၂၉ ခုနှစ်ကစ၍ စီးပွားရေး **အကျပ်အတည်း**တွေ့ခဲ့ရာ **ဟူဗာ**သည် အခြေအနေ ကောင်းလာရေး အတွက် ဥပဒေများစွာ ပြုခဲ့၏။





## ဖရန်ကလင်ဒီရုစဘဲ (၁၉၃၂-၄၅)

ဒီမိုကရက်တစ် သမ္မတဖြစ်သော **ဖရန်ကလင်ဒီရုစဘဲက** စီးပွားရေး အခက်အခဲကို ဖြေရှင်းရန် **ဆက်ဆံရေးသစ်**ကို တီထွင်ခဲ့၏။ နိုင်ငံခြားသို့ ရွှေတင်သွင်းခြင်းကို ပိတ်ပင်သည်။ အစိုးရ အသုံးစရိတ်ကို လျှော့သည်။ အရက်ပိတ်ပင်ခြင်းကို ဖျက်သည်။ လယ်သမားများကို အမတော်ကြေး ထုတ်ပေးသည်။ **ငွေဖောင်းကြွမှု**ကို ဟန့်တားပေးသည်။ လျှပ်စစ်ဓာတ်အား ပေါပေါရအောင် လုပ်ပေးသည်။ အလုပ်လက်မဲ့ ကယ်ဆယ်ရေးလုပ်သည်။ စင်စစ် လုပ်ပုံကိုင်ပုံကိုကြည့်လျှင် ရုစဘဲသည် ရှေးမူနှင့် လုံးဝမတူသောနည်းတို့ကို နှစ်သက်တီထွင်ကြောင်း တွေ့ရ၏။ နိုင်ငံခြားရေးတွင် နယ်ချဲ့ရန် မလို လားသည့်ပြင် ပူးပေါင်း၍ **ကမ္ဘာ့ငြိမ်းချမ်းရေး** ကြိုးစားရန် လိုလားသည်။ ၁၉၃၃ ခုတွင် ရုရှားကို အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြုလိုက်သည်။ ၁၉၃၃ ခုသို့ရောက်လျှင် **ဆက်ဆံရေးသစ်**မှာ ပို၍ အောင်မြင်လာကြောင်း တွေ့ရ၏။ ဥရောပနှင့် အာရှတွင် စစ်မှန်တိုင်းကျအံ့သည်ကိုမြင်လျှင် အမေရိကန်၌လည်း ကြိုတင်ပြင်ဆင်မှုများ လုပ်ရသည်။ မည်သည့်နိုင်ငံ၌မဆို သူတစ်ပါး ကျူးကျော်မည်ကို စိုးရိမ်သဖြင့် ကာကွယ်ရေးအလို့ငှာ ပြင်ဆင်လိုလျှင်လည်း အမေရိကန်က ကူညီနိုင်ရန် ၁၉၄၁ ခု မတ်လ ၁၁ ရက်နေ့တွင် **ချေးငှားဥပဒေ**ကို ပြုလုပ်ခဲ့၏။ ၁၉၄၁ ခု ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဂျပန်ကို စစ်ကြေညာသည်။ ဒီဇင်ဘာလ ၁၁ ရက်တွင် ဂျာမနီနှင့် အီတလီကို စစ်ကြေညာသည်။

* * *

# (၈)

## လောကဓာတ်ပညာ အလျင်အမြန်တိုးတက်ပုံ

## သဘာဝ လောကဓာတ်ပညာများ

လူသားရာဇဝင်တွင် နှစ်ဆယ်ရာစုလို အတိုးတက်မြန်သော ခေတ်မရှိခဲ့ဖူးချေ။ **လောကဓာတ်ပညာ** တိုးတက်ခြင်းကား လူတို့ ပို၍စည်းစိမ်ချမ်းသာနှင့် နေနိုင်ခြင်းကို အကြောင်းပြုပါသည်။ သို့သော် တစ်ဖက်တွင် စီးပွားချမ်းသာ ခွဲဝေပုံတွင် မညီမျှခြင်း အားကြီး၍လာပြန်သည်။ စက်မှုတိုးတက်ရေးကြောင့် ဓနရှင်တို့ အလွန်ကြီးပွား၍ နိုင်ငံရေးအာဏာ ရလာကြလျက် ထိုအာဏာဖြင့် ကိုယ်ကျိုးရှာသထက် ရှာ၍လာကြသည်။ စိတ်ဓာတ်နှင့် အသိဉာဏ် လှုပ်ရှားခြင်း ပြင်းထန်၍ ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရေးကို ကြံဆကြလျက် နိုင်ငံရေးတွင် ကွန်မြူနစ်ဝါဒ၊ ဖက်ဆစ်ဝါဒ၊ နာဇီဝါဒဟူ၍လည်းကောင်း၊ အနုပညာတွင် ပုံသဏ္ဌာန် အစစ်အမှန်ကို တူအောင်တု၍ ရေးဆွဲခြင်းထက် တိုးတက်သော **စိတ်ထားကို ပြနိုင်သောလက်ရာ** ဟူ၍လည်းကောင်း သာသနာယုံကြည်မှုတွင် စိတ်ပို၍ ထက်သန်ခြင်း၊ သို့မဟုတ် ပို၍အယုံအကြည် ကင်းမဲ့စိတ်ပျက်ခြင်းဟူ၍ လည်းကောင်း တွေ့ကြရပါသည်။ တစ်ဆယ့်ကိုးရာစုက **လက်တွေ့လောကဓာတ်ပညာနှင့် ဝတ္ထုပစ္စည်း ကောင်းမွန်ရေး** တို့တွင် ထူးချွန်ခဲ့သလို နှစ်ဆယ်ရာစုတွင် **လူမှုလောကဓာတ်ပညာနှင့် လူမှုတရားမျှတရေး**ကို ပို၍ အသားပေးမည်ဟု မျှော်လင့်ရပါသည်။ လူမှုရေး၊ စီးပွားရေး၊





နိုင်ငံရေးတို့တွင် တိုးတက်ပြုပြင်နိုင် ဖွယ် အချက်အလက်များစွာ ကျန်ရှိနေသေး၏။ သို့သော် လူ့အသိဉာဏ်သည် **သဘာဝလောကဓာတ်ပညာ**များတွင် ဆက်လက် စိတ်ပါဝင်စားလျက်ပင် ရှိသေး၏။ **နက္ခတ်ပညာ**၌ ယခုအထိ သိရှိရသည်မှာ နေ၏ အခြံအရံတို့တွင် ကျွန်ုပ်တို့ ကမ္ဘာသည် စတုတ္ထအငယ်ဆုံးဖြစ်၍ **ပလူတို** ဂြိုဟ်ကို ၁၉၃၀ ပြည့်နှစ်ကမှ တွေ့ရှိခဲ့သည်။ ထို့ကြောင့် အစုစု ဂြိုဟ်ကိုးလုံး ရှိလာပါသည်။ နေနှင့် အခြံအရံတစ်စုကား **စကြဝဠာ**ကြီးတစ်ခုလုံးတွင် အလွန်သေးငယ်သော အစိတ်အပိုင်း မျှသာရှိ၏။ ယင်းတို့ကား လက်မတစ်ရာ ကျယ်သော မှန်ပြောင်းဖြင့် ကြည့်ရှုမှတ်သားရသည်များဖြစ်ရာ လက်မနှစ်ရာကျယ် သော မှန်ပြောင်းတီထွင်ပြီးနောက် မည်မျှအံ့ဖွယ်ရာကောင်းသော အကြောင်းအချက် တို့ကို ကြားရဦးမည် မသိချေ။ **ပထဝီဝင်ပညာ**တွင်လည်း များစွာတိုးတက်ခဲ့၏။ ၁၉၀၉ ခုတွင် **ပီယာရီ**က **မြောက်ဝင်ရိုးစွန်း**ကို ရောက်ခဲ့သည်။ ၁၉၁၁ ခုတွင် **အမွန်ဒဆင်** က တောင်ဝင်ရိုးစွန်းကို ရောက်ခဲ့သည်။ ၁၉၂၆ ခုတွင် **ဗီနက်**နှင့် **ဘာ့ဒ်**တို့က လေယာဉ်ပျံနှင့် မြောက်ဝင်ရိုးစွန်းကို ရောက်သည်။ ယင်းသို့ နယ်သစ်ပယ်သစ်ကို ရောက်နိုင်မြင်နိုင်ခြင်းဖြင့် လူသားတို့၌ မည်မျှအကျိုးရှိမည်ကို မပြောတတ် သေးသော်လည်း ယခုအခါ တစ်ကမ္ဘာလုံးကို လူတို့ရောက်ဖူးပြီဟု ရဲရဲဆိုနိုင် ပါတော့သည်။ **ရူပဗေဒပညာ**တွင် **အလက်ထရွန် သဘော**ကို သိလာ သည်။ **ရေဒီယို လှုပ်ရှားမှုဓာတ်အား**ကို မည်သို့ယူ၍ လူ့အကျိုးငှာ သုံးစွဲရပါ မည်နည်းဟု ကြံဆနေကြ၏။ နှစ်ဆယ်ရာစုဦးက ယခုသုံးစွဲ သော ကျောက်မီးသွေး၊ ရေနံနှင့် ဓာတ်ငွေ့များအားလုံး ကုန်သွားခဲ့လျှင် လူ့လောက၌ ဒုက္ခရောက်ပေမည်ဟု စိုးရိမ်ခဲ့ကြသော်လည်း ရူပဗေဒဆရာတို့က ယခု အဏုမြူဓာတ်အားကို သုံးနိုင် ကြောင်းပြလျက် စိုးရိမ်စိတ် ပပျောက်စေပါသည်။ အိန်စတိန်၏ **နှိုင်းယှဉ်ချက် သဘော**များမှာ နှစ်ဆယ်ရာစု၏ အရေးကြီးသော တွေ့ရှိချက်များ ဖြစ်ပါသည်။ ဆေးပညာတွင် **အကာအကွယ်ဆေး**တွင် **ပါစချာ**နှင့် **ကောက်**တို့ တွေ့ရှိချက်များကို မမေ့အပ်ချေ။ ရောဂါနှင့် ပိုးမွှားတွဲနေခြင်းကို ထင်ရှားအောင် လုပ်သွားသူများ ဖြစ်ပါသည်။ လူသားတို့၏ အန္တရာယ်ကြီးများဖြစ်သော ပလိပ်ရောဂါ၊ ဝမ်းရောဂါ စသည်တို့ကို ယင်းတို့၏ တွေ့ရှိချက်များအရ နှိမ်နင်းနိုင်ခဲ့ပါသည်။ ယခု အတောအတွင်း၌ ကျန်းမာရေးကို ထိန်းသိမ်းရန် အရေးကြီးသော **ဟော်မုန်း**များအကြောင်း ကို ဖော်ထုတ်လျက်ရှိပါသည်။ **ဗိုက်တာမင်**တို့ကိုခွဲ၍ ဆေးအဖြစ်ဖြင့် တိုက်ကျွေးနိုင် ခြင်းမှာလည်း အထူးအရေးပါသော တွေ့ရှိချက်များ ဖြစ်ပါသည်။ စက်ယန္တရားတွင်

အသစ်တီထွင် ခြင်းများလည်း အလွန်များပါသည်။ **အက်ဒီဆင်**၏ လျှပ်စစ်တီထွင်ချက်များကို အမွေရခဲ့သည်မှစ၍ **ဒီဖယ်အင်ဂျင်၊** အသံထွက်ရုပ်ရှင် (၁၉၂၆) စရိတ်သက်သာသော မော်တော်ကား၊ လေယာဉ်ပျံ စသည်တို့ အများအပြားရှိပါသည်။

## အနုပညာနှင့်စာပေ

စိတ်ထားကို ပြနိုင်သော လက်ရာသည် အနုပညာ၌ အလွန်အရေးပါသော နည်းတစ်နည်း ဖြစ်၍လာပါသည်။ ပန်းချီတွင် ဓာတ်ပုံကဲ့သို့ **မူလရုပ်ပုံတူဆွဲနည်း**ကို စွန့်ခဲ့ကြ၏။ ပန်းချီဆရာ၏စိတ်တွင် ပေါ်လာသော လှုပ်ရှားမှုအရသာကို ဆေးရောင်နှင့် တင်ပြလာသည်။ **လှုပ်ရှားမှုနှင့် အားကိုပြရန်အတုံးအတစ်ရေးနည်း**လည်း ထွန်းကားသည်။ အကျိုးအကြောင်း ဆက်စပ်၍ ဖြစ်နိုင်သည်ထက်- စိတ်ကိုလွှတ်၍ တွေးလိုရာတွေးလျက် အတွေးပေါက်သလို ရေးဆွဲကြ၏။ **မပြတ်သားသောအတွေး**ကိုပင် ရေးနိုင်ရန် ကြိုးစားကြသေးသည်။ တူရိယာတွင် စိတ်လှုပ်ရှားပုံကို ထင်ရှားအောင် တီးမှုတ်စေ၏။ ရှေးက အသံချိတ် အသံဆက် ငြိမ့်ညောင်းပြေပြစ်ခြင်းတို့ မပြုကြတော့ချေ။ ရှေးအယူအဆစည်းကမ်းတို့ကို မကျေနပ်သော ခေတ်၏ ညည်းညူသံများဖြစ်သည်ဟု ဆိုကြ၏။ လွတ်လပ်စွာ ထင်ရာစိုင်းလိုစိတ်ကို အသားပေး၍ **ဂျက်ဇ်** ပေါ်ခဲ့သည်။ **အဆောက်အအုံ**တွင်ကား စိတ်ကူးယဉ်ခြင်းထက် **လက်တွေ့အသုံးကျခြင်း**ကို အသားပေး၏။ ခိုင်ခံ့ခြင်း၊ ရိုးရိုးယဉ်ယဉ်ရှိခြင်း၊ မြန်ဆန်ခြင်း၊ အသုံးဝင်ခြင်းတို့ကို ရှေ့တန်းသို့တင်၍ ဆောက်လုပ်ကြ၏။ စာပေတွင် အစစ်အမှန်ကို ဖော်ထုတ်ရေးကို ဂရုပြု၏။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ပြဿနာများကို ဖော်ထုတ်၏။ စစ်ဝါဒကို တိုက်ခိုက်၏။ လူတန်းစားစစ်စစ်ကို လှုံ့ဆော်၏။ ငြိမ်းချမ်းရေးကို ဟောပြော၏။ ဘုရားတို့ စိတ်လှုပ်ရှားမှုကို သရုပ်ဖော်၏။ လူ့လောက၏ အချည်းနှီးဖြစ်ပုံကို ဝေဖန်၏။ နေ့စဉ် စားသောက်နေထိုင်ပုံကို ထင်ရှားစေ၏။ ယခု ဒုက္ခတို့ကို အခြေခံ၍ ယခင်အမှားများကို ဖော်ထုတ်၏။ လူ့ဘဝတွင် လိင်ပြဿနာကို ထင်ရှားစေ၏။ မျိုးချစ်စိတ်ကို သရော်၏။ ဓာတ်အိမ်ဓာတ်ကွက်ညီညွတ်ရေးထက် စိတ်နေသဘောထား ထင်ရှားရေးကို အဓိကထား၍ ရေးတတ်





ကြသည်။ သာသနာရေးတွင်လည်း စစ်များကြောင့် ဝမ်းနည်းဝမ်းသာ အမျိုးမျိုးကြုံရသဖြင့် ဘုရားကို ပို၍ယုံကြည်သူနှင့် ပို၍ပစ်ပယ်သူများ ပေါ်လာရသည်။ သာသနာတွင်အစိုးရ အထောက်အပံ့ကို ရပ်စဲခြင်း၊ သို့မဟုတ် ယခုမှ ထောက်ပံ့ခြင်း စသည်ဖြင့် အမျိုးမျိုး တွေ့ရပါသည်။

* * *

# (ဆ)

## သူပုန်လျက်ရှိသော အာရှ

### တုချွန်ခေတ်က တရုတ်နိုင်ငံ

၁၉၁၇–၂၇ ခုနှစ်များကား တုချွန်ခေါ် စစ်ဘုရင်များ တန်ခိုးကြီးသောခေတ် ဖြစ်ပါသည်။ စစ်ဘုရင်အချင်းချင်း အာဏာလု၍ **ပီကင်း** အစိုးရကိုလည်း လွှမ်းမိုးရန် ကြိုးစားကြပါသည်။ **ချီလီ**အစုမှ **ဝုဖေဖု**သည် မန်ချူးရီးယားမှ **ချန်စောလင်**နှင့် **အတွင်းမွန်ဂိုလီးယား**မှ **ဖန်ယုဆိုင်**တို့ပေါင်း၍ တန်ခိုးကြီးလာကြပါသည်။ ထို့နောက် **ဝု** နှင့် **ဖန်** ပေါင်း၍ **ချန်** ကိုနှိမ်သည်။ ဤအတွင်းဝယ် **ဆောင်ကုန်** ဆိုသူတစ်ဦး ပေါ်လာ၍ ဖန်နှင့်ပေါင်းကာ ဝုကိုနှိမ်သည်။ ဤအတွင်း ချန်သည် ဖန်နှင့်တွဲပြန်၍ ၁၉၂၄ တွင် ပီကင်း၌ အာဏာယူပြန်၏။ ၁၉၂၅–၇ ခုနှစ်များ၏ ပီကင်းတွင် ဆူပူသောင်းကျန်းလျက်ရှိသောအခါ ဖြစ်ပါသည်။ ချန်နှင့် ဖန် ကွဲကြပြန်လျှင် ဝုကား ကောင်းလာပြန်၏။ **ကန်တောင်**တွင် **ဒေါက်တာဆန်**သည် **ကိုမင်တန်**ကို ပြန်၍စည်းရုံး၏။ ၁၉၂၆ ခုတွင် ချန်စောလင်နှင့် ဝုမေဖုတို့ ပေါင်းပြန်၍ ပီကင်းမှ ဖွန်ကိုမောင်းထုတ်ကြ၏။ ထို့နောက် တရုတ်မြောက်ပိုင်းကို စည်းရုံး၍မှုမပြီးခင် ကိုမင်တန်တပ်များက လာရောက်တိုက်ခိုက်သဖြင့် ပီကင်းမှ ဆုတ်ခွာ၍ပေးရသည်။ ကိုမင်တန်မှ **ချန်ကေရှိတ်**နှင့် မည်သူမဆို ပေါင်း၍ရသော ဖန်ယုဆိုင်တို့ တွဲမိကြသည်။





## ကိုမင်တန် ပြန်လည်စည်းရုံးမိခြင်း

ကမ္ဘာစစ်ကြီး ၁ ပြီးစက ဒေါက်တာဆန်၏ အခြေအနေမှာ အားရဖွယ်မရှိလှချေ။ ကန်တောင်တွင် အစိုးရဖွဲ့၍ တရုတ်နိုင်ငံ အစိုးရအစစ်ဟု အမည်ခံလိုသော်လည်း နိုင်ငံခြားသားတို့က ပီကင်းမှ မရေမရာ အစိုးရကိုသာ အသိအမှတ်ပြုကြ၏။ ဆန်မှာလည်း တောင်ပိုင်းမှာ တုချွန်ခေါ် စစ်ဘုရင်တို့ပေးသမျှ အာဏာလောက်သာ သုံးနိုင်၏။ ထို့ကြောင့် ၁၉၂၀ ပြည့်တွင် ကိုမင်တန်ပါတီကို ပြန်၍စည်းရုံးသည်။ ၁၉၂၁ ခုတွင် အထူးပါလီမန်က ယင်းကို သမ္မတတင်မြှောက်ခဲ့၏။ သို့သော် ၁၉၂၂ ခုသို့ရောက်လျှင် **ရှန်ဟဲ**သို့ ထွက်ပြေးခဲ့ရပြန်၍ တရုတ်ပြည်ကို ကယ်တင်ရန် နိုင်ငံခြား အကူအညီရမှဖြစ်မည်ဟု ယုံကြည်လာပါသည်။ နယ်ချဲ့ကို ရန်သူဟု ကြေညာထားသော ရုရှား၏ အကူအညီမှာ အဆီလျော်ဆုံးဟု တွေ့ရသည်။ ရုရှားသံတစ်ဦးဖြစ်သူ **အဒေါ့ဖ်ဂျော့ဖ်**နှင့် တွေ့ဆုံ၍ ရုရှားက တရုတ်ကို လွတ်လပ်ရေးနှင့် စည်းရုံးရေးတွင် ကူညီအကြံဉာဏ်ပေးမည်ဟု ဆိုသည်။ သို့သော် တရုတ်နိုင်ငံ၌ ကွန်မြူနစ်ဝါဒနှင့် **ဆိုဗီယက်စနစ်**ကို စတင်ပျိုးထောင်ရန် စောသေးသည်ဟု ယူဆကြ၏။ ၁၉၂၃ ခုတွင် **ကန်တောင်**သို့ ဆန်ပြန်လာလျှင် **မိုင်ကယ်ဗိုရိုဒင်**ကို မော်စကိုက နိုင်ငံရေးအကြံပေးအဖြစ်ဖြင့် လွှတ်လိုက်သည်။ ဗိုရိုဒင်၏ အကြံပေးချက်အရ ဆန်သည်ကိုမင်တန်ကို ရုရှားကွန်မြူနစ်ပါတီ ဖွဲ့နည်းအတိုင်း လုံးလုံးအသစ် ပြန်၍ဖွဲ့စည်းသည်။ ရပ်ကွက်ဆိုင်ရာအစုကို မူလအခြေခံဖွဲ့ပေး၍ ဝါဒရေးရာနှင့် စည်းကမ်းသေဝပ်ရေး အုပ်ချုပ်ရေးကို သင်ပေးခဲ့၏။ ရပ်ကွက်ကတစ်ဆင့် အတွဲ များစွာတွဲ၍ ခရိုင်အလိုက်ဖွဲ့စည်းခြင်း၊ ပြည်နယ်အလိုက် ဖွဲ့စည်းခြင်းများ ပြုလုပ်ရ၏။ အဖွဲ့အားလုံးမှပေါင်း၍ အမျိုးသားပါတီကွန်ဂရက်ကို တစ်နှစ် တစ်ကြိမ်ခေါ်ရန် ပြဋ္ဌာန်းသည်။ ကွန်ဂရက်က ဝါဒရေးရာကို သတ်မှတ်၍ အုပ်ချုပ်ရေးကိုကား ဗဟိုအမှုဆောင်ကော်မတီ၏ လက်တွင်း၌ အပ်ထားရ၏။ ဗဟိုကော်မတီကပင် ဦးစီးကော်မတီကို ခန့်ထား၍ ကွန်ဂရက်မတိုင်မီ အစိုးရကို ကြိုးကိုင်ရန် ဖြစ်ပါ၏။ ဒေါက်တာဆန်ကို ရာသက်ပန် သဘာပတိခန့်၍ ပါတီကွန်ဂရက် ဆုံးဖြတ်ချက်ကို မကြိုက်လျှင် **တစ်ချက်လွှတ်အာဏာ**နှင့် တားမြစ်နိုင်ခွင့် ပေးခဲ့သည်။ ဗဟိုအမှုဆောင်ကော်မတီတွင်လည်း **အဆုံးအဖြတ်မဲ**ကို ပေးခွင့်ရှိသည်။ ပါတီဝင်အဖြစ်မှ မှတ်ပုံတင်ရာ၌ ကိုမင်တန်ဝါဒနှင့် စည်းကမ်းကို ရိုသေသူ ကွန်မြူနစ်တို့ကို မှတ်ပုံတင်ခွင့်ပေးသည်။

ကိုမင်တန်ဝါဒ ဟူသည် ဒေါက်တာဆန်၏ ဟောပြောရေးသားသည်တို့၌ ပါဝင်သည့်အချက်များသာဖြစ်ရာ အချုပ်အားဖြင့်–

(၁) အမျိုးသား ပြန်လည်ထူထောင်ရေး အစီအစဉ်တွင် စိတ်ဓာတ်၊ ဝတ္ထုပစ္စည်းနှင့် လူမှုပြန်လည်ထူထောင်ရေးတို့ပါ၏။

(၂) ပြည်သူ့ဝါဒ သုံးပါးတွင် ဒီမိုကရေစီအရေး၊ အမျိုးသားအရေးနှင့် လူချင်းတူတူ သူချင်းမျှမျှ နေနိုင်ရေးတို့ပါ၏။

(၃) ပါတီပြန်တမ်းတွင် ၁၉၂၄ ခုအထိ ပါတီရာဇဝင်နှင့် လုပ်ငန်းစဉ်ပါသည်။

(၄) အမျိုးသား ပြန်လည်ထူထောင်ရေး အခြေခံများတွင် ပါတီလုပ်ငန်းစဉ် အကြမ်းမူပါသည်။

(၅) ဒေါက်တာဆန်၏ သေတမ်းစာတွင် ရှေ့လုပ်ငန်းစဉ် လျာထားချက်ပါသည်။

ဒေါက်တာဆန်သည် ကွန်မြူနစ် မဟုတ်သော်လည်း ဆိုရှယ်လစ်အယူကို နှစ်သက်လျက် **မြေယာပြန်လည်ဝေငှရေး**နှင့် နိုင်ငံခြားကျူးကျော်ခြင်း တော်လှန်ရေးတို့ကို အထူးလိုလားသည်။ ပြန်လည်ထူထောင်ရေးကို သုံးဆင့်ခွဲ၍ (၁) စစ်အစိုးရက ပြည်တွင်းပြည်ပရန်ကို နှိမ်၍ စည်းရုံးပေးရန်၊ (၂) ကိုမင်တန် ဦးစီးလျက် ဒီမိုကရေစီကို လူထုနားလည်အောင် ပညာပေးရန်နှင့် (၃) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရဖွဲ့သော အစိုးရ ထူထောင်ရန်တို့ ဖြစ်ပါသည်။ ၁၉၂၄ ခု၌ ကန်တောင်တွင် ကျင်းပသော ပထမ ကိုမင်တန်ကွန်ဂရက်က ဒေါက်တာဆန်၏ ဖွဲ့စည်းပုံနှင့် လမ်းစဉ်ကို လက်ခံလိုက်ပါသည်။ ထို့ထက် ခပ်စောစောကပင် ချန်ကေရှိတ် ခေါင်းဆောင်၍ **ဝှမ်ပေါက်စစ်တက္ကသိုလ်**ကို တည်ထောင်၍ အမျိုးသားစစ်တပ် ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ၁၉၂၅ ခုတွင် မြောက်ဘက်၌ ခေတ္တမျှ ဖန်ယုဆိုင်၊ **တွန်ချိယွီ**နှင့် ချန်စောလင်တို့ ပေါင်းမိသဖြင့် ယင်းတို့ကို ဒေါက်တာဆန်က **တောင်ပိုင်းအစိုးရ**နှင့် ညီညွတ်ရန် စကားကမ်းလှမ်းသည်။ ဤသို့ စေ့စပ်ဆဲတွင် ၁၉၂၅ ခု မတ်လ ၂၁ ရက်တွင် ဒေါက်တာဆန်ယက်ဆင် ကွယ်လွန်ပါသည်။ သေတမ်းစာ၌ စည်းရုံးရေးကို ဆက်လက်ကြိုးစားရန်၊ ပြည်သူ့ဝါဒသုံးပါးကို လိုက်နာရန်နှင့် ရုရှားနှင့် ပူးပေါင်းဆောင် ရွက်သွားရန် မှာကြားခဲ့ပါသည်။ အသက်ရှိစဉ်က ဒေါက်တာဆန်သည် နိုင်ငံရေး ခေါင်းဆောင်ပုံနှင့် အုပ်ချုပ်ပုံ မတော်လှသော်လည်း ကွယ်လွန်လျှင် အပြစ်အားလုံးမေ့၍ နေ့ချင်းညချင်း **အမျိုးသားသူရဲကောင်း** ဖြစ်၍လာပါသည်။ ကိုမင်တန်များက ဒေါက်တာဆန်၏ အလောင်းကို **နန်ကင်း**တွင် အမွန်တမြတ်ထားသည်။





## ချန်ကေရှိတ်ထခြင်း

ဒေါက်တာဆန်ကဲ့သို့ အများလေးစားနိုင်သည့် ခေါင်းဆောင်ကို ချက်ချင်းမရနိုင်သဖြင့် အားပြိုင်ပွဲများ ပေါ်လာရသည်။ အားစမ်းသူတို့ကား ကွန်မြူနစ်တို့ကို ခေါင်းဆောင်သော ဗိုရိုဒင်၊ ကွန်မြူနစ်မဟုတ်သော လက်ဝဲစုခေါင်းဆောင် **ဝန်ချိန်ဝေ**နှင့် ကွန်မြူနစ်ကိုမုန်းသော ကိုမင်တန် စစ်သေနာပတိ ချန်ကေရှိတ်တို့ပင် ဖြစ်ပါသည်။ မြောက်ပိုင်းသို့ ဗိုရိုဒင် ခေတ္တသွားခိုက် ချန်ကေရှိတ်က ဝန်ကိုနှိမ်၍ ဗဟိုအမှုဆောင်ကော်မတီ၏ ဦးစီးအဖွဲ့သဘာပတိဖြစ်၍ လာပါသည်။ ဗိုရိုဒင်ကို အကြံဉာဏ်ပေးသူအဖြစ် ဆက်လက်ထားပါသည်။ ထို့ကြောင့် ရှေ့တွင် ကွန်မြူနစ်နှင့် **လက်ယာစစ်ဝါဒီ**တို့ ရန်ပွဲကို တွေ့ကြရပါတော့သည်။ ၁၉၂၆ ခုနှစ်လယ်တွင် တရုတ်နိုင်ငံကို စည်းရုံးရန် စစ်ဆင်ရေး စပါတော့သည်။ စစ်တပ်ရှေ့မှ လှုံ့ဆော်သူနှင့် ဝါဒဖြန့်သူတို့ကို သွားစေရာ ကောင်းစွာ အောင်မြင်သဖြင့် လွယ်လွယ်နှင့်ပင် တစ်နယ်ပြီးတစ်နယ် သိမ်းနိုင်ပါသည်။ **ဟန်ကောင်**ကို အောက်တိုဘာလတွင် သိမ်းယူ၍ ၁၉၂၇ ခု နွေဦးတွင် **ယန်စီ**မြစ် တောင်ပိုင်းကို သိမ်းယူပြီးပါတော့သည်။ မြောက်ဘက်မှ **ဖန်**နှင့် **ရှန်စီ** ပြည်နယ်မှ စစ်ဘုရင်များက အမျိုးသားရေးဝါဒကို ကြေညာ၍ ပေါင်းလာသည်။ ချန်ကေရှိတ်က စစ်ရေးစစ်ရာဖြင့် အလုပ်များလျက်ရှိစဉ် ကွန်မြူနစ်တို့က ၁၉၂၆ ခု နိုဝင်ဘာလတွင် ကန်တောင်အစိုးရကို ဟန်ချောင်သို့ ပြောင်းရွှေ့၍ ဝန်ချိန်ဝေနှင့် ပူးပေါင်းကြ၏။ ဗဟိုကော်မီတီ အစည်းအဝေးသို့ ချန်ကေရှိတ် မတက်သဖြင့် ပါတီမှထုတ်၍ ဝန်ချိန်ဝေကို သဘာပတိမြှောက်ကြသည်။ ချန်ကေရှိတ်က ဤတွင် လက်ယာဂိုဏ်းတို့ကို အကူအညီ တောင်းရ၏။ ရှန်ဟဲမှ ကုန်သည်ကြီးတို့နှင့်ပေါင်း၍ နန်ကင်းတွင် အစိုးရ သီးခြားဖွဲ့လိုက်သည်။ ၁၉၂၇ ခု ဩဂုတ်လသို့ရောက်လျှင် ချန်ကေရှိတ်၏ လက်ယာဂိုဏ်းသည် တရုတ်နိုင်ငံ၌ တန်ခိုးအကြီးဆုံးဖြစ်၍ လာပါသည်။ လက်ဝဲဂိုဏ်းတွင် ဝန်ချိန်ဝေနှင့် **စွန်း**တို့ ခေါင်းဆောင်ကြ၏။ ၁၉၂၇ ခု ဒီဇင်ဘာလတွင် ချန်ကေရှိတ်သည် **မေလင်စွန်**ခေါ် **စွန်း**နှင့် ဆန်ယက်ဆင် ဇနီးတို့၏ ညီမနှင့် အကြောင်းပါရာမှစ၍ ဝန်ချိန်ဝေနှင့် စွန်းတို့နှင့်လည်း အတိအလင်း မဟာမိတ်ဖြစ်လာပါသည်။ ၁၉၂၈ ခု အစဦးတွင် ချန်ကေရှိတ်သည် ကိုမင်တန် စစ်သေနာပတိဖြစ်ပြန်၍ မြောက်ပိုင်းသို့ ချီတက်တိုက်ခိုက်ပြန်သည်။ မန်ချူးရီးယားမှ ဂျပန်အကူအညီဖြင့် ခုခံသော ချန်စောလင်ပင် အမျိုးသား အင်အားဖြစ်သော ချန်ကေရှိတ်ကို မတား

ဆီးနိုင်ချေ။ ၁၉၂၈ ခု မေလတွင် ပီကင်းကို သိမ်းယူ၏။ ဤအတောအတွင်း ဝယ် ချန်စောလင် သေဆုံး၍ သားဖြစ်သူ **ချန်ဆွေလျန်**က ဆက်ခံခဲ့ရာ ကိုမင်တန် လက်အောက်ခံလာ၏။ ထို့ကြောင့် တရုတ်နိုင်ငံသည် ယွန်ရှေ့ခိုင်လွန်သည် မှစ၍ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ပြန်လည်စည်းရုံးမိခြင်း ဖြစ်ပါသည်။ မြောက်ပိုင်း တရုတ်နိုင်ငံကို သိမ်းယူပြီးနောက် ဂျပန်နှင့်တကွ အနောက်နိုင်ငံများက နန်ကင်းအစိုးရကို အသိအမှတ်ပြုကြသဖြင့် ၁၉၂၈ ခုတွင် စစ်အစိုးရ ပြီးဆုံး၍ နိုင်ငံရေး ပညာပေးရန် အချိန်သို့ ရောက်လာပါသည်။ ဤအဆင့်၏ ပထမခြေလှမ်းအနေဖြင့် ယာယီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲကြ သည်။ ရုရှားတွင် ပါတီအုပ်ချုပ်သလို တရုတ်တွင် ကိုမင်တန် အုပ်ချုပ်စေ၏။ ပါတီကွန်ဂရက် ဗဟိုအမှုဆောင် ဦးစီးအဖွဲ့တို့တွင် ထိုအာဏာကို ပေးထား၏။ ချန်ကေရှိတ်မှာ ပါတီခေါင်းဆောင်လည်းဖြစ်သည်။ အမျိုးသားတပ်များ၏ သေနာပတိလည်းဖြစ်သည်။ အစိုးရ၏ အကြီးဆုံး ချွတ်ယွင်းချက်ကား ယခု အထိ တန်ခိုးကြီးနေသော စစ်ဘုရင်တချို့များကို အမြစ်ပြတ်အောင် မသုတ် သင်နိုင်ခြင်းပင် ဖြစ်ပါသည်။ စင်စစ် ယန်ဇီမြစ်ဝှမ်းတွင်သာ အစိုးရက ကိုက် ရိုက်အုပ်ချုပ်နိုင်သည်။ ၁၉၂၉ ခု ဇန်နဝါရီလတွင် ကွန်ဖရင့်ခေါ်၍ ကိုယ်ပိုင် တပ်များ လျှော့ပေါ့ရေးကို ဆွေးနွေးပြီးနောက် **ကွမ်စီ**တွင် စစ်ဘုရင်များ သူပုန် ထကြ၏။ သူပုန်ကို ၁၉၃၀ ပြည့်နှစ်တွင် နှိမ်နင်းပြီးနောက် **ဖန်ယုဆိုင်** သည် ကိုမင်တန်မှထွက်၍ မွန်ဂိုလီးယားတွင် သွားရောက်ခိုဝင်၏။ ဤသည်နောက် တွင် ချန်ကေရှိတ်သည် **ကွန်မြူနစ်ဆန့်ကျင်ရေး**ကို ဖိ၍ဆောင်ရွက်ပါသည်။

## ဂျပန်တွင် စစ်ဝါဒလွှမ်းမိုးသာပုံ

ကမ္ဘာစစ် ၁ ကို ဂျပန်သည် နယ်ချဲ့ရန် ရည်ရွယ်ချက်နှင့်ဝင်၏။ ဝန်ကြီးချုပ်မှာ ဩကုမဖြစ်၍ လိုက်လျောသော သဘောရှိပါသည်။ သို့သော် တရုတ်သို့ ရာဇသံနှစ်ဆယ့်တစ်ချက် ပို့ခဲ့သူလည်းဖြစ်သည်။ နိုင်ငံခြားရေးတွင် ဂျပန်ခေါင်းဆောင်များသည် လုပ်နည်းသာခြား၍ ရည်ရွယ်ချက်ချင်း တူကြသည်။ ပြည်တွင်းရေးတွင် လိုက်လျောညီညွတ်ရေးသမားတို့က အကယ်ပင် ဒီမိုကရေစီ ဆန်သော အစိုးရပေါ်လာရန် ကြိုးစားကြသည်၊ သာမညအရပ်သား **ဟာရ**သည် ၁၉၁၈ ခု၌ **ဝန်ကြီးချုပ်** ဖြစ်လာသည်။ ယခင်က ပါတီခေါင်းဆောင်မင်းသား အမည်ခံသူတို့သာ ဝန်ကြီးချုပ်ဖြစ်ခဲ့သဖြင့် ယခုလို အရပ်သားဝန်ကြီးချုပ်





ဖြစ်ခြင်းမှာ ဒီမိုကရေစီ ပို၍ဆန်အောင် ကြိုးစားခြင်း တစ်မျိုးပင်ဖြစ်သည်ဟု ယူဆရန်ရှိသော်လည်း ထိုဟာရကပင် ၁၉၂၀ ပြည့်နှစ်၌ **အရွယ်ရောက်သူတိုင်း** မဲပေးခွင့် ဥပဒေကြမ်း တင်သွင်းလျှင် ဒိုင်ယက်ခေါ် ဂျပန်ပါလီမန်ကို ဖျက်သိမ်း ခဲ့ရလေသည်။ ဟာရသည် အုပ်ချုပ်ရေး၌ စစ်ဝါဒီများ မလွှမ်းမိုးစေလို။ ထို့ကြောင့် ဂျပန်မျိုးချစ် စစ်ဝါဒီတို့က သတ်ပစ်သူ များစွာတို့အနက် ရှေးဦး **ဖောက်အဖြစ်ဖြင့်** ၁၉၂၁ ခုတွင် ဟာရ အသတ်ခံရပါသည်။ ဟာရ သေသော်လည်း လိုက်လျောညီညွတ် ရေးဘက်က လုံးဝရှုံးနိမ့်၍ မသွားချေ။ ဝါရှင်တန်ကွန်ဖရင့် သဘောတူညီချက်ကို လက်ခံခြင်း၊ **ဆိုင်ဗီရီးယားနှင့် ရှန်တုန်**စစ်ကြောင်းတို့ကို ပြန်၍ရုပ်သိမ်းခြင်း၊ အရွယ်ရောက်သူ ယောကျာ်းတိုင်း မဲပေးနိုင်ခြင်း၊ (၁၉၂၅) အရာထမ်း အမှုထမ်း တွင် သာမန်အရပ်သားတို့ကို ပို၍ခန့်ထားခြင်းနှင့် နိုင်ငံရေးတွင် တိုင်သူပြည်သားတို့ ပို၍စိတ်ဝင်စားလာခြင်းတို့ကို တွေ့ရပါသည်။ ၁၉၂၂–၄ ခုနှစ်များ၌ **နိုင်ငံရေးပါတီ မရှိသော အစိုးရ**အဖွဲ့များ တက်ရောက်အုပ်ချုပ်ခဲ့၏။ ၁၉၂၄ ခုတွင် နိုင်ငံရေးပါတီ တစ်ခု၏ ခေါင်းဆောင်မင်းသား **ကတော**သည် ညွန့်ပေါင်းအစိုးရတွင် ဝန်ကြီးချုပ် ဖြစ်လာ၏။ အကြမ်းသမား စစ်ဝါဒီဖြစ်သော စစ်ဗိုလ်လူငယ်များ၏ ခေါင်းဆောင် မင်းသား **တနက**သည် ၁၉၂၇ ခု ဧပြီလ၌ ဝန်ကြီးချုပ်ဖြစ်လာ၏။ အရှေ့အာရှတွင် နယ်ချဲ့ရန် အစီအစဉ်ကို ဧကရာဇ်ထံသို့ လျှို့ဝှက်စွာ တင်သွင်းပါသည်။ အစီ အစဉ်တွင် (၁) မန်ချူးရီးယားနှင့် မွန်ဂိုလီးယားကို သိမ်းယူ၍ စီးပွားရေး ထူထောင်ရန်ကစလျက် (၂) တရုတ်နိုင်ငံကို သိမ်းပြီးနောက် (၃) အာရှတစ်တိုက်လုံး သိမ်းယူရန် လွယ်ကူမည်ဖြစ်ကြောင်း ပါရှိ၏။ တရုတ်ကိုသိမ်းလျှင် အမေရိကန်ကို ခြေမှုန်းရမည်ဟူ၍လည်း တနက နားလည်သည်။ တနကဝါဒအရ ၁၉၂၇ ခု ကိုမင်တန်က မြောက်ဘက်သို့ စစ် ချီလျှင် ဂျပန်တပ်များကို မန်ချူးရီးယားမှ ရှန်တုန်သို့ ပို့ခဲ့သည်။ သို့သော် အခြေအနေအရ တနက ထင်တိုင်းတိုက်ခိုက် လုယက်ခြင်း မပြုခဲ့နိုင်သေးချေ။ ၁၉၂၉ ခု ဇူလိုင်လတွင် တရုတ်နိုင်ငံ၌ ချန်စောလင် အသတ်ခံရခြင်းဂယက်ကြောင့် တနက အစိုးရနုတ်ထွက်ရသည်။ **ကြမ်းတမ်းသော နိုင်ငံခြားရေးဝါဒ**ကို ဆန့်ကျင်လျက် မင်းသား **ရှိဒေဟရ** ခေါင်းဆောင်သော လိုက်လောညီညွတ်ရေး သမားများလည်း အများအပြား ပေါ်ပေါက်လာပါသည်။ ရှိဒေဟရသည် လုပ်ငန်းကြီး စီးပွားရေးသမားတို့နှင့် အဆက်အသွယ်ရှိ၍ အာရှတွင် အေးငြိမ်းစွာ ထိုးဖောက်ဝင်ရောက်၍ စီးပွားရေး အုပ်စီးရန်သာ လိုလားသည်။ တရုတ်လွတ်လပ်ရေးနှင့် နယ်မြေကို လေးစားရန် နားလည်သည်။ တရုတ်နှင့် ညှိနှိုင်း၍ ဂျပန်စီးပွားရေးကို ဘိုးမြှင့်လိုသည်။

နိုင်ငံပေါင်းချုပ်အသင်း ဝါရှင်တန်နှင့် လန်ဒန် ကွန်ဖရင့်များ စသည်တို့၌ ပါဝင်လျက် တစ်ကမ္ဘာလုံးနှင့် ညှိနှိုင်းရန်လည်း လိုလားသည်။ ရှီဒေဟရသည် ၁၉၂၄-၇ ခုနှစ်များကလည်းကောင်း၊ ၁၉၂၉-၃၁ ခုနှစ်များတွင်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့၏။ ၁၉၃၀ ပြည့်တွင် ရှီဒေဟရသည် **လန်ဒန် လက်နက်တပ်ဆင်ရေးကွန်ဖရင့်**သို့ တက်ရောက်၍ ဂျပန်တွင် လက်နက်တိုး၍ တပ်ဆင်နိုင်ခွင့်ကို ရသော်လည်း စစ်ဝါဒီတို့ လိုသလောက် မရသဖြင့် ဂျပန်တွင် ဆူပူမှုများဖြစ်၍ ဝန်ကြီးချုပ် အသတ်ခံရ သည်။ **ဝကတ်စုကီ** ခေါင်းဆောင်သော နောက်အစိုးရကလည်း စစ်ဝါဒီတို့ကို ဆန့်ကျင်သော်လည်း စစ်တပ်က ဖန်တီးသဖြင့် ၁၉၃၁ ခုတွင် **မန်ချူးရီးယားအရေး** ပေါ်လာသည်။ ဤတွင် ဂျပန်ခေါင်းဆောင်တို့ အမြဲရင်ဆိုင်နေရသော လူဦးရေပြဿနာကို ထည့်သွင်းဖော်ပြရပေမည်။ ရေးအခါက ဂျပန်လူဦးရေသည် ၃ ကုဋေတွင် တန့်နေ၏။ စက်မှုလက်မှု တိုးတက်သဖြင့် ၁၉၂၀ ပြည့်၌ ၅ ကုဋေ ၆ သန်း ရှိလာ၍ ၁၉၃၀ ပြည့်တွင် ၆ ၇ကုဋေ ၄ သန်းရှိ၏။ တစ်နှစ် လျှင် လူ ၇ သိန်းတိုးသော ပြဿနာမှာ မသေး ချေ။ **တိုင်းတစ်ပါးသို့ ပြောင်းသွား**ပါဟု တိုက်တွန်းရုံနှင့် မပြီးသည်ကို တွေ့ရ၏။ အမေရိကန်လိုနေရာက ဂျပန်မဝင်လာနိုင်အောင်တား၏။ ဂျပန်တို့ကလည်း ဇာတိအရပ်ကို ခင်မင်ကြရာ နိုင်ငံတွင်းမှာပင် **ဟောက္ကအိဒေါ**ကျွန်း၌ အနေချောင်သဖြင့် ပြောင်း၍နေပါဟု တိုက်တွန်း၍ပင် လွယ်လွယ်မရချေ။ အင်္ဂလန်မှာကဲ့သို့ပင် လူဦးရေရှိသလောက် စားစရာ မစိုက်နိုင်သဖြင့် အစားအစာကို နိုင်ငံခြားမှ ဝယ်ရသည်။ **သံကျောက် မီးသွေး**မှအစ စက်မှုလက်မှုအတွက် **ကုန်ကြမ်း**များလည်း ဝယ်ရသည်။ ထို့ကြောင့် ဂျပန်ပစ္စည်းအတွက် အရောင်းစခန်းသစ်ဖွင့်ရန် အမြဲကြိုးစားနေရ၏။ တရုတ်နှင့် မန်ချူးရီးယားသည် ဂျပန်အတွက် အရောင်းအဝယ်ပြုရန်နှင့် အိုးသစ်အိမ်သစ် ထူထောင်ရန် အကောင်းဆုံးဒေသများ ဖြစ်သည်ဟု ဂျပန်တို့ ယူဆကြ၏။

## မန်ချူးရီးယားအရေး

အကျယ်အဝန်း စတုရန်းမိုင် ၄ သိန်းရှိသော မန်ချူးရီးယားတွင် ၁၉၃၁ ခုနှစ်အထိ အနှစ်လေးဆယ်အတွင်း၌ ဂျပန်၊ ရုရှားနှင့် တရုတ်တို့ နယ်ချဲ့ကြ၏။ တရုတ်ကို အုပ်ချုပ်သော မန်ချူးမင်းများက တရုတ်ကို မန်ချူးရီးယားသို့ သွားရောက်နေခွင့်မပေးချေ။ ၁၉၁၁ ခုတွင် တရုတ်တို့ တော်လှန်၍ မန်ချူး





မင်းဆက်ပြတ်လျှင် မန်ချူးရီးယားသို့ တရုတ်များစွာ ပြောင်းရွှေ့ဝင်ရောက်နေထိုင်ကြ၏။ လူဦးရေ ၃ ကုဋေအနက် ၁၉၃၁ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းမှာ တရုတ်များဖြစ်ကြ၏။ ထို့ကြောင့် တရုတ်က မန်ချူးရီးယားကို တရားဝင်ပိုင်ဆိုင်သူအနေဖြင့်လည်းကောင်း၊ မိမိအမျိုးသား အများအပြားရှိရာ နိုင်ငံအနေဖြင့်လည်းကောင်း အုပ်စီးလိုစိတ်ရှိသည်။ **တရုတ်အရှေ့မီးရထားလမ်းတစ်လျှောက်**ကား ရုရှား၏ စီးပွားရေးနယ်ဖြစ်သည်။ **တောင်ပိုင်း မန်ချူးရီးယား မီးရထားလမ်းတစ်လျှောက်**နှင့် ပို့အာသာအပါအဝင် လီယိုတန်ကျွန်းဆွယ်တစ်ပိုက်ကား ဂျပန်၏ သီးသန့်စီးပွားရှာခွင့်နယ် ဖြစ်ပါသည်။ တရုတ်နိုင်ငံရေး၌ ထင်ရှားခဲ့သော ချန်စောလင်ကား မန်ချူးရီးယားတွင် လာရောက်နေထိုင်သူ တရုတ်ကျေးတောသားတစ်ဦးဘဝမှ ဓားပြဗိုလ်ဖြစ်လာ၍ ရုရှား–ဂျပန်စစ်ဖြစ်လျှင် ဂျပန်ကိုကူသည်။ တရုတ်စစ်တပ်နှင့် ဆက်သွယ်၍ တရုတ်တပ်မတော်အရာရှိတစ်ဦး ဖြစ်လာသည်။ တော်လှန်ရေးတွင် **ဖန်တီယန်** ပြည်နယ် စစ်ဘုရင်ဖြစ်လာ၏။ ၁၉၁၈ ခုမှ သေဆုံးသည့် ၁၉၂၈ ခုအထိ မန်ချူးရီးယား အရှေ့ပြည်နယ်သုံးနယ်ကို ဘုရင်တစ်ဆူသဖွယ် အုပ်စိုး၍ သွားခဲ့သည်။ အဖရာထူးကို ယူသူ **ချန်ဆွေလျန်**က ကိုမင်တန်နှင့် ပေါင်း၍ ဂျပန်ရော၊ ရုရှားကိုပါ ဆန့်ကျင်သည်။ မြောက်ဘက်ပြည်နယ်များ၏ စီးပွားရေး တိုးတက်အောင်လည်း ဆောင်ရွက်ပေးသည်။ ဤတွင် ဂျပန်နှင့် စီးပွားရေး အပြိုင်ဖြစ်ကြောင်း သိသာလာ၍ ရန်ပွဲ ၃၀၀ ထက် မနည်းရှိလာခဲ့၏။ ၁၉၃၁ ခု စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဗုံးပေါက်ကွဲသဖြင့် တောင်မန်ချူးရီးယား မီးရထားလမ်းတွင် အနည်းငယ်ပျက်စီးသွားသဖြင့် နောက်တစ်နေ့တွင် ဂျပန်တပ်သည် **မုတ်ခဒိန်**ကိုသိမ်း၍ ဂျပန်နယ်ချဲ့ရာ၌ နာမည်ရသော **ကွမ်တုန် တပ်မတော်**က မန်ချူးရီးယားကို သိမ်းယူရန် စတင်ပါတော့သည်။ ထို ၁၉၃၁ ခုမှစ၍ ၁၉၄၁ ခုတိုင်အောင် တရုတ်နှင့် ဂျပန်သည် စစ်မကြေညာဘဲနှင့် စစ်အလီလီ တိုက်ခိုက်ကြပါသည်။ ၁၉၃၂ ဖေဖော်ဝါရီလ ၅ ရက်နေ့ **ဟာဗိန်**ကို သိမ်းယူခြင်းဖြင့် မန်ချူးရီးယားကို ဂျပန်သိမ်းယူခြင်း လက်စသတ်ပါတော့သည်။ ပရိယာယ်သဘောဖြင့် မန်ချူးရီးယားတွင် လွတ်လပ်ရေး တောင်းဆိုခြင်းများ ဖြစ်ပေါ်လာစေလျက် တရုတ် နောက်ဆုံးဧကရာဇ်ပုယီကို နန်းစောင့်ထား၍ ၁၉၃၂ ခု မတ်လ ၁ ရက်နေ့တွင် **မန်ချူကော** အမည်ဖြင့် နိုင်ငံသစ်ထူထောင်၍ လွတ်လပ်ရေးပေးကာ ဂျပန်က ထိုလွတ်လပ်ရေးကို ချက်ချင်းအသိအမှတ်ပြုလိုက်သည်။ အစိုးရတွင် ဂျပန်တို့ လိုလားသော မွန်ဂို၊

မန်ချူးနှင့် တရုတ်တို့ ပါဝင်သော်လည်း စင်စစ် ဂျပန်က ကြိုးကိုင်လျက်ရှိသည်။ တရုတ်တို့က ဂျပန် ထိုသို့ဖောက်လာခြင်းကို မနှစ်သက်ကြသဖြင့် ဂျပန်ကုန်ပစ္စည်းများကို အပြင်းအထန် ကြပ်မတ်၍ သပိတ်မှောက်ကြသည်။ **ဂျပန် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး**ငါးပါးကို လူထုက တိုက်ခိုက်သည်ကို အကြောင်းပြု၍ ၁၉၃၂ ခု ဇန်နဝါရီလတွင် **ရှန်ဟဲ**နှင့် **ဝူစုန်** ခံတပ်များအနီး၌ ဂျပန်တပ်များ အကြီးအကျယ် ပြင်ဆင်လှုပ်ရှားရောက်ရှိလာ၍ တိုက်ခိုက်ကြရာ တရုတ် တစ်ဆယ့်ကိုး တပ်မတော်က မတ်လ ၃ ရက်တိုင်အောင် ဖွဲ့နှင့်ခုခံသဖြင့် ဂျာမန်က အံ့သြချီးမွမ်းသည်။ တရုတ်အနေဖြင့် ဂျပန်ကို မည်သို့မျှ မနိုင်ဟု တွက်မိရကား ၁၉၃၀ ပြည့် စက်တင်ဘာလ ၂၁ ရက်တွင် နိုင်ငံပေါင်းချုပ်အသင်းကို အကူအညီတောင်း၏။ ဂျပန်က တရုတ်ဆိုးသွမ်းပုံကိုဖော်၍ ပြန်လှန်စွဲချက်တင်သည်။ ရန်ကို ကာကွယ်သည့်သဘောဖြင့် လက်နက်ကိုင်ရပါသည်ဟု ဆင်ခြေပေးသည်။ အမြဲတမ်း ငြိမ်းချမ်းရေး လိုလားသည်ဟု ကြေညာသည်။ ဤသို့ ပြေရာပြေကြောင်း စကားပြောစဉ်မှာပင် ကွမ်တုန် တပ်မတော်က မန်ချူးရီးယားကို အရအမိ သိမ်းခဲ့၏။ အမေရိကန်သည် နိုင်ငံပေါင်းချုပ်အသင်းဝင်မဟုတ်သဖြင့် အရာမရောက်၊ အင်္ဂလိပ်က ၁၉၂၀ ကျော်တွင် တရုတ်တို့ အင်္ဂလိပ်ကုန်ကို သပိတ်မှောက်ခဲ့သဖြင့် အငြိုးမကြေ၊ ပြင်သစ်က ဂျပန် အမုန်းမခံဝံ့၊ ဤသို့လျှင် တရုတ်ကို မည်သူကမျှ ချက်ချင်းထိရောက်အောင် အကူအညီ မပေးကြချေ။ ၁၉၃၁ ခု ဒီဇင်ဘာလတွင် နိုင်ငံပေါင်းချုပ်အသင်းက အင်္ဂလိပ်မြို့စား **အားလ်လစ်တွန်**တို့ ခေါင်းဆောင်၍ **စုံစမ်းရေးကော်မရှင်** ဖွဲ့ကာ စုံစမ်းစေသည်။ ၁၉၃၂ ခု အောက်တိုဘာလတွင် **လစ်တွန်ကော်မရှင်** အစီရင်ခံစာ ထွက်၍လာပါသည်။ အစီရင်ခံစာတွင် ဂျပန်ကို **ကျူးကျော်သူ**ဟူ၍ အခိုင်အမာ ရှုတ်ချလျက် မန်ချူကောကို မည်သည့်နိုင်ငံကမျှ အသိအမှတ်မပြုသင့်ကြောင်း ဖော်သည်။ သို့သော် တရုတ်အတွက် မည်သည့်နိုင်ငံမျှ လက်နက်စွဲ တိုက်ပွဲဝင်မည်မဟုတ်ကြောင်း သိသဖြင့် မန်ချူကောကို တရုတ်လက်အောက်ခံ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသော နိုင်ငံဟု အသိအမှတ်ပြုလျှင် ဂျပန်ထင်သလို ခြယ်လှယ်နိုင်မည်မဟုတ်ဟု ယူဆသဖြင့် ထိုအတိုင်း ဆောင်ရွက်ပေးရန် ထောက်ခံသည်။ ဤအဆုံးအဖြတ်မျိုးကို ဂျပန်ရော၊ တရုတ်ကပါ လက်မခံကြချေ။ နိုင်ငံပေါင်းချုပ်အသင်းက လစ်တွန် အစီရင်ခံစာကို လက်သင့်ခံလျှင် ဂျပန်သည် ၁၉၃၃ ခု မတ်လတွင် အသင်းကြီးမှ နုတ်ထွက်ခဲ့သည်။ တရုတ်နှင့် ဂျပန်ကို ဖျန်ဖြေ





နေစဉ်မှာပင် ဂျပန်က တစ်ဆင့်တိုး၍ ၁၉၃၃ ခု နှစ်ဦးကပင် **ဂျီဟော** ပြည်နယ်ကို သိမ်း၍ **ပေပင်နယ်**အတွင်းသို့ ဝင်လာလျှင် တရုတ်က အညံ့ခံ၍ ၁၉၃၃ ခု မေလ ၃၁ ရက်တွင် **တန်ကူ** စစ်ပြေငြိမ်းစာချုပ်ချုပ်လျက် စစ်ကို ခေတ္တရပ်စဲကြသည်။

## အမျိုးသားကိုဏ်းအုပ်စိုးသော တရုတ်နိုင်ငံ

အချင်းချင်း မညီမညွတ်သောအခါ၌ ဂျပန်လို ရန်သူနှင့် ကြုံရသည်မှာ တရုတ်အတွက် ကံဆိုးလှသည်။ ၁၉၂၇ ခုတွင် ကိုမင်တန်က ကွန်မြူနစ်တို့ကို နှင်ထုတ်ပြီးနောက် အစိုးရအနေနှင့် သိသိသာသာ လက်ယာဆန်၍ လာပါသည်။ သို့သော် ကွန်မြူနစ်တို့ကို အမြစ်ပြတ်အောင် လုံဝဖယ်ရှားနိုင်သည် မဟုတ်ချေ။ ၁၉၃၁ ခု နိုဝင်ဘာလအတွင်း၌ မန်ချူးရီးယားအရေး ပေါ်စဉ်မှာပင် **ကီယန်စီ**နယ်တွင် **မော်စီတုံး**နှင့် **ကျူတေ့**တို့က ဆိုဗီယက်အစိုးရကို တည်ထောင်ခဲ့ကြ၏။ ထိုအစိုးရသည် ၁၉၃၂ ခုနှစ်၌ တရုတ်နိုင်ငံ၏ ခြောက်စိတ်တစ်စိတ်မျှကို အုပ်ချုပ်နိုင်ခဲ့ပါသည်။ ချန်ကေရှိတ်က ကွန်မြူနစ်တို့ကို ဂျပန်ထက် ကြောက်စရာကောင်းသော ရန်သူဟု ယူဆ၏။ ထို့ကြောင့် ဂျပန်ကိုချော့၍ ကွန်မြူနစ် နှိမ်နင်းရေးစစ်ကြီး ခြောက်ကြိမ်တိုင်တိုင် ချီတက်တိုက်ခိုက်ပါသည်။ **ကီယန်စီ**မှ တိုက်ထုတ်လိုက်လျှင် လှည့်ပတ်ကွေ့ကောက်၍ မိုင်ပေါင်းခြောက်ထောင် ချီတက်ပြီးနောက် **ရှန်စီ**တွင် တရုတ်ပြည်သူ့ **ဆိုဗီယက်**သမ္မတနိုင်ငံကို တည်ထောင်ကြောင်း မော်စီတုံးက ၁၉၃၆ ခုနှစ်တွင် ကြေညာသည်။ **ရှန်စီ**တွင် ပုန်းအောင်း၍နေနိုင်လျှင် ထိုဒေသ၌ စီးပွားရေးနှင့် လူမှုရေး ပြန်လည်ထူထောင်မှုကို အကြီးအကျယ် ဆောင်ရွက်ခဲ့၏။ ထို ၁၉၃၆ ခုတွင် နာဇီရန် ကြီးလွန်းလှသဖြင့် ရုရှားနှင့်တကွ **နိုင်ငံတကာ ကွန်မြူနစ်**တို့က ဒီမိုကရေစီနိုင်ငံများနှင့် ဖက်ဆစ်တို့၏ ရန်သူနိုင်ငံများကို မဟာမိတ်ပြုရမည်ဟု လမ်းစဉ်ချသဖြင့် တရုတ်နိုင်ငံ၌လည်း မော်စီတုံးက ကိုမင်တန်နှင့်ပေါင်း၍ (၁) ဂျပန်ခုခံရေး၊ (၂) တရုတ်ငွေနှင့် အခွန်စည်းကြပ်ပုံ ပြန်လည်ပြင်ဆင်ရေး၊ (၃) အရောင်းအဝယ်နှင့် စက်မှုထူထောင်ရေး၊ (၄) ပြည်သူ့ပညာ၊ အလုပ်နှင့် နေထိုင်စားသောက်မှု တိုးမြှင့်ရေးနှင့် (၅) နိုင်ငံခြား မဟာမိတ်ရှာရေးတို့ကို လုပ်လိုကြောင်း စကားကမ်းလာသည်ကို ချန်ကေရှိတ်က ပယ်လိုက်သည်။ အများဆန္ဒက ဂျပန်ကို တိုက်ပါဟု ဆိုသော်

လည်း ချန်ကေရှိတ်သည် ချန်ဆွေလျန်ကို ကွန်မြူနစ်တို့ လုံးဝတိမ်ကောပပျောက်သည်အထိ ဆက်၍တိုက်ခိုက်စေသည်။ သို့သော် ခိုင်းသည့်အတိုင်း မလုပ်နိုင်ပါ။ **စီယန်**တွင် ကွန်ဖရင့်တစ်ခု တက်နေဆဲ ချန်ကေရှိတ်က ချန်ဆွေလျန်ကို ဖမ်းမိန့်ထုတ်လျှင် ချန်ဆွေလျန်၏ တပည့်များက ချန်ကေရှိတ်ကိုပင် ခိုးယူဖမ်းဆီးသွားကြ၏။ **သေနာပတိ ခေါင်းဆောင်ကြီး**က ဂျပန်ကို ရက်ရက်ရောရော တိုက်ခိုက်ပါမည်ဟု အာမခံခြင်းကိုလည်းကောင်း၊ အခြားစေ့စပ်ရေးတို့ကိုလည်းကောင်း ပြောဆိုဆွေးနွေးခြင်း လုံးဝမပြုချေ။ သို့သော် အမျိုးသားတို့ကို ခေါင်းဆောင်၍ ဂျပန်ကို တိုက်ခိုက်မည့်သူမှာ သူတစ်ဦးသာရှိသည်ဟု ကွန်မြူနစ်တို့က ယုံကြည်သဖြင့် သူ့အသက်ကို ကွန်မြူနစ်တို့ကပင် ကယ်ဆယ်ခဲ့ပါသည်။ ချန်ဆွေလျန်ကိုဖမ်း၍ ထောင်ချသော်လည်း နောက်ဆုံး ကြေအေးခွင့်လွှတ်လိုက်ပါသည်။ ချန်ကေရှိတ်သည် ဖွင့်ဟ၍ ကတိဝန်ခံချက် ဘာတစ်ခုမျှ မပေးသော်လည်း ယာယီသဘောတူညီချက်အနေဖြင့် (၁) ရှန်စီနယ်တွင် ကွန်မြူနစ်တို့ အုပ်စိုးခွင့်ပြု၍ (၂) အမျိုးသားတပ်များတွင် **ကွန်မြူနစ်တပ်မတော်**ကို ပေါင်းစေလျက် (၃) ကွန်မြူနစ်တို့ကလည်း **အများပိုင်ဆိုင်ခွင့် လုပ်ငန်းစဉ်**ကို လျှော့ရသည်။ ၁၉၂၂ ခုနှစ်ကစ၍ စီးပွားရေးတွင် သမဝါယမလုပ်ငန်းများ စခဲ့ရာ ၁၉၃၄ ခုတွင် အစိုးရက အသိအမှတ်ပြု၍ အားပေးခဲ့သည်။ ထို့နောက် ၁၉၃၈ ခုတွင် **တရုတ်စက်မှုလက်မှု သမဝါယမများ** ပေါ်လာသဖြင့် သမဝါယမလုပ်ငန်းပို၍ပင် အားရှိလာခဲ့သည်။ ကွန်မြူနစ် နှိပ်ကွပ်ရေးတွင် အရေးပါသော လက်နက်ကြီးတစ်ခုမှာ ၁၉၃၄ ခုမှစ၍ တီထွင်လိုက်သော **ဘဝသစ်ကြိုးပမ်းမှု**ပင် ဖြစ်ရာ ဘဝသစ်အသင်းများက တစ်ဖက်တွင် ရှေးတရုတ်ယဉ်ကျေးမှုနှင့် ယုံကြည်ချက်ကို ပြန်လည်နှိုးဆော်အားပေးကာ တစ်ဖက်မှ သက်ကြီးစာတတ်ရေး၊ ကျန်းမာရေးနှင့် လယ်ယာပိုမိုကောင်းမွန်ရေးတို့ကို သင်ကြားပေးခဲ့သည်။

## စစ်ဝါဒီတို့အုပ်စိုးသော ဂျပန်နိုင်ငံ

ကမ္ဘာစစ် ၁ ပြီးလျှင် ဂျပန်တွင် ပြင်းထန်သော မျိုးချစ်အသင်းများ ပေါ်ခဲ့သည်။ အသေးစိတ် ရည်ရွယ်ချက်အမျိုးမျိုး ရှိသော်လည်း အားလုံးကပင် အမျိုးမာန်ကြီးခြင်း၊ နယ်ချဲ့ခြင်း၊ အနောက်တိုင်း ဒီမိုကရေစီစသော အယူတို့ကို မုန်းတီးခြင်းစသည့် **ကောဒေါ** ခေါ် ဧကရာဇ်နိုင်ငံတော် လမ်းစဉ်ကို ထောက်ခံကြ





သည်။ မည်သည့်အုပ်စုက ဧကရာဇ်အမည်နှင့် နိုင်ငံလုံးချုံ၍ အုပ်စိုးသင့်သည်ဟူသော အဆုံးအဖြတ်တွင်သာ အုပ်စုတစ်ခုနှင့်တစ်ခု ကွာခြားကြ၏။ အစပထမ၌ ဂျပန်နိုင်ငံရေးပါတီဟူသည် အားကြီးထင်ရှား၍ လူကြိုက်များလှသည် မဟုတ်ချေ။ ထို့ပြင် အထက်တန်းစားတို့ကသာ ခေါင်းဆောင်ခဲ့သည်။ ၁၉၂၀ ပြည့်တွင် သာမန်အရပ်သားတစ်ဦးဖြစ်သော ဟာရသည် ဝန်ကြီးချုပ်ဖြစ်လာသည့်နောက် မရှေးမနှောင်းပင် တစ်ယူသန် မျိုးချစ်တို့က လုပ်ကြံသတ်ဖြတ်ခြင်း ခံရရှာသည်။ ၁၉၃၀ ပြည့်၌ သာမန်အရပ်သားတစ်ဦးဖြစ်သော ဝန်ကြီးချုပ် **ဟာမဂုချိ**လည်း အသတ်ခံရသည်။ ထို့နောက် နိုင်ငံရေး လုပ်ကြံမှုများ အလွန်ပေါများလာပါသည်။ ခေါင်းဆောင်ဝံ့သူ မရှိသော အခြေအနေသို့ ဆိုက်ရောက်၍ လက်နက်ကိုင်တပ်များကသာ နိုင်ငံခြားဝါဒကို ကြီးမှူးလာကြ၏။ ထိုစဉ်မှာပင် မန်ချူးရီးယားအရေး ပေါ်လာခဲ့သည်။ နိုင်ငံရေး လုံးဝအာဏာရသည့်တိုင်အောင် လက်နက်ကိုင်တပ်များမှ လူငယ်အရာရှိတို့သည် လုပ်ကြံသတ်ဖြတ်မှုများကို အစဉ်တစိုက် လုပ်ခဲ့ရာ နောက်ဆုံး၌ ဝန်ကြီးချုပ် **အိနုကအိ** သေဆုံးသည်။ သို့သော် မုန်းခြေမပေါက်နိုင်သဖြင့် အောက်တန်းအရာရှိ တစ်စုသည် တပ်သား ၁၄၀၀ နှင့် တောကျောမြို့တော် အလယ်ကောင်မှ ရုံးများကို သိမ်းယူ၍ ကက်ဘိနက်တစ်ဖွဲ့လုံးနှင့် **ဆာအီအွန်ဂျီ** အတိုင်ပင်ခံ တစ်ဖွဲ့လုံးကို သတ်ရန်ကြိုးစားကြရာ သေသူများသော်လည်း ဝန်ကြီးချုပ် **ဩကဒ** လွတ်၏။ လုပ်ကြံသူခေါင်းဆောင်တို့ကို ဖမ်းဆီးအပြစ်ပေးသော်လည်း သူရဲကောင်း မျိုးချစ်များဟု နိုင်ငံနှင့်အဝန်း ချီးကျူးကြသည်။ စစ်ဝါဒီတို့ ၁၉၃၇ ခု ရွေးကောက်ပွဲတွင် အရေးနိမ့်သော်လည်း တရုတ် – ဂျပန် အရေးတော်ပုံကြောင့် ထိုစစ်ဝါဒီတို့ပင် နိုင်ငံရေးအာဏာ ပို၍ပို၍ ရလာကြသည်။ ၁၉၃၇ ခု စက်တင်ဘာလတွင် ပြုလုပ်သော **စစ်လက်နက် ဖြည့်တင်းရေးဥပဒေ** အရ ဂျပန်နိုင်ငံ စီးပွားရေးကို အစိုးရက ပို၍ကြီးကြပ် အုပ်ချုပ်လာနိုင်သည်။ စစ်ကာလ ထုံးစံထား၍ စစ်မိန့်ကိုသုံးသည်။ ၁၉၃၈ ခု နှစ်ဦးတွင် **အမျိုးသား လက်နက်တပ်ဆင်ရေးဥပဒေကြမ်း**အရ တစ်နိုင်ငံလုံး စစ်ဖြစ်ဆဲဟု နှိုးဆော်စည်းရုံးထား၏။ ဤတွင် စစ်အာဏာရှင်ခေတ် စတော့သည်။ သို့သော် တစ်ယောက်ချင်း တစ်ဖွဲ့ချင်း အာဏာကိုယူ၍ မထားနိုင်သဖြင့် အချင်းချင်း အတွင်းကျိတ် ပြိုင်ဆိုင်နေကြသည်ကို တွေ့ရသော်လည်း အာဏာရသူတိုင်း အာရှတွင် **ဂျပန်လွှမ်းမိုးရေး**ကိုသာလျှင် အားထုတ်ကြလေသည်။

## တရုတ်–ဂျပန်စစ် (၁၉၃၇–၄၁)

ဂျပန်မှ စစ်ဝါဒီတို့က နိုင်ငံခြားတွင် စစ်ပွဲဝင်ရလျှင် ပြည်တွင်းရေးစည်းရုံးမိ၍ စစ်အာဏာရှင် အုပ်ချုပ်ရအံ့ဟု တွက်၏။ တရုတ်တွင် အမျိုးသားဝါဒီနှင့် ကွန်မြူနစ်တို့ ပူးပေါင်းတော့မည့် အန္တရာယ်ပေါ်၏။ အင်္ဂလိပ်၊ အမေရိကန်တို့က ဂျပန်၏ စစ်ဝါဒကို ရွံမုန်းကြသည်။ ရုရှား၏ အရှေ့ဖျား စစ်အင်အားမှာလည်း အထူးကြီးမားကြောင်း သိရ၏။ ထို့ကြောင့် ဂျပန်သည် ဂျာမနီ၊ အီတလီတို့နှင့်ပေါင်း၍ **ကောမိန်တန်ဆန့်ကျင်ရေးအဖွဲ့**တွင် ပါဝင်လာရတော့သည်။ ၁၉၃၇ ခု ဇူလိုင်လအတွင်းဝယ် စာချုပ်ခွင့်ပြုချက်ထက် လွန်ကြူး၍ အခွင့်အရေးယူလေ့ရှိသော ဂျပန်တပ်က မိမိတို့ကို တရုတ်က စတင်တိုက်ခိုက်ပါသည်ဟု စွပ်စွဲကာ ဒေသအလိုက်ပေါ်သော ပြဿနာမျှကို အကြီးအကျယ်ပြု၍ ဩဂုတ်လအတွင်း ပေပင်၊ တီယင်ဆင်နှင့် ဆိုဟွန်းနယ်တို့ကို သိမ်းယူလိုက်၏။ ရှန်စီနယ်တွင်ကား **ကွန်မြူနစ်ရှစ်မှတ်တပ်**နှင့် ရင်ဆိုင်မိ၍ ရပ်တန့်လိုက်ရသည်။ ထို ၁၉၃၇ ခု ဩဂုတ်လမှာပင် အခြားအကြောင်းငယ်တစ်ခုကို ယိုးမယ်ဖွဲ့၍ ရှန်ဟဲကိုသိမ်းယူကာ နိုဝင်ဘာလတွင် အတွင်းဘက်မှ နန်ကင်းတိုင်အောင် တိုးဝင်၍လာနိုင်ကြပါသည်။ နန်ကင်းမကျမီ အမျိုးသားအစိုးရ ဌာနချုပ်ကို ဟန်ကောင်သို့ ရွှေ့ပြောင်းခဲ့သည်။ အောက်တိုဘာလသို့ရောက်လျှင် ထိုမှတစ်ဖန် **ချုန်ကင်း**အရောက် ပြောင်းရပြန်သည်။ ကန်တောင်ဆိပ်ကမ်းမြို့ကြီး ကျဆုံးပြီးနောက် ၁၉၃၈ ခု အကုန်လောက်တွင် ဂျပန်သည် အရေးပါသော မြို့ကြီးပြကြီး၊ စစ်ဗဟိုဌာနများနှင့် မီးရထားလမ်းမှ အဖိုးတန်သည့် အပိုင်းများကို သိမ်းယူ၍ ကုန်းတွင်းသို့ ပြေးဝင်ရသော တရုတ်ကို အရှေ့မြောက်နှင့် တောင်မှဝိုင်း၍ တိုက်နိုင်ပါတော့သည်။ သို့သော် တရုတ်က လေယာဉ်ပျံနှင့် သံချပ်ကားတို့ တကယ်တမ်း အသုံးချ၍ မရနိုင်သော တောတောင်ထူထပ်ရာတွင် နေသဖြင့် တရုတ်အမျိုးသားအစိုးရကို ယတိပြတ်နိုင်အောင် မတိုက်နိုင်ခဲ့ချေ။ ထို့ကြောင့် ၁၉၃၈ ခုလွန်လျှင် ဂျပန်တို့ဘက်က သိသိသာသာ တိုးတက်အောင်မြင်ခြင်းမရှိတော့သဖြင့် **မင်းကြီးအပ်ကွက်ဝင်**သောအခါဟု ဆိုရချေမည်။ ဟန်ကောင်ကို လက်လွှတ်လိုက်ရပြီးနောက် တစ်ဖက်က စစ်မျက်နှာပြု၍ တိုက်ခိုက်ခြင်းမျိုးကို ရှောင်လျက် **ပြောက်ကျားစစ်ဆင်နည်း**ကို စတင်သုံးစွဲသဖြင့် ဂျပန်တို့ လက်ရသိမ်းပြီးသည့် ဒေသ၌ပင် အေးအေးမနေနိုင်တော့ချေ။ ပြောက်ကျားစစ်တွင် ကွန်မြူနစ်တို့က ဆရာဖြစ်ပါသည်။ **ဂျပန်စစ်ဦး**၏ နောက်ပိုင်းမှပင် ဝင်၍ နှောင့်ယှက်





နိုင်သောနည်း ဖြစ်ပါသည်။ ၁၉၃၇ ခုနှစ်ကစ၍ တရုတ်နိုင်ငံသစ် ထူထောင်၍ပေးမည်ဟု ဂျပန်တို့ ဝါဒဖြန့်၏။ အထက်က ဆန်ယက်ဆင်၏ မိတ်ဆွေဖြစ်သော ဝန်ချိန်ဝေသည် ဂျပန်ဩဇာခံ ဘယ်နည်းနှင့် ဖြစ်သွားသည်ကို အသေအချာမသိရသော်လည်း ထိုဝန်ချိန်ဝေကို အချုပ်ထား၍ နန်ကင်းတွင် အစိုးရသစ်ပေါ်လာ၏။ ဂျပန်မပျက်စီးမီ ၁၉၄၀ ပြည့်တွင် ဝန်ချိန်ဝေ သေဆုံးသွားသည်မှာ ကံကောင်းလှ၏။

* * *

## (၈)

## ကမ္ဘာစစ် ၂ နှင့် နောက်ပိုင်းလက်အောက်ခံနယ်တို့ လွတ်မြောက်ရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂ

### စစ်ကြီးဖြစ်ရခြင်း၏ အကြောင်းရင်းများ

စင်စစ် ကမ္ဘာစစ် ၂ သည် ကမ္ဘာစစ် ၁ ၏ အဆက်မျှသာဖြစ်ပါသည်။ ထိုအခါက မပြီးပြတ်သောစစ်ဝါဒ၊ အမျိုးသားဝါဒနှင့် နယ်ချဲ့ဝါဒတို့ ထပ်မံ အုံကြွခြင်းပင် ဖြစ်တော့သည်။ စစ်ကြီး တကယ်စ၍မဖြစ်မီ အရေးပါသော အကြောင်းများကား ဂျပန်က ၁၉၃၁ ခုတွင် စစ်မကြေညာဘဲ တရုတ်ကို စော်ကားရိုင်းပျခြင်း၊ စပိန်၌ ၁၉၃၆ ခုတွင် ပြည်တွင်းစစ်ဖြစ်ခြင်း၊ အီတလီက ၁၉၃၇ ခုတွင် အီသီယိုပီးယားကို သိမ်းယူခြင်း၊ ၁၉၃၈ ခုတွင် ဂျာမနီက ဩစတြီးယားကိုသိမ်းခြင်း၊ ၁၉၃၉ ခု၌ **ဇက်ကိုစလိုဗက်ကီးယားနှင့် မမ်မယ်** တို့ကိုသိမ်းခြင်းနှင့် ထိုနှစ်မှာပင် အီတလီက **အဲလဘဲနီးယား**ကို သိမ်းခြင်းတို့ ဖြစ်ပါသည်။ လက်ငင်းပေါ်လာရသော အကြောင်းကား **ဒန်ဇစ်**အရေးပင် ဖြစ်ပါသည်။ ဒန်ဇစ်ကား နိုင်ငံပေါင်းချုပ်အသင်းက ကော်မရှင်နာ အုပ်ချုပ်သော **မြို့တော်လွတ်** ဖြစ်ပါသည်။ ဟစ်တလာက ကမ္ဘာစစ်ပြီးသည်မှစ၍ ဂျာမနီ၏ ရှေ့ပိုင်းကို ဖြတ်ထုတ်လျက် ကြားတွင် **ပိုလန်** ပိုင်နက်ဟူ၍ ပေးထားသည့်အပြင် မြို့တော်လွတ်တစ်ခု တည်ထောင်၍ ပေးထားသေးသည်ကို မကျေနပ်နိုင်ချေ။ ၁၉၃၉ ခု နှစ်ဦးကပင် ဟစ်တလာက





ဒန်ဇစ်ကိုသိမ်း၍ အရှေ့ပိုင်း ပိုင်နက်ကို ဆက်လိုက်၏။ ပိုလန်ကလည်း မိမိနိုင်ငံမှ စီးထွက်သော **ဗစ်စတူလာ** မြစ်ရိုးနှင့် ဒန်ဇစ်ရှိသော ထိုမြစ်ဝကို လက်မလွှတ်နိုင်ချေ။ ဟစ်တလာသည် ဒန်ဇစ် တွင် မူလကပင် ဂျာမနီအမျိုးသားများလျက်ရှိသည်ကို ခရီးသွားအယောင်ဆောင် ဖြင့် စစ်သားတို့ကို လွှတ်ထား၍ နာဇီဝါဒ လွှမ်းမိုးစေလျက် အုပ်ချုပ်ရေးကို အရယူစေ၏။ ပိုလန်က အင်္ဂလိပ်၊ ပြင်သစ်တို့ကို တိုင်သည်။ ချိမ်ဘာလိန်နှင့် **ဒလဒီယာ**တို့က ဂျာမနီကို ယခင်က လျှော့ပေးခဲ့သော **အချော့ဝါဒ**ကို လက်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်၏။ ဤအတောအတွင်းဝယ် (၁၉၃၉ ခု ဩဂုတ်လ ၂၃ ရက်) ရုရှားနှင့် ဂျာမနီ စစ်မတိုက်ကြစတမ်းဟု နားလည်မှု ရကြ၏။ ၁၉၄၀ ပြည့်နှစ်တွင် အီတလီနှင့် ဂျပန်တို့ ဂျာမနီနှင့် ပူးပေါင်းကြ၏။ ၁၉၃၉ ခု ဩဂုတ်လ ၃၁ ရက်တွင် ဂျာမနီက ပိုလန်မြေစွန်းကို ဝင်ရောက်တိုက်ခိုက်ရာ အင်္ဂလိပ်၊ ပြင်သစ်တို့က ၁၉၃၉ ခု စက်တင်ဘာလ ၃ ရက်နေ့တွင် ဂျာမနီကို စစ်ကြေညာလိုက်သည်။

### ပထမပိုင်း (၁၉၃၉ ခု စက်တင်ဘာလ)

ပိုလန်ကို **လျှပ်တစ်ပြက်စစ်ဆင်နည်း**ဖြင့် တိုက်ခိုက်သိမ်းယူသည်။ ရုရှားက ပိုလန် အရှေ့ခြမ်းနှင့်တကွ စစ်ရေးစစ်ရာအတွက် အဖိုးမဖြတ်နိုင်သော **ဖင်လန်၊ အက်စသိုနီးယား၊ လတ်တဗီးယားနှင့် လီသူယန်နီးယား**တို့ကို အပိုင်စီးခဲ့၏။ ဤသို့ ကျူးကျော်စော်ကားပြီးခါမှ ဟစ်တလာက ၁၉၃၉ ခု အောက်တိုဘာလ ၆ ရက်တွင် စစ်အေးရန် စကားကမ်းလှမ်းသည်။ သို့သော် အင်္ဂလိပ်၊ ပြင်သစ်တို့က ဟစ်တလာကို လုံးဝယုံကြည်ခြင်းမရှိကြတော့ချေ။ **အနောက်ဘက်စစ်မျက်နှာ**စလျှင် ပြင်သစ် **မဂ္ဂိနို**နှင့် ဂျာမနီ **ဆစ်ဂဖရစ်** ခံတပ်ကြောင်းများ၌ အကြီးအကျယ် တိုက်ကြ၏။ ပြင်သစ်ကျလျှင် အတိုက်အခိုက် ခေတ္တမျှ တန့်ရပ်သွားသည်။ ပြီးမှ အင်္ဂလိပ်က **ရေရှည်စစ်**ကို စပါတော့သည်။ ၁၉၃၉ ခု နိုဝင်ဘာလ ၄ ရက်တွင် အမေရိကန်က ယခင် ကန့်သတ်ထားသော ၁၉၃၇ ခု **ကြားနေရေးဥပဒေ**ကို ဖျက်၍ **လက်ငင်းပေးချက်ချင်းယူ** စနစ်ဖြင့် မည်သူမဆို လက်နက်လာ၍ ဝယ်နိုင်ကြောင်း ကြေညာသည်။ ၁၉၄၀ ပြည့်နှစ်ကား နာဇီ၏ လျှပ်တစ်ပြက်စစ်ကို အံ့ဩရသောနှစ် ဖြစ်ပါသည်။ ဒင်မတ်၊ နော်ဝေ၊ **နယ်သာလင်၊** ဗဲလဂျီယမ်နှင့် **လူဇမ်ဗတ်**တို့ကို ရက်အနည်းငယ်အတွင်းမှာပင် သိမ်းယူ၍ ပြင်သစ်ကို တစ်လတွင်း သိမ်းယူသည်။ ရန်သူ သူလျှိုဖြစ်သော **ပဉ္စမတပ်သား**

တို့လည်း အထူးတွင်ကျယ်စွာ ဂျာမနီ၏ ရန်သူနိုင်ငံတို့၌ ပြည်တွင်းဆူပူအောင် လှုံ့ဆော်နိုင်ကြသည်။ ၁၉၄၀ ပြည့် ဇွန်လ ၁၉ ရက်နေ့ညကစ၍ အင်္ဂလန်ကို အင်တိုက်အားတိုက် **ဗုံးကြဲတိုက်ခိုက်သည်။ ရေငုပ်သင်္ဘော စစ်ဆင်**၍လည်း အလားတူ နှောင့်ယှက်သည်။

## ဒုတိယပိုင်း (၁၉၄၁ ခု ဇွန် ၂၂ ရက်)

ဂျာမနီသည် ရုရှားကို ၁၉၄၁ ခု ဇွန်လ ၂၂ ရက်နေ့တွင် စစ်မကြေညာဘဲနှင့် ဝင်ရောက်တိုက်ခိုက်သည်။ အင်္ဂလိပ်အဖို့ ဟိုတစ်ကွက် ဒီတစ်ကွက် လာ၍ဗုံးကြဲသော **စိတ်အနားမရသည့်စစ်**မှ ခေတ္တသက်သာခွင့်ရပါသည်။ ဝန်ကြီးချုပ် ချာချီနှင့် သမ္မတ ရုစဘဲတို့သည် ၁၉၄၁ ခု ဩဂုတ်လအတွင်း၌ **အတ္တလန်တစ်** သမုဒ္ဒရာတွင်းဝယ် အင်္ဂလိပ် စစ်သင်္ဘောတစ်စင်းပေါ်၌ တွေ့ဆုံ၍ ဒီမိုကရေစီနိုင်ငံများ၏ ငြိမ်းချမ်းရေး ရည်ညွှန်းချက်များကို ရေးဆွဲကြ၏။ ယင်းကို **အတ္တလန်တစ်ခွင့်ပြုချက်**ဟု ခေါ်ပါသည်။ အမေရိကန် ကြားနေနိုင်ငံ စစ်စစ်အဖြစ်နှင့် ဆက်၍မနေနိုင်သော်လည်း ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ခြင်းမလုပ်သေးချေ။ ဂျပန်က ယင်းကို အခွင့်ကောင်းယူ၍ ဆိုင်းမဆင့်ဘဲ **ဟဝိုင်အီကျွန်း**မှ **ပါလ်ဟာဘာ**ကို ဗုံးကြဲတိုက်ခိုက်သဖြင့် အမေရိကန်မှ **သီးသန့်လိုသူ**နှင့် **စွက်ဖက်လိုသူ**တို့ကို စုပေါင်း၍ တညီတညွတ်တည်း စစ်ထဲဝင်အောင် ဆုံးဖြတ်စေခဲ့လေသည်။

## တတိယပိုင်း (၁၉၄၁ ခု ဒီဇင်ဘာလ ၇ ရက်)

ဂျပန် အထူးသံ **ဆဗုရောကုရုစု**က ပြေရာပြေကြောင်း ပြောလျက်ရှိစဉ် အချက်မပေးဘဲ ပါလ်ဟာဘာကို ၁၉၄၁ ခု ဒီဇင်ဘာလ ၇ ရက်နေ့က ဗုံးကြဲ၍ အမေရိကန် စစ်သင်္ဘောများစွာကို ဖျက်လိုက်၏။ တစ်လအတွင်း အမေရိကန်၏ သမုဒ္ဒရာတွင်း ပိုင်နက်များကို သိမ်းယူ၍ မလေးကျွန်းဆွယ်သို့ပင် ရောက်လာခဲ့သည်။ အမေရိကန် ပြည်ထောင်စုက ဂျပန်ကို ၁၉၄၁ ခု ဒီဇင်ဘာလ ၈ ရက်နေ့တွင် စစ်ကြေညာသည်။ အင်္ဂလိပ်ကလည်း အလားတူ ကြေညာသည်။ ၁၉၄၂ ခု ဇန်နဝါရီလ ၂ ရက်တွင် နှစ်ဆယ့်ခြောက်နိုင်ငံတွဲ၍ **ကုလသမဂ္ဂမဟာမိတ်** ဖွဲ့စည်းရေးကို သဘောတူကြလျက် ဒီမိုကရေစီ တပ်ပေါင်းစုကို





တည်ထောင်လိုက်သည်။ ၁၉၄၂ ခု ကုန်ခါနီးတွင် **ဝင်ရိုးတန်းနိုင်ငံများ** အရှုံးများစပြ၍ လာပါသည်။ အရှေ့ဘက်တွင် ဂျပန်သည် ၁၉၄၂ ခု ဇန်နဝါရီလ ၁၁ ရက်နေ့၌ **အရှေ့အိန္ဒိယကျွန်းစု**ကိုဝင်သည်။ ဇန်နဝါရီလကုန်လျှင် **ထိုင်လန်**မှဖြတ်၍ မြန်မာနိုင်ငံတွင်းသို့ဝင်သည်။ ပြီးမှ **မလေးကျွန်းဆွယ်ကိုသိမ်းသည်။** ဖေဖော်ဝါရီလ ၁၅ ရက်တွင် စင်ကာပူကျသည်။ မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ကျသည်။ ဧပြီလ ၂၉ ရက်တွင် လားရှိုးကိုသိမ်းသည်။

## စတုတ္ထပိုင်း (၁၉၄၂ ခု နိုဝင်ဘာလ ၈ ရက်)

နာဇီတို့၏ စစ်မျက်နှာတစ်ခုဖြစ်သော အာဖရိက မြောက်ပိုင်း၌ ဂျာမနီမာရှယ် **ရောမ်မယ်လ်** အောင်မြင်လျက်ရှိရာ နိုဝင်ဘာလသို့ရောက်လျှင် အနည်းငယ် ရပ်ဆိုင်းသွားပြီးနောက် နိုဝင်ဘာလ ၈ ရက်တွင် အမေရိကန်က တိုက်စစ်စပါတော့သည်။ အင်္ဂလိပ်၊ အမေရိကန်ပေါင်း၍ ပြင်သစ်ပိုင် အာဖရိကကို တိုက်ယူသည်။ ပြီးမှ ရောမ်မယ်လ်၏ တပ်ကြီးကို ဖျက်ဆီးချေမှုန်းကြ၏။ ရုရှား စစ်မျက်နှာတွင်လည်း ၁၉၄၃ ခု နွေရာသီ၌ ဂျာမနီဆုတ်၍ပေးရသည်။ ၁၉၄၃ ခု ဇူလိုင် ၁၀ ရက်နေ့တွင် အင်္ဂလိပ်၊ အမေရိကန်တို့ စီစီလီကို တက်၏။ စက်တင်ဘာလ ၃ ရက်တွင် အီတလီတောင်ပိုင်းကို သိမ်းမိသည်။ ထိုနှစ်နွေဦးမှစ၍ မဟာမိတ်များက ဂျာမနီသို့သွား၍ ထိထိမိမိ ဗုံးကြဲနိုင်ခဲ့၏။ အရှေ့တွင်လည်း မြန်မာနိုင်ငံကိုသိမ်း၍ တန်ပြန်စစ်ဆင်ရန် ပြင်ဆင်လျက်ရှိပါသည်။ မဟာမိတ်ဘက်မှ စစ်အမြန်ပြီးဆုံး၍ ထာဝရ ငြိမ်းချမ်းရေးရအောင် ၁၉၄၃ ခုနှစ်၌ ကွန်ဖရင့်များ ကျင်းပခဲ့၏။ ၁၉၄၃ ခု နိုဝင်ဘာလ ၁ ရက်တွင် **မော်စကိုကွန်ဖရင့်** ပြီး၏။ ဂျပန်နှိမ်နင်းရေးအတွက် ထိုလထဲမှာပင် **ကိုင်ရိုကွန်ဖရင့်**နှင့် **တီဟီရန်ကွန်ဖရင့်**တို့ကို ကျင်းပခဲ့၏။ ၁၉၄၄ ခု ဇွန်လ ၆ ရက်နေ့တွင် **နော်မန်ဒီကမ်းခြေ**ကိုတက်၍ မဟာမိတ်အောင်ပွဲကြီး စပါတော့သည်။ ၁၉၄၅ ခု ဧပြီလ ၂၈ ရက်တွင် အီတလီမှ **မုဆိုလိနီ**ကို ကွပ်မျက်လိုက်ကြ၏။ ၁၉၄၅ ခု မေလ ၁ ရက်နေ့၌ လစ်တလာ သေသည်။ မေလ ၇ ရက်တွင် ဂျာမနီ **ခြွင်းချက်မရှိလက်နက်ချ**သည်။

## နောက်ဆုံးပိုင်း

အရှေ့ပိုင်း၌ ၁၉၄၃ ခု မေလတွင် **အလူရှန်ကျွန်း**ကို အမေရိကန်က ပြန်၍ ရခြင်းပင်လျှင် ဂျပန်စစ်၍ ရှုံးသောရက် ဖြစ်ပါတော့သည်။ ၁၉၄၄ ခု ဒီဇင်ဘာလ ၂၅ ရက်တွင် ဗိုလ်ချုပ်ကြီး မက်အာသာက ဖိလစ်ပိုင်ကို ပြန်သိမ်းယူသည်။ တရုတ်နိုင်ငံတွင် ၁၉၄၀–၃ ခုနှစ်များ၌ ခြင်းကြီးအပ်ကွက်ဝင်ကိန်း ဆိုက်လျက်ရှိသည်။ အမေရိကန် ဗိုလ်ချုပ်ကြီး **ဂျိုးဆက်စတေဝဲ**က ချန်ကေရှိတ်ကို ကူညီလျက်ရှိ၏။ ၁၉၄၅ ခု ဇန်နဝါရီလ ၅ ရက်၌ အိန္ဒိယမှ တရုတ်သို့ မြန်မာကိုဖြတ်လျက် **လီဒို** လမ်းကြီး ဖွင့်ခဲ့သည်။ ၁၉၄၄ ခုမှစ၍ ဂျပန်ကျွန်းများကိုပင် အမေရိကန်က စတင်ဗုံးကြဲခဲ့သည်။ အနားကပ်၍ လေယာဉ်စခန်းရအောင် ၁၉၄၅ ခု မတ်လ ၁၆ ရက်တွင် **အီဝေါဂျီမ**ကို သိမ်းခဲ့၏။ နောက် **ဩကီနဝ**ကို သိမ်းရသည်။ **ပေါ့စဒမ်ကြီးသုံးကြီး ကွန်ဖရင့်** လုပ်နေချိန်တွင် လုံးဝမပျက်စီးလိုလျှင် ခြွင်းချက်မရှိ လက်နက်ချဟူ၍ အင်္ဂလိပ်၊ အမေရိကန်က ဂျပန်ကို ၁၉၄၅ ခု ဇူလိုင် ၂၆ ရက်နေ့၌ ရာဇသံပေးပို့သည်။ **ဟီရောရှီမ**ကို ၁၉၄၅ ခု ဩဂုတ်လ ၆ ရက်တွင် အဏုမြူဗုံးချသည်။ ဩဂုတ်လ ၈ ရက်တွင် ရုရှားက စစ်ကြေညာသည်။ ဩဂုတ်လ ၉ ရက်တွင် **နဂါစကီ**တွင် ဒုတိယ ဗုံးချသည်။ ၁၉၄၅ ခု စက်တင်ဘာလ ၂ ရက်တွင် ဂျပန်က ခြွင်းချက်မရှိ လက်နက်ချသည်။

## ကမ္ဘာ့ကုလသမဂ္ဂ

နိုင်ငံပေါင်းချုပ်အသင်း၏ မအောင်မြင်ပုံကို တွေ့ကြရပြီးနောက် ထိုထက်စွမ်းသော အလားတူ အဖွဲ့မျိုးဖွဲ့ရန် စိတ်ကူးခဲ့ကြ၏။ နိုင်ငံပေါင်းချုပ်အသင်းကို ၁၉၄၆ ခု ဧပြီလ၌ ဖျက်သိမ်းခဲ့၏။ ကမ္ဘာစစ် ၂ အစလောက်ကပင် ငြိမ်းချမ်းရေးအတွက် အဖွဲ့တစ်မျိုးဖွဲ့ရန် လိုလားခဲ့ကြ၏။ ၁၉၄၅ ခုတွင် **စန်ပရန့်စစ်စကို**တွင် ကမ္ဘာ့ကုလသမဂ္ဂ ခွင့်ပြုချက်ကို ရေးဆွဲကြ၏။ ၁၉၄၅ ခု အောက်တိုဘာလ၌ ငါးဆယ့်တစ်နိုင်ငံ လက်မှတ်ရေးထိုးကြ၏။ ၁၉၄၆ ခု ဇန်နဝါရီလတွင်း၌ လန်ဒန်တွင် စတင်စည်းဝေးကြ၏။ နောက်ဌာနချုပ်ကို နယူးယောက်နယ် **အောင်မြင်ကန်**သို့ရွှေ့ကာ အမြဲတမ်းအဆောက်အအုံကို နယူးယောက်မြို့တော်၌ ဆောက်ထားသည်။ ကုလသမဂ္ဂတွင် အတိုင်ပင်ခံအလို့ငှာ လွှတ်တော်ချုပ်ရှိသည်။ ယင်း၏ ဆုံးဖြတ်ချက်ကို ဆောင်ရွက်ရန် လုံခြုံရေးကောင်စီဟု ရှိသေး





၏။ ငြိမ်းချမ်းရေးအတွက် အဖွဲ့ဝင်တို့ကို နိုင်းလျှင် စစ်မှုထမ်းကြရမည်ဟု ဆိုသည်။ ကောင်စီ လက်အောက်၌ (၁) **စစ်အမှုထမ်း ကော်မတီ**နှင့် (၂) **အဏုမြူဓာတ်အားကော်မတီ** နေ့စဉ် တာဝန်ဆောင်ရွက် **အုပ်ချုပ်ရေးအတွက်ရုံး**ရှိ၏။ ယင်းကို **အမှုဆောင်ချုပ်**က အုပ်ချုပ်၏။ စကားများလျက်ရှိသောနယ်ကို ထိန်းထားရန် **ထိန်းသိမ်းရေးကောင်စီ** ရှိသည်။ အငြင်းအခုံရှိလျှင် ဆုံးဖြတ်ရန် **ဟော့ဂ်မြို့**တွင် **နိုင်ငံတကာခုံရုံး** ရှိသည်။ ကုလသမဂ္ဂကို **တရားရေးရာအကြံဉာဏ်**လည်း ပေးရသည်။ နိုင်ငံရေးနှင့်မဆိုင်သော ကိစ္စများအတွက် **စီးပွားရေး၊ လူမှုရေးကောင်စီ**ဟူ၍ ရှိသေး၏။ ယင်းလက်အောက်၌ **လူ့အခွင့်အရေး၊ မူးယစ်စေတတ်သောဆေး၊ အမျိုးသမီးအဆင့်အတန်း၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ** ကော်မရှင်များရှိ၏။ **ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားမှု အုပ်ချုပ်ရေး၊ ပညာသိပ္ပံ ယဉ်ကျေးမှုအဖွဲ့၊ အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ပြန်လည်တည်ဆောက်၍ တိုးတက်ရေးဆိုင်ရာ နိုင်ငံတကာဘဏ်** (ကမ္ဘာ့ဘဏ်)၊ **နိုင်ငံတကာ အလုပ်သမားအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာ ဒုက္ခသည်အဖွဲ့၊ နိုင်ငံတကာ ကလေးများ အရေးပေါ် ရန်ပုံငွေ** စသည်ဖြင့် ဆက်သွယ်ထားသော အဖွဲ့များစွာရှိပါသည်။ **နိုင်ငံပေါင်းချုပ်အသင်း**နှင့် ကွာသည်ကား **ကုလသမဂ္ဂ**တွင် ဆုံးဖြတ်ချက်ကို ဆောင်ရွက်ပေးမည့် စစ်အင်အားရှိနေခြင်း ဖြစ်ပါသည်။

## မြန်မာတို့၏ လွတ်လပ်ရေးစခန်း

ကမ္ဘာစစ် ၂ ကြီးဖြစ်လျှင် **'အင်္ဂလိပ်အခက် ဗမာ့အချက်'**ဟု ကြွေးကြော်လာကြ၏။ သို့သော် ဒီမိုကရေစီနှင့် ဖက်ဆစ်ရန်ပွဲတွင် ဒီမိုကရေစီ၏ ဘက်တော်သားသာ ဖြစ်သင့်ကြောင်း ဟောပြောသူလည်း ရှိပါသည်။ နှစ်ဖက်စလုံး ဆန့်ကျင်ရမည်ဟု ဆိုသူတို့လည်း ရှိပါသည်။ ၁၉၄၀ ပြည့် ဇန်နဝါရီလတွင် **ဦးပု** အစိုးရမှ **ဦးဘဘေ**ထွက်၏။ စက်တင်ဘာလတွင် ဦးစောထွက်ရာ အစိုးရပြုတ်ကျသည်။ ဦးစောအစိုးရဖွဲ့၍ မျက်နှာလိုက်ခြင်း၊ လာဘ်စားခြင်းကို နှိမ်နင်းမည်၊ နိုင်ငံဝန်ထမ်း ရာထူးများတွင် မြန်မာတို့ကို အများဆုံးခန့်ထားမည်ဟု အာမခံသည်။ **အတိုက်အခံ ခေါင်းဆောင်**များစွာကို ကာကွယ်ရေးဥပဒေဖြင့် ထောင်သွင်း၍ ထားခဲ့သည်။ ၁၉၄၁ ခု စက်တင်ဘာလတွင် စစ်ပြီးက မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးမည်ဟု ကတိပြုပါမည်လားဟု အင်္ဂလိပ်ဝန်ကြီးချုပ်ကို တိုက်ရိုက်မေးရန် အင်္ဂလန်သို့ သွားပါသည်။ ကတိမပေးဟု အဖြေကိုရပြီး

နောက် လှည့်၍အပြန်တွင် ဂျပန်နှင့် အဆက်အသွယ်ရှိသည်ဟု ယုံကြည်သဖြင့် လမ်းမှာပင် ဖမ်းထားခြင်းခံရ၏။ **ဆာပေါ်ထွန်း** ဝန်ကြီးချုပ် ဖြစ်၍လာပါသည်။ ၁၉၄၁ ခု ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျပန်ကို စစ်ကြေညာပြီးနောက် မြန်မာနိုင်ငံမှ လွတ်လပ်ရေး ကြိုးပမ်းသူများသည် ဂျပန်ကို ခေါ်လာကြ၏။ ဆီးကြိုကြ၏။ ဂျပန်စစ်ဝါဒဖြန့်သည်တွင် ယုံမှတ်၍ ကျေနပ်ကြ၏။ ဂျပန်က စစ်ပညာပေး၍ လွှတ်လိုက်သော **ရဲဘော်သုံးကျိပ်သည်** ဖက်ဆစ်ဂျပန်နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ရောက်လာသည်။ ၁၉၄၂ ခု မေလတွင် မြန်မာနိုင်ငံလုံးကို ဂျပန်က ရလေပြီ။ မြန်မာနိုင်ငံ ဘုရင်ခံ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးတစ်ဦးနှင့် အရာရှိကြီးများလည်း အိန္ဒိယသို့ပြေး၍ **ဆင်မလားတွင်** ဌာနချုပ် ဖွင့်ကြ၏။ မြန်မာနိုင်ငံတွင် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုက အင်္ဂလိပ်စသော မဟာမိတ်တို့နှင့် ပူးပေါင်းလိုကြောင်း ၁၉၄၃ ခု ဇူလိုင်လကပင် စတင်ဆက် သွယ်သော်လည်း မယုံမကြည်ရှိသဖြင့် အခြေအနေကို စောင့်ကြည့်လျက် ၁၉၄၃ ခု နိုဝင်ဘာလသို့ ရောက်ခါမှ လက်သင့်ခံသည်။ ဂျပန်နှင့်အတူပါသော **မြန်မာ့လွတ်မြောက်ရေးတပ်**သည် တဖြည်းဖြည်း အင်အားများပြား၍လာခဲ့၏။ စစ်မှုရေးထက် လွတ်လပ်သော မြန်မာနိုင်ငံကို အုပ်ချုပ်ရန် အစီအစဉ်များ လုပ်ကြသည်။ ကျေးရွာမြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများခန့်၍ စွန့်ပစ်၍ပြေးသော အင်္ဂလိပ် အုပ်ချုပ်ရေးအတွက် အစားထိုးကြ၏။ ၁၉၄၅ ခု မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ကျပြီးနောက် သခင်ထွန်းအုပ်က အုပ်ချုပ်ရေးမှူးအဖြစ်ဖြင့် ဗဟိုဌာနချုပ် ဖွင့်ပါသည်။ ဂျပန်က မကန့်ကွက်ချေ။ အုပ်ချုပ်ရေးဌာန ဆယ်ဌာနဖွင့်၍ အတွင်းဝန်တစ်ဦးစီ ခန့်ထားသည်။ ၁၉၄၂ ခု မတ်လ ၂၃ ရက်တွင် မြန်မာ့လွတ်မြောက်ရေးတပ်နှင့် ဂျပန်တို့ စာချုပ်ကြရာဝယ် (၁) မြန်မာ နိုင်ငံအတွင်း၌ စစ်စခန်းချလာသော ဂျပန်တပ်သားများကို မြန်မာတို့က ကျွေးမွေးရမည်။ (၂) လက်နက်ခဲယမ်း မီးကျောက်ကုန်သမျှ၏ တန်ဖိုးကို မြန်မာက ခံရမည်။ (၃) မြန်မာစစ်၌ သေဆုံးသော ဂျပန်တပ်သား တစ်ဦးလျှင် ငွေ ၃၀၀၀ လျော်ကြေးပေးရမည်။ (၄) တစ်ဆယ့်ငါးနှစ်တိုင်အောင် ဂျပန်မှသွင်းသောကုန်ကို အခွန်လွတ်ရမည်။ (၅) ဂျပန်သို့ ပေးဆပ်ရန် ကြွေးမကျေသမျှ အတောအတွင်းဝယ် ဂျပန်ဝန်ကြီးတစ်ဦးကို မြန်မာနိုင်ငံ၌ လက်ခံထားရမည်။ (၆) မြန်မာတို့ကို ဂျပန်က စစ်ပညာ၊ စက်မှုပညာနှင့် အရောင်းအဝယ်ပညာ သင်ပေးမည်။ (၇) ဂျပန်က မကျေနပ်လျှင် မြန်မာက မည်သည့်အခြားနိုင်ငံနှင့်မျှ ဆက်သွယ်ခြင်းမပြုဘဲ နေရမည်။ (၈) မြန်မာနိုင်ငံသို့ ဝင်လာသော ဂျပန်အမျိုးသားတို့ကို အခွန်မကောက်ဘဲ နေရမည်နှင့် (၉) မြန်မာနိုင်ငံတွင်း၌ မည်သည့်





နိုင်ငံခြားသားမျှ ရေမြေပိုင်ခွင့်မပေးဘဲ ထားရမည်ဟူသော အချက်များ ပါပါသည်။ မြန်မာ့လွတ်မြောက်ရေးတပ် သခင်ပါတီဝင်တို့ အများဆုံးပါဝင်ကြ၍ ရည်ရွယ်ရင်းကောင်းသော်လည်း လက်တွေ့အုပ်ချုပ်ရေးတွင် မအောင်မြင်သဖြင့် ပြည်သူကရော၊ ဂျပန်ကပါ မကျေနပ်ကြချေ။ ဂျပန်သဘောထားမှာ မြန်မာနိုင်ငံရေး ခေါင်းဆောင်ပိုင်းမှ ကျယ်ကျယ်ပြန့်ပြန့် ခေါ်ယူ၍ ရှေးဟောင်းအရာရှိများကိုပါ သိမ်းသွင်းလျက် မြန်မာနိုင်ငံတွင် အမြန်ဆုံး နေသားတကျရှိစေလျက် စစ်အောင်နိုင်ရေးကို ကူညီကြိုးပမ်းနိုင်းရန်ပင် ဖြစ်ပါသည်။ ဂျပန်သေနာပတိ **အီဒက** ၁၉၄၂ ခု ဇွန်လ ၄ ရက်တွင် မြန်မာ့လွတ်မြောက်ရေးတပ်ကို စစ်မှုဆိုင်ရာ သက်သက်ထား၍ အုပ်ချုပ်ရေးတာဝန်မှ နုတ်သိမ်းလိုက်သည်။ ထို့နောက် အီဒက ဒေါက်တာဘမော်နှင့် ဝန်ကြီးတစ်ဆယ့်နှစ်ဦးအဖွဲ့ကို **ကြားဗဟို အစိုးရ**အဖွဲ့ဟု ဖွဲ့စေ၏။ ထို့ပြင် အဖွဲ့တစ်ဖွဲ့ကို ဒေါက်တာဘမော်ကိုပင် ဖွဲ့စေ၍ ဂျပန်စစ်ရေးနှင့် အကျိုးဝင်အောင် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲစေသည်။ စင်စစ် ဂျပန်စစ်အောင်နိုင်ရေးကို အထိရောက်ဆုံး ကူညီနိုင်ရန် အာဏာရှင် အုပ်ချုပ်ရေးကို တီထွင်ခိုင်း၏။ နှစ်လအတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲပြီးသည်။ ၁၉၄၂ ခု ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ အစိုးရသစ် ဖွဲ့၍ပြီး၏။ ဒေါက်တာဘမော်ပင် အုပ်ချုပ်ရေးမှူး ဖြစ်ခဲ့သည်။ သို့သော် **ဂျပန် စစ်သေနာပတိ**သာလျှင် တကယ်တမ်း အုပ်ချုပ်သူဖြစ်ပါသည်။ **ဖက်ဆစ်ပုံစံ** အတိုင်းအစိုးရက **အားလုံးအုပ်စီးနိုင်သောနိုင်ငံ** ဖြစ်လာပါသည်။ ထို့ပြင် မြန်မာနိုင်ငံသည် **မဟာအရှေ့အာရှ အတူသာယာဝပြောရေးနယ်** အဝင်အပါ နိုင်ငံတစ်ခု ဖြစ်လာပါသည်။ သခင်မြသည် ရာထူးလက်ကိုင်မရှိသော ဝန်ကြီးဖြစ်၍ နိုင်ငံရေးပါတီများကို တစ်ဖွဲ့တည်းပေါင်းရန် အားထုတ်ရ၏။ နောက်ဆုံး၌ မဟာဗမာအစည်းအရုံး ဖြစ်၍လာပါသည်။ ၁၉၄၃ ခု ဩဂုတ်လ ၁ ရက်တွင် ဒုတိယအခြေခံဥပဒေကို မြန်မာနိုင်ငံတွင် တီထွင်၍ လွတ်လပ်ရေးပေးသည်။ **တစ်ပါတီစနစ်**ဖြစ်၍ ဒေါက်တာဘမော်ပင် အဓိပတိ ဖြစ်လာသည်။ အာဏာရှင်ဖြစ်ကြောင်းကို တစ်သွေးတစ်သံ တစ်မိန့်ဟုခေါ်သော ကြွေးကြော်သံဖြင့် ထင်ရှားစေ၏။ မြန်မာနိုင်ငံရေးသမားတို့ကား ဂျပန်ချပေးသည့် လမ်းစဉ်ကလွဲ၍ အထင်အရှား ဘာမျှ ဆန့်ကျင်၍ မလုပ်ဝံ့ချေ။ ဂျပန်ကို ကြည်ညိုသည်။ ကျေးဇူးတင်သည်။ ကူညီမည်ဟူ၍သာ ပြောကြရ၏။ အုပ်ချုပ်ရေးသစ်တွင် ဗိုလ်ချုပ်အောင်ဆန်း အဝင်အပါ ဝန်ကြီးတစ်ဆယ့်ငါးဦး ပါဝင်သည်။ အဓိပတိက စိတ်ကြိုက်ခန့်ထားသည့် အတိုင်ပင်ခံ နှစ်ဆယ်ပါဝင်သော အဖွဲ့လည်းရှိသည်။ **ရန်ဇောရွှေဒ**ကို မြန်မာနိုင်ငံ

သို့ သံတမန် ခန့်ထားစေလွှတ်သည်။ လွတ်လပ်ရေးရသောနေ့မှာပင် မြန်မာက အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေညာခဲ့၏။ **ကျိုင်းတုံ**နှင့် မိုင်းပွန်နယ်များကို ထိုင်းလန်ကို ပေးလိုက်ရ၏။ စစ်အောင်နိုင်ရေးတွင် အစွမ်းကုန် ကူညီကြောင်း တွေ့ရသည်။ သို့သော် ဂျပန်တို့ အာသံ၊ မဏိပူရဘက်မှ အိန္ဒိယသို့ဝင်ရန် ကြိုးစားသော်လည်း အရှုံးနိမ့်ဖြစ်သည့်ပြင် မဟာမိတ်တပ်များ မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြတော့မည့် အရိပ်အယောင်ပင် ပေါ်ခဲ့ပါသည်။ ၁၉၄၅ ခုမေလ ၁ ရက်နေ့တွင် ဂျာမနီက ခြွင်းချက်မရှိ လက်နက်ချရသည်။ ထို့ကြောင့် အရှေ့ပိုင်း စစ်မျက်နှာတွင် မဟာမိတ်တို့ ဗိုလ်အားဖြည့် တိုက်ခိုက်လာသည်။ ဂျပန်တို့ စစ်ရှုံးကြောင်း ထင်ရှားလာပြီးနောက် ၁၉၄၅ ခု မေလ ၃ ရက်နေ့တွင် ရန်ကုန်ကို အင်္ဂလိပ်၊ အမေရိကန်ဝင်သည်။ နိုင်ငံတော် **အဓိပတိ**လည်း ဂျပန်နှင့်အတူ ဂျပန်နိုင်ငံမသို့ လိုက်ပါသွားရ၏။ ၁၉၄၅ ခု ဩဂုတ်လ ၂ ရက်တွင် ဂျပန်က ခြွင်းချက်မရှိ လက်နက်ချသည်။ ဂျပန်ခေတ် မြန်မာတို့သည် အစတွင် ဂျပန်အပေါ်၌ ယုံကြည်အားထားသလောက် အတူတူနေမိလျှင် ဟန်လုပ်၍ ထောက်ခံရသော်လည်း ကြည်ညိုစိတ်ကင်းလျက် မုန်းတီးရွံရှာသည့်အပိုင်းသို့ ကူးပြောင်းခဲ့ရ၏။ ဖက်ဆစ်ဆန့်ကျင်ရေးကို မဟာမိတ်တို့ နှင့် လက်တွဲလုပ်ရန် စကားကမ်းလှမ်းခဲ့ရာ ၁၉၄၃ ခုနှစ် ကုန်ခါနီးတွင် အင်္ဂလိပ်က ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုကို လက်ခံ၏။ သို့သော် ထိုအင်အားစုကို

သူလျှိုအဖြစ် သတင်းပေးဖို့လောက်နှင့် မဟာမိတ်တပ်များ ရှေ့တက်၍ လွယ်အောင် တံတားချိုးရုံ၊ လမ်းဖျက်ရုံလောက်သာ သုံးချင်လေသည်။ ဤမျှဖြင့် ရပ်မရဘဲ ကျွန်ုပ်တို့၏ ပြောက်ကျား (ဝါ) ပြည်သူ့စစ်အဖွဲ့များကို သုံးရသောအခါ တစ်ပြည်လုံး အပျံ့အနှံ့မဖြစ်အောင်နှင့် ထိုပြောက်ကျားများကို သူတို့ ချုပ်ကိုင်နိုင်အောင် ကြိုးစားကြလေသည်။ ထို့ကြောင့် ၁၉၄၅ မတ်လ ၂၇ ရက်နေ့တွင် တစ်ပြည်လုံး ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေး ဆင်နွှဲလိုက်ခြင်းမှာ ပြည်သူ့စစ်ပရိယာယ်က နယ်ချဲ့စစ်ပရိယာယ်ကို အောင်နိုင်ခြင်း ဖြစ်လေသည်။

**(သိန်းဖေမြင့်၊ နိုင်ငံရေးအတွေ့အကြုံ၊ ရွှေပြည်တန်၊ ၁၉၅၆၊ စာမျက်နှာ ၄၁)**

**မြန်မာ့ကာကွယ်ရေး တပ်မတော်**မှာ ဗိုလ်ချုပ်အောင်ဆန်းကြီးမှူး၍ တပ်သား ၅၀၀၀ ကျော်ရှိသည်။ သေနာပတိချုပ် **မောင့်ဗက်တန်**က ဖက်ဆစ်ဆန့်ကျင်ရေး တကယ်လုပ်မည်ဟု မြန်မာ့ကာကွယ်ရေးတပ်ကို ယုံ၏။ လက်နက်ထုတ်ပေးသည်။





ကျွန်ုပ်တို့ဘက်မှ ကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ၊ ဗမာများသည် ဤလကုန်တွင် မုချ တော်လှန်ပုန်ကန်ကြပေတော့မည်။ ဗိုလ်ချုပ်ကြီး**လီစ်**က တော်လှန်ပုန်ကန်သူများအား အကူအညီပေးမည် မှန်လျှင်လည်း အမြန်ဆုံး အမိန့်ထုတ်ပေးရန် လိုသည်ဟု တိုက်တွန်းပါသည်။ ဤပြဿနာကို သေသေချာချာ စဉ်းစားပြီးနောက် ကျွန်ုပ်သည် တော်လှန်သူများအား အစွမ်းကုန် အကူအညီပေးရမည်ဟု အမိန့်ထုတ်ဆင့်လိုက်၏။ ဗိုလ်ချုပ်ကြီး လီစ်အားလည်း ပြောက်ကျားများကို လိုအပ်သလောက် လက်နက်တပ်ဆင်ပေးရန် အာဏာအပ် နှင်းလိုက်ပါသည်။ ဗြိတိသျှဆက်သွယ်ရေးအရာရှိများမှတစ်ဆင့် ထကြွပုန်ကန်မှုများကို ကြိုးကိုင်အုပ်ချုပ်ရန်လည်း တိုက်တွန်းထားပါသည်။ တော်လှန်ပုန်ကန်မှု ဟူသမျှကို ကျွန်ုပ်တို့ ရန်ကုန်အရောက် ချီတက်ရေး လုပ်ငန်းစဉ်နှင့် ကိုက်ညီအောင် ဆောင်ရွက်ရန် တာဝန်လွှဲထား၏။ လူ ၇,၀၀၀ မှ ၁၀,၀၀၀ အထိ ပါဝင်သည်ဟု အဆိုရှိသော မြန်မာ့ကာကွယ်ရေး တပ်ဖွဲ့များသည် ဂျပန်များ အကျအဆုံး များပြားအောင် တိုက်ခိုက်နိုင်လိမ့်မည်ဟု ယူဆရပေ၏။ ၎င်းတို့၏ ပုန်ကန်မှုမှာ စစ်ရေးထက် စိတ်ဓာတ်အရေးသာ ဖြစ်ပေ၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ ပုန်ကန်ထကြွခြင်းဖြင့် ဂျပန်များ စိတ်ဓာတ်ပျက်ယွင်းကြမည် ဖြစ်ရုံမျှမက မြန်မာလူမျိုးများအားလည်း ဗြိတိသျှလိုလားသော စိတ်ဓာတ်များ ပေါက်ဖွားလာအောင် စေစားပေးမည်ဖြစ်သောကြောင့် ဖြစ်ပေသည်။

(မောင့်ဗက်တန်၊ **အစီရင်ခံစာ** အပုဒ်၄၉၄)

အထက်ပါ ကောက်နုတ်ချက်မှာ အင်္ဂလိပ်က မြန်မာ့ဖက်ဆစ် ဆန့်ကျင်ရေးသမားတို့အပေါ်၌ထားသော သဘောထားဖြစ်သည်။ မြန်မာက အင်္ဂလိပ်နှင့် ပူးပေါင်းမည်ဟု ဆိုသော်လည်း အင်္ဂလိပ်က ခြွင်းချက်ဖြင့် လက်ခံခြင်းဖြစ်ပါသည်။ အထက်က ကိုးကားသော **အစီရင်ခံစာ**၌ပင်–

ဖဆပလအဖွဲ့ဝင်များမှာလည်း ဂျပန်နှင့်ဆက်သွယ်၍ ဗြိတိသျှများအား တော်လှန်ခဲ့ဖူးကြသူများဖြစ်သောကြောင့် အမှတ် ၁၃၆ တပ်ဖွဲ့ အရာရှိများအား ဖဆပလအဖွဲ့ဝင်များနှင့် ဆက်ဆံရာတွင် မည်ကဲ့သို့ ဆက်ဆံရမည်ဟူသော ညွှန်ကြားချက်ကို တင်းတင်းကြပ်ကြပ် ထုတ်ပေးခဲ့၏။ ဖဆပလ ခေါင်းဆောင်များ၏ ကူညီမှုများကို လေးစားသော်လည်း သူတို့၏ အတိတ်မှ အပြစ်များကိုကား မမေ့။ မဟာမိတ်များဘက်မှ

> မည်မျှပင် ကူညီခဲ့သည်ဖြစ်စေ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည် မဟုတ်သောကြောင့် ပြစ်မှုကျူးလွန်ခဲ့ဖူးသူများသည် အချိန်တန်လျှင် တရားရုံးတွင် စစ်ဆေးခံကြရမည်သာဖြစ်သည်။
>
> (အပိုဒ် ၄၉၆)

ထို့ထက်ပင် ပြတ်သားစွာ (အပုဒ် ၄၉၇ ၌) ဖဆပလအဖွဲ့ဝင်များအား ၎င်းတို့၏ အကူအညီကို တန်ဖိုးမထားလှကြောင်း အတိအလင်း ပြောထားခဲ့သည်။ မြန်မာ့ကာကွယ်ရေး တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေး အချိန်မှစ၍ **မြန်မာ့အမျိုးသားတပ်မတော်**ဟု အမည်ပြောင်းပြန်သည်။ ယင်းတို့က တပ်မဟာ ဗိုလ်မှူးချုပ်တစ်ဦးနှင့် ဗိုလ်ချုပ်တစ်ဦး အပါအဝင် ဂျပန်စစ်သား ၇၀၀ မျှကို သတ်နိုင်ခဲ့၏။ ဂျပန်တပ်အချို့ကို အုပ်ကွဲ၍ အချင်းချင်း အဆက်ပြတ်အောင် ဖြတ်ပေးသဖြင့် **မဟာမိတ်တို့၏ တစ်ဆယ့်လေးမှတ်တပ်ကြီး** ရန်ကုန်အရောက် အမြန်ဆင်းနိုင်ခဲ့၏။ ရန်ကုန်ကို မေလ ၃ ရက်နေ့ သိမ်းပြီးနောက် **ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့**သည် **ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့** ဖြစ်၍လာပါသည်။ ၁၉၄၅ ခု မေလ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီး **စလင်း**တို့ တွေ့ဆုံ၍ ရှေ့ရေးကို ဆွေးနွေးကြသည်။ မြန်မာအမျိုးသားတပ်မတော်ကို **မျိုးချစ်မြန်မာ့အင်အားစု**ဟုလည်း ခေါ်ကြသည်။ မြန်မာနိုင်ငံကို ဖက်ဆစ်ရန်မှ ကယ်တင်ပြီးလျှင် အမြန်ဆုံး စီစဉ်၍ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးမည်ဟု အင်္ဂလိပ်က ၁၉၄၅ ခု မေလ ၁၇ ရက်နေ့တွင် ကြေညာ၏။ သို့သော် **ပြန်လည်ထူထောင်ရေး**လည်း အရေးကြီးသဖြင့် အလျင်စလို လွတ်လပ်ရေးကို မယူသင့်ဟု အချိန်ဆွဲလို၏။ **ဖဆပလကမူ** အရှယ်ရောက်သူတိုင်း မဲပေးခွင့်ဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ယူ၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲလိုကြောင်း တစ်ဖက်မှ ကြေညာသည်။ ၁၉၄၅ ခု ဩဂုတ်လအတွင်း၌ သခင်စိုး၊ သခင်သန်းထွန်းနှင့် ကိုသိန်းဖေတို့ ဦးစီး၍ ဗမာပြည် ကွန်မြူနစ်ပါတီ ကွန်ဂရက်ကို ကျင်းပသည်။ ထိုအခါက **ဘရောက်ဒါ**၏ **ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးဝါဒ**ကို လက်ခံကြ၏။ ဖက်ဆစ်ဝါဒ ကျဆုံးပြီးသောအခါ၌ ကမ္ဘာပေါ်တွင် အရင်းရှင်စနစ်၏ အင်အားလည်း မမှုလောက်အောင် နည်းသွားမည်ဖြစ်သည်ဟု ယုံကြည်သဖြင့် ဆိုရှယ်လစ်လောကကို အတင်းတိုက်ခိုက်၍ ထူထောင်ရန် မလိုတော့ဘဲ ငြိမ်းချမ်းစွာပင် ပေါ်လာရန် အလားအလာရှိသည်ဟု ဘရောက်ဒါဝါဒက ဆိုပါသည်။ မြန်မာတို့က ထိုလက်ယာသွေဖည်ရေးကို လက်ခံမိကြ၏။ အင်္ဂလိပ်ကို ချက်ချင်းထချရမည်ဟူသော လက်ဝဲသွေဖည်ရေးသမားတို့လည်း





ရှိသည်။ ထိုသူတို့တွင် နောင်အခါ ဆိုရှယ်လစ်ပါတီ ဖြစ်လာသော ပြည်သူ့အရေးတော်ပုံပါတီဝင် များ၏။ ဤအခိုက်အတန့်၌ အင်္ဂလိပ်တို့ကလည်း မျိုးချစ်မြန်မာအင်အားစုကို ဖျက်သိမ်းလိုကြောင်း အားထုတ်သည်။ ၁၉၄၅ ခု စက်တင်ဘာလတွင် သေနာပတိချုပ်နှင့် မြန်မာခေါင်းဆောင်တို့ **ကန္ဒီ**တွင် တွေ့ဆုံ၍ ထိုကိစ္စကို ဆွေးနွေးသည်။ အင်္ဂလိပ် အလိုအတိုင်း အထက်က ပြောက်ကျားစစ်ဆင်ရန် ထုတ်ပေးဖူးသော လက်နက်ကိုင် မျိုးချစ်မြန်မာ့အင်အား ပြန်၍စုပေးပါမည်ဟု အာမခံခဲ့ရ၏။ တစ်ဖက်မှ မြန်မာနိုင်ငံ ဘုရင်ခံ **ဆာရယ်ဂျီနယ်ဒေါမန်စမစ်**က စစ်အုပ်ချုပ်ရေး ရုပ်စဲ၍ **မြို့ပြအုပ်ချုပ်ရေး**ကို ပြန်ပေးပါဟု မနေမနား တောင်းဆိုသဖြင့် ၁၉၄၆ ခု ဇန်နဝါရီလ ၁ ရက်နေ့ကစ၍ စစ်အုပ်ချုပ်ရေး ရုပ်စဲခဲ့သည်။ ဘုရင်ခံနှင့် ဖဆပလ အရေးဆိုကြလျက် မညီမညွတ်သဖြင့် ဘုရင်ခံဖွဲ့သော အစိုးရသစ်၌ ဖဆပလ မပါချေ။ ဖဆပလက **အထွေထွေသပိတ်**ကို ဖော်ထုတ်လျှင် အစိုးရအဖွဲ့ နုတ်ထွက်၏။ အင်္ဂလန်၌ အလုပ်သမား**အစိုးရ** တက်လာရာ ဝန်ကြီးချုပ်သစ် **အက်တလီ**က လက်အောက်ခံ မြန်မာ၊ သီဟိုဠ်စသည်တို့ကို လွတ်လပ်ရေး အမြန်ဆုံးပေးလိုက်ရန် လိုလားသည်။ **ဟူးဗတ်ရန့်**ကို ဘုရင်ခံခန့်၍ လွှတ်လိုက်၏။ ၁၉၄၆ ခု စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဖွဲ့သော အစိုးရအဖွဲ့တွင် ဖဆပလ ပါ၍လာပါတော့သည်။ ထို့နောက် ၁၉၄၆ ခု အောက်တိုဘာလ ၁၀ ရက်တွင် ဖဆပလမှ ကွန်မြူနစ်ပါတီ ကွဲထွက်သွားရသည်။ **အာဏာလွှဲပြောင်းပေးရန်** စကားပြောလိုသဖြင့် မြန်မာကိုယ်စားလှယ်တို့ကို လန်ဒန်သို့လာရန် ၁၉၄၆ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖိတ်ခေါ်ခဲ့၏။ **ဗိုလ်ချုပ်အောင်ဆန်း**က "တစ်နှစ်အတွင်း လွတ်လပ်ရေးရမည်"ဟု ဆုံးဖြတ်ချက်နှင့်သွားသည်။ အိန္ဒိယ ကွန်မြူနစ်ပါတီက ၁၉၄၆ နိုဝင်ဘာ ၂၇ ရက်နေ့စွဲဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီကို ဝေဖန်ရေးသား ပေးပို့လိုက်သောစာတွင် အလံနီနှင့် ပြန်ပေါင်း၊ ဖဆပလနှင့် ပြန်ပေါင်းဟူ၍ ညွှန်ကြားထားသည်။ ဆိုရှယ်လစ်ပါတီ (ပြည်သူ့အရေးတော်ပုံပါတီ)နှင့်လည်း ညီညွတ်သင့်ပါလျက် မညီညွတ်နိုင်ခြင်းကား ကွန်မြူနစ်ပါတီ၏ အမှားပင်ဖြစ်တော့သည်။ ထို့ပြင် **အောင်ဆန်း-အက်တလီစာချုပ်**ကို ဆန့်ကျင်တိုက်ခိုက်ခြင်းမှာလည်း မှားသည်။ ၁၉၄၇ ခု မေလတွင် ဖဆပလက အချက် ၁၄ ချက်ပါသော မူတစ်ခုကို ရေးဆွဲပြီး၏။ ယင်းတို့ကား (၁) မြန်မာနိုင်ငံသည် အချုပ်အခြာ အာဏာပိုင်သော လွတ်လပ်သည့် သမ္မတနိုင်ငံ ဖြစ်ရမည်။ (၂) မြန်မာနိုင်ငံသစ် ပိုင်နက်တွင် ယခင် အင်္ဂလိပ်ပိုင် မြန်မာနိုင်ငံအားလုံးနှင့်တကွ ရှမ်းပြည်၊ **ကချင်တောင်**များ၊ ချင်းတောင်များ စသည်ဖြင့်

ပါရမည်၊ (၃) ရှမ်း၊ ကရင်နီ၊ ကချင်နှင့် ချင်းဒေသတို့သည် အုပ်ချုပ်ပုံအခြေခံဥပဒေသစ်အရ ကိုယ်ပိုင်အုပ်ချုပ်ရေးရမည်၊ (၄) ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတစ်ခုလုံးအတွက် ဩဇာရှိရမည်၊ (၅) **အစိုးရအာဏာ**အားလုံးသည် ပြည်သူလူထုက တစ်ဆင့်ပေးအပ်ထားသော အာဏာသာလျှင် ဖြစ်ရမည်။ (၆) တရားခြင်း၊ ညီမျှခြင်း၊ လွတ်လပ်စွာ တွေးတောယုံကြည် ကိုးကွယ်ခြင်း စသည်တို့ကို တိုင်းသူပြည်သားတိုင်း ခံစားခွင့်ရှိရမည်၊ (၇) အမျိုးသား လူနည်းစုများ၏ အခွင့်အရေးများ မကျိုးမပေါက်စေရပါဟု အာမခံနိုင်ရမည်၊ (၈) ပြည်ထောင်စုလွှတ်တော်၌ **ကျန်သမျှအာဏာများ**ကို ပေးအပ်ထားရမည်၊ (၉) နိုင်ငံတော်၏ အထွတ်အထိပ်ကား ရွေးကောက်တင်မြှောက်ရသော သမ္မတဖြစ်၍ ပြည်ထောင်စုလွှတ်တော်တွင် **လူမျိုးစုလွှတ်တော်**နှင့် **ပြည်သူ့လွှတ်တော်** ဟူ၍ လွှတ်တော်နှစ်ရပ် ရှိရမည်။ (၁၀) ရွေးကောက်ထားသော အမတ်ကို ပြည်သူက ပြန်၍ ခေါ်နိုင်ခွင့်ရှိရမည်၊ (၁၁) ပြည်ထောင်စုအစိုးရသည် ပြည်သူ့လွှတ်တော်၏ ကြည်ညိုလေးစားမှု ရနိုင်ရမည်၊ (၁၂) တရားဌာနကို နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တရားဥပဒေကလွဲ၍ အခြားချုပ်ချယ်မှု မရှိအောင်ထားရမည်။ (၁၃) ယဉ်ကျေးပြီး နိုင်ငံများ ဥပဒေအရ နိုင်ငံတော်နယ်မြေကို ထိန်းသိမ်းထားရမည်။ ထို့ပြင် (၁၄) မြန်မာနိုင်ငံသစ်သည် လူသားတို့၏ ငြိမ်းချမ်းရေးနှင့် ကောင်းစားရေးကို လုပ်နိုင်စွမ်းရှိရမည်တို့ပင် ဖြစ်ပါသည်။ ထိုကိစ္စများကို ဖော်ထုတ်ရန် တိုင်းပြုပြည်ပြု လွှတ်တော်ကို ခေါ်ယူခဲ့၏။ ဤအတွင်းဝယ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးခြောက်ပါးတို့ကို ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။ တစ်နိုင်ငံလုံး ချောက်ချားသည်။ ဖဆပလမှ သခင်နုက အခြေအနေကို ထိန်းနိုင်သဖြင့်သာ တော်တော့သည်။ ၁၉၄၇ ခု အောက်တိုဘာလ ၁၇ ရက်တွင် **နု-အက်တလီစာချုပ်** ချုပ်ကြ၍ ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတို့ လွတ်လပ်ရေးရသည်။

* * *



# ကိုးကားသော ကျမ်းစာရင်း


1. BAIN (C.A): *The Far East: An Outline History*
   **Ames. Iowa. Littlefield, Adams & Co. Revised Edition 1958**
2. DESAI (W.S): *A Pageant of Burmese History* Calcutta.
   **Orient Longmans 1961**
3. GOLENPAUL (D.), Editor: *Information Please Almance 1961*
   **New York, Mc Grw-Hill**
4. HANNA (G.H.), Translator: *Outline History of the USSR*
   Moscow. Foreign Languages Publishing House, 1961
5. LANDMAN (J.H.) and WENDER (H); *New Outline-History of the World Since 1914*
   **New York. Barnes & Noble, Inc, 8th Edition 1951**
6. LITTLEFIELD (H.W.): *New Outline-History of Europe* 1500-1848
   **New York. Barnes & N oble, Inc. Reprint 1951**
7. LITTLEFIELD (H.W): *New Outline-History of Europe Since* 1815
   **New York. Barnes & Noble, Inc. 16th Edition 1951**

8. MORELAND (W.H.): and CHATTERJEE : *A Short History of Lndia*
**London, Longmans Green & Co. 2nd Edition 1944**

9. MOUNTBATTEN. Earl: *Report to the Combined Chiefs of Staff by the Supreme Allied Commander, South-East Asia* **1943-5**
**London HMS. 1951.** ရန်ကုန်၊ ကာကွယ်ရေး ၁၉၅၇

10. NEVINS (A.) and COMMAGER (H.S.): *The Pocket History of the United States*
**New York, Pocket Books, Inc. 7th Print-ing 1945**

11. RICCARD (J.A); *An Outline of the History of England*
**New York. Barnes & Noble, Inc, 10th Edition 1951**

12. WEECH (W.N.) **Editor;** *History of the World*
**London. Odhams. 2nd Edition Re-printed 1959**

13. ချစ်ကောင်း၊ ဗိုလ်မှူး **အနှစ်နှစ်ဆယ်**
ရန်ကုန်၊ ဗမာအမျိုးသမီးပုံနှိပ်တိုက်၊ ၁၉၆၁

14. နု၊ သခင် **လူမှဲတို့၏ ထွက်ရပ်လမ်း**
ပထမတွဲ၊ ၁၉၀၀-၁၇
ဒုတိယတွဲ၊ ၁၉၁၇-၃၆
ရန်ကုန်၊ နဂါးနီစာအုပ်တိုက်၊ ၁၉၃၈
**(Tr, of R, Page ARNOT:** *A Short History of the Russian Revolution***)**

15. သိန်းဖေမြင့် **နိုင်ငံရေးအတွေ့အကြုံများ**
ရန်ကုန်မြို့၊ ရွှေပြည်တန်၊ ၁၉၅၆



# နှစ်စဉ်ညွှန်း


| ခရစ်နှစ် | အဖြစ်အပျက် | |
|---|---|---|
| ၁၂၁၅ | မက်ဂနာကာတာ | ၁၆ |
| ၁၂၄၆ | ဗွန်သည် ရဟန်းမင်းစာနှင့် တရုတ်နိုင်ငံသို့ရောက် | ၂၇ |
| ၁၂၄၉ | ပြင်သစ်သံ တရုတ်သို့စေ | ၂၇ |
| ၁၂၅၂ | နောက်ထပ် ပြင်သစ်သံ တရုတ်သို့စေ | ၂၇ |
| ၁၂၆၄ | ပိုလိုတို့ တရုတ်သွား | ၂၇ |
| ၁၂၇၄ | မာကိုပိုလို တရုတ်ရောက် | ၂၇ |
| ၁၂၇၇ | တရုတ်-မြန်မာ နယ်စပ်တိုက်ပွဲငယ် | ၃၇ |
| ၁၂၈၉ | ရောမသံ တရုတ်သို့စေ | ၂၈ |
| ၁၂၉၂ | မဇပဟိတ် စစ်နိုင်သည် | ၇၆ |
| ၁၃၂၈ | ကမ်ဗလုခ်၌ ခရစ်ယာန်သာသနာ့ဂိုဏ်းချုပ် ခန့်ထားသည် | ၂၈ |
| ၁၃၅၀ | အယုဒ္ဓယတည် | ၇၄ |
| ၁၃၆၈ | မွန်ဂိုတို့ ပျက်စီးသည် | ၂၈ |
| ၁၄၁၃ | မလက်ကာ မဟာမေဒင် သာသနာဝင်နိုင်ငံဖြစ်လာသည် | ၇၆ |
| ၁၄၃၅ | ဒီကွန်တီ မြန်မာနိုင်ငံရောက် | ၃၇ |
| ၁၄၇၀ | နီတီကင် မြန်မာနိုင်ငံရောက် | ၃၈ |
| ၁၄၈၀ | ရုရှားလွတ်လပ်ရေးရ | ၃၃ |
| ၁၄၈၆ | ဗွတ်တဟုတ်အငူကိုပတ်၍ သင်္ဘောဖြင့် လွှင့်နည်းရ | ၂၈ |
| ၁၄၉၆ | ဒေစန်တိုစတီဖင်နို မြန်မာနိုင်ငံရောက် | ၃၇ |
| ၁၄၉၇ | ဗစကိုဒဂါမ အိန္ဒိယရောက် | ၂၈ |

| | | |
|---|---|---|
| ၁၅၁၁ | မလက်ကာကို ပေါ်တူဂီသိမ်း | ၂၉ |
| ၁၅၁၅ | ကန်တောင်၌ ပေါ်တူဂီနေလာသည် | ၂၉ |
| ၁၅၂၁ | မက်ဂေလန် ကမ္ဘာပတ်၍ သင်္ဘောလွှင့်သည် | ၃၀ |
| ၁၅၄၂ | ဂျပန်သို့ ပေါ်တူဂီရောက် | ၂၉ |
| ၁၅၄၆ | နိုင်ငံခြားသားတို့ကို နင်ဂပို၌ တရုတ်က သတ်ပစ်သည် | ၂၉ |
| ၁၅၅၂ | ဖရန်စစ်ဇာဗီယား ပျံလွန်သည် | ၂၉ |
| ၁၅၅၇ | မကာအို၌ ပေါ်တူဂီနေခွင့်ရ | ၃၀ |
| ၁၅၆၈ | ဆီဇာဖရက်ဒရစ် မြန်မာနိုင်ငံရောက် | ၃၈ |
| ၁၅၇၁ | ဖိလစ်ပိုင်သို့ စပိန်ရောက်၊ မနီလာသိမ်း | ၃၀၊ ၇၇ |
| ၁၅၇၇ | ဆာဖရက်ဒရိတ် အရှေ့အာရှရောက် | ၃၃ |
| ၁၅၇၉ | ရုရှားအရှေ့ဘက်မှစ၍ နယ်ချဲ့ | ၆၈ |
| ၁၅၈၀ | စပိန်ပေါ်တူဂီပေါင်း | ၃၀ |
| ၁၅၈၃ | ဂက်စပါရိုပါလဗီ မြန်မာနိုင်ငံရောက် | ၃၈ |
| ၁၅၈၆ | ရက်ဖ်ဖိုက် မြန်မာနိုင်ငံရောက် | ၃၈ |
| ၁၅၈၇ | ဂျပန်မှ ခရစ်ယာန်သာသနာပြုတို့ကိုနှင် | ၆၆ |
| ၁၅၉၅ | မိုလုကပ်စ်သို့ စပိန်ရောက် | ၇၆ |
| ၁၆၀၀ | ဂျပန်သို့ ဒတ်ချ်ရောက် | ၃၁ |
| ၁၆၀၁ | အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီတည် | ၃၄ |
| ၁၆၀၂ | ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီတည် | ၃၁ |
| ၁၆၀၄ | မနီလာရှိ တရုတ်များ အသတ်ခံရသည် | ၃၁ |
| ၁၆၁၀ | ဂျက်စဝတ်သာသနာပြု အင်ဒိုချိုင်းနားရောက် | ၃၂ |
| ၁၆၁၂ | အင်္ဂလိပ်က ပေါ်တူဂီကို ရေကြောင်းစစ်၌နိုင် | ၃၅ |
| ၁၆၁၃ | ဆမ်ဖြူရယ် ပဲခူးရောက် | ၃၈ |
| | ဒီဗရီတိုကို ကွပ်မျက် | ၃၇ |
| ၁၆၁၇ | ဖော်ရက်စ်နှင့် စတေဗလီ မြန်မာနိုင်ငံရောက် | ၃၈ |
| ၁၆၁၉ | အနောက်ဂျာဗာကို ဒတ်ချ်သိမ်း | ၇၆ |
| ၁၆၃၀ | မင်နရစ် ရခိုင်ရောက် | ၃၈ |
| ၁၆၃၈ | ရုရှားက သြခေါက်ကိုယူ | ၆၈ |
| ၁၆၃၉ | မနီလာ၌ တရုတ်များ အသတ်ခံရပြန်သည် | ၃၁ |
| ၁၆၄၁ | မလက်ကာကို ဒတ်ချ်သိမ်း | ၃၁၊ ၇၆ |
| | ဂျပန် အပြင်လောကနှင့် အဆက်ဖြတ် | ၆၆ |





| | | |
|---|---|---|
| ၁၆၄၇ | သန်လျင်တွင် အင်္ဂလိပ်စခန်းဖွင့် | ၃၈ |
| ၁၆၅၅ | ဖလိဝတ်နှင့် လက်စလီ အဝလာ | ၃၈ |
| ၁၆၆၂ | ဒတ်ချ်ကို ဖော်မိုဆာမှနှင် | ၃၁ |
| ၁၆၆၈ | စုရတ်တွင် ပြင်သစ်စခန်းဖွင့် | ၃၂ |
| ၁၆၇၄ | ပွန်တီချာရီတွင် ပြင်သစ်စခန်းဖွင့် | ၃၂ |
| ၁၆၇၆ | ဒတ်ချ်တို့ မြန်မာနိုင်ငံသို့ အလာရပ်စဲ | ၃၈ |
| ၁၆၈၅ | ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစု၌ တန်ခိုးအကြီးဆုံး ဖြစ်လာသည် | ၇၆ |
| ၁၆၈၈ | အခွင့်အရေး ဥပဒေကြမ်း | ၁၆ |
| | ထိုင်လန်၌ ခရစ်ယာန် သာသနာဝင်တို့ကို နှိပ်ကွပ်သည် | ၃၂ |
| ၁၆၈၉ | တရုတ်ရုရှားစာချုပ် | ၃၃ |
| ၁၆၉၂ | ရှိဒရိုဂပ်ဖ် မုတ္တမရောက် | ၃၈ |
| ၁၇၂၃ | သန်လျင်၌ အင်္ဂလိပ်လာ၍ သင်္ဘောတည် | ၃၉ |
| ၁၇၂၇ | ကီယခတ စာချုပ် | ၃၃ |
| ၁၇၃၃ | လွှန်းပျံပေါ်သည် | ၈၆ |
| ၁၇၅၃ | ဟိုင်းကြီးကျွန်း၌ အင်္ဂလိပ်စခန်းဖွင့်သည် | ၃၉ |
| ၁၇၅၆ | တံဆိပ်တော်ခွန် ဥပဒေပြုသည် | ၁၃ |
| ၁၇၅၉ | ဟိုင်းကြီးကျွန်း အင်္ဂလိပ်များ အသတ်ခံရသည် | ၃၉ |
| ၁၇၆၀ | လေပန်းစက်ပေါ်သည် | ၈၇ |
| | ဂျော့ ၃ နန်းတက်သည် | ၄ |
| ၁၇၆၁ | အဲလဗက်စ် လျှော်ကြေးတောင်းရန် မြန်မာနိုင်ငံသို့လာသည် | ၃၉ |
| ၁၇၆၆ | တံဆိပ်တော်ခွန် ဥပဒေကို ဖျက်ရသည် | ၁၃ |
| | အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်းရေးသည် | ၁၆ |
| ၁၇၆၇ | ချည်ငင်စက်ပေါ်သည်၊ လက်ဖက်ခြောက်ခွန် ဥပဒေပြုသည် | ၁၃၊ ၈၆ |
| ၁၇၆၉ | ရေအားချည်ငင်စက် ပေါ်သည် | ၈၆ |
| | ကွန်ဒင်စားစက်ပေါ်သည် | ၈၇ |
| ၁၇၇၃ | ဘော့စတွန် လက်ဖက်ခြောက် အရေးတော်ပုံ | ၁၃ |
| ၁၇၇၆ | အမေရိကန် လွတ်လပ်ရေးကြေညာ | ၁၃၊ ၁၆ |
| ၁၇၇၉ | ချည်ငင်စက်ကြီးပေါ်သည် | ၈၆ |

| | | |
|---|---|---|
| ၁၇၈၁ | ရေနွေးငွေ့စက်ပေါ်သည် | ၈၇ |
| ၁၇၈၃ | ပါရီစာချုပ် | ၁၄ |
| ၁၇၈၄ | သံစိမ်းသန့်စင်နည်းသစ်ပေါ်သည် | ၈၇ |
| ၁၇၈၅ | ရေနွေးငွေ့အား စ၍သုံးသည် | ၈၅ |
| | စက်ရက်ကန်းပေါ်သည် | ၈၆ |
| | အမေရိကန် အရှေ့သို့ ရောက်လာသည် | ၃၅ |
| | မြန်မာက ရခိုင်သိမ်း | ၆၉ |
| ၁၇၈၆ | ပီနန်ကို အင်္ဂလိပ်သိမ်း | ၃၄ |
| ၁၇၈၇ | ပြင်သစ်၌ အရေးပါသူတို့၏ ညီလာခံခေါ်ယူခြင်း | ၆ |
| ၁၇၈၉ | အတိုင်ပင်ခံ လူတန်းစား အဖွဲ့ချုပ်ခေါ်ခြင်း | ၁၄ |
| | ပြင်သစ်တော်လှန်ရေးစသည် | ၃ |
| | လူ့အခွင့်အရေး ကြေညာစာတမ်း | ၁၆ |
| | ဘက်စတီးထောင်ကို လူထုက သိမ်းသည် | ၁၅ |
| | ကံကျွေးချစနစ်ကိုဖျက်သည် | ၁၆ |
| | ဗာဆေးနန်းတော်ကို လူထုက သိမ်းသည် | ၁၅ |
| ၁၇၉၁ | ကိုယ်စားလှယ်အဖွဲ့ကို အာဏာကုန် ပေးအပ်သည် | ၁၆ |
| | ပြင်သစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁) | ၁၆ |
| | လွှတ်တော် အစည်းအဝေး စသည် | ၁၇ |
| | ပီလနစ် ကြေညာချက် | ၁၇ |
| ၁၇၉၂ | ဗာလမီအောင်ပွဲ | ၁၈ |
| | ပြင်သစ်၌ ပြက္ခဒိန်သစ် ပြဋ္ဌာန်းသည် | ၁၉ |
| ၁၇၉၃ | လူဝီ ၁၆ ကိုသတ် | ၁၈ |
| | အိန္ဒိယ၌ ရဲဂူလေးရှင်း ဥပဒေဖြင့် အုပ်ချုပ်သည် | ၁၃၈ |
| | ဝါကြိတ်စက်ပေါ်သည် | ၈၆ |
| | ပထမ ညွန့်ပေါင်းပျက်၏ | ၁၈ |
| ၁၇၉၅ | ပြင်သစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂) | ၁၉ |
| | မြန်မာနိုင်ငံသို့ မိုက်ကယ်ဆိုင်းလာသည် | ၆၉ |
| ၁၇၉၆ | မြန်မာနိုင်ငံတွင် အင်္ဂလိပ် ကိုယ်စားလှယ် လာနေသည် | ၇၀ |
| ၁၇၉၈ | နပိုလီယန် အီဂျစ်သို့ချီသည် | ၁၉ |
| ၁၇၉၉ | ပြင်သစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၃) | ၂၀ |
| ၁၈၀၀ | ပြင်သစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၄) | ၂၀ |





| | | |
|---|---|---|
| ၁၈၀၀ | ပြင်သစ်ဘဏ် | ၂၀ |
| ၁၈၀၁ | အစိုးရနှင့် သာသနာ့ကျောင်း သဘောတူညီချက်ရသည် | ၂၀ |
| ၁၈၀၂ | နပိုလီယန်ကို ရာသက်ပန် ကောင်ဆယ်ခန့်သည် | ၂၂ |
| | မြန်မာနိုင်ငံသို့ မိုက်ကယ်ဆိုင်း ဒုတိယခေါက် လာသည် | ၇၀ |
| ၁၈၀၃ | ကောက်နယ်စက်ပေါ်သည် | ၈၈ |
| | မြန်မာနိုင်ငံသို့ ကဲနင်းလာသည် | ၇၁ |
| ၁၈၀၄ | နပိုလီယန် ဧကရာဇ် ဖြစ်လာသည် | ၂၂ |
| ၁၈၀၅ | နပိုလီယန် ဆန့်ကျင်ရေးအလို့ငှာ တတိယညွန့်ပေါင်းဖွဲ့ | ၂၂ |
| ၁၈၀၆ | မွန်မြတ်သော ရောမလက်နက်နိုင်ငံကို ဖျက်သိမ်းသည် | ၅၉ |
| ၁၈၀၆-၇ | ဘာလင်နှင့် မီလန်ပြန်တမ်းများ | ၂၃ |
| ၁၈၀၇ | အင်္ဂလိပ်က ကျွန်အရောင်းအဝယ် ရပ်စဲသည် | ၈၀ |
| | ရေနွေးငွေ့ စက်မောင်းသင်္ဘောပေါ်သည် | ၈၇ |
| | ကောင်စီအမိန့် | ၂၃ |
| | တတိယညွန့်ပေါင်းပျက်၏ | ၂၃ |
| | မြန်မာကအိန္ဒိယသို့ သံစေ | ၆၉ |
| ၁၈၀၈ | နပိုလီယန် တန်ခိုးအကြီးဆုံးနှစ် | ၂၃ |
| | ကျွန်းဆွယ်စစ် | ၂၄ |
| ၁၈၀၉ | မြန်မာနိုင်ငံသို့ ကဲနင်း ဒုတိယခေါက်လာသည် | ၇၁ |
| | ဖင်လန်ကို ရုရှားသိမ်း | ၄၅ |
| ၁၈၁၁ | မြန်မာနိုင်ငံသို့ ကဲနင်းတတိယခေါက်လာသည် | ၇၁ |
| ၁၈၁၂ | နပိုလီယန် ရုရှားသို့ချီ | ၂၄ |
| ၁၈၁၃ | နပိုလီယန် ဆန့်ကျင်ရေးအလို့ငှာ စတုတ္ထညွန့်ပေါင်းဖွဲ့ | ၂၄ |
| ၁၈၁၄ | ဗီယာနာ ကွန်ဂရက် | ၂၄ |
| | ပါရီမြို့တော်ကျ | ၂၄ |
| | ရေနွေးငွေ့စာပုံနှိပ်စက်ပေါ် | ၈၇ |
| | လူဝီ ၁၈ နန်းတက် | ၄၅ |
| ၁၈၁၅ | စိန့်အယ်လဗာကျွန်းမှ နပိုလီယန် ပြန်လာ | ၂၄ |
| | ဝါတာလူးစစ်ပွဲ | ၂၄ |
| ၁၈၁၆-၁၉ | အာသံကို မြန်မာက ဝင်ရောက်ဖျက်ဆီးခြင်း | ၇၁ |
| ၁၈၁၉ | စင်ကာပူကို အင်္ဂလိပ်သိမ်း | ၇၇ |
| ၁၈၂၀ | ဂိုးလ်ကို့စ်ကို အင်္ဂလိပ်သိမ်း | ၁၃၄ |

| | | |
|---|---|---|
| | စပိန်၌ တိုးတက်သောဝါဒ အနိုင်ရသည် | ၄၆ |
| ၁၈၂၁ | ဂရိသူပုန်ထသည် | ၄၈ |
| ၁၈၂၂ | ၅ျှန် ၆ နန်းတက် | ၄၆ |
| ၁၈၂၃ | စပိန်သူပုန်ထသည် | ၄၆ |
| | ဆင်မဖြူကျွန်းပြဿနာ | ၇၁ |
| ၁၈၂၄ | လူဝီ ၁၈ နတ်ရွာစံ | ၄၆ |
| | ဖာဒီနန် ၇ နန်းတက် | ၄၆ |
| | မြန်မာအင်္ဂလိပ်စစ် (၁) | ၇၁၊ ၁၃၈ |
| | မလက်ကာကို အင်္ဂလိပ်သိမ်း | ၇၆၊ ၇၇ |
| | ချာလီ–၁၀ နန်းတက် | ၄၆ |
| | ဗန္ဓုလ ကချာကိုတိုက် | ၇၁ |
| ၁၈၂၅ | ဗန္ဓုလ ကျဆုံးသည် | ၇၁ |
| | သံလိုင်းပြေး ရထားပေါ်သည် | ၈၇ |
| | အလုပ်သမားသမဂ္ဂ မဖွဲ့ရ ဥပဒေဖျက် | ၄၇ |
| | ပရိတက်စတင့်ဂိုဏ်းကွဲနှိမ်ရေး ဥပဒေဖျက် | ၄၇ |
| ၁၈၂၆ | ရန္တပိုစာချုပ် | ၇၁ |
| ၁၈၂၇ | ဂရိသူပုန်ကို ဝိုင်းကူ | |
| ၁၈၂၈ | ခွန်မိဂူယယ် နန်းတက် | ၄၆ |
| | ရိုမန်ကက်သလစ်နှိမ်ရေး ဥပဒေဖျက် | ၄၇ |
| ၁၈၂၉ | ဂရိလွတ်လပ်ရေးရ | ၄၈ |
| | အဒရိယာနောပဲ စာချုပ် | ၄၉ |
| ၁၈၃၀ | ချာလေ ၁၀ နန်းကျ | ၄၉ |
| | လူဝီဖိလိပ် နန်းတက် | ၅၂ |
| | အလိုရှိရာကိုသာ စိုက်ပျိုးပေးရခြင်းစနစ်ထွင်သည် | ၇၆ |
| | လျှော်ဌေးကန့်သတ်သည့် အစုစပ်အဖွဲ့ပေါ်သည် | ၉၀ |
| | ဥရောပ အနှံ့အပြား သူပုန်ထခြင်း | ၄၉ |
| | မြန်မာနိုင်ငံ၌ အင်္ဂလိပ်က ပထမဆုံး | |
| | ထားလာသောသံငယ်ရောက် | ၇၂ |
| ၁၈၃၁ | ဘဲလဂျီယမ် လွတ်လပ်ရေးရ | ၄၉၊ ၅၂ |
| | လျှပ်စစ်သံလိုက်မထိဘဲ ဓာတ်ကူးခြင်းကို စတင်တွေ့ | ၈၉ |
| ၁၈၃၂ | မန်ရိုးသဘောထားကြေညာချက် | ၁၀၅ |







| | | |
|---|---|---|
| | ပထမပါလီမန် ပြုပြင်ရေးဥပဒေ | ၄၈ |
| ၁၈၃၃ | အရှေ့အိန္ဒိယကုမ္ပဏီ အုပ်ချုပ်ရေးတာဝန်သာထမ်းစေသည် | ၇၈ |
| | စက်ရုံဥပဒေများ စသည် | ၅၂ |
| | မူလတန်း ပညာသင်ကြားရေး၌ အစိုးရ | |
| | ထောက်ပံ့ကြေးစ၍ပေး ၅၂ | |
| | မြန်မာက ပေးဆပ်ရန်ရှိသော စစ်လျော်ကြေးပြေ | ၇၂ |
| | ဖာဒီနန် ၇ နတ်ရွာစံ | ၄၆ |
| | ဗီယက်နမ်က လောကိုသိမ်း | ၇၃ |
| ၁၈၃၄ | ကောက်ရိတ်စက် စ၍သုံးသည် | ၈၈ |
| | ခွန်မိဂူယယ် နန်းကျ | ၄၆ |
| | သူဆင်းရဲ ဥပဒေသစ် | ၅၂ |
| ၁၈၃၆ | ဝက်အူရစ်လည်သော ယက်မ စတင်တွေ့ရှိ | ၈၉ |
| ၁၈၃၇ | လျှပ်စစ်ဓာတ်အားပေါ်သည် | ၈၉ |
| | မော့စ်၏ သံကြိုးပေါ်သည် | ၈၈ |
| | သာယာဝတီမင်း နန်းတက် | ၇၂ |
| ၁၈၃၉ | ဒါဟမ်အစီရင်ခံစာ | ၉၉ |
| | ဓာတ်ပုံရိုက်နည်းပေါ်သည် | ၈၉ |
| ၁၈၄၀ | ပဲနီစာပို့စနစ်ပေါ်သည် | ၈၈ |
| | မြန်မာနိုင်ငံမှ အင်္ဂလိပ်သံငယ်ကို နုတ်သိမ်းသည် | ၇၂ |
| ၁၈၄၀–၂ | တရုတ် အင်္ဂလိပ်စစ် (၁) | ၆၃ |
| ၁၈၄၂ | နန်ကင်းစာချုပ် | ၆၃ |
| ၁၈၄၄ | ရာဘာချက်နည်းကို စတင်တွေ့သည် | ၈၉ |
| ၁၈၄၅ | အစားအစာကို စည်သွတ်နည်းပေါ်သည် | ၈၉ |
| ၁၈၄၈. | ဖေဖော်ဝါရီ တော်လှန်ရေး | ၅၀၊ ၅၃ |
| | ပြင်သစ်တော်လှန်ရေး | ၅၃၊ ၉၆ |
| | အမျိုးသားလွတ်တော်ခေါ် | ၅၃ |
| | မီလန်သူပုန်ထ | ၅၄ |
